# မိုးမိုး (အင်းလျား)

## ကြိုး

BURMESE CLASSIC .com

BURMESE CLASSIC .com

## ဒို့တာဝန်အရေး သုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်

ပြည်ထောင်စုသားအားလုံး၏

ပဓာနကျသော တာဝန် ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

မိုးမိုး (အင်းလျား)


# ကိုး


အင်းလျား စာပေ
အမှတ် ၁၇၃ ၃၃ လမ်း
ရန်ကုန်မြို့
(ဖုန်း ၂၇၁၁၈၆)

BURMESE CLASSIC .com

ဂျူး

ပထမအကြိမ် ပုံနှိပ်ခြင်း

၁၉၈၀၊ ဧပြီ

ဒုတိယအကြိမ်၊ ပုံနှိပ်ခြင်း

၂၀၀၀၊ အောက်တိုဘာ

၁၀၀၀ အုပ်

မျက်နှာဖုံး-- ၂၀၀၀ပြည့်နှစ်တွင် ပန်းချီခင်မောင်ရင် ရေးဆွဲသည့် "ကောင်းကင်နှင့် ပင်လယ်"အမည်ရှိ ၄ * ၃ ဆီဆေး ပန်းချီကားမှ တစ်စိတ်တစ်ပိုင်းကို ပန်းချီ ဆက္ကန်ဝေက ဒီဇိုင်းပြုလုပ်ပါသည်။ ပန်းချီကားသုံးစွဲခွင့်ကို **NM Gallery** က ကျေးဇူးပြုပါသည်။ စာအုပ်ချုပ် - ကိုမြင့်

စာမူခွင့်ပြုချက် စာအုပ်အမှတ် ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ် ၅၉၇/၉၉ (၁၀)

စာမူခွင့်ပြုချက် မျက်နှာဖုံး ပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ် ၇၂၅/၂၀၀၀ (၁၀)

ဦးအောင်ကြီး(၀၃၈၆) စွမ်းရှုရိုက်စာပေ၊ အမှတ် ၅၊ တာဝန်ဆန်းလမ်း၊ ပုဇွန်တောင်၊ ရန်ကုန်မြို့မှ ထုတ်ဝေသည်။

ဒေါ်ခင်လှ (၀၁၅၇၈) စာပေလောက ပုံနှိပ်တိုက်၊ အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင် မျက်နှာဖုံး နှင့် အတွင်းစာသားများ ပုံနှိပ်သည်။

# အပိုင်း တစ်

# ၁

ကျွန်တော့် နာမည် ဂျိုး။

ကျွန်တော့် အဖေနှင့် အမေက ကျွန်တော်ငယ်စဉ်က ချစ်စနိုးနှင့် ဂျိုးဟု ခေါ်ခဲ့ကြသည်။ အဘယ်ကြောင့် ထိုသို့ခေါ်သည်တော့ မသိပါ။ တစ်ခါတစ်ရံ လူကြီးများသည် သူတို့စကားကို မည်သို့မျှ နားမလည်နိုင်သော ကလေးများနှင့် စကားပြောသောအခါ သူတို့ကိုယ်တိုင်က ကလေးနှင့် တစ်တန်းတည်းဖြစ်စေရန် ငယ်မူပြန်ပစ်တတ်လေ့ရှိပါသည်။ ထိုအခါ လူကြီးများပါးစပ်က မပီကလာ ပီကလာစကားများ ထွက်လာတတ်ပါသည်။ ဘေးလူအနေဖြင့်ကြည့်လျှင် အလွန် ရယ်ဖွယ်ကောင်းလေ၏။ သူတို့အဖို့မူ အတော်ပျော်ရွှင်ဖွယ် ကောင်းနေလေ၏။ ကလေးသည် သူတို့ပြောသော စကားကို နားလည်သယောင်၊ နားမလည်သော်လည်း နားလည်သယောင် ဖြင့် လူကြီးတို့ကို ပြန်လည်တုံ့ပြန် နှစ်သိမ့်တတ်ပါသည်။ သည်အကြောင်း တွေကို ကျွန်တော် စဉ်းစားမိလာသည်မှာ ကျွန်တော့်တွင် သားဦးလေး ရသည့်အခါတွင်မှ ဖြစ်ပါသည်။

BURMESE CLASSIC .com



အဖေ အမေတို့က ငယ်မှုပြန်၍ မပီကလာ ပီကလာပြောရာမှ ထွက်မိထွက်ရာ ထွက်လာသော ဂျိုးဟူသည့် နာမည်သည် ကျွန်တော်၏ ငယ်နာမည် ဖြစ်လာရဟန်တူပါသည်။ သည်နာမည်ကို ကျွန်တော်၏ တရားဝင်နာမည် တိုးအောင် ထက် ကျွန်တော် ကြိုက်ပါသည်။ ကျွန်တော်သည် စနေသား။ သို့မဟုတ် အားလုံးအတွက် ကျွန်တော်သည် စနေဂြိုဟ်။

အဝီစိချိုးကပ်အောင် မိုက်မဲသည့်သူဟုလည်း ကျွန်တော့်ကို ဆိုချင် ဆိုနိုင်ပါသေးသည်။ ကျွန်တော့်နာမည်သည် ဂျိုး မဟုတ်ပါလား။ လူ့ဘဝတွင် အောက်ဆုံးအလွှာ ချိုးကပ်နေသည့်ဘဝမှ တက်လာရသည့်ကျွန်တော်။ ကျွန်တော်သည် ပညာကောင်းကောင်း မတတ်ပါ။ ကျွန်တော့်အစ်မ၏ အပြောအရ ကျွန်တော်သည် ပညာကောင်းကောင်း မသင်ခဲ့၍ ပညာကောင်းကောင်း မတတ်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်သည် ဘဝအဓိပ္ပာယ်ကို ကျွန်တော့်အစ်မ ဒဿနိကဗေဒ ဆရာမကြီးလောက် နက်နက်နဲနဲ မဖွင့်ဆိုတတ်ပါ။ ကျွန်တော်သိသော ကျွန်တော့်ဘဝသည် အောက်တန်း အကျဆုံးသော၊ အနိမ့်ဆုံးသော၊ အဓိပ္ပာယ်အကင်းမဲ့ဆုံးသော ဘဝသာ ဖြစ်ပါ၏။ ကျွန်တော်၏ဘဝ စတင်ပေါက်ဖွားရာ အခြေခံရာ အကြောင်းတရားများသည် ကျွန်တော် တစ်သက်လုံး မေ့မရနိုင်သော အကြောင်းများ ဖြစ်နေရခြင်းသည်ပင် ကျွန်တော့်ဘဝကို ဖျက်ဆီးချေမှုန်းပစ်မည့် အကြောင်းများ ဖြစ်ခဲ့လေသည်။ ရှင်းပါသလား ခင်ဗျာ။ ရှင်းမည် မထင်ပါ။

ကျွန်တော့်အကြောင်းကို ကျွန်တော်မှ လွဲလျှင် မည်သူမျှ ရှင်းလင်းစွာ နားလည်လိမ့်မည် မဟုတ်ပါ။ ကျွန်တော်သည် ယခုကျွန်တော်ရောက်နေသော ဒေါနတောင်ခြေရိပ်မှ တောကြီးမျက်မည်းထဲတွင် ကျွန်တော့်ဘဝကို ကျွန်တော် ပြန်လည်သုံးသပ်နေမိခြင်း ဖြစ်ပါသည်။ ကျွန်တော့်ဘဝကို ပထမဆုံး ပြန်လည်တွေးတောမိခြင်းလည်း ဖြစ်ပါ၏။ နောက်ဆုံးဖြစ်ချင်လည်း ဖြစ်ပါလိမ့်မည်။ မပြောနိုင်ပါ။

ဒေါနဧ၏ အရိပ်အောက်မှာ ကျွန်တော့်ဘဝကို ဖုတ်ကြည်းသဂြိုဟ်ပစ်ရမည်ဆိုပါလျှင် ကျွန်တော်လို လူမိုက်တစ်ယောက် လောကမှ ထွက်ခွာသွားခြင်းကို မည်သူမျှပင် သိလိမ့်မည် မထင်ပါ။ ယခုတော့ ကျွန်တော်သည် မည်သူမျှမသိနိုင်သော ကျွန်တော်၏ အကြောင်းများကိုပင် ကျွန်တော့်ဘာသာ တစ်ယောက်တည်း တွေးနေမိပါသည်။

ငှက်ဖျား၏ နှိပ်စက်မှုကြောင့် ကျွန်တော် သတိလက်လွတ်ဖြစ်သွားပြီး ပြန်လည် သတိရလာသောအခါ ကျွန်တော်သည် ကျွန်တော်၏ အတွေးစများကို ပြန်လည်ခေါ်ယူရပါသည်။ တစ်ဖန် ကျွန်တော် သတိလစ်သွားသောအခါ ကျွန်တော်သည် အသူတစ်ရာနက်ရှိုင်းသော အမှောင်ထဲကို တိုးဝင်ရင်း ကျွန်တော်၏ အတွေးစများလည်း ပြတ်ထွက်ကုန်ပြန်ပါသည်။ တစ်ဖန် ကျွန်တော် ပြန်လည်သတိရသောအခါ....

မဆုံးနိုင်သော အတွေးစများသည် ရှုပ်ထွေးစွာ ရစ်ပတ်ရင်း ကျွန်တော့်ကို တုပ်နှောင်ကြပြန်လေသည်။

## ၂

'သြော် နင်က အမေ့ကို တ ပြီးငိုတယ်၊ ဟုတ်လား ဂျိုး၊ နင်အမေ့ကို မတနဲ့၊ အမေ့ကို မတနဲ့၊ အမေက နင့်အဖြစ်တွေကို မြင်နိုင်ရင် သေပြီးတဲ့ ဘဝကနေ နောက်ထပ်တစ်ခါ ပြန်သေသွားလိမ့်မယ် သိလား၊ အမေ နှစ်ခါထပ်ပြီး မသေပါစေနဲ့ ဂျိုးရယ်'

ကျွန်တော်၏ ပူနွေးစွာစီးကျလာသော ကျွန်တော့်မျက်ရည်ကို ကျွန်တော့်အစ်မ ဆရာမကြီးက တားဆီးနေပါပကော။ သူ့တွင် တားဆီးနိုင်ခွင့်လည်း ရှိပါရဲ့။ အမေ နှစ်ခါပြန်ပြီး မသေပါစေနဲ့တဲ့။ ကျွန်တော့်အမေရဲ့ ဝိညာဉ်ဟာ ကျွန်တော့်ကို မြင်နိုင် ကြားနိုင်ရရင် နောက်တစ်ခါ သေရွာကို ပြန်သွားမည်တဲ့လား။ ကျွန်တော့်အစ်မသည် စကားနည်းသော်လည်း စကားအလွန်တတ်၏။ ပညာတတ်ဆရာမကြီးပေကိုး။ ကျွန်တော်သည် ယိုထွက် စီးဆင်းနေသော ကျွန်တော့်မျက်ရည်များကို တားဆီးသုတ်သင် ပစ်ရလေသည်။

'အမေဟာ နင့်အတွက်နဲ့ ဘယ်လောက် စိတ်ဆင်းရဲခဲ့ရတယ်၊ သောက ရောက်ခဲ့ရတယ်ဆိုတာ နင်သိရဲ့လားဟင်၊ အမေဟာ သေသာ

သေသွားရတယ် အသေမဖြောင့်ခဲ့ဘူး ဂျိုးရဲ့၊ သိရဲ့လား၊ ဆေးရုံပေါ်မှာ ဝေဒနာကို လူးလိမ့်ခံစားပြီး မေ့မျောနေတာတောင် နင့်ဖောကပ်နေလို့ အသက်မထွက်နိုင်ဘူးလေ၊ သူ့ကိုစောင့်တဲ့ ဆရာမတွေက ဒီလူနာ အသက်ထွက်ဆိုးလှချည့်လို့ တွေးမိပြီး သူ့မှာ စောင့်ရမယ့် ဆွေမျိုးရင်းချာ ရှိသေးလားလို့မေးတယ်၊ ဒီတော့ ငါက သားတစ်ယောက်တော့ ရှိပါတယ် ဆိုတော့ သြော် ဒါကြောင့် အသက်မထွက်နိုင်သေးတာကိုလို့ ပြောတယ်လေ၊ နင်ကတော့ ယုံချင်မှ ယုံမယ်၊ ဒါပေမယ့် နင်ရောက်လာပြီး ငါးမိနစ် အတွင်းမှာ သုံးရက်လုံးလုံး မေ့မျောခဲ့တဲ့ အမေ အသက်ထွက်သွားတာ နင် အသိပဲ'

ကျွန်တော့်ကို မငိုရန်တားဆီးခြင်းသည် တရားမျှတမှုမရှိဟု ကျွန်တော်တွေးကာ ကျွန်တော် ငိုပါသည်။

'နင်ဟာ ယောကျာ်းပဲ၊ ဘာမဟုတ်တဲ့ ဘဝပေးအခြေအနေတွေကို ရိုးမယ်ဖွဲ့ပြီး နင့်ဘဝကို နင်ဖျက်ဆီးနေတာ ဘာမှ အဓိပ္ပာယ်မရှိဘူး၊ အဖေတို့ အမေတို့ စိတ်ဆင်းရဲရတာ၊ ငါ စိတ်ဆင်းရဲတာပဲ အဖတ်တင်တယ်၊ နင်သာ အဓိပ္ပာယ်ရှိရှိ ဘဝကိုရင်ဆိုင်ခဲ့ရင် အခုလို ဒုက္ခရောက်ကြရမှာ မဟုတ်ဘူး'

ကျွန်တော်သည် ကျွန်တော်၏ ယောကျာ်းမျက်ရည်များကို သုတ်လိုက်ပါသည်။ ကျွန်တော့်အစ်မကို ရင်ဆိုင်ကြည့်မိ၏။ ကျွန်တော့်အစ်မသည် လုံးဝ မငိုပါ။ ကျွန်တော်သည် အလွန်သတ္တိရှိလှသော ကျွန်တော့်အစ်မကို မေးခွန်းတစ်ခု မေးမိ၏။

'ငါ့အမေ ဘယ်သူလဲ'

'ဟင်'

ကျွန်တော့်အစ်မသည် တုန်လှုပ်သွားကာ မျက်စိကို စုံမှိတ်လိုက်၏။

'နင် နင် ဘာမှ အဓိပ္ပာယ်မရှိတာတွေကို ရိုးမယ်ဖွဲ့ပြီး နင့်ကိုယ်နင် နှိပ်စက်ဦးမယ်ပေါ့'

'ငါမသိလို့ မေးတာပါ၊ ကနေ့အထိ ငါ့အဖေ ဘယ်သူ၊ အမေ ဘယ်သူဆိုတာ ငါ မသိရသေးဘူး၊ အဲဒါကို ငါ သိချင်နေတယ်'

'နင် ဒါတွေကို သိရလို့ကော ဘာထူးမှာလဲ'

'ငါ သိချင်တာ တစ်ခုပဲရှိတယ်'

'အင်း နင်သိချင်ရင် ငါပြောလိုက်မယ်၊ နင့်အမေနာမည်က ဒေါ်ဒေါင်းစိန်တဲ့ အညာက'

*

'အမေ အမေ'

နင် ငါတို့အိမ်ရောက်လာတော့ နင်ဟာ ၁၀ လသား ရှိပြီ။ နင့်အမေကို အမေလို့ ခေါ်တတ်နေပြီ။ နင့်တစ်ကိုယ်လုံးတော့ ဝဲတွေနဲ့ပြည့်ပြီး ညစ်ပတ်နေတာပဲ။ နင်တို့ သားအမိတစ်တွေကို အိမ်ဘေးက ဦးမြအေးတို့က လမ်းထိပ်မှာ တွေ့လာကြတယ်။ နင့်အမေက သုံးနှစ်သမီးလေးတစ်ယောက်ကို လက်ကဆွဲပြီး နင့်ကိုချီပြီးလျှောက်သွားနေတယ်။ ကလေးကိုမမွေးနိုင်တော့လို့ လိုချင်တဲ့သူရှိရင်ပေးမယ်လို့ ပြောနေတယ်တဲ့။ ဒီတော့ ဦးမြအေးက ငါတို့အဖေ ကလေးချစ်တတ်တာ၊ သားယောကျ်ားလေး လိုချင်လို့ အရူးအမူးဖြစ်နေတာကို သတိရတယ်။ ဒီတုန်းက အမေက နောက်ထပ် ကလေးမရတာ ကြာပြီလေ။ ဆရာဝန်တွေ လက်သည်တွေနဲ့ပြလို့လဲ အကြောင်းမထူးဘူး။ အမေက ငါ့ကိုမွေးပြီး နောက်ထပ်ကလေးမရတော့ဘူး။ ငါက ခုနစ်နှစ်သမီးရှိပြီ။

နင်တို့သားအမိတစ်တွေကို ဦးမြအေးက အိမ်ခေါ်လာတယ်။ နင်တို့ကို သနားလို့ခေါ်လာတာ၊ ဘာကြောင့်လဲ သိလား၊ နင် သူများလက်ထဲရောက်သွားရင် ဘယ်လိုလူမျိုးနဲ့ တွေ့မယ် မသိဘူး၊ ငါတို့အဖေနဲ့ အမေကတော့ တကယ်ကလေးချစ်သူတွေမို့ နင်ကောင်းကောင်းနေရမယ်

ဆိုပြီး ခေါ်လာတာ။ နင့်အဖို့တော့ ကံကောင်းတာပဲ။ အဖေတို့ အမေတို့ အဖို့တော့ ဒုက္ခကို ဝယ်ယူလိုက်ရသလိုပါပဲ။

အဖေဟာ နင်တို့အကြောင်းကို သိသိချင်း 'ဒီကလေးကို ကျွန်တော် မွေးမယ်' ဆိုပြီး နင့်ကို ကောက်ချီတော့တာပဲ။ အဲဒီတုန်းက အဖေ ဘယ်လောက်ချမ်းသာတယ်၊ ကောင်းကောင်းနေတယ်ဆိုတာ နင်အသိပဲ။ အဖေက အနာတွေပြည့်ပြီး ညစ်ပတ်ပေရေနေတဲ့ ဘယ်ကမှန်းမသိသေးတဲ့ ကလေးလေးကို ကောက်ချီတော့ ဘေးလူတွေက အံ့အားသင့်ပြီး နှာခေါင်း ရှုံ့ကြတယ်။ နင်ကတော့ ငိုတာပေါ့။ 'အမေ အမေ'လို့ အော်အော်ပြီး ငိုတယ်။

*

ဂျိုးရောက်လာသည့်အတွက် ကျွန်မတို့တစ်အိမ်လုံး အလုပ်ရှုပ်ကြရပါသည်။ ကျွန်မတို့တစ်အိမ်လုံးဆိုသည်မှာ ကျွန်မ၊ အဖေနှင့် အမေတို့ပင် ဖြစ်ကြပါ သည်။ ကျွန်မတို့အိမ်တွင် လူငှား စာရင်းငှားများ ရှိပါသေးသည်။ သူတို့ ကတော့ သည်ကိစ္စကို ဘေးမှသာ ကြည့်နေကြပါသည်။ အဖေက ချက်ချင်းပင် ရပ်ကွက်လူကြီးအချို့ကို ဖိတ်ခေါ်ပါသည်။ သည်ကလေးကို သူအပြီးအပိုင် မွေးစားမည်ဖြစ်၍ နောင်အရှုပ်အရှင်းမဖြစ်စေရန် စာချုပ် စာတမ်း ပြုလိုကြောင်း ပြောသဖြင့် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြ ပါသည်။ ဂျိုး၏ အမေကလည်း အပြီးအပိုင် ပေးအပ်ကြောင်း မည်သို့မျှ အနှောင့်အယှက်ပေးမည်မဟုတ်ကြောင်း ပြောပြီး လက်မှတ်ထိုးပါသည်။ စာမတတ်သဖြင့် လက်ဗွေနှိပ်ပေးပါသည်။ ကလေး၏ ဖခင်မှာလည်း ဆုံးပါးသွားပြီ ဖြစ်ကြောင်း ပြောပြပါသည်။ ကလေးအကြီး မိန်းကလေးကို ပေးမည်လားဟု မေးသောအခါ သည်သမီးတစ်ယောက်ကိုတော့ မည်သူ့ ကိုမျှ မပေးတော့ဟု ပြောပါသည်။

ကိစ္စအားလုံးပြီးသောအခါ အဖေ အမေတို့က ကလေးအမေကို ငွေငါးဆယ် ပေးလိုက်ပါသည်။ နောင်ကိုလည်း ကလေးအတွက် မေ့မေ့ပျောက်ပျောက် ဖြစ်စေရန် အိမ်ကိုမလာဖို့ ပြောလိုက်ပါသည်။ ကျွန်မတို့အမေက ကလေးကို တစ်ချိန်လုံး ချီထားပါသည်။ ကလေးကလည်း သူ့အမေကို ကြည့်ကြည့်ပြီး ငိုပါသည်။

ကလေးအမေပြန်သွားသောအခါ အဖေ အမေတို့သည် ရပ်ကွက်လူကြီးအိမ်မှ ကလေးကို ခေါ်လာပြီး မုန့်ပဲသရေစာများ ကျွေးပါသည်။ ကလေးက မစား၊ အငိုလည်းမရပ်ပါ။ အဖေသည် မုန့်သေတ္တာ၊ နို့မှုန့်စသည်တို့ကို ပြေးဝယ်ပါသည်။ ကလေးကို နို့ဖျော်တိုက်သော်လည်း မသောက်ပါ။ ငိုလွန်း၍ မောလာသောအခါမှ တဟင့်ဟင့်ရှိုက်၍ အိပ်ပျော်သွားပါသည်။

ကျွန်မတို့တစ်အိမ်လုံး ပျော်သော်လည်း စိတ်မကောင်းကြပါ။

*

ဂျိုးကို ကျွန်မ ထိန်းရပါသည်။ ကျွန်မတို့အိမ်တွင် အဖေ အမေက ချမ်းသာသော်လည်း စည်းစနစ်ကြီးသဖြင့် အိမ်ဖော်ထားလေ့ မရှိခဲ့ပါ။ အိမ်အလုပ်များကို အမေကသာ ဒိုင်ခံလုပ်ပါသည်။ ကျွန်မသည် မိန်းကလေးဖြစ်ပြီး ယခုအခါ အစ်မကြီးလည်း ဖြစ်လာသဖြင့် အမေ့ကို ကူညီရပါသည်။ အထူးသဖြင့် ဂျိုးကို ထိန်းကြောင်းပြုစုရာတွင် ဝိုင်းဝန်း လုပ်ကိုင်ပေးရပါသည်။ အဖေသည်ကား ကုန်သည်ပွဲစားဖြစ်၍ ပဲခူးမှ ရန်ကုန်သို့ မကြာခဏကူးသန်းသွားလာနေရပါသည်။ ကျွန်မတို့အိမ်သည် ပန်းလှိုင်ရပ်မှ ချောင်းကမ်းပါးကို ဘေးတိုက်ပြုထားသော ပွဲရုံတစ်ရုံ ဖြစ်ပါသည်။

ဂျိုးရောက်စက တစ်ကိုယ်လုံး ညစ်ပတ်ပေရေပြီး ဝဲများက တစ်ကိုယ်လုံး ပြည့်နှက်နေပါသည်။ ကျွန်မနှင့်အမေသည် ဂျိုးကို နေ့စဉ်

တမာရွက်ပြုတ်ရည်နှင့် ရေချိုးပေးရပါသည်။ မကြာခင် ကျွန်မတို့တစ်အိမ်လုံး ဝဲတွေ ကူးကုန်ကြပါသည်။

ဂျိုးသည် အလွန်အစားကြီးသော ကလေးဖြစ်ပါသည်။ မုန့်လက်ညှိုး ကို တစ်ခါစားလျှင် လက်တစ်ဖက်တွင်ငါးချောင်းမျှ ကိုင်လျက် တစ်ပြိုင် နက်တည်း စားပါသည်။ ဂျိုးသည် မကြာခင် ကျန်းမာဝဖြိုးလာသဖြင့် ကျွန်မတို့ ဝမ်းသာကြရပါသည်။ ပြီးတော့ အလွန်ထူးဆန်းသော အဖြစ် အပျက် တစ်ခုကိုလည်း ကျွန်မတို့ တွေ့ကြရပါသည်။

အမေသည် ဂျိုးနှင့် အတူအိပ်ပါသည်။

ညဘက် ကလေးငိုလျှင် အဖေကထ၍ နို့ဖျော်ပါသည်။ ကျွန်မ သည်ကား ငယ်ရွယ်သည်ကတစ်ကြောင်း၊ နေ့လယ်ဘက်တွင်ကျောင်း သွားရ၊ အမေ့ကို ကူညီရ၊ ဂျိုးကို ထိန်းကျောင်းရသည်နှင့်ပင် မောပန်းလွန်း သည်က တစ်ကြောင်းကြောင့် ညဘက် အိပ်ပြီဟေ့ဆိုလျှင် နိုး၍ မရ တော့ပါ။ အမေသည်လည်း အိမ်ရှိ အလုပ်သမားများအတွက် ချက်ရ ပြုတ်ရ ကလေးထိန်းရနှင့်မို့ ညဘက်ဆိုလျှင် အိပ်ရေးအပျက်မခံနိုင်ရှာပါ။ အဖေ မရှိသည့်အခါတွင် နို့ထဖျော်ရန်ဖြစ်သော်လည်း မျက်စိမဖွင့်နိုင်သဖြင့် သူ့ရင်ဘတ်ကိုသာလှန်၍ နို့တိုက်ပါလေတော့သည်။ ကလေးကလည်း ဆာဆာနှင့် တွယ်တတ်ရာ နို့မထွက်သဖြင့် နောက်ဆုံး အာချောက်ပြီး အိပ်ပျော်သွားပါသည်။ ခုနစ်နှစ်တာမျှ သားမမွေးခဲ့ပြီဖြစ်သော မိန်းမ တစ်ယောက်သည် အဘယ်မှာလျှင် နို့ထွက်ပါမည်နည်း။

သို့သော် အံ့ဩဖွယ် ကောင်းလေစွ။

တစ်နေ့တွင် အမေက ပြောပါသည်။

'နို့တွေ တင်းသလိုပဲတော့၊ တဖျဉ်းဖျဉ်းနဲ့'

အမေက ထိုသို့ပြောသောအခါ အဖေက ရယ်ခဲ့ပါသည်။

'မင်းကလဲကွာ၊ ပျင်းပျင်းနဲ့ ကလေးကို နို့ဖိတိုက်တော့ နို့သီးခေါင်း တွေ နာတာနေမှာပေါ့'

ဂျိုး အိမ်ကိုရောက်လာသည်မှာ တစ်ပတ်သာသာပင် ရှိပါသေးသည်။ အမေသည် တစ်နေ့ နေ့လယ်တွင် ကလေးချီထားရင်း ကလေးက နို့ကို အတင်းနှိုက်သဖြင့် ကလေးလက်ကို ပုတ်ထုတ်ပါသည်။ ကလေးကတော့ သူ့အမေကို သတိမရတော့ပါ။ နုနယ်သော သူ့အသိစိတ်က မွေးစား အမေကိုပင် အမေဟု မှတ်ယူလက်ခံနေရှာပါပြီ။ အမေက ကလေးနို့တောင်း သဖြင့် နို့ဘူးဖျော်ခိုင်းလေသည်။ သို့သော် ဂျိုးက နို့ဘူးကိုမစို့။ အမေ့နို့ကိုသာ အတင်းတောင်းလေသည်။ ထိုအခါ အမေက စိတ်မရှည်သဖြင့် သူ့နို့ကို လှန်၍ တိုက်လိုက်၏။ ဂျိုးသည် အမေ့နို့ကို တပြွတ်ပြွတ်မည်အောင် စို့လေတော့၏။

'အမေကြည့်စမ်း၊ ဂျိုးလေးက နို့စို့နေလိုက်တာ၊ နို့တွေ တကယ် ထွက်နေတဲ့အတိုင်းပဲ'

'အေးဟဲ့'

အမေက သူ့နို့သီးခေါင်းကို ဂျိုး၏ ပါးစပ်ထဲမှ ဆွဲထုတ်လိုက်ပါ၏။ အမေ့ နို့သီးဖျားတွင် နို့ရည်တို့ သီးနေလေ၏တကား။

ထိုအကြောင်းကို ယခုအခါ ကျွန်မ ပြန်စဉ်းစားတိုင်း ကြက်သီး မွေးညင်းပင် ထမိလေသည်။ ကျွန်မတို့သည် ရုံးကိစ္စတစ်ဖက် အိမ်ကိစ္စ တစ်ဖက်ဖြင့် ဗာဟီရများလှသည်ဖြစ်ရာ ကျွန်မတို့ ရင်သွေးငယ်များကို နို့ဘူးဖြင့်မွေးမြူရ၏။ ကြာတော့ မိခင်နို့သည် ကောင်းကောင်းမထွက်တော့။ ကလေးစို့၍ မဝမီမှာပင် နို့ရည်တို့ခန်းလေပြီ။ အမေသည်ကား သူ့ဝမ်းမှ မလွယ်ခဲ့ရသော သားကို နှစ်နှစ်ကျော်ကျော်ကြာသည်အထိ နို့တိုက်မွေးမြူခဲ့ လေသည်။ ဂျိုးက ထိုအကြောင်းကို လေးလေးနက်နက် တွေးမိဟန်မတူ။ အမေ့ကို မွေးစားအမေဟုသာ သူ မြင်သည်။ ဝမ်းနှင့်မလွယ် သားမမယ် ဆိုသမှုတ်လား။ သို့သော် ဇေဒါရီ သတို့သမီးကိုမွေးသော ရှင်ရသေ့သည် လက်ညှိုးက နို့ထွက်သည်မှာ အဘယ်ကြောင့်နည်း။

ဂျိုးက သူ့ဘဝကို ပြန်ပြောပါဟု ခိုင်းစေလာသောအခါ ထို အကြောင်းကိုပြောတော့ သူမျက်ရည်ကျသည်။ ဘဝအဓိပ္ပာယ်ကို ရှာမရ ဖြစ်နေသော ဂျိုး။ တကယ်တော့သူ့ဘဝသည် အစမကောင်းဟု သူထင်သော် လည်း ကျွန်မတို့မှာ သူ့ကို မွေးမြူခဲ့ရခြင်းအတွက် မည်မျှ ပင်ပန်းအားထုတ် ခဲ့ရသည်ကို သူမသိ၍ သူ့ဘဝကိုသူ ဝမ်းနည်းစရာဟု တွေးနေခြင်းသာ ဖြစ်သည်။ ဂျိုးသည် သူ့ဘဝကို သူ့ဘာသာ ဖျက်ဆီးသူ။ ရှိစေတော့။ လူဆိုသည်ကား မိမိ၏ ဘဝကို မိမိ ကျေနပ်သည်ဟူ၍ မရှိ။ အဓိပ္ပာယ် မရှိသော အကြောင်းအရာများကိုသာ တွေးကြစတမ်းဆိုလျှင် မည်သည့် အရာမျှ အဓိပ္ပာယ်မရှိ။ မိမိဘဝကို မိမိလိုသလို ဖန်တီး၍ မရသော်လည်း ရသမျှဘောင်အတွင်းမှာ ဖန်တီးကြရစမြဲပင်။ ဂျိုးကမူ သူ့ဘဝကိုသူ ဖျက်ဆီးနေသူ။

ကြည့်။ ဂျိုးအတွက် အမေသည် ချက်ချင်းပင် ဟင်းခါးကျိုချက် ခိုင်းကာ ထိုနေ့မှစ၍ ဟင်းခါးကို တွင်တွင် သောက်ခဲ့လေတော့၏။ အဖေကလည်း ဈေးမှ နွားမြီးကိုမှာကာ ကိုယ်တိုင်မီးဖိုထဲဝင်ပြီး ငရုတ်ကောင်း နိုင်နိုင်နှင့် ဟင်းခါးချက်ရသည်မှာ အမော။

အမေသည် လူစုံပြီဟော့ဆိုသည်နှင့် ကလေးကိုချီကာ ရမယ်ရှာ၍ နို့လှန်တိုက်လေတော့သည်။ သူ့ကလေးကို မွေးစားသည့် ကလေးဟူ၍ ပြောသည်ကို မကြိုက်သော အမေ။ အကြောင်းသိတွေက ဟန်ဆောင် တိုက်နေသည်ထင်၍ ပြုံးကြသောအခါ အမေက နို့ကို ကလေးပါးစပ်မှ ချွတ်ပြီး ညှစ်ပြလေသည်။ အမေ့ရင်မှနို့သည် တစ်ပေခန့်အကွာရောက်အောင် ပန်းထွက်လေ၏ တကား။

*

ခုလိုပြောတော့ နင်က ငိုတယ်ဟုတ်လား ဂျိုး။ ကြည့်စမ်း။ အမေ့ရဲ့မေတ္တာဟာ နင့်အပေါ် ဘယ်လောက်ကြီးမားတယ်ဆိုတာ။ အဖေနဲ့ အမေဟာ နင့်ကို

ဘယ်လောက်ချစ်၊ ဘယ်လောက် အလိုလိုက်ခဲ့သလဲ။ ငါ့ကိုတောင် နင့်လောက် ဂရုမစိုက်၊ နင့်လောက်မချစ်ခဲ့တာ နင်အသိ။ နာစရာရှိရင် ငါကတောင်နာရဦးမယ်။ နင် ငါ့လက်ထဲကချော်ပြီးလွတ်ကျတော့ အဖေက ငါ့ကိုမရိုက်စဖူး ဝါးခြမ်းပြားစနဲ့ကောက်ရိုက်တာ အရှိုးကို ထင်ပါရောလား။

နင့်ကို ငါ ထိန်းရတဲ့အချိန်မှာ ငါ ခုနစ်နှစ်သမီးပဲ ရှိသေးတယ် ဂျိုးရယ်။ ငါ့မှာ ပိန်ရတဲ့အထဲ ထွားကျိုင်းလာတဲ့ နင့်ကို ချီပိုးရတာ ခါးတစ်ဖက် စောင်းနေလေရဲ့။ နင် ဆိုးလိုက် ဂျီကျလိုက်တာလဲ လွန်ပါ ရောလား။ အဖေနဲ့ အမေက အလိုလိုက်လေလေ နင်က ဆိုးလေလေ။ အင်မတန်စည်းကမ်းကြီးတဲ့ အဖေနဲ့အမေဟာ ကစားစရာဟူသမျှ ဈေးကြီး ပေးဝယ်ပြီး နင်ချိုးသမျှ ဖျက်သမျှ တပြုံးပြုံးနဲ့ကြည့်နေကြတာ။ နင်က ပန်းကန်ခွဲပစ်ရင် အပြစ်မတင်ဘဲ 'ငါ့သားက အားရှိလိုက်တာ၊ ပန်းကန်လုံးကို ကိုင်ပေါက်လိုက်တာများ တစ်ချက်တည်းနဲ့ကွဲရော' လို့ ကြွားစရာမရှိ ကြွားတတ်တဲ့ အဖေနဲ့ အမေ။

တစ်သက်လုံး ရန်မဖြစ်ဘူးတဲ့ အဖေနဲ့အမေ နင်နဲ့ပတ်သက်ပြီး ခဏ ခဏ ရန်ဖြစ်ကြတယ်လေ။ အထူးသဖြင့် အဖေက သည်းတာ။ ကလေးကို ဂရုမစိုက်ရကောင်းလားဆိုပြီး ငါတို့သားအမိမှာ မျက်နှာမရခဲ့ ပါဘူးဟယ်။ အေး ငါတို့သားအမိဆိုတာလဲ နင့်လိုသာပြောမယ်ဆိုရင် ဘဝအစမကောင်းခဲ့တဲ့ သားအမိပါပဲ။

# ၃

ဒေါနတောင်တန်း တစ်ခွင်တွင် မြူခိုးတို့ အုပ်ဆိုင်းမှုန်ဝေနေလေသည်။ ကျွန်တော်သည် နေထွက်လာမည့်အချိန်ကို စောင့်ဆိုင်းရင်း တဟီးဟီး တခိုက်ခိုက် တုန်နေပါသည်။ ယခု သည်ထင်းရှူးတောင်ခြေစခန်းမှာ ကျွန်တော်သောင်တင်နေသည်မှာ ငါးရက်ခန့်ရှိပြီ။ ကျွန်တော်တို့တစ်သိုက် အဖမ်းအဆီးနှင့်တွေ့ပြီး ခွေးပြေးဝက်ပြေး ပြေးကာ ပစ္စည်းတွေလည်း ဆုံးရှုံးကုန်သည်။ ကျွန်တော်သည် တောထဲတွင် တစ်နေ့နှင့်တစ်ည ပုန်းအောင်း နေခဲ့ရသည်။ ထို့နောက် ယခုအခါ ကျွန်တော်၏ တစ်ဦးတည်းသော ဘဝအဖော်ဖြစ်သည့် ငှက်ဖျားရောဂါကို ခံစားရင်း ကျွန်တော်သည် ထင်းရှူးစခန်းသို့ရောက်အောင် လာခဲ့ရလေသည်။ ယခု ကျွန်တော့်အဖော်များလည်း ကျွန်တော့်ကို မစောင့်နိုင်၍ ပြန်ကုန်ကြပြီ။ ကျွန်တော့်အဖော်များဆိုသည်မှာ ကျွန်တော်ကဲ့သို့ပင် အထမ်းသမားတစ်စုပင် ဖြစ်ပါ၏။ ကျွန်တော်သည်ကား သည်တစ်ခါ အဖျားကလည်း မကျသည့်အပြင် အားနည်းမှု၊ ပင်ပန်းမှုများ ပေါင်းစပ်ကာ ဘယ်မှ မသွားနိုင်အောင်ပင်

ဗုန်းဗုန်းလဲနေပေပြီ။ ဤနေရာတွင် ကျွန်တော့်ကိုပြုစုမည့်သူမရှိ။ ကျွန်တော့် အပေါ် အနည်းငယ် ကြင်နာယုယဟန်ပေါ်သော ထမင်းဆိုင်မှ ကရင် အဘိုးကြီး တစ်ယောက်သာ ရှိလေသည်။

မနေ့က တစ်ညလုံးလုံး ကျွန်တော်အဖျားတက်နေခဲ့သည်။ ဘာကို မှလည်း သတိမရ။ ယနေ့မနက်မှ ကျွန်တော် မျက်စိအနည်းငယ် ဖွင့် နိုင်သည်။ ရင်ထဲမှာမူ လှိုက်တုန်မောဟိုက်၍နေ၏။ ဝေဒနာသည် ကျွန်တော့်ကို များစွာ ဖိစီးခဲ့ပြီ။ ကျွန်တော်သည် ဒေါနကို ကျော်နိုင်သော် လည်း ကျွန်တော့်ဘဝမုန်တိုင်းကို ကျော်နိုင်ပါဦးမည်လား။ ကျွန်တော်သည် ကျွန်တော်၏ ဘဝကိုအစဉ်မကျေနပ် ကျိန်တွယ်ခဲ့သူ။ သို့သော် တကယ်တမ်း ဘဝကိုစွန့်ခွာရန်မူ အချိန်များစွာ လိုသေးသည်ဟု အောက်မေ့မိ၏။

ပူပူပြင်းပြင်းအရည်ကို ကျွန်တော် မော့ချလိုက်၍ အနည်းငယ်အချမ်း ပြေသလို ရှိသွားသည်။ နေထွက်ပြုစပြုပြီ။ ကျွန်တော်သည် အိပ်ရာမှ အားယူ၍ ထလိုက်မိ၏။ နေရောင်ခြည်သည် မြူမှုန်တို့ကို ဖြိုခွဲလျက်ရှိသည်။

*

မှန်ပါသည်။ ကျွန်တော့်ဘဝသည် ကျွန်တော့်အစ်မပြောသလို အားလုံးက အရေးပေး ဂရုစိုက်ခံရကာ ကျေနပ်စရာ ဖြစ်ခဲ့ရပါသည်။ သို့သော် ကျေနပ်ခြင်း၊ မကျေနပ်ခြင်း၊ ပြည့်စုံခြင်း၊ မပြည့်စုံခြင်းတို့ကို မည်သည့်အရာ နှင့် တိုင်းတာမည်နည်း။

ကျွန်တော် လူမှန်း သိတတ်ခါစကတော့ ကျွန်တော့် ဘဝကို ကျွန်တော်ကိုယ်တိုင်ကပင် ကျေနပ်ခဲ့ပါသည်။ သို့ ကျေနပ်ခဲ့ခြင်းကပင် ကျွန်တော့်ကို ဆိုးသွမ်းသော ကလေးတစ်ယောက်အဖြစ်သို့ ရောက်စေခဲ့သည် မဟုတ်ပါလား။ မိဘများ၏အလိုလိုက်မှုကိုခံရသော ကျွန်တော်။ ကျွန်တော် သည် ကျွန်တော့်ကို အလိုလိုက်သော မိဘများကို အပြစ်တင်မည်ဆိုလျှင်

ကျွန်တော် မတရားပါ။ ကျွန်တော့်အမေကလည်း ခါးခါးသီးသီး တားမြစ်ပါလိမ့်မည်။ သို့သော် အလိုလိုက်မှုကိုခံယူခဲ့ရခြင်းသည် ကျွန်တော့်အတွက် လုံးဝဥဿုံ ကောင်းမွန်ပါ၏လား။ ကျွန်တော်သည် ကျွန်တော့် ကိုယ်ကို ငရဲကျခံ၍ စဉ်းစားကြည့်မိပါသည်။

ကျွန်တော့်အစ်မပြောခဲ့သလို ကျွန်တော့်အတွက် အစစအရာရာသည် အဆင်သင့်ဖြစ်နေခဲ့ပါသည်။ ထိုသို့ အရာရာ အဆင်သင့်ဖြစ်နေခြင်းသည်ပင် ကျွန်တော့် အတွက် နောက်ထပ်လိုချင်စရာ ရှိနေဦးမည့် သဘောပင်ဖြစ်လေသည်။

'အဖေ ဂျိုးဂျိုးကို ကားဝယ်ပေးပါ'

'ဟေ သား၊ ဒီမှာလဲ သားရဲ့ကားတွေအများကြီးပဲဟာ ကစားလေကွာ'

'ဂျိုးဂျိုးက တကယ်မောင်းလို့ရတဲ့ကားကို လိုချင်တာ'

'ဟော၊ ရမယ် ရမယ်'

အဖေသည် ကျွန်တော်လိုချင်တာဆိုလျှင် ကောင်းကင်က ကြယ်ကိုပင် ဆွတ်ပေးမည့် အဖေမျိုး။ အမေကတော့ အဖေ ကျွန်တော့်ကို သည်မျှ အလိုလိုက်ခြင်းကို ကြိုက်သည်မဟုတ်ပေ။ သို့သော် ကျွန်တော်က အမေသည် ကျွန်တော် ပျက်စီးမှာစိုး၍ တားဆီးပိတ်ပင်ခြင်းဖြစ်သည်ဟု တစ်ခါမျှ မယုံကြည်ခဲ့ပါ။

အဖေသည် နေ့ချင်းပင် ကျွန်တော့်အတွက် ခြေနှင့်လှုပ်၍ မောင်း၍ ရသော ကားတစ်စင်း ဝယ်ပေးပါသည်။ အလွန် ဟန်ကျလေသည်။ ကျွန်တော်သည် ထိုကစားစရာကားပေါ်တွင် ထိုင်၍ မောင်းကြည့်ပါသည်။ တကယ်မောင်းလို့ရသည့်ကား။ သို့သော် ကျွန်တော့်အတွက် မပြည့်စုံပြန်ပါချေ။ အဖော်လိုသည်။

'မမြ မမြ လာ၊ ဂျိုး ဂျိုး ကားပေါ်တက်'

ကျွန်တော့်အစ်မသည် ကျောင်းမှပြန်ရောက်လျှင် ကျွန်တော့်အနားမှာ အမြဲရှိနေရပါသည်။ ကျွန်တော် ကစားရင်း လိမ့်မကျစေရန်၊ လိုအပ်တာကို ဖြည့်ဆည်းပေးရန် မမမြသည် အသင့်ရှိနေရသည်။

'ဘယ်လိုလုပ် တက်လို့ရမလဲ ဂျိုးရယ်၊ မမက အကြီးကြီး ဂျိုးကားက သေးသေးလေး'

ကျွန်တော် မမမြကို ဘယ်ပုံ ဒုက္ခပေးရမည်ကို စဉ်းစားရပါသည်။

'ဒါဆို မမြ နောက်က တွန်းပေး'

'ကွယ် ဂျိုးကလဲ၊ ကားက သူ့ဟာသူ မောင်းလို့ရသားနဲ့'

'ဟင့်အင်း တွန်းပေးရမယ်၊ တွန်းပေးရမယ်'

'ကွယ် မမ မတွန်းနိုင်ဘူး၊ ဂျိုးရဲ့ကားက အလေးကြီး'

'မရဘူး တွန်းရမယ်'

ထုံးစံအတိုင်း ကျွန်တော် ငိုပါသည်။

'ဟဲ့၊ ကလေး ဘာလို့ငိုသလဲ'

မီးဖိုထဲက အမေ့အသံ။

'ဂျိုးက ကားကို သူ့ဟာသူမောင်းလို့ရရက်သားနဲ့ တွန်းပေးရမယ်တဲ့'

'ဩော် ဒီကလေးဟာ ကိုယ့်ဘာသာမောင်းလေ သားရဲ့၊ သားပဲ မောင်းလို့ရတဲ့ကား လိုချင်တယ်ဆို'

ကျွန်တော့်အလိုကို အစ်မကသာမက အမေကပါ ကန့်ကွက်သော အခါ ကျွန်တော် ပို၍ ငိုလိုက်ပါသည်။

'ဟဲ့၊ ကလေးဘာလို့ငိုနေတာလဲ'

အဖေသည် ပွဲရုံအလုပ်သမားများနှင့် စကားပြောနေရာမှ ထလာပါသည်။

'ဂျိုးဂျိုးက ကားတွန်းပေးပါဆိုတာ မမြက တွန်းမပေးဘူးတဲ့'

'ဟဲ့ အမြ တွန်းပေးလိုက်လေ၊ ဘာလုပ်နေတာလဲ'

မမြသည် သုန်သုန်မှုန်မှုန်နှင့် ရပ်ကြည့်နေသေးသည်။ ကျွန်တော့်ကိုရော အဖေ့ကိုပါ ကျေနပ်ဟန်မတူပါ။

'တယ်လေ ဒီကောင်မလေး၊ ငါ လုပ်စရာတွေရှိသေးတယ်၊ ကဲ တွန်းပေးဆို တွန်းပေးလိုက်'

မမြသည် ကျွန်တော့်ကားကို နောက်မှ တွန်းပေးရပါတော့သည်။ ကျွန်တော်က ကျွန်တော့်အလိုပြည့်ပြီဖြစ်၍ ပျော်ပါသည်။ မမြသည် ၁၅ ပေပတ်လည် ခန့်ရှိသော အခန်းတွင်းဝယ် ကားကို မနားမနေ တွန်းရသဖြင့် ရှုံ့မဲ့လာပါသည်။

'ဂျိုး ငါ ထမင်းဆာပြီ၊ ဆင်းတော့နော်၊ နင်လဲ ထမင်းစားတော့'

'ဟင့်အင်း မစားဘူး၊ တွန်းဦး၊ တွန်း၊ တွန်းလေ ဂျိုးဂျိုး အော်ငိုလိုက်မယ်နော်'

'တယ်လေ၊ ဒီကောင်လေးဟာ၊ ကဲဟယ်'

မမြသည် စိတ်တိုတိုနှင့် ကားကို အရှိန်ပြင်းပြင်း ဆောင့်တွန်းလိုက်ပါသည်။

'အင့် အဖေရေ'

ကားသည် ရှေ့ကနံရံနှင့် တိုက်မိပြီး ရပ်သွားသဖြင့် ကားရှေ့အကာ နှင့် ကျွန်တော့်နဖူး အနည်းငယ် ဆောင့်မိသွားပါသည်။ကျွန်တော်က ကျယ်လောင်စွာ အော်ငိုလိုက်သည်။

'ဟင် ကြည့်စမ်း၊ ဒီကောင်မလေး၊ ဟိုမှာ ကလေးနဖူးခိုက်မိသွားပြီ၊ ပေါက်သွားပြီလား မသိဘူး'

အဖေသည် ကျွန်တော့်ဆီ အရင်ပြေးလာကာ မချီလိုက်၏။ ကျွန်တော့် နဖူးမှာ ဘာမျှမဖြစ်။ သို့သော် မမြ၏ နဖူးသည် နှစ်ချက်မျှ ဆင့်၍ အခေါက်ခံလိုက်ရ၏။ မမြသည် စိတ်ကြီးသူဖြစ်သဖြင့် အံကြိတ်၍ ငိုလေသည်။

အမေသည် ကျွန်တော်တို့ကိုကြည့်ကာ သက်ပြင်းကိုသာ ချ၍နေ၏။

*

'ကလေးကို ကျောင်းမထားလို့မဖြစ်ဘူး၊ ကျောင်းထားရမယ်'

'ငယ်ပါသေးတယ်ကွာ'

'ဘယ်ငယ်မလဲရှင့်၊ ခြောက်နှစ်ကျော်ပြီ၊ ဒါ ကျောင်းထားရမယ့် အရွယ်ပဲ'

'ဒီကောင်က ဆိုးတော့ သူများကလေးတွေက မိဘကွယ်ရာမှာ ရိုက်မှာစိုးရတယ်'

'ရှင့်မလဲ ဒီကလေးတစ်ယောက်ကို ဒီလောက်တောင် အလိုလိုက်တာ မကောင်းတော့ဘူး၊ ဘာပဲဖြစ်ဖြစ် ပညာတော့မသင်လို့ဖြစ်မလားရှင့်၊ ရှင်ဘာမှ ပြောမနေနဲ့ ကျုပ် ကျောင်းသွားအပ်မယ်'

အမေသည် ကျွန်တော့်ကို အမျိုးသားကျောင်းသို့ပို့ပေးလေသည်။ မမြသည်ထိုကျောင်းမှာ ခြောက်တန်းသို့ ရောက်နေပြီဖြစ်ရာ ကျွန်တော်ကလည်း ကျွန်တော်အနိုင်ကျင့်နိုင်သည့် မမြ ရှိပြီးသားမို့ ထိုကျောင်းတွင်ပင်နေရန် သဘောတူပါသည်။ ကျွန်တော်တို့မောင်နှမသည် အဖေက လခပေး၍ငှားထားသော ဆိုက်ကားဖြင့် ကျောင်းတက်ကြပါသည်။ ကျွန်တော့် အဖေသည် စီးပွားရေးသမားဖြစ်သဖြင့် လုပ်ငန်းအတွက် အဝေးပြေးကားများရှိသော်လည်း ကိုယ်ပိုင်ကားကိုမူ ဝယ်မစီးပါ။

ကျောင်းတွင် ကျွန်တော်သည် ကျွန်တော့်အတန်းတွင် နေသည်ထက် မမြ၏ အတန်းသို့သာ ဆရာမအလစ်တွင် ကူးကူးသွားပါသည်။ မမြကို ကျွန်တော်မည်မျှ အနိုင်ကျင့်မည်ကိုကား အထူးပြောစရာလိုမည် မထင်ပါ။ မမြသည် သူ့အတန်းရှေ့တွင်ရပ်ကာ 'မမြ မမြ'ဟု အော်ခေါ်တတ်သော ကျွန်တော့်ကိုမြင်လျှင် အတန်းထဲမှ အပြေးအလွှား ထွက်လာရရှာသည်။ တစ်ခါက ကျွန်တော်က 'မမြ မမြ၊ ငါ့ကို

ချေးကုန်းပေးဦး’ဟု ဘောင်းဘီလှန်၍ အော်သဖြင့် မမမြသည် အတန်းထဲမှ ကျောင်းသားများ၏ ဝိုင်းလှောင်ခြင်းကို ခံရလေသည်။ ထို့ကြောင့် မမမြသည် ကျွန်တော့်ကိုမြင်သည်နှင့် ဆရာ့ကို ခွင့်ပန်ကာ အပြေးအလွှား ထွက်လာရရှာသည်။ ဆရာစာသင်၍ ထွက်မရလျှင်လည်း မျက်စိမျက်နှာ ပျက်ကာ ကျွန်တော့်ကိုလှမ်း၍ လက်ကာပြရသည်။ မမမြသည် ကျွန်တော် ကျောင်းနေသည့်အချိန်မှစ၍ သူ့စာကို ဖြောင့်အောင် မသင်ရတော့ပေ။

ကျွန်တော်သည် ကျောင်းတက်သော်လည်း စာမကျက်ချင်ပါ။ ကျောင်းမှပြန်ရောက်လျှင် ကျွန်တော် အိမ်မှာကောင်းကောင်းဆော့ပါသည်။ ပွဲရုံရှိ အလုပ်သမားများကလည်း ကျွန်တော့်ကို အလိုလိုက်ကြသဖြင့် သူတို့နှင့် သွားနေသည်က များပါသည်။ အထူးသဖြင့် အဖေ့ ကုန်တင် ကားကြီးရောက်လာသည့်အခါ ကားနားသွား၍ ကားသမားတွေ ကားပြင် နေသည်ကို ကြည့်ရန် ကျွန်တော် အလွန်စိတ်ဝင်စားသည်။ ကားရှိနေလျှင် ကားနားက ကျွန်တော် မခွာတော့ပါ။ ကျွန်တော့်ဘဝတွင် ထိုသို့ ကားဝါသနာပါခဲ့ခြင်းသည် ဘဝအပြောင်းအလဲအတွက် တစ်နည်းအားဖြင့် ပါဝင်ပတ်သက် နေလေသည်။

မမမြသည် ညစဉ် ကျွန်တော့်ကို စာပြပေးရလေသည်။ ကျွန်တော်က ကျောင်းတွင်ဆရာမသင်သည်ကို ဂရုစိုက်သည်မဟုတ်၍ တော်ရုံသင်ရုံဖြင့် သဘောမပေါက်ပါ။ ထိုအခါ မမမြသည် စိတ်မရှည်ဘဲ ကျွန်တော့်ကို အော်တတ်ငေါက်တတ်ပါသည်။ တစ်ခါတစ်ရံ အဖေ့အလစ်တွင် ပေါင်တွင်း ကြောကို ဆွဲလိမ်ပါသည်။ အဖေ အိမ်မှာမရှိလျှင်တော့ ကျွန်တော် ငုံ့ခံပါသည်။ အဖေရှိနေလျှင်မူ ကျွန်တော်သည် လိုသည်ထက်ပိုကာ သံကုန်ဟစ်၍ အော်လေတော့၏။

‘ဟဲ့ ဘာဖြစ်တာလဲ’

အဖေကား ကျွန်တော့်အသံကြားလျှင် မည်သည့်နေရာရောက်နေ သည်ဖြစ်စေ ပြေးလာလေသည်။

'မမြရယ် ဂျိုးဂျိုးကို တအားဆွဲဆိတ်တယ်'

'ဟင် အမြ၊ နင်ကလေးကို ဘာလို့ ဆွဲဆိတ်ရတာလဲ'

'ဆွဲဆိတ်တာ မဟုတ်ပါဘူး၊ ပြောမရလို့ သာသာလေးလုပ်တာကို'

'နင်ဟာလေ လုပ်လိုက်ရင် အရမ်းချည်းပဲ၊ ကလေးက နားမလည်ရင် စိတ်ရှည်လက်ရှည် ရှင်းပြမှပေါ့၊ လာ ဂျိုး၊ စာမကျက်နဲ့တော့၊ အဖေ့ အနားမှာလာနေ'

ကျွန်တော်သည် စာမကျက်ရတော့သည့်အပြင် အဖေကျွေးသော မုန့်တို့၊ ပန်းသီးတို့ကိုပါ တဝစားရလေသည်။ တစ်ခါတစ်ရံ အဖေသည် သူ့မိတ်ဆွေများနှင့် ကစားလေ့ရှိပါသည်။ ဖဲကစားခြင်းဖြစ်၏။ ထိုအခါ မျိုးတွင် ကျွန်တော်က အဖေ့အနားမှာ ထိုင်၍ ကြည့်နေတတ်သည်။ အဖေက ကျွန်တော့်ကို ဖဲပွင့်များရေတွက်ပုံကို သင်ပေးလေသည်။ အဖေ သူများအိမ်တွင် သွားကစားသည့်အခါလည်း ကျွန်တော့်ကို ခေါ်သွားတတ် သည်။ ကျွန်တော်သည် ညဥ့်နက်လွန်းလျှင် အဖေ့ပေါင်ပေါ်မှာ အိပ်ပျော် သွားတတ်၏။ အဖေက ကျွန်တော့်ကို ကုန်းပိုး၍ပြန်လာတတ်သည်။

'ရှင် ကလေးကို ဖဲရိုက်တဲ့နား ခေါ်ထားတာက အရေးမကြီးဘူး၊ တော်ကြာ ကလေးက ဖဲသမားလေး ဖြစ်သွားမယ်'

'မဖြစ်ပါဘူးကွာ၊ ကလေးက အငယ်လေးရှိသေးတာကို၊ ဒီကောင်က လာဘ်ကောင်းတယ်ကွ၊ သူပါရင် အမြဲနိုင်တယ်'

အဖေနှင့် အမေသည် ကျွန်တော့်အတွက် အမြဲ စကားအခြေအတင် ပြောကြလေသည်။ ကျွန်တော်ကတော့ အဖေ့ကို ကျွန်တော့်ဘက်တော်သား ဟု မြင်လျက် မမြနှင့် အမေ့ကို တစ်ဖက်မြင်လေသည်။ အဖေသည် ကျွန်တော့်ကို ပိုချစ်ပြီး အမေသည် မမြကို ပိုချစ်သည်ဟု ကျွန်တော် ထင်သည်။

သို့ဖြင့် ကျွန်တော်သည် ကျောင်းစာကို ဂရုမစိုက်သော်လည်း အတန်းငယ်ပြီး ဆရာ ဆရာမများကလည်း ဦးစားပေးသဖြင့် လေးတန်းအထိ

တော့ ရောက်ခဲ့ပါသည်။ မမမြကား ကျွန်တော် ကျောင်းစတက်သည့်နှစ်မှာ စာမေးပွဲကျလေသည်။

*

ကျွန်တော်သည် အမေနှင့် မမမြကို မချစ်မဟုတ် ချစ်ပါသည်။ သို့သော် တစ်ဖက်မှ အဖေက ကျွန်တော့်အလိုကို အလွန်လိုက်ပြီး အမေတို့ မမမြတို့က ထိုသို့အလိုလိုက်သည်ကို တားဆီးသဖြင့် အမေတို့ မမမြတို့ကို ခပ်ခွာခွာနေခဲ့ခြင်းသာ ဖြစ်လေသည်။ တစ်နေ့တွင်တော့ ကျွန်တော့်ဘဝတွင် ပထမဆုံး စိတ်မကောင်းဖြစ်စရာ ကြုံရသည်။

ကျွန်တော်သည် ကျောင်းမှအပြန် မမမြနှင့် နှစ်ယောက်သား ဆိုက်ကားစီးရင်း လိုချင်တာရှိလျှင် ဆိုက်ကားကိုရပ်ခိုင်းကာ ပူဆာတတ်လေသည်။ အဖေနှင့် အမေတို့သည် ကျွန်တော့်အကြောင်းကို သိသဖြင့် မမမြထံတွင် ကျွန်တော် မသိအောင် မုန့်ဖိုးအပို ထည့်ပေးလိုက်တတ်သည်။ ကျွန်တော် ပူဆာလွန်းလျှင် မမမြက ဝယ်ပေးရသည်။

တစ်ခါတွင် ဆိုက်ကားဆရာကြီးနေမကောင်း၍ ကျွန်တော်တို့ကို လာမကြိုနိုင်ပါ။ မမမြနှင့် ကျွန်တော်သည် မမမြ၏ သူငယ်ချင်းတစ်ယောက်နှင့်အတူ လမ်းလျှောက်ပြန်လာကြသည်။ ကစားစရာ ဆိုင်တစ်ဆိုင်ရှေ့သို့ ရောက်သောအခါ ကျွန်တော်လိုချင်သော ကစားစရာ မော်တော်ကားလေး တစ်စင်းကိုမြင်၍ ကျွန်တော်ရပ်ပြီး ပူဆာပါသည်။ မမမြ မျက်လုံးပြူး သွားလေ၏။

'ဟဲ့ ဂျိုး၊ မမမှာ ကစားစရာဝယ်ဖို့ ပိုက်ဆံ ဘယ်ပါမလဲကွယ်၊ လာ ရှေ့နားကျရင် မုန့်ဝယ်ကျွေးမယ်'

ကျွန်တော် ဆိုင်ရှေ့မှ မရွေ့။

'ဟင့်အင်း မုန့်မစားချင်ဘူး၊ ငါ ဒီကစားစရာပဲ ယူမယ်'

'နင်လိုချင်ရင်နောက်မှ အဖေ့ကို လာဝယ်ခိုင်း၊ လာ သွားမယ်'

ဆိုက်ကားလည်း မပါသဖြင့် မမမြ အခက်တွေ့နေပါသည်။ ကျွန်တော်ကား ဆိုင်ရှေ့မှ မခွာတော့ပါ။ ကျွန်တော့်စိတ်တွင် မမမြတွင် သည်ကစားစရာကိုဝယ်ရန် ပိုက်ဆံ အလုံအလောက်ပါသည်ဟုသာ ထင်ပါသည်။ ကစားစရာသည် မည်ရွေ့မည်မျှတန်သည် ကျွန်တော်မသိ။

'ဂျိုး လာမလား မလာဘူးလား၊ ငါ ရိုက်လိုက်မယ်နော်'

မမမြကား သူငယ်ချင်းများလည်း ပါသဖြင့် ရှက်ဟန်တူပါသည်။ ကျွန်တော့်ကို မနိုင်မှန်းသိသော်လည်း သည်နေရာတွင်ရပ်နေရန်လည်း မဖြစ်သဖြင့် အတင်းဆောင့်ဆွဲပါသည်။ ကျွန်တော်သည် ဒရွတ်တိုက် ပါသွားပြီး မမမြလက်မှ ရုန်းကာ မြေပေါ်လှိမ့်ချလိုက်သည်။ မမမြသည် ကျွန်တော့်ကို ခေါ်မရသည့်အဆုံး 'ဒီလိုဆို နင့်ကို တစ်ယောက်တည်းထားခဲ့ မယ်'ဟု ခြိမ်းခြောက်ကာ ရှေ့မှ ထွက်သွားလေသည်။ ကျွန်တော်က ကျန်ရစ်ခဲ့မည်စိုးသဖြင့် နောက်မှ အော်ဟစ်ငိုယိုပြီး လိုက်ရလေ၏။ ကျွန်တော်ငိုရာတွင် ရိုးရိုးမငိုပါ။ မမမြ၏ နာမည်ကို ငါနှင့်ကိုင်တုပ်ပြီး အော်ဟစ်ဆဲဆိုရင်း လိုက်ပါသွားလေသည်။ မမမြသည် တစ်လမ်းလုံး သူ့နာမည်ကို ဆဲဆိုကာ လိုက်ပါလာသည့်အတွက် အရှက်ကြီးရှက်ကာ မျက်ရည်ပေါက်ပေါက်ကျလေ၏။

အိမ်ရောက်တော့ မမမြသည် ချုံးပွဲချ၍ ငိုလေသည်။

'ဟင့် ဟင့် ကျွန်မ သိပ်ရှက်တယ်၊ အမေတို့သားလုပ်ပုံတွေ ကောင်းသလား၊ ကျောင်းမှာလဲ ကျွန်မကို ခဏ ခဏ အရှက်ခွဲတယ်၊ ခု လမ်းပေါ်မှာလဲ အရှက်ခွဲတယ်၊ ဟင့် ဟင့်'

အမေသည် အပျိုရွယ် သမီးဖြစ်သူကို ချော့မော့ဖျောင်းဖျရသည်။ ကျွန်တော့်ကိုလည်း မဆူစဖူး ဆူပူမာန်မဲလေ၏။ ထိုအဖြစ်ကို အဖေသိသော အခါ မည်သို့ပြောသည် ထင်ပါသနည်း။

'ကလေးက မသိလို့ဆဲတာပဲ ဆဲဆဲပေါ့၊ ကလေးဆဲတာ ဘာဖြစ်တာ မှတ်လို့၊ ငိုနေလိုက်တာ၊ ဒါ ငိုစရာလား'

မမြသည် အဖေ့ကိုကြောက်သဖြင့် မည်သည့်အခါမျှ ပြန်မပြောရဲရှာပါ။ အဖေဆူလျှင် ကျိတ်၍သာငိုလေသည်။ သည်တစ်ခါတော့ မမြက အတော်ပင် နာကျည်းသွားဟန်တူသည်။

'ကျွန်မကိုကျတော့ ငိုစရာလားတဲ့၊ နေရာတကာ သူ့သားပဲ အလိုလိုက်နေတာပဲ၊ သူ့သားပဲဂရုစိုက်နေတာပဲ၊ ကျွန်မကျတော့ ဘာဖြစ်ဖြစ် ပေါ့လေ၊ သိပါတယ်၊ ဒီသားကိုပဲချစ်ပါ၊ ကျွန်မကိုတော့ဘယ်ချစ်မလဲ ကျွန်မက သမီးအရင်းမှ မဟုတ်ဘဲ'

'ဟဲ့ သမီး ဘာတွေပြောနေတာလဲ'

အမေက ဟန့်တားလေ၏။

'ဘာ၊ နင်က ဘာစကားပြောတာလဲ၊ လူပါးဝလှချည်လား၊ ဟိုက အငယ်မို့လို့အလိုလိုက်တာ၊ နင် နောက်တစ်ခါ ဒီစကားမျိုး မပြောနဲ့'

အဖေကလည်း ဒေါသတကြီးအော်ပါသည်။ မမြသည် ကြုံကြုံပါအောင်သာ ငိုနေပါတော့၏။ ကျွန်တော်သည် ပထမဆုံးအကြိမ်အဖြစ် မမြကို သနားသွားပါသည်။ လူ့ဘဝ၏ ဆန်းကြယ်ပုံကိုလည်းပထမဆုံး သတိထားမိပါသည်။ မမြသည် အဖေ့ သမီးရင်းမဟုတ်ဟု ဆိုပါကလား။ ကျွန်တော့်ခေါင်းထဲတွင် လေးလေးနက်နက် မတွေးတတ်သေးသော်လည်း တစ်ခုခုပဲဟု အောက်မေ့လိုက်ပါသည်။

အဖေသည် ကျွန်တော့်ကို အလိုလိုက်ပါလျက် မမြကို ဘာကြောင့် အလိုမလိုက်ခဲ့ပါသလဲ။ မမြသည် အဖေ့သမီး မဟုတ်ဟု ဆိုလျှင် မည်သူ့သမီးနည်း။ ကျွန်တော်သည် အဖေ့သား ဖြစ်ပါလျက် မမြသည် အဘယ့်ကြောင့် အဖေ့သမီး မဖြစ်ပါသနည်း။

လူ့ဘဝ၏ ရှုပ်ထွေးမှုများသည် ကျွန်တော့် ဦးနှောက်ထဲသို့ ဝင်ရောက်စ ပြုလာလေသည်။

# ၄

ကျွန်တော် လေးတန်းဖြေရမည့်နှစ်တွင် မမြ ကိုးတန်းဖြေရပါသည်။ မမြသည် ပိန်လှီသေးကွေးပြီး အိမ်အလုပ်များလည်း များစွာလုပ်ရသဖြင့် စာကောင်းကောင်း မကျက်နိုင်ပါ။ သို့သော် မမြက ဉာဏ်ကောင်းသည်။ မမြသည် အခြားနေရာများတွင် ဦးစားပေး မခံရသော်လည်း စာတော်သည့်အတွက် အဖေက လူရှေ့တွင်ထုတ်ဖော်ချီးကျူးသည်ကို ခံရတတ်လေသည်။ ကျွန်တော့်ကိုမူ 'သည်ကောင်က သိပ်ဆိုးတဲ့ကောင်'ဟုသာ ထောပနာပြုခြင်းခံရလေ၏။

မည်သို့ဆိုစေ ကျွန်တော်တို့ မိသားစုသည် စီးပွားရေးလည်း ပြေလည်ပြီး ပြဿနာလည်း ထွေထွေထူးထူးမရှိ၍ ပျော်စရာကောင်းခဲ့သည်ဟု ဆိုရပါမည်။ အဖေသည် ဖဲကစားတတ်သော်လည်း အရက်ကို အလွန်အကျွံ စွဲမြဲစွာ မသောက်တတ်။ အိမ်တွင် ထမင်းစားခါနီးအနည်းအကျဉ်းသာ သောက်တတ်သည်။ အမေကား အလွန်စေ့စပ်သူ၊ မကုန်သင့်တာ မကုန်အောင် စစ်စစ်စီစီ သုံးစွဲတတ်သူ။ ကုန်စရာရှိလျှင် ကျွန်တော့်

အတွက်သာ ကုန်သည်က များလေသည်။ သို့သော် ကျွန်တော်ကား လိုချင်တာကို ပူဆာသည်မှလွဲ၍ ငွေကို ကိုင်မသုံးတတ်သေး။ ကျွန်တော် လိုချင်တာမှန်သမျှ အကုန်ရနေ၍ ငွေကို တောင်းသုံးစရာလည်း မလိုပေ။

ထိုအခြေအနေတွင် ကျွန်တော်တို့အိမ်၌ အပြောင်းအလဲတစ်ခု ဖြစ်လာလေသည်။ တစ်နေ့တွင်အဖေက ရေးကြီးသုတ်ပျာ ပြန်ရောက်လာပြီး အမေ့ကို ပြောသည်။

'မတင်၊ ဝေါက လူကြုံလာတယ်၊ မအေးလှဆုံးသွားလို့ အမြန် လာခဲ့ပါတဲ့'

'ဟင်၊ ဟုတ်လား'

မအေးလှဆိုသည်မှာ အဖေ၏ တစ်ဦးတည်းသောညီမ ဖြစ်ပါသည်။ အဖေ့တွင် ထိုညီမတစ်ယောက်သာ အရင်းအချာရှိသည်ဟု သိရလေသည်။ ရုတ်တရက်ဆုံးသွားသည်ဟု သိရသောအခါ ကျွန်တော်တို့ မိသားစုအားလုံး ဝေါသို့လိုက်သွားရလေသည်။ အဖေ့ညီမ ကျွန်တော်တို့အဒေါ် မအေးလှသည် အလွန် ပင်ပန်းဆင်းရဲလေ၏။ သူဆုံးသွားချိန်ဝယ် သားတစ်ယောက် သမီးတစ်ယောက်သာ ကျန်ရစ်ပြီး မည်သည့်စည်းစိမ်ဥစ္စာမျှ မကျန်ခဲ့ချေ။ ခင်ပွန်းဖြစ်သူကလည်း ရိုးလှ အ လှပြီး အလုပ်အကိုင် မည်မည်ရရမရှိပေ။ အဒေါ်ရှိစဉ်ကတော့ ဈေးရောင်းသည်ဟု သိရသည်။

အဖေ၏ တူ တူမများသည် အဖေနှင့် အမေ့ကို ခြေသလုံးဖက်ကာ ငိုကြွေးကြလေသည်။

'အမလေး ဦးလေးနဲ့ ဒေါ်ဒေါ်တို့ရဲ့ ကျွန်မတို့ ဘယ်သူ့ကို အားကိုးရမလဲ'

အမေသည် ကြင်နာသနားတတ်သူဖြစ်သည်။ အမေသည် သူ့ တူမအကြီးကိုဖက်ကာ 'အဒေါ်တစ်ယောက်လုံး ရှိပါတယ်ကွယ့်'ဟု ဆိုကာ သူပါ ရော၍ ငိုကြွေးလေသည်။ ကျွန်တော်သည် ငယ်ရွယ်သူဖြစ်၍ သင်္ခါရ တရားကို နားမလည်ခဲ့ပါ။ သို့သော် မိခင် ဖခင်ဆိုသည်မှာ မရှိလျှင်

မဖြစ်ပါလားဟု သဘောပေါက်မိလေသည်။ အထူးသဖြင့် ကျွန်တော့်အတွက် အဖေနှင့် အမေရှိဖို့ လိုသည်။

အဖေသည် အလုပ်များသူဖြစ်၍ အသုဘချပြီးသည့်နေ့မှာ ပဲခူးကို ပြန်လာသည်။ သို့သော် ရက်လည်ဆွမ်းသွတ်သည့်နေ့မှာ တစ်ခေါက် ပြန်သွားကြရလေသည်။ ထိုစဉ် အဖေက ပြတ်ပြတ်သားသား စကားတစ်ခွန်းကို ဆိုသည်။

'ကဲ ဘမောင်၊ မင်းလဲ အလုပ်လေး အကိုင်လေး အပေါက်အလမ်း တည့်အောင် ရှာချည်ဦး၊ ကလေးတွေတော့ ငါပဲ ခေါ်သွားတော့မယ်'

အဖေသည် သူ့ယောက်ဖကို ထိုသို့ပြောဆိုလျက် အဒေါ်၏ ကလေးနှစ်ယောက်ကို ပဲခူးသို့ ကောက်ကာငင်ကာ ခေါ်လာလေတော့သည်။ အဒေါ်၏ သမီးအကြီးသည် မမမြနှင့် မတိမ်းမယိမ်းဖြစ်ပြီး သားအငယ်မှာမူ ကျွန်တော်နှင့် မမမြကြား ဆယ့်သုံးနှစ် ဆယ့်လေးနှစ်ခန့် ရှိပါသည်။

'သားနဲ့ သမီးတော့ အဖော်ရပြီ'

အမေက ယောကျ်ားမျက်နှာကို ကြည့်ကာ ထိုသို့ လေပြေထိုး၍ ပြောသော်လည်း ကျွန်တော်ကတော့ မပျော်ပါ။ မည်သို့ဆိုစေ မိသားစု လေးယောက်သာရှိသော ကျွန်တော်တို့အိမ်တွင် နှစ်ယောက်တိုးလာ၍ ပိုပြီး စည်ကား သိုက်မြိုက်လာသည်တော့ အမှန်ပင် ဖြစ်လေသည်။

*

'မုန့်တွေ ဝယ်လာတယ်ဟေ့၊ အားလုံးခွဲဝေပြီးစားကြ၊ မတူးလဲလာ၊ အောင်အောင်လဲ လာ'

အဖေသည် သူ ရန်ကုန်သွားရာမှ ပြန်လာတိုင်း ကျွန်တော်တို့အခေါ် ရန်ကုန်မုန့်တွေကို ဝယ်ဝယ်လာတတ်ပါသည်။ ကျွန်တော်ကား ငယ်စဉ်ကပင် အစားကြီးသူဖြစ်၍ အဖေဝယ်လာသမျှမုန့်ကို နေ့ဖို့ညစာမချန်ဘဲ

ကျွန်တော် ကြိုက်လျှင် ကြိုက်သလို အားရပါးရ စားပစ်တတ်လေသည်။ အစား အသောက်နှင့်ပတ်သက်၍မူ အမေသည်လည်းကောင်း၊ မမမြသည်လည်းကောင်း ကျွန်တော့်ကို ကန့်ကွက်ပြောဆိုလေ့မရှိပေ။

အဖေက မုန့်ထုပ်ကိုစားပွဲပေါ်ချပြီး အားလုံးကို သိမ်းကျုံးခေါ်လိုက်သော်လည်း မည်သူမျှ ရုတ်တရက် မထကြချေ။ မမမြသည် နဂိုကပင် နောက်ဆုံး မကုန်၍ကျန်မှ ထစားတတ်သူဖြစ်သည်။ မတူးတို့ အောင်အောင်တို့သည် ကျွန်တော်တို့အိမ်တွင် ရောက်စဖြစ်၍ သွက်သွက်လက်လက် မထရဲကြပါ။ ကျွန်တော်ကလည်း ခါတိုင်းလို ချက်ချင်းပြေးလွှားပြီး စားသောက်ခြင်း မပြုတော့ပါ။ ပြီးတော့ အဖေက နာမည်ခေါ်ရာတွင် ကျွန်တော့်နာမည် မပါသည်ကို ကျွန်တော် သတိပြုမိလေသည်။

'ဟဲ့ လာလေ၊ သားတို့သမီးတို့ လာစားကြ၊ အောင်အောင်လာလေ၊ မတူးလာလေ၊ ဂျိုးလာလေ၊ လက်နှေးလှချည်လား၊ ဟဲ့သမီး အမြကော လာစားလှည့်'

အမေက ထိုသို့တစ်ယောက်စီခေါ်သည်။ ကျွန်တော်သည် 'ဆန်ရင်းနာနာဖွပ်' ရမည်ဆိုသော သဘောကိုလည်းကောင်း၊ သူစိမ်းကိုပိုဦးစားပေးတတ်သော သဘောသဘာဝကိုလည်းကောင်း မသိနားမလည်သဖြင့် အမေကပါ အောင်အောင့်ကို အရင်ဦးစွာခေါ်ပါကလားဟု အောက်မေ့မိလေသည်။

မမမြသည် အကင်းပါးသူဖြစ်၍ နေရာမှထသွားပြီး မုန့်များကိုယူ၍ မတူးနှင့် အောင်အောင့်ကို ခွဲဝေပေးပါသည်။ ပြီးတော့ ကျွန်တော့်ဆီလာကာ 'ဂျိုး ရော့ စားလေ၊ အမယ် နင်က အိုက်တင်ခံနေလိုက်တာ၊ ရော့ပါဟ'ဟု ပြောလျက် ကျွန်တော့်လက်ထဲ မုန့်ကို အတင်းထည့်ပေးပါသည်။

'မမြ စား၊ ကျွန်တော် မစားချင်ဘူး'

'ဘာဖြစ်လို့လဲ၊ စားလေ'

'ဟင့်အင်း မစားချင်ဘူး'

အဖေကတော့ အလုပ်များနေ၍ ကျွန်တော့်အဖြစ်ကို မသိပါ။ အမေကသာ မသိမသာ သက်ပြင်းချပါသည်။

'ငါ့သားက ဒီမုန့်တွေ မုန်းနေပြီထင်တယ်၊ ဟုတ်ပါရဲ့၊ အဖေကြီးကလဲ တစ်ခါလာလဲ ဒီပဲမုန့်၊ တခြားမုန့်လေးဘာလေး ပြောင်းဝယ်တာ မဟုတ်ဘူး၊ ကဲ ဂျိုး၊ ဒီမုန့်မစားချင် တခြားဟာ သွားဝယ်စားချည်'

ကျွန်တော်ကား ပိုက်ဆံကို ကိုင်ဖူးစဖြစ်၍ စိတ်ကောက်ပြေသွားလေသည်။ ကျွန်တော့်အတွက် အမေပေးသော အကြွေငါးမူးသည် အလွန်များ၏။ မုန့်ဟင်းခါးကို အကြော်နှင့်စားလျှင် ပြားသုံးဆယ်ပဲ ကုန်သည်။ ကျွန်တော် လမ်းထိပ်ဆိုင်ကို ပြေးထွက်ခဲ့၏။ လမ်းထိပ်တွင်အလွန်စကားများ၍ စပ်စုသော ဒေါ်တလုတ်မဆိုသည့် မိန်းမဝဝကြီးတစ်ယောက် မုန့်ဟင်းခါးရောင်းသည်။ ကျွန်တော်သည် မုန့်ဆိုင်မှာထိုင်၍ စားလိုသော်လည်း အိမ်တွင်သာ မုန့်နှင့်ကော်ဖီကိုတိုက်ပြီး အပြင်မှာ မုန့်ဝယ်မစားစေချင်သော အဖေ့ကြောင့် ကျွန်တော် မစားခဲ့ရပါ။ ကျွန်တော်သည် ဒေါ်တလုတ်မဆိုင်တွင်ထိုင်ကာ မုန့်ဟင်းခါးတွေ တဝကြီး စားပစ်ပါသည်။

'ဟဲ့ ကောင်လေး၊ အမယ် ဦးစိန်မောင်သားလေးက မုန့်ဟင်းခါးတွေ ဘာတွေစားလို့၊ ကဲ ရော့ ရော့ စား၊ ဒါထက် နင်တို့အိမ်ကို ဘယ်သူတွေ ရောက်နေတာလဲ ဟဲ့'

'ဝေါက ကျွန်တော်တို့အစ်မနဲ့ အစ်ကိုပါ'

'ဟေ ဝေါက အစ်မနဲ့ အစ်ကို၊ ဩော် နင့်အဖေရဲ့ တူတွေ တူမတွေထင်ရဲ့၊ ဟုတ်စ'

'ဟုတ်ကဲ့ ခင်ဗျ'

'အင်း ဦးစိန်မောင်တစ်ယောက်လဲ ကလေးက တယ်ချစ်သကိုး၊ အန္တအတာခံပ၊ ဟဲ့ ဒါထက် နင့်အသက်ဘက်လောက်ရှိပြီလဲ'

'ဆယ့်နှစ်နှစ်ပါ'

'ဟော၊ နင့်အသက်တောင်အတော်ကြီးပြီပဲ၊ အင်း အင်း နင့်အဖေ အမေများ ကျေးဇူးကြီးတယ်နော်၊ ကျေးဇူးမမေ့နဲ့ကြားလား'

'ခင်ဗျာ'

ကျွန်တော်ကား ဘာကိုဆိုလိုမှန်းမသိပါ။ မိဘကျေးဇူးကို သိတတ်ရမည်ဆိုသည်ကိုကား ကျောင်းတွင်ဆရာမ သင်ကြားဖူး၍ ကျွန်တော်သိနေပါပြီ။ သို့သော် ဤသို့သော ဆုံးမစကားကို လူတိုင်း လူတိုင်းက နေရာတိုင်းတွင် ပြောတတ်ကြပါသလား။

'သြော် နင့်အဖေ အမေများပြောပါတယ်၊ နင့်ကို တော်တော်ချစ်ရှာကြတယ်လို့ အင်းလေ၊ ဝမ်းနဲ့မလွယ်ရုံတမယ်ပဲဟာ'

'ခင်ဗျာ'

ကျွန်တော် ဘာမျှနားမလည်ပါ။ တော်တော်စကားများတဲ့မိန်းမကြီးပဲဟု တွေးကာ ပြန်လာခဲ့ပါသည်။ အိမ်ပြန်ရောက်တော့လည်း အဖေက ကျွန်တော့်ကို မဆူစဖူး ဆူပါသည်။

'အိမ်မှာ မုန့်တွေရှိရက်နဲ့ ဘာတွေ သွားဝယ်စားတာလဲ၊ တော်ကြာ ဝမ်းတွေသွားနေမယ်၊ ဒီကောင်လေး တော်တော်ဆိုး'

ကျွန်တော့်အဖေသည် ကျွန်တော့်ကို တော်တော်ဆိုးသည့် ကောင်လေးဟု မကြာခဏပင် ပြောနေကျဖြစ်သော်လည်း သည်တစ်ခါ အပြောခံရသည်ကို ကျွန်တော့်စိတ်ထဲမှာ အနည်းငယ် မခံချင် ဖြစ်သွားပါသည်။

*

'ဒီနှစ်ကတော့အေ အိမ်အလုပ်တွေကလည်း များလွန်းလို့ စာမကျက်နိုင်လို့ကျတာပါ၊ တစ်ခါတစ်ခါတော့ တော်ပေမယ့်လည်း မြင်းကောင်းခွာလိပ် ဆိုသလို ဖြစ်တတ်တာပေါ့၊ နောက်နှစ်ဆို အိမ်အလုပ်လဲ ဒီလောက်လုပ်စရာ မရှိတော့ဘူး၊ မတူးတို့ ရှိနေပြီပဲ'

မမြ စာမေးပွဲကျသဖြင့် အမေက ဖျောင်းဖျပါသည်။ ကျွန်တော့်ကို တော့ ကျောင်းစာနှင့်ပတ်သက်လာလျှင် အားမကိုးလောက်သူမို့ ပေယျာ လကံ ထားကြလေသည်။ မမြသည် စာမေးပွဲတစ်နှစ်ကျသည့်အတွက် နောက်နှစ်တွင် အပြင်းအထန်ကြိုးစားပါသည်။ အမေပြောသလို မတူး ကလည်း အမေ့အတွက် အဖော်ရလေသည်။

ကျွန်တော့်အတွက်တော့ အောင်အောင်သည် အဖော်။

သို့သော် အောင်အောင့်ကို ကျွန်တော် မခင်တွယ်သလို အောင်အောင် ကလည်း ကျွန်တော့်ကို မခင်တွယ်ပါ။ ကျွန်တော် အောင်အောင့်ကို မခင်တွယ်ခြင်းက အမြဲတမ်း ကျွန်တော်တစ်ယောက်တည်း ဗိုလ်ကျနေရာမှ အောင်အောင်ရောက်လာ၍ အဖေက အောင်အောင့်ကို အမိမဲ့သားအနေဖြင့် မျက်နှာသာပေးသောကြောင့် ဖြစ်ပါသည်။ အောင်အောင်က ကျွန်တော့်ကို မခင်တွယ်ခြင်းကိုမူ နောက်မှပင် သိရလေသည်။

အောင်အောင်သည် ကျွန်တော့်ထက်စာလျှင် စာတော်၏။ မတူးက အစကတည်းက ကျောင်းမှ ထွက်ထားသဖြင့် အဖေက ထားပေးသော်လည်း မနေတော့။ အောင်အောင့်ကိုမူ ကျွန်တော်တို့နေသောကျောင်း၌ ခုနစ်တန်း တွင် ထားပေးလေသည်။

ကျွန်တော်က ငါးတန်း။ ကျွန်တော်သည် အတန်းထဲတွင် စာအလွန် ညံ့၏။ သည်အတွက် ကျွန်တော် ရှက်ရကောင်းမှန်းမသိပါ။ အဖေကလည်း ကျွန်တော့်ကို စာညံ့သည့်အတွက် အားမရသော်လည်း ဆူပူခြင်းတော့ မပြုပါ။ သူ့လိုပင် ကုန်သည်လုပ်နိုင်းမည်ဟု ပြောပါသည်။ ကျွန်တော် ကလည်း အဖေ့ကို အားကျသူဖြစ်၍ အဖေ့လိုပင် ကုန်သည်လုပ်မည်၊ ကျွန်တော် ဝါသနာပါသော ကားမောင်းမည်ဟု အားခဲထားပါသည်။ ဤသည်မှာလည်း သာမန်အတွေးသာ ဖြစ်ပါ၏။ နက်နက်နဲနဲထားရှိသည့် ရည်မှန်းချက်တော့ မဟုတ်ပါ။

ကျွန်တော်တို့ ကျောင်းတက်ရာတွင် အောင်အောင်ပါလာသည့်အတွက် မမမြကို ကျွန်တော် အနိုင်ကျင့်ချင်တိုင်း ကျင့်၍မရတော့ပေ။ ကျွန်တော်အနိုင်ကျင့်မည်ကြံတိုင်းလည်း အောင်အောင်က လူကြီးလုပ်ပြီး တားဆီးလေသည်။ ထိုအခါ ကျွန်တော်သည် မမမြတို့၊ အောင်အောင်တို့ ကွယ်ရာတွင် အခြား ကျွန်တော့် အနှံ့အတာကိုခံမည့် အဖော်ကို ရှာရလေသည်။

ပထမဆုံး ကျွန်တော် ခင်မင်ပေါင်းမိသည့် သူငယ်ချင်းမှာ ခင်စိုးမောင် ဖြစ်၏။ ခင်စိုးမောင်သည် ကျွန်တော့်လိုပင် ပဲခူးမှ အထက်တန်းလွှာ ကုန်သည်သားတစ်ဦး။ သူသည် ကျွန်တော့်ထက် တစ်နှစ်မျှကြီးပြီး ကျွန်တော့်ထက် ပို၍လည်း လည်ဝယ်၏။ ကျွန်တော်က အိမ်မှာသာ မိဘနှင့် အစ်မအပေါ်ဆိုးတတ်ပြီး ပြင်ပတွင်မူ မဝံ့ရဲသော အိမ်ကျယ်မျှသာ တည်း။

'ဟေ့ ဂျိုး၊ မင်း တစ်နေ့မှ မုန့်ဖိုးငါးမူးပဲရတယ်ဆိုတော့ နည်းလှချေလားကွ၊ မင်းတို့အဖေက သူဌေးဖြစ်ပြီးတော့'

'ငါတို့အဖေက အပြင်မုန့်စားတာ သိပ်မကြိုက်ဘူးကွ၊ ဒါပေမယ့် ငါလိုချင်ရင် ငါ့အစ်မဆီက ထပ်တောင်းလို့ ရပါတယ်'

'တောင်းကွာ၊ ငါတို့ ညနေကျောင်းလွှတ်ရင် မြောက်ပန်းလှန်ရအောင်'

'ငါက နေလို့မရဘူးကွ၊ ငါ့အစ်မနဲ့ အတူတူပြန်ရမှာ'

ယခုအခါ ကျွန်တော်တို့သည် ဆိုက်ကားမစီးတော့ဘဲ ခြေလျင်လျှောက်၍ ပြန်ကြပါသည်။

'မင်းကလဲကွာ ငါးတန်းတောင်ရောက်နေပြီပဲ၊ မင်းအစ်မနဲ့ အတူတူပြန်ဖို့ မလိုတော့ပါဘူးကွ၊ ဟား ဟား ဘာလဲ မင်းက မင်းအစ်မ လူဆွဲမှာစိုးလို့လား၊ မဆွဲပါဘူးကွ၊ ဟိုကောင်ပါသားပဲ၊ အောင်အောင်ဆိုတာလေ'

'မဟုတ်ပါဘူးကွာ၊ အဖေက ဆူမှာစိုးလို့'

'အံမာ မင်းအဖေက မင်းကို ဘယ်တုန်းက ဆူဖူးလို့လဲ'

ကျွန်တော် တစ်ချက်တွေသွားပါသည်။ မှန်ပါသည်။ ကျွန်တော့် အဖေသည် ကျွန်တော့်ကို တစ်ခါမျှ ဆူပူမာန်မဲခြင်း မရှိပေ။ သို့သော် အမေက တစ်ခုခုပြောစရာရှိလျှင် ဗျစ်တောက် ဗျစ်တောက်နှင့် ပြောမဆုံးတော့။

'တောင်းကြည့်ဦးမယ်ကွာ'

ကျောင်းလွှတ်သောအခါ ကျွန်တော် မမမြဆီက ပိုက်ဆံ ထပ်တောင်းပါသည်။

'အိမ်ပြန်တော့မယ့်ဟာပဲ ဂျိုးရယ်၊ ဘာစားဦးမလို့လဲ'

မမမြကား ပိုက်ဆံကို မည်သည့်အခါမျှ လွယ်လွယ်ထုတ်မပေးတတ်။ ဤသည်မှာ အမေနှင့် မမမြတို့၏ တူညီသောအကျင့်။ သို့သော် နောက်ဆုံးတော့ ပေးရသည်သာချည်း။

'ငါ အိမ်မပြန်သေးဘူး မမြ၊ ခင်စိုးမောင်တို့အိမ် စာလိုက်ကူးမလို့၊ ဆာရင်စားဖို့ ပေးစမ်းပါ'

ကျွန်တော် မထမဆုံးအကြိမ် လိမ်ပြောလိုက်ပါသည်။

'ဘာစာလဲ၊ နင် အတန်းထဲမှာ မကူးဘူးလား'

'လိုက်ကူးလို့ မမီလို့ပါ'

'နင်မပါရင် အဖေက ဆူလိမ့်မယ်'

'ငါ လိုက်လာမှာပါ၊ သိပ်မကြာပါဘူး၊ ငါ စာကူးတာဆိုရင် အဖေက မဆူပါဘူး၊ အပြန်ကျရင် ခင်စိုးမောင်က လိုက်ပို့မှာ'

'ဘယ်မှာလဲ ခင်စိုးမောင်'

'ဟိုမှာ'

ခင်စိုးမောင်တို့အိမ်နှင့် ကျွန်တော်တို့အိမ်မှာ တစ်လမ်းသာ ခြားသဖြင့် မမမြသည် ခင်စိုးမောင်တို့ လမ်းထိပ်အထိ လိုက်ပါလာသည်။ ကျွန်တော်တို့ လမ်းထဲဝင်လာမှ အောင်အောင်နှင့် မမမြတို့ ပြန်သွားကြလေသည်။

ခင်စိုးမောင်နှင့် ကျွန်တော်သည် ခင်စိုးမောင်တို့အိမ်တွင် လွယ်အိတ်တွေ ဝင်ထားကြပြီး သွားကစားဦးမည်ဟုပြောကာ ချောင်းကမ်းပါးပေါ် တက်ခဲ့ကြလေသည်။ ပဲခူးမြစ်သည် တသွင်သွင် စီးဆင်းလျက်ရှိ၏။ ကျွန်တော်တို့သည် တာရိုးအတိုင်းအောက်ဘက်သို့ လျှောက်လာကြပြီး တစ်နေရာတွင် ခင်စိုးမောင်၏ သူငယ်ချင်းတစ်စုနှင့် တွေ့ပါသည်။ ခင်စိုးမောင် ချိန်းဆိုထားသည့်အတိုင်း သူ့သူငယ်ချင်းများနှင့် ကျွန်တော်တို့ မြောက်ပန်းလှန် ကစားကြ၏။

အချိန်ကုန်မှန်းမသိ ကုန်သွားသည်။

ကစားရာတွင် ကျွန်တော်သည် ပြားခြောက်ဆယ်ခန့် နိုင်နေလေသည်။ ထိုစဉ် ကျွန်တော်တို့နားသို့ အောင်အောင်ရောက်လာသည်။

'ဟေ့ ဂျိုး၊ မင်းကို ဦးလေးက မေးနေတယ်၊ စာကူးတာကြာလှချည်လားတဲ့၊ မမြကိုလဲ ဘာလို့လွှတ်လိုက်ရတာလဲလို့ ဆူနေတယ်၊ ငါ ခင်စိုးမောင်တို့အိမ် ဝင်မေးတော့ ဒီဘက်တက်သွားတယ်ဆိုလို့'

ကျွန်တော်သည် အေးအေးဆေးဆေးပင် အောင်အောင်နှင့် ပြန်လိုက်ခဲ့ပါသည်။ကျွန်တော့်တွင် ပိုက်ဆံ တစ်ကျပ်နှင့် ဆယ်ပြား ပါလာလေသည်။ ကျွန်တော် ပျော်နေသည်။

'ဟေ့ အောင်အောင် မင်း မုန့်စားမလားကွ၊ ငါ ဝယ်ကျွေးမယ်'

'မစားပါဘူးကွာ'

'စားပါကွ၊ ငါ မြောက်ပိုင်းလှန်လို့ နိုင်ထားတာ'

'ဟင့်အင်း၊ မစားချင်ဘူး'

အောင်အောင့်ကို ကျွန်တော် သိမ်းသွင်းလို့မရပါ။ အောင်အောင်သည် သူ့မိခင်ဆုံးသွားပြီး ဦးလေးအိမ်တွင်နေရ၍ အလိုလို အားငယ်နေသလားတော့ မသိပေ။ ကျွန်တော်ကတော့ 'ဒီကောင်က စာတော်တယ်ဆိုပြီး အဖေက အရေးပေးလို့ ဘဝင်မြင့်နေတဲ့ကောင်'ဟုသာ ထင်လေသည်။

အိမ်ရောက်တော့ အဖေက မျက်နှာထားနှင့် စောင့်နေပါသည်။ ကျွန်တော်သည် တစ်ခါမျှ သူငယ်ချင်းများနှင့် ထွက်၍ လည်ပတ်ဖူးခြင်း မရှိပါ။ ယခု ပထမဆုံးအကြိမ်ဖြစ်ပါသည်။ ကျွန်တော်ကတော့ ကျွန်တော့်တွင် အပြစ်မရှိဟု ထင်ပါသည်။

'ဂျိုး မင်း ဘယ်သွားနေတာလဲ'

'ခင်စိုးမောင်တို့ အိမ်မှာပါ'

'ဘာသွားလုပ်တာလဲ'

ကျွန်တော် ခဏမျှငြိမ်နေမိသည်။ အောင်အောင့်ကို လှမ်းကြည့်လိုက်တော့ အောင်အောင်သည် ဘာမျှမပြောဘဲ မျက်လွှာချထားလေသည်။

'စာသွားကူးတာ'

ကျွန်တော်က လိမ်လိုက်ပါသည်။

'အောင်အောင် ဟုတ်သလား၊ သူ စာကူးနေတယ်ဆိုတာ'

အဖေက အောင်အောင့်ကို ငေါက်၍ မေးလိုက်ပါသည်။ အောင်အောင်သည် ကျွန်တော့်ကို လှမ်းကြည့်ပါသည်။ ပြီးတော့ အဖေ့ကို လှမ်းကြည့်ပါသည်။ အောင်အောင်သည် လိမ်ပြောရမှာလည်း ကြောက်၊ ကျွန်တော့်ကိုလည်း ကြောက်ဟန်တူပါ၏။

'ပြောလေ အောင်အောင်၊ မင်းသွားတော့ သူ ဘာလုပ်နေသလဲ'

အောင်အောင်သည် အဖေ့မျက်နှာကို တစ်ချက်ကြည့်ပြီး ခေါင်းငုံ့၍ ဖြေလိုက်ပါသည်။

'ကမ်းနားမှာ မြောက်ပန်းလှန်နေတယ်'

'ကြည့်စမ်း၊ မင်း ညာတယ်'

အဖေက ကျွန်တော့်အိတ်ကပ်ကိုဆွဲကြည့်ရာ ပိုက်ဆံအကြွေများ ထွက်ကျလာလေသည်။

'မင်း တော်တော်လည်တဲ့ကောင်၊ ခုကတည်းက ငါ့ကို လိမ့်နေပြီ၊ နောက်လိမ်ပြောဦးမလား ကဲ'

အဖေသည် ကျွန်တော့်ကိုဆွဲ၍ ကြက်မွေးဖြင့် ရိုက်ပါလေတော့၏။ ကျွန်တော်သည် တစ်ခါမျှ အရိုက်မခံဘူး၍ အသားနာမည်ကို အလွန်ပင် ကြောက်လေသည်။ ကျွန်တော် သံကုန်ဟစ်၍အော်သဖြင့် အမေ မီးဖိုချောင်မှ ပြေးထွက်လာပြီး ကျွန်တော့်ကို ဆွဲလေသည်။

'မင်း ကောင်းကောင်း သတိထားနေ'

အမေသည် ကျွန်တော့်ကို ချော့မော့၍ ခေါ်သွားပါသည်။

'ဘာလို့လိမ်ပြောရသလဲ သားရယ်၊ ပြီးတော့ မြောက်ပန်းလှန်တယ်ဆိုတာ မကောင်းဘူးကွယ့်၊ လောင်းကစားဆိုတာ မကောင်းဘူး၊ နောက် မလုပ်နဲ့သိလား'

ကျွန်တော်ကား နှစ်ချက်သုံးချက် အရိုက်ခံရသည်ကို အနာကြီး နာလျက် အောင်အောင့်ကိုလည်း မကျေမနပ် ဖြစ်နေမိလေသည်။

*

ကျွန်တော်သည် ကျောင်းကပြန်လာလျှင် ဘယ်ကိုမျှ မဝင်ရသည့်အတွက် အိမ်ရောက်မှပင် ကစားရလေသည်။ အောင်အောင်ကတော့ အိမ်ပြန်ရောက်လျှင် အဖေက ခိုင်းသည်ဖြစ်စေ၊ မခိုင်းသည်ဖြစ်စေ အိမ်အလုပ်ကို ကူလုပ်လေသည်။ တစ်ခါတစ်ရံ သူ့အစ်မ မတူးကို ဝင်၍ ကူညီသည်။ မတူးနှင့် အောင်အောင် ရောက်လာသည့်အတွက် အမေနှင့် မမမြအဖို့ အလုပ်များစွာ သက်သာသွားလေသည်။ မမမြသည် စာကို ကောင်းစွာ ကျက်မှတ်နိုင်သဖြင့် ယခင်ကလိုပင် အတန်းထဲတွင် ပထမစွဲပြန်သည်။ ကျွန်တော့်မှာတော့ စာကဖျင်းသည်မို့ စာမေးပွဲ အောင်အောင်ပင် မနည်းကြီး ကြိုးစားနေရသည်။ ပြီး ကျွန်တော်က အကစားမက်သည်။

ကျွန်တော်သည် ဝေးဝေးလံလံ မသွားရသဖြင့် အိမ်နီးနားချင်းမှ ကလေးများနှင့်ပင် ကစားရလေသည်။ ကျွန်တော်တို့ အိမ်ဘေးမှ ဝေလင်း

တို့ ဖော်ဖော်အောင်တို့ဆိုသည်မှာ ကျွန်တော်နှင့် ကစားဘက်။ ထိုသို့ ကစားရာတွင်လည်း ကျွန်တော်တို့သည် မကြာခဏ ငြင်းကြ၊ ခုံကြ၊ ရန်ဖြစ်ကြရသည်။ ကျွန်တော်ကား ကစားရာတွင် ကျွန်တော်သာ နိုင်ချင်သည်။ မနိုင်လျှင်လည်း ဖြစ်သည့်နည်းနှင့် အနိုင်ယူသည်။ ထိုအခါ ကျွန်တော်တို့ ခိုက်ရန်ဖြစ်ပွားကြသည်။ ကျွန်တော်သည် နီးရာတုတ်ဖြင့်ဖြစ်စေ၊ လက်ဖြင့်ဖြစ်စေ ထိုးနှက်ပြီး အိမ်ကို မြန်မြန်ပြန်ပြေးလေသည်။ ထိုအခါ အရိုက်အနှက်ခံရသော ကလေးများက အဖေ့ကို လာတိုင်ကြသည်။

'ဂျိုး ကျွန်တော်တို့ ဂေါ်လီတွေယူပြေးတယ်'

'ဂျိုး ကျွန်တော်တို့ကို တုတ်နဲ့ပစ်ပြေးတယ်'

'ဂျိုး ကျွန်တော့် မော်တော်ကားလေးကို ခဲနဲ့ထုသွားတယ်'

ထိုသို့ လာရောက်တိုင်တန်းကြသောအခါ အဖေသည် 'အေး အေး'ဟုသော်လည်းကောင်း၊ 'အင်း အင်း'ဟုသော်လည်းကောင်း သာမန်မျှသာ တုံ့ပြန်ပြီး ကျွန်တော့်ကိုမူ တစ်ခါမျှ ဆူခြင်း ရိုက်ခြင်း မရှိပေ။ အမေက မြင်သည့်အခါ အခြားကလေးများကျေနပ်အောင် ကျွန်တော့်ကို ဆူပူမာန်မဲပြသည်။ အဖေကား တုတ်တုတ်မျှ မလှုပ်။

'ရှင်ဟာလေ သားသမီးလဲ မဆုံးမတတ်ဘူး၊ ကိုယ့်ကလေးက သူများကလေးကို မတရားလုပ်လာရင် ရိုက်သင့်တာရိုက်၊ ဆူသင့်တာ ဆူရတယ်ရှင့်'

'ငါမှ မအားဘဲ'

အဖေက ထိုမျှသာ ပြောသည်။

အဖေသည် ကျွန်တော့်ကို လိမ်ညာပြောရမလားဟု တစ်ခါရိုက်ဖူးသော်လည်း အခြားကိစ္စများတွင်တော့ တစ်ခါမျှ မရိုက်ပါ။ အထူးသဖြင့် အခြားသူများထက် ကျွန်တော့်ကိုသာ ဦးစားပေးဆဲပင် ရှိသေး၏။ ကျွန်တော်မှ ကျွန်တော်။ ကျွန်တော်ကလည်း အဖေတစ်ယောက်လုံး

ကျွန်တော့်နားတွင် ရှိမှန်းသိ၍ အခြားကလေးများအပေါ် ဗိုလ်ကျချင်လေသည်။

တစ်နေ့တွင် ကျွန်တော်သည် ဝေလင်းတို့ ဇော်ဇော်အောင်တို့နှင့် ကစားရင်း ထုံးစံအတိုင်း ရန်ဖြစ်ကြသည်။ ကျွန်တော်သည် ဝေလင်းကို ခြေနှင့်ကန်ပြီး ဇော်ဇော်အောင်၏ ခေါင်းကို ခဲနှင့်ထုကာ အိမ်သို့တန်း၍ ပြေးပါလေသည်။ ဝေလင်း၏ မိဘများသည် သာမန်လက်လုပ်လက်စားများသာဖြစ်၍ ကျွန်တော့်အဖေနှင့်လည်း မကင်းရာမကင်းကြောင်း ဖြစ်သောကြောင့် ကျွန်တော့်ကို မပြောသာ။ ပြောလျှင်လည်း အကြောင်းမထူးသဖြင့် လက်ပိုက်ကြည့်နေရပါသည်။ ဇော်ဇော်အောင်တို့မိဘများက အဖေတို့နှင့် စီးပွားပြိုင်ဘက်။ သူ့အမေက အလွန်စွာသည်။

ဇော်ဇော်အောင်က ငိုယို တိုင်တန်းသဖြင့် သူ့အမေသည် ဇော်ဇော်အောင်ကို လက်ဆွဲကာ ချက်ချင်းလိုက်လာပါသည်။

'ဒီမှာကြည့်ပါဦး ကိုစိန်မောင်၊ ရှင့်သားလုပ်လိုက်တာ ခေါင်းကို ဖူးရောင်သွားတာပဲ၊ သွေးမထွက်တာ ကံကောင်း'

အဖေကတော့ ထုံးစံအတိုင်း ခပ်အေးအေးပင်။

'ဟုတ်လား၊ ဒီကောင် တော်တော်ဆိုးတဲ့ကောင်'

အဖေက ထိုမျှသာ ပြော၏။

ထိုအခါ ဇော်ဇော်အောင်၏ အမေသည် မခံမရပ်နိုင်ဖြစ်ကာ ခါးထောက်၍ ရန်တွေ့ပါတော့သည်။

'ဘယ်လိုလဲ ကိုစိန်မောင်ရဲ့၊ ကိုယ့်သားသမီးကို နည်းနည်းပါးပါး ဆုံးမဦးမှပေါ့၊ ပြီးတော့ ရှင့်သားက ရိုင်းလဲ ရိုင်းစိုင်းသေး၊ သူများကိုလဲ အနိုင်ကျင့်သေးရဲ့၊ ဘယ်လိုမျိုးရိုးဇာတိမှန်းမသိ၊ ဒီလောက်ရိုင်းတာ မတွေ့ဖူးဘူး'

အဖေ့ မျက်နှာသည် ရဲရဲနီသွားပါသည်။

'ခင်ဗျား ဘာစကားပြောတာလဲ'

'ဘာစကားပြောရမှာလဲရှင့်၊ မှန်တာပြောတာပေါ့၊ တကတည်း ဒီလောက်တောင် သူများသားသမီးကို အနိုင်ကျင့်နေတာ တစ်ခါမှ ဆုံးမတယ်လို့မရှိဘူး၊ ပေါက်လွှတ်ပဲစား၊ အုတ်ကြားမြက်ပေါက်တွေ မွေးထားပြီး'

အမေသည် ဆူဆူညံညံအသံကြား၍ ထွက်လာပါသည်။ ဇော်ဇော်အောင်တို့ အမေ ပြောသံကို ကြားသောအခါ အမေလည်း ဒေါသထွက်သွားပါသည်။

'ရှင်စကားပြောတာ ရိုးရိုးပြောပါရှင့်၊ ကိုယ့်သားသမီး ကိုယ်ဆုံးမမှာပေါ့၊ မဆိုင်တာတွေပြောဖို့ မလိုပါဘူး'

အေးအေးဆေးဆေးနေတတ်သော အမေလည်း ခါးထောက်၍ ရန်တွေ့နေပါပကော။ တစ်ဖက်ကလည်း ဇော်ဇော်အောင့်ကို လက်ကဆွဲရင်း မကြားတကြား ရေရွတ်သွားပါသေးသည်။

ဇော်ဇော်အောင်တို့ အမေပြောသော စကားများကို ကျွန်တော် ဘာမျှ နားမလည်ပါ။ ညစ်တီးညစ်ပတ်တွေပြောကာ ရန်တွေ့သွားသည် ဟုသာ ထင်ပါသည်။

'ဂျိုး၊ မင်းနောက်တစ်ခါ အဲဒီကလေးတွေနဲ့ သွားမဆော့နဲ့၊ အိမ်မှာပဲ အောင်အောင်နဲ့ကစား'

အမေသည် ကျွန်တော့်ကို ရင်ခွင်ထဲဆွဲသွင်းကာ မျက်ရည်တွေ ဝေ့နေလေ၏။

'ရှင့်ကြောင့်၊ ရှင် ကလေးကို မဆုံးမတတ်လို့ သူများအပြောအဆို ခံရတယ်'

အဖေလည်း မျက်နှာမကောင်းပါ။

ကျွန်တော်သည် လေးလေးနက်နက် မတွေးတတ်သော်လည်း ဇော်ဇော်အောင်တို့ အမေဆိုသည့် မိန်းမကြီးကိုသာ အကြီးအကျယ် အမုန်းပွားနေမိပါတော့၏။

# ၇

နောက်နှစ်တွင် မမြ စာမေးပွဲအောင်၍ ဆယ်တန်းသို့ရောက်ပါသည်။ အောင်အောင်က ရှစ်တန်း။ ကျွန်တော်က ခြောက်တန်းတက်ရမည်။ ထိုနှစ်တွင်ပင် ကျွန်တော်တို့အိမ်၌ ကြီးစွာသောအပြောင်းအလဲတစ်ခုကို ကြုံရလေသည်။ ပုဂ္ဂလိက လုပ်ငန်းအားလုံးကို ပြည်သူပိုင်သိမ်းခြင်းဖြစ်၏။ ကျွန်တော်တို့ ပွဲရုံကို ပစ္စည်းတွေပါမက အခန်းကိုပါ အပ်လိုက်ရပါသည်။ အမေသည်ကား ငို၍မဆုံးတော့။ အဖေကတော့မျက်နှာမကောင်းသော်လည်း စိတ်ပျက်ဟန်မပြပါ။ ကျွန်တော်တို့အားလုံး ညောင်ဝိုင်းဘက်သို့ ပြောင်းရွှေ့ကြလေသည်။ ထိုနေရာတွင် အဖေက အသေးစား ကုန်စုံဆိုင်လေးတစ်ဆိုင် ပြန်ဖွင့်ပါသည်။ စီးပွားရေးကျဆင်းပြီဟု အမေက မကြာမကြာ ညည်းညူသော်လည်း ကျွန်တော်တို့အဖို့ အသုံးအစားမပျက်ပါ။ အဖေသည် ယခင်ကလိုပင် ရန်ကုန်နှင့် ကူးချည်သန်းချည်လုပ်ကာ သူလုပ်လို့ရသမျှ ဘောင်အတွင်းက စီးပွားရေးကို လုပ်နေလေသည်။

အောင်အောင်သည် အဖေ့ကို များစွာကူညီလေသည်။ အဖေမရှိလျှင် ဆိုင်၏ ကုန်ပစ္စည်းဝယ်ခြင်း၊ ဖြည့်ခြင်း စာရင်းမှတ်ခြင်းတို့ကို လုပ်ကိုင်

ပေးသည်။ အဖေ ရန်ကုန်မသွားနိုင်သည့်အခါ အောင်အောင့်ကို ခိုင်းသည်။ အောင်အောင်သည် လူကြီးတစ်ယောက်လိုပင် သွက်လက်ချက်ချာစွာ လုပ်ကိုင်လေ၏။ အဖေကလည်း အောင်အောင့်ကို အားကိုးလာသည်။ မည်သည့် နေရာမဆို 'အောင်အောင်၊ အောင်အောင်'နှင့် ယုံကြည်စိတ်ချစွာ ခိုင်းတတ်သည်။ အောင်အောင်သည် စက်ဘီးတစ်စီးနှင့် မြို့တွင်းလှည့်လည်ကာ အရောင်းအဝယ်ကိစ္စ၊ ကြွေးမြီကိစ္စများကို လုပ်ကိုင်ပေးလေသည်။ တစ်ခါတစ်ရံ သနပ္ပင်တို့၊ ချောင်းဖျားတို့အထိသွားကာ ကြွေးဟောင်း မြီဟောင်းများကို လိုက်တောင်းသည်။ အမေကသာ စီးပွားကျဆင်းပြီဟု ညည်းညူသော်လည်း အဖေနှင့် အောင်အောင်တို့ တူဝရီးသည် ငွေကိုင်ကာ ကူးသန်းလုပ်ကိုင်နေဆဲပင် ရှိသေး၏။

ကျွန်တော့်အသိဉာဏ် တဖြည်းဖြည်း ရင့်ကျက်လာသောအခါ အမေနှင့် မမမြတို့၏ အခန်းကဏ္ဍကို တစ်စစ ရိပ်စားမိလာ၏။ အမေသည် မီးဖိုချောင်အလုပ်၊ အိမ်အလုပ်ကလွဲလျှင် စီးပွားရေးတွင် ဘာတစ်ခုမျှ ဝင်ရောက် စွက်ဖက်ခြင်းလည်း မရှိ၊ စွက်ဖက်ရန်လည်း နားမလည်ပေ။ မမမြသည်လည်း အဖေပေးသမျှ မုန့်ဖိုးကိုသာ လက်ဖြန့်သုံးတတ်ပြီး ဘာတစ်ခုမျှ ပူဆာခြင်း၊ တောင်းဆိုခြင်း မပြုတတ်ပေ။ မမမြသည် မတူးရောက်လာသောအခါ အိမ်အလုပ်များသက်သာ၍ စာကို အထူးကြိုးစားနိုင်သော်လည်း အဖေ၏ အရေးပေးမှုတွင် မတူးလောက်ပင် မရရှိပြန်ပေ။

အဖေသည် ခိုင်းစရာရှိလျှင်သော်လည်းကောင်း၊ တိုင်ပင်စရာရှိလျှင်သော်လည်းကောင်း မတူးကိုသာ ခိုင်း၏။ တိုင်ပင်၏။ မျက်နှာလွှဲစရာ ရှိလျှင်လည်း မတူးကိုသာ လွှဲလေ၏။ ဆင်စရာရှိလျှင်တော့အဖေသည် မမမြနှင့် မတူးကို အတူတူဆင်လေသည်။

'ဆွယ်တာနှစ်ထည်ဝယ်လာတယ်ဟေ့၊ တစ်ယောက်တစ်ထည်ယူ'

မည်သူက မည်ဟာကိုယူ ဟူ၍တော့ အဖေ မပြောပေ။

'မြမြ ကြိုက်တာယူ'

'မတူး ကြိုက်တာယူ'

'ယူပါ၊ မြမြ ကြိုက်တာယူပါ'

'မတူးယူပါ'

မမမြနှင့် မတူးသည် ဤသို့ အငြင်းအခုံဖြစ်နေလျှင် အမေက ဖြေရှင်းပေး၏။

'မတူးက အသားဖြူတယ်၊ ခရမ်းရောင်လေးယူ၊ အမြက အသား ညိုတယ်၊ ပန်းရောင်လေးယူ'

ကျွန်တော်နှင့် အောင်အောင်ကတော့ တစ်ဘာသာစီဖြစ်၏။ အဖေ သည် ကျွန်တော့်ကို ကျွန်တော်ကြိုက်တာ လက်ညှိုးထိုးစေ၍ ဝယ်ပေးသည်။ အောင်အောင့်အတွက်မူ အဖေက ရွေးချယ်ဝယ်လာ၏။ သို့သော် ကျွန်တော့် ကို မုန့်ဖိုးကန့်သတ်ပေးသည်။ အောင်အောင့်ကို သင့်လျော်သလို သုံးစွဲ စေသည်။ အောင်အောင်ကလည်း အပိုဘာမျှမသုံး။ အဖေ စိတ်ချရအောင် နေပြသည်။

ကျွန်တော်ကတော့ မရ။ ကျွန်တော်သည် ငွေကို လက်ထဲရောက် လာလျှင် ကုန်အောင်သုံးပစ်ရမှ ကျေနပ်သည်။

ညောင်ဝိုင်းတွင် ကျွန်တော်အပေါင်းအသင်းသစ်များ တိုးလာသည်။ ခင်အောင်၊ ကျော်ဇော၊ သိန်းမြင့်တို့ဖြစ်၏။ ယခု ကျွန်တော်တို့နေထိုင်ရာ ရပ်ကွက်သည် ယခင် ပန်းလှိုင်ရပ်မှာလောက် ကုန်သည်ပွဲစား မပေါပေ။ သာမန် လက်လုပ်လက်စားများသာ များ၏။ ခင်အောင်၊ ကျော်ဇော၊ သိန်းမြင့်တို့သည် သာမန် အသင့်အတင့်သာသုံးနိုင်သော လူငယ်များ ဖြစ်သည်။ သို့သော် သူတို့သည် ခင်စိုးမောင်တို့၊ ကျွန်တော်တို့လို ရဲရင့် သွက်လက်၏။ လက်မြန်ခြေမြန်ရှိ၏။ ကျွန်တော်ကလည်း သူတို့နှင့် ပေါင်းရသည်ကို ပျော်သည်။ ဝေလင်းတို့၊ ဇော်ဇော်အောင်တို့လို ပျော့နွဲ့နွဲ့ ကောင်တွေနှင့် ကျွန်တော် မပေါင်းချင်ပေ။

ခင်စိုးမောင်သည်လည်း ကျွန်တော်နှင့် ကျောင်းချင်းအတူတူပင် ဖြစ်သဖြင့် ကျွန်တော့်ဆီ မကြာမကြာ လိုက်လာလေသည်။ ခင်အောင်တို့ အုပ်စုကလည်း ခင်စိုးမောင်ကို သဘောကျသည်။ ခင်စိုးမောင်က ကျွန်တော့် ထက် ပိုက်ဆံပိုသုံးနိုင်သူ။ သူ့မှာရှိလျှင် ရက်ရက်ရောရော ကျွေးတတ် မွေးတတ်သည်။

ကျွန်တော်တို့သည် ကျောင်းလွှတ်လျှင် သွန်းဘုရားကြီး၏ အနောက် ဘက် မုခ်တွင် ဆုံကြကာ ဝိုင်းဖွဲ့၍ စကားပြောကြသည်။ ဘာရယ်မဟုတ်။ ရောက်တတ်ရာရာ။ တစ်ခါတစ်ရံ စက်ဘီးဖြင့် ဟိုဘက်ကမ်းကိုကူးသွားကာ ရုပ်ရှင်ကြည့်ကြသည်။ ကျွန်တော်သည် ပေပေတေတေ နေရသည်ကို အလွန်ပျော်လေသည်။

အဖေသည် ကျွန်တော် လူကောင်ကြီးလာ၍ ယခင်ကလောက်တော့ မချုပ်ချယ်တော့ပေ။ သို့သော် ညနေမမှောင်မီ အိမ်ကို ပြန်ရသည်။ ကျွန်တော် မပြန်လျှင် အောင်အောင်က စက်ဘီးတစ်စီးဖြင့် လိုက်ရှာသည်။ အဖေ အိမ်မှာမရှိလျှင်တော့ ကျွန်တော် ပို၍ မှောင်မှ ပြန်လေသည်။

အိမ်တွင် ကျွန်တော့်တာဝန်မရှိ။ အဖေက ကျွန်တော့်ကို ဘာ တာဝန်မျှမပေး။ ထို့ကြောင့် ကျွန်တော်သည် သူငယ်ချင်းများနှင့် လည်ပတ် ရန် အချိန်ရ၏။ အဖေ့တွင် အဝေးပြေးကားတစ်စီးရှိသေးရာ ထိုကား ရောက်လာသည့်အခါတွင်တော့ ကားနားတွင်နေပြီး ကားပြင်သည်ကို ဝင်ရောက်ကူညီကာ ကျွန်တော်ပျော်သည်။ ကားသမားများက ကျွန်တော် ဝင်ကူသည်ကို လက်ခံကြသည်။ ကျွန်တော်သည် ကားသမားတွေက ကြမ်းတမ်းစွာဆဲရေးကြ၊ နောက်ပြောင်ကြသည်ကို သဘောကျလေသည်။

တစ်နေ့တွင် အဖေက ကျွန်တော့်ကို တာဝန်တစ်ခု မပေးစဖူး ပေးပါသည်။

'ဂျိုး၊ မင်း ဟိုဘက်ကမ်းကိုသွား၊ ရထားကုန်းဆင်းက ပွဲရုံမှာ ငရုတ်အိတ်တွေမှာထားတာရှိတယ်၊ ရောက်ပြီဆိုရင် နှစ်အိတ်ကို မြင်းလှည်းနဲ့ သယ်ခဲ့၊ ငွေကိုတော့အကြွေးပေးခဲ့'

အောင်အောင်သည် အခြားနေရာသွားနေ၍ ကျွန်တော့်ကို ခိုင်းခြင်းဖြစ်ပါသည်။ အဖေက ကျွန်တော့်ကို ငွေစက္ကူတွေပေးပြီး အိတ်ထဲသေသေချာချာထည့်ခိုင်းပါသည်။ ကျွန်တော်သည် စက်ဘီးကိုယူ၍ ထွက်ခဲ့ပါသည်။ ထွက်ခဲ့သည်ဆိုသော်လည်း အဖေခိုင်းသည့်နေရာသို့ မသွားနိုင်သေးပါ။ ကျွန်တော့် သူငယ်ချင်းများနှင့် ဆုံနေကျ သွန်းဘုရားဘက်သို့ အရင်သွားရပါသည်။ သူတို့ ကျွန်တော့်ကို စောင့်နေကြပါသည်။

'အဖေက ငါ့ကို ခိုင်းလိုက်လို့ကွ၊ ဟိုဘက်ကမ်းက ပွဲရုံကို သွားရမယ်၊ ခင်စိုးမောင် မင်းလိုက်ခဲ့ကွာ'

ခင်စိုးမောင်သည် သူ့စက်ဘီးဖြင့်ပင် လိုက်လာပါသည်။ ကျွန်တော်တို့ ပွဲရုံကိုရောက်တော့ အဖေမှာသည့် ငရုတ်အိတ်တွေက မရောက်သေးပါ။

'စောင့်ဦးကွ၊ လှေလဲမဆိုက်သေးဘူး'

'ဒီလိုဆို ကျွန်တော်တို့ ဟိုဘက်တစ်ပတ်သွားလိုက်ဦးမယ်'

'အေး အေး၊ သွား'

ကျွန်တော်တို့နှစ်ယောက် ရုပ်ရှင်ရုံတွေဘက်သို့ ဆက်ထွက်ခဲ့ပါသည်။

'ဟေ့၊ ငါတို့ မဟာစေတီဘက် သွားရအောင်ကွာ'

ခင်စိုးမောင်က ပြောသည်။

'သိပ်နောက်ကျနေမယ်ကွ'

'မကျပါဘူးကွာ၊ မင်းဟာက လှေတောင်မဆိုက်သေးဘူးပြောတာပဲ၊ လာပါ သွားရအောင်'

သို့ဖြင့် ကျွန်တော်တို့ မဟာစေတီဘက်ထွက်ခဲ့ကြသည်။ ရွှေသာလျောင်း ဘုရားကို ခေတ္တဝင်ဖူးကြသေးသည်။ မဟာစေတီကား တည်ဆဲဖြစ်၍ လူသူကင်းရှင်းလှ၏။ ထိုနေရာရောက်မှ ခင်စိုးမောင်၏ အကြံကို ရိပ်မိ၏။ ခင်စိုးမောင်က ထန်းတောသို့ ဦးဆောင်ခေါ်သွားသည်။

'ဟေ့ကောင်၊ မင်း ဘာလုပ်မလို့လဲ'

'ထန်းရည်နည်းနည်း ချမလို့ကွာ'

'ဟာ မလုပ်ပါနဲ့၊ ငါ့အဖေ ဆူလိမ့်မယ် ပြန်မယ်ကွာ၊ ငါ့ကို ဒီတစ်ခါပဲ ခိုင်းသေးတာ'

'ခဏလေးပါကွ မင်းကလဲ'

'မြန်မြန်လုပ်ကွာ'

'ရော့ မင်းလဲသောက်ဦး'

'ဟင့်အင်း၊ ငါမသောက်ချင်ဘူး'

'သောက်ကြည့်ပါကွ၊ မင်းကလဲ ချိုချိုလေးပါ'

ကျွန်တော်က နည်းနည်းမြည်းကြည့်ပါသည်။

'တော်ပြီကွာ ချဉ်တယ်'

ခင်စိုးမောင် ထန်းရည်သောက်သည်ကို စောင့်ပြီး ကျွန်တော်တို့ ပြန်လာခဲ့ကြ၏။ ပွဲရုံကို ရောက်သောအခါ အောင်အောင် ရောက်နေသည်ကို တွေ့ရသည်။ အောင်အောင်ကား ကျွန်တော့်ကို လိုက်ချောင်းခြင်းပေလားဟု ကျွန်တော် သံသယ ဖြစ်သွားလေသည်။

'မင်းတစ်ယောက်တည်းဖြစ်နေမှာစိုးလို့ ဦးလေးက လွှတ်လိုက်တာကွ၊ ရေတ်အိတ်တော့ မြင်းလှည်းနဲ့တင်ပေးလိုက်ပြီ၊ မင်းမှာ ငွေပါတယ် မဟုတ်လား ချေလိုက်'

ကျွန်တော်သည် အောင့်သက်သက်ဖြင့် ငွေထုတ်ပေးလိုက်ရပါသည်။ ငွေပေးပြီးသောအခါ အောင်အောင်က စက်ဘီးဖြင့် ရှေ့က ထွက်သွားလေသည်။

'တော်တော် လူပါးဝတဲ့ကောင်ကွ၊ အဖေက ငါ့ကိုခိုင်းတာကို သူက မျက်နှာလိုအားရ လိုက်လာရသေးတယ်'

ကျွန်တော်သည် မကျေမနပ်ဖြင့်ပင် ပြန်လာရသည်။ အောင်အောင် အိမ်ကိုရောက်နှင့်သဖြင့် အဖေ့ကို ဘာတွေ ပြောထားသည်တော့ မသိပါ။ ကျွန်တော် ရောက်သောအခါ အဖေ့မျက်နှာ တည်နေပါသည်။

'ငရုတ်အိတ်တွေမရောက်သေးလို့ မဟာစေတီဘက် ကျွန်တော်တို့ သွားသေးတယ် အဖေ'

အဖေကား လိမ်ညာမပြောရဟု မှာထားသည့်အတွက် ကျွန်တော်က ရှင်းပြလိုက်ပါသည်။

'မင်းကို သားတစ်ယောက်တည်းမို့ အားကိုးရမလားလို့ခိုင်းတာကွ'

ကျွန်တော် ဘာမျှမပြောပါ၊ အိမ်မှ ပြန်ထွက်ရန်ပြင်ပါသည်။

'ဒါက ဘယ်သွားဦးမလို့လဲ'

'ဟိုနားတင်ပါ'

'မင်း ဒီလိုပဲ ကြပ်ကြပ်သွားနေပါ၊ မင်း ဘာမှ အကူအညီမရဘူး၊ အလကားကောင်ပဲ'

ကျွန်တော် ဒေါသဖြစ်သွားပါသည်။

'အဖေ ဒီလိုမပြောပါနဲ့ဗျ၊ အဖေခိုင်းတာ ကျွန်တော်လုပ်တာပဲ'

'အမယ် မင်းက အဖေကိုတောင် ပြန်ပြောရသလား၊ မင်း ဘာလုပ်တာလဲ မသိရင်ခက်မယ်၊ မင်းကို ငါ မပြောချင်လို့ကြည့်နေတာ၊ မင်းအချိုးကို ပြင်ဦး'

ကျွန်တော်သည် စိတ်ဆိုးဆိုးဖြင့် စက်ဘီးကို ဆောင့်တွန်းပြီး အိမ်ပေါ်တက်ခဲ့ရလေသည်။ ကျွန်တော် အဖေ့ကို မကျေနပ်ပါ။ အောင်အောင့်ကိုလည်း မကျေနပ်ပါ။ ကျွန်တော့်တွင်အပြစ်ရှိပါလျက် ဘာ့ကြောင့်မကျေနပ်ဖြစ်ရသည်တော့ ကျွန်တော်မသိပါ။

*

'သမီး စာကြိုးစားနော်၊ ထွန်းထွန်းပေါက်ပေါက်ဖြစ်အောင်လုပ်ပါ သမီးရယ်၊ အမေ့မှာ သမီးကို အားကိုးနေရတာ'

'ဟုတ်ကဲ့'

'ညည်းအဖေက ရန်ကုန် ခဏ ခဏ ရောက်နေတာဆိုတော့ ငွေတွေဘာတွေကို စာတိုက်က မပို့ဘူး၊ သူကိုယ်တိုင်ပဲ လာပို့မယ်တဲ့၊ သမီး လောက်ငအောင်ကြည့်သုံးနော်'

'ဟုတ်ကဲ့'

မမမြ ရန်ကုန်တက္ကသိုလ်သွားရတော့မည်။ မမမြ ဆယ်တန်းအောင်သည့်အတွက် အဖေကရော အမေကပါ ဝမ်းမြောက်ဂုဏ်ယူကြပါသည်။ မမမြကို အဖေကပင် တက္ကသိုလ်သို့ လိုက်ပို့ပါသည်။ မမမြ တက္ကသိုလ်သွားတော့ အမေက မျက်ရည်တွင်တွင်ကျပါသည်။ အမေသည် မမမြကို အလွန် သံယောဇဉ်ကြီးလှပေ၏ဟု ကျွန်တော် တွေးမိလေသည်။

မမမြ အမေ့ကိုကန်တော့စဉ် အမေက တိုးတိုးတိတ်တိတ်မှာသံကို ကျွန်တော်က အမှတ်မထင်ကြားမိသည်။

'အမေကတော့ ရန်ကုန်ကို မလာတတ်လို့ ခဏ ခဏ မလာနိုင်ဘူး၊ လာစရာရှိ ညည်းအဖေပဲ လာလိမ့်မယ်၊ သူပြောတာနားထောင်၊ သူ့ခမျာ အဖေအရင်း မဟုတ်ဘူးသာဆိုပေမယ့် ညည်းကိုလိုလေသေးမရှိ ထားတာပါအေ၊ ခုလဲ ညည်းရောက်ချင်တဲ့ တက္ကသိုလ်ကို ပို့ပေးတယ်မဟုတ်လား၊ ဒီတော့ သူ့စကား နားထောင်ပါအေ'

ကျွန်တော်သည် အမေ့ မှာစကားကို မျက်ရည်သွယ်သွယ်ဖြင့် နားထောင်နေသည့် မမမြကိုကြည့်ကာ အံ့အားသင့်မိပါသည်။ တစ်ချိန်က မမမြက 'ကျွန်မက သမီးအရင်းမှ မဟုတ်ဘဲ'ဟု ပြောသည်ကိုလည်း ကြားယောင်မိပါ၏။ မမမြသည် အဖေ့သမီးမဟုတ်လျှင် မည်သူ့သမီးနည်း။

မမမြ မရှိသည့်နောက်ပိုင်းတွင် မတူးသည် အိမ်တွင်ပို၍ တွင်ကျယ်လာပါသည်။ အိမ်အလုပ်ကိုသာမက ဆိုင်ထိုင်သည့်အလုပ်တွင်ပါ ဝင်ရောက်လုပ်ကိုင်ရလေသည်။ အမေက ဈေးရောင်းရာတွင် လည်လည်ဝယ်ဝယ် မရှိသဖြင့် မမမြ ရှိစဉ်က မမမြက ဝင်ရောက်ကူညီရသည်။ မမမြ မရှိတော့ မတူးက ဝင်ကူသည်။ မတူးသည် အိမ်ရှေ့ကူးလိုက်၊ နောက်ဖေး

ကူးလိုက် အလုပ်ရှုပ်နေတတ်သည်။ အဖေမရှိသည့်အခါ အိမ်တွင် မတူးတို့ အောင်အောင်တို့ မောင်နှမမှာ ပို၍ပင် အလုပ်များနေကြလေတော့၏။ အဖေကလည်း သူတို့ မောင်နှမကို အလွန်ပင် အားကိုးလေသည်။

အဖေသည် ကျွန်တော့်ကို ချစ်သည်၊ အလိုလိုက်သည် မှန်သော်လည်း ယုံကြည်စိတ်ချခြင်း၊ အားကိုးခြင်းတော့ မရှိပေ။ ကျွန်တော်ကလည်း ယုံကြည်စိတ်ချလောက်အောင် မစွမ်းဆောင်နိုင်သေး။ ကျွန်တော်သည် ငယ်စဉ်ကပင် အဖေနှင့် အမေက ဖူးဖူးမှုတ် အရေးပေးခဲ့သဖြင့် ထိုသို့ အရေးပေး အလိုလိုက်မှုကိုသာ ခံယူတတ်ပြီး အခြားဘာကိုမျှ ကျွန်တော် ခံယူစရာမရှိတော့ပေ။ ကျွန်တော့်အတွက် အစစအရာရာ အဆင်သင့်ဖြစ်နေခြင်းဖြင့် နောက်ထပ်ဘာကိုမျှ ကြိုးပမ်းရန်မလိုတော့ဘဲ ဖြစ်နေသည်။

အဖေလိုချင်တာ တစ်ခုပဲရှိသည်။ ကျွန်တော့်ကို ပညာတော်စေဖို့။ ကျွန်တော်ကလည်း ပညာသင်ရခြင်းကို အလွန်ပျင်းလေ၏။

တစ်ခါ ကျွန်တော်နှင့် ခင်စိုးမောင်သည် ကျောင်းလစ်ဖူးသည် ရှိအောင် လစ်ကြည့်ကြသည်။ ထုံးစံအတိုင်း ကျွန်တော်တို့နှစ်ယောက်သည် မဟာစေတီဘက်သွားကာ ခင်စိုးမောင်က ထန်းရည်သောက်ပါသည်။ ကျွန်တော်လည်း အနည်းငယ်စိတ်ပါလာပြီဖြစ်၍ သောက်ကြည့်လေသည်။ ပြီးလျှင် ကျွန်တော်တို့ ရုပ်ရှင်ကြည့်ကြသည်။ ကျောင်းလွှတ်ချိန်မှ အိမ်ကို ဣန္ဒြေမပျက် ပြန်လာလေသည်။ ဤသည်ကို အောင်အောင်လည်း မရိပ်မိလိုက်ပါ။

ကျွန်တော်ကား တစ်ခါထွက်၍ လွယ်မှန်းသိသောအခါ နောက်တစ်ခါ ထွက်မိပြန်လေသည်။ ဤသို့ဖြင့် ကျွန်တော်တို့နှစ်ယောက်သည် မကြာခဏ ကျောင်းပြေးကြသည်။ ရုပ်ရှင်ကြည့်ကြသည်။ တစ်နေ့တော့ ကျွန်တော်တို့ စက်ဘီးနှင့် ရုပ်ရှင်ကြည့်ပြီး ပြန်အလာ ဘူတာမှဆင်းလာသော အဖေနှင့် ပက်ပင်းတိုးပါသည်။

'ဟဲ့ကောင် ဂျိုး၊ မင်း ဘယ်ကလာတာလဲ'

အဖေသည် သူ စီးလာသောဆိုက်ကားကို ရပ်ခိုင်းကာ ကျွန်တော့်ကို မေးလေသည်။

'ကျွန်တော်တို့ ရုပ်ရှင်သွားကြည့်တာပါ'

'ဩော် မင်းက ရုပ်ရှင်ကြည့်တယ်၊ ဟုတ်စ၊ ကောင်းကွာ၊ ကျောင်းလစ်ပြီး ရုပ်ရှင်ကြည့်တာပေါ့လေ'

အဖေက ထိုမျှသာပြောပြီး ဆိုက်ကားနှင့် သွားပါသည်။ ခင်စိုးမောင်လည်း ပခုံးတစ်ချက်တွန့်ပြီး သူ့အိမ်သို့ပြန်ပြေးလေတော့၏။ ကျွန်တော်သည် အဖေ့ ဆိုက်ကားနောက်က အေးအေးပင် လိုက်လာပါသည်။ အဖေ ကျွန်တော့်ကိုဆူမည်ကို ကျွန်တော်သိသည်။ အဖေ ကျွန်တော့်ကို ဆူရုံအပြင် ဘာမျှ လုပ်မည်မဟုတ်ပါ။

အဖေသည် မျက်နှာကြီးနီလျက် ကျွန်တော့်ကို စောင့်နေလေသည်။ ကျွန်တော်ရောက်ရောက်ခြင်း ဘာမပြောညာမပြောနှင့် တုတ်ကောက်ဆွဲပြီး ရိုက်လေတော့၏။

'မင်း တော်တော် အသုံးမကျတဲ့အကောင်၊ မိဘက ရှေ့မှာ နွားလိုရုန်းနေ၊ မင်းက ပညာကောင်းကောင်းမသင်ချင်ဘဲ အလေလိုက်နေတယ် ဟုတ်လား၊ မင်းတို့တွေ ကောင်းကောင်းနေရ စားရအောင် ငါ မနားမနေ အလုပ်လုပ်နေတာကွ၊ ဟင် တယ်မိုက်တဲ့ကောင်၊ အသုံးမကျတဲ့ကောင်၊ ကျောင်းပြေးပြီး ရုပ်ရှင်ကြည့်သတဲ့၊ ကြည့်ဦးကွာ၊ ကြည့်ဦးကွာ'

ကျွန်တော့်တစ်သက်လုံး ကြက်မွေးဖြင့် နှစ်ချက်သာရိုက်ဖူးသော အဖေသည် ကြိမ်လုံးဖြင့် ဆင့်ကာ ဆင့်ကာ ရိုက်ပါလေတော့၏။

'အို တော်ပါတော့၊ ရှင်ဟာလေ အလိုလိုက်တုန်းကတော့ အရမ်းလိုက်ပြီး ခုမှ သေအောင်ရိုက်မနေပါနဲ့၊ တော်ပါတော့'

အမေကရော မတူးကပါ အဖေ့ကို ဝိုင်းဆွဲပါသည်။

'ငါ့မှာ ပင်ပင်ပန်းပန်းအလုပ်လုပ်ပြီး ပြန်လာလို့ မောနေတာကွ၊ မင်းကိုမြင်ရတော့ ငါ အမောမပြေဘဲ ဒေါသဖြစ်ရတယ်'

'တော်ပါတော့ရှင်'

အဖေသည် ကျွန်တော့်ကို တစ်သက်တွင် သည်တစ်ခါသာ အနာကျင်ဆုံး ရိုက်ခြင်းဖြစ်ပါ၏။ ကျွန်တော် အဖေ့ကို စိတ်မဆိုးပါ။ သို့သော် မတူးတို့ အောင်အောင်တို့ရှေ့တွင် အရိုက်ခံရသဖြင့် အလွန်ပင် မကျေမနပ် ဖြစ်မိလေသည်။

*

ထိုနှစ်တွင် ကျွန်တော် ခုနစ်တန်းစာမေးပွဲကျလေသည်။ အောင်အောင်က ကိုးတန်းအောင်သော်လည်း ကျောင်းက ထွက်လိုက်ပြီး အဖေ့စီးပွားရေးကို လုံးဝ ဝင်ကူသည်။ အဖေက သူ့မှာ အသက်ကြီးပြီး ကျန်းမာရေးမကောင်း၍ အလုပ်ကို ယခင်ကလို ဖိဖိစီးစီး မလုပ်နိုင်တော့ဟု ဆိုပါသည်။

ကျွန်တော့်ကိုတော့ ခုနစ်တန်းအောင်အောင်ဆက်ဖြေပြီး အောင် အောင့်လိုပင် ကိုးတန်း ဆယ်တန်းလောက်အောင်ကာမှ စီးပွားရေးလုပ်ချင် လုပ်၊ သို့မဟုတ်ကလည်း တက္ကသိုလ် ဆက်တက်လိုက တက်ရန်ပြောလေ သည်။

ကျွန်တော်ကတော့ တက္ကသိုလ်တွေ ဘာတွေအထိသွားရန် လုံးဝ စိတ်မကူးမိပေ။ အဖေတို့ အောင်အောင်တို့လို စီးပွားရေးလုပ်ချင်သည်။ သို့မဟုတ် ကျွန်တော် ဝါသနာပါသော ကား။ ကားမောင်းချင်သည်။ ကျွန်တော် ကျောင်းတက်ရသည်ကို အလွန်ပျင်းလေသည်။ စာကျက်ရမှာပို၍ ပင် ပျင်းသေး၏။ အမေကတော့ ကျွန်တော့်ကို ကျောင်းသာနေစေ့ချင်သည်။

ကျွန်တော်က လူကြီးတွေ စီးပွားရှာတာ၊ ကျွန်တော်ယယ်စဉ်က အဖေ ငွေတွေလက်ဖျားသီးကာ ဖဲရိုက် အရက်သောက်တာကိုကြည့်ပြီး အလွန်အားကျသည်။ ခင်စိုးမောင်တို့လို လွတ်လွတ်လပ်လပ် သွားချင် လာချင်သည်။ သုံးချင်ဖွဲချင်သည်။ တကယ်တော့ ခင်စိုးမောင်သည်လည်း

မိဘက အလိုလိုက်၍ ပျက်စီးနေသော၊ ယခုအခါ ပြောမရ၍ လွှတ်ထားရသော သူဌေးသား တစ်ယောက်သာ ဖြစ်သည်ကို ကျွန်တော် နားမလည်ပေ။ သူ့ကို အားကျသည်သာ ရှိလေသည်။

စာမေးပွဲကျပြီး ကျောင်းပြန်တက်ရသည့် သူတစ်ယောက်အဖို့ စာအဟောင်းများကို ပြန်သင်ရတာလောက် ပျင်းစရာမရှိဟု ကျွန်တော် တွေးမိသည်။ စာတွေက သိပြီးသားချည်းလိုလို။ တကယ်တမ်းတွင် ကျွန်တော် ဘာမျှမသိ။ ခင်စိုးမောင်က အတန်းတက်သွားသဖြင့် အဖော်ကွဲသွားသည်။ သို့သော် ကျွန်တော်တို့နှစ်ယောက် အတွဲမပျက်။ ကျွန်တော်သည် ကျောင်းတက်ရမှာ ပျင်းတိုင်း ခင်စိုးမောင်ကို ကျောင်းပြေးဖို့ အဖော်ဆွယ်ရလေသည်။ ခင်စိုးမောင်ကလည်း နှစ်ခါမငြင်း။

ကျွန်တော်တို့နှစ်ယောက်သည် ဟိုဘက်ကမ်းသွားပြီး ရုပ်ရှင်ကြည့်သည့်အခါ ကြည့်သည်။ တစ်ခါတစ်ရံ ကိုးသိန်းကိုးသန်း ဘုရားဘက်သွားပြီး စမ်းချောင်းဘေးမှာ ထိုင်ကြသည်။ တစ်ခါတစ်ရံ ဟသ်ာကုန်းဘက်သွားသည်။ ခင်စိုးမောင်သည် ကျွန်တော့်ကို ထန်းရည်သောက်ရန် ဆွယ်၍ မရသောအခါ အရက်သောက်ရန် ဆွယ်လေသည်။

အရက်ကိုတော့ ကျွန်တော် မစိမ်းပေ။ အဖေက အိမ်တွင် ထမင်းစားကောင်းရန် သောက်လေ့ရှိသော အရက်ကို ကျွန်တော် မြည်းကြည့်ဖူးသည်။ ကျွန်တော် ကြိုက်၏။ အဖေက အရက်ကောင်းကောင်းကို သောက်တတ်သည်ကိုး။ သို့သော် ခင်စိုးမောင်က ချောင်းကမ်းပါးရှိ သူ့သူငယ်ချင်း တစ်ယောက်အိမ်တွင် တိုက်သောအရက်ကား ပြင်းလှ၏။ အရက်ဖြူ။ ကျွန်တော် ကြိုးစား၍သောက်ရသည်။ ပထမဆုံးနေ့တွင် ကျွန်တော် အိမ်မပြန်ရဲပေ။ နောက်မှ အဖေ ရန်ကုန်ထွက်သွားသည်ကို သတိရကာ ညဥ့်နက်မှ ကျွန်တော်ပြန်သည်။

ထိုစဉ်က ကျွန်တော်တို့ အရက်စသောက်သည့်အဖြစ်ကို ယခုအခါ ကျွန်တော် ပြန်တွေးကြည့်မိသည်။ လူငယ်တို့ဘာဝ လေ့လာစမ်းသပ်သည့်

သဘောမျှသာ ဖြစ်၏။ သို့သော် ကျွန်တော်တို့ စမ်းသပ်သည့်အရာသည် မကောင်းသည့်အရာ ဖြစ်နေသည်။ မကောင်းမှုဟူသည် စွဲလမ်းဖို့လွယ်ကူသည့် အဖြစ်ကို ကျွန်တော်တို့ မသိခဲ့။ ထိုအဖြစ်ကြောင့်ပင် ကျွန်တော့်ဘဝတွင် ထိခိုက်ဆုံးရှုံးမှုများဖြင့် အမြိရင်ဆိုင်ခဲ့ရလေသည်။ ယခုလို ကျွန်တော့် အသိဉာဏ် ရင့်သန်လာသည့်အခါတွင်ကား အချိန်တွေများစွာ ကုန်ဆုံးခဲ့ပြီ။ ငယ်ရွယ်နုပျို၍ တန်ဖိုးရှိသော ကာလများကို ကျွန်တော် ရင်းစားပြန်၍ မရနိုင်တော့ပေ။

ထိုနေ့က ကျွန်တော် မူးအောင်မသောက်ပါ။ သို့သော် ကျွန်တော့် ပါးစပ်က အနံ့ထွက်နေသည်။ ကျွန်တော် ပြန်ရောက်တော့ မတူးက တံခါး ဖွင့်ပေးသည်။

'ဒီလောက်တောင် ညဥ့်နက်အောင် လည်ရသလား ဂျိုးရယ်'

'ငါတို့ လမ်းထိပ်မှာ ထိုင်နေကြတာ'

ကျွန်တော်သည် ကားသမားများနှင့်ပေါင်းရင်း ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ နင်နှင့် ငါနှင့် ပြောတတ်သည့်အကျင့်ကို ရနေလေသည်။ အမေသည် အိပ်နေလေပြီ။ အောင်အောင်သည် စာရင်းများကိုတွက်နေရာမှ ကျွန်တော့်ကို လှည့်ကြည့်၏။ ကျွန်တော် မည်သူ့ကိုမျှ ဂရုမစိုက်ပေ။ သူတို့နှစ်ယောက်လုံးကို ဘုကြည့်ကြည့်ကာ အိပ်ရာထဲ တန်းဝင်ခဲ့လေသည်။ ကျွန်တော့်အကြည့်ကို သူတို့ နားလည်ပါလိမ့်မည်။ သည်အိမ်ဟာ ငါ့အိမ် ငါ့ကို ဘာမှပြောစရာမလိုဘူးဟူသည့် သဘော။

ကျွန်တော် အရက်သောက်လာသည့်သတင်းသည် နောက်နေ့မနက်တွင် အမေ့ဆီ ရောက်သွားလေသည်။

'ဂျိုး၊ မင်း ဘယ်လိုဖြစ်နေတာလဲ၊ မင်းအတွက်နဲ့ ငါ စိတ်ညစ်ပါဘိတော့ သားရယ်၊ မင်း ကျောင်းလဲ ကောင်းကောင်းမတက်ဘူးဆိုတာ ဆရာမနဲ့တွေ့လို့ သိခဲ့ရပြီ၊ ညကလဲ အရက်တွေ သောက်လာတယ်ဆို'

'ဘယ်သူက ပြောလဲ'

'ဘယ်သူကပြောတာ မပြောတာ မေးမနေနဲ့ ၊ မင်း သောက်လား မသောက်ဘူးလား'

ကျွန်တော်ဘာမျှ ပြန်မပြောပါ။ ကျွန်တော်သည် အမေ့ကိုချစ်သော်လည်း မကြောက်ပါ။ အမေသည် ကျွန်တော့်ကို တစ်ခါမျှ မရိုက်ဘူးချေ။ အမေရိုက်လျှင်လည်း အဖေက ကြိုက်မည်မဟုတ်။ အဖေသည် ကျွန်တော့်ကို အလွန်စိတ်ဆိုး၍ နှစ်ခါသာရိုက်ဖူးသော်လည်း သူများရိုက်လျှင် လုံးဝ မကြိုက်။ ကျွန်တော်သည် အမေ့ကို ညာ၍လည်း မပြောချင်သဖြင့် ဘာမျှမပြောဘဲ နေလိုက်သည်။ ညာပြော၍လည်း အကြောင်းထူးမည် မဟုတ်။ တိုင်တန်းထားသူက ရှိနှင့်ပြီ။

'မင်းအတွက် ငါ အတော်စိတ်ဆင်းရဲတယ် ဂျိုး၊ ငါ့မှာ နင်တို့ နှစ်ယောက်အတွက် ဘယ်လောက်သောကရောက်ရတယ်၊ ပူပန်ရတယ် ဆိုတာ နင်တို့ မသိဘူး၊ ဒီကြားထဲ နင်တို့ မလိမ်မာတော့ ခက်တယ်'

နင်တို့နှစ်ယောက် ဆိုသည်မှာ ကျွန်တော်နှင့် မမမြကို အမေ ဆိုလိုခြင်း ဖြစ်၏။ မမမြသည် အဖေနှင့်ရသောသမီး မဟုတ်သည်ကိုတော့ ကျွန်တော်ရိပ်မိ၍ နေပြီ။ အမေသည် မယားပါသမီးဖြစ်သူ မမမြအတွက် အဖေ ကြည်ဖြူသနားစေဖို့ လိမ်မာစေချင်ပေလိမ့်မည်။ ကျွန်တော့်အတွက် မူကား။

'အမေ့သမီးအတွက်သာ အမေပူပါ အမေရာ'

'ဟဲ့ ဘယ်လိုပြောလိုက်တာလဲ ဂျိုး၊ မိဘဆိုတာ သားသမီးအားလုံး အတွက် ပူရ ပင်ရတာပေါ့ဟဲ့'

အမေက ပျာပျာသလဲ ပြန်ပြောပါသည်။

'ကျွန်တော်က ယောကျ်ားလေးပဲ အမေရာ'

'ဟဲ့ ယောကျ်ားလေးလဲ ပူရတာပဲ၊ ထောင့်အပြင် တန်းမရှိဘူးဆိုပေမယ့် အဲဒီလို ဆိုးသွမ်းနေမှာ၊ ဆင်းရဲနေမှာ၊ ပင်ပန်းနေမှာ ပူရတာပေါ့၊ မင်းတို့ လိမ်မာရင် မင်းတို့အတွက်ချည်းနေမှာ၊ ခုတော့'

ကျွန်တော်သည် အမေ့ကို ဆတ်ခနဲ လှည့်ကြည့်လိုက်ပါသည်။ အမေ့မှာ မည်သို့သော စိုးရိမ်ချက်တွေ ရှိနေပြီနည်း။ ကျွန်တော်သည် အမေ့ အခန်းကဏ္ဍကို တွေးကြည့်မိ၏။ အိမ်ရှေ့ကိုသာမက အိမ်နောက်ကိုပါ အမေ မပိုင်တော့ပေ။ အမေ ဘာကိုဆိုလိုသနည်း။

ကျွန်တော်သည် နေရာမှ ဝုန်းခနဲ ထလိုက်သည်။

'ဒါက ဘယ်သွားဦးမလို့လဲ'

'ကျောင်းကို'

ကျွန်တော် စက်ဘီးကိုနင်းကာ ထွက်ခဲ့၏။ ကျောင်းတက်ရန် များစွာစောပါသေးသည်။ ကျွန်တော်သည် ခင်စိုးမောင်တို့အိမ်ဘက်သို့ စက်ဘီးကို အားကုန်နင်း၍ ထွက်ခဲ့ပါသည်။

*

'ဟေ့ကောင် ဂျိုး၊ မင်း ဖဲကစားတတ်လားကွ'

'တတ်တာပေါ့ကွ၊ ဘာ ခဲယဉ်းတာမှတ်လို့'

ကျွန်တော်တို့သည် ကောင်းမှုကိုသာ လွယ်လွယ်မတတ်လျှင် ရှိရမည်။ မကောင်းမှုကိုကား တတ်လွယ်ကြသည် မဟုတ်ပါလား။ ကျွန်တော်သည် ငယ်စဉ်က အဖေနှင့်လိုက်ပြီး ဖဲဝိုင်းတကာတွင်ဘေးမှ ထိုင်ကြည့်ကာ အဖေ့ပေါင်ပေါ်မှာ အိပ်ပျော်ခဲ့သူမဟုတ်ပါလား။ ယခုလည်း အဖေသည် အိမ်မှာ မကစားတော့သော်လည်း ရန်ကုန်သွားသည့်အခါ ကစားတတ်သည်။ အဖေ ကျွန်တော်တို့အတွက် အင်္ကျီစတွေ မုန့်တွေ များများဝယ်လာလျှင် ဖဲနိုင်လာပြီဟုသာ မှတ်ပေတော့။

'မင်း ဘာကစားတတ်လဲကွ'

'ဘူကြီး'

'တွမ်တီဝမ်း မကစားတတ်ဘူးလား'

'ဟင့်အင်း၊ မကစားတတ်ဘူး'

'လွယ်ပါတယ်ကွာ၊ ငါ သင်ပေးမယ်'

ခင်စိုးမောင်နှင့် ကျွန်တော်သည် ဘာမဆို နှံ့စပ်ချင် လုပ်ကြည့်ချင်သော ဝသီအတိုင်း ဖဲကစားကြည့်ကြပြန်ပါသည်။ ကျွန်တော် ကစားသည်က တစ်မတ် ငါးမူး။ ခင်စိုးမောင်သည် ကျွန်တော့်ထက် ငွေပိုသုံးနိုင်သည်ဖြစ်၍ သူကပါ ကျွန်တော့်အတွက် စိုက်ကစားပေးလေသည်။ နိုင်လျှင်တော့ တစ်ဝက်စီခွဲယူကြသည်။ ရှုံးလျှင်မူ သူ့ကို ပြန်ပေးစရာ ကျွန်တော့်တွင် ငွေမရှိ။

'မင်းကလဲကွာ သူဌေးသားလုပ်နေပြီးတော့ ငွေလေးဘာလေး မကိုင်နိုင်ဘူးလား၊ မင်း အဘိုးကြီးဆီက တောင်းပါလားကွ'

'ငါ့အဘိုးကြီးက မင်းတို့လောက် မချမ်းသာဘူးလေ၊ ပွဲရုံအသိမ်းခံလိုက်ရပြီးကတည်းက ရှိမှ မရှိတော့တာ'

ခင်စိုးမောင်၏ အဖေသည် ပဲ့ချိတ်စက်လှေများ ပိုင်ဆိုင်သူဖြစ်လေသည်။

'မရှိဘူးဆိုတာ အလကားပါကွာ၊ မင်းအစ်ကိုဝမ်းကွဲကျတော့လဲ ငွေအမြဲကိုင်နေတာပဲ'

'သူက အဖေ့ကို ကူညီနေတာကိုး'

'မင်းလဲ ကူလုပ်ပေါ့ကွ'

'အဖေက ငါ့မယုံဘူးကွာ၊ သူ့တူမှ သူ့တူ'

'အေးလေ သူကတော့ သွေးရင်းသားရင်းကိုး'

ခင်စိုးမောင်စကားကို ကျွန်တော် ကောင်းစွာ နားမလည်လိုက်ပါ။ သို့သော် ဖဲတွင် စိတ်ဝင်စားနေသဖြင့် အမှတ်တမဲ့ဖြစ်သွားပါသည်။ ထိုနေ့က ကျောင်းပိတ်ရက်ဖြစ်သည်။ ကျွန်တော်သည် ကျောင်းပိတ်ရက်တွင် အိမ်ကပ်လေ့မရှိပေ။ ခင်စိုးမောင်နှင့်အတူ ချောင်းကမ်းပါးမှ ခင်စိုးမောင်တို့ စက်လှေမောင်းသူ ကိုချမ်းမြ၏ တဲမှာ အမြဲဆုံကြသည်။ ကိုချမ်းမြက

ခင်စိုးမောင်ကို ကြောက်ရသူဖြစ်၍ အရက်ရှာပေးတတ်သည်။ ကျွန်တော်ကတော့အရက်ကို စွဲစွဲမြဲမြဲ မသောက်တတ်သေးပေ။ ခင်စိုးမောင်ကသာ လူကြီးဂိုက်ဖမ်း၍ သောက်တတ်ချင်ယောင် ဆောင်နေခြင်း ဖြစ်သည်။ တကယ်တော့ သူလည်း မသောက်တတ်သေး။

'အောင်အောင် ဆိုတဲ့ကောင်က ဘာလိုချင်လို့ ကပ်နေတာလဲ မသိပါဘူးကွာ၊ အဖေကလဲသူတို့မောင်နှမဆို သိပ်အရေးပေးတာ၊ ဒီကောင်က ငါ့လဲ သိပ်ကြည်တာ မဟုတ်ဘူးကွ'

'ဒါပေါ့၊ သူက မင်းကို ဘယ်လိုလားမလဲ၊ မင်းသာမရှိရင် သူတို့ အဖို့ အိုကေပဲ မဟုတ်လားကွ'

'ဟင်၊ ဒါနဲ့ မင်း စောစောက ဘာပြောတာလဲ'

'ဘာပြောလို့လဲ'

'အောင်အောင်က သူ့သွေးသားရင်းချာဆိုလား'

'အေးလေ၊ မင်းထက်စာရင် ရင်းတာပေါ့'

'ဘာပြောတယ်ကွ'

ခင်စိုးမောင်သည် ကျွန်တော့်ကို ကြောင်၍ကြည့်နေပါသည်။ ပြီးတော့မှ ကျွန်တော့်ပခုံးကိုပုတ်ကာ 'အလကားပါကွာ'ဟု နောက်သလို ပြောင်သလို ရယ်မောလိုက်လေသည်။ ကျွန်တော် တစ်ချက် တွေသွားပါသည်။

မမမြကို သတိရပါ၏။ မမမြသည် အဖေ့သမီး မဟုတ်လျှင် ကျွန်တော်ကကော။ ကျွန်တော်ကကော။ ကျွန်တော်ကကော။

'ဟော့ကောင် ငါ ပြန်ဦးမယ်ကွာ၊ ဒီနေ့ အဘိုးကြီးပြန်လာမှာ၊ သူ ပြန်လာရင် ကားပေါ်ကို ဂုန်နီအိတ်တွေ တင်ပေးစရာရှိတယ်ကွ၊ ဆိုင်မှာ အလုပ်များတိုင်း ငါမရှိလို့ အဘိုးကြီးက ငါ့ကို မကျေနပ်တာ ကြာပြီ'

'အေးလေ၊ ပြန်ချင်ပြန်ပေါ့၊ ဟော့၊ မင်းနိုင်ထားတာ ငါ့ပြန်ပေးခဲ့ဦး'

ကျွန်တော်သည် ကျပ်တန်အချို့နှင့် အကြွေအချို့ကို ခင်စိုးမောင်ဆီ ပစ်ပေးပြီး စက်ဘီးကိုနင်းကာ ပြန်လာခဲ့ပါသည်။ ကျွန်တော့်စိတ်များ ထွေပြားလျက်ရှိပါသည်။ ကျွန်တော့်ဘဝတွင် ကျွန်တော် မသိသေးသော အကြောင်းအရာများ ရှိနေသလား။

အိမ်တွင်တော့ ကျွန်တော်သည် လူဆိုး။

တစ်နည်းအားဖြင့် ကျွန်တော်သည် ကျွန်တော့်အဖေနှင့် အမေအပေါ် အလိုလိုက်မှန်းသိ၍ တမင်ဆိုးမှန်းမသိ ဆိုးနေမိခြင်းသာ ဖြစ်ပါသည်။ အဖေ ကျွန်တော့်ကို အလိုလိုက်တာ၊ ကျွန်တော့်ကိုထိလျှင် မခံတာ ကျွန်တော်သိသည်။ ထို့ကြောင့် ကျွန်တော် ဆိုးသည်။ ကျောင်းစာတွင် စိတ်မဝင်စားခြင်းသည်လည်း ကျွန်တော်၏ ဆိုးသွမ်းမှုတစ်ရပ်ဖြစ်သည်။ ကျောင်းစာသည် ကျွန်တော့်အတွက် အရေးမကြီးဟု ကျွန်တော်ထင်သည်။ ကျွန်တော့် အဖေလိုပင် ကုန်သည်ပွဲစား လုပ်စားနိုင်သည်။ သို့သော် အဖေသည် ကျွန်တော့်ကို အားမကိုး။ အဘယ်ကြောင့်နည်း။ ကျွန်တော် ဆိုးသောကြောင့်လား။ သို့မဟုတ် အခြားအကြောင်းကြောင့်လား။

ကျွန်တော်သည် ရောက်တတ်ရာရာတွေးရင်း ယခင်နေခဲ့သော ပန်းလှိုင်ရပ်သို့ လာခဲ့သည်။ အလွန်တစ်ရာ စပ်စုသော၊ စကားလည်း အလွန်များသော ဒေါ်တလုတ်မ၏ မုန့်ဟင်းခါးဆိုင်သို့ ဝင်သည်။ သို့သော် ဒေါ်တလုတ်မသည် မုန့်ဟင်းခါးမရောင်းတော့။ လက်ဖက်ရည်ဆိုင်ဖွင့်ထားသည်။

ကျွန်တော့်ကို တွေ့သောအခါ ဒေါ်တလုတ်မသည်

'ဟဲ့ ကိုစိန်မောင့်သားလေး နင် ဘယ်ကလာတာလဲ၊ နင့်အဖေ အမေတို့ကော နေကောင်းလား၊ မတွေ့တာကြာပြီ'ဟု နှုတ်ဆက် မေးမြန်းလေသည်။

ကျွန်တော်သည် လက်ဖက်ရည် ကော်ဖီ မကြိုက်သော်လည်း လက်ဖက်ရည်တစ်ခွက် မှာသောက်ရသည်။ လက်ဖက်ရည်တစ်ခွက်

ပြားသုံးဆယ်။ ဒေါ်တလုတ်မ၏ လက်ဖက်ရည်ဆိုင်သည် ကျွန်တော်တို့ ယခင်နေခဲ့သောလမ်း၏ လမ်းထိပ်လက်ဖက်ရည်ဆိုင်ဖြစ်လေရာ ကျွန်တော်နှင့် ငယ်စဉ်က ရန်ဖြစ်ခဲ့ကြသော ဝေလင်းတို့ ဇော်ဇော်အောင်တို့ကို တွေ့ရလေသည်။

'မတင်တစ်ယောက် နေကောင်းရဲ့လား'

ဒေါ်တလုတ်မက ထပ်ဆင့်မေးလိုက်ပြန်သည်။

'အမေ နေကောင်းပါတယ်'

ကျွန်တော်က ဖြေသည်။ ဝေလင်းတို့ ဇော်ဇော်အောင်တို့က ဘာကို သဘောကျသည်မသိ ရယ်မောနေကြသည်။ ဒေါ်တလုတ်မက ကျွန်တော့် နားသို့ လျှောက်လာသည်။

'တို့လမ်းထဲမှာ ကိုစိန်မောင်တို့ မရှိတော့ တအားလျော့တာပဲ၊ နင့်အဖေက ရပ်ရေးရွာရေးဆိုလဲ ရက်ရက်ရောရောထည့်တာ မဟုတ်လား၊ ကျန်တဲ့လူတွေကတော့ စီးပွားရေးအကြောင်းပြပြီး ဟုတ္တိပတ္တိ ထည့်ကြဝင်ကြတာ မဟုတ်ဘူး၊ တန်ဆောင်တိုင်လဲ မစည်ပါဘူးဟယ်၊ နင်တို့ ညောင်ဝိုင်းဘက်ကော စည်လား'

'စည်ပါတယ် ခင်ဗျ'

'အေး အေး၊ ဒါထက် ကိုစိန်မောင့် တူလေးတစ်ယောက်လဲ ဒီဘက် မကြာမကြာလာတာတွေ့တယ်၊ အမယ် သူက လုပ်တတ်ကိုင်တတ် ချက်ချက်ချာချာပဲ၊ စကားအပြောအဆိုလဲ မဆိုးဘူး၊ နင်ကမှ ဘုဂလန့်'

ကျွန်တော် ငြိမ်နေလိုက်ပါသည်။ သည်အဘွားကြီးသည် စကားကို တရစပ်ပြောတတ်သူ။ သူဆက်မည့်စကားကို ကျွန်တော် စောင့်နေသည်။

'ဘာပဲပြောပြော နင့်အဖေကများ နင့်ကို သိပ်အလိုလိုက်ရှာတာ၊ နင်ကလဲ ပညာကောင်းကောင်းသင်ပေါ့ ဟဲ့၊ ဒါနဲ့ နင့်အစ်မ မြမြကော'

'ကောလိပ်သွားတယ်'

'အေး အေး၊ နင်က ဘယ်နှစ်တန်းရောက်ပြီလဲ'

'ခုနစ်တန်း'

'ဟေ ခုနစ်တန်းပဲရှိသေးလား၊ နေဦးဟဲ့ ငါ ဟိုမှာ ပိုက်ဆံသွားအမ်းလိုက်ဦးမယ်'

ဒေါ်တလုတ်မသည် ခေတ္တထသွားပြီး တစ်ဖန် သူ၏ ဝတုတ်သော ခန္ဓာကိုယ်ကြီးကို သယ်ကာ ပြန်လာပါသည်။

ကျွန်တော်သည် ဒေါ်တလုတ်မ၏ ပေါက်တတ်ကရ စကားများကို ဆက်လက် နားထောင်လိုစိတ်မရှိတော့၍ နေရာမှထဖို့ ပြင်ရပါသည်။ ကျွန်တော် သိချင်တာကိုလည်း ဖွင့်မေး၍မဖြစ်၊ မမေးချင်။ ထိုစဉ် ဆိုင်ထဲသို့ လူကြီးတစ်ယောက် ဝင်လာပါသည်။ ကျွန်တော်တို့ လမ်းထဲမှ ဦးမြအေးဆိုသူ ဖြစ်၏။ သူကား တစ်ခါက ရပ်ကွက်လူကြီး ဆယ်အိမ်ခေါင်း။ ယခု ရလက။ သူသည် ကျွန်တော့်ကိုတွေ့လျှင် အားရဝမ်းသာ ဖက်လှဲတကင်း နှုတ်ဆက်သည်။ 'အေး အေး လိမ်လိမ်မာမာနေ' ဟုလည်း အလကားနေရင်း ဆုံးမတတ်သည်။ ယခုလည်း သူသည် ကျွန်တော့်ကို တွေ့တွေ့ချင်း 'ဟော့ကောင် ဂျိုး၊ ကြည့်စမ်း မင်းအရပ်ကြီးကလဲ မြင့်လိုက်တာကွာ ဟား ဟား၊ ခု မင်း ဘယ်နှစ်တန်းရောက်ပြီလဲ'ဟု ဝမ်းသာအားရ နှုတ်ဆက်လေသည်။ ကျွန်တော်က အလိုက်သင့်ပြန်ဖြေရင်း အသာပြန်ထိုင်လိုက်ရ၏။ ထိုစဉ် ဒေါ်တလုတ်မကြီး ပြန်ရောက်လာပါသည်။

'ကြည့်စမ်း ကိုမြအေး၊ ဒီကောင်လေးများ ကျုပ်တို့ မျက်စိရှေ့တွင် ကြီးလာတာနော်၊ ငယ်ငယ်ကနဲ့များ တခြားစီပဲ၊ သူ့တွေ့စများကလေ တကတည်း ဝဲတွေနဲ့'

ကျွန်တော် ဒေါ်တလုတ်မကို ဆတ်ခနဲ လှမ်းကြည့်ပါသည်။ ဦးမြအေးက မျက်စိမျက်နှာပျက်သွားသည်။ ဒေါ်တလုတ်မကိုလည်း မည်သို့ ဟန့်တားလိုက်သည်မသိ။ ဒေါ်တလုတ်မကြီး ပါးစပ်ပိတ်သွားပါသည်။

'မင်း ငယ်ငယ်က သိပ်ချူချာတာကွ'

ဦးမြအေးက လေပြည်ထိုးသည်။

'ဦးလေး'

ကျွန်တော်က ခေါ်လိုက်၏။

'ဟေ ဘာတုန်း'

'ဦးလေးက ဒီရပ်ကွက်မှာ နေတာကြာပြီနော်၊ ကျွန်တော်တို့ အကြောင်းကို ကောင်းကောင်းသိမှာပေါ့'

'ဟေ၊ အေး၊ သိတာပေါ့ကွ'

'ဦးစိန်မောင်ဟာ ကျွန်တော်တို့အဖေ အရင်းလား ဟင်'

'ဟဲ့ သောက်ပလုတ်တုတ်'

ဒေါ်တလုတ်မသည် တစ်ချက်ယောင်ရင်း လွတ်ကျသွားသော အကြွေများကို လိုက်ကောက်နေပါသည်။

'မင်းကလဲကွာ၊ အဖေကို ဘယ်လိုခေါ်လိုက်တာလဲ၊ ဘာပဲဖြစ်ဖြစ် အဖေဟာ အဖေပါပဲ၊ မင်းအဖေက မင်းကို သိပ်ချစ်ရှာတာ'

'ကျွန်တော် သိချင်လို့ပါ ဦးလေးရာ'

'ဂျိုးရာ၊ မင်းရဲ့အဖေဟာ အဖေအရင်းပါပဲ၊ မင်း ဘာမှ သံသယ မဖြစ်ပါနဲ့၊ သူများပြောတာကိုလဲ မယုံနဲ့ကွ၊ ပတ်ဝန်းကျင်ဆိုတာ လိုတဲ့သူ ရှိတယ် မလိုတဲ့သူရှိတယ်'

ကျွန်တော်သည် စိတ်ပျက်စွာဖြင့် ထပြန်လာရပါသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော် အနည်းငယ်တော့ ရိပ်မိပါသည်။ အဖေသည် ကျွန်တော်နှင့် မမမြတို့၏ ပထွေးသာ ဖြစ်ရမည်။

ကျွန်တော်ထွက်လာ၍ နောက်ဘက်မှ ရယ်သံကြား၍ လှည့်ကြည့်လိုက်သောအခါ ဝေလင်းတို့ ဇော်ဇော်အောင်တို့ကို သူတို့ဘာသာ စကားပြောလျက်ပင် တွေ့ရပါသည်။ ဒေါ်တလုတ်မသည်ကား ဦးမြအေးနား ကပ်ကာ တီးတိုးတီးတိုး လုပ်နေလေ၏။

ဘာတွေ ဖြစ်နေကြသနည်း။

# ၆

ကျွန်တော်သည် စာမေးပွဲနီးလာသဖြင့် အပြင်သို့ သိပ်မထွက်တော့ပါ။ စာကိုသာဖိပြီးကျက်နေပါသည်။ ယခုတစ်လော ကျွန်တော်သည် အပေါင်းအသင်းများနှင့်လည်း သိပ်ပြီး တွေ့ချင်စိတ် မရှိပေ။ ညနေကျောင်းလွှတ်လျှင် အိမ်သို့ပြန်လာပြီး ထမင်းစားပြီးမှ ခင်အောင်တို့ရှိရာ သွန်းဘုရားဘက် ခဏသွားသည်။ ပြီးလျှင် အိမ်ပြန်လာခဲ့သည်။ ကျွန်တော် ခြေငြိမ်နေသဖြင့် အဖေတို့ အမေတို့ ဝမ်းသာနေကြပါသည်။ အဖေသည် ကျွန်တော်နှင့် အောင်အောင်အတွက် လက်ပတ်နာရီတစ်လုံးစီ ဝယ်ပေးလေသည်။

နွေကျောင်းပိတ်ရက်တွင် အောင်အောင်သည် သူ့အဖေရှိရာ ဓေါသို့ ခေတ္တပြန်သွား၏။ မမမြလည်း အိမ်သို့ ပြန်ရောက်လာပါသည်။ မမမြနှင့် အမေသည် ခွဲခွာနေရစဉ်အတွင်း ဖြစ်ပျက်သမျှတို့ကို သားအမိနှစ်ယောက် တီးတိုး တီးတိုး ပြောနေကြ၏။ မမမြသည်အိမ်မှာနေလျှင် အခန်းထဲဝင်၍ စာဖတ်နေသည်ကသာ များသည်။ မမမြသည် စာအလွန်ကြိုးစား၏။

ကျွန်တော်ကား ကျောင်းပိတ်ရက်တွင် ပြန်၍ လည်ပတ်စပြုသည်။ သို့သော် ယခင်ကလို ဖဲတော့ သွားမရိုက်တော့ပေ။ ရုပ်ရှင်ကြည့်သည်ကသာ

များလေသည်။ အောင်အောင် မရှိသဖြင့် ဆိုင်အတွက် လိုအပ်သည်များကို သွားရောက်သယ်ယူပေးရသည်။ အဖေသည်လည်း ကျွန်တော့်ကို ဟိုဟိုဒီဒီ ခိုင်းစပြုလာ၏။

တစ်နေ့တွင် မမမြနှင့် မတူးသည် မည်သို့ ပြဿနာဖြစ်ကြသည် မသိ။ မမမြရော မတူးပါ ငိုနေသည်ကို တွေ့ရပါသည်။ ကျွန်တော်သည် အဖေခိုင်းသည့်နေရာမှ ပြန်လာပြီး စက်ဘီးကို အိမ်ရှေ့တွင်ထောင်ကာ အိမ်ပေါ်သို့တက်ခဲ့သည်။ အမေသည် မမမြကို ဆူပူနေသည်ကို တွေ့ရလေသည်။

'ကျွန်မတို့ မောင်နှမနှစ်ယောက်လုံး ဒီအိမ်မှာ ကျွန်လိုလုပ်ကျွေးနေကြတာပါ၊ အဲဒါကို ကျွန်မတို့ကို အကောင်းမမြင်တော့ ဘယ်တရားမလဲ၊ ကျွန်မတို့က ဦးလေးဆီက ဘာကိုမှ မမျှော်ကိုးပါဘူး'

မတူးသည် အမေ့ကို အသံကျယ်ကျယ်နှင့် ပြောနေလေသည်။

'ဟုတ်ပါတယ်၊ သိပါတယ်၊ ကျေးဇူးလဲတင်ပါတယ်၊ ဒီကရော ဘာပြောနေလို့လဲ၊ ဒါပေမယ့် တစ်ခါတလေတော့လဲ ကိုယ့်အိမ် ကိုယ့်သဘော လုပ်ချင်တာ မလုပ်ရတော့ဘူးလား၊ နေရာတကာ ဟိုဟာမလုပ်ရ၊ ဒီဟာမလုပ်ရ၊ ဟိုဟာမကိုင်ရ၊ ဒီဟာမကိုင်ရ'

မမမြကလည်း ပြန်ပြောသံကြားရ၏။

'လုပ်ပါ ကိုင်ပါ၊ ကိုယ့်အိမ်ကိုယ်လုပ်တာပဲ လုပ်ပါ၊ ကျွန်မတို့က ဘာမှ မဆိုင်ပါဘူး၊ ခုလဲ ဦးလေးက ဒီမနက် ငါးကိုကြော်ထားလိုက်၊ ခရမ်းချဉ်သီးထည့်ချက်တာ မကြိုက်ဘူးဆိုလို့ ပြောပြတာပါ၊ ကိစ္စမရှိပါဘူး၊ ဒေါ်ဒေါ်တို့ မြမြတို့ ကြိုက်သလိုစီမံပါ၊ ကျွန်မက အနေသာကြီး'

'ကဲပါ အမြရယ်၊ ညည်းကလဲ ညည်းပဲ၊ ညည်းအဖေအကြောင်းလဲ သိသားနဲ့၊ သူက သူပြောသလိုလုပ်မှ ကြိုက်တာ၊ ညည်းကိုလျှာရှည်တယ် သွား'

မိန်းမများ၏ မီးဖိုချောင်ကိစ္စ။ အဖေသည် ယခင်ကဆိုလျှင် အမေတို့ မမြတို့ ချက်ကျွေးသည့်အတိုင်း စားသည်။ ယခု မတူးရောက်လာမှ မတူးမှ မတူး။ မတူးချက်မှ သဘောကျသည်။ မတူးကလည်း မီးဖိုချောင်တွင် သူ့အကြိုက် သူ စီမံသည်။ အမေက အစားအသောက်ကြေးမများ။ မမြက ဟင်းကို အဖြူထည်ချက်လျှင် နှာခေါင်းရှုံ့သည်။ ချဉ်ချဉ်စပ်စပ်မှ။

အဖေပြန်လာသောအခါ အမေတို့ သုံးယောက်လုံး ဘာပြဿနာမှ ပြန်မပြောကြဘဲ ကိုယ့်နေရာကိုယ် အသီးသီးနေသည်။ မတူးက အိမ်ရှေ့ ဈေးထွက်ရောင်းသည်။ မမြက စိတ်ကောက်ပြီး အိမ်ပေါ်တက်နေသည်။ အမေက ဟင်းဝင်ချက်၏။ မိန်းမများကား ပြဿနာကို သိုသိပ်နိုင်၏ဟု ကျွန်တော် အထင်ကြီးသွားလေသည်။

သို့သော် ထိုပြဿနာက ထမင်းဝိုင်းတွင် ပြန်ပေါ်သည်။

'မတူး၊ ငါးကိုကြော်မယ်ဆို ဘာလို့ချက်ထားတာလဲ'

အဖေသည် ထမင်းကို တစ်ယောက်တည်းစားလေ့ရှိ၏။ အမေက ထမင်းခူးပေးသည်ကို အဖေက မမေးဘဲ အိမ်ရှေ့သို့လှမ်းကြည့်ကာ သူ့တူမကိုသာ မေးသည်။

'တစ်ခါတလေ ချက်စားတာကောင်းမလားလို့ ချက်လိုက်တယ်'

အမေက ဝင်ပြောလိုက်သည်။ အဖေသည် မတူး မျက်နှာညိုနေသည်ကို ရိပ်မိသွားသည်။

'မင်းတို့ကလဲကွာ၊ ကိုယ်မလုပ်နိုင်တာ သူများလုပ်ပေးပြန်တော့လဲ သဘောမကျဘူး၊ တယ်ခက်တာပဲ'

အဖေက အပြစ်တင်လိုက်လေသည်။

'အိုတော် ဒီလောက်တော့လဲ လုပ်နိုင်ပါသေးတယ်၊ ကျုပ်တို့မှာ ခြေမကျိုး လက်မကျိုးသေးပါဘူးတော့၊ တကတည်း အစကကော ဘယ်သူတွေက လုပ်ခဲ့လို့လဲ'

အမေကလည်း ခံစားချက်တွေ ပွင့်ထွက်လာလေသည်။

'ဟော့ အရင်ကနဲ့ ခုနဲ့ အခြေအနေက မတူတော့ဘူးကွ၊ အရင်က ကိုယ်လုပ်ချင်တိုင်း လုပ်လို့ဖြစ်တယ်၊ ခုဟာက အခက်အခဲ အမျိုးမျိုး ကြားထဲက လုပ်နေရတာ၊ မင်းတို့လိုပုံမျိုးတွေနဲ့ ဒီခေတ်ထဲမှာ ထမင်း ရှာစားဖို့များ ဟင်း ဝေးပါသေးတယ်'

ငါးဟင်းပြဿနာသည် စီးပွားရေးပြဿနာအဖြစ် ပြောင်းသွားလေ သည်။

'ဒီမှာ ကိုစိန်မောင်ရယ်၊ ရှင်နဲ့ကျုပ်ဟာ အရင်တစ်ပြားမှ မရှိဘဲ အတူတူဈေးရောင်းစားရင်း ကြီးပွားလာကြတာပါ'

'ဟော့ အခု အရင်ကနဲ့မတူတော့ဘူးလို့ ပြောနေတယ်မဟုတ်လား၊ မင်းက နုံချာချာ အတတ၊ မင်းရဲ့သမီးက ပျော့ညှက်ညှက်၊ သား တစ်ယောက်ရှိလို့ အားကိုးရမလား မှတ်ပါတယ်၊ ပေပေတေတေနဲ့ ဘယ်မှာ အားကိုးလောက်လို့လဲ'

ကျွန်တော်သည် ယခုအချိန်တွင် အရာရာကိုသတိထားပြီး စဉ်းစား တွေးခေါ်နေမိသည့် အားလျော်စွာ အဖေ့စကားကိုလည်း အဓိပ္ပာယ်ရှဲ့၍ တွေးနေမိပါပြီ။ ဟုတ်ပါပြီ။ အဖေသည် ကျွန်တော်တို့ သားအမိတစ်တွေ အပေါ် သူ၏ သွေးရင်းသားရင်း တူမများလောက် အားမကိုးသည်မှာ ထင်ရှားသည်။

ကျွန်တော်သည် အိမ်မှ စက်ဘီးဆွဲ၍ ထွက်ဖို့ပြင်၏။

'ဟော့ကောင် မင်း ဒါက ဘယ်သွားဦးမလို့လဲ'

အဖေက ကျွန်တော့်ကို လှမ်းအော်သည်။

'ကျွန်တော် လမ်းထိပ် ခဏသွားမလို့'

'အေး ကောင်းတယ် ကြပ်ကြပ်သွား၊ အလကား မင်းတို့တွေ တစ်ယောက်မှ သောက်သုံးကျတာ မဟုတ်ဘူး'

ကျွန်တော် ဘာမှ ပြန်မပြောတော့၊ စက်ဘီးကို သွက်သွက်နင်းကာ ထွက်ခဲ့၏။

ကျွန်တော်ဦးတည်ရာသည် ချောင်းကမ်းပါးမှ ကိုချမ်းမြ၏ တဲဆီသို့။

*

ကျွန်တော် စာမေးပွဲ မအောင်ပေ။

ကျွန်တော် ကျောင်းလည်း မနေချင်တော့။ ကျွန်တော်သည် တစ်နေရာတည်းတွင် အေးအေးဆေးဆေး နေချင်စိတ်မရှိ။ သွားနေလာနေရသည်ကို ကျွန်တော်ပျော်သည်။ ကျွန်တော်က ကျောင်းမနေတော့ဘဲ အဖေ၏ အဝေးပြေးကားနောက်တွင် လိုက်ခွင့်ရရန် အဖေ့ကို ပြောကြည့်ပါသည်။ အဖေက သဘောမတူပေ။ ကျွန်တော့်ကို အလွတ်ပညာသင်ကျောင်းတစ်ကျောင်းသို့ ပို့သည်။ စာမေးပွဲကိုသာ ဆက်ဖြေစေသည်။

ယခင်ကျောင်းတွင်ပင် ကျောင်းကောင်းကောင်းမတက်သော ကျွန်တော်သည် အလွတ်ပညာသင်ကျောင်းတွင် အဘယ်မှာလျှင် ကောင်းကောင်း တက်ချင်ပါမည်နည်း။ ခင်စိုးမောင်ဆိုသည့်ကောင်က ပေမယ့်သာ ပေသည်။ စာမေးပွဲကျတော့ အောင်လေ၏။ ပြီးတော့ ခင်စိုးမောင်သည် ထိုနှစ်မှာပင် ရည်းစားနှင့် တွဲလေသည်။ အာဂကောင်။ သည်ကောင် ဘယ်အချိန်က ရည်းစားထားလိုက်သည်လည်း ကျွန်တော်မသိ။ သူရည်းစားထားသည်ဆိုတော့မှ ကျွန်တော်လည်း ရည်းစားထားဖို့ သတိရလေသည်။ ကျွန်တော် ဘယ်သူ့ကို ကြိုက်ရမည်နည်း။ ဟုတ်ပြီ။ ကျွန်တော့်တွင် စိတ်ဝင်စားစရာတစ်ခု တိုးလာ၏။ ရည်းစားထားခြင်း။

ကျွန်တော်တို့လမ်းနှင့် တစ်လမ်းကျော်တွင် အသားဖြူဖြူ ပိန်ပိန် ကောင်မလေး တစ်ယောက်ရှိသည်။ သူ့နာမည်က မထွေးရီ။ သူ့အဖေ အမေများက ကျွန်တော်တို့ မိဘများလို ကုန်သည်ပွဲစားမဟုတ်။ သူ့အဖေက အစိုးရ ရုံးတစ်ရုံးမှာ လုပ်သည်။ သူ့အမေက ဈေးထဲတွင် လက်ဖက်ခြောက် ရောင်းသည်။ သူသည် ကျွန်တော်တို့နေခဲ့သည့် အမျိုးသားကျောင်းမှာ

ငါးတန်းအထိ နေခဲ့ဖူးပြီး ယခုအခါ အမှတ် ၂ ကျောင်းတွင် ပြောင်းနေလေသည်။

ကျွန်တော့်အသက်ကား ယခုမှ ဆယ့်ငါးနှစ်ပင်ရှိပါသေးသည်။ သို့သော် ကျွန်တော့်ထက် တစ်နှစ်သာကြီးသော ခင်စိုးမောင်၏ လူရည်လည်မှုကြောင့် ကျွန်တော်လည်း အလွန်လည်နေလေပြီ။

ရည်းစားထားတော့မည်ဆိုတော့ ပထမဆုံး ရည်းစားစာရေးဖို့ လိုသည်။ ကျွန်တော်သည် ရည်းစားစာရေးနည်းကို ခင်စိုးမောင်ကို မေးရ၏။

'ဒါများကွာ မင်းကလဲ ဆန်းသလား၊ ဒီလိုပဲ လျှောက်ရေးပေါ့'

ရေးတာကတော့ ဟုတ်ပါပြီ၊ မည်သို့ ပေးရမည်နည်း။ ကျွန်တော်သည် ရည်းစားစာ တစ်စောင်ကို ဖြစ်မြောက်အောင် ရေးကြည့်ကာ အိတ်ထဲတွင် အသင့်ထည့်ထားလိုက်သည်။ ပြီးတော့ ညနေကျလျှင် မထွေးရီ ကျောင်းမှပြန်လာမည့်အချိန်ကို လမ်းထိပ်ထွက်ကာ စောင့်ရ၏။ ကျွန်တော်နှင့် ခင်အောင်တို့လူသိုက် သုံးလေးရက် ဆက်စောင့်သောအခါ မထွေးရီသည် ကျွန်တော်တို့ရှေ့ရောက်လျှင် အလိုလိုခေါင်းလေးငုံ့သွားပါတော့သည်။ ထိုသို့ ခေါင်းလေးငုံ့သွားသည်ကို ဘာကြောင့်မှန်းမသိ ကျွန်တော် သဘောကျလေသည်။

'ဟေ့ကောင် မင်းဟာကလဲ ပေးမှာဖြင့်ပေးကွာ၊ ငါတို့စောင့်ရတာ လည်ပင်းရှည်တယ်'

ကြာတော့ ခင်အောင်တို့ လူသိုက်က စိတ်မရှည်သလို ပြောပါသည်။ သို့ဖြင့် ကျွန်တော်သည် တစ်နေ့တွင်အရဲစွန့်ကာ မထွေးရီပြန်လာသည့်လမ်းမှ ကျွန်တော် တစ်ယောက်တည်း သွားစောင့်နေပါသည်။ မထွေးရီသည် ကျောင်းမှ ဆိုက်ကားစီး၍ပြန်လာပြီး ဈေးတွင် ဆင်းလေ့ရှိသည်။ ဈေးတွင် သူ့အမေ၏ဆိုင်ကို ခေတ္တဝင်ပြီးမှ ခြေလျင်ဆက်လျှောက်လာခြင်း ဖြစ်လေ

သည်။ ကျွန်တော်က ဈေးအလွန်မှ စောင့်နေသည်။ သို့မှသာ လမ်းထိပ် မရောက်ခင် အချိန်များစွာရမည်။

မကြာမီ မထွေးရီ ဈေးထဲမှထွက်လာသည်ကို တွေ့ရလေ၏။ မထွေးရီသည် ကျွန်တော့်ကို တွေ့တွေ့ချင်း မျက်နှာရဲခနဲဖြစ်သွားပြီး မျက်လွှာချသွားလေသည်။ ကျွန်တော်လည်း ထူပူသွားကာ ဘာလုပ်ရမည် မသိ ဖြစ်သွားသည်။ ပြီးတော့မှ မထူးတော့ပါဘူးဟု တွေးတောကာ နောက်မှလိုက်ခဲ့၏။

'မထွေးရီ ဈေးက ပြန်လာသလား'

မထွေးရီက ခေါင်းညိတ်ပြသည်။

'မထွေးရီကို ပေးစရာရှိလို့ စိတ်မဆိုးနဲ့နော်'

မထွေးရီ မျက်နှာ နီသွားပြန်သည်။

'ဘာပေးမလို့လဲ'

မပွင့်တပွင့်ပြောလေသည်။ ကျွန်တော်သည် ရလာသည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ စာခေါက်လေးကို သူ့လွယ်အိတ်ထဲ ထည့်ပေးလိုက်လေသည်။ မထွေးရီသည် စိုက်စိုက် စိုက်စိုက်နှင့် လျှောက်သွားလေတော့၏။ အိုး သည်လိုတော့လည်း တယ်လွယ်ပါလား။ ကျွန်တော် လေချွန်လိုက်မိသည်။

နောက်နေ့တွင် မထွေးရီကို ကျွန်တော် ဆက်၍စောင့်နေရာ ကျွန်တော့်ကို စာလေးတစ်စောင် ပြန်ပေးသွားလေသည်။ နိပ်ဟ။

**အစ်ကိုဂျိုး**

ကျွန်မ ကျောင်းနေတုန်း၊ ပညာသင်နေတုန်းမို့ အချစ်ရေးကို စိတ်မဝင်စားသေးပါ။ အစ်ကိုလဲ ကျောင်းနေစေချင်ပါသည်။ အစ်ကို့ သူငယ်ချင်းတွေနဲ့ လျှောက်လည်ပြီး ကျောင်းမတက်ဘဲနေတာ ယောကျာ်းလေး တစ်ယောက်အနေနဲ့ မကောင်းပါ၊ အစ်ကိုဂျိုးကို

အင်မတန်ဆိုးသည်ဟု အများတကာက ပြောနေကြပါတယ်။ အစ်ကို ကျွန်မကိုလဲ ပညာသင်နေတုန်း မနှောင့်ယှက်ပါနဲ့နော်၊ သူငယ်ချင်း တစ်ယောက်လို ခင်ပါတယ်။

**မထွေးရီ**

ကောင်းကွာ။

ကျွန်တော်သည် စာကို လုံးချေ၍ လွှင့်ပစ်လိုက်ပါသည်။ ရည်းစား ထားချင်ပါသည် ဆိုကာမှ ဆုံးမညွှသူနှင့် လာတွေ့နေရသည်။ ခင်အောင်တို့ လူသိုက်ကတော့ စိတ်မပျက်ဖို့ ပြောသေး၏။

'မိန်းကလေးဆိုတာ မူတာပဲပေါ့ကွ၊ မင်းပေးတဲ့စာကို ယူသွားတယ်၊ စာပြန်တယ်ဆိုကတည်းက ကိုးဆယ်ရာခိုင်နှုန်းလောက် ကိုန်းသေနေပြီ၊ ဆက်သာလိုက်'

သို့သော် ကျွန်တော် စိတ်မရှည်ပေ။

ကျွန်တော်သည် ဘာကိုမျှ စိတ်ရှည်လက်ရှည် မလုပ်တတ်ပေ။ မထွေးရီကို ကျောင်းကပြန်လာတိုင်း လမ်းထိပ်မှ ကျွန်တော်စောင့်သော်လည်း စကား လိုက်မပေးတော့ပါ။ မထွေးရီသည် ကျွန်တော့်ကို မျက်လုံးအဝိုင်း သားဖြင့် ကြည့်ကြည့်သွားတတ်လေသည်။ ဤသည်ကိုပင် ကျွန်တော် ပျော်၏။ သို့သော် ကျွန်တော် မထွေးရီ ဆုံးမသည့်အတိုင်း ကျောင်းတော့ မတက်ဖြစ်ပါ။ အိမ်ကို ကျောင်းတက်သည်ဟုပြောပြီး ကြုံရာအပေါင်းအသင်း နှင့် လည်ပတ်နေသည်ကသာ များပါသည်။ အဖေသည် စီးပွားရေးက တစ်ဖက် ကျွန်တော့်ကိုလည်း ပြောမရသည်တွင် စိတ်ပျက်လက်လျှော့၍ နေလေတော့၏။ ကျွန်တော်ကလည်း အဖေသည် ကျွန်တော်တို့မောင်နှမကို မိန်းမဘက်မှပါလာ၍သာ မွေးထားရခြင်းဖြစ်သည်။ ငယ်စဉ်က ချစ်ခဲ့ အလိုလိုက်ခဲ့သည်မှန်သော်လည်း လက်တွေ့တွင်တော့ သူ့တူ တူမ များလောက် တွယ်တာခြင်းမရှိဟုသာ မှတ်ယူထားမိလေတော့သည်။

*

'ဂျို မင်းဟာ ပညာလဲ ကောင်းကောင်းမသင်ချင်၊ အလုပ်ကျတော့လဲ မင်းလုပ်သမျှဟာ ဘာမှ စေ့စပ်သေချာမှု မရှိဘူး၊ မင်းအမေက ခိုင်းကြည့် ဆိုလို့ ခိုင်းကြည့်လဲ စိတ်တိုင်းမကျပါဘူးကွာ၊ မင်း ပညာမသင်ချင်လဲ အလည်အပတ်လျှော့ပြီး စီးပွားရေးကိုကျွမ်းကျင်အောင် လေ့လာဖို့လိုတယ်'

အဖေက ကျွန်တော့်ကိုပြောသော စကားများ၊ ကျွန်တော်သည် အဖေပြောသမျှကို ကောင်းစွာ စိတ်မဝင်စားတော့ပါ။ အဖေသည် ကျွန်တော် လုပ်သမျှကို စိတ်တိုင်းမကျသည်မှာ အဆန်းမဟုတ်။ ကျွန်တော့်ရှေ့က အောင်အောင်က ရှိနေသည်မဟုတ်ပါလား။ နေရာတကာသူများနှင့် ချိန်ထိုး ခံရသည်ကို ကျွန်တော်မကြိုက်။ ကျွန်တော်သည် ပြိုင်ဘက်ကင်းစွာနေလို သည်။ ငယ်စဉ်က ဗိုလ်တကာ့ဗိုလ် နေခဲ့ရပြီး ယခုမှ ဒုတိယလိုက်နေရသည်။ ပြီးတော့ ကျွန်တော်သည် မယားပါသား။

'ရှေ့လျှောက် မင်းအချိုးကို နည်းနည်းတော့ပြင်ဦး၊ ဒီအတိုင်းဆို မလွယ်ဘူး၊ ကဲ ခု ဈေးပိုင်းက မောင်မြင့်တို့ဆိုင်က အရင်ကျန်တဲ့ ပဲအိတ်ဖိုးတွေ သွားတောင်းချေ'

အဖေသည် ကျွန်တော် ကျောင်းမတက်မှန်းသိသဖြင့် အိမ်မှ အလုပ်ကို ရှာဖွေခိုင်းခြင်းဖြစ်ပါသည်။ သို့သော် တကယ့် တကယ် ငွေရေးကြေးရေး ကြီးမားသောကိစ္စဆိုလျှင် အောင်အောင့်ကိုသာ ခိုင်းပါ သည်။ ကျွန်တော့်ကိုကား အနည်းငယ် ပေါ့ပါးသေးကွေးသော ကိစ္စများ ကိုသာ ခိုင်းခြင်းဖြစ်သည်။ ကျွန်တော်သည် ကျွန်တော့်ကို ငယ်သေး၍ သေသေချာချာ မခိုင်းသေးခြင်းဖြစ်သည်ဟု မတွေးပါ။ အောင်အောင်ကဲ့သို့ ယုံကြည်စိတ်ချခြင်းမရှိဟုသာ ထင်မှတ်ပါသည်။ ကျွန်တော်သည် အပေါင်း အသင်းကို ခင်တတ်သူပီပီ ဈေးတွင် ငွေဝင်တောင်းပြီး ခင်စိုးမောင်တို့ အိမ်ဘက် လှည့်ခဲ့ပါသည်။ ခင်စိုးမောင်သည် ကျွန်တော့်ထက် ပေသည် တေသည် မှန်သော်လည်း သူကား ကျောင်းမှမထွက်ရ။ သူ့မိဘက မနိုင်၍ လွှတ်ထားရသည်မှန်သော်လည်း သူသည် အိမ်တွင်အရေးပေးခံရဆဲ

ဖြစ်၏။ ခင်စိုးမောင်သည် နေရာတကာ လည်ပတ်ကျွမ်းကျင်သူဖြစ်ရာ သူ့အဖေနှင့်အတူ စက်လှေများကို စီစဉ်လုပ်ကိုင်ရာတွင် ပါဝင်ရလေသည်။ ကျွန်တော်သည်သာ အဆိုးသက်သက်ဖြင့် ဟိုမရောက် ဒီမရောက် ဖြစ်နေရလေ၏။

'ဟေ့ ဂျိုး၊ လာကွာ ငါလဲမင်းကိုမျှော်နေတာ၊ ဒီညနေ လှေထဲဆင်းပြီး ဝိုင်းမလို့ကွ'

'ငါ ကြာကြာနေလို့မဖြစ်ဘူး၊ အဘိုးကြီးက ငါ့ခိုင်းလိုက်တာ'

'မကြာပါဘူးကွာ'

ကျွန်တော်တို့နှစ်ယောက်သည် စက်ဘီးကိုတွန်းကာ ချောင်းကမ်းပါး တစ်လျှောက် လာခဲ့ကြ၏။ ခင်စိုးမောင်တို့တွင် စက်လှေငါးစီးရှိရာ အလှည့်ကျ ကူးသန်းသွားလာနေပါသည်။ ကျွန်တော်တို့သည် တစ်နေရာ အရောက်တွင် လှေဝမ်းထဲသို့ ဆင်းကြရ၏။ ထုံးစံအတိုင်း လှေစောင့် ကိုချမ်းမြသည် အရက်နှင့် ငါးကြော်ကို ထုတ်ပေးပါသည်။

'ဂျိုး လာကွာ၊ စား၊ဝ မင်းကြည့်ရတာကွာ ခုတလော တယ်ပြီး ငြိမ်တာပဲ၊ ဒါနဲ့ မင်းဆီ ပိုက်ဆံဘယ်လောက်ပါသလဲ'

'မပါဘူးကွ၊ ဈေးကအကြွေးတောင်းလာတဲ့ ငွေတစ်ရာ အဘိုးကြီးကို ပြန်ပေးရမယ်'

'ဒီလိုဆိုလာကွာ၊ တစ်လှည့်လောက် သွားအောရအောင်၊ ငါ့မှာ ငွေပြတ်နေတာနဲ့၊ ပြီးရင် မင်းငွေ ပြန်ရမှာပဲ'

'ဖြစ်ပါ့မလားကွာ'

'ဖြစ်ပါတယ်ကွ၊ ငါ ဘယ်တုန်းက ရှုံးဖူးလို့လဲ'

ကျွန်တော်တို့သည် လှေဝမ်းထဲမှ ပြန်တက်ခဲ့၏။ ပြီးတော့ တာရိုး တစ်လျှောက် လျှောက်ကာ ခင်စိုးမောင် ဦးဆောင်ရာ လိုက်ပါလာခဲ့မိပါသည်။ ခင်စိုးမောင် ခေါ်သွားသည့်နေရာကား ကျွန်တော်ပင် တစ်ခါမျှ မရောက်ဘူးသည့် အိမ်တစ်အိမ်ဖြစ်၍ ထိုအိမ်တွင် ဖဲဝိုင်း အကြီးအကျယ်

ဖြစ်နေလေသည်။ ခင်စိုးမောင်သည် ကျွန်တော့်ဆီမှ ငွေတစ်ရာနှင့် ဝင်ကစားလေတော့၏။ ဝိုင်းမှလူများသည် ခင်စိုးမောင်ကို သူဌေးသား လူပေလူတေလေးအဖြစ် သိထားရာ မည်သူကမျှ မဟန့်တားပေ။ ခင်စိုးမောင်၏ ပြဿနာပေါင်းများစွာကို သူ့အဖေက လိုက်ရှင်းသည်သာချည်း။

ကျွန်တော်သည် စိတ်ပျက်စွာဖြင့် သူ့နားတွင်ထိုင်၍ ကြည့်နေမိ၏။ ယခုတလော ကျွန်တော် စိတ်လက် မကြည်လင်လှပါ။ ကျွန်တော့်တွင် အတွေးတစ်ခုက အမြဲလို နှိပ်စက်ခြောက်လှန့်နေခဲ့ပြီ မဟုတ်ပါလား။ ကျွန်တော် အဖေရင်းမဟုတ်သည့် အဖေနှင့် နေရသည့်ကိစ္စ။ မည်သူ့ကိုမျှလည်း ကျွန်တော် ဖွင့်မပြောချင်ပေ။

ကြည့်ရင်း ကြည့်ရင်းမှာပင် ခင်စိုးမောင်လက်ထဲမှ ငွေတစ်ရာသည် တစ်စတစ်စ လျော့ပါးသွားလေသည်။

'ဟေ့ကောင်၊ ငါ ပြန်မှဖြစ်မယ်၊ ဒီငွေမှပါမသွားရင် အဘိုးကြီးက ငါ့ကိုဆဲမှာ၊ နဂိုကမှ ငါ့ကိုမယုံရတဲ့အထဲ'

သို့သော် ကျွန်တော် ငွေ ငါးဆယ်ကျော်သာ ပြန်ရပါတော့သည်။ မတတ်နိုင်။ ကျွန်တော် စိတ်ပျက်လက်ပျက်ဖြင့် အိမ်ပြန်လာခဲ့၏။ အိမ်ရောက်တော့ အဖေ့ကို မလိမ့်တစ်ပတ်နှင့် ငွေငါးဆယ်ပေးလိုက်ပါသည်။ သို့သော် နောက်တစ်နေ့တွင် ကျွန်တော့်အလိမ် ပေါ်လေပြီ။

'ဟင် ခွေးမသား၊ ဟိုက ငွေတစ်ရာပေးလိုက်တာ မင်းက ငါ့ကို ငွေငါးဆယ်ပဲ ပြန်ပေးတယ်၊ မအေပေး ခွေးမသား၊ မင်းဟာ ဆန်ကုန် မြေလေး၊ တစ်စက်မှ အသုံးကျတဲ့ကောင်မဟုတ်ဘူး'

အဖေသည် ကျွန်တော့်ကို မရိုက်တော့သော်လည်း ကြမ်းတမ်းစွာ ဆဲရေးပါသည်။ ကျွန်တော်ကလည်း ပြန်အော်ပါသည်။

'ကျွန်တော်ဘာမှ လုပ်တာမဟုတ်ဘူးဗျ၊ ခင်စိုးမောင် ဖဲရှုံးပစ်လို့'

'ဟင် မင်းက ဒီသူဌေးသား တေလေဂျပိုးတွေနဲ့ပေါင်းပြီး အတတ်ကောင်းတွေ တတ်နေတယ်ပေါ့၊ ခုမှ မင်းအသက် ဘယ်လောက်ရှိသေးလို့လဲ၊

တယ်တော်၊ ပညာတော့ ကောင်းကောင်းမသင်ချင်ဘူး ခွေးလိုနေချင်တဲ့ကောင်၊ အလကားကောင်၊ မွေးရကျိုးမနပ်တဲ့ကောင်'

အဖေပြောသမျှတွင် ကျွန်တော် အနာကျည်းဆုံးကား မွေးရကျိုးမနပ်သည့်ကောင်ဟူသည့် စကား။

'ဟုတ်ပါတယ်၊ အဖေက ကျွန်တော်တို့ကိုတော့ ဘယ်မွေးရကျိုးနပ်မလဲ၊ ကျွန်တော်တို့ကို မွေးချင်လို့ မွေးခဲ့တာမှ မဟုတ်တာ၊ အဖေ့တူတွေတူမတွေကတော့ မွေးရကျိုးနပ်မှာပေါ့လေ'

'အမယ် မင်းက လူပါး၀လို့၊ မင်းကို ငါက မွေးချင်လို့ မမွေးရအောင် မင်းကိုငါက ဘာဖြစ်လို့ မွေးရမှာလဲ ပြောစမ်းပါဦး'

ကျွန်တော် ဘာမှ ပြန်မပြောပါ။ အံကိုသာ ကြိတ်ထားပါသည်။ အမေသည် အဖေ့ကို မည်သို့ပြောလိုက်သည်တော့မသိ၊ အဖေ ငြိမ်သွားပါသည်။ ထိုညတွင် အမေက ကျွန်တော့်ကို တိုးတိုးမေးပါသည်။

'ဂျိုး သား၊ မင်းကို ဘယ်သူတွေက ဘာတွေပြောသလဲဟင်၊ အမေ့ကို ပြောစမ်း'

ကျွန်တော်က အမေ့ကို ကြည့်လိုက်၏။ အမေ့ မျက်လုံးတွင် စိုးရိမ်ပူပန်သော အသွင်ကို မြင်ရသည်။

'အမေ ကျွန်တော်တို့အဖေက ဘယ်သူလဲ'

'ဟဲ့ ဘာပြောတာလဲ ဂျိုးရယ်'

'ကျွန်တော်နဲ့ မမြဟာ'

အမေသည် ချက်ချင်းပင် မျက်နှာကို ပြုံးပြုံးရွှင်ရွှင် ဖြစ်အောင် ပြင်လိုက်ပါသည်။

'သြော် ဒါလား၊ အမြဟာ အမေ့ အမေ့၊ အ အမေ့အရင်ဆုံးသွားတဲ့ အိမ်ထောင်နဲ့ရတာမှန်ပါတယ် သားရယ်၊ ဒါပေမယ့် ငါ့သားဟာ ဟောဒီ မင်းအဖေနဲ့ အမေတို့ရဲ့ သားပါ၊ မင်းက ဒါကြောင့် တလွဲထင်နေတာကိုး၊ မင်းက အဖေ အမေတို့ရဲ့ သားအရင်းပါကွယ်'

ကျွန်တော် ဘာကိုယုံရမည်နည်း။

မမပြကု အမေ့ဘက်ကပါသောသမီး။ ကျွန်တော်က ကျွန်တော်က အဖေနဲ့အမေတို့ရဲ့သား၊ သားအရင်း။ ဟုတ်မှ ဟုတ်ပါလေစ။ ကျွန်တော့် ခေါင်းတွင် သံသယပေါင်းများစွာ ရှုပ်ထွေးလိမ်ယှက်၍ နေပါလေပြီ။

*

ကျွန်တော်သည် ကျွန်တော့်ဘဝ၏ ရှုပ်ထွေးသောအဖြစ်ကို ပထမဆုံး သတိပြုမိချိန်မှာ ကျွန်တော်သည် လူဆိုးလူပေလေးတစ်ယောက် ဖြစ်၍နေခဲ့ ပေပြီ။ ကျွန်တော် ငယ်ငယ်ရွယ်ရွယ်နှင့် ဆိုးသွမ်းမိုက်မဲမှုများသည် ကျွန်တော့် အဖေ၏ အလိုလိုက်မှုများကြောင့်ဟု ဆိုနိုင်သလို၊ ကျွန်တော် ကိုယ်တိုင်ကပင် ထိုသို့ဆိုးသွမ်းနေရသည်ကို နှစ်ခြိုက် ပျော်ပိုက်နေမိ ခြင်းကြောင့်ပင် ဖြစ်လေသည်။ ထိုအချိန်တွင် ကျွန်တော့်ဘဝကို ကျွန်တော် မကျေမနပ်ဖြစ်လာခြင်းသည် နဂိုက ကျွန်တော်၏ ဆိုးချင်သွမ်းချင်သော စိတ်ကို ပို၍ အထောက်အကူပြုသကဲ့သို့သာ ဖြစ်လာရလေတော့၏။

ကျွန်တော် ဘာကို မကျေနပ်သနည်း။ တကယ်တော့ကျွန်တော် ရေရေရာရာမသိ။ ဘာကို မကျေနပ်ရမှန်းမသိသော ဘဝကိုပင် မကျေနပ် ခြင်းသာ ဖြစ်လေ၏။

ကျောင်းလည်းမနေ၊ မိဘကလည်း ကျွန်တော့်ကို စိတ်မချသဖြင့် ဘာမျှ မည်မည်ရရ မခိုင်းသောအခါ ကျွန်တော့်စိတ်သည် ပို၍ပင် လွတ်လပ်ပြီး လွင့်ချင်တိုင်း လွင့်လေတော့၏။ ထိုအချိန်တွင် ကျွန်တော့်ကို ထိန်းချုပ်သော အကြောင်းလေးတစ်ခုတော့ ပေါ်လာပါသည်။ မထွေးရီ။

ကျွန်တော်သည် မိန်းကလေးတို့၏ မာယာ ပရိယာယ်ကို မသိပေ။ သိအောင်လေ့လာရန်လည်း စိတ်မရှည်လှပေ။ ကျွန်တော်သည် မထွေးရီကို ရလိုရငြားသဘောဖြင့် စာတစ်ခါလိုက်ပေးပြီးသည့်နောက် မရသောအခါ

ဆက်၍လည်း မကြိုးစားဘဲ နေလိုက်ပါသည်။ သို့သော် မထွေးရီက မနေ။

ကျွန်တော်သည် အဖေက ငွေရေးကြေးရေးမခိုင်းတော့ဘဲ ပစ္စည်း အသယ်အပို့ ကူလီအလုပ်ခိုင်းသဖြင့် ဈေးထဲသို့လိုသော ကုန်ပစ္စည်းများ သွားသွားပို့ရပါသည်။ အဖေသည် ယခင်ကလို ပွဲရုံကြီးနှင့် ဟီးနေအောင် မလုပ်နိုင်တော့သော်လည်း သူကျွမ်းကျင်သမျှ အသေးစား ပွဲစားအလုပ်ကို တော့ လုပ်ကိုင်ဆဲပင် ဖြစ်၏။ ပဲခူးမြို့ကလည်း အချက်အချာကောင်းပေရာ အစကတည်းက မိတ်ဆွေ အပေါင်းအသင်းရှိခဲ့သော အဖေ့အတွက် အလုပ် လုပ်ရသည်မှာ မခဲယဉ်းလှပေ။

ကျွန်တော်သည် ဈေးထဲတွင် ကုန်ပစ္စည်းများသွားပို့ရင်း မထွေးရီတို့ ဆိုင်ရှေ့မှ ဖြတ်သွားရ၏။ များသောအားဖြင့် မထွေးရီ ကျောင်းသွားနေတတ် သောကြောင့် မတွေ့ရ။ ညနေ ကျောင်းဆင်းချိန်တွင်မှ သူ့အမေ ဟိုဟို ဒီဒီ ထသွားနိုင်ရန် သူဆိုင်ထိုင်ပေးလေ့ရှိသည်။ တစ်ညနေ ကျွန်တော် ဈေးထဲရောက်ခိုက် မထွေးရီ ဆိုင်မှာထိုင်နေသည်ကို တွေ့ရလေသည်။ ကျွန်တော်က ဆိုင်ရှေ့ရောက်သောအခါ စက်ဘီးကိုရပ်ပြီး ဆင်းလိုက်ပါ သည်။

'အစ်ကို ပစ္စည်းတွေ လာပို့သလား'

မထွေးရီက နှုတ်ဆက်လေ၏။

'အေး၊ နင်တို့ဆိုင်ကကော လက်ဖက်ခြောက်တွေ ဘယ်က ယူသလဲ၊ ငါတို့ဆီက မယူဘူးလား၊ ငါလာပို့မယ်လေ'

ကျွန်တော်ကလည်း ကြုံတုန်းကြုံခိုက်ပြောလိုက်ပါသည်။ မထွေးရီက ခေါင်းငုံ့၍ ဖြေသည်။

'မယူနိုင်ပါဘူး အစ်ကိုရယ်၊ ကျွန်မတို့က လက်လီသမားတွေ ဆိုတော့ နည်းနည်းချင်းအကြွေးယူရတာ၊ အစ်ကိုတို့က အချီကြီးသမားတွေ နဲ့မှ ဆက်ဆံတာ'

'ရပါတယ်ဟ၊ နင်လိုချင်ရင် ငါ လာပို့ပေးမယ်'

'နေပါစေအစ်ကို၊ အရင်တစ်ခါ ကိုအောင်အောင်ကတော့ နည်းနည်း ချင်းမို့ မပို့နိုင်ဘူးပြောတာပဲ'

'သူ့ပြောမနေနဲ့၊ ငါ လုပ်ပေးပါမယ်'

သို့ဖြင့် ကျွန်တော်နှင့် မထွေးရီသည် ပြန်လည်နီးစပ်သွားပါသည်။ ထုံးစံအတိုင်း မကြာမီ ကျွန်တော်တို့သမီးရည်းစား ဖြစ်သွားကြလေသည်။

ကျွန်တော်သည် ရည်းစားထားခြင်းကို ကျွန်တော်တို့ လက်တည့် စမ်း၍ အရက်သောက် ဖဲရိုက်ကြည့်သလို လုပ်ကြည့်ခြင်းသာ ဖြစ်ပါသည်။ ထို့ထက်ပို၍ ထူးထူးခြားခြား ခံစားချက် ကျွန်တော့်မှာ မရှိ။ ထိုအကြောင်း ကို ကျွန်တော့်ဆရာကြီး ခင်စိုးမောင်သိသောအခါ 'မင်းတို့ချိန်းတွေ့ပါလား' ဟု အကြံပေးလေသည်။

'ဟာ ဘယ်နေရာ သွားချိန်းတွေ့ရမှာလဲကွ'

'လွယ်ပါတယ်ကွာ၊ ငါတို့ဆီခေါ်ခဲ့၊ ငါ့သူငယ်ချင်းအိမ်မှာ တွေ့ ပေးမယ်'

'မလုပ်ပါနဲ့ကွာ၊ ကောင်မလေးက ငါတို့လို မဟုတ်ဘူး၊ ဆင်းရဲ တယ်၊ သနားပါတယ်'

'အမယ် မင်းက သိတတ်နေလိုက်တာ၊ သူ့ကိုက်စားမှာမှ မဟုတ် တာ၊ စကားလေးဘာလေး ပြောရတာပေါ့ကွ၊ နောက်ပြီး'

'ဟေ့ကောင် တော်ပြီကွာ၊ ဒီပြင်ဟာသာ ငါ လုပ်ချင်လုပ်မယ် ဒါမျိုး မလုပ်ဘူး'

'အမယ် မင်းက ဘာပြောရသေးလို့လဲ၊ နောက်ပြီး တိုင်တိုင်ပင်ပင် ပြောကြ ဆိုကြရတာပေါ့လို့ ပြောတာပါ'

'ဟင့်အင်းကွာ၊ ငါမှာလဲ ဘာမှ တိုင်ပင်စရာမရှိပါဘူး၊ တကယ်တော့ ငါ့ဘဝက ဘာမှ ရေရာတာမဟုတ်ဘူးကွ၊ မင်းက ခုဆို အတန်းတွေ

ဘာတွေရလို့ ဆယ်တန်းတောင်ဖြေရတော့မယ်၊ ငါ့မှာသာ အလကား အသုံးမကျ ဖြစ်နေရတယ်၊ အဘိုးကြီးကလဲ မကြည်တော့ဘူးကွ'

ခင်စိုးမောင်သည် ကျွန်တော့်ကိုတွေ၍ ကြည့်နေပါသည်။ ပြီးတော့မှ ဘာကိုစဉ်းစားမိသည် မသိ။

'အေးလေ၊ မင်းအဘိုးကြီးကြည်အောင်တော့ နေပေါ့ကွာ၊ ငါကတော့ အရေးမကြီးဘူး၊ ဘာဖြစ်နေနေ ငါ့မိဘက ပစ်ထားမှာ မဟုတ်ဘူး'

ကျွန်တော်သည် ခင်စိုးမောင်၏ ပခုံးကို လှမ်းကိုင်လိုက်၏။

'ဟေ့ကောင် မင်း ဘာပြောတာလဲ၊ အရင်တစ်ခါလဲ မင်း ငါ့ကို တစ်ခုပြောဖူးတယ်၊ ငါ့အဖေက ငါ့ကို သွေးရင်းသားရင်း မဟုတ်လို့ ဘာဖြစ်တယ်ဆိုလဲ'

သူသည် ပျာပျာသလဲ ကျွန်တော့်လက်ကို ဆွဲဆုပ်လိုက်ပါသည်။

'ဟာ မဟုတ်ပါဘူးကွာ၊ ငါ စကားမှားသွားလို့ပါ'

'တကယ်တော့ ငါ့ အစ်မက ငါတို့အမေဘက်က ပါတာကွ၊ ငါက အဖေနဲ့ရတာ၊ တချို့က ဒါကိုမသိလို့ အဖေ့ကို ပထွေးလို့ ထင်နေကြတယ်နဲ့ တူတယ်'

ခင်စိုးမောင်သည် ကျွန်တော့်ကို မျက်လုံးပြူး၍ ကြည့်၏။ သူ့အကြည့်သည် အဓိပ္ပာယ်များစွာ ကျယ်ဝန်းလှသည်။

'အေးပါကွာ၊ ငါက ဘာပြောလို့လဲ၊ ဘာပဲဖြစ်ဖြစ် မင်းအဖေက မင်းကို ချစ်သားပဲ'

ခင်စိုးမောင်က ဖြေသိမ့်စကား ဆိုပြန်ပါသည်။

'မသိပါဘူးကွာ'

ကျွန်တော်သည် ကျွန်တော်ထင်ထားသောစကားကို ပြန်လျှောချလိုက်ရ၏။ တကယ်တော့ ကျွန်တော်သိချင်နေသော ကျွန်တော့်အကြောင်းကို မည်သူ့ကိုမျှ ပွင့်ပွင့်လင်းလင်း မမေးရဲပါ။ ကျွန်တော် သတ္တိနည်းခဲ့ချေသည်။

*

ကျွန်တော်က မထွေးရီကို မချိန်းရသော်လည်း မထွေးရီက ကျွန်တော့်ကို ချိန်းလာပါသည်။ အရေးကြီးသည့်စကားများ ပြောစရာရှိသည်တဲ့။ ထို့ကြောင့် ကျွန်တော်သည် သူကျောင်းဆင်းလာမည့်အချိန်ကို ကျောင်းရှေ့မှ သွားစောင့်နေရလေသည်။ မထွေးရီနှင့် ကျွန်တော်သည် ကျောင်းမှ ဆိုက်ကားမစီးဘဲ လူရှင်းသော ဆေးရုံရှေ့လမ်းကို ပတ်၍ လမ်းလျှောက်လာကြပါသည်။

'အိမ်က သိသွားပြီ အစ်ကို'

သူ့စကားက တိုတောင်းလှ၏။ သို့သော် ကျွန်တော်က အရေးကြီးလှသည်ဟု မထင်ပါ။

'သိတော့လဲ ဘာဖြစ်လဲဟာ'

'ထွေးရီကို ဆူတာပေါ့ အစ်ကိုရဲ့၊ ကျောင်းနေတုန်း ရည်းစားထားရမလားဆိုပြီး ရိုက်တယ်လေ၊ ပြီးတော့ အစ်ကို့ကိုလဲ'

'ငါ့ကို ဘာဖြစ်လဲ၊ ဆိုးတယ်ပေတယ်ဆိုပြီး သဘောမတူဘူးပေါ့'

မထွေးရီ ဘာမျှမပြော။

'ထွေးရီကို အစ်ကိုနဲ့ အဆက်ဖြတ်ချင်ဖြတ် မဖြတ်ရင် ကျောင်းဆက်မထားတော့ဘူးလို့ ပြောနေတယ်'

'အဆက်မဖြတ်ရအောင် တို့က ဘာလုပ်နေလို့လဲ၊ စာချင်း အဆက်အသွယ် လုပ်တာပဲ ရှိတာပဲ'

'အဲဒီစာတွေ တွေ့သွားလို့ပေါ့'

'ဒါဆိုလဲ စာလဲမရေးဘူးဟာ၊ ငါ နင့်ကို လမ်းထိပ်က ကြည့်ကြည့်နေမယ်၊ အဲဒါကို ကြည့်လို့ရမလားပြောပါဦး'

'အစ်ကိုကလဲ'

ကျွန်တော်ကတော့ သိပ်ပြီး လေးလေးနက်နက်မရှိလှပေ။ ကျွန်တော်တို့ ရည်းစားထားသည်ဆိုသော်လည်း ဘာမှ ကျူးလွန်တာမှ မဟုတ်ပါပဲ။ ကျွန်တော်က သူ့ကို ကြိုက်နေသည်။ သူက ကျွန်တော့်ကို ချစ်နေသည်။

သည်အဆင့်ပဲရှိ၏။ တစ်ခုတော့ရှိသည် ကျွန်တော့်မှာ အလုပ်အကိုင် အတည်အကျရှိလျှင်တော့ ထွေးရီကို ယူပေမည်။

'ငါလဲ အလုပ်ရှာနေတာပဲဟာ၊ ငါက ကားဝါသနာပါတော့ ကားမောင်းသင်ပြီး အဖေ့ကို ကားတစ်စီးထောင်ပေးဖို့ ပြောမယ်၊ နင်လဲ ကျောင်းတက်ပေါ့၊ နင် အခု ရှစ်တန်းမဟုတ်လား၊ ကိုးတန်း ဆယ်တန်း လောက်အောင်ရင် ယူကြတာပေါ့ဟာ'

မထွေးရီ မျက်နှာတွင် ရှက်သွေးဖြန်းသွားပါသည်။ ပြီးတော့ တစ်ဖန် ညှိုးငယ်သွားလေသည်။

'အဖေကပြောတယ်၊ အစ်ကိုနဲ့ဆိုရင် လုံးဝ သဘောမတူဘူးတဲ့၊ အစ်ကိုက ပေလဲ ပေတယ်၊ ဆိုးလဲ ဆိုးတယ်၊ ပြီးတော့ မွေးစားသားမို့တဲ့'

'ဘာ'

ကျွန်တော်သည် နေရာမှာ ရပ်တန့်ကာ မထွေးရီကို မျက်နှာချင်းဆိုင် ကြည့်ပြီး အော်လိုက်မိပါသည်။ ကျွန်တော့်အသားများ ဆတ်ဆတ်တုန်ကာ မထွေးရီ၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်မိလေသည်။

'ဟို ဟို၊ အစ်ကိုက ဦးစိန်မောင်ရဲ့မွေးစားသားဆို'

'မွေးစားသား ဟုတ်လား၊ တောက်'

မထွေးရီလည်း အသားများ ဆတ်ဆတ်တုန်လာပါသည်။

'အစ်ကို အစ်ကို၊ ထွေးရီကို စိတ်မဆိုးပါနဲ့၊ အဖေက ဘာပြောပြော ထွေးရီက အစ်ကို့ကို ချစ်ပါတယ်၊ အစ်ကိုသာ လိမ်လိမ်မာမာနဲ့ ကောင်း ကောင်းမွန်မွန်နေပါ၊ ထွေးရီလေ'

'တော်တော့ ထွေးရီ၊ ငါက မွေးစားသားဆိုတာ နင့်ကို ဘယ်သူပြော လဲ ဟင်'

'ဟင် အစ်ကိုမသိဘူးလား၊ ထွေးရီသိတာကြာလှပြီ အစ်ကိုရဲ့၊ အစ်ကိုတို့ ပြောင်းလာကြကတည်းက ဒီရပ်ကွက်ကလူတွေ ပြောနေကြတာ'

ကျွန်တော်သည် ရက်ခြင်း၊ ဒေါသဖြစ်ခြင်းဖြင့် မူးမိုက်သွားပါသည်။ မွေးစားသား၊ မွေးစားသား။ ကျွန်တော့်ခေါင်းထဲတွင် ဆူညံစွာ မြည်ဟီးနေပါသည်။ အစကတော့အဖေသည် ကျွန်တော့်အဖေမဟုတ်သော်မှ အမေသည် ကျွန်တော့် အမေ။ ထိုသို့ထင်ခဲ့သည်။ ယခုတော့ အဖေသည်လည်း ကျွန်တော့် အဖေမဟုတ်၊ အမေသည်လည်း ကျွန်တော့်အမေ မဟုတ်။ ကျွန်တော် ဘယ်သူ့သားနည်း။ ဘာကောင်နည်း။

'အစ်ကို အစ်ကို ထွေးရီပြန်တော့မယ်'

'ပြန် ပြန်'

ထွေးရီသည် သနားစဖွယ်ပင် ဆိုက်ကားတစ်စီးကို လက်တားကာ ပြန်သွားရှာပါသည်။ ကျွန်တော်တစ်ယောက်သာ ပူပြင်းသော ကတ္တရာလမ်းမပေါ်ဝယ် ကျန်ရစ်လေ၏။

ကျွန်တော် ဘာလုပ်ရမည်နည်း။ ကျွန်တော်ဘယ်သွားရမည်နည်း။ ယခုအချိန်တွင် ကျွန်တော်သည် အဖေမဲ့ အမေမဲ့ အထီးကျန် လမ်းပေါ်ကလူ ဖြစ်သွားပေပြီ။ အဖေသည် ကျွန်တော့်ကို စိတ်ပျက်ခဲ့သည်မှာ ကြာပြီ။ အဖေ့တွင် အလွန်အားကိုးလောက်သော တူ တူမများ ရှိနေသည်။ ခင်စိုးမောင် ပြောသလို သွေးရင်းသားရင်းများရှိနေသည်။ ကျွန်တော်သည် အဖေတို့ အမေတို့အတွက် အားမကိုးလောက်သောသူ၊ လူဆိုး။ ခင်စိုးမောင်က သူဘာဖြစ်နေနေ သူ့အဖေ ပစ်ထားမှာမဟုတ်ဟု ရဲရဲဝံ့ဝံ့ ဆိုခဲ့သည်။ ကျွန်တော့်ကိုကော ကျွန်တော်ဘာဖြစ်ဖြစ် ကျွန်တော့်အဖေသည် ပစ်မထားဘဲ နေပါမည်လား။

ကျွန်တော်သည် လမ်းပေါ်မှာ ဦးတည်ရာမဲ့ လျှောက်သွားနေမိလေသည်။

ကျွန်တော်၏ အမြော်အမြင်မဲ့သော အတွေးများသည် ကျွန်တော့်ကို များစွာ ပြောင်းလဲစေခဲ့ပေသည်။

## ၇

'မင်း အဖေ အမေ သိရတော့ ဘာလုပ်မှာလဲကွာ၊ အခုလဲ မင်း ကောင်းကောင်းမွန်မွန် နေနေရသားပဲ'

'ဘာပဲဖြစ်ဖြစ် ငါသိချင်တယ် ခင်စိုးမောင်၊ ငါ့အဖေရင်း၊ အမေရင်းကို ငါ သိချင်တယ်၊ တွေ့ချင်တယ်၊ မင်းသိရင် ပြောပြစမ်းပါကွာ'

'တို့လဲမသိပါဘူးကွာ၊ ဟိုလူပြော ဒီလူပြောနဲ့မို့ မွေးစားသားမှန်း သိတာပါ၊ လူဆိုတာလဲ ဘာရယ်မဟုတ်ဘူးကွ၊ သူများအကြောင်း ပြောချင်တာပဲရှိတာ ဘာရယ် ညာရယ် သေသေချာချာသိလို့ မဟုတ်ပါဘူး၊ တစ်ခုတော့ရှိတယ်၊ မင်းတို့ အရင်နေခဲ့တဲ့ လမ်းထဲက လူတွေတော့ သိမှာပေါ့'

'ငါ မေးရမှာရှက်တယ်ကွ'

'ဒါဖြင့်လဲ မမေးနဲ့တော့ပေါ့ကွာ'

'သိတော့ သိချင်တယ်ကွ'

ကျွန်တော်မနေ့က အိမ်မပြန်ပါ။ မထွေးရီနှင့် လမ်းခွဲပြီး ကျွန်တော် ခြေဦးတည့်ရာ လျှောက်သွားနေမိလေသည်။ နောက်ဆုံးတော့ ထုံးစံအတိုင်း

ခင်စိုးမောင်ဆီသာ ရောက်ခဲ့သည်။ ကျွန်တော် ညက ခင်စိုးမောင်နှင့်အတူ ကိုချမ်းမြ၏ တဲတွင် အိပ်လေသည်။ ယနေ့လည်း ခင်စိုးမောင်ကျောင်းပိတ်သဖြင့် ကျွန်တော်တို့နှစ်ယောက် စက်လှေဝမ်းထဲဆင်း၍ ထိုင်နေကြသည်။ ပဲခူးမြစ်ကား တသွင်သွင်စီးဆင်းလျက်ရှိပါသည်။ ပဲခူးမှပြန်၍ မြစ်ရိုးတစ်လျှောက် ကူးသန်းသွားလာသူ ဈေးသည်တွေရှိသည်။ ကျွန်တော်တို့ကား လှေဝမ်းထဲတွင် တငြိမ့်ငြိမ့် တလှုပ်လှုပ်ထိုင်ရင်း ကိုချမ်းမြချပေးသော အရက်နှင့် ပဲလှော်ကို မြည်းနေကြပါသည်။ ကျွန်တော်သည် ယခုအခါ ပထမဆုံးအကြိမ် အရက်ကို သေသေချာချာ သောက်ကြည့်ပါသည်။ ခင်စိုးမောင်က ကျွန်တော့်ထက်ပို၍ သောက်နိုင်လေသည်။ သူက ကျွန်တော့်ထက် လက်နှစ်လုံးခန့်ပိုသောက်သည်။

'မင်း အဖေ အမေ သိရရင် မင်းက လိုက်ရှာမလို့လား'

ကျွန်တော် တွေဝေသွားပါသည်။ အကယ်၍ ကျွန်တော့်အဖေ အမေကို ဘယ်မှာနေသည်သိရလျှင် ကျွန်တော် ဘာလုပ်ရမည်နည်း။ ကျွန်တော် လိုက်ရှာမည်လော။ အဖေ အမေသည် ကျွန်တော့်ကို မမွေးနိုင်၍ သို့မဟုတ် မမွေးချင်၍ သူတစ်ပါးကို ပေးခဲ့ချေပြီ။

'လိုက်ရှာတာ မရှာတာက နောက်မှကွာ၊ လောလောဆယ် ငါ့ အဖေ အမေကို ငါ သိချင်တာပဲ'

အရက်သည် ကျွန်တော့်အတွက် စူးရှလွန်းပါသည်။ သို့သော် ကျွန်တော်သည် ဘာအတွက်မှန်းမသိဘဲ ကြိတ်မှိတ်သောက်နေလိုက်ပါသည်။ ကျွန်တော်မသိရသည့် အဖေ အမေတို့အတွက်လား။ မထွေးရီကြောင့်လား၊ ဆုံးရှုံးကျဆင်းနေသော ကျွန်တော့်အခြေအနေကြောင့်လား။ အကြောင်းပြချက်ကား မည်မည်ရရမရှိ။

ထိုအချိန်တွင် ခင်စိုးမောင်၏ ညီငယ်လေး ရောက်လာပါသည်။

'အစ်ကို အစ်ကို့သူငယ်ချင်းအိမ်က လိုက်လာတယ်'

ခင်စိုးမောင် ညီက လာပြော၏။ ကျွန်တော်သည် ငေါက်ခနဲ ထ ရပ်လိုက်ပါသည်။

'ငါ မတွေ့ချင်ဘူး ခင်စိုးမောင်'

ခင်စိုးမောင်က လက်ကာပြကာ အပေါ်သို့ တက်သွားလေသည်။ ခဏနေတော့ ပြန်ဆင်းလာသည်။

'မင်း အမေကွ'

အမေဆိုပါလား။ ကျွန်တော့် အမေမဟုတ်သော အမေ။ ကျွန်တော့်ကို မွေးခဲ့ခြင်းမဟုတ်သော အမေ။ သို့သော် အမေသည် အမေသာဖြစ်၏။ အမေသည် လင်ကိုသော်လည်းကောင်း၊ သားသမီးကိုသော်လည်းကောင်း၊ တူ တူမများကိုသော်လည်းကောင်း၊ အနိုင်မယူဝံ့သော အမေ။ ကျွန်တော် အမေ့ကိုတော့ တွေ့လိုပါသည်။

ကျွန်တော့်ကို မြင်လေတော့ အမေ ငိုသည်။ ကျွန်တော် စိတ်မကောင်းပါ။ ကျွန်တော် ဝမ်းနည်းလှပါသည်။ ဟန်ဆောင်ကောင်းခဲ့သော အမေ။ 'ငါ့သားဟာ ဟောဒီ မင်း အမေ အဖေ တို့ရဲ့သား အရင်းပါ'ဟု ရင်ဘတ်ပုတ်ကာ ပြောခဲ့သောအမေ။

'ဂျိုးရယ်၊ မင်း ဒုက္ခပေးလှချည်လား၊ အိမ်ကို ဘာလို့ ပြန်မအိပ်တာလဲဟင်၊ ခု အရက်တွေ သောက်ထားတယ်၊ အမလေး ဒုက္ခပါပဲ၊ မိုက်လုံးကြီးလှချည်လား'

ကျွန်တော် အမေ့ကို ဘာမျှမပြောချင်ပါ။

'အမေ ပြန်ပါတော့'

'ဟင် မင်းက၊ မင်းက အမေ့ကို ပြန်လွှတ်နေတယ်၊ မင်းမလိုက်ဘူးလား၊ အိမ်မှာ မင့်အဖေ မိုးမီးလောင်နေပြီကွယ့်၊ သူ့မှာ အရွယ်ကလဲ ထောက်လာပြီ၊ စီးပွားရေးကလဲ တစ်ဖက်နဲ့ မင်းအတွက် ဘယ်လောက် သောကများရသလဲ'

အဖေသည် အမေ့ထက် အသက်ဆယ်နှစ်ခန့်ကြီးပါသည်။ ယခုအခါ အဖေ့အသက် ငါးဆယ်ကျော်ပြီ။

'ကဲပါ၊ မင်း အခု ပြန်လိုက်ခဲ့'

'ကျွန်တော် နောက်မှ လိုက်လာခဲ့ပါ့မယ်'

'ဘယ်တော့လဲဟင်၊ လာ အခုလိုက်ခဲ့ပါ'

အမေသည် ကျွန်တော့်ကို မာမာလည်း မချော့ဝံ့၊ ချော့ရမှာလည်း စိတ်ရှည်တော့ဟန် မတူပေ။

'လာခဲ့ပါမယ်ဆို အမေရာ၊ တော်ကြာလာခဲ့မယ်'

အမေသည် သက်ပြင်းကို လေးတွဲ့စွာချရင်း ပြန်သွားရှာပါသည်။ နေပူကျဲကျဲတွင် ချောင်းကမ်းပါးတစ်လျှောက် လျှောက်၍ပြန်သွားသော အမေ့ကိုကြည့်ကာ ကျွန်တော် ရပ်နေမိပါသည်။

*

'ဟော့ ငါဆိုတဲ့ကောင်က ဘယ်သူ့မှ ဂရုစိုက်စရာမလိုဘူးကွ၊ လောကမှာ တစ်ကောင်တည်း နေတဲ့ကောင်၊ ဘယ်သူ့မှလဲ ငဲ့စရာမလိုဘူး၊ သတ္တိတော့ လာမစမ်းနဲ့၊ သေရဲတယ်ကွ'

ကျွန်တော်။

ကျွန်တော်သည် မိမိကိုယ်ကို တစ်ကိုယ်ရေသမားဟု သတ်မှတ်လာ၏။ မည်သူကမျှ မသတ်မှတ်လျှင်လည်း မိမိဘာသာ သတ်မှတ်ခြင်းဖြစ်၏။ ကျွန်တော်၏စိတ်က ထိုသို့ စွဲမြဲယူဆနေခြင်းကပင်လျှင် ကျွန်တော့်ဘဝကို ဒုက္ခအဖုံဖုံဖြင့် တွေ့ကြုံရင်ဆိုင်ခဲ့စေခြင်းဖြစ်တော့၏။ သို့သော် ထိုအချိန်ကတော့ ကျွန်တော်သည် အမှားအမှန်ကို ဝေဖန်စဉ်းစားနေရန် အားမထုတ်မိ။ ကျွန်တော်သည် ကျွန်တော့်ကိုယ်ကျွန်တော် တစ်ကိုယ်ရေသမားဟု အမည်တပ်ရခြင်းကို ကျေနပ်လေသည်။

'မင်းတို့ကောင်တွေ အားလုံး လက်ရှောင်ကြ'

ကျွန်တော် ဖဲကို ကောင်းကောင်းကစားတတ်နေပါပြီ။ ကျွန်တော်သည် အိမ်ပြန်သွားသော်လည်း အချိန်တန်လျှင်တော့ အပြင်ထွက်လည်မြဲဖြစ်လေသည်။ ကျွန်တော့်အဖေ၊ ကျွန်တော့်ကို ဆုံးမရန် ကြိုးစားသော်လည်း ကျွန်တော် မနာခံတော့။ ကျွန်တော် မည်သူ့စကားကိုမျှလည်း နာခံချင်စိတ်မရှိ။ လူပေ လူတေ ဘဝကိုသာ ခံယူကာ ကျွန်တော်ထင်ရာ ကျွန်တော်လွှင့်လိုစိတ်ရှိသည်။ ကျွန်တော်သည် အိမ်မှ ရသမျှပိုက်ဆံကို ဖဲဝိုင်းတွင် ဖြုန်းလေသည်။ မရလျှင်လည်း လစ်သည့်နေရာမှ နှိုက်လာလေသည်။ အောင်အောင်နှင့် မတူးကလည်း ကျွန်တော့်ကို ရွံကြောက်ဖြစ်နေကြပြီ။ ကျွန်တော် သူတို့ကို လုံးဝ ဂရုမစိုက်။ အောင်အောင်ဆိုသည့် ကောင်ကလည်း ကျွန်တော့်ကို ဦးလေးကမွေးစားထားသည့် သားအနေဖြင့် ချစ်ခင်ရင်းနှီးမှု မရှိခဲ့သည်ကို ယခုမှပင် ကျွန်တော် ရိပ်မိလာသည်။

ယခုတော့ ကျွန်တော်သည် မည်သူက ကျွန်တော့်ကို ခင်တွယ်သည်ဖြစ်စေ၊ မခင်တွယ်သည်ဖြစ်စေ ဂရုစိုက်စရာ မလိုတော့ပေ။ ကျွန်တော်ကလည်း မည်သူ့ကို ခင်တွယ်ရမည်နည်း။

လည်ခြင်း၊ ပတ်ခြင်း၊ ဖဲရိုက်ခြင်း၊ တစ်ခါတစ်ရံ အရက်သောက်ခြင်းတို့သည် ကျွန်တော်၏ ဘဝအဖော်များ၊ ဆွေမျိုးရင်းချာများ ဖြစ်လာကြလေသည်။

ကျွန်တော်သည် ဖဲကစားရာတွင် အစပထမ၌ အမြဲလိုလို နိုင်လေ့ရှိသည်။ ကျွန်တော်ကား ဝိုင်းမသိမ်းမီထသွားရမှာနှင့် သူများထသွားသည်ကိုလည်း မကြိုက်လှသဖြင့် နိုင်သည့်အချိန်တွင် ထပြန်ရန် မည်သည့်အခါမျှ စိတ်မကူးပေ။ နောက်ဆုံးတော့ ဝိုင်းသိမ်း၍ အိမ်ပြန်ချိန်၌ ကျွန်တော့်လက်ထဲတွင် ဗလာဖြစ်သွားသည်ကများပါသည်။ ဖဲသည် ကျွန်တော့်ကို အကျိုးမပေးပေ။ မည်သည့်အရာကကော အကျိုးပေးသနည်း။

တစ်နေ့ ကျွန်တော်အိမ်ပြန်လာချိန်တွင် အဖေ အမေတို့ ဆူဆူညံညံ ဖြစ်နေသံ ကြားရပါသည်။ မတူးနှင့် အောင်အောင်ရှိနေကြ၏။ ကျွန်တော် ဝင်သွားသောအခါ သူတို့အားလုံး ကျွန်တော့်ကို လှည့်ကြည့်ကြပါသည်။ သူတို့ မျက်နှာမကောင်းကြ။ ကျွန်တော် သိလိုက်ပါပြီ။ ကျွန်တော်လုပ် ထားသည့် ကိစ္စကို ကျွန်တော်မသိဘဲ ရှိပါမည်နည်း။ သို့သော် ကျွန်တော် သည် မသိချင်ယောင်ဆောင်၍ အခန်းထဲကို တန်းဝင်သွားပါသည်။

'ဟေ့ကောင် ဂျိုး၊ လာဦး'

ကျွန်တော် ခြေလှမ်းကို ရပ်လိုက်ရပါသည်။ ကျွန်တော်သည် စိတ်မပါ့တပါဖြင့် သူတို့ရှိရာသို့ မျက်နှာမူလိုက်၏။ ကျွန်တော့် အမူအရာက သူတို့နှင့် ကျွန်တော် ဘာမျှ မဆိုင်သည့်ပုံ။ ကျွန်တော်၏ မထေမဲ့မြင် အမူအရာကိုမြင်၍ အဖေ့မျက်နှာကြီး နီသွားပါသည်။ သို့သော် ကျွန်တော် ကား ကြောက်ရွံ့တုန်လှုပ်စိတ် အလျင်းမရှိတော့ပါ။ ကျွန်တော့်ခေါင်းထဲ တွင်လည်း ရီဝေနေသော အရက်တန်ခိုးက ပြနေပြီ မဟုတ်လား။

'လာစမ်းပါဦးကွ၊ ဘယ်လိုလဲ မင်းက'

ကျွန်တော်သည် စိတ်မရှည်ဟန်ဖြင့် တစ်လှမ်းချင်း လှမ်းသွားပါ သည်။

'မင်းလက်က နာရီကော'

အဖေပြောမည့်စကားက ရုတ်တရက် ပြောင်းသွားရဟန် တူပါ သည်။ ကျွန်တော့်လက်ကိုကြည့်ကာ မေးလိုက်လေ၏။

'ရှိပါတယ်'

ကျွန်တော်က အရေးမကြီးသည့် လေသံဖြင့် ဖြေလိုက်သည်။ အဖေသည် ဒေါသကို ချုပ်တီးနိုင်ဟန် မတူတော့။

'ဟင် ရှိတယ်ဟုတ်လား၊ ခွေးမသား ဘယ်မလဲရှိတာ၊ ဖဲရှုံးလို့ကုန်ပြီ မဟုတ်လား၊ ငါသိမ်းထားတဲ့ ပိုက်ဆံသေတ္တာထဲက ပိုက်ဆံတွေ လျော့လျော့

နေတာ ခုမှ လက်သယ်ပေါ်တယ်၊ ဟင်၊ မင်း ဖဲသွားသွား ရိုက်နေတာ ကိုး၊ တယ်တော်၊ အလုပ်ကျတော့ အဖြစ်ရှိအောင် မလုပ်ဘဲနဲ့၊ တော်တော် အသုံးမကျတဲ့ကောင် ခွေးသား'

'အဖေ၊ ကျွန်တော့်ကို ဒီလိုမဆဲနဲ့ဗျ'

'ဘာကွ'

အမေသည် သူ့ရင်ဘတ်ကို လက်နှင့်ဖိထားလေသည်။

'ဩော်၊ မင်းက မင်းက ငါ့ကို ဒီလိုပြောတယ် ဟုတ်စ၊ ပြောစမ်း ပါဦး မင်းအချိုးက ဘယ်လိုဖြစ်နေတာလဲ၊ မင်းက ဘယ်သူ့ကို အားကိုးနေ လို့လဲ၊ မင်းကို ဒီအရွယ်ရောက်အောင် ငါ ငါမွေးထားတာကွ ကောင်ရ၊ မင်း မင်း ခုတော့'

အဖေသည် ကြိတ်မနိုင်ခဲမရဖြစ်ကာ အသားများဆတ်ဆတ်တုန်၍ အနီးရှိ ထားဝယ်ကြိမ်ကိုဆွဲကာ ကျွန်တော့်ကို ရိုက်ပါလေတော့သည်။ ကျွန်တော်သည် ကျောက်ဆစ်ရုပ်လို မတုန်မလှုပ်ရပ်ရင်း အဖေ့ရိုက်ချက်ကို လက်ဖြင့်ကာ၍ ဖယ်ချပစ်လိုက်ပါသည်။

'ကြည့်စမ်း၊ မင်းက ငါ့ကို ပြန်သတ်မလို့ပေါ့လေ၊ ဟင် ကျေးဇူး သိတတ်လိုက်တဲ့ သား၊ မွေးရကျိုးနပ်တဲ့ သား၊ ကဲကွာ၊ ကဲကွာ'

အဖေ့ တုတ်ချက်များက အဆက်မပြတ်ကျလျက်။ သို့သော် ကျွန်တော့်လက်ဖြင့် ဖယ်ရှား ပုတ်ထုတ်မှုများကြောင့် အဖေ ဒယီးဒယိုင် ဖြစ်လာပါသည်။

'တော်ပါတော့ ကိုစိန်မောင်ရဲ့၊ ဟဲ့ ဂျိုး တော်စမ်းပါဟဲ့'

'အမလေး ဦးလေးရဲ့ တော်ပါတော့'

အားလုံး လုံးထွေး ဆူညံသွားလေသည်။

အမေသည် ကျွန်တော့်ကိုဆွဲကာ ချုံးချ၍ ငိုလေ၏။ အောင်အောင်သည် အဖေ့ကို ဆွဲထားပြီး ကျွန်တော့်ကို မီးတောက်သော မျက်လုံးများနှင့် ကြည့်ပါသည်။

ကျွန်တော်သည် အမေ့လက်မှ ရုန်းထွက်ပြီး မည်သူ့ကိုမှ လှည့်မကြည့်ဘဲ အခန်းထဲသို့ ဝင်ခဲ့လေသည်။ အခန်းတံခါးကို ဆောင့်ပိတ်ပစ်လိုက်၏။

အားလုံးနှင့် ကျွန်တော် အဆက်ပြတ်သွားလေသည်။

*

မထူးဘူး။ အိမ်မှာလဲ ငါ့ကို လိုလားတဲ့သူမရှိဘူး။ ငါ့အတွက်လောကကြီးဟာဘာမှ မထူးဘူး။

ကျွန်တော်သည် အိမ်မှ ထွက်လာသည်မှာ လေးငါးရက်ကြာသွားပေပြီ။ သည်တစ်ခါ ကျွန်တော်ရောက်နေသည်မှာ ခင်စိုးမောင်တို့အိမ်မဟုတ်။ ခင်အောင်တို့နှင့် ဦးလေးဝမ်းကွဲတော်သူ ကြည့်တော်ကုန်းရပ်ကွက်ရှိ ဦးသန်းတင်ဆိုသူ၏ အိမ်ဖြစ်လေသည်။ ကျွန်တော့်တွင် ငွေစအနည်းငယ်ပါလာသည်။ ကျွန်တော်သည် ခင်အောင်၏ စီစဉ်ပေးချက်အရ သူ့ဦးလေးအိမ်မှာ ခေတ္တခိုအောင်းနေခြင်း ဖြစ်သည်။ ကျွန်တော်သည် အိမ်မှမသိအောင်ပုန်းအောင်းပြီး ကျွန်တော့် မိဘအရင်းအချာများအကြောင်းကို စုံစမ်းမည်။ ပြီးလျှင် ကျွန်တော့်မိဘများကို ကျွန်တော် ရှာမည်။

ကျွန်တော်သည် ကျွန်တော်သိချင်သော အရာများကိုသိရန် ဒေါ်တလုတ်မဆီသို့ သွားရန်မှတစ်ပါး တခြားလမ်း မရှိချေ။

'ဟဲ့ ကိုစိန်မောင်သားလေး၊ နင့်မတွေ့တာကြာပါပကော၊ နင့်အကြောင်းကြားရတာလဲ မကောင်းပါလား ဟယ်'

ဒေါ်တလုတ်မက ကျွန်တော့်ကို တွေ့တွေ့ချင်း ပြောလိုက်ပါသည်။

'ကျွန်တော့်အကြောင်း ဘာကြားလို့လဲဗျ'

ကျွန်တော်ကား လောလောဆယ် အိမ်ပြေးဖြစ်နေလေပြီ။ ကျွန်တော့်ကို အိမ်ကလိုက်ရှာသလား၊ မရှာသလား ကျွန်တော်မသိ။

'ဟဲ့ နင့်အဖေလေ၊ ကိုစိန်မောင် မနေ့ကပဲ ဒီလမ်းထဲလာသွားသေးတယ်၊ အဲဒါနဲ့ ငါကတွေ့လို့မေးကြည့်တာ၊ နင် တော်တော်ဆိုးပါလား၊ ခု ဘယ်ကလာတာလဲ၊ အိမ်ပြန်မလို့လား'

'အဖေ ဘာလာလုပ်တာလဲ'

'ဟဲ့ နင့်အဖေ နင့်ပျောက်လို့လိုက်ရှာတာပေါ့၊ သနားပါတယ်ဟယ်၊ လူကြီးကို ဒီလိုစိတ်ဆင်းရဲအောင် မလုပ်ပါနဲ့၊ သူ့မှာ နင့်ကို ချစ်လိုက်တာ တုန်လို့'

ကျွန်တော်က လက်ဖက်ရည်တစ်ခွက်ကိုမှာရင်း ဒေါ်တလုတ်မနှင့် အနီးဆုံးစားပွဲတွင် ထိုင်ပါသည်။ ကျွန်တော် ထင်သည့်အတိုင်းပင် ဒေါ်တလုတ်မသည် ကျွန်တော့်စားပွဲတွင် လာထိုင်လေသည်။

'ကျွန်တော့်အဖေ တစ်ယောက်တည်း လာတာလားဗျ'

ကျွန်တော်က ဒေါ်တလုတ်မ စကားဆက်စေရန် ထောက်ပေးလိုက်ပါသည်။

'အေးဟဲ့၊ ဒါနဲ့ နင်က နင့်ကိုယ်နင် မွေးစားသားဆိုတာ သိသွားပြီဆို'

ဒေါ်တလုတ်မ ပြောချင်လှသော စကားကို ပွင့်ပွင့်လင်းလင်း ပြောလိုက်ရ၍ အလွန်ကျေနပ်သွားဟန် တူပါသည်။ သူပြောချင်နေတာ ကြာပြီ မဟုတ်ပါလား။ ဒေါ်တလုတ်မသည် ကျွန်တော် မမေးမီကပင် ပါးစပ်တပြင်ပြင်ဖြစ်ကာ ထိုင်ခုံကိုမလျက် သူ၏ ဝဖိုင့်သော ခန္ဓာကိုယ်ကြီးကို ကျွန်တော့်အနီးသို့ တိုးရွှေ့လာပါသည်။

'နင့်ကို မွေးစားတယ်သာ ဆိုတာပါဟယ်၊ သူ့မှာဖြင့် ချစ်လိုက်ရတာ တုန်လို့၊ နင်ရောက်စကများ နင့်တစ်ကိုယ်လုံး ဝဲတွေနဲ့ ချီချင်စရာ

တောင် မရှိဘူး၊ သူတို့လင်မယားက တယုတယနဲ့ မွေးခဲ့လို့ နင် ခုလို ပြောင်ပြောင်ရောင်ရောင်ဖြစ်နေတာပေါ့ဟဲ့၊ မမိုက်ချင်ပါနဲ့ဟယ်’

ကျွန်တော်သည် လက်ဖက်ရည်ကို မျိုချလိုက်သော်လည်း မီးခဲကို မျိုချလိုက်ရသလို ကျွန်တော့်ရင်တစ်ခုလုံး ပူလောင်ပြီး စူးရှ နာကျင်သွားပါသည်။

တကယ်တမ်း ကျွန်တော်သိချင်သည့် အကြောင်းတွေကို ကြားရပြန်တော့လည်း ကျွန်တော် ခံနိုင်ရည်မရှိပါတကား။

‘ကျွန်တော့်အမေနာမည်က ဘယ်သူတဲ့လဲ ဟင်’

‘ဟေ အဲဒါတော့ ငါ မသိဘူးကွယ့်၊ နင့်အမေက နင့်ကိုချီပြီး အဲ နေဦး၊ ကောင်မလေးတစ်ယောက် ပါသေးတယ်၊ အဲဒီကောင်မလေးကို လက်ဆွဲလို့’

‘ဟင်၊ အဲဒါ အဲဒါ’

‘အေး အဲဒါ နင့်ထက်အကြီးနေမှာပေါ့’

‘ဒါဖြင့် ကျွန်တော့်မှာ အမေရော၊ အစ်မရောရှိတာပေါ့၊ သူတို့က ဘယ်မှာနေတာလဲ’

‘ဒါလဲ ငါ မသိဘူး၊ ဘယ်သိပ့်မလဲဟယ်၊ သူကလဲ ဘယ်ကလာလို့ ဘယ်ကိုသွားရမယ်ဆိုတာ သိတာမှ မဟုတ်တာ၊ ကလေးကို ယူချင်တဲ့လူ ရှိရင် ပေးမယ်ဆိုလို့ ငါတို့က ကိုစိန်မောင်ကို သတိရတာနဲ့ သွားပြောရတာ၊ သူ့မှာလဲ ဟို သူ့မိန်းမကပါတဲ့ မည်းမည်းကြုတ်ကြုတ် သမီးလေး တစ်ယောက်သာရှိတယ် မဟုတ်လားဟယ်’

ကျွန်တော်သည် မျက်ရည်ကျချင်သော်လည်း လူတွေရှိနေသည်မို့ အံကြိတ်ပြီး စိတ်တင်းထားလိုက်ရပါသည်။

ဆက်၍ ကျွန်တော်သိချင်တာကို မေးလိုက်မိ၏။

‘ကျွန်တော့် အဖေကကော’

'နင့်အဖေကတော့ ဆုံးသွားပြီတဲ့၊ တိုက်ပွဲမှာကျလို့ဆိုလား'

ကျွန်တော်သည် ဒေါ်တလုတ်မမျက်နှာကို စေ့စေ့ကြည့်၍ နောက်ဆုံး မေးခွန်းတစ်ခုကို မေးလိုက်ရပါသည်။

'ကျွန်တော့်အဖေက စစ်သားလားဟင်'

'မဟုတ်ဘူးဟဲ့၊ ဟိုလေ၊ သူပုန်၊ အဲ သောင်းကျန်းသူ'

သောင်းကျန်းသူ၊ သောင်းကျန်းသူ၊ သောင်းကျန်းသူ။

# ၈

သွေး။

ကျွန်တော်သည် သောင်းကျန်းသူ၏ သွေး။ သူပုန်သွေး။

'ပေါက်လွှတ်ပဲစား အုတ်ကြားမြက်ပေါက်တွေ မွေးထားပြီးတော့'ဟု ဖော်ဖော်အောင်တို့ အမေကြီး ရန်တွေ့ဖူးသည်ကို ကျွန်တော် သတိရလာမိပါသည်။ ကျွန်တော်မသိခဲ့သော ကျွန်တော့်ဘဝ။ ကျွန်တော်သည် ကျွန်တော့်ကိုယ် ကျွန်တော် တကယ့်သူဌေးသား ထင်မှတ်ကာ ပေတေဆိုးသွမ်းနေခဲ့မိပါသည်ကော။

ယခုတော့ ကျွန်တော့် ဘဝမှန်ရောက်ပြီ။ ပေါက်လွှတ်ပဲစား အုတ်ကြားမြက်ပေါက်။ ကျွန်တော် လမ်းတကာပေါ်မှာ လျှောက်နေမိ၏။ ကျွန်တော် ဘယ်သွားရမည်နည်း။ ကျွန်တော့်အမေသည် လူ့လောကမှာ ရှိပါသေး၏လော။ ကျွန်တော့် အစ်မကော ရှိပါသလား။ ထိုသူတို့သည် ကျွန်တော့်ဘဝတွင် တကယ်ကောရှိခဲ့ပါသလား။

'ဟေ့ ဂျိုး၊ မင်းဘယ်သွားနေတာလဲ၊ ငါ့ဆီမလာဘူး'

ခင်စိုးမောင်၏ ဖဲဝိုင်းကို ကျွန်တော်ရောက်သွားခြင်း ဖြစ်သည်။ ယခု ခင်စိုးမောင်သည် ကျောင်းမှထွက်ပြီး သူ့အဖေ၏ အလုပ်ထဲမှာ လုံးဝ ရောက်နေပြီ။ ပြီး သည်ကောင် မိန်းမပင် ယူလိုက်ပြီဟု သိလိုက်ရ၏။

'မင်းဆီလာရင် အိမ်ကသိတော့ လိုက်လာမှာပေါ့ကွ'

'အေး မင်းအဘွားကြီးလာတယ်'

'ဒါပေါ့လေ၊ လာမှာပေါ့'

ကျွန်တော်သည် ခပ်ပေါ့ပေါ့ပင်ပြောဆိုကာ စီးကရက်ကိုထုတ်၍ ဖွာလိုက်ပါသည်။ ယခု ကျွန်တော် ဆေးလိပ်ကောင်းကောင်း သောက်တတ်နေပြီ။

'ဂျိုး၊ မင်းအမေကြီး သနားပါတယ်ကွာ၊ မျက်ရည်တွေကျလို့၊ မင်းကိုတွေ့ရင် အိမ်ကိုပြန်လာဖို့ ဆက်ဆက်ပြောပေးပါတဲ့၊ ဒါမှ မဟုတ်လဲ ရှိတဲ့နေရာကိုပြောပါ၊ သူလာမယ်တဲ့'

ကျွန်တော်သည် ဆေးလိပ်မီးခိုးများကို လျှာနှင့် အာခေါင်ကပ်၍ ရှီးခနဲ မှုတ်ထုတ်လိုက်ပြီး ခပ်မဆိတ်ပင်နေလိုက်ပါသည်။ အမေ။

ကျွန်တော့်ဘဝတွင် အမေနှစ်ယောက်ရှိနေပါပြီ။ ကျွန်တော့်ကို မွေးထုတ်ပြီး မကျွေးနိုင်၍ ရွာတကာ လမ်းတကာလှည့်ကာ စွန့်ကြဲခဲ့သော မွေးမေ။ ပြီးတော့ ကျွန်တော် ဆိုးသမျှဒဏ်ခံကာ ကျွန်တော့်နောက်ကို တကောက်ကောက်လိုက်ရှာနေသော အမေ။ သို့သော် ကျွန်တော့် ဦးနှောက်ထဲတွင် သံသယပေါင်းများစွာ ဝင်ရောက်နှောင့်ယှက်၍ နေလေပြီ။ ကျွန်တော့်ကိုမွေးသော အမေသည် မည်သို့သော အတိဒုက္ခမျိုး ကျရောက်ခဲ့ပါသနည်း။ ယခုကော မည်သို့သော ဒုက္ခနှင့် ရင်ဆိုင်နေရပါသနည်း။ ကျွန်တော့်ကို စွန့်ပစ်သောအမေသည် ယခုအခါ ကျွန်တော့်ကိုတွေ့လျှင် မည်သို့ ခံစားရပါမည်နည်း။ ကျွန်တော် သိချင်လှ၏။ ထိုအတွေးများက ကျွန်တော့် ဘဝတစ်လျှောက်လုံး ဖိစီးနှိပ်စက်ကာ ကျွန်တော့်အတွက်

လောကချမ်းသာဟူသမျှလည်း ဆိတ်သုဉ်း ပျောက်ကွယ်စေခဲ့ပါသည်။ တစ်နည်းအားဖြင့် ပြောရလျှင် ကျွန်တော်သည် မရနိုင်သည့်အရာကိုမှ အာသာငမ်းငမ်းဖြစ်ကာ ကျွန်တော့်ဘဝကို ကျွန်တော် နှစ်မွန်းစေခဲ့၏။ သို့သော် ယခုထက်တိုင်လည်း ကျွန်တော်သည် ထိုအရာကို လိုချင်မက်မော ဆဲပင် ရှိသေး၏။ အဘယ်သူသည် မိမိကိုမွေးထုတ်လိုက်သော မိခင်အား လူ့လောကတွင် ရှိမှန်းသိပါလျက် မမြင်မတွေ့ မသိဘဲ နေလိုပါမည်နည်း။

ကျွန်တော်၏ အမေ နေထိုင်ရာအရပ်ကို သိရလျှင် ကျွန်တော် ကိုယ်တိုင် သွားရှာမည်ဟု စိတ်ကူးခဲ့သော်လည်း ကျွန်တော်သည် အမေ့ နေရပ်ကို မဆိုထားဘိ၊ နာမည်မျှကိုပင် မသိရလေရာ ထိုအကြံအစည် မဖြစ်မြောက်တော့ပါ။

ကျွန်တော်သည် မည်သို့ဆက်၍ စခန်းသွားရမည်ကို မစဉ်းစား သေးဘဲ ဖဲဝိုင်းတွင်ထိုင်ကာ ကစားနေလိုက်ပါသည်။ ထုံးစံအတိုင်း အစ ပထမပိုင်းတွင် ကျွန်တော် နိုင်နေလေသည်။

'ဂျိုး၊ မင်းထချင် ထတော့၊ ငါ ဆက်ထိုင်မယ်'

သည်တစ်ခါ ခင်စိုးမောင်က ကျွန်တော့်ကို မတားစဖူး တားပါသည်။ ဖဲဝိုင်းတွင် ဝိုင်းမသိမ်းမချင်း ထိုင်တတ်သော ကျွန်တော့်အကျင့်ကို သိပါ လျက် သည်တစ်ခါ ခင်စိုးမောင်က ကျွန်တော့်ကို ဝိုင်းမှ စောစောထစေ ချင်ပါသည်။ ယခုအခါ ကျွန်တော့်လက်ထဲတွင် ငွေငါးရာခန့် ပိုက်မိနေပြီ။ ကျွန်တော့်ဖဲသည် အလွန်ကောင်းနေလေ၏။ ခင်စိုးမောင်သည် သူ့အိမ်ကို ခေတ္တ ဖယ်ပေးထားခြင်းဖြစ်၍ ဖဲအတက်ကောင်းနေသော ကျွန်တော့်နေရာ ကို ပြန်လိုချင်နေလေသည်။ ကျွန်တော်မရွှေ့။

'မင်း အခုနေထရင် အတော်ပဲ၊ ကြာရင်ကွဲလိမ့်မယ်'

ခင်စိုးမောင်က တီးတိုးပြောပါသေးသည်။ ကျွန်တော့်အကျိုးလို၍ ပြောသည်လည်း ဖြစ်ကောင်းဖြစ်မည်။ သို့သော် ကျွန်တော့ ဉာဉ်အတိုင်း

ကျွန်တော် ဖဲကို အစအဆုံးမကိုင်ရလျှင် မနေနိုင်။ ကျွန်တော် ခင်စိုးမောင်၏ စကားကို နားမဝင်ပေ။

ခင်စိုးမောင်သည် စိတ်ပျက်လက်ပျက်ဖြင့် ဝိုင်းအပြင် ထွက်နေလေသည်။ ကျွန်တော်သည် ဖဲတွင် သဲသဲမဲမဲ အာရုံစူးစိုက်ကာ ကစားနေမိ၏။ သည်ဝိုင်းကို သုံးနာရီတိတိတွင် ဖြတ်ရန် သဘောတူထားကြသည်။ ယခု တစ်နာရီကျော်ပြီ။

အစပထမတွင် ကျွန်တော်သည် နှစ်လှည့်ခြားတစ်ခါ သုံးလှည့်ခြားတစ်ခါ ဒေါင်းနေ၏။ တဖြည်းဖြည်း ကျွန်တော့်ဖဲ အလာကျဲလာသည်။ ခင်စိုးမောင် မနေနိုင်၊ ကျွန်တော့်ကို လက်ကုတ်ပြန်၏။ ကျွန်တော် ဂရုမစိုက်။

နှစ်နာရီထိုးချိန်တွင် ကျွန်တော့်ရှေ့မှ ငွေတွေ တစ်ဝက်ခန့် ပြန်ပါသွားပြီ။ ကျွန်တော်မဲပြီ။

မထူး။ ဝိုင်းသိမ်းသည်အထိ နေရုံသာရှိတော့သည်။ သုံးနာရီထိုးရန် ဆယ်မိနစ်လိုတော့ ကျွန်တော့်တွင် ပြောင်ပြီ။ တစ်ပြားမှ မရှိတော့။ ခင်စိုးမောင်က စိတ်ပျက်စွာခေါင်းခါသည်။

'ကစားလာတာလဲ ကြာလှပေါ့၊ အကင်းမပါးဘူး'

ကျွန်တော် ဘာမျှ မပြောပါ။ ဆေးလိပ်ကိုသာ ဖိသောက်နေလိုက်လေသည်။ ကျွန်တော် ဖဲရိုက်တာ နိုင်ချင်ရုံသက်သက် မဟုတ်။ ဝါသနာပါခြင်းကြောင့်ပင် ဖြစ်၏။ ကျွန်တော်သည် အလောင်းအစားလုပ်ခြင်းကို ခုံမင်မှန်းမသိ ခုံမင်နေလေပြီ။ ပြီးတော့ အရှုံးကို ရင်ဆိုင်နိုင်သည်ဟူသော ဖွဲဖြင့်လည်း တလွဲဆံပင်ကောင်းခဲ့သည်။

ဖဲဝိုင်းမှ ကျွန်တော် ထွက်ခွာလာချိန်ဝယ် ကျွန်တော့်တွင် နေစရာမရှိသည်သာမက ငွေလည်း မရှိတော့။ ကျွန်တော် ဘာလုပ်ရမည်နည်း။ ခင်အောင်၏ ဦးလေးသည် ကျွန်တော့်ကို လက်ခံထားသော်လည်း သူ့အဒေါ်က ကောင်းစွာ မကြည်ဖြူချင်။ ခင်အောင်ဆိုသည့် ကောင်ကလည်း

ကောင်းတာမှ မဟုတ်ပါပဲ။ သူ့အဒေါ်က ကျွန်တော့်ကို မည်သို့လျှင် ယုံကြည်ပါမည်နည်း။ ကျွန်တော့်လက်ထဲတွင် ငွေစရှိ၍ အနည်းအကျဉ်း ပေးကမ်းထားသဖြင့်သာ လက်ခံထားခြင်း ဖြစ်လေသည်။

ခင်စိုးမောင်ကလည်း မိန်းမယူပြီးစ၊ မိန်းမကို သူ့အမေအိမ်တွင် ပြန်အပ်ထားကာ သူက ယောက္ခမအိမ်ကို ညအိပ်ရုံသာ ပြန်တတ်သူ။ ခင်စိုးမောင်၏ မိဘများကလည်း ငယ်ငယ်ရွယ်ရွယ်နှင့် မိန်းမယူရမည်လား ဟူ၍ မကျေမနပ် ဖြစ်နေသည့်အခိုက် ဖြစ်လေသည်။

ယခုမှ ကျွန်တော်သည် လမ်းပေါ်ကလူ။

'မင်း အခု ဘယ်လိုလုပ်မယ် စိတ်ကူးလဲ'

ချောင်းကမ်းပါး တာရိုးတစ်လျှောက် ခြေချမိချိန်ဝယ် ခင်စိုးမောင်က စကားစ၏။ ကျွန်တော် ဘာပြန်ပြောရမည်မသိ။

'မင်း အိမ်ပြန်ဖို့ကောင်းတယ်၊ ခု မင်းလက်ထဲမှာ ငွေ မရှိတော့ဘူး မဟုတ်လား၊ မင်း ဘာလုပ်မလဲ'

'ငါ အိမ်တော့မပြန်ချင်ဘူး၊ ငါ့အမေရှိတဲ့နေရာ ငါ သွားချင်တယ်'

'အဓိပ္ပာယ်မရှိတာတွေ လုပ်မနေစမ်းပါနဲ့ကွာ၊ မင်းအမေက ဘယ်နေမှန်းလဲမသိ၊ ရှာတွေ့တော့ကော ဘာလုပ်မှာလဲ၊ မင်း အခု အဖေ အမေနဲ့လိုတောင် ကောင်းကောင်းနေရမှာ မဟုတ်ဘူး၊ မင်း အခုကမှ စားသာသေးတယ်၊ မင်းအဘိုးကြီးက မင်းတစ်ယောက်တည်းရှိတာ၊ သူ့ရှိသမျှ မင်းအတွက်ချည်းပဲပေါ့ကွ'

'မထင်ပါနဲ့ကွာ'

'ဘာလဲ မင်းက ဟိုတူတွေ တူမတွေရှိနေလို့လား၊ ဘာပဲပြောပြော မင်းက တရားဝင် မွေးစားသားကွ၊ အမွေစားအမွေခံဟာ မင်းပဲ၊ သူတို့နဲ့ ဘာမှ မဆိုင်ဘူး၊ မင်း စိတ်ကူးမလွဲနဲ့ကွ'

ခင်စိုးမောင်၏ စကားသည် အမျိုးမျိုး တွေးလို့ရပါသည်။ ကျွန်တော်သည် ယခုမှ မွေးစားသား အဖေ အမေကို အဖေရင်း

အမေရင်းဟု မမှတ်ယူလိုသည့်တိုင် ကျွန်တော့်အတွက်တော့ ခင်စိုးမောင် ပြောသလိုပင် အကောင်းဆုံးဘဏ္ဍာတိုက်ကြီး မဟုတ်ပါလား။ ကျွန်တော့်ကို ဆက်လက်၍ မွေးလိုသည်ဖြစ်စေ၊ မမွေးလိုသည်ဖြစ်စေ ခင်စိုးမောင် ပြောသလိုပင် ကျွန်တော်သည် မွေးစားသား။ တရားဝင် မွေးစားသား။

ကျွန်တော်သည် မိုက်မဲစွာပင် ပြုံးမိ၏။

ကျွန်တော့် ဘဝတွင် ဆက်လက်၍ မိုက်တွင်းနက်ရန်အတွက် ကျွန်တော့်ကို အစဉ်အမြဲ ထောက်ပံ့မည့်နေရာသည် ကျွန်တော်၏မွေးစား မိဘများ၏ အိမ်ကလွဲ၍ အခြားမရှိချေတကား။

'မင်း အခု အိမ်ပြန်မလား'

ကျွန်တော် တွေနေ၏။

'မင်း ပြန်ရခက်ရင် လွယ်ပါတယ်ကွ၊ ငါက မင်းအဘွားကြီးကို မင်းဘယ်မှာရှိတယ်ဆိုတာ ပြောလိုက်ရုံပါပဲ'

ကျွန်တော် ဘာမျှ ပြန်မပြော။

ကျွန်တော့်အမေသည် နောက်တစ်နေ့မနက်တွင် ကျွန်တော်နေရာ ခင်အောင်တို့ ဦးလေးအိမ်သို့ မျက်ရည်စက်လက်ဖြင့် ရောက်လာပါ တော့သည်။

# ၉

ကျွန်တော့်မိဘများကား ကျွန်တော့်ကို မေတ္တာမပျက် ပြန်၍လက်ခံကြပါ၏။ ကျွန်တော့်အထင် ကျွန်တော့်ကို ပို၍ပင် အလိုလိုက်ကြပါသေးသည်။ ကျွန်တော်သည်လည်း အိမ်တွင် အချိုးပြောင်းကာ နေထိုင်ပါသည်။ တစ်နေကုန် တစ်နေခန်း အပြင်ထွက်ခြင်းမျိုး မရှိတော့။ ဈေးကူမရောင်းသော်လည်း ဆိုင်တွင်ထိုင်ပေးသည်။ အဖေခိုင်းသော လက်တိုလက်တောင်း အလုပ်များကို ကျွန်တော် လုပ်သည်။ ကျွန်တော် စိတ်ဓာတ်ကျနေဟန်ကို တွေ့ရသောအခါ အဖေ မနေနိုင်ပြန်ပါ။

'မင်း ကျောင်းလဲမနေတော့ဘူးဆိုတော့ စိတ်လေတယ်၊ ကားနောက်လိုက်မလား'

ပျော်လိုက်သည့်ဖြစ်ခြင်း။

ကျွန်တော် ငယ်စဉ်ကတည်းက ကားဝါသနာပါသည်။ ပြီးတော့ ယခုအချိန်တွင် ကျွန်တော်အလုပ်လုပ်ချင်နေသည်။ အိမ်တွင်ကျွန်တော်နှင့် ကိုက်ညီသည့် အလုပ်မရှိ။ အဖေသည် ကျွန်တော့်ကို ငွေရေးကြေးရေးခိုင်းရန်

စိတ်ချတော့ဟန် မတူပေ။ ပြီးတော့ ပဲခူးမှာဆက်နေလျှင် အပေါင်းအသင်း ဟောင်းများနှင့် တွဲကာ ပျက်စီးမြဲ ပျက်စီးမည်ကို အဖေ တွေးမိဟန်တူသည်။

'ကလေးက ငယ်ပါသေးတယ် ကိုစိန်မောင်ရယ်'

အမေက ပြောပါသေးသည်။

'ငယ်သာငယ်တယ်၊ မင်းသားက အတတ်ပေါင်းစုံနေပြီ၊ မထူး ပါဘူး၊ သူလုပ်ချင်တာလုပ်ပစေ၊ ဟုတ်တယ်မဟုတ်လား'

အဖေက အမေ့ကိုပြောရင်း ကျွန်တော့်ကိုမေးပါသည်။ ကျွန်တော် ကလည်း အိမ်မှာမနေချင်သည်မို့ လှိုက်လှိုက်လှဲလှဲပင် သဘောတူပါသည်။ အဖေသည် ကျွန်တော့်ကို ပစ်ပစ်ခါခါလုပ်သည်ဟု ထင်မည်စိုးသဖြင့် ရှင်းပြပါသည်။

'မင်း ကားနောက်လိုက်တယ်ဆိုပေမယ့် ဒရိုင်ဘာလုပ်ရမှာလဲ မဟုတ်ဘူး၊ စပယ်ယာလုပ်ရမှာလဲမဟုတ်ဘူး၊ ခါတိုင်း ကားသမားတွေ နဲ့ချည်း ကုန်သယ်တာ ပို့တာ လွှဲထားတာ၊ ခု မင်းကို ကြပ်မတ်ကြည့်ရှုဖို့ ထည့်တာပဲ၊ ကုန်တင်ခတွေ ဘာတွေလဲ မင်းပါတော့ သူတို့မညာရဲဘူးပေါ့၊ ပြီးတော့ အချိန်ဆွဲနေတာမျိုးလဲ မဖြစ်ရအောင် ကုန်ရရခြင်း ပြန်ဆင်း လာဖို့ မင်းက စီစဉ်ရမယ်'

အဖေသည် ငယ်စဉ်ကပင် ကုန်သည်ပွဲစား လုပ်လာသူမို့ ကျွန်တော့် ကို သည်အလုပ်မျိုးခိုင်းခြင်းမှာ အဆန်းမဟုတ်ချေ။ ကျွန်တော်ကလည်း စက်လှေများကို ဦးစီးလုပ်ကိုင်နေသော ခင်စိုးမောင်ကို အားကျသူပီပီ များစွာ ကျေနပ်မိပါသည်။

သို့ဖြင့် တစ်လလောက်အကြာတွင် ကျွန်တော် ကားနောက်လိုက်ရ လေသည်။ ကျွန်တော် ပထမဆုံးတစ်ခေါက် ကားနှင့်လိုက်မသွားမီ မထွေးရီ နှင့် တွေ့သေး၏။

မထွေးရီသည် ကျွန်တော်နှင့် စကားပြောချင်ဟန်ရှိ၏။ တစ်နေ့ သူ ကျောင်းမှဆင်းချိန်တွင် ကျွန်တော်တို့ထိုင်လေ့ရှိသော လက်ဖက်ရည် ဆိုင်ရှေ့မှဖြတ်အသွား လှည့်ကြည့်လှည့်ကြည့် လုပ်သွားလေသည်။ ခင်အောင် က လက်ကုတ်ပြသဖြင့် ကျွန်တော် အသာထလိုက်သွားပါသည်။

'အစ်ကို ထွေးရီကို စိတ်ဆိုးသွားသလား ဟင်'

ကျွန်တော်သည် ရည်းစားနှင့် ပတ်သက်၍ ထူးထူးထွေထွေ ခံစားမှုမရှိသည်ကို ကျွန်တော့်ဘာသာပင် အံ့သြမိလေသည်။

'မဆိုးပါဘူး'

'အစ်ကို အိမ်က ထွက်သွားသေးတယ်ဆို'

'အင်း'

'အစ်ကို စိတ်ညစ်ပြီး အိမ်ကထွက်သွားတယ်ဆိုတော့ ထွေးရီ စိတ်မကောင်းဘူး၊ ထွေးရီကြောင့် ဖြစ်ရတာလို့ အောက်မေ့မိတယ်'

'ကိစ္စမရှိပါဘူးဟာ၊ ခု ငါ အဝေးပြေးကားနဲ့လိုက်မလို့'

'ဟင်၊ အစ်ကိုတို့အိမ်က ကားလား'

'အေး'

'အစ်ကို ထွေးရီဆီစာရေးရင် ခင်အောင့် ညီမလေးဆီက တစ်ဆင့်ပေး'

'ဟင်၊ အေး အေး'

မိန်းကလေးများသဘောက မည်သို့ရှိပါသနည်း။ သူ့မိဘများက ကျွန်တော်လိုကောင်နှင့် သဘောမတူ၍ အဆက်ဖြတ်ခိုင်းသည်ဟု ဆိုခဲ့ပြီး ယခုတစ်ဖန် ဆက်ဖို့ ပြောနေပြန်ပါသည်။ ကျွန်တော်သည် မထွေးရီနောက်ကို ကောက်ကောက်ပါအောင် လိုက်သွားမိတော့၏။

'ထွေးရီ၊ နင်နဲ့ငါ စကားပြောချင်တယ်၊ နက်ဖြန်ကျောင်းလွှတ်ရင် ငါနဲ့ခဏလိုက်ခဲ့ပါလား'

'ဟင် ဘယ်ဖြစ်မလဲ'

'ဖြစ်ပါတယ်ဟာ၊ ငါ ခရီးထွက်ခါနီး တွေ့ချင်လို့ပါ'

'အင်း အင်း အစ်ကို့သဘောပဲ၊ ဆက်လိုက်မလာနဲ့တော့လေ၊ လမ်းထိပ်ရောက်တော့မယ်'

ကျွန်တော် လမ်းပေါ်မှာ ကျန်ရစ်၏။

မထွေးရီ၏ ကျစ်လျစ်သေးကွေးသော ခန္ဓာကိုယ်ကလေးကိုကြည့် ကာ တစ်ယောက်တည်း ပြုံးနေမိ၏။

ကျွန်တော့်ဘဝကြီးကား ကျွန်တော်ထင်သလောက် မဆိုးသေး။

*

နောက်တစ်နေ့တွင် မထွေးရီကို ကိုချမ်းမြတို့တဲသို့ ကျွန်တော် ခေါ်သွား လေသည်။ မထွေးရီသည် အစပထမက မှုန်ထူပြီးလိုက်လာရသော်လည်း တဲထဲရောက်သောအခါ မျက်စိမျက်နှာ ပျက်လာပါသည်။ ကျွန်တော်သည် ကိုချမ်းမြဆီမှ အရက်နည်းနည်းတောင်းသောက်သောအခါ မထွေးရီ မျက်လုံးပြူးလေပြီ။

'ဟင် အစ်ကို အစ်ကို၊ အရက်တွေသောက်နေတယ်၊ ထွေးရီ ပြန်တော့မယ်၊ သူငယ်ချင်းအိမ်မှာ စာလိုက်ကူးမယ်လို့ အမေ့ကို ပြောခဲ့ တာ၊ သိပ်နောက်ကျလို့မဖြစ်ဘူး အစ်ကို'

'နေပါဦး၊ နင့်ကို ငါ ကိုက်မစားပါဘူး'

'အစ်ကို၊ ဘာလို့အရက်တွေသောက်တာလဲ အစ်ကိုရယ်'

'သောက်ချင်လို့ပေါ့၊ ငါ့ဘဝကြီးက ဘာကောင်းတာများရှိလို့လဲ၊ အဖေ အမေဘယ်သူဘယ်ဝါဆိုတာလဲ မသိရတဲ့လမ်းပေါ်က ကောင်၊ ခု ငါ့ဘဝအတွက် ငါ လွင့်ရတော့မယ်၊ ငါ့ဘဝက ဘာမှ မရေရာဘူး'

ကျွန်တော်သည် ကိုယ့်ကိုယ်ကို မကျေနပ်သော လူငယ်တို့၏ သဘာဝအတိုင်း ကိုယ့်ဘဝကိုယ် နာကျည်းစရာဖြစ်အောင် တမင်ပြောနေ မိပါသည်။

'အစ်ကို့ဘဝအတွက် အစ်ကိုကြိုးစားပါ အစ်ကိုရယ်၊ ဒီလို ကိုယ့် ဘဝ နစ်မွန်းအောင်လုပ်တာတော့ မကောင်းပါဘူး၊ ထွေးရီ အစ်ကို့ကို စောင့်နေပါ့မယ်၊ ဒါဆိုရင် ကျေနပ်တယ် မဟုတ်လားဟင်၊ ထွေးရီ ပြန်တော့မယ်'

'နေပါဦးဟာ'

တကယ်တော့ ကျွန်တော်သည်လည်း သတ္တိကောင်းသူမဟုတ်ပါ။ မထွေးရီကို စကားတွေအများကြီး ပြောဖြစ်လိမ့်မည်ဟု ထင်ခဲ့သော်လည်း ကျွန်တော် မပြောဖြစ်။ မထွေးရီ၏လက်ကို ကျွန်တော် ဖမ်းဆွဲသောအခါ မထွေးရီ ရှန်းသည်။

'အစ်ကို ပြောစရာရှိတယ်ဆို ဘာပြောမှာလဲ'

'ငါ ဘာပြောရမှန်း မသိဘူး'

ကျွန်တော် အရက် ထပ်သောက်မည်ပြုသောအခါ မထွေးရီက ကျွန်တော့်လက်ကို လှမ်းဆွဲထားသည်။ ကျွန်တော့်ရင်များ ခုန်လာပါသည်။ ကျွန်တော် မထွေးရီကို အတင်းဖက်ထားမိသည်။

'ထွေးရီ၊ နင် ငါ့ကို သစ္စာမဖောက်နဲ့နော်၊ သစ္စာဖောက်ရင် နင့်ကို သတ်ပစ်မယ်'

'ထွေးရီ သစ္စာရှိပါ့မယ်၊ ထွေးရီကို လွှတ်ပါ၊ ထွေးရီ ပြန်တော့မယ်'

'ပြန်ရမှာပေါ့ဟာ'

ကျွန်တော်သည် မထွေးရီကို မတော်မတရားကြံစည်ရန် စိတ်မကူးပါ။ သို့သော် တရှိန်ရှိန်တက်ကြွလာသော ပူနွေးသော သွေးသားဖြင့် မထွေးရီကို ကျွန်တော် နမ်းပါသည်။ အနမ်းပေါင်းများစွာ။ မထွေးရီသည် အတင်းရှန်းပြီး အတင်းပူဆာတော့မှ ကျွန်တော်ပြန်လွှတ်လိုက်ပါသည်။ မထွေးရီသည် ကျွန်တော့်လိုပင် ရင်တွေခုန်နေလေ၏။

'မကောင်းဘူး၊ အရက်စော်သိပ်နံတာပဲ'

ကျွန်တော်လို ဆိုးသွမ်းသော ယောကျ်ားလေးမျိုးကို ချစ်သော မိန်းကလေးများလည်း ရှိပါသေးလားဟု ကျွန်တော် အံ့သြမိလေသည်။

## ၁၀

ရန်ကုန် မန္တလေး ကားလမ်းမတစ်လျှောက် အစုန်အဆန်ကူးနေရသည့် ဘဝကို ကျွန်တော်ပျော်ပါသည်။ ကျွန်တော်ကား မည်သို့သော မျိုးရိုးဇာတိက ဆင်းသက်လာသည်လည်းတော့မသိ။ ထိုသို့ ကလေကလွင့်နေရသည့်ဘဝကို များစွာ ခုံမင်လေသည်။ ကျွန်တော့်အဖေသည် ဒေါ်တလုတ်မပြောသလို တကယ်ပင် သောင်းကျန်းသူ ဖြစ်ခဲ့လေသလား။ အဖေ့သွေးသည် ကျွန်တော့် အသွေးအသားထဲအထိ ဝင်ရောက်ခဲ့ပြီဆိုလျှင်တော့ ကျွန်တော့် ဆိုးသွမ်းခြင်းသည် ကျွန်တော့် အဖေကြောင့်သာ ဖြစ်ပေမည်။

ကားသမားတွေနှင့် ပေါင်းရသင်းရမည်ကို ကျွန်တော် ပျော်၏။ အဖေက ကျွန်တော့်ကို သူတို့အပေါ် စီမံကွပ်ကဲရန်၊ စောင့်ကြည့်ရန် လူယုံအဖြစ် ထည့်လိုက်သည်မှန်သော်လည်း မကြာမီပင် ကျွန်တော်သည် ကားသမားများ၏ လူယုံ ဖြစ်သွားလေသည်။

'ဒီတစ်ပတ်ငါတို့ ပြင်ဦးလွင်တက်ရအောင်ကွာ၊ မင်းအဖေမေးရင် မန္တလေးမှာ ကုန်မရလို့ နှစ်ည ဆက်စောင့်ရတယ်လို့ ပြောကြတာပေါ့ မဟုတ်ဘူးလား'

ကျွန်တော် သဘောတူ၏။ ကားသမားများနှင့်အတူ ပြင်ဦးလွင် တက်ကာ လည်ပတ်၏။ အလာတုန်းက လမ်းတွင် ခရီးကြုံလိုက်မည့် သူများကို ခေါ်တင်ရာ ကျွန်တော်တို့တွင် သုံးစရာ စွဲစရာ ငွေရှိနေပေသည်။ ပြီးတော့ ကျွန်တော်တို့သည် ညအိပ်နားနေရာမြို့တွင် အရက်သောက်နိုင်ကြ လေသည်။ ကျွန်တော်လို လူမျိုးက သူတစ်ပါး မဖျက်ဆီးခင်ကပင် ပျက်ချင်ချင် မဟုတ်ပါလား။

'ဂျိူး၊ ငါတို့အဖွဲ့ထဲမှာတော့ မင်းက သူဌေးသားဆိုတော့ မင်း ဆရာပဲကွ၊ ဒါပေမယ့် တို့အတွက်လဲ ငဲ့ဦးပေါ့ကွာ'

ထိုနည်းအားဖြင့်လည်း ကျွန်တော့်ကို စည်းရုံးကြ၏။

'ဂျိူး၊ ကုန်ကတော့ တောင်ငူတင်ပဲ ချရမှာ၊ အဲဒါ ဈေးပြောနေတယ်၊ မင်း ဆုံးဖြတ်၊ တောင်ငူမှာတော့ တို့ ကုန်ထပ်ရှာရမယ်'

ဤနည်းဖြင့်လည်း ကျွန်တော့်ကို နေရာပေးကာ မြှောက်ပေးကြ သည်။ ကျွန်တော်သည် သူတို့ထဲတွင် ခေါင်းဆောင်လုပ်ရသည်ကို ပျော်လာ၏။ ကျွန်တော်သည် ခရီးထွက်နေရခြင်းနှင့် စားနေရခြင်း၊ သောက်နေရခြင်းတို့ကြောင့် အကျေနပ်ကြီး ကျေနပ်နေမိလေသည်။ ပထမတစ်ခေါက် နှစ်ခေါက်တွင် ဝင်ငွေပိုလာသည့်အတွက် အဖေကလည်း ကျေနပ်၏။ အမေကတော့ 'ဒီကလေး ကားသမားတွေနဲ့ပေါင်းရင် ပျက်စီးမှာပဲ'ဟု ပူပန်စကားဆို၏။ အဖေ့အမြင်က တစ်မျိုး။ 'ဒါမှ ငွေကို ဘယ်လိုရှာရတယ်ဆိုတာသိပြီး နားလည်လာမှာ'ဟု ပြောလေသည်။

တစ်ခေါက်ထက်တစ်ခေါက် ကျွန်တော် လူရည်လည်လာလေသည်။

'ဦးမြစ် ကျွန်တော်တို့ ဒီတစ်ပတ် တောင်ကြီးတက်ရအောင်'

'အေး ကောင်းတယ်ကွ'

ကျွန်တော်တို့သည် မန္တလေးတွင် ကုန်များချပြီး ရှမ်းပြည်တင်မည့် ကုန်ကို ရှာကြ၏။ ကံအားလျော်စွာ ရွှေညောင်တွင် ချမည့်ကုန်ကိုရရာ ရွှေညောင်တွင် ကုန်ချပြီး တောင်ကြီးအထိ ဆက်တက်ခဲ့ကြလေသည်။

ဒရိုင်ဘာ ဦးမြစ်သည် လူပျိုကြီးဖြစ်၏။ စကားနည်းသော်လည်း ကြမ်းတမ်းခက်ထန်သော အသွင်ရှိသည်။ ရိုးသားသော်လည်း ရဲရင့်သည်။ စပယ်ယာကိုဖေဆန်းကမူ လူပုံသွက်လက် ပြုံးရွှင်သည်နှင့်အမျှလည်း လည်ပတ်လှပေသည်။ ကျွန်တော် သည်မှျ ပူးပေါင်းနေပါလျက် လစ်လျှင် လစ်သလို အတိုအလျှို လုပ်ချင်သူ။

ကျွန်တော်တို့သည် တောင်ကြီးတွင်နှစ်ရက်ကြာသည့်တိုင် ကုန်မရကြပေ။ သူ့မြို့နှင့်သူ အဆက်အသွယ်ရထားပြီးသော ကားများကသာ ကုန်ရပြီး ပြန်ဆင်းသွားကြလေသည်။ ရက်ကြာလာသောအခါ ကျွန်တော်တို့ အကြံအဖန်လုပ်ထားသော ငွေလေးများ လျော့ပါးလာ၏။

'ဂျိုး၊ ရက်ကြာရင် မင်းအဘိုးကြီး ဆူလိမ့်မယ်ကွ၊ ကုန်ရရင်ရ မရရင် အလွတ်ပြန်ဆင်းပြီး ကျောက်ဆည်လောက်ဆိုရင် ရနိုင်တယ်'

ဦးမြစ်က ပြောပါသည်။

ကျွန်တော်နှင့် ကိုဖေဆန်းက မလျှော့ချင်သေး။

'တစ်ခုတော့ ရှိတယ်'

ကိုဖေဆန်းက ပြောလာသည်။

'တူးနော့ဆဲဗင်းအိတ်က ပြောတယ်၊ သူတို့ရထားတဲ့ ကြက်သွန်ဖြူကို တစ်ဝက်မျှယူချင်ယူတဲ့၊ ဒါပေမယ့် တစ်ထုပ်တော့ သယ်သွားပေးရမယ် ပြောတယ်'

ကားသမားများက သူတို့ပြောလိုသော ကားကို ကားနံပါတ်နှင့် ညွှန်း၍ ပြောသည်။ သူသည် မည်သည့်အချိန်က အခြားကားသမားများနှင့် ဆက်မိသည် မသိပေ။ သူ့အပြောအရမူ အပေးအယူလုပ်ခြင်းဖြစ်၏။ သူတို့ကုန်ကို မျှတင်ပေးမည်။ သူတို့ပစ္စည်းတစ်ခုကို သယ်သွားပေးရမည်။ ထိုအချိန်က ဘိန်းဖြူကူးသန်းမှု မရှိသေး။ ဘိန်းစိမ်း။

'ကိုစိန်မောင်က ဒါမျိုးလုပ်တာ လုံးဝ ကြိုက်တာမဟုတ်ဘူးကွ၊ ပြဿနာပေါ်ရင် ခက်မယ်'

ဦးမြစ်က တားသေး၏။ သို့သော် ခွဲတမ်းအနေဖြင့် မြက်မြက်လေး ရမည့်အရေးကို ထည့်တော့စဉ်းစားမိပုံရသည်။

'ဒီဘက်မှာတော့လုပ်နေကျပဲ၊ မဆန်းတော့ပါဘူး၊ သူတို့အဖွဲ့တွေက တစ်လမ်းလုံး ပေးကမ်းပြီးသား၊ နောက်ပြီး ကျွန်တော်တို့ကားက တစ်ခါမှ မဆွဲဘူးတော့ ရှာမှာ မဟုတ်ဘူး'

ကိုဖေဆန်းက ပြောသည်။

မင်းတွက်ကိန်းက မှားတယ်ကွ၊ တစ်ခါမှမလာဘူးတဲ့ ကားကိုမှ ဖိရှာတာ၊ ဒါမျိုးရမှ သူတို့အတွက် ဖမ်းမိတယ်ဆိုတဲ့ မှတ်တမ်းလဲဝင်မယ်၊ အပေးအယူလုပ်ထားတဲ့လူတွေကိုလဲ လွှတ်လိုက်လို့လွယ်တယ်၊ ဒီတော့ ဒီလိုလုပ်ကွာ၊ တို့နဲ့ပစ္စည်းထည့်ပေးချင်ရင် သူတို့လူတစ်ယောက်ပါ လိုက်ခဲ့၊ ပြဿနာပေါ်ရင် သူတို့ဘာသာရှင်း'

နောက်ဆုံးတော့ ကျွန်တော်တို့သည် မကင်းလွတ်သော ကုန်များကို တင်ကာ အပေးအယူလုပ်တတ်လာကြတော့၏။ တစ်ခါတစ်ရံ ကန့်သတ်ကုန်ပစ္စည်းများကို ညှပ်၍ တင်သည်။ ထိုအတွက် ကျွန်တော်တို့ မြိုးမြိုးမြက်မြက် ရကြလေသည်။ အဖေသည် ကျွန်တော်တို့တင်သော ကုန်များကိုသာကြည့်ပြီး ကားခရလျှင် ကျေနပ်သည်ဖြစ်ရာ ကျွန်တော်တို့ လုပ်ရပ်ကို မသိပေ။ ကျွန်တော့်အတွက် အဖေပေးသောငွေသည် အသေးအဖွဲ ဖြစ်နေပြီ။ သို့သော် အဖေမသိဘဲရသော ဝင်ငွေသည်လည်း ကျွန်တော့်တွင် ဘယ်တော့မှ မမြဲ။ ကျွန်တော့်ကို ဒုက္ခပေးတာ တစ်ခုပဲရှိသည်။ ဖဲ။

ကျွန်တော်သည် ဖဲရှုံးလိုက်၊ အရက်သောက်လိုက်ဖြင့် တကယ့်ကားသမားတို့၏ ဘဝတွင် ကျင်လည်နေပေပြီ။ တစ်ခါ ကျွန်တော်တို့ အပြောင်းအလဲအဖြစ် ကျောက်မဲဘက် ခရီးထွက်သည်။ ကျွန်တော့်အတွက်တော့ အကစားဘက်နယ်ကျယ်လာခြင်းသာ ဖြစ်လေသည်။ ကျွန်တော် စွဲလမ်းစရာ ကစားနည်းတစ်ခု တိုးလာသည်။ လေးကောင်ဂျင်။ ကျွန်တော် ဝိုင်းက မခွာနိုင်တော့ပေ။ ကျောက်မဲတွင် နဂိုကပင် အဖေ၏ မိတ်ဆွေများ

ရှိလေရာ ကျွန်တော်တို့ လိုချင်သည့် ကုန်ကို ကြာကြာမစောင့်ရပါ။ သို့သော် ကျွန်တော် ဂျင်ရှုးနေသည့်အခေါက်ဆိုလျှင် လေးငါးရက် ပိုကြာသွားတတ်လေသည်။

ဒရိုင်ဘာဦးမြစ်သည် ကျွန်တော့်ကို တားဆီးစပြုလာ၏။

'မင်းအဘိုးကြီးက ရရာကုန်ကိုတင်ပြီး မြန်မြန်ဆင်းလာစေချင်တာ၊ မင်း လုပ်ပုံနဲ့ဆိုရင် ငါတို့ပါအလုပ်ပြုတ်မယ်'

ကိုဖေဆန်းကမူ ကျွန်တော်နှင့် တစ်ဂိုဏ်းထဲဖြစ်၏။ ကျွန်တော် သွားလေရာ ပါတတ်ပြီး ကျွန်တော်ပေးကျွေးသမျှ စားနေရ၍ ကျွန်တော့်အလို ကိုသာ လိုက်လေသည်။

'ဒီတစ်ပတ် ဦးမြစ်တို့ဆင်းနှင့်၊ ကျွန်တော် နေရစ်မယ်'

'ဟေ ဘယ်ဖြစ်မလဲ၊ မင်းအဘိုးကြီးက ဆူလိမ့်မယ်'

'ကျွန်တော် ကောင်းကောင်းနေမကောင်းလို့ နောက်တစ်ခေါက် ကုန်တွေရှာရင်း နေရစ်တယ်ပြောဗျာ'

ထိုအခေါက်က ကိုဖေဆန်းသည် မဆင်းခင် အခြားကားသမား များနှင့် အလုပ်ရှုပ်နေသည်ကို တွေ့ရလေသည်။ ကျွန်တော်သည် ဂျင်စွဲနေ၍ ဂရုမထားမိ။ ထုံးစံအတိုင်း ကျွန်တော့်လက်ထဲတွင်နိုင်ငွေ ထောင်ကျော် ပိုက်မိနေသည်။ ကျွန်တော်သည် ငွေတစ်သောင်းလောက်များရလျှင် မထွေးရီကို ခိုးပြေးမည်ဟု စိတ်ကူးမိလေသည်။

ဖြစ်ချင်တော့ ထိုအခေါက်တွင်မှ ပြဿနာပေါ်သည်။ တရားခံက ကိုဖေဆန်း။

ကိုဖေဆန်းသည် မြို့ပေါ်မှ ကုန်သည်အချို့နှင့် အပေးအယူလုပ်၍ မလွတ်ကင်းသည့် ကုန်အချို့ကို သူတစ်ယောက်တည်းသဘောနှင့် လျှို့ဝှက် တင်ဆောင်သွားခဲ့လေသည်။ လမ်းတွင် ပြဿနာပေါ်တော့သည်။ ရှာဖွေ ရေးနှင့် တိုး၏။ ဦးမြစ်ကလည်း သူမသိသည့်ကိစ္စမို့ ကားကို ရဲရဲဝံ့ဝံ့ ရပ်ပေးသည်။ တကယ်တော့ ကိုဖေဆန်း မလည်ရှုပ်လုပ်သည့်ဇာတ်။

တစ်ဖက်နှင့် အပေးအယူလုပ်ထားသည် မဟုတ်လေရာ တစ်သောင်းဖိုးသမား ကို လွှတ်၍ တစ်ထောင်ဖိုးသမားကို ဖမ်းခြင်းဖြစ်လေ၏။ ဤတွင် ကားရော ပစ္စည်းတွေပါ မန္တလေးရဲဌာနတွင် သောင်တင်နေလေသည်။

ကျွန်တော်ကား ကားပြန်အတက်အလာကိုစောင့်ရင်း ဂျင်ပိုင်းတွင် ထိုင်ကောင်းဆဲ။ ထုံးစံအတိုင်း ကျွန်တော့်မှာရှိသော ငွေစများလည်း လျော့ပါး၍နေပြီ။

ဦးမြစ်သည် ကားပိုင်ရှင်ဖြစ်သူအဖေ့ကို လှမ်း၍ အကြောင်းကြား ရသည်။ တာဝန်ရှိသူမှာ ကားပိုင်ရှင်သာဖြစ်လေရာ အဖေ အရေးယူခံရ လေတော့၏။ နောက်ဆုံး အဖေက သူ ဘာမျှမသိသည့်ကိစ္စ ဖြစ်သည့် အားလျော်စွာ ငွေအားနှင့်ဖုံးဖိမှ အမှုမှ လွတ်မြောက်သွားသည်။ အဖေသည် ကိစ္စအားလုံးပြီးသည်နှင့် ကျွန်တော့်နောက်ကို လိုက်လာလေတော့သည်။

ကျွန်တော်သည် ကားသမားအချို့၏ သတင်းပေးမှုကြောင့် အကျိုး အကြောင်းကို သိနှင့်လေပြီ။ သည်တွင် ကျွန်တော် အဖေ့ကို ရင်မဆိုင်ရဲ၊ ကျွန်တော် ပြေးလေ၏။ ကျွန်တော်သည် မော်လမြိုင်မှ ကားတစ်စီးနှင့် လိုက်သွားကာ မော်လမြိုင်တွင် သောင်တင်နေလေသည်။

ကျွန်တော့်အဖြစ်များကား ဆန်းကြယ်လှသည်မဟုတ်သော်လည်း မယုံနိုင်စရာတွေ များလှပေသည်။ ကျွန်တော်သည် လက်ဖျားငွေသီးနေသော သူဌေးသားဘဝမှ နေ့ချင်းညချင်း ရွှေ့လျောကာ လမ်းပေါ်မှ အခြေအနေမဲ့ ဘဝသို့ ရောက်သွားပြန်လေသည်။

# ၁၁

ကျွန်တော် အိမ်ကိုလည်း ပြန်ချင်စိတ်မရှိတော့ပါ။ အိုးအိမ် အတည်တကျ မရှိဘဲ အစုန်အဆန်သွားနေရသည့်ဘဝတွင် ကျွန်တော် ပျော်ပိုက်မှန်းမသိ ပျော်ပိုက်နေမိ၏။ ကျွန်တော့်လက်ထဲတွင် ငွေတစ်ပြားမှ မရှိ။ ကျွန်တော်သည် သူများကား၏ စပယ်ယာဘဝဖြင့် ခိုင်းသမျှကို ပင်ပန်းဆင်းရဲစွာ လုပ်နေရလေသည်။

တစ်နေ့တွင် ကျွန်တော်တို့ ကားရပ်နားခိုက် ဦးမြစ်နှင့် တွေ့ပါသည်။ ဦးမြစ်မောင်းလာသောကားသည် ကျွန်တော်တို့ကား မဟုတ်တော့ချေ။ ဦးမြစ်သည် လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ထိုင်နေသော ကျွန်တော့်ကို တွေ့တွေ့ချင်း ပြေးလာ၏။

'ဟေ့ ဂျိုး၊ မင်း ဘယ်ပျောက်နေတာလဲ၊ မင်းကွာ တော်တော်ခက်တဲ့ကောင်'

ကျွန်တော်၏ရုပ်သည် အသားများမည်းကာ ပိန်ချုံး၍ မြင်မကောင်းအောင် ဖြစ်နေလိမ့်မည်ကို ကျွန်တော် သိပါသည်။ ဦးမြစ်သည် ကျွန်တော့် ပခုံးကို ပုတ်ရင်း စုပ်တသပ်သပ် ဖြစ်နေလေသည်။

'ဦးမြစ်၊ ဘယ်သူ့ကားမောင်းလာတာလဲ၊ အဘိုးကြီးက အလုပ်ထုတ်လိုက်လို့လား'

'အလုပ်ထုတ်ပစ်ရုံတင် မဟုတ်ဘူး ငါ့လူရေ၊ ကားပါတစ်ခါတည်းရောင်းပစ်တာကွ'

'ဟင် ဝမ်းဆဲဗင်းအိတ်ဝမ်းကြီး မရှိတော့ဘူး'

ကျွန်တော်သည် ကားကိုတော့အလွန်ခင်တွယ်ပါသည်။ ကျွန်တော်တို့အတွက် အကျိုးပေးသောကားကို အဖေ ရောင်းပစ်သည်ဆို၍ စိတ်ထိခိုက်သွားပါသည်။

'အေးလေ၊ သူ့မှာလဲ တရားစွဲခံရ၊ ပိုက်ဆံလဲ ကုန်ရဆိုတော့ စိတ်နာမယ်ဆိုလဲ နာစရာပေါ့၊ ဒါနဲ့ မင်းက ဘာလို့ အိမ်မပြန်တာလဲ၊ ခုလောက်ဆို အဘိုးကြီး စိတ်ပြေပါပြီကွ'

'ကျွန်တော် သိပါတယ်ဗျ၊ မပြန်ချင်သေးလို့'

'ဘာလဲ၊ မင်းက ငွေလေးရှာလိုက်၊ ဖဲလေးရိုက်လိုက် လုပ်နေချင်သေးတယ်ပေါ့ ဟုတ်စ၊ အေး၊ မင်း ပြန်ရင်တော့ ကောင်းမယ်ကွာ၊ မင်းအမေလဲ နေမကောင်းဘူးလို့ ပြောတယ်'

'အမေ နေမကောင်းဘူး ဟုတ်လား'

'အေး'

ဦးမြစ်နှင့် လမ်းခွဲသောအခါ ကျွန်တော့်မှာ တွေဝေငေးငိုင်နေမိပြန်ပါသည်။ တကယ်တော့ ကျွန်တော်သည် ကျွန်တော်၏ ပေါ့လျော့မှုကြောင့် အဖေ ငွေကုန်လူပန်းဖြစ်ရသည့်ကိစ္စတွင် ကျွန်တော့်ကို ဆူပူမာန်မဲမည်ကို ကြောက်သည်ထက် အဖေ၏ အားထားမှုမခံရတော့၍ အဖေ့ တူ တူမများကို ရှက်တာလည်း ပါပါသည်။

ယခုဆိုလျှင် ကျွန်တော် အိမ်ပြန်ရန် သင့်ပြီ ထင်ပါ၏။

ကျွန်တော်သည် ဘာမျှမရှိသော အထုပ်အပိုးကိုပြင်ကာ ပဲခူးသို့ ပြန်လာလေသည်။ သည်တစ်ခါ အိမ်ကိုပင် တိုက်ရိုက်ပြန်ခဲ့ပါသည်။

လမ်းထိပ်တွင်အောင်အောင်နှင့် ဦးစွာတွေ့ရလေ၏။ အောင်အောင်သည် ယခင်ကလို မဟုတ်ဘဲ ကျွန်တော့်ကို တွေ့တွေ့ချင်း စက်ဘီးပေါ်မှဆင်းကာ အရေးတကြီး အမူအရာဖြင့် ပြောလေသည်။

'ဂျိုး၊ မင်းအမေကို ဒီနေ့ပဲ ရန်ကုန်ဆေးရုံ ပို့လိုက်ရတယ်၊ နေမကောင်းဖြစ်နေတာ ကြာပြီ'

ကျွန်တော် အိမ်ရောက်အောင် လှမ်းလာခဲ့၏။ မတူးသည် ဈေးရောင်း နေရာမှ ကျွန်တော့်ကို တစ်ချက်သာ မော်ကြည့်လေသည်။ ဂိုဟ်သတ္တဝါကောင် ပြန်လာပြီဟူသည့် အဓိပ္ပာယ်။ အိမ်တွင် အဖေလည်းမရှိပေ။ အမေ့ကို ဆေးရုံတင်ရာတွင် လိုက်ပါသွားပေပြီ။

ကျွန်တော်အိမ်ပြင်သို့ ပြန်ထွက်ခဲ့၏။

ကျွန်တော်သည် ခင်စိုးမောင်အိမ်သို့သွားကာ အရက်ကို မိုးလင်းအောင် သောက်ပစ်မိလေသည်။

*

'ဂျိုး၊ နင် ဒုက္ခပေးလှချည်လားဟင်၊ အမေဟာ နင့်အတွက်နဲ့ ဘယ်လောက် စိတ်ဆင်းရဲရလဲ၊ နေမကောင်းတဲ့ကြားက နင့်သတင်းကို စုံစမ်းရ၊ ဗေဒင်တွေမေး၊ ယတြာချေနဲ့ ဗျာကိုများနေတာပဲ၊ အခု အမေ အိပ်ရာပေါ်လဲနေတာတောင် နင့်ကို တဖွဖွမေးနေပြီ၊ နင်အမေ့ကို သနားပါဦးလားဟဲ့'

မမြသည် ကျွန်တော့်ကို အပြစ်မဆိုစဖူးဆိုကာ ငိုလေသည်။ ကျွန်တော် အမေ့ကို တွေ့ရန် ရန်ကုန်ရောက်လာချိန်ဝယ် အဖေ ပဲခူးပြန်သွားသည်နှင့် တိုးသဖြင့် တော့လွဲ လွဲသွားကြလေသည်။ ကျွန်တော်လည်း အဖေ့ကို မတွေ့ချင်လှပါ။

'အမေ့ရောဂါက ဘာရောဂါလဲ'

'အစာအိမ်ရောဂါ၊ နင့်အတွက် စိတ်ဆင်းရဲတာလဲ ပါတယ်'

ကျွန်တော်သည် အမေ့ကို မတွေ့ရသေးပါ။ မမမြသည် ကျောင်းပိတ်ထားပြီဖြစ်သော်လည်း အမေ့ကိုပြုစုရန် အဖေ့အစ်ကို ဝမ်းကွဲ တစ်ယောက်အိမ်တွင် နေနေရလေသည်။ အဖေ့အစ်ကို ဦးလေးသောင်းက စမ်းချောင်းမှာနေသည်။ ကျွန်တော်တို့ငယ်စဉ် ရန်ကုန်လာတိုင်း ဦးလေးသောင်းအိမ်မှာတည်းလေ့ရှိသည်။ ဦးလေးသောင်းနှင့် သူ့ဇနီး ဒေါ်ဒေါ်ဌေးသည် မတူးနှင့် အောင်အောင်တို့ကို ချစ်ခင်ကြဟန်ရှိသော်လည်း ကျွန်တော်နှင့်မမမြကိုတော့ လိုက်လိုက်လဲလဲ မရှိလှပေ။ မမမြက မယားပါသမီးဖြစ်ကာကျွန်တော်က မွေးစားသား မဟုတ်ပါလား။ သည်ကြားထဲက ကျွန်တော်ကလူဆိုးစာရင်းဝင်။ မမမြအပြောအရဆိုလျှင် အဖေသည် ကားရောင်းလိုက်ရ၍ဝင်ငွေလျော့သွားသည့်အထဲ အမေ နေမကောင်းသဖြင့် ငွေများစွာကုန်နေလေသည်။

ကျွန်တော် ဆေးရုံဖွင့်ချိန်တွင် အမေ့ကို သွားတွေ့ပါသည်။
အမေသည် အရိုးပေါ် အရေတင်လျက် ရှိချေသည်တကား။
'သား တိုးအောင်'

အမေက ကျွန်တော်၏ဇာတာနာမည်ကို ခေါ်လျက် မျက်ရည်တွေစီးကျလာပါတော့သည်။ အမေသည် သူနာပြုဆရာမတိုက်သော ဆံပြုတ်ကျဲကျဲကိုပင် အနိုင်နိုင်အားယူကာ သောက်နေလေသည်။ ကျွန်တော်ခေါင်းကိုငုံ့လျက် အမေ့နားတွင် ဝင်ထိုင်လိုက်ပါသည်။ အမေသည်ခေါင်းအုံးကို မှီထားရာမှ ကျွန်တော့်ရင်ခွင်ကို ပြောင်း၍ မှီပါသည်။ ပြီးမှမမမြခွံ့သော ဆန်ပြုတ်ကို သောက်လေသည်။ မမမြသည် ခေါင်းငုံ့လျက်မျက်ရည်ကျနေ၏။

'ငါ့သားကိုမှီရတာ အားရှိလိုက်တာ'
အမေ၏ တစ်ခွန်းတည်းသောစကား။

ကျွန်တော်သည် ကျွန်တော့်ကို ဝမ်းနှင့်လွယ်၍ မွေးထုတ်ခြင်းမပြုခဲ့သော မိခင်တစ်ယောက်အတွက် ပထမဦးစွာ မျက်ရည်ကျမိပေ၏။

ကျွန်တော့်ဘဝတွင်အလိုအပ်ဆုံး၊ ကျွန်တော် အတောင့်တဆုံးသော မိခင်။ ထိုမိခင်သည် မည်သူနည်း။

'သား၊ မင်း မမိုက်ပါနဲ့ကွယ်၊ မင်းအဖေဟာ မင်းကို အားကြီး အလိုလိုက်ခဲ့တယ်၊ အမေကတားပေမယ့် မရခဲ့ဘူး၊ ခုတော့ မင်းကို မနိုင်တော့လို့ သူ သိပ်စိတ်ဆင်းရဲရတယ်၊ မင်း အိမ်ကိုပြန်ပြီး ကောင်းကောင်း မွန်မွန်နေပါကွယ်၊ မင်းလိမ်မာရင် မင်းအတွက်ချည်းပါပဲ'

ကျွန်တော် ခေါင်းကို ငုံ့ထားမိ၏။ အမေမှီထားသော ကျွန်တော့် ရင်ခွင်သည် နွေးထွေးနေ၏။ အမေ့လက်များကို ကျွန်တော်ကိုင်ကြည့်သည်။ ပျော့အိနွမ်းဖတ်နေ၏။ အမေသည် စိတ်၏ ဆင်းရဲမှုကိုလည်း များစွာ ခံစားနေရဟန် တူသည်။ အမေသည် သူ၏ စိတ်ဆင်းရဲမှုမှန်သမျှကို နှုတ်မှ ဖွင့်ဟဖော်ထုတ်ခြင်းမပြုဘဲ ကြိတ်မှိတ်ခံတတ်သူဖြစ်၏။ အိမ်ရှေ့ အိမ်နောက် မိမိလက် မိမိခြေ မစွက်ရဘဲ တူ တူမတွေ စီမံသမျှ နာခံသူ။ မိမိဘက်ကပါလာသော သမီးတစ်ယောက်အတွက် သူတစ်ပါးနှင့်အဆင်ပြေ အောင် နေနေရသူ။ ဆိုးသွမ်းလှသော ဝမ်းမနာသားအတွက် သောက ရောက်နေရသူ။

'ငါ့သား၊ မင်း အိမ်ကိုပြန်မယ်မဟုတ်လားဟင်'

'ဟုတ်ကဲ့ ပြန်ပါ့မယ်အမေ'

'အမေ ဝမ်းသာလိုက်တာကွယ်၊ မင်းအဖေကလေ မင်းကိုသာ အားကိုးချင်တာပါ၊ လိမ်လိမ်မာမာနေလိုက်စမ်းပါကွယ်'

အမေနှင့် မမမြကို ရန်ကုန်ဆေးရုံတွင် ထားခဲ့ပြီး ကျွန်တော် ပဲခူးသို့ ပြန်ပါသည်။

အဖေသည် ကျွန်တော့်ကိုမြင်သောအခါ မည်သို့သော အပြစ်တင် စကားကိုမျှ မဆိုတော့ပေ။ ဆိုရန်လည်းအင်အားရှိတော့ဟန် မတူပေ။ အဖေသည်လည်း များစွာ အိုစာသွားခဲ့လေပြီ။ အိမ်တွင်လည်း စီးပွားရေးက အစ တစ်စတစ်စ ကျဆင်းလျက်ရှိသည်။ အဖေသည် အမေ့အတွက် ဆေးကုနိုင်ရန် ငွေကို ရှာဖွေနေရလေသည်။

ကျွန်တော်သည် အိမ်ပြန်ရောက်သော်လည်း တာဝန်မဲ့စွာပင် နေနေရလေ၏။ ကျွန်တော့်ကိုလည်း ယုံကြည်မှု ကင်းမဲ့စွာဖြင့် မည်သည့်တာဝန်ကိုမျှ မပေးကြတော့။ ကျွန်တော်သည် အိမ်မှာနေလျှင်နေ၊ မနေလျှင်လည်း ခင်စိုးမောင်တို့အိမ်တွင် သွားနေလေသည်။ ခင်စိုးမောင်သည် ယခုအခါ သူ့မိန်းမနှင့် အိမ်တစ်လုံး ငှားနေလေသည်။ သူ့မိဘများနှင့် သူ့မိန်းမ အဆင်မပြေ၍ သူ့ကိုပါ အိမ်က ပစ်ပယ်ထားသည်ဟု သိရလေ၏။

ကျွန်တော်သည် ပိုက်ဆံရှိလျှင် ဖဲရိုက်တတ်သူဖြစ်၍ ပိုက်ဆံမရှိလျှင် အရက်သောက်နေတတ်သူ ဖြစ်နေသည့်အားလျော်စွာ ကျွန်တော် အရက်သောက်ပါသည်။ ယခုအခါ အဖေသည် ကျွန်တော့်ကို အားမကိုးရလျှင်နေစေတော့ ဒုက္ခမပေးရင် တော်ပြီဟု သဘောထားသည့်အလျောက် ကျွန်တော့်ကို မုန့်ဖိုး (ကျွန်တော့်အတွက်တော့အရက်ဖိုး)ကို မှန်မှန်ပေးနေလေသည်။

မတူးနှင့် အောင်အောင်တို့သည် အမေရော မမပြပါ မရှိသည့်အတွက် အိမ်တွင်အစစအရာရာ လူကြီးများသဖွယ် စီမံကွပ်ကဲနေကြလေသည်။ ကျွန်တော်သည် သူတို့နှင့် မျက်နှာချင်း မဆိုင်လိုသည်ဖြစ်၍ အားလျှင် အပြင်ထွက်ကာ အရက်သောက်နေသည်က များသည်။ ထိုသို့ ကျွန်တော်က နေလေလေ အဖေက ကျွန်တော့်ကို စိတ်ပျက်လေလေ ဖြစ်နေပေပြီ။ အဖေသည် အမေ့ဆီသွားကြည့်လိုက်၊ ပြန်လာလိုက် ဖြစ်နေချိန်တွင် ကျွန်တော့်ကိုလည်း စိတ်မချသဖြင့် ငွေရေးကြေးရေးကအစ အောင်အောင့်ကို လွှဲထားခဲ့၏။ အဖေမရှိသည့်အခါတွင် ကျွန်တော်သည် အရက်ဖိုးအတွက် ကြံရ ဖန်ရ ခက်နေတတ်သည်။ အဖေ့ရှေ့မှာ ကျွန်တော် ငွေတစ်ဆယ် ဆယ့်ငါးကျပ်ကို ဆွဲယူသွား၍ အဖေက ဘာမျှမပြောသော်လည်း သူတို့တစ်တွေရှေ့မှာ ကျွန်တော် ယူရခက်သည်။

'ဟေ့ ဂျိုး၊ ဒီနေ့ ဝိုင်းကောင်းမယ်ကွ၊ လခထုတ်ရက် လူစုံတယ်လေ၊ ငါ ဘိုင်ပြတ်နေတာ ကြာပြီ၊ အိမ်ကလဲ ခုတလော ပစ်ထားလို့ ငါ့အိမ်မှာလဲ တော်တော်ပြတ်နေပြီကွ၊ ဒီတော့ တို့ဝင်ကစားပြီး အနိုင်နဲ့လစ်ကြရအောင်'

လှေသမား၊ စက်သမားနှင့် အလုပ်သမားအချို့မှာ လခထုတ်ရက်တွင် ငွေစရှင်လေ့ရှိသည်။ ထိုအခါ သူတို့သည် ဖဲဝိုင်းတွင်အပျင်းပြေသော်လည်းကောင်း၊ ဝါသနာအရသော်လည်းကောင်း ဝင်ထိုင်လေ့ရှိပေသည်။ ခင်စိုးမောင်က ဘိုင်ပြတ်၍ ဖြတ်လမ်းကကြံခြင်းဖြစ်ရာ ကျွန်တော်ကလည်း သဘောတူလိုက်သည်။ တစ်ခုတော့ရှိသည် သည်တစ်ခါ ရှုံး၍မဖြစ်။ နိုင်ချိန်တွင် မလိမ့်တပတ်နှင့် ထပြန်ရန်ဖြစ်သည်။ ခင်စိုးမောင်ကလည်း အတန်တန် သတိပေးသည်။

'ဂျိုး၊ ရှုံးလို့မဖြစ်ဘူးနော်၊ ခါတိုင်းလို ဖဲနတ်ပူးပြီး ဆက်ထိုင်မနေနဲ့'

'အေးပါ၊ ဒါနဲ့ ကစားဖို့ငွေရင်းကကော မင်းမှာရှိသလား'

'ဟေအေး မရှိဘူး၊ မင်းမှာကော'

'ဘယ်ရှိမလဲကွ၊ ငါက မင်းရှိတယ်မှတ်တာ'

'မရှိဘူးကွ၊ ငါ့အိမ်က လောလောဆယ် ငါ့ကို စိတ်ဆိုးနေလို့ အိမ်ပေါ် အတက်မခံဘူး၊ ဒါပေမယ့် မကြာပါဘူး၊ ပြန်ခေါ်မှာပါ၊ ခုမင်းအိမ်က တစ်ခုခု အကြံအဖန်လုပ်ခဲ့ကွာ'

'ဟာ မလွယ်ဘူးကွ၊ ဟိုနှစ်ယောက်က ငါ့ကို မျက်စိဒေါက်ထောက်ကြည့်နေတာ'

'မင်းကလဲကွာ ရပါတယ်၊ လုပ်စမ်းပါ၊ ငါ အရေးတကြီးလိုနေလို့၊ မိန်းမကလဲ နားပူလှပြီ'

ကျွန်တော်သည် စိတ်ဆုံးဖြတ်ကာ အိမ်ကို ပြန်လာခဲ့သည်။ ကျွန်တော်တို့ ဖဲဝိုင်းမထိုင်သည်မှာ ကြာပြီ။ လက်ထဲမှာ ငွေပြတ်နေတာလည်း ကြာပြီ။ ခင်စိုးမောင်ပြောသလိုပင် သည်တစ်ခါ ငွေရအောင်ဖဲရိုက်ဖို့လို၏။

အစပထမတွင် ကျွန်တော်သည် အမြဲလိုလို နိုင်တတ်သည် မဟုတ်ပါလား။ အရေးကြီးသည်မှာ စိတ်ကို နိုင်အောင် ပိုင်းဖို့။

အိမ်တွင် မတူးတစ်ယောက်သာ ရှိလေသည်။ မတူးသည် ထုံးစံအတိုင်း အိမ်ရှေ့ပြေးလိုက်၊ နောက်ဖေးပြေးလိုက် ဖြစ်နေသည်။ မတူးသည် ကျွန်တော့်ကို မသင်္ကာသော်လည်း ရဲရဲမကြည့်ဝံ့ပေ။ ကျွန်တော် အိမ်ထဲမှာ ခေတ္တနေလိုက်သည်။ မတူးဆိုင်ရှေ့ထွက်သွားခိုက် အိမ်ထဲမှာ အဖိုးတန်ပစ္စည်း ရှာရ၏။ ပိုက်ဆံသေတ္တာက ဆိုင်ရှေ့မှာမို့နှိုက်ရန်မလွယ်။ အိမ်ရှိ ပစ္စည်းများမှာလည်း များများစားစား မရှိ။ အဖေသည် ငွေကို ကောင်းကောင်းရှာ၍ ကောင်းကောင်းစား၊ ကောင်းကောင်းသုံးသော်လည်း အိမ်တွင် ပစ္စည်းကောင်းကောင်းဝယ်ထားသောအကျင့် မရှိပေ။ အဓိက ငွေရှာပြီး ရွှေဝယ်ထားလေ့ရှိသည်။ ရွှေက မီးခံသေတ္တာထဲမှာ။

နောက်ဆုံးတော့ အတွင်းခန်းမှာ ထောင်ထားသော လျှပ်စစ်မီးပူ တစ်ခုသာ လွယ်လွယ်ကူကူ ကျွန်တော်မြင်လေသည်။ ဟုတ်ပြီ။ မတူးသည် တစ်ယောက်တည်းမအားသဖြင့် မီးပူမတိုက်နိုင်သေး။ ယခု မီးပူကိုယူသွားပြီး နေ့ပြန်တိုး အပေါင်ခံစားသော ဒေါ်ဆင့်ဆီမှာ ငါးဆယ်ရရ၊ တစ်ရာရရ ပေါင်။ ပြီး ဖဲဝိုင်းဝင်၊ နိုင်လျှင်ပြန်ထ၊ မီးပူပြန်ရွေး အိမ်ပြန်။

ကျွန်တော်သည် မတူးအလုပ်ရှုပ်နေခိုက် မီးပူကို အဝတ်တစ်ခုဖြင့် ရစ်ပတ်ကာ လွယ်အိတ်တစ်လုံးထဲ ထည့်ပြီး လစ်ထွက်ခဲ့လေသည်။

ဖဲဝိုင်းရောက်သည်အထိ ကျွန်တော်တို့အဆင်ပြေနေ၏။ ဒေါ်ဆင့်ကို တောင်းတောင်းပန်ပန် ပြောရာ ငွေတစ်ရာရခဲ့သည်။ ကျွန်တော်တို့ နှစ်ယောက် တစ်အိမ်တည်း ဝင်ထိုင်သည်။

ကျွန်တော့်ဖဲသည် အစ ဗွေဆော်ဦးကပင် ဖဲမဲတွေများလျက် အတွဲမမိဘဲ ဖြစ်နေလေသည်။ တစ်ခါမျှ ထိုသို့မဖြစ်ဘူးပေ။ ပိုကာသည် ကျွန်တော့်လက်သို့ မြွားဦးပင်မလှည့်။ သူများဒေါင်းသွားချိန်တွင် ကျွန်တော့် လက်ထဲမှာ တွဲမရသောဖဲတွေ ခုနစ်ချပ် ရှစ်ချပ် အမြဲကျန်နေသည်။

အလယ်အိမ်ကိုလည်း တစ်ခါမျှ မစားရဘဲ ကိုယ်ကချည်း မှန်မှန်ပံ့ပိုး နေရသည်။ ခက်ပကော။

ကျွန်တော့်ကို ဖယ်စေကာ ခင်စိုးမောင် ဝင်ပြန်၏။ မထူး။ ဖဲဝိုင်းတစ်ဝက်မကျိုးခင် ကျွန်တော်တို့ ငွေပြောင်ပြီ။

'ဘယ့်နှယ်လုပ်ကြမလဲ ခင်စိုးမောင်၊ ငါ့အဘိုးကြီးလဲ ဒီနေ့ ပြန်လာမှာ၊ ဟိုကိစ္စသိသွားရင် မိုးမီးလောင်မှာဘဲ'

'မင်းထွက်လာတော့ ဘယ်သူမြင်လဲ'

'ဘယ်သူမှတော့ မမြင်ဘူး၊ ဒါပေမယ့် ငါအိမ်ထဲဝင်သွားတော့ မတူးကြည့်နေတယ်'

'မရိပ်မိတန်ကောင်းပါဘူးကွာ'

'ဒါပေမယ့် ငါ့ပဲ ထင်မှာပေါ့ကွ'

ကျွန်တော်တို့သည် ဒေါ်ဆင့်ဆီသွားကာ တောင်းပန်ကြည့်ကြပါ သေးသည်။

'ခင်စိုးမောင်၊ မင်း အရင်တစ်ပတ်က နာရီလဲ ခဏပြန်ပေးပါ လာရွေးပါ့မယ်ဆိုပြီး ယူသွားတာ ဘယ်မလဲ တစ်ပြားမှလဲ မရဘူး'

မိန်းမကြီးက ခါးခါးသီးသီး ငြင်းနေလေသည်။

ကျွန်တော်သည် ဖြစ်ချင်ရာဖြစ်ဟု သဘောထားကာ မိုးချုပ်မှောင်မှ အိမ်သို့ပြန်လာခဲ့၏။ ကျွန်တော်ထင်သည့်အတိုင်း အဖေ ပြန်ရောက်နေ လေပြီ။ အဖေက ကျွန်တော့်ကို တွေ့တွေ့ချင်း အင်္ကျီကုတ်ပိုးစကို လှမ်းဆွဲလိုက်ပါသည်။

'မင်း မင်း၊ ဘယ်လိုလဲကွ ဟင်၊ အလုပ်လဲကောင်းကောင်းမလုပ်၊ အိမ်မှာနေတော့လဲ ကောင်းကောင်းမနေ၊ ခု မင်း အိမ်က ရှိသမျှပစ္စည်းကိုပါ ခိုးရောင်းပြန်ပြီ၊ မင်း မနေနဲ့တော့ သွား ဆင်းသွား'

အဖေက ကျွန်တော့်ကို ဆောင့်တွန်းလိုက်ရာ ကျွန်တော်သည် ရှက်လည်း ရှက်၊ ဒေါသလည်းထွက်၊ အရက်ကလည်း မူးမူးနှင့် အဖေ့ ကို ပြန်၍ လက်နှင့်ခံလိုက်ရာ အဖေ့မျက်နှာကို ထိသွားပါသည်။

'မဆင်းဘူးဗျ၊ ကျွန်တော် မဆင်းဘူး၊ ဆင်းရင် တခြားလူတွေပဲဆင်းရမှာ ဒီအိမ်ဟာ ကျွန်တော့်အိမ်၊ အိမ်ထဲကရှိတဲ့ပစ္စည်းလဲ ကျွန်တော့်ပစ္စည်းပဲ ကျွန်တော်နဲ့ဆိုင်တယ်'

ကျွန်တော်သည် ဟိုနှစ်ယောက်ကို ပြောချင်သဖြင့် ထင်ရာကို ပြောချလိုက်ခြင်း ဖြစ်ပါသည်။

'ဟင်၊ မင်း လူပါးဝလှချည်လား၊ ဒီအိမ်ကပစ္စည်းက ငါ့ရှာထားတာကွ၊ မင်း လုပ်ချင်ရာလုပ်ဖို့မဟုတ်ဘူး၊ မင်းထင်ရာလုပ်ပြီး အိမ်ကပစ္စည်းကို ခိုးထုတ်တယ်၊ သူခိုး၊ ခွေးသူခိုး'

'ကျုပ် မခိုးဘူးဗျ'

'အံမယ်၊ မင်း တယ်ရိုင်းပါလား၊ မင်းမခိုးလို့ ဘယ်သူခိုးမလဲ၊ ဟင် ခွေးကောင်၊ ဂွိုဟ်ကောင်၊ အလကားကောင်'

'မခိုးဘူးဗျ၊ မခိုးဘူး'

တကယ်တော့ ကျွန်တော် ခိုးခြင်းမဟုတ်ဟု ကျွန်တော့်ဘာသာ ခိုင်လုံ၏။ ကျွန်တော်သည် စိတ်ဆိုးဆိုးနှင့် အော်မိအော်ရာ အော်ဟစ်ပြီး အဖေ့ကိုလည်း လက်ဖြင့် ခုခံကာကွယ်ရာ အဖေ့မှာ ကျွန်တော့်ဒဏ်ကို မခံနိုင်တော့ဘဲ လဲကျသွားပါသည်။

'ဂျိုး၊ မင်း သိပ်လွန်တယ်၊ ငါ ဦးလေးကိုသနားလို့ နေနေတာ၊ မင်းလုပ်ပုံတွေ နည်းနည်းမှမဟုတ်ဘူး၊ မင်းဟာ ကျေးဇူးရှင်ကို ကျေးစွပ်တဲ့ကောင်ပဲ'

အောင်အောင်က အဖေ့ကိုဆွဲထူရင်း ကျွန်တော့်ကို မီးထွက်မတတ် မျက်လုံးများဖြင့် ကြည့်ကာ ပြောလာပါသည်။

'သြော်၊ ငါက ကျေးဇူးရှင်ကို ကျေးစွပ်တယ် ဟုတ်လား၊ မင်းတို့လိုတော့ အလိမ္မာနဲ့ရသမျှယူဖို့ အကွက်ချောင်းနေတာမှ မဟုတ်ဘဲကိုးကွ'

'ဟေ့ မင်း စကားတွေ လွန်မယ်၊ ငါတို့ ဒီအိမ်မှာနေတာ မင်းတို့ ပစ္စည်းတွေမက်လို့ မဟုတ်ဘူးကွ၊ မက်စရာလဲ ဘာမှမရှိဘူး၊ ဦးလေးကို

သနားလို့ ဝင်ကူနေတာကွ၊ ဦးလေးက မင်းတို့ သားအမိတစ်တွေ နှိပ်စက်သမျှ ခံနေရတာ'

'ဘာကွ၊ မင်းတို့က နောက်မှပေါက်တဲ့ ချွေကြာပင်တွေ၊ ဟော့ မလိုဘူးကွ၊ မင်းတို့မရှိလဲ ဖြစ်တယ်၊ မင်းတို့က သွေးခွဲနေတဲ့ ကောင်တွေ'

ကျွန်တော်သည် ပြောပြောဆိုဆို အနားမှာရှိသော သစ်သားစကို ဆွဲကာ အောင်အောင့်ခေါင်းကို လွှဲရိုက်လိုက်၏။ အောင်အောင်က ရှောင်လိုက်သဖြင့် မထိပါ။ မတူးက စူးစူးဝါးဝါးအော်ဟစ်ပြီး အဖေက လည်း ဝိုင်းဝန်းဆွဲသဖြင့် အောင်အောင် ကျွန်တော့်ကို အခဲမကျေသော မျက်လုံးများဖြင့်ကြည့်ရင်း အဖေ့လက်မှ ရုန်းထွက်နေပါသည်။ အိမ်နီးချင်း များ ရောက်လာပြီး ကျွန်တော်တို့ကို ဝိုင်းဝန်းဆွဲကြ ဖျောင်းဖျကြလေ၏။

'ဂျိုး၊ မင်းအဖေကို သနားဖို့ကောင်းတယ်ကွာ၊ မင်းအမေလဲ ဆေးရုံတင်ထားရတယ်၊ လိမ်လိမ်မာမာနေပါ လူလေးရာ'

ကျွန်တော်တို့အိမ်ဘေးမှ လူကြီး ဦးဝင်းထိန်က ကျွန်တော့်ကိုဆွဲ၍ ချော့မော့ပြောဆိုလေသည်။ ကျွန်တော်သည် မောဟိုက်ပန်းလျှစွာ ထိုင်နေ သော အဖေ့ကိုကြည့်ပြီး များစွာနောင်တရမိပါသည်။ သို့သော် ကျွန်တော် ဘာမျှမပြောတော့။ ကျွန်တော်သည် အိမ်ပေါ်သို့တက်ကာ အိပ်ရာပေါ်တွင် ခြေပစ်လက်ပစ် အိပ်ပစ်လိုက်ပါသည်။

ကျွန်တော်သည် သောင်းကျန်းသူ၏သား လူဆိုးသားလျှင် ဖြစ်ပေ၏။

*

**အစ်ကို**

အစ်ကို့အကြောင်းတွေ ကြားရတာ ထွေးရီ စိတ်မကောင်းဘူး။ အစ်ကို့အမေလဲ နေမကောင်းဘူးဆို။ အစ်ကို အိမ်မှာ ကောင်းကောင်း မွန်မွန်နဲ့နေပါ အစ်ကိုရယ်။ ထွေးရီလဲ ဒီနှစ်စာမေးပွဲကျလို့ အိမ်က

သိပ်ဆူတာပဲ။ အစ်ကို့ဘဝကို အစ်ကိုကြိုးစားပြီး ရုန်းကန်မယ်ဆို။ အစ်ကို့ကို ဒုက္ခပေးနေတာလဲ အရက်နဲ့ ဖဲပဲ၊ အစ်ကို အရက်မသောက် ဖဲမရိုက်ဘဲ နေပါလား အစ်ကိုရယ်။ ထွေးရီကိုချစ်ရင် ထွေးရီစကား နားထောင်ပါနော်။ အစ်ကို အပေါင်းအသင်းလဲ ကြည့်ပေါင်းပါ အစ်ကိုရယ်။

ကျွန်တော်သည် မထွေးရီ၏စာများကို မကြာ မကြာ ရသော်လည်း ကျွန်တော် စိတ်လိုလက်ရ ရှိမှသာ စာပြန်ရေးပါသည်။ သည်မိန်းကလေး သည် ကျွန်တော်လိုကောင်ကို ဘာကြောင့် ချစ်နေမှန်း ကျွန်တော် စဉ်းစားမရပေ။ ယခုအခါ မထွေးရီသည် ကျောင်းမှထွက်၍ အလွတ်ပညာ သင်ကျောင်းတက်နေ၏။ ကျွန်တော့်ကို စိတ်မချသဖြင့် မထွေးရီနောက်က အဖော်တစ်ယောက် အမြဲပါနေရာ ကျွန်တော် မကပ်သာပေ။ သို့သော် မထွေးရီသည် ခင်အောင့် ညီမလေးမှတစ်ဆင့် ကျွန်တော့်ဆီ စာတွေ ရေးရေးပို့နေလေသည်။ ဒုက္ခရှာချင်တဲ့ မိန်းကလေး။

ယခုအထိ ကျွန်တော်သည် မိန်းကလေးတစ်ယောက်ကို စွဲစွဲ လမ်းလမ်း ချစ်ရမှန်း မသိသေးပေ။ ဘာကြောင့် ထိုသို့ဖြစ်ရသည်ကိုလည်း ကျွန်တော် မသိ။ ခင်စိုးမောင်တစ်ယောက် မိန်းမ မရခင်က သူ့အိမ်မှာ လုပ်ချင်ရာလုပ်၊ လေချင်ရာလေနေသည်ကို သူ့မိဘများက ခွင့်လွှတ်သော် လည်း ယခု မိန်းမရပြီးမှ အဆင်မပြေဖြစ်နေသည်ကို ခွင့်မလွှတ်နိုင်ခြင်း မှာလည်း ဆန်းသည်။ မိန်းမသည် အနှောင်အဖွဲ့တစ်ခုပင် မဟုတ်ပါလား။ ကျွန်တော်သည် မည်သည့်အနှောင်အဖွဲ့ကိုမျှ မလိုလားချေ။

အဖေ ရန်ကုန်မှပြန်လာတိုင်း အမေ၏ ကျန်းမာရေးအခြေအနေကို ကြားသိရပါသည်။ အမေ့ရောဂါ မသက်သာပါ။ ခွဲစိတ်ကုသရမည်ဟု သိရလေသည်။ ကျွန်တော် အမေ့အတွက် စိတ်ပူပါသည်။ သို့သော် ကျွန်တော့်လို လူဆိုးပါးစပ်မှ စိုးရိမ်စကား ထွက်၍လည်း မည်သူမျှ အရေးထားလိမ့်မည် မဟုတ်ပါ။

ကျွန်တော်သည် တာဝန်မဲ့စွာဖြင့် သွားလာနေထိုင်ရပြန်ပါသည်။ အိမ်ကလည်း ကျွန်တော့်ရန်ကိုကြောက်၍ ပန်းကန်ခွက်ယောက်ကအစ သော့ခတ်၍ သိမ်းနေလေ၏။ သည်ကြားထဲ အောင်အောင်က သူ့ဖခင်ရှိရာ ပြန်မည်ဟု အဖေ့ကိုပြောရာ အဖေက ငိုကြီးချက်မ တားဆီးနေပါလေသည်။ အမေ့ကျန်းမာရေးက မရေရာ။ သေမလား ရှင်မလား မသိ။ ထိုအချိန်တွင် အဖေသည် သူ၏ သွေးမပါသော သားသမီးတွေကို အားပြုရပ်တည်ရန် စိတ်ကူးပုံ မရတော့ပါ။

မမမြသည် အေးဆေးသည် မှန်သော်လည်း အလွန်မာနကြီးသော မိန်းကလေးဖြစ်မှန်း ကျွန်တော် တစ်စတစ်စ နားလည်လာ၏။ မမမြသည် အိမ်မှာနေစဉ်ကပင် အဖေ့ကို အဖေရယ်ဟူ၍ စကားတစ်ခွန်းမျှ ဟက်ဟက် ပက်ပက် မပြောခဲ့လေတကား။

မမမြသည် အဖေ့လက်နှင့် မပေးလျှင် မည်သည့်ပစ္စည်းကိုမျှလည်း မယူမသုံးပေ။ အမေ စီမံခန့်ခွဲပေးသမျှ အဝတ်အစားကိုသာ မမမြ ဝတ်၏ စား၏။ အဖေ့ တူ တူမများ မည်သို့နေနေ မည်သို့လုပ်လုပ် မမမြ တစ်ခွန်းမျှ ဝင်မပြောတော့ပေ။ သူနှင့် မဆိုင်သလို နေ၏။ အမေ သာ မရှိလျှင် မမမြ သည်အိမ်မှာနေမည်ဟု ကျွန်တော် မထင်။

မမမြအတွက် ကိစ္စမရှိ။ သူက ပညာကိုတော့ ရအောင်သင်သွားခဲ့ပြီ။ ကျွန်တော်သာ ဟိုမရောက် ဒီမရောက်။

ကျွန်တော်သည် ကျွန်တော့်ကိုယ် ကျွန်တော် ဆုံးမကာ အိမ်တွင် သေသေဝပ်ဝပ်နေပြန်လေသည်။ သို့သော် ကျွန်တော် အနေကျုံ့လှပါသည်။ သံသယမျက်လုံးခြောက်လုံး၏ အောက်တွင် ကျွန်တော်နေရသည်မှာ လွတ်လပ်မှုမရှိ။ ကျွန်တော် အလုပ်တစ်ခုလုပ်ဖို့ တွေးရသည်။ ကျွန်တော် ကားစပယ်ယာဘဝဖြင့် မော်လမြိုင်သို့ပါသွားစဉ်က မိတ်ဆွေအချို့ရှိသည်။ သူတို့ကလည်း ကျွန်တော့်လိုပင်။ အခြေအနေမဲ့လေးများ ဖြစ်၏။ သူတို့က ကျွန်တော့်ထက်ပိုဆိုးမည်။ မိဘက လုံးဝဆင်းရဲ၍ မထောက်ပံ့

နိုင်သူ။ သို့မဟုတ် မိဘမဲ့သူများ။ ကျွန်တော်ကမူ မိဘမရှိဟု မဆိုနိုင်။ ဆင်းရဲသည်ဟုလည်း ပြော၍မရ။

ကျွန်တော်သည်အဖေ့ကို ခွင့်တောင်းမိ၏။

'အဖေ၊ ကျွန်တော် ကုန်ကူးကြည့်ချင်တယ်'

'ဟေ'

အဖေသည် ကျွန်တော့်အပေါ် နမ်းတစ်စေ့မျှသော မျှော်လင့်ချက်လေးတော့ ထားရှိဆဲ ဖြစ်ဟန်တူပါသည်။

'မင်းက ဘာလုပ်မလို့လဲ'

'ကျွန်တော် မော်လမြိုင်ဘက် ကုန်ကူးချင်လို့'

'အဲဒီလမ်းက ဆိုးကဆိုးသနဲ့'

အဖေ ကျွန်တော့်အတွက် စိုးရိမ်ရာပါသည်။ တကယ်တော့ အဖေသည် ကျွန်တော့်ကို ချစ်လွန်း၍ ကောက်မွေးခဲ့သည်မှန်း ကျွန်တော် မသိမဟုတ်၊ သိပါသည်။

'ကျွန်တော် လိုက်သွားကြည့်ချင်တယ်၊ ဟိုဘက်မှာ ငရုတ်ဈေးကောင်းတယ်ပြောတယ်'

အဖေသည် ကုန်သည်ပီပီ သွေးတော့မနည်းပါ။ ကျွန်တော်သာ ကောင်းကောင်းမွန်မွန် နေခဲ့လျှင် လိုသမျှငွေ ပုံအောပေးမှာ သေချာပါသည်။ ယခုတော့ ကုန်သည်စိတ်ကတစ်ဖက် ကျွန်တော့်ကို မယုံကြည်သည်ကတစ်ဖက် ဖြစ်နေပါသည်။ ကျွန်တော်ကလည်း ယုံနိုင်စရာမှ မရှိပါပဲ။ သို့သော် အဖေသည် ကျွန်တော့်ကို ငယ်စဉ်ကပင် အလိုလိုက်ခဲ့သူဖြစ်ရာ ကျွန်တော်ပူဆာလျှင် အလိုလိုပင် စိတ်ညွတ်လာတတ်လေသည်။ ကျွန်တော်ကလည်း အဖေ၏ ပျော့ကွက်ကို ကောင်းကောင်းသိ၍နေပြီ။

'တစ်ခုတော့ရှိတယ် ဂျိုး၊ မင်း အကစားတော့ဖက်လို့ မဖြစ်ဘူး၊ မင်း ကစားတိုင်း ရှုံးတာပဲ၊ ဒီလို လုပ်နေလို့ကတော့ တစ်သက်လုံး လူမွေးပြောင်မှာ မဟုတ်ဘူး'

ဖခင်သည် မိခင်နှင့်မတူ။ တိုတိုပြတ်ပြတ်သာ ပြောတတ်သော သဘောရှိသည်ဟု ကျွန်တော် နားလည်ပါသည်။ မိခင်လိုတော့အပျော့ဆွဲ ဆွဲမနေတတ်။ ကျွန်တော် ကတိစကားကို တစ်ခါပြောရုံဖြင့် အဖေ လက်ခံသည်။

'အေး မင်းဒီတစ်ခါ အရင်အချိုးမျိုးချိုးရင်တော့ မင်းထိုက်နဲ့မင်းကံ၊ ဒီတစ်ခါ နောက်ဆုံးပဲ'

အဖေသည် ကျွန်တော့်ကို သူကိုယ်တိုင် ကုန်လိုက်ဝယ်ပေး၏။ ကိုယ်ပိုင်ကားမရှိတော့၍ သူများကားဖြင့်တင်ရ၏။ ကျွန်တော်သိသော ကားကိုပင် စောင့်တင်ပါသည်။ သွားခါနီးအဖေက မှာသည်။

'မင်းအမေကလဲ မကျန်းမာတော့ ကြာကြာတော့မနေနဲ့၊ တစ်ခေါက် တစ်ခေါက်ကို မြန်မြန်ပဲပြန်လာ'

ကျွန်တော်သည် ဒုတိယအကြိမ် ကျွန်တော့်ဘဝကို ကျွန်တော် ရှန်းကန်ရန် ထွက်ခဲ့ပြန်ပါသည်။

ကားဘီးများသည် ကတ္တရာလမ်းပေါ်သို့ လိမ့်ပြန်လေပြီ။

*

ကားသမားလောကသည် နုနယ်သည် မရှိ။ ပေပေတေတေ ကြမ်းကြမ်း တမ်းတမ်း နေတတ်စားတတ်မှ တော်ကာကျသည်။ ကျွန်တော်သည် ကားသမားဘဝတွင် ကျင်လည်ဖူးပြီဖြစ်၍ ကျွန်တော့်အတွက်တော့ အစစ အဆင်ပြေ၏။ ကျွန်တော်သည် ကားနောက်မြီးတွင် ငရုတ်အိတ်များကို အထဲမှာခံကာ အပြင်တွင် ငှက်ပျောခိုင်များကိုတင်ဆောင်ပြီး ဟန်မပျက် အိပ်လျက် လိုက်ပါလာလေသည်။ ထိုအချိန်က ငရုတ်သည် ကန့်သတ်ကုန်။ မော်လမြိုင်လမ်းကား တော်ရုံလူမသွားဝံ့၍ မသွားပေ။ သွားလိုက်လျှင်လည်း မြိုးမြိုးမြက်မြက် ရမည်သာဖြစ်၍ ကျွန်တော်လို စွန့်စားချင်သူအတွက် တော့ အံကိုက်ပင်။

ကားတွေ တစ်စီးနှင့်တစ်စီး စောင့်၍ မောင်းကြရ၏။ ရဲဘော်ရဲဘက်စိတ် ထားကြသည်။ သို့သော် လမ်းပေါ်ရောက်လျှင် တစ်လမ်းလုံး ကိုယ့်လမ်းဟု သဘောထားတတ်သည်က ကားသမားတို့အကျင့်။ မိမိကားပေါ်မှ ဝန်ကို အတိမ်းအစောင်းခံပြီး လမ်းဘေးဆင်းရမှာ အလွန်ဝန်လေးတတ်ကြလေသည်။

မျက်နှာချင်းဆိုင် ကားကြီးနှစ်စင်းဆုံမိလျှင်ပင် ကျွန်တော်တို့ ပြဿနာ ပေါ်စမြဲ။ တစ်ဖက်မှကားသည် လမ်းဘေးရောက်အောင်ချမပေးလျှင် ကျွန်တော်တို့ကလည်း ချမပေး။ ထိုအခါ ရှောင်၍ မလွတ်တော့ဘဲ ရှေ့မတိုးနိုင်ဘဲ ရှိကြလေသည်။

'မအေပေးတွေ လူပါးဝတယ် ချမပေးနဲ့'

ကားနှစ်စီး ခေါင်းချင်းဆိုင်၍ ရပ်ထားကြသည်။ မကြာမီ ကျွန်တော်တို့ ကားတွေ၏ နောက်တွင် ကားတန်းကြီးတွေ ရှည်လျားစွာ ရပ်နေကြရလေသည်။

'ဟေ့ မင်းတို့က ဘယ်လောက်မိုက်လို့လဲ'

'အံမာ ဘယ်သူ့မှ ဂရုမစိုက်ဘူးကွ'

တုတ်ဆွဲ ဓားဆွဲဖြစ်လာကြသည်။ ကျွန်တော်သည် လမ်းဗိုလ်လုပွဲကို အေးဆေးစွာပင် ကြည့်နေ၏။ ကျွန်တော်သည် သွေးအေးအေးနှင့် မိုက်တတ်သော လူတစ်ယောက်အဖြစ်မျိုး အိုက်တင်ဖမ်းထားလေသည်။ ကျွန်တော့်တွင် တစ်ကိုယ်ရေသမား၊ မိုက်ရူးရဲသမားအဖြစ် ခံယူလိုသော ညာဉ်ဆိုးရှိသည်။ သေချင်သေ၊ တေချင်တေ။

'ဒီဘက်က တစ်ဘီးစာချပေးထားပြီးပြီပဲ၊ မင်းတို့ သက်သက်ကပ်နေတာ'

'ဒီမှာကုန်တွေအပြည့်နဲ့ ခင်ဗျားတို့ မမြင်ဘူးလား'

'တို့မှာလဲ ပါတာပဲ'

'ခင်ဗျားတို့က ဝန်ပေါ့တွေပဲ'

'အိုကွာ နားမလည်ဘူး မှုမှုတတ ချ'

'မလိုပါဘူး'

'ရင့်လှချည်လားကွ၊ ဒီမှာ၊ မော်လမြိုင်လမ်းမှာ အေးမောင်တဲ့ တစ်ယောက်တည်းရှိတယ်'

တစ်ဖက်မှ စိန်ခေါ်လေပြီ။

ကျွန်တော်သည် ကားပေါ်မှ အေးအေးဆေးဆေးဆင်းသွား၏။ ကျွန်တော်လို မလောက်လေး မလောက်စားကို မည်သူမျှ ဂရုစိုက်ဟန်မပြ။ ကျွန်တော်သည် ဒရိုင်ဘာတားသည့်ကြားမှ မော်တော်ကား ဂေါက်လှည့်တံကို ကိုင်လိုက်သည်။

'ငါ့နာမည် ငြိုး၊ ဘယ်သူလာမလဲ လာခဲ့၊ နေရာတင်ပွဲချင်းပြီး သေသွားပစေ၊ လာစမ်း'

ကျွန်တော်၏မျက်နှာ မည်မျှ တင်းမာနေသနည်း ကျွန်တော်မသိ။ ကျွန်တော့်တွင်ဘာဖြစ်ဖြစ် ဂရုစိုက်စရာမလို၊ တကယ်ပင် နေရာတွင်သေသွား လျှင်လည်း ကြောက်ရွံ့စိတ်အလျဉ်းမရှိသော မိစ္ဆာနတ်ဆိုးက ပူးကပ်လျက် ရှိချေ၏။ တစ်ဖက်ကားသမားသည် အနည်းငယ်တွန့်သွားသော်လည်း အရှုံးပေးရမှာရက်သော ယောကျ်ားတို့၏ စိတ်ဖြင့် သံတုတ်တစ်ချောင်းကို ကိုင်၍ ရှေ့တိုးလာလေသည်။ကျွန်တော်တို့ တကယ် ရိုက်ကြလိမ့်မည်ဟု မည်သူမျှ ထင်ဟန်မတူပါ။

ဟင်ခနဲ ဟာခနဲ အသံများနှင့်အတူ သံချင်းထိခိုက်ပွတ်တိုက်သံ ချွင်ခနဲကြားရပြီး တစ်ဖက်ကားသမား ဒိုက်ခနဲ ကျသွားလေသည်။ အသေအချာ ထိသည်တော့ မဟုတ်။ တကယ်ထိလျှင် သေနိုင်လောက်သည်။

'ဟေ့ ဟေ့ တော်ကြ တော်ကြ၊ ဟား ဒီကောင်တွေ တကယ်ချကြ တာပဲ၊ ဘဝတူအချင်းချင်း'

လူတွေအားလုံး စုရုံးလာကာ ကျွန်တော်တို့ကို ဝိုင်းဆွဲကြလေသည်။ စောစောက အပျင်းပြေ ပွဲကြည့်သလို ကားတွေ တန်းစီရပ်ပြီး အေးအေး

ဆေးဆေး နားနေကြသော ကားသမားများသည် ထိတ်ထိတ်ပျာပျာဖြစ်ကာ ရန်ပွဲကို ဖျန်ဖြေ အဆုံးသတ်ပေးကြလေသည်။

ကျွန်တော်သည် အေးဆေးစွာပင် ကားပေါ်ပြန်တက်လိုက်၏။ တစ်ဖက်က ကားသမားအား ခေါင်းပေါ်မှ စီးကျလာသော သွေးစကို သုတ်၍ အခြားလူများက ခေါ်သွားကြသည်။

'ဦးစံဖေ မောင်းဗျာ'

ကျွန်တော်က ကျွန်တော့်ကားဒရိုင်ဘာကို အမိန့်ပေးလိုက်၏။ ကျွန်တော်တို့ကားသည် လမ်းပေါ်မှာ နေရာယူလျက် တလိမ့်လိမ့် ထွက်လိုက်သည်။ ကားတန်းကြီးနှစ်ခုသည် ပွတ်ကာသီကာရှောင်ရင်း ဆန့်ကျင်ဘက်သို့ ထွက်ခွာကြလေ၏။

'မင်း တကယ်မလုပ်ဘူးထင်တာကွ'

ဦးစံဖေက ပြောသည်။ ကျွန်တော် တိတ်ဆိတ်နေ၏။ ကျွန်တော်သည် လူဆိုးဘဝမှ လူမိုက်ဘဝသို့ဝင်ရန် မိုက်ရူးရဲစိတ်ကို မွေးမြူမိလေသည်။

*

မဆိုး။

ကျွန်တော့်အတွက် ကျန်သင့်သလောက် ကျန်သည်။

လမ်းမှာ ဟိုဂိတ် သည်ဂိတ် ပေးရ ကမ်းရ၊ မှတ္တမရောက်တော့လည်း မော်လမြိုင်ဘက်ကူးရန် အဆင်မပြေသဖြင့် ရသည့်ဈေးနှင့် ထိုးရောင်းလိုက်ရသည်။ သို့သော် ကျွန်တော့်အတွက် သုံးလောက် စွဲလောက်အောင် ကျန်လေသည်။ ကျွန်တော်သည် ထိုငွေကို ကျွန်တော်၏ လုပ်အားဖြင့်ရသော ငွေအဖြစ် အဖေ့ကိုပေးရန် စိတ်ကူးရပါသည်။

ပထမဆုံးအကြိမ် ကျွန်တော် စိတ်ကောင်းဝင်ခြင်း ဖြစ်၏။ အပြန်တွင် ကျွန်တော်တို့ ဒူးရင်း တင်သည်။ ပဲခူးရောက်တော့ ကျွန်တော် စားတာ 'သောက်'တာ နုတ်လိုက်ရာ ငွေလေးငါးရာခန့်ကျန်သည်။

အဖေသည် ကျွန်တော်ပေးသည့်ငွေကို မယူပေ။

'မင်းဟာမင်း အဆင်ပြေရင် ပြီးတာပဲ'ဟု ပြော၏။ နောက်တစ်ခေါက် ကျွန်တော် ပဲတင်သည်။ ကျွန်တော်တို့ကားသည် နံနက်လင်းအားကြီးတွင် စစ်တောင်းကိုလွန်လာသည်။ ထိုစဉ် ကျွန်တော်တစ်ခါမျှ မမျှော်လင့်သောအဖြစ်ကို ကြုံရသည်။

အလင်းရောင်မှုန်ပျပျတွင် လမ်းပေါ်၌ သစ်ပင်တစ်ပင်လဲကျနေသည်ကို တွေ့ကြရလေသည်။

'ဓားပြ'

ဦးစံဖေက ထိတ်လန့်စွာ ရေရွတ်သည်။

'မရပ်နဲ့ ဦးစံဖေ၊ မောင်း'

'ဘယ်လိုမောင်းမလဲ၊ တုံးတားထားတာ'

ကားသည် လမ်းဘေးသို့ထိုးရပ်သွားသည်။ ဦးစံဖေသည် တုန်ယင်နေ၏။ ကျွန်တော်သည် မကြောက်သော်လည်း အနည်းငယ် တုန်ယင်နေ၏။ သူတို့လက်ထဲမှာ သေနတ်ရှိသည်။

လူဆိုးငါးယောက်ခန့် သေနတ်များကိုကိုင်၍ ကျွန်တော်တို့နားသို့ တိုးကပ်လာကြလေသည်။

'မင်းတို့ကားကို လမ်းဘေးချ၊ ဟိုငနဲဆင်းစမ်း၊ ဘာကြောင်နေတာလဲ၊ ဦးနှောက်ပွင့်သွားမယ်'

ကျွန်တော်နှင့် စပယ်ယာကောင်လေး ကားပေါ်မှဆင်းကာ လမ်းဘေးချုံထဲတွင် ဝမ်းလျားမှောက်နေကြရသည်။

'ကားပေါ်ကဟာတွေ ချဟေ့'

'ပဲအိတ်တွေဆရာ'

'ရှေ့ခန်းကို ရှာစမ်း'

သွားပြီ။ အပြန်တွင် မော်လမြိုင်အထိဆင်း၍ မှောင်ခိုပစ္စည်းဝယ်ရန် ရည်စူးကာ ထည့်လာခဲ့သော ငွေနှစ်ထောင်ကျော်ပါသည်။ ကျွန်တော့်

လွယ်အိတ်ထဲမှာ ငွေအပြင် အဝတ်အစားနည်းနည်း မထွေးရီ၏ ဓာတ်ပုံ တစ်ပုံနှင့် ဓားတစ်ချောင်းပါသည်။ ဓားပြတစ်ယောက်က ပစ္စည်းအားလုံး သိမ်းပြီး ကျွန်တော်တို့ဆီလျှောက်လာသည်။

'ဟေ့ကောင် နာရီပေး'

ကျွန်တော် ချက်ချင်းမချွတ်။

'အံမယ် မင်းက'

ဓားပြတစ်ယောက်သည် ကျွန်တော့်ခေါင်းကို သေနတ်ဒင်နှင့် တစ်ချက်ရိုက်ချလိုက်၏။

'လူပုံကြည့်တော့ ဘိန်းစားရုပ်၊ မျက်နှာပေးက သူ့ကိုယ်သူ သူရဲကောင်းကြီးကျနေတာပဲ၊ ဟေ့ မှတ်ထားကွ၊ ဒီလမ်းမှာ စိန်အောင်မင်းတဲ့၊ တစ်မင်းတည်းရှိတယ်'

ကျွန်တော် ငြိမ်နေလိုက်ရပါသည်။ ခေါင်းထဲတွင်လည်း မူးမိုက်၍ နေပြီ။ ဓားပြများပြန်ထွက်သွားမှ ကျွန်တော်တို့ ခေါင်းထောင်ကာ မော်တော်ကားဆီ ပြန်လာကြရ၏။ ကားခြေနင်းပေါ်တွင် မထွေးရီ ဓာတ်ပုံလေး ကျလျက်ရှိသည်။ မကြာမီ ကျွန်တော်တို့နောက်သို့ နောက် ကားများ မီလာပါသည်။ အဖြစ်အပျက်ကို ပြောပြသောအခါ တစ်ချိုးတည်း လစ်ကြတော့သည်။

'ဩော် လောကတွင် လူမိုက်ကို ပို၍ မိုက်သောသူက အနိုင်ယူ လေသည်တကား။

*

အမေ ဗိုက်ခွဲပြီးပြီဖြစ်ကြောင်း၊ ကျန်းမာလာကြောင်း သတင်းရပါသည်။ ကျွန်တော်သည် သည်ဘက်မှာ လောဘတက်နေသဖြင့် အမေ့ကို သွား မကြည့်အားပါ။ ကျွန်တော်ကောင်းကောင်းမွန်မွန်အလုပ်လုပ်နေကြောင်း အမေကြားရသည်နှင့်ပင် ဝမ်းသာနေသည်ဟု အဖေက ပြောပါသည်။

ကျွန်တော်နောက်တစ်ခေါက်တွင် မော်လမြိုင်အထိ ကူးခဲ့လေသည်။ ဖြစ်နိုင်လျှင် ကျွန်တော် ဟိုဘက်အထိသွားချင်သည်။ သို့သော် ကျွန်တော်လို လူစိမ်းတစ်ယောက် သွားရန် မလွယ်ပါ။ ကျွန်တော့်တွင် ကုန်ရောင်းပြီး ငွေသုံးလေးထောင်ရှိနေရာ ဘာပြန်ဝယ်သွားရ ကောင်းမလဲဟု စဉ်းစားပါသည်။ ပထမဆုံးအခေါက်ဖြစ်၍ ကျိုက္ခမီ၊ မုဒုံ စသည်တို့ကို သွားလည်သည့်စရိတ်၊ ထုံးစံအတိုင်း ကျွန်တော်သောက်သည့်စရိတ်ကြောင့် ငွေလည်း လျော့စပြုလာသည်။ ထိုအချိန်တွင် ကျွန်တော် ယခင် စပယ်ယာဘဝက ပေါင်းခဲ့ဖူးသော မိတ်ဆွေဟောင်း အောင်ဝင်းနှင့် တွေ့လေသည်။ အောင်ဝင်းသည် ကျွန်တော်တို့လိုပင် ပုံကျ ကုန်သည်တစ်ယောက်ဖြစ်၍ မော်လမြိုင်တွင် မိန်းမရှိသည်။ အိမ်ရှိသည်။ အောင်ဝင်းက သူ့အိမ်ကိုခေါ်၍ မော်လမြိုင်တွင် ခေတ္တနေရန် ဆွယ်ရာ ကျွန်တော်သည် ကားသမား ဦးစံဖေကို အခြားကုန်ရှာ၍ ပြန်ရန်ပြောပြီး ပြန်လွှတ်လိုက်ပါသည်။

မော်လမြိုင်တွင် ကျွန်တော်တို့လို လူငယ်ပေါင်းများစွာ ကူးသန်းသွားလာ ရောင်းဝယ်လုပ်ကိုင်နေကြလေသည်။ များသောအားဖြင့် မှောင်ခိုလုပ်ငန်းဖြစ်၏။ ကျွန်တော်သည် ကားနှင့် သယ်ပို့ရသော ကုန်သည်ပွဲစားအလုပ်ကိုသာ ကျွမ်းပြီး မှောင်ခိုလုပ်ငန်းကို မကျွမ်းပါ။

အောင်ဝင်းသည် အထက်ဘက်ကို မန္တလေး၊ မိုးကုတ်အထိ တက်ကာ ကူးသန်းနေသူ ဖြစ်သည်။

'မင်း ကားအလုပ်က ပင်ပန်းပါတယ်ကွာ၊ ငါတို့လိုင်း ဝင်ပါလား'

'မဖြစ်ပါဘူးကွာ၊ ငါ့မှာလဲ များများစားစား ရှိတာမဟုတ်ဘူး၊ ဒီတစ်ပတ် ငါ သုံးတာစားတာနဲ့ အဘိုးကြီးငွေတောင် နည်းနည်းပါနေပြီ'

'မင်းရဲ့မွေးစားအဖေဆိုတာလား၊ အဘိုးကြီးက တော်တော်ချမ်းသာလား'

'သိပ်မဟုတ်ပါဘူးကွာ'

'ဒီလိုလုပ်ပါလားကွ၊ မင်းလဲ အတွေ့အကြုံရအောင် ဒီတစ်ပတ် ငါ ကျိုင်းတုံတက်ရင် လိုက်ခဲ့ပေါ့'

'ခါတိုင်း မိုးကုတ်သွားတာ မဟုတ်လား'

'အစိမ်းက သိပ်မဖြစ်လို့ကွ၊ ဟိုဘက်ကူးမယ် စိတ်ကူးထားတယ်'

အောင်ဝင်း၏ အိမ်ကား အားကျစရာပင် ဖြစ်ပါသည်။ ယိုးဒယားမှ ဝင်လာသော နိုင်ငံခြား အသုံးအဆောင်ပစ္စည်းများဖြင့် တစ်အိမ်လုံး တောက်ပ၍ နေလေသည်။ ကျွန်တော်သည် အိမ်ထောင်အတည်တကျ နေလိုစိတ် မရှိသော်လည်း ဤသို့ပြည့်ပြည့်စုံစုံနေရရင်တော့ မဆိုးဟု အောက်မေ့မိသည်။

'ဘယ့်နှယ်လဲ လိုက်မလား'

'ကြည့်သေးတာပေါ့ကွာ'

အောင်ဝင်းနှင့် ကျွန်တော်သည် ညနေတိုင်းဆိုင်ထိုင်မိကြလေသည်။ အရက်ဆိုင်ထိုင်ခြင်းကို ဆိုလိုပါသည်။ အောင်ဝင်းသည် ငွေစရှင်သူဖြစ်ရာ ကျွန်တော့်ကို ကျွေးမွေးပြုစုသည်က များ၏။ လူတို့သည် မကောင်းမှု လုပ်ဖော်ကိုင်ဖက်အချင်းချင်း ပို၍ ခင်မင်ကြည်ဖြူတတ်သည်ဖြစ်ရာ ကျွန်တော်ကလည်း တစ်ခါတစ်လှည့် ပြန်လည်ပြုစုရသည့်အခါ ရှိပါသည်။ ကျွန်တော်သည် စိတ်လေကာ မော်လမြိုင်တွင် ကြာသင့်သည်ထက် ကြာသွားလေသည်။ သို့သော် ကျွန်တော် ပူပန်ကြောင့်ကြ မဖြစ်မိ။ အဘယ်ကြောင့်ဆိုသော် နောက်တစ်ခေါက်တွင် အောင်ဝင်းနှင့် ကျိုင်းတုံ လိုက်သွားလျှင် ကျွန်တော့်အတွက် စီးပွားလမ်း ပြန်ပွင့်လာမည်ဟု ယုံကြည်ထားသောကြောင့် ဖြစ်လေသည်။ ကျွန်တော့်လက်ထဲမှာ ငွေ ပြည့်ပြည့်ဝဝ ပြန်ရမှ အဖေ့ဆီပြန်လျှင် အဖေကလည်း ကျေနပ်မည်သာ ဖြစ်၏။

ဦးစံဖေ၏ကား နောက်တစ်ခေါက် ပြန်ဆင်းလာပါသည်။ ဦးစံဖေ သည် ကျွန်တော်တည်းခိုရာ အောင်ဝင်း၏အိမ်သို့ လိုက်လာလေသည်။

'ဘာလဲ ဦးစံဖေ၊ အဘိုးကြီး ဆူနေလို့လား၊ ကျွန်တော် ကောင်းကောင်း မွန်မွန် အလုပ် လုပ်နေတယ်လို့ ပြောလိုက်ရင် ပြီးရောဗျာ'

'မဟုတ်ဘူးကွ၊ မင်းအမေ အသည်းအသန်ဖြစ်နေလို့တဲ့'

'ဟင်'

ကျွန်တော် ချက်ချင်းပြန်ရန် ပြင်ဆင်ရပါသည်။ အောင်ဝင်းကိုလည်း နောက်မှ လာရောက်ဆက်သွယ်မည်ဟု ကတိပေးပြီး ကျွန်တော် ပြန်လိုက်ခဲ့ရလေသည်။ ကျွန်တော့်မှာ ဟိုမရောက် ဒီမရောက်ဖြစ်ကာ လက်ထဲမှာလည်း ငွေများများ မရှိတော့ပေ။ သို့သော် မတတ်နိုင်။ အမေ့အသက်မီအောင်တော့ ပြန်ရမည်။

ပဲခူးမှာ အဖေမရှိ။ ကျွန်တော် ရန်ကုန်အထိလိုက်ရ၏။ ကျွန်တော် ဆေးရုံပေါ် ရောက်သွားချိန် ဆေးရုံကြီး၏ ပထမထပ် စင်္ကြံလမ်းတွင် အဖေနှင့် ကျွန်တော်တွေ့သည်။

'ခွေးသား၊ မင်းကို မင်းအမေ သေငယ်ဇောနဲ့ စောင့်နေပြီ၊ မင်းကတော့ ဟိုမှာ အလေလိုက်နေတယ်ပေါ့'

ကျွန်တော်ဘာမျှ ပြန်မပြောသာပါ။

အမေရှိရာသို့ ပြေးသွားမိသည်။

မမြသည် အမေ့ ခုတင်ဘေးမှာ တရှုံ့ရှုံ့ ငိုနေ၏။ အမေ့ကိုကား ကြည့်ရက်စရာပင် မရှိပါ။ အမေသည် လုံးဝ သတိလစ်ဟင်းလျက်ရှိပြီ။ သို့သော် အမေသည် ငြိမ်သက်၍ မနေ။ အမေ့တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ကာ မျက်နှာသည် ဟိုရွဲ့ သည်စောင်းဖြစ်လျက် ပါးစပ်မှလည်း အမြှုပ်များ ထွက်နေပါသည်။ အမေ့ကို လျှာမကိုက်မိစေရန်အတွက် သူနာပြုဆရာမတစ်ယောက်က ပါးစပ်ထဲကို ကိရိယာတစ်ခုဖြင့် ထောက်ပေးထားရလေသည်။

ကျွန်တော်သည် လူတစ်ယောက်၏ သေငယ်ဇောကပ်နေပုံကို တစ်ခါမျှ မမြင်ဖူးရုံမက မြင်ရသောသူမှာလည်း ကျွန်တော့်မိခင် ဖြစ်နေ၍

ထိတ်လန့် ချောက်ချားစွာ ငိုကြွေးမိပါသည်။ အမေသည် ကျွန်တော့်ဒုက္ခကို ကယ်တင်လိုက်သည့်အလား ကျွန်တော့် မျက်စိရှေ့မှာပင် တဖြည်းဖြည်း ငြိမ်ကျသွားလေသည်။

'အမလေး အမေရဲ့၊ အမေ့သားကို မြင်ချင်လှချည့်ရဲ့ဆို၊ အမေ့သားက လိမ်မာလာပါပြီဆို အမေရဲ့၊ အခုတော့ အမေ့ သားသမီးတွေကို ထားခဲ့ပြီလား၊ အမေအားကိုးချင်တဲ့ အမေ့သားကို အားကိုးပါဦးလား အမေရဲ့'

မမမြကား လိုမ့်ကာ ငိုလေ၏။ မကြာမီ ဆရာဝန်များ ဆရာမများက ကျွန်တော်တို့ကို ဖျောင်းဖျ၍ အပြင်ခေါ်ထုတ်သွားပါသည်။ အမေ့ကို လိုက်ကာဖြူဖြူကာ၍ ကျွန်တော်တို့နှင့် ဘဝချင်း ခြားပေးလိုက်၏။ အဖေသည် ဦးနှောက်အေးအေးထား၍ အသုဘကိစ္စကို စီစဉ်လေသည်။ တစ်ရပ်တစ်ကျေးမှာ ဖြစ်လေရာ အမေ့အသုဘသည် မစည်ကားရှာပါ။

နောက်ပိုင်းတွင် မမမြသည်လည်း တည်ငြိမ်စွာဖြင့် အမေ့ကို သင်္ဂြိုဟ်ပါသည်။ မမမြကား အမေ့နားမှာနေလျက် မနားမနေ ပြုစုခဲ့သူ။ ကျေနပ်လောက်ပါ၏။

ကျွန်တော်သည်ကား ကျွန်တော့်ဘဝတွင် မိခင်နှစ်ယောက်ရှိရာ မည်သူ့အပေါ်မှာမှ တာဝန်မကျေခဲ့။

ထို့အပြင် ကျွန်တော့် မိခင်အရင်းကို ကျွန်တော် တမ်းတ ရှာဖွေနေဆဲမှာ ကျွန်တော့်ဘဝ၏ ကယ်တင်ရှင် မိခင်တစ်ယောက် ထပ်မံဆုံးပါးသွားလေပြီ။

# ၁၂

'ငါ အိမ်မပြန်ချင်ဘူး ဂျိုး၊ အိမ်ဟာ ငါ့အတွက် အမေရှိလို့သာ အဓိပ္ပာယ်ရှိတာ၊ ခု အမေ မရှိတော့ ငါ့အတွက် အဓိပ္ပာယ်မရှိတော့ပါဘူး၊ အိမ်မှာ ငါမရှိလဲဖြစ်တာပဲ၊ ပြီးတော့ အဖေက နင့်ကိုသာချစ်တာ၊ ငါ့ကို ချစ်တာ မဟုတ်ဘူး'

မမြသည် သူ့ဘဝအတွက် သူ စီစဉ်နေလေသည်။ မမြသည် အစကပင် အိမ်တွင် မနေမဖြစ်၍သာ နေရသည့်ပုံစံမျိုးရှိလေရာ ယခုအခါ အိမ်ကို မပြန်ချင်တော့သည်မှာ မဆန်းပေ။ ယခုအခါ မမြသည် အဆောင်မှာနေ၍ ကျောင်းတက်နေဆဲ ဖြစ်သည်။

'ငါ ဒီနှစ် စာမေးပွဲအောင်ရင် အလုပ်ရှာရတော့မယ်၊ အလုပ်မရလဲ ငါ ရန်ကုန်မှာပဲ ဖြစ်သလိုနေမယ်၊ ဒီအတွက် အဖေက ထောက်ပံ့ရင်လဲ ယူရမှာပဲ၊ ငါ အလုပ်ရရင်တော့ အဖေ့ဆီက မယူတော့ဘူး၊ နင်လဲ နင့်ဘဝနင် ရှန်းကန်ဦး၊ ယောကျ်ားလေးဖြစ်ပြီး ရေစုံမျှောနေတာ မကောင်းဘူး'

'ငါ့အတွက် မပူပါနဲ့'

ကျွန်တော်သည် မမမြကြ အကြီးဖြစ်၍ ဆုံးမသော်လည်း နာခံလိုသူ မဟုတ်ပေ။ အမေ့ကို သကြိုဟ်ပြီး ပဲခူးကိုပြန်၍ ရက်လည်ဆွမ်းသွတ်ရသည်။ မမမြသည် ထိုအချိန်ကစ၍ပင် အိမ်ကို ဧည့်သည်အဖြစ်သာ သဘောထားလေသည်။ မတူးက အိမ်မှုကိစ္စမှန်သမျှ မိန်းမကြီးတစ်ယောက်လို လုပ်ကိုင်နေသည်ကို ငြိမ်၍ ကြည့်နေလေသည်။ ကျွန်တော်က မခံမရပ်နိုင်။

မမမြသည် ရက်လည်ဆွမ်းသွတ်ပြီး ရန်ကုန်ကို ချက်ချင်းပြန်သွားလေသည်။ ကျွန်တော်လည်း အိမ်မှာမနေချင်။ အဖေက အမေဆုံးပြီးကတည်းက ကျွန်တော့်ကို မကျေမနပ်ဖြစ်နေသည်။ နောက်ဆုံးအခေါက် ကျွန်တော် မော်လမြိုင်မှာ သောင်တင်ပြီး ပြန်လာသော်လည်း ငွေတစ်ပြားမှ ပါမလာသည့်အတွက် အဖေ ဒေါသဖြစ်နေသည်။ သည်တစ်ခါနောက်ဆုံးဟု အဖေ ပြောခဲ့သည် မဟုတ်ပါလား။ အမေ့အတွက် ငွေကုန်ပြီး လူပါဆုံးပါးရသည့်အတွက်လည်း အဖေများစွာ စိတ်ပင်ပန်း ဆင်းရဲနေဟန်ရှိသည်။

ကျွန်တော် ရန်ကုန်ကို လစ်ထွက်ခဲ့ပြီး မမမြနှင့် ကျွန်တော်တို့ နေရေးထိုင်ရေးကို တိုင်ပင်မိပါသည်။

'နင် ခဏဖြစ်ဖြစ် ပြန်လာဦး၊ ဟိုမှာ အားလုံး သူများခြယ်လှယ်နေတာ၊ နင့်မှာ အမေ့ပစ္စည်းတွေ အများကြီးကျန်ခဲ့တာ လာမသိမ်းတော့ဘူးလား'

မမမြ တွေဝေနေပါသည်။ တကယ်တော့ မမမြမှာလည်း ကျောင်းနေဆဲမို့ လက်မဲ့။ တစ်ခုတော့ရှိသည်။ မမမြက အားကိုးရှိနေပြီ။ သူ့မှာ ချစ်သူရှိသည်။

'ငါ စာမေးပွဲပြီးရင် ခဏတော့ ပြန်လာမယ်'

ကျွန်တော် အိမ်ကိုပြန်လာရပါသည်။

မမမြသာမက ကျွန်တော်လည်း အိမ်တွင်မနေချင်ပါ။ အဖေကလည်း ကျွန်တော့်ကို တစ်စက်မှ ယုံကြည်စိတ်မရှိတော့။ သည်ကြားထဲ အမေ့အတွက် ငွေကုန်သဖြင့် စီးပွားရေးက ယိုင်နဲ့နေသည်။ သို့သော်

ရှိသင့်သလောက်တော့ ရှိသည်ဆိုတာ ကျွန်တော်သိသည်။ ကျွန်တော့်ရန်ကို ကြောက်၍ အဖေ တဖွဖွညည်းပြနေသည်ဟု ကျွန်တော်ထင်၏။

ကျွန်တော်သည် အိမ်မှာ ကျွန်တော့်ကို လိုလားသူတစ်ယောက်မှ မရှိဘဲ နေနေရသည်။ ကျွန်တော်တို့ကို မေတ္တာဖြင့် ပေါင်းကူးပေးခဲ့သော အမေလည်း မရှိပြီ။

'မင်း ဘာလုပ်မယ် စိတ်ကူးလဲ'

အဖေ၏ အမေးကို ကျွန်တော် ချဲ့ထွင်၍ တွေးမိ၏။ ယခု အမေလည်း မရှိတော့သဖြင့် မမမြကလည်း အိမ်ကိုစွန့်ခွာတော့မည်ဖြစ်ရာ ကျွန်တော်က မည်သည့်လမ်းကို သွားမည်နည်းဟု မေးခြင်းဖြစ်ရာ ပတ်ဝန်းကျင်မှ အသံတွေလည်း ကျွန်တော် ကြားနေရသည်။ မနေ့ကပင် ခင်အောင်က ပြောသေး၏။

'မင်းအဘိုးကြီးက မင်းရဲ့ဒဏ်ကို မခံနိုင်တော့လို့ အပြတ်ရှင်းတော့မလို့ ဆိုပါလား'

'ဘာကိုရှင်းမှာလဲ'

'ဩော် မင်းတို့ မောင်နှမကိစ္စလေ၊ မင်းအစ်မကလဲ မယားပါသမီး ဆိုတော့ နောင်အရှုပ်အရှင်းမဖြစ်အောင် ပစ္စည်းခန်း၊ ဘာခန်းပေါ့ကွာ'

ကျွန်တော် စဉ်းစားရ၏။ ကျွန်တော် ရှေ့ဆက်၍လည်း မည်သည့်အလုပ်ကိုမျှ မလုပ်ရမည့်အတူတူ ကျွန်တော့်အတွက် သင့်တင့်သော ငွေအရင်းအနှီးနှင့် အပြီးထွက်ရလျှင် ကောင်းမည်လား။

မမမြကို စောင့်ရလေသည်။

မမမြသည် စာမေးပွဲအပြီး တော်တော်နှင့်ပြန်မလာ။ ကျွန်တော် ရန်ကုန်ကို လိုက်ရပြန်သည်။ မမမြသည် စိတ်ပင်ပန်း ဆင်းရဲမှုဖြင့် အသည်းရောင်ကာ ဆေးရုံတက်နေရလေသည်။

'မမြ၊ အိမ်မှာတော့ အခြေအနေက တစ်မျိုးပဲ၊ အဖေက ငါ့ကို လုံးဝ မယုံတော့ဘူး၊ မီးခံသေတ္တာသော့လဲ အိတ်ထဲက မချဘူး၊ ဟိုနှစ်ယောက်

ကလဲ ငါ့ကို အလစ်မပေးဘူး၊ ငါ့ကိုလဲ အိမ်မှာ နေစေချင်ပုံမရဘူး၊ ပြီးတော့ အဖေက ငါတို့ကို ကိုယ့်လမ်းကိုယ်ခွဲသွားကြဖို့ သဘောမျိုး ပြောနေတယ်'

မမမြသည် တွေဝေနေ၏။

'နင် ဘာလုပ်ချင်လို့လဲ'

'ငါ့သဘောအရတော့ ဒီအိမ်မှာ သူ့တူတွေ တူမတွေရှိသမျှ မနေချင်တော့ဘူး၊ ငါ ရသင့်ရထိုက်တာယူပြီး အလုပ်တစ်ခုခုကို စောက်ချ လုပ်ချင်တယ်'

'ကြည့်သေးတာပေါ့ဟယ်'

ကျွန်တော် ပြန်လာသည်။ ထုံးစံအတိုင်း ကျွန်တော်သည် လမ်းနှင့် အိမ်ကို ကူးသန်းနေ၏။ ခင်အောင်တို့ ခင်စိုးမောင်တို့နှင့် တွေ့လျှင် ကျွန်တော် သောက်သည်။ ကျွန်တော်သည် အရွယ်နှင့်မလိုက်အောင် သောက်တတ်နေပြီ ဖြစ်၏။ ဖဲကစားလိုသော်လည်း ကျွန်တော့်တွင် ငွေမရှိ၍ မကစားရပေ။ အိမ်က အလစ်သုတ်ဖို့လည်း မလွယ်။ ကျွန်တော့်ကို အချုပ်သားတစ်ယောက်လို စောင့်ကြည့်နေကြလေသည်။ ကျွန်တော်သည် ရသမျှ ငွေစနည်းနည်းယူလျက် တစ်ယောက်တည်း လေလွင့်နေချင်စိတ်သာ ပေါ်ပေါက်နေ၏။

မကြာမီ မမမြ ပြန်ရောက်လာသည်။

မမမြသည် ယခင်ကပင် အဖေ့ကို ရှက်ကြောက်ရိုသေ၍ စကား ဟဟ မပြောခဲ့သူဖြစ်ရာ ယခုအခါမှာ ပို၍ပင် အနေခက်နေဟန်ရှိလေသည်။ မမမြသည် မတူးကိုလည်း သိပ်ပြီး မခင်တွယ်ပေ။ အဖေသည်လည်း သူ့မိသားစုနှင့် မည်သို့ခရီးဆက်ရမည်ကို စဉ်းစားတွေးတောနေဟန်ရှိ၏။

'ငါ့သား ငါ့သမီးတွေအတွက် အဖေ စဉ်းစားနေတယ် ဂျိုး၊ မင်းလဲ အရွယ်ရောက်ပြီ၊ အလုပ်တစ်ခုကို သေသေချာချာလုပ်ဖို့ကောင်းပြီ၊ အမြလဲ မိန်းကလေးဆိုတော့ အလုပ် လုပ်ချင်လုပ်၊ ဒါမှမဟုတ်လဲ

အိမ်ထောင်ရက်သားကျဖို့ သင့်ပြီ၊ ဒီတော့ မင်းတို့ဘဝအတွက် မင်းတို့ ဆုံးဖြတ်ပြီး လုပ်ကြ၊ လုပ်ချင်တာကို အဖေ့ကိုပြော'

'ကျွန်တော် အလုပ်လုပ်ဖို့ ငွေလိုချင်တယ် အဖေ'

'မင်း ဘယ်လောက်လိုချင်သလဲ၊ အေး အရင်တစ်ခါ နောက်ဆုံးလို့ ပြောခဲ့ပေမယ့် ခု မင်းအမေလဲမရှိတော့ မင်းတို့အတွက် ထူထောင်ပေးဖို့ ငါ့မှာတာဝန်ရှိတယ်၊ အမြကော ဘယ်လိုလုပ်ချင်သလဲ'

'ကျွန်မ ကျောင်းစရိတ်ရရင် ကျေနပ်ပါပြီ၊ ကျွန်မ အလုပ်ရရင်တော့ မလိုတော့ပါဘူး'

'ကောင်းပြီ၊ မင်းတို့နှစ်ယောက်အတွက် အဖေ စီစဉ်ပေးမယ်၊ မင်းတို့မှာလဲ အဖေ့အပေါ် သံသယရှိနေကြတာ မကောင်းဘူး၊ ဒီတော့ အဖေ တတ်နိုင်သလောက် ဆောင်ရွက်ပေးမယ် ဟုတ်လား'

'ဟုတ်ကဲ့'

အဖေသည် ကျွန်တော်တို့အတွက် ငွေသားသုံးထောင်စီ ခွဲဝေပေးလေသည်။

'အမြက မင်းရဲ့အမေဆင်ခဲ့တဲ့ လက်ဝတ်လက်စားတွေယူ၊ အဖေ့မှာလဲ မင်းတို့အမေကို ဆေးကုရလို့ ရှိသမျှပစ္စည်းပြောင်ပြီ၊ ဒီတော့ မင်းတို့ဘဝကို မင်းတို့ ရုန်းကြဦး၊ ငါလဲ အသက်ကြီးပြီပဲ'

ကျွန်တော်သည် ကျွန်တော့်ဘဝကို တစ်ခါပြီး တစ်ခါ အသစ်အသစ် ပြန်စနေရသည့်အတွက် စိတ်မပျက်ပါ။ အဖေသည် ကျွန်တော်က သူ့ထံ တရိရိတောင်းခံပြီး ကုန်ခန်းသွားစေသည်ချည်းသာ ဖြစ်သည့်အတွက် ယတိပြတ်လုပ်လိုကြောင်း ကျွန်တော် ရိပ်မိပါသည်။

ကျွန်တော်တို့ မိသားစုတွင် မေတ္တာတရားဖြင့် ပေါင်းစည်းထားသော်လည်း သံသယတံခါးက ကာဆီးနေသည် မဟုတ်ပါလား။

'ဂျူး၊ မင်း ဘာလုပ်မယ် စိတ်ကူးသလဲ'

'ကျွန်တော် ကားမောင်းချင်တယ် အဖေ၊ ခု ကျွန်တော် မမမြနဲ့ လိုက်သွားပြီး ကားမောင်းသင်မယ်'

ကျွန်တော်သည် ကားနောက်လိုက်နေသော်လည်း တကယ်တမ်း ကားကို မောင်းတတ် ပြင်တတ်သေးသည် မဟုတ်ပါ။

'အေး၊ မင်း သိပ်ဝါသနာပါနေရင်တော့ လုပ်ပေါ့၊ ဒါပေမယ့် မင်း အခုလိုပုံမျိုးနဲ့ အလုပ်လုပ်ရင်တော့ မဖြစ်သေးဘူး၊ တကယ်တမ်း ဘဝကို ရင်ဆိုင်မယ်ဆိုရင် မပျက်မစီး မတိမ်းမစောင်းဘဲ အောင်မြင်မှု ရအောင်လုပ်ဖို့ ဖွဲ့ရှိဖို့လိုတယ်၊ ခု မင်းတို့ကို ကိုယ့်ဘဝ ကိုယ်ကျောင်းဖို့ အဖေလွှတ်လိုက်မယ်၊ သို့သော် မင်းတို့ အဖေ့ဆီ လာနိုင်သွားနိုင်တယ်၊ အဲ ဒါပေမယ့် ကိုယ့်ကိုယ်ကို ဖြစ်မြောက်အောင်မြင်အောင် လုပ်မယ်ဆိုတဲ့ မာနတော့ ထားကြပေါ့ကွာ'

'ဟုတ်ကဲ့ အဖေ'

'ဟုတ်ကဲ့ အဖေ'

ကျွန်တော်ရော မမမြပါ ပြိုင်တူကတိပေးကြပါသည်။ မမမြ အတွက်တော့ ပညာအခြေခံရှိပြီးသားမို့ မထောင်းတာလှ။

ကျွန်တော့်မှာကား။

# အပိုင်း နှစ်

၁

ဟုတ်ကဲ့။

ကျွန်တော့်ဘဝ အစပိုင်းမှာ ထိုသို့ပင်ဖြစ်ပါသည်။ ကျွန်တော်သည် မရေရာလှသော ကျွန်တော့်ဘဝ အစပျိုးပုံကိုတော့သိကတည်းက မရေရာသော ဘဝခရီးကိုသာ တစ်ဆင့်ပြီးတစ်ဆင့် တက်ခဲ့မိပါသည်။

ကျွန်တော်၏ ငယ်စဉ်ဘဝသည် မိမိကိုယ်ကို မကျေနပ်ခြင်း၊ ပညာမဲ့ခြင်း၊ အရွဲ့တိုက်ခြင်း၊ လေလွင့်ခြင်းတို့ဖြင့်သာ ပြွမ်းတီးခဲ့သည်ဖြစ်ရာ ဘဝ၏ တိုးတက်ရာ တိုးတက်ကြောင်းအတွက် မည်သို့သော ကြိုးပမ်းအားထုတ်မှုကိုမျှ မပြုခဲ့ပါ။

ကျွန်တော့်ဘဝ၏ ဒုတိယပိုင်းတွင်ကား ကျွန်တော်သည် များစွာ ကြိုးစားအားထုတ်ခဲ့သည်ဟု ဆိုရပါမည်။ သို့သော် ဘဝပထမပိုင်း၏ အခြေခံ အကြောင်းချင်းတများသည် ကျွန်တော့် ဘဝရှေ့ရေးတွင် အနှောင့်အယှက် အဟန့်အတားများကို များစွာ ဖြစ်ထွန်းစေခဲ့လေပြီ။

ပေတေလေလွင့်လိုသည့် စိတ်ဓာတ်နှင့် ပညာအခြေခံနည်းပါးခဲ့ခြင်းတို့သည် ကျွန်တော့်တွင် အမွေအနှစ်အဖြစ် ပါဝင်ခဲ့လေပြီ။

ယခု ကျွန်တော် ရောက်ရှိနေသော ဒေါနတောင်ခြေရိပ်တွင် ကျွန်တော့်ဘဝကို မြှုပ်နှံလိုက်ရမည်ဆိုလျှင်လည်း မည်သူတစ်စုံတစ်ဦးကမျှ ကျွန်တော့်ကို နှမျောတသ ဖြစ်ကြလိမ့်မည်ဟု ကျွန်တော် မထင်။

ယခုအခါ ကျွန်တော် ဖျားနာနေရာမှ အနည်းငယ် ထူထူ ထောင်ထောင် ဖြစ်၍လာသည်။ သို့သော် အားအင်ကား မရှိသေးပါ။ မှုန်တစ်ခါ လင်းတစ်လှည့် ကျရောက်နေသော နေရောင်ခြည်နှင့်အတူ ကျွန်တော့် အသိစိတ်များသည်လည်း အားကောင်းလာလိုက်၊ ဝေဝါးမှေးမှိန်သွားလိုက် ဖြစ်နေပါသည်။

ကျွန်တော် နေကောင်းသွားလျှင်ကော မည်သည့်အရပ်သို့ ခရီးဆက်ရမည်နည်း။ ကျွန်တော်မသိ။ ယခုအခါ ကျွန်တော့်တွင် အိမ်ဟူ၍လည်း မရှိ၊ နားခိုရာဟူ၍လည်း မရှိပြီ။

ကျွန်တော်ကွန်းခိုရာ အရိပ်အားလုံးသည် ကျွန်တော်၏ ပရမ်းပတာ ရမ်းကားမှုကြောင့်သော်လည်းကောင်း၊ သူ့ဘာသာ မခိုင်မြဲ မတည်ငြိမ်၍ သော်လည်းကောင်း အားလုံး ပျက်စီးဆုံးရှုံးကုန်ပေပြီ။ တစ်ချိန်ကတော့ ကျွန်တော်သည် ကျွန်တော့်တွင်ရှိသမျှ အခြေခံအင်အားလေးဖြင့် ကျွန်တော့် ဘဝကို တည်ဆောက်ဖို့ ကြိုးပမ်းခဲ့ပါသေး၏။ မယုံမရှိပါနှင့်။ ကျွန်တော်သည် အချိန်ပြည့် ဆိုးသွမ်းရမ်းကားနေခဲ့သည်တော့ မဟုတ်ပါ။ သို့သော် ကျွန်တော် မလိမ္မာခဲ့သည်ကိုတော့ ကျွန်တော် ဝန်ခံပါသည်။

# ၂

မမြြက အဆောင်မှာနေ၍ ကျောင်းတက်ကာ ကျွန်တော်က ကားမောင်း စက်ပြင် သင်တန်းတစ်ခုတွင် ဘော်ဒါနေ၍ သင်တန်းတက်ပါသည်။ ကျွန်တော်တို့ သင်တန်းသည် တာမွေအဝိုင်းအနီးတွင်ရှိ၍ သင်တန်းတက်သူ ကျောင်းသားဦးရေလည်း များလှပေသည်။ ထိုနေရာတွင် ကျွန်တော်နှင့် ဘဝတူ လူငယ်ပေါင်းများစွာကိုလည်း တွေ့ရလေသည်။ မိဘက ဆင်းရဲ ချို့တဲ့၍ အလုပ်တစ်ခုမှ ရစေကြောင်းဟူသော သဘောဖြင့် လာရောက် တက်ရောက်သူ၊ မိန်းမတွေ သားသမီးတွေရခါမှ အလုပ်အကိုင် အပေါက် အလမ်းမတည့်၍ ကားမောင်းစားတော့မည်ဆိုပြီး ရောက်လာသူ၊ တချို့ ကလည်း ကျွန်တော့်လိုပင် အခြေအနေမဲ့များဖြစ်၍ ဘဝအတွက် အာမခံချက်တစ်ခုရရန် လာရောက်သူ။

များသောအားဖြင့်တော့ ကျွန်တော်တို့တစ်တွေသည် လူကုံထံ သားသမီးများ မဟုတ်ကြ။ ကျွန်တော်တို့ တစ်တွေသည် လူ့ဘဝ၏ အောက်ပိုင်းအလွှာမှ ရောက်လာကြသူတွေ။ ပြီးတော့ လူ့ဘဝကို အောက်ပိုင်းအလွှာမှ ဝင်ရောက်ရပ်တည်ရန် ရောက်လာကြသူတွေ။

ကျွန်တော်သည် သက်တူရွယ်တူများနှင့် ယှဉ်လျှင် အတွေ့အကြုံရော အသိဉာဏ်ပါ ရင့်သန်နေပြီ ဖြစ်လေသည်။ ကျွန်တော့်အသက်သည် နှစ်ဆယ်ပင် မပြည့်သေး။ သို့သော် ကျွန်တော် ဖဲသမား၊ အရက်သမား၊ ကားသမားလောကတို့တွင် ဝင်ရောက်ဖူးပြီ။ ပြီးတော့ ကျွန်တော်သည် သူများတကာထက် ဘဝကို နာကျည်းတတ်သူ။ ကျွန်တော့် အသက်အရွယ်သည် ငယ်ရွယ်သော်လည်း ကျွန်တော့်အသည်းနှလုံးသည် ရင့်မာနေသည်။ ကျွန်တော့်ဦးနှောက်သည် သေးသိမ်သော်လည်း ကျွန်တော့်အတွေးအမြင်များက ကြမ်းတမ်းနေသည်။

ကားမောင်းစက်ပြင် သင်တန်း၏ ဘော်ဒါဆောင်တွင် ကျွန်တော်သည် ခေါင်းဆောင်ဆရာကြီး ဖြစ်နေလေသည်။ ပြီးတော့ ကျွန်တော်ကား လက်ထဲမှာ ငွေရှိသူ။ သူများတကာတွေမှာ အိမ်က မိဘ ညီအစ်ကိုမောင်နှမ ဆွေမျိုးများဆီမှ ပို့ပေးမှသာ သုံးရ စွဲရ၏။ များသောအားဖြင့်တော့ ငွေကြေးမပြည့်စုံသူများဖြစ်၍ ခြိုးခြံချွေတာစွာ သုံးစွဲရလေသည်။ ကျွန်တော်ကား လောလောဆယ်အားဖြင့်တော့ ငွေစ ရွှင်သူ။ ကျွန်တော်သည် ရှေ့နောက် ကျိုးကြောင်းဆင်ခြင် ချင့်ချိန်တတ်သောစိတ်ဓာတ် နဂိုကပင် နည်းပါးသူဖြစ်ရာ ရှေ့ရေးကို တွေးပူသည့်စိတ် ကျွန်တော့်တွင် အလျဉ်း မရှိပေ။ လတ်တလော ကျွန်တော်၏ စိတ်သက်သာမှုကိုသာ ဦးစားပေးလေသည်။

သင်တန်းတွင်ကား ကျွန်တော်တို့ ပင်ပန်းကြလေသည်။ အထူးသဖြင့် လက်ကြောတင်းအောင် ဘာတစ်ခုမျှ မလုပ်ဘူးသော ကျွန်တော့်အတွက် စက်ကိရိယာများကို ကိုင်တွယ်သယ်ပိုးရခြင်း၊ စာတွေ့သင်ခန်းစာများကို ကျက်မှတ်ရခြင်းသည် ပင်ပန်းလှ၏။ သို့သော် ဝါသနာပါရာ အလုပ်ဖြစ်၍ ကျွန်တော် သည်းခံသည်။

သင်တန်းတွင် ကျွန်တော်နှင့် အရင်းနှီးဆုံး ပေါင်းသင်းသူမှာ ဆရာချစ်ထွန်းဖြစ်၏။ ကျွန်တော်သည် ငယ်ရွယ်သူ တန်းတူလူငယ်များနှင့်

မပေါင်းဖြစ်ဘဲ သင်တန်းတွင် စက်ပြင်နည်းပြဆရာ တစ်ဦးဖြစ်သော ဆရာချစ်ထွန်းနှင့်မှ ပေါင်းသင်းဖြစ်သည်မှာလည်း အဆန်းတော့ မဟုတ်ပါချေ။

ဆရာချစ်ထွန်းသည် ကျွန်တော့်လိုပင် ဘော်ဒါဆောင်မှာနေ၏။ သူ့တွင် မိန်းမရှိသည်။ သို့သော် အတူမနေ၊ သူ့မိန်းမသည် သူ့အပေါ် သစ္စာမဲ့သူ၊ သူ့ကွယ်ရာမှာ ဖောက်ပြားသူဟု သူကမူးသည့်အခါ ရင်ဖွင့်၏။ သို့သော် သူ့သားသမီးများအတွက် သူ ထောက်ပံ့သည်။

'ဒီမယ် ဂျိုးရ၊ လောကကြီးမှာ ကိုယ်က ကောင်းတိုင်းလဲ ကောင်းကြတာ မဟုတ်ဘူးကွ၊ ကိုယ်ကောင်းရင် ကိုယ်ပဲ အရှုံးဖြစ်တာ၊ ဒီတော့ ကိုယ်က အရင်ဦးအောင် ဆိုးထားရတယ်ကွ၊ ဟား ဟား ဟား'

ဆရာချစ်ထွန်းသည် သူ့အတွေ့အကြုံအရ သူ့ အယူအဆကို ပြောခြင်းသာဖြစ်၏။ ကျွန်တော်ကတော့ လောကကြီးက ကောင်းသလား ဆိုးသလားမသိ။ ကျွန်တော့်ဘာသာ ဆိုးနေရသည်နှင့်ပင် လုံလောက်နေပေသည်။ တစ်ခုတော့ပြောစရာရှိသည်။ ကျွန်တော့်ဘဝ စပုံကတော့ ဆိုး၏။ ထိုအကြောင်းကို တွေးမိသောအခါ ကျွန်တော် အရက်ပိုသောက်မိသည်။ ဘာကြောင့် ပိုသောက်မိရသည်ကို ကျွန်တော် မသိ။ ကျွန်တော့်အတွက် သိစရာလည်း မလို။

'ဆရာရယ်၊ ဆိုးတယ် ကောင်းတယ်ဆိုတာလဲ ဘာမှ မခြားနားပါဘူး၊ ဆိုးလဲ သူဖြစ်ချင်ရာ ဖြစ်တာပဲ၊ ကောင်းလဲ သူဖြစ်ချင်ရာ ဖြစ်တာပဲ'

ကျွန်တော်ကလည်း ကျွန်တော်ထင်ရာ စွတ်ပြောပါသည်။

'အေး ဂျိုး၊ မင်းတော်တယ်၊ မင်းသိပ်တော်တယ်၊ မင်းဟာ ငယ်ပေမယ့် ငါ့ထက်အတွေ့အကြုံစုံတယ်၊ တစ်ခုပဲရှိတယ်၊ မင်း မိန်းမတော့ သွားမပတ်သက်နဲ့ကွ၊ မိန်းမနဲ့ပတ်သက်ရင် မင်း ခံရလိမ့်မယ်၊ မိန်းမဆိုတာ အလကား'

သည်သို့ဖြင့် ကျွန်တော်တို့သည် အပေါင်းအသင်းအဖြစ် ခိုင်မြဲကြလေ၏။ ကျွန်တော်ပေါင်းခဲ့သော အပေါင်းအသင်းများသည်ကား မကောင်းမှုလုပ်ရာတွင် တူညီကြသော အပေါင်းအသင်းများသာ ဖြစ်လေ၏။

*

'ဂျိုး၊ ညီလေးရာ ဒီလ ဆရာ့ကို တစ်ရာလောက် မစပါဦး၊ အိမ်မှာ ကလေးအငယ်ကောင်က ချေးတွေပန်းပြီး ကိုယ်ပူနေတာ ငါးရက်လောက်ရှိပြီ၊ ဆေးတိုက်လဲ မသွားနိုင်၊ ဆရာဝန်လဲ မပြနိုင်နဲ့ ဒုက္ခရောက်ရတော့မယ်ကွာ'

ဆရာချစ်ထွန်းသည် ကျွန်တော့်ကို ငွေရေးကြေးရေးနှင့်ပတ်သက်၍ အမြဲ အပူကပ်ခဲ့သူသာ ဖြစ်ပါ၏။ ကျွန်တော်ကလည်း လူတစ်ဖက်သားက ကျအောင်ပြောလျှင် သနားစိတ်အမြဲဝင်သည်။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ယုံချင်၏။

'ဆရာချစ်ထွန်း ကြည့်လုပ်ဦးဗျာ၊ ခု ကျွန်တော် သင်တန်းတက်တာ သုံးလတောင်မပြည့်သေးဘူး၊ ငွေငါးရာလောက်ချောနေပြီ၊ ကျွန်တော့်အစ်မသိရင် ပွက်လိမ့်မယ်'

ကျွန်တော်သည် သင်တန်းရောက်ကတည်းက ဆရာချစ်ထွန်းနှင့်ပေါင်းမိပြီး ညနေသင်တန်းပြီးချိန် အားတိုင်း သောက်လေ့ရှိခဲ့ရာ များသောအားဖြင့် ကျွန်တော်ကသာ နှစ်ယောက်အတွက် အရက်ဖိုး ထုတ်ခဲ့ရလေသည်။ ယခုအခါ ကျွန်တော်တို့သည် အရက်အနီမဟုတ်၊ အဖြူကိုပင် သောက်သော်လည်း နေ့စဉ်ရက်ဆက်ဆိုတော့ ကုန်မှန်းသိလာသည်။ သည်ကြားထဲ ဆရာချစ်ထွန်းက ငွေချေးတတ်သေးရာ ကျွန်တော့်မှာ သင်တန်းကြေးထက် သုံးငွေက ပိုနေလေသည်။ သူချေးလျှင် ပြန်ရတာလည်းရှိ မရတာလည်းရှိသည်။ အကုန်အစင် မရသည်ကသာ များလေသည်။

'ဒီတစ်ခါ မလွဲသာလွန်းလို့ပါ ငါ့ညီရာ၊ မိန်းမကလဲ နားပူလွန်းလို့'

'ခင်ဗျားပြောတော့ မိန်းမနဲ့ မပေါင်းတော့ဘူးဆိုဗျ'

ယခုတလော ဆရာချစ်ထွန်း ညဘက်ပျောက်ပျောက်သွားသည်ကို ကျွန်တော် သတိထားမိပါသည်။ ဆရာချစ်ထွန်းသည် ဘော်ဒါဆောင်တွင် နေသော်လည်း ဘော်ဒါခပေးရသည် မဟုတ်ပေ။

'ဟဲ ဟဲ၊ ခု သူက အတင်းတောင်းပန်လို့ ပြန်နေရသကွ'

'ဒါဖြင့် ဟိုယောကျ်ားကကော'

'သူ့ ပစ်ပြေးပြီလေကွာ၊ ငါ့လောက် ဘယ်သူ အနစ်နာခံမှာလဲ'

ကျွန်တော်သည် ရယ်ဖြဲဖြဲနှင့်ပြောနေသော ဆရာချစ်ထွန်းကို ကြည့်ကာ နားမလည်နိုင်အောင် ဖြစ်သွားမိပြန်ပါသည်။

'ဟဲ ဟဲ မိန်းမဆိုတာ မရှိမကောင်း ရှိမကောင်း၊ မပေါင်းလဲခက် ပေါင်းလဲခက်တဲ့ကွ'

သူက ဆက်လက်၍ အဘိဓမ္မာ ဖွင့်နေပြန်ပါသည်။

'တော်ပြီဗျာ၊ အမျိုးမျိုး ပြောနေတာပဲ၊ တတ်လဲတတ်နိုင်တဲ့လူ'

'ဒါပေမယ့် ငါ့ကို ငွေလေးတစ်ရာတော့ မစပါကွာ နော်'

'ဒီတစ်ခါတော့ မှတ်မှတ်ရရ ပြန်ပေးဗျာ'

'အေးပါကွ'

သည်လိုနှင့် ကျွန်တော့်မှာ သင်တန်းကာလ တစ်လျှောက်လုံး သုံးငွေ ချေးငွေတွေများနေရကာ ငွေခုနစ်ရာခန့် ကုန်သွားလေသည်။ ဆရာချစ်ထွန်းလို လူတစ်ယောက်နှင့် ပေါင်းရသည့်အတွက် တစ်ခုတော့ အမြတ်ရှိပါသည်။ ဆရာချစ်ထွန်းသည် တာမွေအဝိုင်းလို နေရာမျိုးမှအစ မြို့လယ်မြို့ပတ်အားလုံး ကားသမားလောက၊ တက္ကစီလောက၊ ဘတ်စ်ကား လောကတွင် မသိသူမရှိသလောက် နံ့စပ်သူဖြစ်ရာ ကျွန်တော် သင်တန်း ပြီးချိန် အလုပ်လုပ်ရေးအတွက်တော့ အကူအညီရနိုင်ပါသည်။

ထိုအတောအတွင်း မမမြသည် ကျွန်တော့်ထံသို့ တစ်ခေါက် နှစ်ခေါက်မျှ လာရောက်ကြည့်ရှုလေသည်။ မမမြတွင် ယောကျ်ားလေး အဖော်တစ်ယောက် ပါလာ၏။ အမေဆုံးပြီး သင်္ဂြိုဟ်သည့်ရက်များကပင် ထိုသူကို ကျွန်တော် မြင်ဖူးပြီးပြီ။ မမမြ လက်ထပ်မည့်သူ။ သူ့နာမည်မှာ ကိုမြင့်ဆွေဟု သိရ၏။ ကိုမြင့်ဆွေကား အေးဆေးတည်ငြိမ်၍ စကား နည်းသူ ဖြစ်၏။

'ဂျိုး၊ နင်သင်တန်းပြီးရင် ဘယ်မှာနေမယ် စိတ်ကူးသလဲ'

မမမြက မေး၏။

'အိပ်တော့ လမ်းဘေး၊ စားတော့ထမင်းဆိုင်၊ သောက်တော့ ရေအိုးစင် ဆိုတာမျိုးပေါ့'

ကျွန်တော်က ခပ်ပေါ့ပေါ့ပင် ဖြေလိုက်ပါသည်။

'ငါတို့လဲ အိမ်တော့ရှာနေတာပဲ၊ စာမေးပွဲပြီးရင် ငါ လက်ထပ်တော့ မလို့'

'အေး၊ ကောင်းတာပေါ့'

'တို့ အိမ်ငှားပြီးရင် နင်လာနေပေါ့'

'ငါ့အတွက် မပူပါနဲ့၊ ဘယ်နေနေ ရပါတယ်'

ထိုအချိန်ထိ ကျွန်တော်သည် တကယ်ပင် နေရေးထိုင်ရေးအတွက် လုံးဝ မပူပန်ပါ။ သင်တန်းဆင်းပြီးလျှင် ကျွန်တော် မောင်းချင်သောကားကို မောင်းရဖို့သာ ဆန္ဒပြင်းပြလျက် ရှိပါသည်။ ကားမောင်းနေရလျှင် ကျွန်တော့် ဘဝ တစ်ဝက်ခန့်ပြည့်စုံသွားမည်ဟု ကျွန်တော် မျှော်လင့်မိ လေသည်။

ကျွန်တော်၏ ပေါ့တီးပေါ့ဆ စကားပြောတတ်မှုသည် မမမြ အတွက်တော့ ရိုး၍နေပါပြီ။ မမမြက ကျွန်တော့်ကိုကြည့်ကာ မရဲတရဲ မေးပြန်၏။

'နင့်မှာ ပိုက်ဆံတော်တော် ကျန်သေးရဲ့လား'

ကျွန်တော်သည် ငွေသားနှစ်ထောင်ကို ဘဏ်တွင်အပ်ပြီး ငွေစုစာအုပ်ကို မမမြထံ ပေးထားပါသည်။ ကျန်ငွေတစ်ထောင်ကိုမူ မမမြက အကုန်ယူမသွားစေချင်သော်လည်း ကျွန်တော် ယူလာပါသည်။

'အင်း၊ ကျန်ပါတယ်'

ကျွန်တော်က မယုတ်မလွန်ပင် ဖြေသည်။ သည့်ထက်ပို၍လည်း မမမြသည် ကျွန်တော့်ကို မစစ်ဆေး မမေးမြန်းရဲပေ။

'နင် လိုတာရှိရင် ပြောပေါ့'

'ဟော့အေး ဘာမှ မလိုပါဘူး'

သည့်နောက် မမမြသည် တော်တော်နှင့် ပေါ်မလာပေ။ မမမြ စာမေးပွဲပြီးလောက်သည့် အချိန်တွင်လည်း ကျွန်တော်နှင့် မတွေ့ရ။ ကျွန်တော် သင်တန်းပြီးသွား၏။ သို့သော် ဘာလုပ်ရမည် မသိသေး။ ကျွန်တော်သည် ဘော်ဒါဆောင်မှာပင် ဆက်နေရ၏။ ဆရာချစ်ထွန်းကို အားကိုးပြုကာ ကားတစ်စီးစီးတွင် မောင်းခွင့်ရရန် ကြိုးစားရသည်။ ကျွန်တော့်တွင်ရှိသော ငွေမှာလည်း ကုန်လုပြီ။ မမမြနှင့်လည်း မတွေ့ရ။ ကျွန်တော်က ဘာမျှမလိုပါဘူးဟု ပြောလိုက်သော်လည်း မမမြက လာမတွေ့သောအခါ ကျွန်တော် စိတ်ဆိုးမိလေသည်။

'ဟေ့ ဂျိုး၊ မင်းအတွက် အလုပ်ရပြီကွ၊ ကုန်သွယ်ရေးအရာရှိ တစ်ယောက်ရဲ့ကားကို မောင်းရမှာ၊ လခကတော့ ရုံးလခပေါ့ကွာ၊ မဆိုးပါဘူး၊ ငါလဲ မင်းအတွက်ရအောင် မနည်းပြောထားရတာ'

ဆရာချစ်ထွန်းက ပြောလာပေသည်။ ဆရာချစ်ထွန်းသည် ယခုအခါ ဘော်ဒါဆောင်တွင် မနေတော့ပေ။ သူ့မိန်းမနှင့် ပြန်ပေါင်းကာ ဝတ္တာလစ်တွင် နေနေသည်။

ကျွန်တော့်အနေဖြင့် လခစားကားမောင်းသမားအဖြစ် မလုပ်လိုပေ။ သို့သော် လတ်တလောကတော့ မတတ်နိုင်သေး။ ကျွန်တော်တို့ရထားသည့် အမောင်းလိုင်စင်ကလည်း ပီလိုင်စင်ဆိုတော့ အငှားကားမောင်း၍ မရ။

တဖြည်းဖြည်းမှပဲ အဆက်အသွယ်ရှာရပေမည်။ ကျွန်တော်က လွတ်လွတ်လပ်လပ် နေလိုသူမဟုတ်လား။

'ဘယ်နေ့အလုပ်ဝင်ရမှာလဲ ဆရာချစ်ထွန်း၊ ကျွန်တော် ဘော်ဒါကလဲ ဖယ်ပေးရတော့မယ်၊ သူတို့က အိမ်ပေးမှာလား'

'ဟ ရုံးအလုပ်ဆိုတော့ မင်း အိမ်ဘယ်ရမလဲ၊ အလုပ်က လဆန်းရင် ဝင်ရမှာ၊ ဒါပေမယ့်ကွာ ငါ့မှာ မနည်းရအောင် ပြောထားရတာ၊ သူတို့ရုံးက ဒရိုင်ဘာတချို့ကို ကျွေးမွေးပြီးတော့ပေါ့ကွာ၊ မင်းနေစရာမရှိလဲ ငါ့အိမ်လာနေပေါ့ကွာ'

ကျွန်တော်သိပါသည်။ ဆရာချစ်ထွန်းသည် ကျွန်တော့်အတွက် အလုပ်ရအောင် ရှာပေးရသည်ကို မကြာခဏ ထုတ်ဖော်လမ်းကြောင်း နေခြင်းဖြင့် ကျွန်တော့်ဆီမှ ငွေကို လိုချင်နေပြန်ပါပြီ။

'ခင်ဗျားကျေးဇူး မမေ့ပါဘူးဗျာ၊ ခင်ဗျား ပြောဆိုပေးကမ်းထားတဲ့ အတွက် ကျွန်တော်ပြန်ပေးပါ့မယ်၊ ခင်ဗျားအိမ်မှာနေရင်လဲ ကျွန်တော် အလကားမနေပါဘူး'

'ဟဲ ဟဲ ရပါတယ်ကွ၊ ငွေရေး ကြေးရေးက အကြောင်းမဟုတ်ပါဘူး'

ဆရာချစ်ထွန်းက ကျွန်တော့်ကို မိဘဆီမှ အမွေအနှစ်များစွာ ရထားသည်ဟု အထင်ရှိနေလေရာ ရန်ကုန်သား လူလည်ပီပီ ကျွန်တော့်ကို ရသမျှ ခွာလိုဟန်ရှိ၏။ သို့သော် လောလောဆယ်တော့ ကျွန်တော့်မှာ အားကိုးစရာဆိုလို့ သူပဲရှိသည်။ သို့ဖြင့် ကျွန်တော်သည် ကျွန်တော်၏ တစ်ခုတည်းသော အထုပ်အထည်ပစ္စည်းဖြစ်သည့် သေတ္တာတစ်လုံးကို ဆွဲကာ ဆရာချစ်ထွန်းအိမ်သို့ လိုက်ခဲ့ရလေသည်။

ကျွန်တော့်ဘဝကို စတင်ခြေချခြင်း ဖြစ်၏။ ဆရာချစ်ထွန်း၏ အိမ်သည် ဆယ်ပေမျှရှိသော အခန်းကျဉ်းလေးဖြစ်၍ ကျပ်တည်းလှပေသည်။ သူ့မိန်းမကလည်း လင်ငယ်ယူလောက်အောင် ရုပ်ရည်က မသားနား

သည့်ပြင် ညစ်ပတ်စုတ်ပြတ်၍ပင် နေသေးတော့၏။ ကလေးသုံးယောက် ကလည်း အော့နှလုံးနာစရာကောင်းလောက်အောင် ဆိုးကြပေသည်။

'ဂျိုး၊ ဘာမှအားမနာနဲ့၊ မင်း နေချင်သလိုသာနေကွ'

ဆရာချစ်ထွန်းက ကျွန်တော့်ကို သူတို့အခန်း၏ ထပ်ခိုးအား အပိုင်စားပေးလေသည်။ ခါးပန်းသည်နိမ့်၍ ကျွန်တော်၏ မြင့်မားသော အရပ်နှင့် ကောင်းကောင်းမလွတ်။ နေ့လယ်ဘက်ဆိုလျှင် သွပ်ရှိန်ကလည်း ပူလှသည်။ သို့သော် ကိစ္စမရှိ။ ကျွန်တော်က ညအိပ်ရုံသာ အသုံးပြုမည်။

'ကျွန်တော် အလုပ်ဝင်ရင်တော့ ကျွန်တော့် စားရေး သောက်ရေး ဒုက္ခမခံနဲ့တော့ ဆရာချစ်ထွန်း'

'ဖြစ်ပါတယ်ကွ၊ အိမ်မှာပဲစားပါ'

ကျွန်တော် မည်သို့လျှင် စားနိုင်ပါမည်နည်း။ ကျွန်တော်သည် အဖေတို့အမေတို့အိမ်တွင် ကောင်းကောင်းမွန်မွန် ဝဝလင်လင် စားသောက် နေထိုင်ခဲ့ရသူဖြစ်၏။ အလုပ်လုပ်စဉ်က ဆင်းရဲသော်လည်း လွတ်လပ်သော ဆင်းရဲခြင်းမျိုးတည်း။ ယခုတော့ နှစ်ပေပတ်လည်ခန့်ရှိသော စားပွဲဝိုင်း ကလေးမှာ ကလေးသုံးယောက် လူကြီးနှစ်ယောက်နှင့် ထမင်းလုစားရသော အဖြစ်က မလွယ်ကူလှပေ။ ကျွန်တော်ရောက်ရောက်ချင်း ဆရာချစ်ထွန်း၏ မိန်းမလက်သို့ ငွေတစ်ရာ ထည့်ပေးလိုက်သည်။ သို့သော် ထမင်းဝိုင်းမှာ တစ်နေ့လာလည်း ကန်စွန်းရွက်ချဉ်ရေကျဲ၊ ငါးပိရေ။

ကျွန်တော့်လက်ထဲတွင် ငွေပြတ်နေပြီ။ ဆရာချစ်ထွန်းယူထားသော အကြွေးများလည်း ပြန်မရ။ ယခု သူ့အိမ်ပေါ်ရောက်လာတော့ သာ၍ပင် တောင်းရခက်သေး၏။ သူ့မိန်းမကလည်း ကျွန်တော် ဘယ်လောက်ပေးပေး မျက်နှာထားက ခပ်တင်းတင်း။ ကျွန်တော်အလုပ်ဝင်ရန် သုံးရက်ခန့်သာ လိုတော့၍ တော်ပါတော့သည်။ လခမရမီ ကျွန်တော့်စားရေးသောက်ရေးကို မည်သို့ပြုရမည် မသိသေး။ သည်အတောအတွင်း မမမြကို ရှာရမည်။

သို့သော် ကျွန်တော် ကားစမောင်းပြီး တစ်ညမှာပင် အိမ်ကို မမြ ရောက်လာလေသည်။ သူတို့ လက်ထပ်ပြီးပြီ။

'တို့လဲ အိမ်မရသေးလို့ ယောက္ခမအိမ်မှာ ခဏ နေနေရတယ်၊ ခုတော့ ကြည့်မြင်တိုင်မှာအိမ်လေးတစ်အိမ်ရပြီ၊ နင် နေချင်ရင် လိုက်နေတော့'

သည်တစ်ခါ ကျွန်တော် မငြင်းတော့ပါ။ သေတ္တာဆွဲကာ လိုက်သွားပါသည်။

ဘဝတစ်ခု စခြင်း၏ အခက်အခဲကို ကျွန်တော် အနည်းငယ် သဘောပေါက်ပေပြီ။

BURMESE CLASSIC .com

# ၃

လခစား ကားမောင်းရသောဘဝကား အတော်ပင် စိတ်ပျက်ဖွယ်ရာကောင်းပေ၏။ လူတိုင်း လူတိုင်းကပင် လူကို လူလို မဆက်ဆံကြ။ ဒရိုင်ဘာလို ဆက်ဆံကြသည်။ အရာရှိကားကို မောင်းရမည်ဆိုသော်လည်း ရုံးကားပင်ဖြစ်လေရာ အရာမရှိ တရှိတွေကိုလည်း သွားလိုရာကို ပို့ပေးရလေသည်။ ပြီးတော့ ကျွန်တော်လို ကားကို မပြတ်မောင်းချင်သူသော်မှ ကြာတော့ ငြီးငွေ့လာရသည်။ တစ်နေ့ကုန် မနားရ။

ရုံးပေါ်မှ သူများတကာတွေ ဝတ္ထုဖတ်၊ ချက်စ်ထိုး၊ လက်ဖက်ရည်သောက်နေချိန် ကျွန်တော် ဒရိုင်ဘာသည် ထမင်းပင်မစားရသေး။ ဟိုလူ့ဆရာထူးရ၊ ဒီလူ့ဆရာထူးရ အလွန်အောက်တန်းကျသည့်ဘဝ။

ကျွန်တော့်ဆရာသည် အထက်တန်းအရာရှိတစ်ဦး ဖြစ်သူပင်။ ကျွန်တော့်ကိုလည်း ငယ်ရွယ်ဖျတ်လတ်သဖြင့် ခင်မင်၏။ လူကြီးက ခင်မင်တော့ ထိုသို့ ခင်မင်ခံရသည့်သူသည် ပို၍ပင် အခိုင်းခံရတတ်သည်ကို ကျွန်တော် လက်တွေ့ခံစားရလေသည်။

'ဂျိုးရေ သား၊ တော်ကြာ အိမ်တစ်ခေါက်ပြန်ပြီး ထမင်းချိုင့်ယူချေကွာ၊ မင်းအဒေါ်က ဘယ်တော့မှ မီအောင်မချက်ပေးဘူး၊ အေးမင်းသွားတုန်း အငယ်ကောင် ကျောင်းသွားတာနဲ့ကြုံရင် လှည့်ပို့လိုက်စမ်းပါကွ၊ အိမ်ကကားက ခုတလော ဘာဖြစ်နေမှန်း မသိဘူး၊ တွန်းချည်းနေရလို့'

အပိုဆု။

ကျွန်တော်သည် ထိုသို့သော အပိုဆုများကို မကြာ မကြာ ရတတ်လေသည်။ တစ်ခါတစ်ရံ ကျွန်တော့်ဆရာ အစည်းအဝေးရှိလျှင် ရုံးဆင်းချိန်ရောက်သော်လည်း ကျွန်တော် မပြန်ရ။ အိုဗာတိုင်စောင့်ရသည်။ ထိုအချိန်တွင် ဝမ်းက တကြုတ်ကြုတ် ဆာလာသဖြင့် ပြေးလွှားစားသောက်ရသည်မှာ အိုဗာတိုင်ကြေးနှင့် ဘယ်တော့မှ မကာမိပေ။

ပြီးတော့ အရေးကြီးသည်မှာ ညနေစောင်းလျှင် ကျွန်တော် သောက်ချင်သည်။ ရုံးတာဝန်အတွင်း ကျွန်တော် သောက်၍မဖြစ်။ တာဝန်ပြီးမှဝင်သောက်တော့ အိမ်ကို မိုးချုပ်မှောင်မှရောက်သည်။ မမြသည် ကျွန်တော့်ကို ထမင်းအဆင်သင့်ခူး၍ စောင့်နေတတ်၏။ အစ်မနှင့်ယောက်ဖသည် ကျွန်တော့်ကို ဆိုးသည် ကောင်းသည် မဝေဖန်ပေ။ ကျွန်တော်ကလည်း ကျွန်တော့်အလုပ်ကို ကျွန်တော် စိတ်ပျက်လှပေရာ ဘာတစ်ခုမျှ ပြောပြချင်စိတ် မရှိတော့ပေ။

သည်ကြားထဲမှာ ပြဿနာပေါ်သည်။

ကျွန်တော်သည် ကားမောင်းရာတွင် စိတ်မြန်သူဖြစ်သဖြင့် မကြာခဏဆိုသလို ကားချင်း ပွတ်ကာသီကာဖြစ်မှုတွေကြုံရသည်။ ကျွန်တော်က တစ်ဖက်ကားကို စည်းကမ်းဘောင်အတွင်းက ကြာကြာစောင့်မနေချင်။

တစ်နေ့တွင် ကျွန်တော်မောင်းနေသော ကားက ရှေ့မှ တုံ့နှေးတုံ့နှေး လုပ်နေသော ကားတစ်စီးကို ဝင်ဆောင့်မိလေသည်။ ထိုကားကလည်း အရာရှိကား၊ ဖယ်မလီယာ။ ကျွန်တော့်ကားက လေးဘီးနောက်ဖွင့်။

ကျွန်တော့်ကားက အလွတ်။ ဟိုကားက အရာရှိပါသည်။ သည်တော့ ပြဿနာ။ ကျွန်တော်တို့ ဒရိုင်ဘာချင်းဖြစ်လျှင်တော့ တော်ရုံနားလည်မှုနှင့် ပြီးသည်။ ကိုယ့်အိတ်ထဲက စိုက်ပြင်ရတာမှ မဟုတ်တာ။ သို့သော် ယခု တစ်ဖက်က အရာရှိကြီးက ဒေါပွနေ၏။

'မင်း ဒါရိုက်တာက ဘယ်သူလဲ'

ကျွန်တော်က ပြောပြလိုက်၏။

ထိုအရာရှိကြီး ရုံးပေါ်တက်သွားပြီး ခဏကြာတော့ ကျွန်တော့်ဆရာ အရာရှိကြီးက ကျွန်တော့်ကို ခေါ်၏။

'ဂျိုး၊ မင်းကတော့လုပ်ပြန်ပြီ၊ ခါတိုင်းဖြစ်တာ အကြောင်းမဟုတ်ဘူး၊ ခုဟာက ပြဿနာကွ'

'ဟာ ဆရာကလဲ၊ ဘာမှ ထိခိုက်တာ မဟုတ်ပါဘူး၊ ဘန်ပါလေး နည်းနည်းပွန်းသွားတာပါ'

'အဲဒါက အကြောင်းမဟုတ်ဘူးကွ၊ အဘိုးကြီးက သူ့ကားကို အရိပ်ကြည့်နေတာ၊ ဂိုဒေါင်က ထုတ်ထားတာတောင် မကြာသေးဘူးကွ'

'ဟာ ဆရာကလဲ ဘာခက်တာလိုက်လို့ နောက်တစ်စီး ထပ်ထုတ်ပေါ့'

'ဟ ခက်နေတာပေါ့ကွ၊ အဲဒါ သူ့ကိုယ်ပိုင်ကားကွ'

ပြဿနာ။

မတတ်နိုင်။ ကျွန်တော်ဘာမျှ မတတ်နိုင်။ ယခုမှ လခလေး တစ်လခသာ ရသေးသည်။ ကျွန်တော် မလျော်နိုင်။

'အခုကကတော့ မင်းကို ဘယ်လိုမှမဆုံးမဘူးဆိုရင် သူ ကျေနပ်မှာ မဟုတ်ဘူး၊ ဒီတော့မင်းကို ငါ သက်ညှာတဲ့အနေနဲ့ ပြင်းထန်စွာ သတိပေး လိုက်မယ်ကွာ၊ ပြီးတော့ မင်းလခ အဖြတ်ခံရမယ်'

ကျွန်တော် ဘာမျှမပြော။

အမှုထမ်းလောကတွင် သည်လိုပင် အရေးယူခံရမှုများ ရှိနေရာ ကျွန်တော်လို ဘာပညာ အရည်အချင်းမှမရှိသော လူတစ်ယောက်ကို အဘယ်မှာလျှင် သက်ညှာခွင့်ပေးပါမည်နည်း။

ရုံးအမှုထမ်း ကားသမားလောကကား အပြင်ကားသမားလောကနှင့် မတူ။ အပြင်ကားသမားက လည်ပတ်သည်၊ လျင်သည်ဆိုရာဝယ် ကိုယ်ရသမျှ ကိုယ်ရှာပြီး ကိုယ့်အိတ်ထဲ ကိုယ်ထည့်ခြင်းဖြစ်၏။ အမှုထမ်းကားသမားက ထိုသို့မဟုတ်။ မလိမ့်တပတ်လုပ်ကာ ဌာနတွင်းပိုက်ဆံကို ကိုယ့်အိတ်ထဲရောက်အောင် လှည့်ယူခြင်း။ တစ်နည်းအားဖြင့်ဆိုသော် မရိုးမသား ကူလီကူမာလုပ်ရတာတွေ များလွန်းသည်။

ကျွန်တော်သည် အရက်သာသောက်တတ်သည်။ ဓာတ်ဆီမသောက်တတ်ပေ။ ရုံးကားသမားအချို့က ဓာတ်ဆီသောက်တတ်လေသည်။ သတ်မှတ်ပေးထားသည့် ဓာတ်ဆီဖိုးကို အမှန်တကယ်မကုန်ဘဲ ထုတ်ယူကာ အိတ်ထဲထည့်ခြင်း။

ကျွန်တော်သည် ရသည့်လခနှင့် ကျွန်တော့် စီးကရက်ဖိုး အရက်ဖိုးပင် မကာမိချေ။ အစ်မက ကျွေးထားရှာ၍သာ တော်တော့၏။ မမမြမှာလည်း အလုပ်မရသေး။ မမမြ၏ ခင်ပွန်း ကျွန်တော့်ယောက်ဖ ကိုမြင့်ဆွေကတော့ အသက်အာမခံရုံးတွင် အရာရှိတစ်ယောက်ဖြစ်သည်။ သို့သော် သူတို့မှာလည်း မချောင်လည်။ ကျွန်တော်သည် ထမင်းကျွေးထားသည့် အစ်မနှင့် ယောက်ဖဆီမှ သုံးစရာ စွဲစရာငွေ ထပ်တောင်း၍ မဖြစ်ပေ။ ထို့ကြောင့် ကျွန်တော့်ငွေကို ထုတ်သုံးရန်သာ ရှိတော့သည်။

'မမြ ငါ့ ဘဏ်စာအုပ် ခဏပေး'

'ဘာလုပ်မလို့လဲ ဂျိုး၊ အလွယ်တကူထုတ်သုံးရင် ကုန်သွားမှာပေါ့၊ နင် သင်တန်းတက်တာလဲ တစ်ထောင်လောက်ကုန်တယ်၊ သိပ်များနေပြီ၊ လခနဲ့ပဲ ချွေတာသုံးဖို့ကောင်းတယ်'

'ပေးမှာသာပေးစမ်းပါ မမြရာ၊ ငါ ဒီအလုပ်ကိုလဲ ကြာကြာ မလုပ်ချင်ပါဘူး၊ အပြင်အလုပ်ပဲ လုပ်မယ်၊ အခု ငါ မလောက်ဘူး၊ များများမထုတ်ပါဘူး ငါးရာတည်းပါ'

မမြသည် ကျွန်တော့်ကို အတိုက်အခံပြောၡလည်း ရမည်မဟုတ်သဖြင့် ငွေစုစာအုပ် ထုတ်ပေးပါသည်။ ထိုနေ့က ကျွန်တော်သည် ရုံးမှ ကားကိုယူကာ ဘဏ်ကို သွား၏။ ငွေငါးရာထုတ်သည်။ ကျွန်တော့် လက်ထဲမှာ ငွေကိုင်မိတော့ ကျွန်တော် သောက်ချင်လာသည်။ ရုံးဆင်းလျှင် အဘိုးကြီးကို ကြိုရဦးမည်။ သို့သော် တစ်ငုံလောက် မော့သွားလျှင် သိမည်မဟုတ်။

ကျွန်တော့်ကားဘီးများသည် မိစ္ဆာနတ်ဆိုးက ဦးဆောင်သွားသည့် အလား တာမွေအဝိုင်းဘက်သို့ ဦးတည်သွားကြလေသည်။ ကျွန်တော်သည် အရက်သောက်လျှင် တစ်ယောက်တည်း မသောက်တတ်။ ထို့ကြောင့် ဆရာချစ်ထွန်းကို သွားခေါ်သည်။ ဆရာချစ်ထွန်းသည် ဝပ်ရှော့ရုံမှ အဝတ်ပင်မလဲဘဲ လက်ကို ကပျာကယာကောက်ဆေးကာ ကျွန်တော့် နောက်သို့ လိုက်လာလေသည်။

'ဘယ်လိုလဲ ဂျိုး၊ မင်း ဟန်ကျနေပြီလား'

'ထပ်တေရီ ဘယ်ကလာ ဟန်ကျရမှာလဲဗျာ၊ တစ်နေ့လုံး ရုံးချိန် အတိုင်း ဆင်းရပြီး ရတော့ တစ်ပဲခြောက်ပြား၊ ဒီကြားထဲ မတော်တဆ အရာရှိကြီးကား ဝင်ခြစ်မိတာနဲ့ လခက အဖြတ်ခံရသေးတယ်'

'ဖြစ်ရမယ် မင်းကတော့၊ အရပ်ရှည်သလောက် စိတ်ကလဲ တိုပါဘိသနဲ့၊ တို့အခု ဘယ်သွားမှာလဲ၊ မြန္တာညိုလား'

သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ဆိုသလိုပင် ကျွန်တော်တို့ နှစ်ယောက် ဆုံမိမှတော့ မတိုင်ပင်ဘဲနှင့် ဦးတည်ချက်က တူညီပြီးသား ဖြစ်နေတတ်သည်။

ကျွန်တော်က မပြုစုရတာကြာပြီဖြစ်သော ဆရာချစ်ထွန်းအတွက် အရက်နှင့် အမြည်းကောင်းကောင်း မှာပေးသည်။

'ဂျိုးရာ၊ မင်းမရှိတော့ ငါလည်း အတော်ကလေး ကသီတယ်ကွာ၊ မိန်းမကလဲ အခု နောက်တစ်ဗိုက်ဖြစ်နေပြန်ပြီ'

'ပိုက်ဆံချေးဖို့တော့ စိတ်မကူးနဲ့ဆရာကြီး၊ ကျွန်တော်လဲ ငွေမကုန်ခင် ဘာလုပ်ရမလဲ စိတ်ကူးနေတာ'

ဆရာချစ်ထွန်းက ရယ်ကျဲကျဲလုပ်သည်။

'အဟဲ မင်းကလဲ မချေးပါဘူးကွ၊ ဒီမယ်ငါ့လူ၊ မင်း ဒီရုံးကားကို လခစားမို့ မမောင်းချင်ဘူးဆိုရင် ငါ တက္ကစီတစ်စီး ရှာပေးမယ်'

'ဖြစ်မလားဗျ၊ ကျွန်တော့်မှာ တီလိုင်စင်မှ မရသေးတာ'

'ဖြစ်ပါတယ်ကွာ၊ မင်းရဲ့ လိုင်စင်ကြားမှာ ငွေငါးကျပ်လောက်တော့ အမြဲညှပ်ထားပေါ့၊ ဟဲ ဟဲ လိုင်စင်စစ်ရင် ထုတ်ပြလိုက်လေ၊ ငါ အကောင်းပြောတာကွ၊ မင်း တစ်နေ့ လေးဆယ်ပဲ ပေးရမယ်၊ ကျန်တာယူ'

'အခု အလုပ်ကိုတော့ စိတ်ပျက်တာအမှန်ပဲဗျာ၊ လုပ်ကြည့်ဦးမယ်'

'ဂျိုး၊ ငါ အရက်မပြောနဲ့ လက်ဖက်ရည်တောင် မသောက်ရတာ ကြာပြီကွာ၊ ငါ မင်းဆီက ငွေမချေးချင်ပါဘူး၊ အဲ မင်း တတ်နိုင်သလောက် ပေးခဲ့ကွာ'

ကျွန်တော်သည် အိတ်ထဲမှ ငွေငါးဆယ်ထုတ်ပေးလိုက်ရပါသည်။

'ဆရာ ချစ်ထွန်း၊ ခင်ဗျားပြောတာသာ ဖြစ်အောင်လုပ်ပေးဗျာ၊ ရရချင်းပြော၊ ကျွန်တော် နေ့တိုင်း လှည့်ဝင်လာမယ်၊ အရက်တော့ ဒီတစ်ခါပဲနော်'

'အေးပါကွာ၊ စိတ်ချပါ၊ မင်းကလဲ'

ကျွန်တော် မြခွာညိုမှ ပြန်ထွက်လာတော့ လေးနာရီထိုးလုပြီ၊ ကမ်းနားလမ်းကို အချိန်မီရောက်ရန် အသော့နှင်ခဲ့ရလေ၏။ ကျွန်တော် ရောက်တော့ ကျွန်တော့်ဆရာသည် အောက်ဆင်း၍ပင် စောင့်နေပြီ။

သည်နေ့ အစည်းအဝေးမရှိ။ ကျွန်တော့်ဆရာက ရှေ့ခန်းမှာဝင်ထိုင်ကာ ကျွန်တော့်ကို အကဲခတ်၏။

နောက်တစ်နေ့တွင် ကျွန်တော့်အတွက် အမိန့်တစ်ရပ် ထွက်လာသည်။

ရုံးတာဝန်အချိန်အတွင်း အရက်သောက်သည့်အတွက် အလုပ်မှ ရပ်စဲပစ်သည်တဲ့။ အမှုကို ကျွန်တော် ချေပခွင့်ရှိသော်လည်း ကျွန်တော် တစ်စုံတစ်ရာ ရင်ဆိုင်ချေပခြင်း မပြုတော့ပါ။ အချုပ်အနှောင်ကြားမှ လွတ်မြောက်ရသူလို ဝမ်းမြောက်ဝမ်းသာ ထွက်ခွာခဲ့ပါကြောင်း။

# ၄

'ဂျိုး၊ နင်ဟာလေ ခုထိ အချိုးမပြောင်းသေးပါလား၊ နင် လိမ်မာဖို့ကောင်းပြီ၊ လောကမှာ တကယ့်တကယ် ငွေရှာရတယ်ဆိုတာ ဘယ်လောက်ခက်သလဲ၊ နင် သိဖို့ကောင်းတယ်၊ ခု ရထားတဲ့အလုပ်ကိုတောင် ပြုတ်သွားအောင် လုပ်ရတယ်လို့ဟယ်'

မမမြက တဖျစ်တောက်တောက် ညည်းညူပါသည်။ သို့သော် ထုံးစံအတိုင်း ကျွန်တော့်ကိုတော့ မဆူရဲပါ။ ကျွန်တော်ကလည်း အလုပ်မလုပ်သည့်တိုင် ကျွန်တော်ထုတ်ထားသည့်ငွေနှင့်ပင် သုံးမြဲစားမြဲ နေလိုက်ပါ၏။ ကျွန်တော်သည် ဆရာချစ်ထွန်းပြောထားသည့်အလုပ်ကို ရလိုရငြား တာမွေသို့ တစ်နေ့တစ်ခေါက်သွားရလေသည်။ ထိုအတွက် ကျွန်တော့်မှာ ခရီးစရိတ်နှင့် သောက်သည့်စရိတ် ကုန်သည်။ မတတ်နိုင်။

ကျန်သည့်အချိန်တွင်တော့ ကျွန်တော် အိမ်မြဲနေ၏။ နေ့လယ်ဘက်တွင် ကိုမြင့်ဆွေ အလုပ်သွားနေရာ အိမ်တွင် မမမြနှင့် ကျွန်တော်သာ ရှိသည်။ မမမြသည် မပေါ့မပါးဖြစ်နေ၍ ကျွန်တော်သည် အိမ်မှာနေသည့် အခိုက် မမမြကို ရေခပ်ရာ တံမြက်စည်းလှည်းရာတို့တွင် ကူညီပါသည်။

ကျွန်တော့်ဘဝတွင် အိမ်အလုပ်ကို ကူညီလုပ်ကိုင်ပေးခြင်းသည် ပထမဆုံး အကြိမ်ဖြစ်၍ လိမ်မာလာသည်ဟုပင် ဆိုနိုင်ပါ၏။ ညနေစောင်းလျှင်တော့ ကျွန်တော် တာမွေကို မှန်မှန်သွားသည်။ ဆရာချစ်ထွန်းသည် အပြောက ရွှန်းရွှန်းဝေသလောက် လက်တွေ့တွင်တော့ အလုပ်က မဖြစ်ပေ။ သို့ဖြင့် ကျွန်တော်ထုတ်ထားသောငွေလည်း တတိတတိ ကုန်လာသည်။ ကျွန်တော့် လက်ထဲမှာ ငွေမရှိသောအခါ ကျွန်တော် အိမ်မြဲရ၏။

ကျွန်တော် အိမ်မှာမြဲနေခြင်းသည် ကျွန်တော့်ဘဝကို စိတ်ရောခြေပါ အချုပ်အနှောင်တွင်း ချထားရသလိုပင် ဖြစ်၏။ အထူးသဖြင့် ပြင်ပလောက တွင် ကျင်လည်နေရပြီဖြစ်သော ကျွန်တော့်အဖို့ စိတ်ကျဉ်းကျပ်လှသည်။ သည်လို အခြေအနေမျိုးတွင် ကျွန်တော့်ဘဝကို အကြီးအကျယ်ပြောင်းလဲ စေမည့် အဖြစ်မျိုး ကြုံရလေသည်။

ကျွန်တော်တို့ငှားနေသော အိမ်လေးသည် တစ်ထပ် အိမ်ပုလေးဖြစ်၍ တစ်ဖက်တွင် အိမ်ရှင်က သွပ်မိုးပျဉ်ကာ အိမ်မြင့်မြင့်ကြီးနှင့် နေသည်။ အိမ်ရှင်အမျိုးသမီးသည် အသက်သုံးဆယ်ခန့် ရုပ်ရည်သန့်ပြန့်၍ ယောကျ်ား ဖြစ်သူကိုတော့ တစ်ခါမျှ မမြင်ဘူးပေ။ ကလေးတွေ၏အပြောအရ နိုင်ငံခြား သွားနေသည်ဟု သိရလေသည်။ ကလေးသုံးယောက်ကမူ ကျွန်တော်တို့အိမ်တွင် ဝင်ထွက်သွားလာနေကြသည်။

ကျွန်တော် အိမ်မှာအနေကြာလာသောအခါ ကလေးတွေနှင့် ကျွန်တော် ရင်းနှီးလာ၏။ ကလေးတွေအမေက တစ်ခါတစ်ရံ ကျွန်တော်တို့ အိမ်ဘက် ကူးလာသည်။ အသားဖြူဖြူ ကိုယ်လုံးကိုယ်ထည် တောင့်တောင့် တင်းတင်းနှင့် မိန်းမချောတစ်ဦးဖြစ်သူ မမအေး၏ ဘဝကို ကျွန်တော်တို့ တစ်စိတ်တစ်ဒေသ သိခွင့်ရလေသည်။

'မြမြတို့ ဘဝက အေးချမ်းပါတယ်ကွယ်၊ မိသားစုသုံးယောက် ချစ်ချစ်ခင်ခင်နေကြတာ သိပ်ပျော်စရာကောင်းတယ်၊ မမအေးမှာတော့ ကလေးသုံးယောက်ရဲ့ တာဝန်ကို တစ်ယောက်တည်း ထမ်းနေရတာ၊

ကလေးတွေကလည်း အရွယ်ရောက်လာတော့ မနိုင်တော့ဘူးလေ၊ ဖခင် အုပ်ထိန်းမှုမှ မရှိဘဲကွယ်'

မမအေး၏ သားအကြီးသည် လူပျိုပေါက်ဖြစ်၍ ကျွန်တော်နှင့် အသက် သုံးနှစ်လောက်သာ ကွာမည်။ ကျွန်တော်ကတော့ ဘဝမျိုးစုံ ကျင်လည်ခဲ့ပြီဖြစ်၍ လူကြီးတစ်ယောက်လို ရင့်ရော်နေပြီ။ မမအေး၏ သားအကြီး သီဟက ကလေးမက လူကြီးမကျ။ ကြွပ်ဆတ်ဆတ် ထောင့် မကျိုးသည့် ပုံမျိုး၊ တစ်လောကလုံးကို အကောင်းမထင်ဘဲ အရွဲ့တိုက် ချင်သည့် ကျွန်တော်ငယ်ငယ်က ပုံစံအတိုင်း။ အလတ်ကောင် နန္ဒက အေးဆေး၏။ ကြောက်တတ်၏။ သို့သော် သူကလည်း ပေကပ်ကပ်။ အငယ်မလေး မာလာကမူ မျက်စိသူငယ်နှင့် ယုန်မလေးလို သနားစဖွယ် ဖြစ်လေသည်။

'သူတို့အဖေက ဘယ်မှာတာဝန်ကျနေလို့လဲ မမအေးရဲ့၊ ပြန်မလာ ဘူးလား'

မမအေးသည် ရီဝေမှုန်မှိုင်းသော မျက်လုံးများဖြင့် တိုးတိုးလေး ပြောသည်။

'သူ သူ နိုင်ငံခြားမှာလေ၊ ပြန်လာမယ်လဲ မထင်တော့ပါဘူးကွယ်'

ကျွန်တော်သည် မိန်းမကို စိတ်ဝင်စားသူမဟုတ်ပေ။ ကျွန်တော် ငယ်ငယ်ရွယ်ရွယ်နှင့် တတ်ယောင်ကား လုပ်ခဲ့သည့်အရာတွင် မိန်းမကိစ္စ မပါပေ။ သူများရည်းစားထားတာကို အားကျ၍ မထွေးရီကို ရည်းစားအဖြစ် ထားမိသည်။ စွဲလမ်းလှသည် မဟုတ်ပေ။ သူများမိန်းမယူတော့ မထွေးရီကို ကျွန်တော် ခိုးပြေးရကောင်းမလား စိတ်ကူးမိသေး၏။ နောက်တော့လည်း မေ့သွားလေပြီ။ ကျွန်တော် ကားမောင်းစက်ပြင် သင်တန်းတက်နေစဉ် ကာလအတွင်း မထွေးရီဆီမှ စာလေးငါးစောင်လာသော်လည်း ကျွန်တော် နှစ်ခါလောက်သာ စာပြန်ဖြစ်သည်။ ကျွန်တော့်ဘဝကို ကျွန်တော် ထူထောင်ဆဲဖြစ်ကြောင်း၊ အောင်မြင်မှုရသည့်တစ်နေ့တွင် ပြန်လာကာ

လက်ထပ်မည်ဖြစ်ကြောင်း ဘာဘာညာညာ ပြန်လည်ကတိပေး ရေးသားခဲ့သော်လည်း စိတ်ထဲက ပါလှလို့တော့ မဟုတ်ပေ။

မထွေးရီသည် သေးသေးကွေးကွေး ချစ်စရာကျောင်းသူမလေးဖြစ်၏။ မမအေးတို့လို ဖြူဖြူစင်စင် တောင့်တောင့်တင်းတင်းနှင့် ကျက်သရေရှိသော အလှမျိုးကို ကျွန်တော် နီးနီးကပ်ကပ် မတွေ့ဘူးပေ။

မှန်ပါသည်။ တကယ့် တကယ် မိန်းမဆိုတာကို ကျွန်တော်ယခုမှ အမှတ်ထားမိခြင်း ဖြစ်ပါသည်။

မမအေးသည် ကလေးသုံးယောက်အမေ။

မမအေး လှသည်ကို ကျွန်တော် ခံစားရခြင်းကိုသာ ဆိုလိုခြင်းဖြစ်ပါသည်။ အခြားမည်သည့်အကြောင်းမျှ မရှိပါ။

သို့သော် လေသံနွဲ့နွဲ့နှင့် ပြောပြသော မမအေး၏ အိမ်ထောင်ရေးအကြောင်းကို မမမြနည်းတူ ကျွန်တော်လည်း စိတ်ဝင်စား၏။

'နိုင်ငံခြားသွားတာ ပြန်မလာဘဲနေလို့ရလို့လား မမအေးရဲ့၊ ပြန်လာမှာပေါ့'

'သူက သူ့ဟာသူ အလုပ်သွားလုပ်တာလေကွယ်၊ သူနေချင်သလောက် သက်တမ်းတိုးပြီး နေလို့ရတာပဲ၊ သွားခါစကတော့ မမအေးတို့သားအမိတစ်တွေကို ခေါ်မယ်ဆိုပြီး ခုတော့ စာလဲ မှန်မှန်မလာတော့ဘူးလေ၊ တစ်ခါတလေ သူသတိတရပို့တဲ့ ပစ္စည်းလေးတွေကို ပြန်ရောင်းပြီး မမအေးတို့ သားအမိ စားသောက်နေရတာ'

'အဆင်မပြေသေးလို့ မခေါ်သေးတာ နေမှာပေါ့ မမအေးရာ'

'ကွယ်၊ မမအေး သိပြီးပါပြီ၊ ဟိုမှာ သူ မိန်းမရနေပြီ'

'ဟင်'

မမအေးသည် ကျွန်တော်နှင့် မမမြရှေ့မှာပင် ရှိုက်၍ ငိုလေသည်။

ကျွန်တော့်ရှေ့တွင် မိန်းမသားတို့ မျက်ရည်ကျဖူးသည်ကို ကြုံဖူးပါသည်။ အမေ။ မမမြ။ မထွေးရီ။ ကျွန်တော် မတုန်လှုပ်ခဲ့ပါ။

သို့သော် မမအေး၏ မျက်ရည်စများကို မြင်ရသောအခါ ကျွန်တော် အလွန် သနားမိပါသည်။

*

'ဂျိုးရေ၊ လုပ်ပါဦးကွယ်၊ နန္ဒလေ ဟိုဘက်လမ်းက လမ်းသရဲတွေနဲ့ ရန်ဖြစ်ပြန်ပြီ'

မမအေးသည် ကျွန်တော့်ကို ယောကျ်ားသားကြီးတစ်ယောက်အနေဖြင့် အားကိုးတကြီးလာပြောသောအခါ ကျွန်တော်ကလည်း သူ့ရဲကောင်းပီပီ မားမားမတ်မတ် ရပ်ပေးရပါသည်။ ကြည့်မြင်တိုင်ရပ်ကွက် လူငယ်များ အလယ်တွင် ကျွန်တော် လူမိုက်လုပ်ရ၏။

'ဟေ့၊ မင်းတို့တော်ကြ၊ အချင်းချင်း ဒီလိုလုပ်နေရင် တခြားရပ်ကွက်ကကောင်တွေက မင်းတို့ကို ကြောသွားမှာပေါ့၊ နောက် ဒါမျိုး မဖြစ်စေနဲ့၊ နန္ဒ လာ အိမ်ပြန်မယ်'

'ဒီကောင်က မလောက်လေး မလောက်စားနဲ့ ရပ်ကွက်ထဲမှာ ကျယ်ချင်တာကိုးဗျ၊ ကျုပ်တို့ကလဲ မဆိုင်ဘဲ ဝင်ရှုပ်ရင် မျက်စိနောက်တယ်'

လူငယ်တွေက ကျွန်တော့်ကိုပင် စိန်ခေါ်ချင်ချင်။

ကျွန်တော့်ခေါင်းထဲတွင် မိုက်ရဲမှ အနိုင်ရသည်ဟူသော အတွေး ပြန်ဝင်လာ၏။

'ခု ငါ ဒီရပ်ကွက်မှာနေတယ်၊ ငါ့ကို မဆိုင်ဘူးပြောတာ ဘယ်သူလဲ၊ ငါ မြန်မာတစ်ပြည်လုံး လျှောက်သွားနေတဲ့ကောင်၊ တစ်ချက်တည်းနဲ့ မှောက်သွားအောင် ရိုက်ပြနိုင်တယ်၊ ငါ့နာမည် ဂျိုးတဲ့၊ ဂျိုးကပ်နေတဲ့ ကောင်ကွ၊ မှတ်ထား'

ကျွန်တော်က မျက်နှာတင်းတင်းဖြင့် ခြဲသောအခါ သူတို့ ငြိမ်သွားကြသည်။ သူတို့ကား ပဲခူးမှာ ကျွန်တော် အိမ်က ပိုက်ဆံခိုးပြီး

ဖဲရိုက်သည့် အဆင့်သာရှိသေး၏။ သူတို့ကို ရပ်ကွက်က လမ်းသရဲဟု ကင်ပွန်းတပ်ထားသော်လည်း ဒီအရွယ်နှင့် လမ်းသရဲဟု ဘယ်ပုံ သမုတ်၍ ရပါမည်နည်း။ ထားပါတော့ ဆိုးသွမ်းလူငယ်။ သူတို့သည် ဆိုးရုံသာဆိုးဝံ့သည့် လူဆိုးလေးတွေ။ လူမိုက်လေးတွေ မဟုတ်ကြ။

'ဒီမှာ မင်းတို့ နန္ဒကို အနိုင်မကျင့်ကြနဲ့၊ အနိုင်ကျင့်ရင် ငါနဲ့တွေ့မယ်'

မမအေးအတွက်တော့ ကျွန်တော်သည် မဟာသူရဲကောင်း။ မမအေးသည် သူ့သားတွေအတွက် ကျွန်တော့်ကိုသာ တိုင်တန်းလေတော့သည်။ သူ့သားတွေက ကျွန်တော်ပြောမှ ကြောက်သည်တဲ့။

နန္ဒကတော့ အေးဆေးသူမို့ ကျွန်တော့်ကို ချစ်၏။ ကြောက်၏။ သီဟက ဂျစ်။ သူက စကားလည်းသိပ်မပြော။ ရပ်ကွက်ထဲကလူငယ်တွေနှင့်လည်း မပေါင်း။ အိမ်မှာလည်း သိပ်မနေ။ အမေကိုလည်း ဂရုမစိုက်။ သီဟကို အကိုင်တွယ်ရ ခက်၏။

'မမအေးက မိန်းမသားတစ်ယောက်တည်းဆိုတော့ လူတွေက မလေးစားဘူးကွယ်၊ မြမြတို့ကိုပဲ ဆွေမျိုးလို အားကိုးရတော့မှာပဲ'

မမအေးသည် ဤနည်းဖြင့် ကျွန်တော့် ဘဝထဲသို့ ဝင်ရောက်ခဲ့လေသည်။

မမြသည် အစက မမအေးကို အလွန်ချစ်ခင် ရင်းနှီးစွာ ဆက်ဆံခဲ့သည် မှန်သော်လည်း ကျွန်တော်နှင့် မမအေး ခင်မင်လာချိန်ဝယ် မူတစ်မျိုးပြောင်းသွားလေသည်။ မမအေးမို့ အိမ်လာလျှင် မမြမျက်နှာမကြည်လင်။

မမအေးသည် ထူးထူးခြားခြား ဟင်းချက်လျှင် အိမ်ဘက်သို့တစ်ခွက် ကမ်းလာ၏။

'ဂျိုး ပြန်ရောက်ပလား၊ အမဲသားလေးနှပ်ထားတာ၊ ရော့ စားကြ'

မမအေးသည် သနားစဖွယ် မိန်းမတစ်ဦးပေတကား။

*

ပိုက်ဆံမရှိဘဲ အိမ်မှာနေရသည့်ရက်တွေ များလာသောအခါ ကျွန်တော် စိတ်ဓာတ်ကျလာ၏။ ကျွန်တော်သည် သူဌေးသား မဟုတ်သော်လည်း လက်ထဲမှာ ငွေဖောဖောသီသီရှိမှ နေတတ် ထိုင်တတ်၏။ ယခုအခါ ကျွန်တော်သည် ဆေးလိပ်ဖိုးကိုပင် မမမြဆီမှ တောင်းနေရသည်။ အရက် မသောက်ရတာလည်း ကြာပြီ။ အရက်မသောက်ရလျှင် မနေနိုင်သော အဆင့်သို့ ကျွန်တော် မရောက်သေးသော်လည်း အရက်မသောက်ဘဲ နေရသည်ကို ကျွန်တော် မကြိုက်။ တစ်ခုခုလိုနေသလို ခံစားရသည်။

ထို့ကြောင့် ကျွန်တော်သည် မမမြအလစ်တွင် ငွေစုစာအုပ်ကိုယူကာ ဘဏ်သို့ လစ်ခဲ့သည်။ ငွေငါးရာထုတ်လာခဲ့၏။ ကျွန်တော့်လက်ထဲတွင် ငွေရသောအခါ ထုံးစံအတိုင်း ကျွန်တော် အရက်သောက်ချင်သည်။ သို့သော် ကျွန်တော်တစ်ယောက်တည်း မသောက်ချင်။ ဆရာချစ်ထွန်းဆီကား ကျွန်တော်မသွားရဲတော့။ ကျွန်တော့်ငွေ ပါသွားမှာ ကျွန်တော် စိုးသည်။ ထို့ကြောင့် ဘာဘာညာညာ စဉ်းစားမနေဘဲ ရမ်တစ်လုံး ဝယ်လိုက်သည်။ ပြီးတော့ အိမ်ကို ကျွန်တော်သတိရ၏။ မမမြ။

မမမြသည် ယခုအချိန်ထိ ကျွန်တော့်ကို မညည်းမညူကျွေးမွေး ပြုစုထားဆဲဖြစ်သည်။ မမမြကို ကျွန်တော် တစ်ပြားမှပြန်လည် မပေးကမ်း စဖူး။ ထို့ကြောင့် ကိုယ်ဝန်ဆောင်သည် မမမြစားဖို့ လိမ္မော်သီးတွေ၊ စပျစ်သီးတွေ ကျွန်တော် ဝယ်သည်။ ပြီးတော့ ကျွန်တော်သတိရသည်က မမအေး။

မမအေးသည် တစ်ချိန်က လူချမ်းသာ မိဘများမှ ပေါက်ဖွားခဲ့ဟန် တူသော်လည်း ယခုအခါ ယောကျ်ား၏ ပစ်ပယ်မှုကို ခံရပြီး သားသမီးများ နှင့် ဘဝကို တစ်ယောက်တည်း ရင်ဆိုင်နေရသူ။

အစားကောင်း ဟင်းကောင်းချက်လျှင် ကျွန်တော့်အတွက် အမှတ် တရ လာပို့တတ်သော မမအေးကို ကျွန်တော် တစ်ဖန်တစ်လှည့် ပြုစုချင် ပါသည်။ ကျွန်တော်သည် လက်ထဲမှာ ငွေရှိခိုက် မမအေးအတွက်

တုံ့ပြန်စေတနာပြလို၏။ ထို့ကြောင့် မမအေးကြိုက်တတ်သော လက်ဖက်ခြောက် အချိုခြောက်၊ ကော်ဖီ၊ သကြားနှင့် ကိတ်မုန့်ပေါင်မုန့်များဝယ်သည်။ သီဟတို့ နန္ဒတို့အတွက် ဘောလုံး၊ ရက်ကက်နှင့် မာလာလေးအတွက် ကစားစရာတစ်ခုကိုပါဝယ်ပြီး ပြန်လာခဲ့လေသည်။ ကျွန်တော့်တစ်သက်တွင် မည်သူ့အတွက်မျှ ထိုသို့သော ချမ်းသာကြည်နူးမှုစေတနာဖြင့် ပေးကမ်းဝေဖူးခြင်း မရှိပါပေ။

မမမြသည် ပစ္စည်းတွေ တစ်ပွေ့တစ်ပိုက်နှင့် ပြန်လာသော ကျွန်တော့်ကိုကြည့်ကာ တအံ့တဩဖြစ်နေ၏။

'ဂျိုး နင် ဘယ်ကပိုက်ဆံရလို့ ဝယ်လာတာလဲ ဟင်'

'နောက်မှမေးဟာ၊ ရော့ နင်စားဖို့၊ ကိုမြင့်ဆွေ ပြန်ရောက်ပြီလား၊ တို့ ဒီနေ့ အိမ်မှာနည်းနည်းချမယ်နော်၊ ဩော် သီဟတို့၊ နန္ဒတို့ ခဏ လာဦးဟေ့၊ မင်းတို့ အမေကော'

တစ်ဖက်အိမ်မှ မမအေးသည် ကျွန်တော်တို့အိမ်ကို အပေါ်စီးမှ အမြဲအကဲခတ်နေသည်ဖြစ်ရာ သူ့ကလေးများကိုခေါ်၍ ဆင်းလာလေသည်။

'ရော့ မမအေးတို့အတွက်'

'အမယ် မြမြမောင်က သိတတ်နေလိုက်တာ၊ သိပ်ဟုတ်ပါလား၊ အလုပ် အဆင်ပြေခဲ့လို့လား'

မမအေးသည် ကျွန်တော်ပေးသော ပစ္စည်းများကိုကြည့်ကာ တအံ့တဩ ဝမ်းပန်းတသာ ဖြစ်နေရှာသည်။

'ရော့ မမြ စားလေ၊ လာ ကိုဆွေ ကျွန်တော်တို့ နည်းနည်းလုပ်ရအောင်'

ကျွန်တော့်ယောက်ဖသည် မသောက်တတ်သော်လည်း ကျွန်တော့်အလိုလိုက်ကာ အတူတူဝင်ထိုင်၏။

'မင်းတို့အတွက် မမအေး ငါးကြော်ထားတာ ယူပေးမယ်'

မမြသည် ကျွန်တော်လုပ်သမျှ ငေးကြည့်နေသည်။ ခဏကြာမှ မေးသည်။

'ဂျူး၊ နင် ဆရာချစ်ထွန်းနဲ့ တွေ့ခဲ့လို့လား'

'ဟင့်အင်း မတွေ့သေးဘူး'

'နင့်အတွက် အလုပ်ရပြီ ပြောတာပဲ၊ ငါက နင် သူနဲ့တွေ့ပြီး ငွေတွေဘာတွေရလာလို့ ဝယ်လာတာအောက်မေ့တာ'

မမြအသံသည် အနည်းငယ် တုန်နေ၏။

'ဘယ်ဟုတ်ရမှာလဲ၊ ငါ ငွေငါးရာ ထုတ်လာတယ်လေ'

မမြသည် သူစားနေသော စပျစ်သီးသည် လည်ချောင်းထဲမှာ နင်သွားဟန်ဖြင့် ကျိတ်၍ မျိုချလိုက်လေသည်။

## ၅

ငွေကို ကျွန်တော် ဂရုမစိုက်ပါ။

ကျွန်တော်သည် ယခုအခါတွင် ကျွန်တော့်ဘဝ၌ အတက်ကြွဆုံး၊ စိတ်အားအထက်သန်ဆုံး အချိန်သို့ ရောက်နေပါသည်။ ငယ်စဉ်က ကျွန်တော့်ဘဝကို ကျွန်တော်နာကျည်းကာ ဆိုးချင်တေချင်ခဲ့သော်လည်း ယခုအခါတွင် ကျွန်တော်သည် ကျွန်တော့်ဘဝကို ပျိုးထောင်ရန် အားယူနေပါပြီ။

ယနေ့ ကျွန်တော်သည် အားအင်အရှိဆုံး အချိန်အခါဖြစ်၍ အလုပ်ကိုလည်း အားသွန်ခွန်စိုက် လုပ်နေပြီ။ ဘာကိုမျှ မကြောက်တော့။ ကျွန်တော့်ဘဝအစသည် မည်သို့ပင် ဖြစ်ပျက်ခဲ့သည်ဖြစ်စေ ကျွန်တော် မတွေးတော့။ လက်ရှိဘဝတွင် ကျွန်တော်ပျော်မည်။ ကျွန်တော့်တွင် အလုပ်ရှိ၏။

ပရိုက်ဗိတ် တက္ကစီဟုခေါ်သော ကိုယ်ပိုင်အငှားကားမောင်းရသော ဘဝကို ဝင်ခါစတော့ သိပ်မလွယ်။ သည်နေရာမှာ ဆရာချစ်ထွန်းကို

အားကိုးရသည်။ ဆရာချစ်ထွန်းသည် နေရာတကာနှံ့စပ်သူ၊ လူသိများသူပီပီ ကားသမားလောကနှင့် ကျွန်တော့်ကို မိတ်ဆက်ပေးသည်။ 'ဒါ ငါ့ညီ၊ သူမင်းတို့ဂိတ်မှာထိုးလိမ့်မယ်၊ သူ့ကို ကန့်မထုတ်ပါနဲ့၊ မင်းတို့လောကမှာ လက်ခံပါ'ဟူသော ကြေညာချက်ဖြင့် ကျွန်တော့်ကို သူတို့လောကထဲ သွတ်သွင်းပေးခဲ့၏။

ကျွန်တော့် ကားပိုင်ရှင်သည် လက်ထဲမှာ ငွေပိုငွေလျှံရှိ၍ ကား တစ်စီးဝယ်ပြီး အပိုဝင်ငွေ ရလိုရငြား အငှားချထားသူဖြစ်ရာ သိပ်ပြီး ဇီဇာမကြောင်လှပေ။ စဘော်ငွေအဖြစ်လည်း စတိအနေဖြင့် ငါးရာသာ ယူသည်။ ထိုငွေကိုလည်း မမြကို အသိပေးကာ ကျွန်တော် ဘဏ်မှ ထုတ်ယူရသည်။ ကျွန်တော့်ငွေ ကုန်လုနီးပြီ။ အလုပ် လုပ်သည့်ကိစ္စမို့ မမြကလည်း ဘာမျှမပြော။ ယနေ့ ကျွန်တော် ဝင်ငွေရှိသောအလုပ်ကို လုပ်နေပြီ။

ကျွန်တော်ရသော လေးဘီး ဗင်ကားလေးကို ဘုန်းကြီးလမ်း စံပြရုံရှေ့ဂိတ်မှာ ထိုးရ၏။ တကယ့်ကားသမားဘဝကို ပြန်ဝင်ရတော့ ကျွန်တော်ထင်သလောက် မလွယ်။ ယခင်က ကျွန်တော်သည် အဝေးပြေး ကားလောကမှာ ကျင်လည်ဖူးသည်။ ထိုဘဝမျိုးနှင့် ယခု ရန်ကုန်မြို့ပေါ်မှ ပရိုက်ဗိတ်တက္ကစီ ဒရိုင်ဘာဘဝမျိုးက မတူ။ ယခင်ဘဝက အပြောအဆို ကြမ်းရ၏။ အနေအထိုင်ကြမ်းရ၏။ နေချင်သလို နေရ၏။ ကျွန်တော်တို့ ဝါသနာနှင့် အံကိုက်။

ယခုနေရာက ထိုသို့မဟုတ်။ ဟန်နှင့် ပန်နှင့် မင်နှင့် မောင်းနှင့် နေရသည်။ ကောင်းကောင်းစားရမည်။ ကောင်းကောင်းသုံးရမည်။ ကောင်း ကောင်းသုံး၍ ကောင်းကောင်းစားသော လူတွေနှင့် သိကျွမ်းအောင် ပေါင်းရ သည်။ ရန်ကုန်မြို့တွင် ခြေလျင်လျှောက်သော လူတန်းစား၊ ကိုယ်ပိုင်ကား စီးသော လူတန်းစားတို့အပြင် ပရိုက်ဗိတ်တက္ကစီစီးသော လူတန်းစားများက သပ်သပ်။

သူတို့ကား များသောအားဖြင့် လောလောဆယ် ဝင်ငွေကောင်းသော အလုပ်ကို လုပ်နေကြသူများ ဖြစ်လေသည်။ သို့သော် ကိုယ်ပိုင်ကား ဝယ်မစီးနိုင်သေးသော ကာလ။ ငွေကို ငွေနှင့်ရင်းပြီး ရှာနေဆဲသူတွေ။ သို့မဟုတ် အောင်မြင်ကျော်ကြားကာစ အနုပညာသမားတွေ။ ကျွန်တော် ထိုသူတွေနှင့် ပေါင်းရသည်။

ပထမဆုံး အရေးကြီးသည်က မိတ်ဆွေ (သို့မဟုတ် ဖောက်သည်) ရဖို့ပင်တည်း။ ပထမဆုံး သူတို့ ချစ်အောင် ခင်အောင် ယုံကြည်စိတ်ချအောင် စည်းရုံးရသည်။ ထိုအချိန်က ကျွန်တော်တို့ဘုန်းကြီးလမ်းဂိတ်သည် အခရာ။ နေ့စဉ် သူ့မိတ်နှင့်သူ လာကြသည်ချည်း ဖြစ်၏။ ထိုဂိတ်တွင် ကိုလှိုင်ဘွားသည် ကျွန်တော်နှင့် အပေါင်းအသင်းဖြစ်၏။ သူက ကျွန်တော့် လိုပင် လူငယ်၊ တစ်ကိုယ်ရေသမားဖြစ်သည်။ ကိုလှိုင်ဘွားက မိတ်ဆွေ ပေါ၏။ တစ်နေ့ သူက သူ့ဖောက်သည်ကို ကျွန်တော့်ဆီ ပို့ပေးသည်။

'ကျွန်တော့်ကား အော်ဒါရှိလို့ သူ့ကို ခေါ်သွားပါ အစ်ကို၊ ကျွန်တော့်လိုပဲ စိတ်ချရပါတယ်'

သူ့ဖောက်သည်က ကျွန်တော့်ကို အကဲခတ်၏။ ငယ်သည်။ ဖျတ်လတ်သည်။ သူစိတ်တိုင်းကျပုံ ရပါသည်။

'ဂျိုး၊ မင်း အဆင်ပြေအောင် လုပ်ပေတော့'

ကိုလှိုင်ဘွားက ကျွန်တော့်ကို တိုးတိုးမှာ၏။ ကျွန်တော်နားလည် ပါသည်။ ကျွန်တော်တို့သည် တစ်နာရီ ခုနစ်ကျပ်နှုန်းနှင့် လိုက်နေသော် လည်း ဟိုနား ဒီနား ခေတ္တသွားပြီး ပြန်လာသူမျိုးကို သိပ်မလိုက်ချင်။ အလွန်ပါးရှားသည့်နေ့မျိုးတွင်မှ ထိုလူမျိုးကို မျှော်ရသည်။ အထူးသဖြင့် ကျွန်တော်တို့ လိုချင်တာက လုပ်ငန်းတစ်ခုအတွက် တစ်နေကုန် သို့မဟုတ် နေ့စဉ်ခေါ်တတ်သည့် လူမျိုးဖြစ်၏။

သို့ဖြင့် ကျွန်တော်သည် ပထမဆုံး ဖောက်သည်တစ်ဦးကို ရလေ သည်။

'ညီလေးက ဒီဂိတ်မှာ လူသစ်ထင်တယ်'

'ဟုတ်ကဲ့'

'ခါတိုင်းတော့ လှိုင်ဘွားနဲ့သွားနေကျပဲကွာ'

'ဟုတ်ကဲ့၊ ကျွန်တော်နဲ့ ကိုလှိုင်ဘွားလဲ သိပ်ခင်ပါတယ်၊ အစ်ကို စီးကရက်သောက်ပါဦး'

'နေပါစေကွာ၊ မင်း ထမင်းစားပြီးပလား'

'မစားရသေးပါဘူး၊ ကိစ္စမရှိပါဘူး၊ ကျွန်တော် ဘယ်အချိန်စားစား ရပါတယ်၊ ထမင်းလဲ သိပ်အာသီသ မရှိဘူး'

'အေးကွာ၊ အစ်ကို့အလုပ်ကလဲ အချိန်မမှန်ဘူး'

ကျွန်တော်သည် ပထမဆုံး သူ့ကို ဆေးဆိုင်တစ်ဆိုင် ပို့ပေးရလေသည်။ ခဏစောင့်ရ၏။ သူဆေးတချို့ထုတ်ပြီး ပြန်လာသည်။ ကားထဲမှာ သိုသိုသိပ်သိပ် ထည့်၏။ ကျွန်တော်က ကူညီပေးရသည်။ နောက်ဆေးဆိုင် တစ်ဆိုင်ကို မောင်းရသည်။ ထိုနည်းတူစွာ။

ကျွန်တော် သဘောပေါက်လာသည်။

နောက်ဆုံးတော့ ကျွန်တော်တို့ တစ်နေကုန် ဟိုပြေး ဒီပြေး ထုတ်ထားသော ဆေးများကို တစ်နေရာကို ပို့ရ၏။ သူ့တွင်ပါလာသော ဆရာဝန်ပေါင်းစုံ၏ ဆေးလက်မှတ်တွေလည်း ကုန်လေပြီ။

'ဟူး၊ လူကိုမောသွားတာပဲကွာ၊ ဒီနေ့အဖို့တော့ မဆိုးပါဘူး၊ ကဲ ငါ့ညီ အနီးဆုံး စားသောက်ဆိုင်တစ်ခုကို မောင်းကွာ'

တစ်မနက်လုံး လက်ဖက်ရည်တစ်ခွက်နှင့်သာပြီးသော ကျွန်တော့်ကို ဆိုင်တွင် ကောင်းကောင်း ကျွေးပါသည်။ တိုက်ပါသည်။ ကျွန်တော့်အတွက် လည်း နာရီနှုန်းနှင့် မကဘဲ သူစေတနာရှိသလောက် ပေးကမ်းသွားလေ၏။

ထိုနေ့က ကျွန်တော် ပထမဆုံးအကြိမ် ပျော်ရခြင်း။ မြို့ပေါ်မှာ လည်သလိုလုပ်စားရသောဘဝကို ကျွန်တော် ပျော်ပိုက်စ ပြုလာလေသည်။

*

'အဟင်း ဒီမှာကောင်လေး၊ ဦးညို မရှိဘူးလားကွယ်'

ခေတ်မီအဝတ်အစား သားရေအိတ်ကြီးကြီး၊ ဖိနပ်မြင့်မြင့်၊ မျက်မှန်ဝိုင်းဝိုင်း၊ ဗိုက်ပူပူ မိန်းမတစ်ယောက် ကျွန်တော့်ကားနား ကပ်ကာ မေးလိုက်သည်။ ကျွန်တော် သိပါသည်။ ကားစီးမည့်သူ။ 'ကားအားသလား' ဟု မေးသည်ထက် ယခုလိုမေးလျှင်လည်း ကျွန်တော်တို့ သဘောပေါက်လွယ်သည်။ ဦးညိုသည် သည်ဂိတ်မှ ကားသမားတစ်ဦး။ ယခု သူမရှိ။ မရှိမှန်းသိလျက်နှင့် တမင်မေးခြင်းသာ ဖြစ်၏။

'ဦးညို မရှိဘူး အစ်မ၊ ဘယ်သွားချင်လို့လဲ'

ကျွန်တော်က လက်ထဲမှ ဖတ်လက်စ စာအုပ်တစ်အုပ်ကို ချကာ မေးလိုက်သည်။ ကျွန်တော်သည် ယခင်က စာဆိုလျှင် ကျောင်းစာသာမက ဘာစာမျှ မဖတ်ပါ။ ယခု ကားသမားဘဝရောက်မှ အားလပ်ချိန်များ၊ တစ်နေရာတွင် ကားကိုရပ်ပြီး စောင့်ရသည့်အခါများတွင် စာဖတ်သည့် အကျင့်ကို ရခဲ့ပါသည်။

'ကွယ် သွားချင်တာတွေကတော့ အများကြီးပဲ၊ မင်း အားရဲ့ မဟုတ်လား'

'အားပါတယ်အစ်မ'

'ဂိုလ်းဒင်းဗယ်လီ အရင်သွားကွယ်'

ရပ်ရှင်မင်းသမီး တစ်ယောက်၏ အိမ်။ ကားပေါ်တက်လာသူ အစ်မကြီးထံတွင် သားရေအိတ်တစ်လုံးပါ၏။ ရုပ်ရှင်မင်းသမီး၏အိမ် ရောက်သောအခါ ထိုသားရေအိတ်ကြီးကိုကိုင်ပြီး ဆင်းသွားသည်။ နာရီဝက်ခန့် ကျွန်တော် စာဖတ်ရင်း စောင့်နေရ၏။

'ဟင်း ပြောလိုက်ရတာ အာကို ခြောက်သွားတာပဲ၊ မင်းသမီးတွေများ နာမည်သာကြီးတယ် ကပ်စေးကနဲ့နဲ့ ဆစ်လိုက်တာလဲ လွန်ရော၊ ကား တစ်ကားကို သောင်းကျော်ဝင်ငွေ ရှိနေတာများ'

အစ်မကြီးသည် ယပ်တောင်ဖြင့် အဆီပြန်နေသော မျက်နှာကို တဖျပ်ဖျပ်ခတ်ရင်း ပြော၏။

'ဘယ်ကိုမောင်းရမလဲ အစ်မ'

'စမ်းချောင်းထဲသွားကွယ်၊ မင်းသမီးကတော့အသစ်ပဲ၊ ဒါပေမယ့် နာမည်တက်ကာစဆိုတော့ အလုပ်ဖြစ်ကောင်းရဲ့'

ကျွန်တော် သိချင်စိတ်ပေါက်လာပါသည်။ သို့သော် မေး၍ မကောင်းတတ်။ သူပြောသည့်တက်သစ်စ မင်းသမီးအိမ် ရောက်သောအခါ သားရေအိတ်ကြီးကိုင်ပြီး ဆင်းသွားပြန်သည်။ ကျွန်တော် စောင့်နေရ၏။

'မဆိုးပါဘူး၊ အကြွေးနှစ်စတော့ ထွက်သွားပြီ'

ကားပေါ်ရောက်ရောက်ချင်း အစ်မကြီးက ပြော၏။ ညနေစောင်း သောအခါ သူမ၏ သားရေအိတ်ကြီးလည်း အတော်ပင် ပေါ့ပါးသွားပုံ ရသည်။ မိန်းမဆိုတော့ ကျွန်တော့်ကို ကျသင့်သည်ထက်ပိုမပေးချင်။ နာရီနှင့်တွက်ပြီးပေး၏။ အစွန်းထွက်ကျပ်တန်ကိုပင် အမ်းလိုက်ရသေး သည်။

ကျွန်တော် ကားသိမ်းခါနီးမှ ဦးညို ပြန်ရောက်လာသည်။

'ဦးညို ခင်ဗျားဖောက်သည် မိန်းမဝဝတစ်ယောက် ကျွန်တော် ရလိုက်တယ်ဗျ'

'ဩော် ဟိုရပ်ရှင်မင်းသမီးတွေအိမ် သွားတာလား'

'ဟုတ်တယ်၊ သူဘာတွေ သွားရောင်းတာလဲ'

'အထည်စတွေပေါ့ကွ၊ နိုင်ငံခြားပစ္စည်း အသစ်အဆန်းတွေပေါ့ကွာ၊ မင်းသမီးတွေဆိုတော့ အိမ်တိုင်ယာရောက် လာရောင်းတာ ဝယ်ဖြစ်တာပေါ့၊ သူ့အလုပ်က မဆိုးပါဘူး၊ ဒါပေမယ့် တော်တော်အကွက်စေ့တဲ့ မိန်းမကြီးကွ'

'ဟုတ်ပါ့ဗျာ၊ ကျွန်တော်ဖြင့် တစ်နေ့လုံး အူကိုလိမ်နေတာပဲ၊ သွားမယ်ဗျာ'

ကျွန်တော့်ကားကို ပန်းဆိုးတန်းရှိ ပိုင်ရှင်အိမ်တွင် ပြန်အပ်ရသည်။ နေ့တွက် ငွေလေးဆယ် ပေးရသည်။ ကျွန်တော့်အတွက် ကျန်ငွေကို အိတ်ထဲထည့်ကာ အရက်တစ်ပုလင်းဝယ်ပြီး ကျွန်တော် ပြန်ခဲ့၏။ တစ်နေကုန် သူများကို ကားနှင့်ပို့ပြီးသောအခါ ဘတ်စ်ကားကို ခိုတွယ်စီး၍ ကျွန်တော်အိမ်ကို ပြန်ခဲ့လေသည်။

*

ကျွန်တော်သည် ဝင်ငွေရှိသော လူတစ်ယောက်ဖြစ်လာပါပြီ။ ငွေရှာရခြင်း၏ အခက်အခဲနှင့် ငွေကို သုံးရခြင်း၏ နှမြောချင့်ချိန်မှုကိုလည်း သိနားလည်သင့်သလောက် နားလည်လာပါပြီ။ သို့သော် ကျွန်တော့်စိတ်က တဖွတ်ထိုးစိတ်ရှိနေသေးရာ အရာရာကို စဉ်းစားတွေးတောနေခြင်းကိုတော့ လက်မခံသေးပေ။ ကျွန်တော်ရမည့်ငွေကို ကျွန်တော့်အတွက် အဝတ်အစားအသစ်ချုပ်ရသည်။ နာရီ မျက်မှန်စသည့် ရန်ကုန်သားတို့၏ အဆောင်အယောင်တွေ ဝယ်ရသည်။ ပြီးတော့ ကျွန်တော့်အတွက် စီးကရက်ဖိုး၊ အရက်ဖိုး။ သည်လိုနှင့် လုံးချာလည်နေဆဲ ရှိသေး၏။ ယခုမှ ကျွန်တော့် ဘဝကို အစက ပြန်စနေရဆဲမဟုတ်ပါလား။

မမမြနှင့် ကျွန်တော့်ယောက်ဖကလည်းကျွန်တော် အလုပ်အကိုင် အတည်တကျရှိနေခြင်းကိုပင် ဝမ်းသာကာ တစ်ပြားတစ်ချပ်သော်မှ ရကောင်းစေ မအောက်မေ့ပေ။ ထိုအတောအတွင်း ကျွန်တော်တို့အတွက် အံ့သြဖွယ်ရာ သတင်းတစ်ရပ်ကို ကြားရပါသည်။

'ဂျူး'

မမမြက တိုးတိုးခေါ်၏။ ကျွန်တော်သည် တစ်နေကုန် ကားမောင်းရသည်မှာ ပင်ပန်းလွန်း၍ အိမ်ရောက်လျှင် အရက်သောက်ကာ ထမင်းစားသည်။ ပြီး မမအေး၏ ကလေးများနှင့် စကားစမြည်ပြောပြီး

အိပ်ရာဝင်ပါသည်။ မမအေး ရောက်လာသည့် ညတွင်တော့ အိပ်ရာဝင် အနည်းငယ်နောက်ကျသည်။

'ဘာလဲ မမြ၊ ငါ့ကို ဘာပြောမလို့လဲ'

ကျွန်တော် မျက်နှာပျက်နေသော မမြကိုကြည့်ကာ မေးရ၏။ ကျွန်တော် သူ့ဆီမှာ မှီခိုနေသည့်အတွက် ဝန်လေးလေပြီလား။ သို့သော် ကျွန်တော်ထင်သလို မဟုတ်ပါ။

'နေ့လယ်က ခင်စိုးမောင် ရောက်လာတယ်'

'ဟေ ဟုတ်လား၊ ငါရှိတဲ့နေရာ မပြောလိုက်ဘူးလား'

'ဟင့်အင်း'

မမြက ခေါင်းကိုပါ ခါယမ်းပြသည်။

'ဟင့်အင်း မပြောဘူး၊ နင်သူနဲ့ ပြန်ပေါင်းရင် နင် ပျက်စီးမှာပဲ၊ ငါက နင်လဲအလုပ်မရသေးလို့ ရှာနေဆဲပဲလို့ ပြောလိုက်တယ်၊ ပြီးတော့'

'ပြီးတော့ဘာဖြစ်လဲ ပြောပါဦး'

ကျွန်တော်သည် သူငယ်ချင်းအပေါင်းအသင်းကို ခင်တွယ်လေရာ ခင်စိုးမောင်ကို ကျွန်တော် တွေ့ချင်ပေသည်။ မမြ စိုးရိမ်သလို မဖြစ်နိုင်ဟုလည်း ကျွန်တော် ယုံကြည်သည်။ သို့သော် ကျွန်တော့်ဘဝတွင် အပေါင်းအသင်းကောင်း မတွေ့ခဲ့သည်ကတော့ အမှန်ပင် ဖြစ်၏။

'အဖေလေ အဖေ'

'အဖေ ဘာဖြစ်လဲ'

'အဖေ နောက်မိန်းမယူသွားပြီတဲ့'

'ဘာ'

ကျွန်တော့်နားကိုပင် ကျွန်တော် မယုံချင်ပါ။

အဖေ။

အဖေ့ကို ကျွန်တော် မမေ့ပါ။ အဖေ့ထံမှ ထွက်လာကတည်းက ကျွန်တော့်မှာ အခြေတကျမရှိ၍ အဖေ့ဆီ မဆက်သွယ်ရဲပေ။ ပြီးတော့ အဖေက ကျွန်တော်တို့ မောင်နှမကို သွေးရင်းသားရင်း မဟုတ်၍သာ

ကိုယ့်ဘ၀ ကိုယ်ကျောင်းကြရော့ဟု လွှတ်လိုက်သည်ကို တွေးကာ ကျွန်တော် စိတ်နာနေသည်။ တူ တူမများအားကိုးနှင့် ကျန်ခဲ့သောအဖေ။ ယခု မိန်းမယူသည်တဲ့။ အဖေ အသက်ခြောက်ဆယ်လောက် ရှိရော့မည်။ ရှက်စရာ။

'အောင်အောင်တို့ မတူးတို့လဲ အိမ်မှာ မရှိတော့ဘူးတဲ့၊ မတူးက အိမ်ထောင်ကျသွားပြီ၊ အောင်အောင်က ဝေါကိုပြန်သွားတယ်တဲ့၊ ခုယူတဲ့ မိန်းမကို ဘယ်သူကမှ သဘောမတူဘူးတဲ့၊ နင်သိမှာပေါ့ဟာ ဗိုင်းဂနိုင်း ဘက်က ကိုစိန်မြအစ်မ အပျိုကြီးဟာလေ'

'အဖေ့ထက်တော့ အများကြီးငယ်တာပေါ့'

'အေးပေါ့'

ကျွန်တော် စိတ်မကောင်းပါ။ အဖေသည် သည်အရွယ်ကျမှဖြင့် နောက်မိန်းမယူဖို့ မကောင်းတော့။ အဖေ ဘာကြောင့် မိန်းမထပ်ယူရ သနည်း။ အောင်အောင်တို့ မတူးတို့ကကော အဘယ့်ကြောင့် အဖေ့ကို ပစ်ခွာသွားကြသနည်း။ အဖေသည် သား သမီး တူ တူမများကို အားမကိုးရ၍ သူ့အတွက် အဖော်ရရန် မိန်းမ ထပ်ယူလေသလား။ ကျွန်တော် မစဉ်းစားတတ်ပါ။ စိတ်မကောင်းတာသာ အဖတ်တင်ပါသည်။ ပြီးတော့ ဒေါသလည်း ထွက်သည်။ ဘာကို ဒေါသထွက်သည်လည်းတော့ မသိ။

'ခင်စိုးမောင် ဘယ်မှာတည်းသလဲ'

မမြသည် ကျွန်တော့်ကို အထိတ်တလန့်ကြည့်၏။

'မသိဘူး'

'မေးမထားလိုက်ဘူးလား'

'ဟင့်အင်း'

ကျွန်တော် ဘာမျှမမေးတော့။ စိတ်ထဲမှာလည်း ရှုပ်ထွေးသွားသည်။

ခင်စိုးမောင်ကိုတော့ ကျွန်တော် တွေ့ချင်ပါသည်။ ဘာပဲဖြစ်ဖြစ် သူသည် ကျွန်တော့် အပေါင်းအသင်းသာ ဖြစ်၏။ ကျွန်တော်သည် အပေါင်းအသင်းများ၍ ပျက်စီးရသည်ဟု ကျွန်တော့်ကိုယ် ကျွန်တော် မထင်ပါ။ ကျွန်တော့်ဘာသာ ပျက်စီးချင်သောကြောင့် ပျက်စီးခြင်းသာ ဖြစ်ပါသည်။

နောက်တစ်နေ့တွင် ကျွန်တော် အိမ်မှ စောစောထွက်ခဲ့၏။ ပန်းဆိုးတန်းတွင် ကားသွားထုတ်သည်။ ပြီးတော့ ကမာရွတ်လှည်းတန်း ဘက် မောင်းခဲ့၏။ ကမာရွတ် လှည်းတန်းတွင် ခင်စိုးမောင်၏ အဒေါ် တစ်ယောက်ရှိသည်ကို ကျွန်တော်သိသည်။ လမ်းကိုသာသိပြီး အိမ်ကိုတော့ သေသေချာချာ မမှတ်မိပေ။ သူ့အဒေါ်နာမည်ကိုလည်း ဝိုးတဝါးသာ မှတ်မိသည်။ ထိုနာမည်အတိုင်းပင် ကျွန်တော် မေးမြန်းရလေသည်။

'ဒေါ်နှင်းမြအိမ် ဘယ်အိမ်လဲဗျာ၊ ပဲခူးကပဲ'

'ဩော် ဒေါ်နှင်းမြတော့ မသိဘူးကွယ့်၊ ဒေါ်နှင်းမေဆိုတာတော့ ရှိတယ်၊ ဟိုရှေ့နားမှာ မေးကြည့်ပါလား'

ကျွန်တော် တက္ကစီမောင်းသမားဖြစ်နေပြီပဲ၊ သည်မျှတော့ လျင်ပါ သည်။ မကြာမီ ခင်စိုးမောင်တည်းခိုသည့် အိမ်ကို ကျွန်တော်တွေ့သည်။

'ဟေ မနက်ကပဲထွက်သွားတယ်ကွယ့်၊ တော်ကြာ ပြန်လာမှာပဲ၊ စောင့်ပါဦးလား'

သူ့အဒေါ်က ပြောပါသည်။

'မစောင့်တော့ဘူးခင်ဗျာ၊ သူလာရင်သာ နေ့လယ်ဆယ့်နှစ်နာရီ ဘုန်းကြီးလမ်း စံပြရုံရှေ့က စောင့်နေမယ်လို့ ပြောပေးပါ၊ ကျွန်တော့်နာမည် တိုးအောင်ပါ'

'ဟေ၊ မင်း ကိုစိန်မောင်သား မဟုတ်လား'

'ဟုတ်ပါတယ် ခင်ဗျ'

'ထိုင်ပါဦးလားကွယ့်'

'မထိုင်တော့ပါဘူး ခင်ဗျာ'

'အေး အေး၊ မတင် တစ်ယောက်လဲ ဆုံးသွားပြီနော်၊ ဒါထက် နေပါဦး၊ မင်းတို့မောင်နှမက ခုဘယ်မှာ ရောက်နေတာလဲ'

'ကျွန်တော်တို့ ကြည့်မြင်တိုင်မှာ နေပါတယ်'

မိန်းမကြီးက စကားဆက်လိုဟန်ရှိ၍ ကျွန်တော် ခေတ္တဝင်ထိုင်ရပါသည်။

'သြော် ဟုတ်လား၊ ထိုင်ပါဦး ငါ့တူရယ်၊ အေးအေးဆေးဆေးပေါ့၊ အဒေါ်တို့လဲ ပဲခူးမရောက်တာ ကြာပါပြီ၊ နို့ဒါထက် ခင်စိုးမောင်ပြောတော့ ကိုစိန်မောင်လဲ နောက်အိမ်ထောင်ပြုဆို'

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။

'နေပါဦး ဘယ်သူ၊ ကိုစိန်မောင်ယူတဲ့မိန်းမဟာ မကြွေ မကြွေ၊ တို့နဲ့အရင်က အိမ်နီးချင်း နေခဲ့တာပဲ၊ ကိုစိန်မောင်က အဲဒီ မိန်းမကို ဘာကြောင့် ယူရတယ်ဆိုတာ ငါဖြင့် စဉ်းစားလို့မရဘူး'

'ခင်ဗျာ ဘာဖြစ်လို့လဲ'

'အဲဒီမိန်းမက ဦးနှောက်မှ မကောင်းတာဘဲ'

'ခင်ဗျာ'

'အရင် သံကြိုးတောင်ခတ်ထားရတာကွယ့်'

ကျွန်တော်လည်း ပါးစပ်အဟောင်းသား ဖြစ်သွားပါသည်။

'အေးကွယ်၊ သားသမီးတွေကလဲမရှိတော့ သူ့မလဲ ဆေးပေးမီးယူလိုတယ်ထင်ပ၊ အင်း မတင် မတင်၊ မတင်သာရှိရင် ဒီလိုဖြစ်မှာမဟုတ်ဘူး၊ မင်းအမေဟာ အင်မတန်သဘောကောင်းရှာတာပဲ'

ကျွန်တော့်စိတ်ထဲမှာ လေးလံစွာဖြင့် ပြန်လာခဲ့ပါသည်။ ဘာတွေဖြစ်ကုန်ပြီနည်း။

ထိုမနက်က တစ်မနက်လုံး အဆင်မပြေပေ။ ဂိတ်ကိုရောက်တော့ ကျွန်တော်တို့ တက္ကစီတွေ တစ်စင်းမျှ မတွေ့ရ။ စောစောစီးစီး ကြက်ပျောက် ငှက်ပျောက် ပျောက်နေ၍ စိတ်ထဲထင့်သွားမိသည်။ ကျွန်တော် ဟိုဟိုသည်သည် ကြည့်နေခိုက် ကိုလှိုင်ဘွားပြေးလာသည်။

'ဟေ့ ဂျိုး၊ မင်း ဘာမှ မသိဘူးလား၊ လာ မြန်မြန်လစ်'

ကိုလှိုင်ဘွားက ကားပေါ်တက်ရင်း ပြောသည်။ ကျွန်တော်သည် ဘာမှန်း ညာမှန်းမသိဘဲ ကားကို ဦးတည့်ရာ မောင်းခဲ့ရလေသည်။

'မင်းက ဒီနေ့မှ နောက်ကျနေတာကိုး၊ တစ်မနက်လုံး ခွေးပြေးဝက်ပြေး ပြေးနေရတာကွ၊ မင်းကိုစိတ်မချလို့ ငါ လှည့်လာတာ'

'ကျေးဇူးပဲ ကိုလှိုင်ဘွားရာ'

ကျွန်တော်ကတော့ သည်နယ်ကိုရောက်စဖြစ်၍ အဖမ်းအဆီးရှိသည့်အခါ ပြေးရလွှားရသည်ကို မကြုံဘူးသေးပါ။ ကျွန်တော်တို့မှာ ကိုယ်ပိုင်ကားကို အငှားဆွဲရန်တရားမဝင်သဖြင့် ထိုသို့သော ပြဿနာများကို မကြာခဏ ရင်ဆိုင်ရဖွယ်ရှိပါသည်။ ကျီးလန့်စာစား ဆိုတာမျိုး။

'ခင်ဗျားကား ဘယ်မှာထိုးထားလဲဗျ'

'မောင်ထော်လေးလမ်းက အသိအိမ်တစ်အိမ်ရှေ့ သွားရပ်ထားတာပဲကွာ၊ ဒီနေ့တော့ ဒိုင်စားပြီ'

ကျွန်တော်တို့မှာ ကားဆွဲရသည်ဖြစ်စေ၊ မဆွဲရသည်ဖြစ်စေ နေ့တွက်အုံနာခကိုတော့ ပေးရမည်သာ ဖြစ်၏။ အချို့က လပေးစနစ်ဖြင့် ယူထားတတ်သည်။ ဘာပဲပြောပြော သည်လို လှုပ်လှုပ်ရှားရှားဖြစ်သည့် နေ့မျိုးဆိုလျှင် အလုပ်မဖြစ်တော့။

ကိုလှိုင်ဘွားကို မောင်ထော်လေးလမ်းသို့ ပို့ပေးပြီး ကျွန်တော် ကမာရွတ်လှည်းတန်းသို့ ပြန်မောင်းခဲ့ပါသည်။ ကားမဆွဲရသော်လည်း လောလောဆယ် ခါတ်ဆီဝင်ထည့်ရသည်။

ခင်စိုးမောင်ကို သူ့အဒေါ်အိမ်တွင် အသင့်တွေ့ရလေသည်။

'ဟေ့ကောင် ဂျိုး၊ မင်းကွာ ဓာတ်မြှုပ်လှချည်လား'

ခင်စိုးမောင်က ကျွန်တော့်ကို အားရဝမ်းသာ ဖက်လှဲတကင်း နှုတ်ဆက်ရင်း ပြောပါသည်။

'ငါလဲ ခုမှ အဆင်ပြေကာစ ရှိသေးတယ်ကွ'

'မင်းအစ်မကတော့ ငါလာတာ သိပ်ကြည်ပုံမရဘူးကွ၊ ငါက မင်းကို သတိရလွန်းလို့လာတာပါကွာ၊ အဘိုးကြီးခိုင်းလိုက်တဲ့ကိစ္စလဲ ပါတယ်၊ ဒါထက် မင်းအဘိုးကြီးအကြောင်း'

'မမြ ပြောလို့ သိပြီးပါပြီကွာ'

'အေး ငါလဲ အံ့သြနေတာ၊ အံမာ ဒီထက် အံ့သြစရာတွေ ရှိသေးတယ်၊ လာကွာ တို့ တစ်နေရာရာသွားရအောင်'

ခင်စိုးမောင်နှင့် သွားသည်ဆိုမှတော့ ကောင်းရာကောင်းကြောင်း မဟုတ်သည်က သေချာပါသည်။ ကျွန်တော့်မှာလည်း သည်နေ့ စိတ်ရှုပ်ထွေးလျက်ရှိရာ ကျွန်တော်တို့နှစ်ယောက် မြို့ပြင်နမ်ဆင်းသို့ ရောက်သွားလေသည်။ ကျွန်တော်သည် သည်လို စားသောက်ဆိုင်မျိုးတွေကို ကျွန်တော့် ကားစီးသူများအား မကြာခဏ လိုက်ပို့ရသဖြင့် ကျွမ်းကျင်၍နေပြီ။

ခင်စိုးမောင်သည် ကျွန်တော့်ကိုကြည့်ကာ သဘောကျနေ၏။

'မင်းကတော့ ဟန်ကျနေပါပြီကွာ၊ ငါတော့ ကလေးနှစ်ယောက်နဲ့ တော်တော်ကသီနေပြီကွ၊ မိန်းမယူတာ မှားတယ်ကွာ၊ တကယ်၊ အိမ်ကလဲ လုံးဝ တာဝန်မယူဘူး၊ ဒါနဲ့ မင်းကောင်မလေး မထွေးရီဆီက စာလာ သေးလား'

ကျွန်တော်က ဦးဆောင်ကာ စားစရာသောက်စရာများ မှာရ၏။ ကျွန်တော်သည် နေ့တိုင်း သောက်သောက်စားစားနေသူဖြစ်၍ ကျွန်တော့် လက်ထဲတွင် ငွေပို မရှိလှပေ။ သို့သော် တစ်ခါတစ်ရံမှလာသူ သူငယ်ချင်းအား ပြုစုလိုသည်။ နောက်မှ ဖြစ်ချင်ရာဖြစ်။

'ငါ ရန်ကုန်ရောက်စတော့ စာတွေ အပြန်အလှန်ရေးကြသေးတယ်ကွ၊ နောက်တော့ ငါကလဲ စာမပြန်တာနဲ့ အဆက်ပြတ်သွားတယ်'

'ဘာလဲ မင်းက ဒီမှာ အသစ်တွေ့နေလို့လား'

'မတွေ့ပါဘူးကွာ'

ထိုသို့ပြောသောအခါ ဘာကြောင့်မှန်းမသိ။ ကျွန်တော် မမအေးကို သတိရမိပါသည်။

'ဒါနဲ့ မင်း စောစောကပြောတာ အံ့သြစရာတွေ ရှိသေးတယ်ဆိုတာ ဘာလဲကွ'

အစားအသောက်များ ရောက်လာပြီးသောအခါ အရက်သောက်ရင်း ကျွန်တော်က မေးသည်။

'မင်း အဘိုးကြီးလေကွာ၊ အဘိုးကြီးက တော်တော်ထောနေသေးတာပဲကွ၊ သူ့မိန်းမကို အိပ်ရာခန်းနားအသစ်နဲ့ သေသေချာချာ မင်္ဂလာဆောင်ယူတာမောင်၊ ငွေတစ်သောင်းဖိုးလောက်ထောင်ဆင်ပစ်တယ်လို့ ကြားတယ်ကွ'

'မင်း ဘယ်သူပြောလဲ'

'မင်းတို့ တစ်ရပ်ကွက်လုံးက ပြောနေတာပဲကွ'

'အေးလေ၊ ငါလဲ ရိပ်တော့ ရိပ်မိသားပဲ၊ ဒါကြောင့် တို့ကို မြန်မြန်ရှင်းပစ်တာပေါ့၊ တကယ်တော့အဓိကက ငါ့ကို ရှင်းပစ်တာပါပဲ'

'ဘာပဲဖြစ်ဖြစ် မင်းက တရားဝင် မွေးစားသားပဲကွ၊ သူ့မှာ ရှိနေသမျှ မင်းနဲ့ဆိုင်တယ်'

ယခုအချိန်တွင် ကျွန်တော်သည် ကျွန်တော့်ဘဝကို ရှန်းကန် ရင်ဆိုင်နေရပြီဖြစ်၍ ဘာကိုမျှ မမျှော်ကိုးလိုတော့ပါ။

သို့သော် အဖေ၏ အလွယ်တကူ ဆုံးဖြတ်လုပ်ကိုင်မှုအတွက် ကျွန်တော် စိတ်မကောင်း ဖြစ်မိပါသည်။

'ဂျူး၊ မင်းသောက်လှချည်လား၊ မင်းကို ငါ မမီတော့ဘူး'

မှန်ပါသည်။ ပထမဆုံး ကျွန်တော့်ကို အရက်သောက်တတ်အောင် သင်ပေးခဲ့သူမှာ ခင်စိုးမောင်ဖြစ်သော်လည်း ယခုတော့ ကျွန်တော်သည် သူ့ထက် ပိုသောက်နိုင်ပေပြီ။ ကျွန်တော်သည် ရန်ကုန်မြို့တွင် လည်သလို လုပ်စားတတ်သော သူတွေ၏ ဘဝတွင် ကျင်လည်နေရပြီ မဟုတ်ပါလား။ ခင်စိုးမောင် ကျွန်တော့်ထက် များစွာနောက်ကျခဲ့ပြီ။ ခင်စိုးမောင်က တတိယမြောက်ခွက်ကို ရေရောနေချိန်မှာ ကျွန်တော်က ငါးခွက်မြောက်ကို သောက်ပြီးပြီ။

ကျွန်တော်တို့ နမ်ဆင်းမှ ထွက်လာကြပြီး ခင်စိုးမောင်နှင့် မြို့တစ်ပတ် ကားလျှောက်မောင်းသည်။ ကျွန်တော်အရက်သောက်ပြီး ကားမောင်းသဖြင့် အကွေ့အတက် ပို၍ ကြမ်းသည်။ ကျွန်တော့်ခေါင်းထဲမှာလည်း ရီဝေနေသည် မဟုတ်ပါလား။

'ဟေ့ ဂျူး၊ မင်းကားကို ငါ မစီးရဲတော့ဘူးကွာ၊ ငါ့ကို အိမ်ပြန်ပို့တော့'

ကျွန်တော် ပျော်ရွှင်စွာ ရယ်မော၏။

'ဒီမှာ ခင်စိုးမောင်၊ မင်းသိတဲ့အတိုင်း ငါ့ဘဝဟာ ကလေးတွေကို လူကြီးတွေစကြတဲ့အတိုင်း လမ်းဘေးလှည်းလမ်းကြောင်းက ကောက်ရတဲ့ ကလေးမဟုတ်လားကွ၊ ငါ့အဖေက ငါ့ကို ပထုတ်လိုက်တာ ဘာမှ မဆန်းပါဘူးကွ၊ ခု ငါ လမ်းပေါ်ရောက်ပြီလေ ဟား ဟား'

ကျွန်တော်သည် ကျွန်တော် အတန်ကြာမေ့ထားခဲ့သော ကျွန်တော့် ဘဝကို ပြန်လည်သတိရကာ ထုတ်ဖော်ညည်းတွားမိပြန်ပါသည်။ သို့သော် ကျွန်တော် သည်တစ်ခါ ပျော်ပျော်ရွှင်ရွှင် ညည်းတွားခြင်း ဖြစ်၏။

'ဂျိုး၊ မင်း ပေါက်မနေနဲ့ကွာ'

''ဟော့ကောင် သူငယ်ချင်း ခင်စိုးမောင်၊ မင်းနဲ့ငါဟာ တေဖော်တေဖက်၊ ဆိုးဖော်ဆိုးဖက်ပါကွ၊ လောကမှာဘာကိုများ စိုးရိမ်ပူပန်စရာလိုသလဲ၊ မင်း ငါ့ဆီ မကြာ မကြာလာခဲ့ကွ၊ ငါ မင်းကို အကောင်းဆုံးပြုစုမယ်'

ခင်စိုးမောင်သည် ဘာမှမပြောတော့ဘဲ မျက်စိကိုစုံမှိတ်၍ ကျွန်တော့် ကားပေါ်မှ လိုက်လာရ၏။ ကတ္တရာလမ်းနှင့် ကားဘီးပွတ်သံတို့ ကျွီခနဲ ဝှီးခနဲ မြည်သွားကြလေသည်။

ကျွန်တော် ပျော်၏။

# ၉

‘ဂျိုး၊ ငါ မင်းကို တစ်နေ့လုံးလိုက်ရှာတာကွာ၊ မင်းတို့စတင်းက ကောင်တွေလဲ တစ်ယောက်မှ မတွေ့ဘူး’

ကျွန်တော် အိမ်ပြန်ရောက်ရောက်ချင်း ကိုမြင့်ဆွေက ဆီးပြောပါသည်။

‘ကျွန်တော်တို့ ဒီနေ့တစ်နေ့လုံး ပြေးနေရတယ်လေ၊ ဘာကိစ္စရှိလို့လဲ မမြကော’

‘မြမြ ဗိုက်နာလို့ ဆေးရုံပို့လိုက်ပြီကွ’

‘ဟုတ်လား’

မမြ ကလေးမျက်နှာမြင်ရန် ဆေးရုံတက်ပါသည်။ ထိုရက်တွင်ပင် တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်တို့ ပရိုက်ဗိတ်တက္ကစီများကို ဆက်တိုက်ပင် ဖမ်းနေရာ ကျွန်တော့်မှာ အလုပ်မဆင်းနိုင်တော့ပေ။ ကားကို သွားထုတ်လျှင် အံ့နာခသွင်းနေရမည်မဟုတ်ပါလား။ ကားမထွက်ရသောအခါ ကျွန်တော့်မှာလည်း ငွေပြတ်လေတော့၏။ ရှိသမျှ ပိုက်ဆံလေးမှာလည်း ခင်စိုးမောင်ကို

ပြုစုလိုက်ရသည်နှင့် ကုန်ပြီ။ လောလောဆယ် ကျွန်တော့်တွင် ဆေးလိပ်ဖိုးပင် မရှိတော့။ ကျွန်တော်ဆိုသည့်ကောင်ကလည်း အမြဲလို ထိုအဖြစ်မျိုးနှင့် ကြုံတတ်သည်။ အမှတ်မရှိ။ သို့သော် ကျွန်တော့်မှာ နေစရာရှိနေသည်မို့ ကြိတ်မှိတ်နေလိုက်ပါသည်။ ခေတ္တ။ အခြေအနေငြိမ်သွားလျှင် ကျွန်တော်တို့ အလုပ်ပြန်စနိုင်မည်သာ ဖြစ်၏။

ကိုမြင့်ဆွေသည် ကျွန်တော့်ကို အိမ်စောင့်ထားကာ ဆေးရုံနှင့် ရုံးကို ကူးသန်းပြေးလွှားနေရလေသည်။ ဆေးရုံတက်နေသော မမြအတွက် ကိုမြင့်ဆွေ၏ မိဘများအိမ်မှ ထမင်းပို့ပေး၍ တော်တော့သည်။ ကိုမြင့်ဆွေက ကြုံရာစား၏။ ကျွန်တော်သည် အိမ်မှာ တစ်ယောက်တည်း ဖြစ်သလိုစီမံ ချက်ပြုတ်စားလေသည်။

သည်အချိန်မှာ မမအေးက ကျွန်တော့်ကို အထူး ကူညီစောင့်ရှောက်သည်မှာ ပြောဖွယ်ရာမရှိပေ။

'ဂျိုးရယ် မင်းတစ်ယောက်တည်း ချက်စားမနေပါနဲ့၊ မအေးတို့ အိမ်မှာပဲ လာစားပါ'

ကျွန်တော်သည် မမအေးတို့ အိမ်ပေါ်တွင် အနေများလာပါသည်။ အကြောင်းက တိုက်ဆိုင်လာသည်ကို ကျွန်တော် မငြင်းသာပါ။ ပြီးတော့ မမအေးသည် အပြုအစု အယုအယကောင်းသော မိန်းမတစ်ယောက် မဟုတ်ပါလား။

ကလေးတွေ ကျောင်းသွားချိန်တွင် ကျွန်တော်နှင့် မမအေး နှစ်ယောက်တည်းသာရှိလေသည်။ ကျွန်တော်သည် စာဖတ်ခြင်း၊ ရေဒီယို နားထောင်ခြင်းဖြင့် အချိန်ဖြုန်းရ၏။ အပြင်ထွက်စရာ လမ်းစရိတ်လည်း ကျွန်တော့်တွင် မရှိပေ။ အားလျှင် မမအေးကို ကူရသည်။ မမအေးသည် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရန် ကလေးအင်္ကျီလေးများကို ချုပ်လေသည်။

'မမအေးရယ်၊ တစ်ချိန်လုံး အိမ်မှာ ချက်လိုက် ပြုတ်လိုက် ချုပ်လိုက် လုပ်လိုက်နဲ့ မငြီးငွေ့ဘူးလားဟင်'

ကျွန်တော်က မမအေး၏ ဘဝကို စာနာသနားစွာ ပြောမိပါသည်။ ကျွန်တော်သည် မိန်းမတစ်ယောက်၏ ဘဝကို ယခုမှ တွေးတောစာနာရမှန်း သိလာသူဖြစ်၏။

'ဒီလိုပဲနေရတာပေါ့ ငါ့မောင်ရယ်၊ မအေးရဲ့ ဘဝက ဒီလိုမှ ကိုယ့်ဘဝကိုယ် နှစ်မြှုပ်မထားရင် ရူးသွားဖို့သာ ရှိတော့တာပဲ'

'လူတွေဟာ ကိုယ့်ဘဝနဲ့ကိုယ် စိတ်ညစ်စရာတစ်ခုတော့ ရှိကြတာ ချည်းပဲနော်'

'ဒါပေါ့၊ အပြင်ကကြည့်ရင်တော့ မအေးရဲ့ယောကျ်ားဟာ စက်မှု အင်ဂျင်နီယာ အရာရှိကြီးတစ်ယောက်၊ နိုင်ငံခြားသွားနေတယ်၊ မအေးမှာ အိမ်ကြီးတစ်လုံးနဲ့ ထည်ထည်ဝါဝါနေနေရတယ်လို့ ထင်ကြတယ်၊ တကယ် တော့ မမအေးရဲ့ဘဝဟာ ရှေ့ကိုလှမ်းကြည့်လို့လဲ ဘာကိုမှ ရေရေရာရာ မတွေ့ရတော့ပါဘူး၊ သူ ပြန်မလာမချင်း ဒီအိမ်ကြီးပေါ်မှာ ကလေးတွေနဲ့ စောင့်နေရမှာ၊ သူကလဲ ပြန်လာမှာ မဟုတ်တော့ပါဘူး၊ ခု သူသွားတာ ငါးနှစ်ရှိပြီလေ၊ မမအေးထင်တယ်၊ သူဟိုမှာ နိုင်ငံသားအဖြစ် ခံယူ လိမ့်မယ်လို့'

မမအေး၏ မျက်ဝန်းတွင် မျက်ရည်တို့ စိုစွတ်လာပါသည်။ မမအေး၏ အသားက ဖြူဝင်းလှသည်။ ကိုယ်လုံးကိုယ်ထည်မှာ ကလေး အမေ တစ်ယောက်၏ လျော့ရဲရဲဟန်ရှိသော်လည်း တစ်မျိုးကြည့်ကောင်း သည်ဟု ကျွန်တော်ထင်သည်။ ကျွန်တော်သည် ပရိုက်ဗိတ်တက္ကစီ မောင်းသမားဘဝမှာ ကျင်လည်နေသည်မို့ မိန်းမအတော်များများကိုလည်း တွေ့ဖူးပါပြီ။ အထူးသဖြင့် ရန်ကုန်မှ မိန်းမတွေ။ ရေမွှေးနံ့ တထောင်း ထောင်းဖြင့် ရှေ့ခန်းမှာထိုင်ကာ လက်မောင်းသားအိအိ၊ တင်သားပျော့စိစိ ဖြင့် မထိတထိ ကပ်နေတတ်သော မဟာဝါတွေကိုလည်း ကျွန်တော် ကြုံဖူးပြီ။

'မမအေးရဲ့ မိဘတွေကောဟင်'

မမအေးသည် သူ၏ ချုပ်လက်စ အင်္ကျီလေးတွေကို ဘေးချကာ ကျွန်တော့်ကို ရင်းရင်းနှီးနှီးကြည့်၏။ မမအေးသည် ကျွန်တော့်ကို မောင်ငယ်တစ်ယောက်လို အားကိုးပေသည်ဟု ကျွန်တော် ခံစားရသည်။

'မအေးတို့ မိဘတွေက ချမ်းသာတယ်လေ၊ တစ်ချိန်တုန်းကပေါ့၊ ပြင်ဦးလွင်မှာ နေကြတယ်၊ မအေးကို ရန်ကုန် စိန်မေရီမှာ ကျောင်းလာထားတာ၊ မအေး ဘော်ဒါနေရတာပေါ့၊ မအေး ဆယ်တန်းဖြေမယ့်နှစ်မှာ သူနဲ့တွေ့တယ်၊ သူက အဲဒီတုန်းက သာမန်ကျောင်းသားဘဝမှာပဲ ရှိပါသေးတယ်၊ မအေး စာမေးပွဲပြီးပြီးချင်း သူနဲ့ လက်ထပ်လိုက်တော့ အိမ်က စိတ်ဆိုးကြတယ်လေ'

'ခုကော'

'ခုတော့ ပြီးခဲ့တာတွေ ပြီးပါပြီ၊ ဖေဖေနဲ့ မေမေကတော့ စီးပွားရေးလဲ မကောင်းတော့လို့ ပြင်ဦးလွင်ကအိမ်ကို ရောင်းပြီး သံလျင်မှာ ခြံဝယ်ပြီးနေတယ်လေ၊ အစ်မက အဲဒီမှာ ဆရာဝန်၊ ခုတော့ မအေးကလဲ ကိုယ့်ဒုက္ခကို မပြောချင်တော့ပါဘူး၊ ကိုယ့်မာနနဲ့ကိုယ်ပဲ၊ ဘာမှမဖြစ်သလို နေပြလိုက်တယ်၊ ဖေဖေ မေမေတို့ကိုလဲ အသက်ကြီးမှ မအေးအတွက် စိတ်မဆင်းရဲစေချင်တော့ဘူး'

မမအေး၏ မျက်ရည်ပေါက်လေးများ ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာကြလေသည်။ ကျွန်တော် စိတ်မကောင်းလှပါ။

'ဒီအိမ်နှစ်အိမ်ကတော့ မအေး ကိုယ်ပိုင်အိမ်ပဲပေါ့'

'ဟုတ်တယ်'

မမအေးက မျက်ရည်များကို သူ့ လက်ဖမိုးဖြင့် သုတ်ရင်းပြော၏။

'ဂျူးတို့နေတဲ့ အိမ်ကလေးက အစက မအေးတို့နေတာ၊ နောက် သူ့မိဘတွေက ဒီအိမ်ကို ထပ်ဆောက်ပေးတယ်၊ မအေးမှာရှိတဲ့ လက်ဝတ်လက်စားတွေလဲ အကုန်ရောင်းပြီး ဆောက်လိုက်တာပဲ၊ သူက ဒီမှာပဲ အခြေချမယ်ဆိုတာကိုး၊ အိမ်အသေးကိုတော့ပြန်ရောင်းပစ်မယ်ပေါ့၊ နောက်

သူ နိုင်ငံခြားထွက်သွားတော့ ရောင်းဖို့ကိစ္စတွေလဲ ရပ်ထားရတယ်၊ မအေးကတော့ သူမရှိဘဲ ဘာကိုမှ တစ်ယောက်တည်းဆုံးဖြတ်ပြီး မလုပ်ချင်ပါဘူး၊ မအေး သားသမီးတွေ အရွယ်ရောက်မှ သူတို့သဘောနဲ့သူတို့ လုပ်ပစေတော့'

'ခုကော မအေးမှာ လောက်ငရဲ့လား'

'ဂျိုးတို့ဆီကရတဲ့ အိမ်လခရယ်၊ သူပို့ပေးတဲ့ပစ္စည်းတွေ ရောင်းရတာရယ်၊ ပြီးတော့ သံလျင်က အစ်မဆီမှာ ငွေနည်းနည်းအပ်ပြီး အလုပ်လုပ်ခိုင်းထားတာရှိတယ်၊ နောက် မအေး အင်္ကျီချုပ်လို့ရတဲ့ငွေ'

မမအေးသည် အင်္ကျီများကို တစ်ထည်ချင်း လက်ခံချုပ်လုပ်သည် မဟုတ်။ ပိတ်စများကို ပုံအမျိုးမျိုးထွင်ကာ ကလေးအင်္ကျီတွေ၊ ဂါဝန်တွေ ချုပ်ပြီး ဗိုလ်ချုပ်ဈေးမှာ တင်ရောင်းခြင်းဖြစ်၏။

'မမအေး ကိုယ်တိုင်ချုပ်တော့ သိပ်ပင်ပန်းတာပဲဗျာ၊ လူငှားထားပါလား'

ကျွန်တော်က ယောကျ်ားရင့်မကြီးလုပ်ကာ အကြံဉာဏ် ပေးမိပါသည်။

'မအေးလဲ ချဲ့ထွင်ပြီး လုပ်ချင်တာပေါ့၊ ဒါပေမယ့် မဖြစ်သေးပါဘူး ဂျိုးရယ်၊ စက်တွေထပ်ဝယ်ရမယ်၊ ဈေးကွက်ထပ်ရှာရမယ်၊ မအေးမှာ မိန်းမသားတစ်ယောက်တည်း မဟုတ်လား၊ သားသမီးတွေကလဲ အရွယ်မရောက်သေးတော့'

ကျွန်တော့်ကို အားကိုးပါဟု ကျွန်တော် ပြောချင်သော်လည်း ပြောမဖြစ်ပေ။ ကျွန်တော်က လောလောဆယ် ဝင်ငွေတစ်ပြားမှပင် မရှိသော သူတစ်ယောက် မဟုတ်ပါလား။ မည်သို့ဆိုစေ မမအေးသည် ကျွန်တော့်ကို ပွင့်လင်းစွာ ရင်ဖွင့်ရ၍ ပေါ့ပါးရွှင်ပျသွားဟန် တူပါသည်။

'ဂျိုးတို့ မိသားစု ရောက်လာတော့ မအေး ပျော်တယ်ကွယ်၊ ညရေးညတာကအစ မအေးမှာ အဖော်လိုနေတာ၊ ကလေးတွေကလည်း ဂျိုးရဲ့စကားကို နားထောင်ကြတယ်၊ မအေးကို ကူညီပါကွယ်'

တကယ်တော့ မမအေးကသာ ကျွန်တော်တို့ကို ပေးကမ်း ထောက်ပံ့သည်က များပေသည်။ အထူးသဖြင့် ကျွန်တော်သည် မမအေး၏ ပြုစုကျွေးမွေးမှုကို ခံယူနေရသူဖြစ်လေ၏။

ကျွန်တော်သည် မိန်းမတစ်ယောက်ကို သနားလည်း သနားလျက် ထိုမိန်းမ၏ အယုအယတွင်လည်း သာယာနေမိပေသည်။

*

'မြမြ ဆေးရုံကတော့ဆင်းပြီ၊ ဒါပေမယ့် ကောင်းကောင်းနေမကောင်းသေးလို့ အမေတို့အိမ်မှာ ခဏနေလိမ့်မယ်၊ ဒီမှာ တို့ကလဲ ဘာမှ မလုပ်တတ်ဘူး မဟုတ်လား၊ မင်း အိမ်မှာတစ်ယောက်တည်း ဖြစ်ပါ့မလား ဂျိုး'

ကိုမြင့်ဆွေက ပြောပါသည်။

'ဟာ ဖြစ်တယ် ဖြစ်တယ်၊ သူနေကောင်းတဲ့အထိသာ နေပါစေ၊ ဒီမှာ မမအေးလဲရှိတာပဲ'

ကိုမြင့်ဆွေသည် တစ်စုံတစ်ရာပြောလိုသော်လည်း ယောကျ်ားချင်းမို့ ဘာမျှမပြောတော့ဘဲ နေလိုက်ဟန်ရှိ၏။

'မင်း အစ်မက မေးနေတယ်၊ ကားကော ပြန်မမောင်းသေးဘူးလားတဲ့၊ ငါ ဟိုမှာနေခိုင်းလို့သာ နေနေရတာ၊ သူအိမ်ကို သိပ်ပြန်လာချင်တယ်ကွ'

'ဘယ်လိုလုပ်ထွက်မလဲ ကိုဆွေ၊ ဒီလောက် ဖမ်းဆီးနေတာ'

ကျွန်တော်သည် ဂိတ်ကိုမသွားတာပင် ကြာပြီ။ ကျွန်တော်ကိုယ်တိုင်ကလည်း သွားရန် လေးဖင့်နေခြင်း ဖြစ်ပေသည်။

'အေးလေ မင်း အဆင်ပြေရင်ပြီးတာပဲ၊ မင်း သုံးဖို့ရှိရဲ့လား'

'ရှိတယ်၊ ကျွန်တော် ဒီနေ့ပဲ ဘဏ်သွားမလို့'

ကိုမြင့်ဆွေ ဘာမျှမပြောတော့ပါ။

သူတို့မှာလည်း ရန်ကုန်မြို့၏ လခစားသမားများပီပီ ယခု မမြကလည်း မီးဖွားနေသည်ဆိုတော့ ကျပ်တည်းဟန်တူပါသည်။ မမြတွင် ငွေသာမက လက်ဝတ်လက်စားလေးတွေပါ လျော့ပါးနေသည်ကို ကျွန်တော်လည်း ရိပ်မိသည်။

ထိုနေ့က ကျွန်တော် ကိုမြင့်ဆွေနှင့် မြို့ထဲလိုက်သွားပြီး ကျွန်တော်၏ နောက်ဆုံး ငွေငါးရာကို ငါးကျပ်ချန်ကာ ထုတ်၏။ မမြအတွက် မုန့်အချို့ဝယ်ပေးလိုက်ပြီး လမ်းခွဲကာ ဘုန်းကြီးလမ်းကို ခဏဝင်သည်။

'ဂျိုး မင်းပျောက်နေပါလား၊ ဒီလိုပဲ လိုက်တမ်းပြေးတမ်းကစားသလို လုပ်နေလို့ ရပါတယ်ကွ၊ ပြန်ဆွဲပါလား'

ကားသမားအပေါင်းအသင်းများက ပြော၏။

'အေးဗျာ၊ ကျွန်တော်လဲ ခရီးစရိတ်တောင်မရှိလို့ မထွက်တာ'

'ဖြစ်ရမယ် မင်းကတော့၊ မင်းမရှိတော့ မင်းဖောက်သည်တွေ တခြားပါကုန်တာပေါ့ကွ၊ ဟို မင်းသမီးတောင်လာသေးတယ်'

မင်းသမီးဆိုသည်မှာ ကျွန်တော်တို့ပေးထားသော နာမည်ဖြစ်၏။ မင်းသမီးရုံးလောက်အောင် အလှပြင်လာတတ်သော အမျိုးသမီးတစ်ဦးဖြစ်ပြီး သူသွားလိုရာ နေရာတစ်နေရာတွင် ပို့ရုံသာပို့လျက် တစ်နေကုန် ထိုင်စောင့်ရတတ်သည်။ ပြီးတော့ သူ့အိမ်ကို ပြန်ပို့ရ၏။ သူ့အိမ်ကလည်း တစ်ခါပို့လျှင် တစ်နေရာ။ ဓာတ်ဆီမကုန် လူမပင်ပန်းဘဲ ငွေများများ ရတတ်ပေသည်။

'အေးဗျာ၊ ကျွန်တော် ပြန်လာခဲ့မယ်'

ထိုမှဆက်၍ ကျွန်တော် ဈေးကိုတစ်ခေါက်ပြန်ဝင်ပြီး ဝယ်စရာရှိတာ ဝယ်ပါသည်။ မမအေးအတွက် အများဆုံး ဝယ်သွားမည်ကိုကား အထူး ပြောစရာလိုတော့မည် မထင်ပါ။

'ကွယ် ဂျိုးက လုပ်လာပြန်ပြီ၊ ဘာဖြစ်လို့ အများကြီး ဝယ်လာရ တာလဲကွယ်'

'မမအေး ကျွန်တော့်ကို ကျွေးမွေးပြုစုတာတွေ များပါပြီဗျာ'

'ဒါ အလျော်ပြန်ပေးတာပေါ့လေ'

'ကျွန်တော့် စေတနာက ဒါထက်မကပါဘူး မမအေးရယ်'

မမအေးသည် ကျွန်တော့်ကို ရီဝေသော မျက်လုံးများနှင့် ကြည့်ပါသည်။

*

ကျွန်တော်တစ်ယောက်တည်း အိပ်ရသည့်ညတွေ များလာသည်။ ကျွန်တော်သည် နေ့လယ်ဘက်တွင် ကားပြန်မောင်း၏။ ကျွန်တော် အိမ်ပြန်သည့် အချိန်ကား မမှန်တော့ပါ။ တစ်ခါတစ်ရံ ညဥ့်နက်သည်။ အစောဆုံးက ခုနစ်နာရီ။ မမအေးသည် ကျွန်တော် မိုးချုပ်လျှင် ထမင်းနှင့် ဟင်းကို ကျွန်တော်တို့အိမ် ကြောင်အိမ်ထဲ လာထည့်ထားတတ်ပါသည်။ တစ်ခါတစ်ရံ ကျွန်တော်ပြန်ရောက်မှ ကလေးတွေကို ပို့ခိုင်းသည်။ တစ်ခါတစ်ရံ ကလေးတွေနှင့်သူပါ လာစောင့်နေတတ်သည်။ ကိုမြင့်ဆွေက မမမြနှင့်အတူ မြို့ထဲမှာပင် အိပ်သည်။

ကျွန်တော် မမအေးနှင့် တွေ့ရသည့်အချိန် နည်း၏။ ကျွန်တော်သည် ငွေကို ကြိုးစားပမ်းစား ရှာနေမိလေသည်။

တစ်နေ့ ကျွန်တော်ပြန်လာချိန် အိမ်တွင်မီးများလင်းလျက် တွေ့ရသည်။ မမအေးတို့အိမ်တွင် သော့အပိုတစ်ချောင်း အပ်ထားသည်ဖြစ်ရာ မမမြတို့များ ပြန်ရောက်နေလေသလားဟု ကျွန်တော်ထင်မိ၏။ ကျွန်တော် အိမ်ထဲဝင်သွားတော့ ကျွန်တော့်အခန်းဝတွင် မမအေး တစ်ယောက်တည်းကိုသာ တွေ့ရလေသည်။ မမအေး လက်ထဲတွင် ကျွန်တော့်အဝတ်ဟောင်းများကို ကိုင်လျက် တွေ့ရသည်။ ကျွန်တော်သည် အဝတ်အစားများကို လွယ်ရာ ဆွဲဝတ်သဖြင့် ကျွန်တော့်တစ်ခန်းလုံး ပွနေတတ်သည်။ ယခုတော့ အဝတ်ဟောင်းများ ရှင်းနေပါသည်။

'ဟင် မမအေး ကျွန်တော့်အင်္ကျီတွေ လျှော်မလို့လား'

'အင်းလေ၊ မင်းအင်္ကျီကိုလဲ မင်း ပြန်ကြည့်ပါဦး၊ ကုတ်ပိုးက ကြေးလက်လေးသစ်နဲ့ မြင်မကောင်းတော့ဘူး'

'နေပါစေ မမအေးရာ၊ ခုတစ်လော ကျွန်တော်လဲ အိမ်ပြန်နောက်ကျလို့ မလျှော်နိုင်ဘူး'

'သိပါတယ် ငါ့မောင်ရယ်၊ မအေးက လျှော်ပေးမလို့ပါ'

'ဟင့်အင်းမလျှော်ပါနဲ့ မမအေး'

ကျွန်တော်က မမအေးလက်ထဲမှ အဝတ်များကို လုသည်။ မမအေးကလည်း အတင်းပြန်လုသည်။ ကျွန်တော်တို့နှစ်ယောက် တွန်းမိတိုက်မိကြပါသည်။ မမအေးက အလျှော့မပေး။ ကျွန်တော်က မလွှဲသာ၍ အလျှော့ပေးလိုက်ရသည်။ ကျွန်တော့်ရင်တွေ ခုန်နေသည်။

'ဂျူး'

မမအေးက တိုးတိုးခေါ်၏။

'ဘာလဲ မမအေး'

'ငါ့မောင်ကို လူရိုးလေးလို့ မအေးက ထင်နေတာ၊ လက်စသပ်တော့ ဘယ်ဆိုးလို့လဲ'

မမအေးက ပြုံးစနဲ့နဲ့ ပြောသည်။

ကျွန်တော့် သေတ္တာဆီ မျက်စိရောက်သွား၏။ သေတ္တာထဲမှာ မထွေးရီ၏ စာတွေနှင့် ဓာတ်ပုံရှိသည်။

'ဟာ မမအေးကလဲ'

'မမအေးကို စိတ်ဆိုးသွားလား'

'မဆိုးပါဘူးဗျာ'

ကျွန်တော်၏ မျက်နှာနီနေပါသည်။ မမအေးသည် ဘာမျှ မဖြစ်သလို အခန်းအပြင်သို့ထွက်သွား၏။

'မင်းကြိုက်တဲ့ ဆိတ်သားဟင်း ချက်ထားတယ်လေ၊ ဒီကို ယူခဲ့ရမလား၊ အိမ်မှာပဲ လာစားမလား'

'မယူခဲ့ပါနဲ့ မမအေးရာ၊ ကျွန်တော်လာစားပါ့မယ်၊ မမအေးကလဲ ကျွန်တော့်အတွက် ဒုက္ခပဲနော်၊ မမြကလဲ လာခဲလိုက်တာဗျာ၊ နောက်ဆိုချက်မထားနဲ့တော့၊ ကျွန်တော် မြို့ထဲကပဲ စားလာခဲ့မယ်'

တကယ်တော့ ကျွန်တော်စားလာခဲ့လျှင် ဖြစ်ပါလျက် မမအေး၏ ကျွေးမွေးမှုကို တမင်ခံယူနေခြင်းပင် မဟုတ်ပါလား။

'ဘာလဲ မင်းက မအေးကျွေးတာ မစားချင်ဘူးလား၊ အင်းလေ ဘယ်စားချင်မလဲ'

'ဟာ ဒီလိုမပြောပါနဲ့ မမအေးရာ၊ ဟိုဟို အဲအဲ အဲဒီစာတွေက ကြာပါပြီ မမအေးရာ၊ ခုကျွန်တော်နဲ့ ဘယ်လိုမှ မပတ်သက်တော့ပါဘူး'

'ရှက်ရှက်နဲ့ ဘာတွေ လျှောက်ပြောနေတာလဲ ဂျိုးရယ်၊ ကဲ စားမယ်ဆိုရင် ရေချိုးပြီးလာခဲ့'

ကျွန်တော်သည် မမအေး၏ နောက်ကျောပြင်ကို ငေးကာကြည့်နေမိ၏။ ပြီးတော့ သက်ပြင်းကို ခပ်လေးလေး ချမိလေသည်။

*

မမအေးနှင့် သမီးအငယ်ဆုံးလေး မာလာတို့ ကျွန်တော့်ကားဂိတ်တွင် လာစောင့်နေသည်ကို တွေ့ရသည့်အတွက် ကျွန်တော် အံ့ဩသွားမိသည်။ ဂိတ်ကလူတွေက မမအေးကို ထူးဆန်းစွာငေးကြည့်နေကြသည်။ ကျွန်တော် မနက်ကပင် အော်ဒါရ၍ လိုက်သွားရာ ယခု ဆယ့်နှစ်နာရီကျော်ပေပြီ။

'မမအေး စောင့်နေတာကြာပြီလား၊ ဘာကိစ္စရှိလို့လဲဟင်၊ သွားစရာရှိလို့လား'

မမအေး၏မျက်နှာ ညှိုးငယ်နေ၏။

'မဟုတ်ပါဘူး ဂျိုးရယ်၊ သီဟလေ၊ မအေးကို စိတ်ကောက်ပြီး အိမ်က ထွက်သွားပြန်ပြီ'

'ဟင် ဟုတ်လား၊ သူ ဘယ်ကိုသွားတတ်သလဲ'

'မသိပါဘူးကွယ်၊ မနေ့ညကတည်းက ပြန်မလာတာ၊ မင်းကလဲ ညဥ့်နက်မှပြန်လာတော့ မအေး မပြောမိဘူး၊ ဒီကလေးက မအေးကို သိပ်ဒုက္ခပေးတယ်ကွယ်'

'အဲဒါ ဘယ်လိုလုပ်ချင်သလဲ မမအေး'

'မအေးတော့ သူ သံလျင်ကိုသွားမယ် ထင်တာပဲ'

'မမအေး လိုက်သွားချင်လို့လား'

'ဟင့်အင်း မသွားပါဘူး၊ မအေး စာတိုက်ကအပြန် လှည့်လာတာ မင်းကို တွေ့လိုတွေ့ငြား'

မမအေး လက်ထဲတွင် အထုပ်တချို့တွေ့ရသဖြင့် နိုင်ငံခြားမှ ပို့လိုက်သော ပစ္စည်းများကို ရွေးလာခြင်းဖြစ်ကြောင်း သိလိုက်ပါသည်။

'ဒါဖြင့်လဲ လာလေ မမအေး၊ ကျွန်တော်လဲ ထမင်းမစားရသေးဘူး၊ တစ်ခါတလေ ကျွန်တော်က ပြန်ကျွေးပါရစေ'

မမအေးသည် မာလာနှင့်အတူ ကျွန်တော့်ဘေးမှာ ဝင်ထိုင်လေသည်။ ဂိတ်က ကားသမားအပေါင်းအသင်းများက ကျွန်တော်တို့ကို သေသေချာချာ လိုက်ကြည့်ရင်း ကျန်ခဲ့ကြ၏။ ကျွန်တော်သည် ပျော်ရွှင်ကြည်နူးစွာဖြင့် ကားကို မောင်းထွက်ခဲ့သည်။ မိန်းမတစ်ယောက် ကျွန်တော့်ဘေးမှာထိုင်ပြီး လိုက်လာသည်မှာ မဆန်းတော့သော်လည်း သည်တစ်ခါ ကျွန်တော် အပျော်ဆုံးဖြစ်၏။ မမအေး၏ သနပ်ခါးနံ့သည် သင်းပျံ့နေသည်။

ကျွန်တော် စားသောက်ဆိုင်တစ်ခုသို့သွားကာ မမအေးတို့ သားအမိကို ထမင်းကျွေးသည်။ ပြီးတော့ မမအေးက ဘုရားသွားချင်သည်ဆို၍

ရွှေတိဂုံဘုရားသို့ လိုက်ပို့သည်။ ကျွန်တော်သည် ဘုရားတစ်ခါမှ မရှိခိုးဘူးပါ။ မမအေးနှင့်အတူဘုရားရှိခိုးပြီး ငွေအကြွေများကိုပင် အလှူခံပုံးတွေထဲသို့ ရက်ရက်ရောရော ထည့်နေမိပါသည်။

'မမအေးအတွက် မင်းတော့ အလုပ်ပျက်ပြီ'

'ကိစ္စမရှိပါဘူး မမအေးရယ်'

ကျွန်တော် အိမ်ကို စောစောပြန်ရောက်၏။ ကားကို ပန်းဆိုးတန်းတွင် စောစောပြန်အပ်ပြီး မမအေးနှင့်အတူသုံးဘီးစီးကာ ပြန်လာခဲ့ကြခြင်း ဖြစ်ပါသည်။ အိမ်ပြန်ရောက်၍ မမအေးက ထမင်းချက်နေသောအခါ ကျွန်တော် အိမ်ဘက်ကို ခေတ္တလစ်ပြီး အရက်နည်းနည်းမော့ပါသည်။ ပြီးတော့ မမအေးတို့အိမ်တွင် ထမင်းစားပြီး ညဉ့်နက်အောင် ထိုင်နေမိသည်။ နန္ဒသည် ကျွန်တော်နှင့် ကျားရွှေ့တမ်း ကစားနေရာမှ တဖြည်းဖြည်း ငိုက်မြည်းလာ၏။

'သား အိပ်ချေတော့၊ ညဉ့်နက်ပြီ'

မမအေးက ပါးစပ်ကို လက်ဝါးနှင့်အုပ်ကာ သမ်းရင်းပြောလိုက်သည်။ ကျွန်တော် ထိုင်ရာမှထ၏။ ကျွန်တော် မပြန်ချင်သေး။ ကျွန်တော့် ခြေထောက်တွေ လေးလံနေသည်။

သို့သော် နန္ဒသည် ကျွန်တော့်ကို ကြည့်၏။ သူ ကလေးမဟုတ်တော့။

'နေပါစေ မမအေး၊ ကျွန်တော် ပြန်အိပ်မယ်'

နန္ဒ အိပ်ရာဝင်သွားသောအခါ ကျွန်တော် လှေကားမှ ဆင်းလာခဲ့သည်။ မမအေး ကျွန်တော့်နောက်မှ လိုက်လာလေသည်။

'ဂျိုး'

'ဘာလဲ မမအေး'

ကျွန်တော်တို့နှစ်ယောက် မျက်နှာချင်းဆိုင်ကာ အတန်ကြာရပ်နေမိကြလေသည်။ ကျွန်တော်သည် လှေကားအဆုံးမှ တံခါးကို ဖွင့်ပြီးမှ အသာ ပြန်ပိတ်လိုက်မိပါသည်။

ထောင်ချောက်လား၊ မာယာလား၊ ညွှတ်ကွင်းလား ကျွန်တော် မသိပါ။ ကျွန်တော် မိတော့ မိနေပါပြီ။

## ၇

မမြ မျက်နှာထားက တစ်နေ့တခြား တင်းမာလာ၏။ မမြသည် အိမ်ပြန်ရောက်ကတည်းက ကျွန်တော်နှင့် မမအေးတို့ အခြေအနေကို ရိပ်မိနေပါပြီ။ တစ်ခါတစ်ရံ သူတို့လင်မယား တီးတိုးဆူပူရန်ဖြစ်သံကို ကြားရ၏။ ကျွန်တော်တို့အတွက် ပြဿနာတက်နေပြီ။

ကျွန်တော်သိပါသည်။ အခြေအနေသည် ဘယ်လိုမှ မကောင်းနိုင်တော့။ ကျွန်တော်သည်လည်း မမအေး၏ ညွတ်ကွင်းမှာ စင်းစင်းကြီး မိ၍နေပါပြီ။ သို့သော် ကျွန်တော် ရှေ့တိုး၍မဖြစ်။ မမအေးသည် ကျွန်တော့်ထက် အသက်ဆယ်နှစ်ကျော်ကျော်ကြီးသည်။ ကလေးသုံးယောက်နှင့်။ ပြီးတော့ မမအေးသည် ကျွန်တော့်ရှေ့မှာ သူ့ဇာတ်လမ်းကို သနားစဖွယ် ခင်းကျင်းပြခဲ့သော်လည်း တကယ်တော့သူသည် လင်ယောကျ်ားနှင့် တရားဝင် ကွာရှင်းထားသော လွတ်လပ်သည့် မိန်းမ မဟုတ်။

သို့တိုင်အောင် အတွေ့အကြုံနုနယ်လှသော ကျွန်တော်လို ငမိုက်သားသည် အဘယ်သို့လျှင် နောက်ဆုတ်နိုင်ပါတော့မည်နည်း။ ကျွန်တော်သည်

မမအေး၏ အယုအယကြားမှာ နစ်မြုပ်၍နေပါပြီ။ ကျွန်တော် မမအေးကို မခွဲနိုင်။ မမအေးသည် ကျွန်တော့်တစ်သက်တွင် တကယ်ချစ်ရသည့် မိန်းမတစ်ယောက်ပေတကား။

ခက်သည်ကလည်း မိန်းမ။

မမအေးသည် အစပထမတော့ မမမြနှင့် အတင်းဝင်ရောဖို့ ကြိုးစားသေးသည်။ ယခင်ကလို ဟန်မပျက်ဝင်ထွက်သွားလာပြီး ကလေးကိုလည်း တယုတယ ချီပိုးထိန်းကြောင်းပေး၏။ မမမြ၏ အလုပ်များကို ဝိုင်းကူလုပ်ပေးသည်။ ကျွန်တော့်အမြင်တွင် မမအေးသည် သနားစဖွယ်။ သို့သော် မမမြက မမအေးလာတိုင်း နှုတ်ခမ်းကို တင်းတင်း စေ့ကာ စကားကိုလည်း မလွဲသာလွန်းမှ တစ်ခွန်းနှစ်ခွန်းပြော၏။ မမမြလည်း မိန်းမပဲ၊ မမအေးလည်း မိန်းမပဲ။ မမအေးသည် သူ အညှံ့ခံ ချဉ်းကပ်၍ မရမှန်းသိသောအခါ ကျွန်တော်တို့ အိမ်ဘက်သို့ ခြေဦးမလှည့်တော့ပေ။

ကျွန်တော်ကား မမအေးထံ အခစားမဝင်ဘဲ မနေနိုင်ပေ။ ကျွန်တော်သည် မိုက်မိုက်ကန်းကန်းပင် မမအေးနှင့် ဆက်သွယ်ပါသည်။ ကျွန်တော် မှန်နေပြီ။ ကျွန်တော်သိသည်။ သို့သော် နောက်ဆုတ်၍ မရတော့။ တစ်နေ့မှာ မမမြနှင့် ထိပ်တိုက်တိုးရသည်။ ကျွန်တော် ညဉ့်နက်သန်းခေါင် အိပ်ရာထဲမှာ မရှိသည်ကို မမမြ သိသွားပြီ။ သိကြောင်းလည်း တမင်တကာ ပြသည်။ မမမြသည် သူ့ယောကျ်ား တားသည့်ကြားမှ တစ်အိမ်လုံး မီးတွေလျှောက်ဖွင့်ထားသည်။ ကျွန်တော် ခပ်တည်တည်ပင် ပြန်သွား၏။ မမမြ မျက်နှာက တင်းမာလျက်။ ကျွန်တော်ကလည်း ခပ်တင်းတင်း။ ဘာကိုမျှ မမှု။

'နင် ဘယ်သွားနေတာလဲ'

'လမ်းထိပ်'

'ဒီအချိန်ကြီး လမ်းထိပ်သွားတယ် ဟုတ်လား၊ နင် ဒီလို တံခါးဖွင့်ပြီး သွားသွားနေတော့ အိမ်က ဘယ်လုံခြုံမှုရှိမလဲ'

မမြ တိုက်ရိုက် မစွပ်စွဲချင်၍ ပြောနေမှန်း ကျွန်တော်သိသည်။

'လုံခြုံမှုမရှိရင် တံခါးပိတ်ထား၊ ငါ အပြင်မှာ အိပ်မယ်'

ကျွန်တော်က ခေါင်းအုံးကို အိမ်ပြင်ထုတ်သည်။

'နင် ဒီလိုလုပ်နေရင် ငါ ဒီမှာ မနေတော့ဘူး၊ အရပ်ထဲကလဲ ပြောကုန်ကြပြီ'

'ဘယ်သူတွေက ဘာပြောလဲ၊ ငါ သောက်ဂရုမစိုက်ဘူး'

မမြ ဒေါသဖြင့် ရေရွတ်၏။

'နင်ဟာလေ အဖေ့ကိုလဲ ဒုက္ခပေးခဲ့ပြီ၊ အမေ့ကိုလဲ ဒုက္ခပေးခဲ့ပြီ၊ ငါ့ကို ဒုက္ခပေးပြန်ပြီ၊ အဖေနဲ့ အမေက နင့်ကို ငါ့ဆီမှာ အမွေထားခဲ့တာဟဲ့၊ ကောင်းမွေမဟုတ်ဘူး၊ ဆိုးမွေ ဆိုးမွေ'

ကျွန်တော်သည် မမြကို စေ့စေ့ကြည့်ကာ တောက်တစ်ချက်ကို ပြင်းပြင်းခေါက်ပြီး အပြင်ထွက်ခဲ့ပါသည်။ ကျွန်တော် ငယ်စဉ်ကတည်းက နိုင်ခဲ့သော မမြ။

နောက်တစ်နေ့တွင်လည်း ကျွန်တော် အရွဲ့တိုက်ကာ အပြင်မှာ အိပ်သည်။ ကိုမြင့်ဆွေသည် အေးဆေးသဖြင့် ကျွန်တော်နှင့် ရင်မဆိုင်သော်လည်း ကျေနပ်ပုံတော့ မရတော့ပါ။ ကျွန်တော်တို့ ပျော်ရွှင်စွာနေခဲ့သော အိမ်ကလေးအတွင်းဝယ် တစ်ယောက်ကိုတစ်ယောက် ငြူစူရန်စောင်ခြင်းဖြင့် တင်းမာ၍ လာလေသည်။ မမြကလည်း တစူစူ တဆောင့်ဆောင့်။ ကျွန်တော်ကလည်း ဘာကိုမျှ ဂရုမစိုက်။

ကျွန်တော့်ဘက်တွင် မမအေး ရှိသည်။

'မအေးလေ၊ မအေး စိတ်မကောင်းပါဘူး ဂျိုးရယ်၊ မင်းတို့မောင်နှမတွေ မအေးအတွက် မသင့်မမြတ် ဖြစ်ရတယ်၊ တကယ်တော့ မအေးက သူတို့အပေါ်မှာ အောက်ကျနောက်ကျခံပြီး ပေါင်းခဲ့သင်းခဲ့၊ ပေးခဲ့ကမ်းခဲ့တာ မင်း အသိပါကွယ်'

ကျွန်တော် လူမှုရေး ဘာရေး မတွေးတော့ပါ။ တစ်ဖက်သားက သည်မျှ အောက်ကျခံပါလျက် ပျော့ပျောင်းခြင်းမရှိသော မမမြတို့ လင်မယားကိုသာ ဒေါပွပါသည်။

'အလကားပါ၊ ဘယ်က အစ်မကမှာလဲ၊ သူနဲ့ ကျွန်တော် ဘာမှ မတော်ဘူး'

'ဟင် ဟုတ်လား'

'ဟုတ်တယ်၊ ကျွန်တော်ဟာ မွေးစားသား၊ လမ်းပေါ်ကကောက်ရတဲ့ မွေးစားသား၊ ဒါကြောင့် ကျွန်တော့်ကို မကြည်ဖြူတာပေါ့'

'ဖြစ်ရလေ ဂျိုးရယ်'

ကျွန်တော်သည် ကြောင်းကျိုးဆင်ခြင်တတ်သော အသိတရား ကင်းလျက် မမမြကို အမုန်းကြီး မုန်းလာကာ မမအေး၏ ကြင်နာမှုသည်သာ အေးရိပ်သာဟု တင်မှတ်မိ၏။ ကျွန်တော့်ဘဝတွင် မိန်းမတစ်ယောက်၏ လွှမ်းမိုးမှုကို သည်တစ်ကြိမ်သာ ခံစားဖူးသည် မဟုတ်ပါလား။

မမမြသည် ကျွန်တော့်ကို အမျိုးမျိုး တားဆီး၏။ တိုက်ရိုက်မဟုတ်၊ သွယ်ဝိုက်သောနည်းများဖြင့်။ သို့သော် ကျွန်တော် နောက်မဆုတ်။ တစ်နေ့တွင် ကျွန်တော်သည် ခါတိုင်းလိုပင် အရက်သောက်ရာတွင် အရှိန်များသွားပါသည်။ ကျွန်တော်မူးသောအခါ မိုက်ရူးရဲစိတ်က ပြန်ပေါ် လာသည်။

ကျွန်တော်သည် မောင်းချားတစ်ချောင်းကို ဆ ကာ ဆ ကာ ကိုင်ရင်း အိမ်ရှေ့သစ်ပင်ကို ပစ်၍ ပစ်၍ ပေါက်၏။ မမမြသည် ကျွန်တော် လုပ်သမျှကို စေ့စေ့ကြည့်ကာ ဆုံးဖြတ်ချက်ချလိုက်ဟန် တူပါသည်။

နောက်တစ်နေ့ ကျွန်တော် ကားသိမ်း၍ပြန်လာသောအခါ မမမြတို့ မိသားစုကို မတွေ့ရတော့ပါ။ အိမ်တစ်ခုလုံးဟာလာဟင်းလင်းဖြစ်လျက်ရှိပြီး အိမ်ရှေ့တွင် ကျွန်တော်၏ သေတ္တာတစ်လုံးသာ အထီးတည်း ရှိနေလေသည်။

## ၈

လမ်းပေါ်ကကျွန်တော်။

လမ်းပေါ်မှာပင် ဘဝကိုစခဲ့ပြီး လမ်းပေါ်ပြန်ရောက်သွားခြင်းမှာ ကျွန်တော့်အတွက်တော့ မဆန်းပါ။ ကျွန်တော်သည် အတွယ်အတာမရှိ။ သံယောဇဉ်မရှိ။ အချစ်မရှိ။

မှန်ပါသည်။ ကျွန်တော့်မှာအချစ်လည်း မရှိတော့ပါ။

ကျွန်တော် မမအေးကို ချစ်ပါသည်။ အလွန် ချစ်ပါသည်။ သို့သော် မမအေးက ကျွန်တော့်ကို မည်သို့ ကိုင်တွယ်ခဲ့သည်ကို ကြည့်ကြပါကုန်။

'ဂျိုး၊ မင်းအစ်မလုပ်ပုံ မကောင်းဘူးကွယ်၊ မင်းကို ဒီအတိုင်း ထားခဲ့တော့ ပတ်ဝန်းကျင်က ဘာပြောမလဲ'

'ဘာပြောပြောပေါ့ မမအေးရာ'

'ဘယ်ဖြစ်မလဲကွယ်၊ မမအေးမှာ မိဘဆွေမျိုးတွေက ရှိသေးတယ်၊ သားသမီးတွေကလဲ ရှိတယ်၊ ပြီးတော့ သူကလဲ သူက'

'သူ ပြန်မလာတော့ဘူးဆို'

'ဘယ်သိမလဲကွယ်၊ သူပြန်လာချင်တဲ့အချိန် လာလို့ရနေတာပဲ'

'တော်တော့ မမအေး'

အစကတော့ မမအေး ဘာကြောင့် ထိုသို့ မပြောခဲ့ပါသလဲ။ တကယ်တော့ ကျွန်တော့်လို မနူးမနပ်ကို မမအေးသည် စိတ်ဖြေရာအဖြစ် ကစားခဲ့ခြင်းသာ မဟုတ်ပါလား။

ကျွန်တော် မည်သူ့ကိုမျှ အပြစ်မတင်တော့ပါ။ ကျွန်တော်သည် ကျွန်တော်၏ တစ်ခုတည်းသော ပိုင်ဆိုင်သည့် ပစ္စည်းဖြစ်သည့် သေတ္တာ တစ်လုံးကို ဆွဲကာ ဦးတည့်ရာ ထွက်ခဲ့ပါသည်။

ပထမဆုံး ကျွန်တော့်ကားဂိတ်ကို သွားရသည်။

'ဘယ်လိုဖြစ်လာတာလဲ ဂျိုး'

ကိုလှိုင်ဘွားက မေး၏။ ကျွန်တော်က အဖြစ်အပျက်ကို လုံးစေ့ ပတ်စေ့ မပြောတော့။ လောလောဆယ် အခြေအနေကိုသာ ပြောပြသည်။

'ဒီလိုဆိုလဲ ငါနဲ့ လိုက်နေကွာ၊ နေရာကတော့ ကျယ်ကျယ်ဝန်းဝန်းပဲ၊ ဟား ဟား ဟား'

ကိုလှိုင်ဘွားနေရာ အရပ်သည် အံ့ဩဖို့ပင် ကောင်းသေးတော့။

အလွန်ကျဉ်းမြောင်းလှသော အခန်းတစ်ခု၏ အလွန်နိမ့်လှသော ထပ်ခိုးလေးတစ်ခုတွင် ဖြစ်လေသည်။ ၎င်းထပ်ခိုးလေးကိုပင် တစ်လ လေးဆယ်ပေးရ၏။ ခုတင်တစ်လုံးစာ ချလောက်ရုံသာ ရှိသည်။ ယခုအခါ ကျွန်တော်တစ်ယောက်တိုးလာတော့ ခုတင်ဖယ်ပြီး နှစ်ယောက်အိပ်ရသည်။ ကျွန်တော်သည် ထိုဘုံဗိမာန်သို့တက်တိုင်း ကျွန်တော်၏ ရှည်လျားသော အရပ်ကို လွတ်စေရန် အမြဲ ဦးညွှတ်၍ နေရလေ၏။

မည်သို့ပင်ဖြစ်စေ ရောက်ရာဘဝမှာ ကျွန်တော် ပျော်တတ်နေပေပြီ။ ယခုဆိုလျှင် ကျွန်တော့်မှာ လွတ်လပ်မှုပင် တိုးလာပြီ။

မမအေးကို ကျွန်တော် မေ့ဖို့ကြိုးစားရသည်။ မမအေးနှင့် ကျွန်တော် တို့ အဖြစ်သည် မဖြစ်ကောင်းသောအရာဆိုတာကို ကျွန်တော် တဖြည်းဖြည်း

သဘောပေါက်လာပါသည်။ ယခင်ကတော့ ကျွန်တော်သည် သွေးပူလျက် ရှိပြီး ဘာဆို ဘာမျှ မမြင်ခဲ့ပေ။ ယခုတော့ ကျွန်တော့် အစ်မနှင့် ကျွန်တော်လည်း အိုးစားကွဲလေပြီ။ ရှိစေတော့။

အစပထမတော့ ကျွန်တော် မမြကိုလည်း အလွန် ဒေါသထွက်ပါသည်။ ကျွန်တော့်ကို ပစ်ပစ်ခါခါ လုပ်သွားရက်သည်ဟု တွေးကာ သတ်ဖြတ်ချင်စိတ်ပင် ပေါက်မိ၏။ ကြာတော့လည်း သွေးအေးသွားသည်။ တကယ်တော့ ကျွန်တော့် အစ်မသည်လည်းကောင်း၊ ကျွန်တော့် ယောက်ဖသည်လည်းကောင်း အလွန်အေးဆေး၍ သူတစ်ပါးနှင့်လည်း ခပ်ကင်းကင်းနေတတ်သူများ ဖြစ်ကြသည်။ မမြကား အေးသော်လည်း စိတ်ထက်၏။ ကျွန်တော့်ကို မလွဲသာ၍ ခွင့်လွှတ်ထားရခြင်းသာ ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် လက်ငင်းဘဝမျိုးကို ကျွန်တော် ပျော်ပိုက်သည်။ စားချင်ရာစား၊ နေချင်ရာနေ၊ အိပ်ချင်ရာအိပ်၊ ကိုလှိုင်ဘွားအခန်းသည် ခေတ္တခဏ နားခိုရာသာ ဖြစ်လေသည်။

ယခင်က ကျွန်တော့်မှာ အိမ်ရှိတော့ အလုပ်သိမ်းလျှင် အိမ်ပြန်သည်။ ယခု ကျွန်တော့်တွင် အိမ်မရှိ။ ပြန်ချင်လျှင်လည်း ရသည်။ မပြန်လည်း ရသည်။ များသောအားဖြင့် ကျွန်တော်မပြန်။ အလုပ်စောစောသိမ်းရလျှင် တာမွေဘက်ကို ခြေဦးလှည့်သည်။ ကျွန်တော်သည် စိတ်လေသည့်အခါတိုင်း ကောင်းသည့် အဖော်အပေါင်း၊ တရားချမည့် ပုဂ္ဂိုလ်မျိုးကို မလိုချင်။ ကျွန်တော်လုပ်ချင်ရာကို လုပ်စေသည့် မကောင်းသည့် အဖော်အပေါင်းကိုသာ လိုချင်သည်။ ကျွန်တော့်ဗီဇ။

ကျွန်တော် ရှာဖွေရသမျှ ပိုက်ဆံသည် ဆရာချစ်ထွန်းနှင့်အတူ မြွှာညို၊ ခိုင်သဇင်စသော နေရာများတွင် သောက်ရင်းစားရင်း ကုန်သွားသည်က များလေသည်။ လတ်တလော ကျွန်တော် ကောင်းကောင်းဝတ်၊ ကောင်းကောင်းစား၊ ကောင်းကောင်းသောက်နေရလျှင် ပြည့်စုံပြီဟု ကျွန်တော် ထင်၏။

ထိုသို့သော ဘဝမျိုးမှာ ကျွန်တော်နေရသောအခါ ကျွန်တော်၏ ချစ်လှစွာသော သူငယ်ချင်း ခင်စိုးမောင်ကို ကျွန်တော် သတိရလေသည်။ သည်ကောင့်ကို အိမ်က ပစ်ထား၍ မိန်းမနှင့် ကလေးတွေနှင့် ဒုက္ခရောက်နေသည်ကို ကျွန်တော်သိသည်။ ကျွန်တော် သူ့ကို တစ်ခါမျှ အကူအညီ မပေးဘူးပေ။ကျွန်တော်တို့နှစ်ယောက်သည် ကိုယ့်စရိတ်နှင့်ကိုယ် ဆိုးနေတေနေခဲ့သူများသာတည်း။

ရန်ကုန်နှင့် ပဲခူးသည် ဝေးလှသည်တော့ မဟုတ်ပေ။ ထို့ကြောင့် ကျွန်တော်သည် တစ်နေ့ ကားကိုအော်ဒါမဆွဲဘဲ ပဲခူးဘက်သို့မောင်းလာခဲ့လေသည်။ ကျွန်တော် ခင်စိုးမောင်ဆီသို့ပင် ဦးတည်သွားသည်။ သူ့ကို မတွေ့ရ။ ညစ်ပတ်ပေရေနေသော ကလေးနှစ်ယောက်နှင့် သူ့မိန်းမကိုသာ တွေ့ရသည်။ ကျွန်တော်က ပြန်လာမည့်အကြောင်းပြောပြီး ခင်အောင့်ဆီသွားသည်။ ခင်အောင်သည်လည်း အိမ်မှာမရှိ။ ပဲခူးမြို့ပြင်တွင် ခြံစိုက်လျက်ရှိကြောင်း သိရသဖြင့် သူ့ခြံကို လိုက်သွားရပြန်သည်။ ခင်အောင်သည် ပေပေတေတေ နေတတ်သော်လည်း ကျွန်တော်တို့ ခင်စိုးမောင်တို့လို မိုက်ကန်းကန်းမဟုတ်ပေ။ ခင်အောင်က ဆင်းရဲ၍တေသည်။ ကျွန်တော်တို့က ချမ်းသာ၍ ဆိုးသည်။

ခင်အောင်သည် ကျွန်တော့်ကို တွေ့သောအခါ အလွန်အမင်း ဝမ်းသာနေလေသည်။

'ဟေ့ ဂျိုး၊ မင်းကွာ နေနိုင်လိုက်တာ တစ်ခါတည်းကို ပေါ်မလာတော့ဘူး၊ မင်း ရန်ကုန်မှာ ကြီးပွားနေတယ်ဆိုကွ၊ ငါကြားရတာ ဝမ်းသာလိုက်တာကွာ'

ခင်အောင်ကား ရိုးလည်း ရိုးသားပေသည်။ သူ့ခြံသည် ရန်ကုန်မြို့ဘက်အထွက် ဘုရားသုံးဆူနားမှာရှိ၍ အေးချမ်းတိတ်ဆိတ်သည်။ အုန်းပင်များကို ပျိုးထားသည်။ ဂေါ်ဖီပွင့်ကြီးများ ပွင့်လျက်ရှိသည်။ ကန်စွန်းခင်းတွေကလည်း စိမ်းနေသည်။ အားရစရာ။

'ငါ ကြီးပွားနေတယ်လို့ မင်းကို ဘယ်သူကပြောသလဲ၊ မအေပေး ခွေးကောင် ခင်စိုးမောင်ပဲ နေမှာပါပဲ၊ ခုလဲ မတွေ့ခဲ့ရဘူး'

'သူလဲခုတော့ အဘိုးကြီးက ပြန်ခေါ်နေပါပြီ၊ သားသမီးနဲ့မိဘပဲကွာ ဘယ်ပြတ်နိုင်မလဲ၊ လာကွာ အပေါ်တက်၊ မင်းအတွက် ငါ ထန်းရည် မှာပေးမယ်'

ကျွန်တော်သည် ခင်အောင်၏ ခြံနှင့် တဲကလေးကိုကြည့်ကာ သဘောကျနေလေသည်။ ကျွန်တော်တို့မြို့ပေါ်မှာ လုပ်စားနေရသည်မှာ ဤကဲ့သို့ အေးချမ်းမှု မရှိချေတကား။ အပြေးအလွှားသွား၊ အပြေးအလွှား စား။ ရသည့်ပိုက်ဆံကလည်း စရိတ်နှင့် ပြန်ကုန်သွားသည်။ ဘာမျှ အဖတ်မတင်။

ခင်အောင်သည် ကျွန်တော့်ကိုထားကာ ခေတ္တထွက်သွား၏။ ခဏကြာတော့ ထန်းရည်တစ်အိုးနှင့် ပြန်လာသည်။ အိုးကိုရှေ့ချကာ အုန်းမှုတ်ခွက်နှင့်သောက်ရသော ထန်းရည်ချိုသည် တစ်မျိုးအရသာထူး ပေသည်။ အမြည်းအဖြစ် ပဲကြီးလှော်ကို ချပေးသည်။ ကျွန်တော်သည် အရက်မသောက်တတ်ခင် ထန်းရည်သောက်ခဲ့သော ဘဝကို ပြန်သတိရ၏။ မြို့ပေါ်ကလူငယ်တွေ ဆိုးတော့ အရက်သမားဖြစ်သည်။ တောကလူငယ်တွေ ဆိုးတော့ ထန်းရည်သမားဖြစ်သည်။

'မင်း တယ်ဟန်ကျနေပါလား၊ ငါတောင်မင်းကို အားကျလာပြီ'

ကျွန်တော်က ခင်အောင့်ကိုကြည့်ကာ ပြောမိသည်။

'သိပ်မထင်နဲ့ ကိုယ့်လူ၊ ဒါ ငါ့ဦးလေးခြံကွ၊ အရင် မင်း အိမ်က ထွက်ပြေးပြီး သွားနေတဲ့ ဦးလေးလေ၊ ငါ့အတွက်လဲ ရတော့ရတာပေါ့ကွာ'

ကျွန်တော်သည် ထန်းရည်ချိုကိုတစိမ့်စိမ့်သောက်၏။ ယခု ကျွန်တော်သည် ငယ်ငယ်ရွယ်ရွယ်နှင့် လောကအကြောင်းကို သိသင့် သလောက် သိသောသူတစ်ဦး ဖြစ်နေပြီ။ သို့သော် ကလေးဘဝကို တမ်းတရသည်ကို ကျွန်တော် ပျော်သည်။ ကျွန်တော်တို့ ငယ်ငယ်က ဆိုးခဲ့ပေခဲ့ပုံများ။

'ဒါနဲ့ ခင်အောင်၊ မင်း ညီမကော'

'မင်း ဘာလို့ ထွေးရီကို မမေးဘဲ ငါ့ညီမကို မေးရတာလဲ၊ မင်း ထွေးရီကို အဆက်ဖြတ်ပစ်တာတော့ လွန်တယ်ကွာ၊ သူ့ခမျာ မင်းလို ကောင်ကို ဘာမျှော်ကိုးပြီး ကြိုက်မှန်းကို မသိဘူး၊ ခု ကောင်မလေးက အလုပ်လုပ်နေတယ်ကွ၊ သမဝါယမ စာရေးမလေ'

ကျွန်တော် ပြုံးသည်။

ကျွန်တော့် အပြုံးသည် ရင့်ကျက်သော အပြုံး၊ ကျွန်တော်သည် ရည်းစားနှင့်ချိန်းတွေ့ပြီး နမ်းရုံသာ နမ်းတတ်ခဲ့သော သူငယ်နှပ်စားလေး မဟုတ်တော့။

'တွေ့ရင် ပြောလိုက်ပါကွာ၊ ငါက ခုထက်ထိ သူမျှော်လင့်သလို လူလိမ္မာတစ်ယောက် ဖြစ်မလာသေးဘူးလို့'

'ဒါနဲ့ မင်းအခြေအနေကို ပြောပါဦး'

'လမ်းပေါ်မှာပဲ ရှိပါသေးတယ်ကွာ၊ သောက်သောက်စားစား လူ့ငနွားပေါ့'

'ဟုတ်ပါ့ကွာ၊ ခုပါလာတဲ့ကားကကော'

'ငါ အလုပ်လုပ်နေတဲ့ ကားလေ'

ခင်အောင်သည် သက်ပြင်းချ၏။ ပြီးတော့ လေးနက်သည့် အမူအရာနှင့် ကျွန်တော့်ကို ပြောသည်။

'ဂျိုး၊ ငါတို့ဟာ ငယ်ငယ်ကလို ကျောင်းပြေးပြီး ရုပ်ရှင်ကြည့်တဲ့ အရွယ်လဲ မဟုတ်တော့ဘူးကွာ၊ မင်းအဘိုးကြီးဆီကို မင်းသွားသင့်တယ်၊ အဘိုးကြီး ခု သိပ်ကျသွားတာပဲ'

'သူ့မှာ သားနဲ့ မယားနဲ့ဖြစ်နေပြီပဲ'

'အခြေအနေကို မင်းဘာသာသွားကြည့်ကွာ၊ ငါ မပြောချင်ဘူး'

အဖေ။

ပဲခူးကိုရောက်လာသည်မှာ အဖေ့ကို တွေ့ချင်သည့်စိတ်လည်း ပါ ပါသည်။ သို့သော် သွားရမှာလည်း ဝန်လေးသည်။

'အေး၊ ငါ ဝင်တော့ ကြည့်ဦးမယ်'

'သွားလိုက်ပါကွာ'

ကျွန်တော် ခင်စိုးမောင်ဆီ ပြန်မသွားခင် အဖေ့ဆီကို ဝင်ပါသည်။ အသွင်အပြင်က ခြားနားနေ၏။

အိမ်ရှေ့တွင် ကုန်စုံဆိုင် မရှိတော့။ အိမ်ထဲတွင် ငရုတ်အိတ်၊ ပဲအိတ်ကလေး အနည်းအကျဉ်း ထောင်ထားသည်ကိုသာ တွေ့ရသည်။ အိမ်ထဲမှ စားပွဲ၊ ကုလားထိုင်၊ ဓာတ်ပုံ စသည့် အဆောင်ယောင်တွေကတော့ ယခင်အတိုင်း။ အမေ့ ဓာတ်ပုံကိုပင် ချိတ်လျက်သား တွေ့ရသည်။

အဖေသည် ကုန်ချိန်သည့် ကတ္တားတစ်ခုပေါ်တွင်ထိုင်နေ၏။ လသားအရွယ် ကလေးတစ်ယောက်ကို ချီထားသည်။ ကျွန်တော့်ရင်မှာ ဖော်မပြတတ်သော ဝေဒနာတစ်ရပ်က ဝင်ဆောင့်လိုက်လေသည်။

အဖေသည် ကျွန်တော့်ကို မြင်မြင်ချင်း ရုတ်တရက် စကားမဟနိုင်ပေ။ တွေဝေစွာကြည့်နေပြီးမှ သားဟု တစ်ခွန်းခေါ်ကာ မျက်ရည်စတွေ ဝဲလာသည်။

အဖေ့လက်ထဲမှ ကလေးငယ်ကို မိန်းမ ခပ်ရွယ်ရွယ်တစ်ဦးက လာချီလေသည်။ အဖေ့မိန်းမတော့ ဟုတ်ဟန်မတူ။ စုတ်စုတ်ပြတ်ပြတ်။

ကျွန်တော်သည်လည်း ဘာစကားက စ ပြောရမည်မသိတော့ပါ။ အတန်ကြာမှ အဖေ့နှုတ်မှ စကားသံထွက်လာသည်။

'မင်း အခု ဘာလုပ်နေလဲ'

'ကားမောင်းနေတယ်'

'ကိုယ်ပိုင်ကားလား'

'သူများကားပါ'

'အမြဲကော'

ကျွန်တော် ရုတ်တရက် ပြောမထွက်။

'မင်း အခု ဘယ်သူနဲ့နေလဲ'

'ကျွန်တော်တစ်ယောက်တည်းပဲ'

အတန်ကြာ တိတ်ဆိတ်နေ၏။ ထိုအခိုက် နောက်ဖေးဘက်မှ ဝမ်းခနဲ အသံတစ်ခု ကြားလိုက်ရသည်။ တစ်စုံတစ်ရာ လဲပြိုကွဲရှသံ။ ကျွန်တော် ခေါင်းထောင်ကြည့်မိ၏။ အဖေသည် အလွန်အမင်း စိတ်မချမ်းသာသည့် မျက်နှာဖြင့် ငြိမ်သက်စွာ ထိုင်နေလေသည်။

'ဟဲ့ မရန် မရန်၊ ဘယ်သွားနေလဲ၊ ကြည့်စမ်း ဒီကလေးဟာ သူ့ဟာသူ မနေဘူး၊ တစ်ဆိတ်ရှိ လူပေါ်ပဲတက်နေ၊ မချီနဲ့ ချထားလိုက်၊ ဒီမှာ ငါ့ကို လာထူပေးစမ်းပါဦး၊ အမလေး ကိုစိန်မောင် ရှင်ဘာလုပ်နေလဲ၊ ဒီလိုပဲကြည့်နေမလား၊ သေနာကြီး အမလေး'

စူးဝါးဆူညံသော အသံဗလံများလုံးထွေးထွက်လာရာသို့ ကျွန်တော် ထ ကြည့်မိ၏။ မိန်းမတစ်ယောက် ထဘီမနိုင် ပဝါမနိုင်ဖြင့် ထွက်လာလေသည်။ ကျွန်တော့်ကို မြင်သောအခါ ပြူးကြောင်စူးရှသော မျက်လုံးများဖြင့် ကြည့်သည်။ အံကို တင်းတင်းကြိတ်ထားသည်။ စားတော့ ဝါးတော့မတတ် အသွင်ဖြင့် အဖေ့ဆီတိုးသွားသည်။ အဖေက မတုန်မလှုပ်။

'ရှင် ရှင် ကျုပ်ကို ဂရုမစိုက်ဘူးပေါ့ ဟုတ်လား၊ ရှင် ရှင့်ကို သတ်ရမယ်၊ ဟင်း ဟင်း'

ကျွန်တော်သည် နေရာမှ ဝုန်းခနဲထကာ အဖေ့ဆီပြေးလာသော ထိုမိန်းမလက်ကို လှမ်းဆွဲပြီး ဖယ်ပစ်လိုက်လေသည်။

'ခင်ဗျား ရှေ့မတိုးနဲ့၊ ခင်ဗျား ကျုပ်အဖေကို မလုပ်နဲ့၊ ဒီမှာ ကျုပ်လုပ်လိုက်ရင် ခင်ဗျား သေသွားမယ်'

ထိုမိန်းမသည် ကြောင်တောင်တောင် မျက်လုံးများဖြင့် ကျွန်တော့်ကို တွေကြည့်ပြီး နောက်ဖေးချောင်သို့ ပြေးဝင်သွားလေသည်။ ကျွန်တော်သည် အသားများတဆတ်ဆတ်တုန်ကာ နေရာမှာရပ်ကြည့်နေမိသည်။ အဖေသည် ရီဝေသော မျက်လုံးများဖြင့် အဝေးသို့ ငေးနေ၏။ ကျွန်တော့်တစ်သက်တွင်

အဖေ၏ စိတ်ဆင်းရဲခြင်းမက ဆင်းရဲနေပုံမျိုးကို သည်တစ်ခါသာမြင်ဖူးလေသည်။

'မင်းအမေသာရှိရင် ဒီလိုဖြစ်မှာမဟုတ်ဘူး'

အဖေ တစ်ခွန်းညည်းသည်။

'အဖေဘာလို့ ဒီမိန်းမကို ယူတာလဲ'

အဖေ မဖြေ။

'ဂျိုး ငါ့သား၊ မင်း အိမ်ကိုပြန်လာခဲ့ပါ'

ကျွန်တော် ခေါင်းငိုက်စိုက်ချထားမိ၏။

ထိုညက ကျွန်တော်သည် မိုးချုပ်မှောင်မှ ကားကို တရကြမ်းမောင်းကာ ရန်ကုန်သို့ ပြန်လာခဲ့လေသည်။ နောက်တစ်နေ့တွင် ကျွန်တော်သည် သေတ္တာတစ်လုံးဖြင့် ရန်ကုန် ပဲခူး ဘတ်စ်ကားပေါ်တွင် ပြန်ပါလာခဲ့လေ၏။

# ၉

ကျွန်တော်တို့အိမ်သည် အရင်အိမ်မဟုတ်တော့။

လုံးဝခြားနားခဲ့ပြီ။

ကျွန်တော်နေခဲ့ရသည့် ကာလများတွင်ပင် သုံးဘဝပြောင်းခဲ့ပြီး မဟုတ်ပါလား။ ပထမ အဖေ၊ အမေ၊ မမမြနှင့် ကျွန်တော်တို့ မိသားစု လေးယောက် နေခဲ့ရသည့်ဘဝ။ နောက် မတူးတို့ အောင်အောင်တို့တိုးကာ ခြောက်ယောက်နေခဲ့ရသည့်ဘဝ။ ယခု အဖေရယ်၊ ကျွန်တော်ရယ်၊ အဖေ့မိန်းမ စိတ္တဇဝေဒနာသည်ရယ်၊ အဖေ့သားလေးရယ်၊ ကလေးထိန်း မိန်းမ တစ်ယောက်ရယ် နေရသည့်ဘဝ။

လူ့ဘဝ၏ အပြောင်းအလဲကို ကျွန်တော်အတော်ပင် သဘောပေါက်ခဲ့ပြီ ဖြစ်ပါ၏။ သို့သော် သည်မျှ အပြောင်းအလဲမြန်သည့် ကျွန်တော့်ဘဝကိုတော့ ကျွန်တော်ပင်လျှင် အံ့သြမိပေသည်။

ယခင်က ကျွန်တော်သည် လူဆိုး။

ယခု ကျွန်တော် လူမိုက်။

မမိုက်၍လည်း မရတော့ပါ။ အဖေ့ကို အတွင်းပစ္စည်းများများစားစား ရှိသော အဘိုးကြီးတစ်ယောက်အဖြစ် ခာတ်သိ အစင်းသိတွေက အတွင်းကျိတ်ကြိတ်စည်ကာ နွားမရှုံ့ပိတ် ပေးစားလိုက်သော ထိုစိတ်ဝေဒနာသည် မိန်းမကြီးနှင့် တစ်အိမ်တည်းမှာနေရသော ကျွန်တော်တို့ဘဝကား မလွယ်လှ။

ခက်သည်က ထိုမိန်းမကြီးက တစ်ခါတစ်ရံ လူကောင်းပကတိ။ တစ်ခါတစ်ရံ သူ ရောဂါဖောက်လျှင် ကြောက်စရာကောင်း၏။ သည်တော့ ကျွန်တော်တို့မှာ သတိမလစ်၊ မျက်ခြည်မပြတ်ရဲ။ ကျွန်တော့်ကိုတော့ သူ နည်းနည်းလန့်သည်။ ကျွန်တော်ကလည်း သူလန့်အောင်၊ ကြောက်အောင် နေရသည်။ လူမိုက်ပုံ။

ပဲခူးပြန်ရောက်သည်နှင့် ကျွန်တော်သည် ငယ်စဉ်ကအတိုင်း ဆိုးချင်ပေချင်သည့်စိတ် ပြန်ဝင်လာသည်မှာ အဆန်းမဟုတ်ပါ။ အဖေ့တွင်ရှိသော အထုပ်အထည်ကိုလည်း ကျွန်တော် မြင်ထားပြီ။ အဖေသည် ကျွန်တော့်ကို ဘဝကပေးသော သားအဖြစ် အသိအမှတ်မပြုဘဲ နေ၍မရတော့ပြီ မဟုတ်ပါလော။ အဖေ့ သွေးရင်းသားရင်းဖြစ်သော သားငယ်လေးသည် အဖေ၏ တစ်ဦးတည်းသော သားလေးပင်ဖြစ်ပါ၏။ ထိုကလေးကိုလည်း အဖေသည် ကျွန်တော်ငယ်စဉ်ကလိုပင် အလိုလိုက်ခြင်းဖြင့် ချစ်လေ၏။ သို့သော် ကျွန်တော် မနာလိုဝန်တို မဖြစ်တော့ပါ။ ကျွန်တော် နေချင်သလိုနေရလျှင် ကျေနပ်ပြီ။

ကျွန်တော်သည် အားလျှင် ခင်အောင်၏ ခြံသို့သွားသည်။ ထန်းရည်သောက်သည်။ ညနေဘက်တွင် ခင်စိုးမောင်ဆီသို့ သွားသည်။ အရက်သောက်သည်။ ညဘက်တွင်တော့ ကျွန်တော့်အဖေကို သက်တော်စောင့်ရလေသည်။

'မင်း သိပ်မူးအောင် သောက်မလာနဲ့ကွ၊ ဒီမိန်းမက စိတ်ချရတာ မဟုတ်ဘူး၊ တို့ကို ချောင်းသတ်ချင် သတ်နေမှာ'

ရယ်စရာတော့လည်း ကောင်းသား။ အရူးတစ်ယောက်နှင့် နေရခြင်းသည် အရူးတစ်ယောက်ထက် ဘာမျှ မခြားပါပေ။ ညတိုင်ကျလျှင် အဖေသည် ကျွန်တော့်အခန်းထဲမှာ လာအိပ်၏။ တံခါးကို အလုံမပိတ်ဝံ့။ အထိန်းနှင့်အတူအိပ်သော ကလေးအတွက် စိုးရိမ်ရ၍ နားစွင့်ရသောကြောင့် ဖြစ်ပါသည်။ အဖေ့မိန်းမကြီးက တစ်အိပ်ရာ။

ကျွန်တော်သည် သစ်သားတုတ်တစ်ချောင်းကို အနားတွင်ချကာ အိပ်လေသည်။

တစ်ခါတစ်ရံ အဖေ့ မိန်းမသည် ကျွန်တော်တို့ အခန်းတံခါးကို တွန်းကာ ဝင်လာတတ်၏။ သတိနှင့်အိပ်သော ကျွန်တော်သည် ဆတ်ခနဲ နိုးလာတတ်သည်။

'ခင်ဗျား ဘာလာလုပ်တာလဲ၊ ခုထွက်သွား'

ကျွန်တော်က အော်၏။ ထိုအချိန်မျိုးတွင် သူ့မျက်နှာကြီးကလည်း ကြောက်စရာကောင်းအောင် တောက်ပြောင်စူးရှနေတတ်သည်။

'ငါ့ဟာ ငါ၊ ငါ့ယောကျာ်းဆီလာတာ နင်နဲ့ဘာဆိုင်လဲ'

သူကလည်း ပြန်ပက်၏။

'အိုဗျာ နားမလည်ဘူး၊ အဖေ အိပ်နေတယ်၊ ခင်ဗျားဘာသာ ခင်ဗျားအိပ်ရာ သွားအိပ်'

'မအိပ်နိုင်ပါဘူး၊ ငါ့ယောကျာ်းနဲ့ အတူတူအိပ်မယ်'

'အိုဗျာ မအိပ်ရဘူးဗျာ'

'နင်က ဘာကောင်လဲ၊ နင်နဲ့ဘာဆိုင်လို့ ငါတို့လင်မယားကြားထဲ ဝင်ရှုပ်နေရတာလဲ၊ နင်ဘာလို့ ဒီအိမ်ကိုပြန်လာတာလဲ၊ နင်ဟာ မွေးစားသား၊ ဘာမှမဆိုင်ဘူး'

အရူးကတစ်မူးသာဆိုတာ ဒါမျိုးပဲဖြစ်မည်ထင်၏။ ကျွန်တော်သည် ကျွန်တော်၏ မွေးစားသားဘဝနှင့် ပတ်သက်လျှင် မခံမရပ်နိုင်အောင်

ဖြစ်တတ်သူပီပီ သစ်သားချောင်းကိုဆွဲကာ ထသွားလေသည်။ သူကလည်း လက်ထဲမှာ တုတ်တစ်ချောင်းပါလာ၏။

'ဟဲ့ ဂျိုး မလုပ်နဲ့၊ လွန်ကုန်မယ်'

အဖေက ထဆွဲ၏။

ကျွန်တော် တကယ်ရိုက်မည်လုပ်သောအခါ မိန်းမကြီး နောက်တစ်လှမ်းဆုတ်သွားသည်။ သူ့လက်ထဲမှ တုတ်ကို ကျွန်တော်ဆွဲကာ လွှင့်ပစ်လိုက်၏။ သူသည် မကျေမနပ်ရေရွတ်ရင်း ပြန်ထွက်သွားလေသည်။

အိပ်ကောင်းခြင်းမအိပ်ရသော ဘဝပေတကား။

*

အဖေ ကျွန်တော့်ကို အားကိုးရသည်ကား မှန်ပါ၏။

သို့သော် ကျွန်တော်သည် မသောက်စားဘဲ မနေနိုင်ပေ။ အဖေသည် ယခင်ကလို စီးပွားရေးကို ကျယ်ကျယ်ပြန့်ပြန့် မလုပ်တော့ဘဲ ပွဲခစား အဖြစ်သာ လုပ်၏။ ကျွန်တော့်အနေဖြင့် အနည်းအကျဉ်းသာ ကူရပါသည်။ ကျန်သည့်အချိန်တွင် ကျွန်တော် ပြန်ကစားလေသည်။

ယခုအခါ ငွေကို များများကိုင်၍ ကျွန်တော် ကစားတတ်နေပြီ။ ခင်စိုးမောင် လှေမထွက်ရသောနေ့များတွင် ကျွန်တော် သူနှင့် အခြား မျက်နှာကြီးသားသမီးများ လူကြီးလူကောင်းများ ပါဝင်သော တစ်ချပ်မှောက်ဝိုင်းမှာ ကျွန်တော်တို့ ထိုင်မိကြသည်။ ယခု ကျွန်တော်သည် သူဌေးသား ပြန်ဖြစ်နေပြီ။ ပြီးတော့ ရန်ကုန်သားလူလည်လည်း ဖြစ်ခဲ့ပြီ ဖြစ်ရာ ကျွန်တော့်ကို အားလုံးဖြို၏။

သို့သော် ကျွန်တော်သည် ဖဲကံကောင်းသူမဟုတ်ချေ။ ကျွန်တော် ဖဲကစားခြင်းသည် အဖေ သိုသိုသိပ်သိပ် စုဆောင်းထားသော ငွေများကို ဖဲဝိုင်းတွင် သွားရောက် ဝေငှနေသကဲ့သို့သာ ဖြစ်တော့သည်။ ကျွန်တော်သည်

သိလျက်နှင့်လည်း နောက်မဆုတ်ချင်ပေ။ ထိုနောက်မဆုတ်ချင်သော အကျင့်ကပင် ကျွန်တော့်ကို ဒုက္ခပေးနေခြင်း ဖြစ်၏။ အဖေလည်း သူတင်သည့်စစ်ကဲကို သူပြန်ချ၍ မရတော့။

အဖေ့ကို ကျွန်တော်သနားတော့ သနားပါသည်။ သူ့ခမျာသားသမီးလည်း ကံမကောင်း၊ မယားလည်း ကံမကောင်း၊ သူ့ မိန်းမကြီးကလည်း တစ်နေ့တခြား သောင်းကျန်း၍လာသည်။

တစ်နေ့ ကျွန်တော် အိမ်ပြန်သွားချိန်တွင် အဖေနှင့် သူ့မိန်းမ ရန်ဖြစ်နေသည်ကို တွေ့ရလေသည်။ ရန်ဖြစ်သည်ဆိုရာတွင် သာမန်မျှ ဖြစ်နေခြင်း မဟုတ်၊ နပန်းလုံးနေကြခြင်း ဖြစ်၏။ တစ်ဦးကိုတစ်ဦး မလွှတ်တမ်း လုံးထွေးသတ်ပုတ်နေရာ မည်သူမျှ ဖျန်ဖြေမရဘဲ ဖြစ်နေလေသည်။ အဖေသည် အသက်ကြီးသူဖြစ်၍ ပို၍ အထိနာကာ မောဟိုက်နေပြီ။

ကျွန်တော်သည် သူတို့နှစ်ယောက်ကြားကို အတင်းဝင်ကာ လူချင်းခွဲရ၏။ တစ်ဖက်မှ မိန်းမက စိတ်ဓာတ်မမှန်သူပီပီ ကျားကုတ်ကျားခဲ ခဲ၍ထားရာ မနည်းကြီးပင် ဖျဉ်ယူရပါသည်။

'ခင်ဗျား ဘယ်လိုလဲ၊ ခင်ဗျား သွား၊ ခု ဒီအိမ်က ထွက်သွား၊ ခင်ဗျား သေသွားချင်သလားဟင်၊ ကျုပ် ခင်ဗျားကို သတ်မယ်'

ကျွန်တော် စိတ်ပေါက်ပေါက်ဖြင့် ဓားဆွဲ၍ရွယ်တော့၏။ ကျွန်တော်လည်း မူးနေချိန် မဟုတ်ပါလား။ ကျွန်တော့်စိတ်ထဲမှာ ဒီမိန်းမကြီး တကယ်သေသွားရင်လည်း အေးတာပဲဟု အောက်မေ့မိလေသည်။

'ဟေ့ ဂျိုး မလုပ်နဲ့၊ တော်ကြာ မင်းပဲ အမှုပတ်မယ်၊ တော်၊ တော်ကြ'

ဘေးလူများက ဝိုင်းဆွဲကြပါသည်။

ကျွန်တော်တို့လည်း ရန်းရင်းဆန်ခတ်ဖြင့် အတော်ပင် မောပန်းသွားလေသည်။

'အဖေ၊ ဒီမိန်းမကြီးနဲ့ ကြာရှည်နေလို့မဖြစ်ဘူး၊ သူရင်လဲသေမယ်၊ ကျွန်တော်တို့ရင်လဲ သေမှာပဲ'

ကျွန်တော်က အဖေ့ကို ပြောသည်။

'အေး အဲဒါ ငါလဲ စဉ်းစားနေတာပဲ'

'စဉ်းစားမနေပါနဲ့တော့အဖေ၊ ကွာပစ်လိုက်ပါ၊ အဖေ မကွာရဲရင် ကျွန်တော် သူ့အမျိုးတွေကို သွားပြောမယ်၊ ရီးတီးယားတားလုပ်လို့ကတော့ ကျွန်တော်နဲ့ အတွေ့ပဲ'

ကျွန်တော်သည် နောက်တစ်နေ့တွင် ကျွန်တော့်အပေါင်းအသင်းများနှင့်အတူ အဖေ့မိန်းမ၏ အစ်ကိုအစ်မများနေရာသို့ သွား၏။ ကျွန်တော် မူးအောင်သောက်သွားသည်။ တကယ်တော့ ကျွန်တော် မူးအောင်မသောက်သည်မှာလည်း သိပ်တော့ မရှိလှပေ။ ထိုလူတွေက ကျွန်တော့်ကို အဖေ၏ သားမဟုတ်ဟူသော အသိဖြင့် မထီလေးစား ဆက်ဆံကြသည်။ ကျွန်တော် ဂရုမစိုက်။

'ဒီမှာကွယ့် မောင်တိုးအောင်ရဲ့၊ မင်းအဖေက သူ့သဘောနဲ့သူ ကြိုက်လို့ယူတာကို ငါတို့က ဘာတတ်နိုင်မှာလဲ'

အဖေ့မိန်းမ မကြွေ၏ အစ်မကြီး မငွေက မျက်နှာထားတင်းတင်း ဖြင့်ပင် ပြောလေသည်။

'ကျုပ် မသိဘူးမှတ်သလားဗျ၊ ခင်ဗျားတို့က ကျုပ်အဖေဆီက ပစ္စည်းတွေကို မျှော်ကိုးပြီး ခင်ဗျားတို့ မနိုင်လို့ပစ်ထားရတဲ့ အရူးမကြီးကို အောင်သွယ်ကောင်းကောင်းနဲ့လှော်ပေးတာလေ'

'ဒီမှာကွယ့်၊ မင်းစကားပြောတာ ကြည့်ပြောပါ၊ မင်းအဖေက သူ့မှာ မျက်စိမရှိတာလဲ မဟုတ်၊ သူငယ်နုပ်စားလေးလဲ မဟုတ်တာကို၊ ဒီကိစ္စ တို့နဲ့ဘာမှမဆိုင်ဘူး၊ သူတို့လင်မယားပြဿနာပဲ၊ မင်းနဲ့ကော ဘာဆိုင်သလဲ၊ မင်းတို့ ရသင့်ရထိုက်တာ ရပြီးလို့ အိမ်ပေါ်ကတောင် ဆင်းသွားကြရပြီးပြီ မဟုတ်လား'

'ဒါ ခင်ဗျားတို့ သက်သက်ညစ်တာ၊ ခင်ဗျားတို့က ပိုင်ပြီဆိုပြီး လုပ်တာပေါ့လေ၊ သက်သက်အကွက်ဆင်ပြီး ကြံတာ၊ ခင်ဗျားတို့ အရှုံးမကြီးကို ခင်ဗျားတို့ ပြန်ခေါ်မလား မခေါ်ဘူးလားပြော၊ မခေါ်ရင် ခင်ဗျားတို့ တစ်ဆွေလုံးတစ်မျိုးလုံး ပြုတ်သွားမယ်'

သည်တွင် ငြိမ်သက်စွာနားထောင်နေသော သူတို့အစ်ကိုကြီးက နေရာမှ ထလာပါသည်။ သူတို့သည် တစ်ချိန်က အဖေနှင့် စီးပွားဘက်များ ဖြစ်ခဲ့ကြသည်။

'ဒီမယ် မင်းနာမည် ဘာတဲ့၊ ဂျိုး ဟုတ်လား၊ ငါပြောမယ် နားထောင်၊ မင်းအဖေနဲ့ မကြွေကိုပေးစားတာ၊ သူ့သဘောနဲ့သူ ကြည်ဖြူလို့ ယူတာ၊ တစ်မြို့လုံးအသိ၊ အဲဒီအချိန်မှာ သူ့ကျန်းမာရေးကလဲ အကောင်း ပကတိပဲ၊ ခု သူ မကျန်းမာတာကို သူ့ယောက်ျားဖြစ်တဲ့ မင်းအဖေက ကုဖို့တာဝန်ရှိတယ်၊ အဲဒါမှမဟုတ် ပေါင်းကို မပေါင်းချင်တော့ဘူးဆိုရင်လဲ ဆိုင်ရာနဲ့ တရားဝင် ကွာရှင်းပေါ့ကွ ဒါပဲရှိတာပဲ၊ မင်းတို့ ဒီအိမ်ပေါ်မှာ ဘာမှ တရားလက်လွတ် လာပြောစရာ မလိုဘူး၊ မင်းတို့ကို ငါ ပိုင်နက်ကျူးလွန်မှုနဲ့ အရေးယူလို့ရတယ်'

'ထွီ ခင်ဗျားတို့ လူယုတ်မာ၊ သက်သက် ယုတ်မာတာ၊ ကဲဗျာ'

ကျွန်တော်သည် ထိုလူကြီးကို လက်သီးနှင့်ပစ်၍ ထိုးလိုက်ပါသည်။ ကျွန်တော့် အပေါင်းအသင်းများက ဆွဲကြသည်။ သူတို့လည်း ဒယီးဒယိုင်။ ကျွန်တော်လည်း ဒယီးဒယိုင်။ တစ်အိမ်လုံး ဆူညံသွားသည်။ မကြာမီ ရပ်ကွက်လူကြီးများ ရောက်လာကြလေသည်။

ထိုလူကြီးများမှာ ခင်စိုးမောင်၏ မိဘများနှင့် အပေးအယူ ရှိသူများဖြစ်ရာ ကျွန်တော်တို့ကို ဖျောင်းဖျပြီး ဆွဲခေါ်သွားကြသည်။

'ခုချိန်မှာ မင်းတို့ တဇွတ်ထိုးလုပ်ရင် ဘာပဲပြောပြောမင်းတို့အလွန်ပဲ ဖြစ်မယ်၊ မင်းတို့က အရက်တွေလဲ မူးနေကြတယ်၊ မသကာ မင်းတို့ကိုဖမ်းပြီး

အချုပ်ထဲထည့်လို့တောင်ရတယ်၊ ဒီတော့ အေးအေးဆေးဆေးပြန်ကြကွာ၊ မင်းအဖေကို တရားဥပဒေဘောင်အတွင်းက ကွာရှင်းခိုင်း’

ကျွန်တော်တို့ ပြန်လာ၏။

ကျွန်တော်သည် အိမ်ပြန်ရောက်ရောက်ချင်း ဒေါသဖြင့် အဖေ့ မိန်းမကြီးရှိရာ တန်းသွားပါသည်။

ကျွန်တော်သည် မီးနှင့်ရင်ဆိုင်မည်ဟု သွားကာမှ ရေနှင့် တွေ့ရလေ၏။ မိန်းမကြီးသည် သူ၏ သားငယ်နှင့် ရယ်မောပျော်ရွှင်ကာ ကလူကျီစယ်နေလေသတည်း။ အဖေသည်လည်း သူ့မိန်းမနှင့်သားကို ကြည့်ကာ ဝမ်းသာကြည်နူးလေ၏။ တကယ်တော့လည်း အဖေ့တွင် သည်သားတစ်ယောက်သာ သွေးသားရင်းချာဖြစ်သည် မဟုတ်တုံလော။ အဖေသည် ကျွန်တော်ဝင်လာသည်ကိုကြည့်ပြီး ရယ်မော၍ပြော၏။

‘ကြည့်စမ်း ဂျိုး၊ ဒီကောင်ဟာ မင်း ငယ်ငယ်ကအတိုင်းပဲ၊ အစားလဲ အင်မတန်ကြီးတယ်၊ ဆော့လဲ အင်မတန်ဆော့တယ်’

ကလေးအမေက ကျွန်တော့်ကို ဘာမှုမဖြစ်သလိုပင် အေးဆေးစွာ ကြည့်၏။

‘အစ်ကိုကြီးရဲ့ သားအကြီးက တိုးအောင်ဆိုတော့ သူ့ကို မျိုးအောင်လို့ နာမည်ပေးရမယ်’

မှတ်ကရော။

ကျွန်တော်သည် အမူးပင် ပြေချင်သလိုလိုဖြစ်ကာ ဒေါသတွေကိုလည်း ဖယ်ပစ်လိုက်ရလေသည်။

ယခုတော့ ကျွန်တော်သာ အရူး။

*

အဖေ့မိန်းမကြီး၏ ရောဂါက ကောင်းလိုက် ပြန်ဖောက်လိုက် ဖြစ်နေရာ ကျွန်တော်တို့သည် မနေသာဘဲ သူ့ကို ရန်ကုန်စိတ်ရောဂါကု ဆေးရုံသို့

ခေါ်လာရပါသည်။ ကျွန်တော်သည် အဖေ့မိန်းမကြီးကို ကွယ်ရာတွင် 'အဖေ့ မိန်းမကြီး'ဟုသာ ခေါ်ပါသည်။ ရှေ့တွင်တော့ ဘယ်လိုမှ မခေါ် မပြောဘဲ တုံးတိပြောသည်။ ကျွန်တော့်တွင် အမေနှစ်ယောက်ရှိခဲ့ပြီ။ နောက်ထပ် အမေတစ်ယောက် မလိုချင်တော့ပါ။ တတ်နိုင်လျှင် တတိယ မြောက် အမေ ရှိကို မရှိစေချင်ပေ။

ထုံးစံအတိုင်း အဖေ့မိန်းမကြီး ရောဂါပြန်သဲလာရာ ကျွန်တော် တို့သည် ကားတစ်စင်းငှားပြီး ရန်ကုန်သို့လာရပါသည်။

ရန်ကုန်ရောက်တော့ အဖေက မမမြကို သတိရသည်။ ကျွန်တော့် စိတ်ထဲကမူ ဘာပဲဖြစ်ဖြစ် မမမြကို စိတ်ဆိုးမပြေသေး၍ မသွားလိုပေ။ ကျွန်တော်တို့ဘာသာ စိတ်ရောဂါကုဆေးရုံသို့ သွားကြသည်။ သက်ဆိုင်ရာ ဆရာဝန်က အကျိုးအကြောင်း ရောဂါဖြစ်ပုံမေးမြန်းပြီး ဆေးပေးသည်။ အတွင်းလူနာအဖြစ်မူ လက်မခံ။ ကျွန်တော်တို့က သူ့ရောဂါဖောက်လျှင် မနိုင်ကြောင်း ပြောပြီး ဆေးရုံတွင် လက်ခံရန်အတင်းပြောသည်။ ဆရာဝန်က လူနာအခြေအနေကြည့်ပြီး မလိုအပ်၍ တင်ခွင့်မပြုနိုင်ပါဟု ဆိုသည်။

ကြည့်ပါဦး။ အဖေ့မိန်းမကြီးကလည်း ဆရာဝန်ရှေ့မှာတော့ ဖြောင့်လို့။

'ကျွန်မ၊ ကျွန်မသားလေး အိမ်မှာကျန်ခဲ့တယ် ဆရာ၊ သူတို့က ကျွန်မကို ကျွန်မသားနဲ့ခွဲပြီး အိမ်ပြန်ခိုင်းကြတယ်၊ ကျွန်မ ဘယ်ပြန်နိုင်မလဲ ဆရာ၊ ဟီး ဟီး၊ ဟင့် ဟင့်၊ ကျွန်မကို အိမ်ပြန်လွှတ်ပါ ဆရာ၊ ဒီမှာ မနေခဲ့ပါရစေနဲ့၊ အဟင့် အဟင့်'

ကျွန်တော်သည် လည်ပင်းထညှစ်ချင်စိတ် ပေါက်လာပါသည်။

'ဒီဆေးတွေ မှန်မှန်တိုက်ပေးပါ၊ သူ့ကို စိတ်အနှောင့်အယှက် မဖြစ်ပါစေနဲ့၊ သူက ယဉ်ယဉ်လေးဖြစ်နေတာဆိုတော့ ဒီမှာထားရင် အခြားရောဂါရှင်တွေကြည့်ပြီး ပိုသည်းလာမှာ စိုးရတယ်'

မယ်တော် မဖုရားကို ကျွန်တော်တို့ ပြန်ပင့်ခဲ့ရလေသည်။

အိမ်လည်းပြန်ရောက်ရော သူက ကျွန်တော်တို့ကို ပတ်ကြမ်းတိုက်လေတော့၏။

'နင်တို့က ငါ့ကို အရူးထောင်ပို့မယ်လို့ ကြံတယ်ပေါ့လေ၊ ဟင် နင်တို့ ငါ့ကို မတရားရက်စက်ကြတာ ငါမခံဘူး၊ နင်တို့ကို သတ်မယ်၊ သတ်ရမယ်'

ကျွန်တော်သည် အဖေ့ကို တိုက်တွန်းရလေတော့၏။

'အဖေ ဒီလိုနေလို့ မဖြစ်ဘူးဗျာ၊ သူ စိတ်ကောင်းဝင်တဲ့အချိန် သူကျေနပ်အောင်ပေးပြီး ကွာသာပစ်လိုက်ပါတော့'

အတော်တော့ မခံချင်စရာကောင်း၏။

သူ့ကို ကွာရှင်းဖို့အတွက် သူ့ဆွေတော်မျိုးတော်နှင့် သူ့အလိုကျ စည်းစိမ်ဥစ္စာ တစ်ဝက်မျှကို ရှေ့နေရှေ့ရပ်နှင့် ခွဲဝေပေးကာ ကွာရှင်းလိုက်ရလေ၏။

အဖေသည် သူ၏ တစ်ဦးတည်းသော သွေးသားရင်းချာ သားတစ်ယောက်ကို ရင်မှာပိုက်ကာ ကျန်ရစ်လေသည်။

ယခုတော့ အဖေ့မှာ ဘဝကပေးသော သားနှစ်ယောက် ကျန်ရစ်လေပြီ။

*

ကိစ္စများအားလုံး ပြီးစီးသောအခါ အဖေနှင့် ကျွန်တော်တို့ ပြဿနာရင်ဆိုင်ရပြန်သည်။ ပြဿနာဆိုသည်မှာ အခြားတော့မဟုတ်။ ကျွန်တော်၏ ဘဝပြဿနာ။

'ဂျိူး၊ မင်းဒီလိုပဲနေလို့တော့ မဖြစ်ဘူး၊ အဖေလဲ ဟိုမိန်းမနှိပ်စက်တာ ရှိသမျှ ပြောင်ပြီ၊ မင်းလဲ သောက်လိုက် စားလိုက်နဲ့ ပျက်စီးနေပြီ၊ တစ်ခုခုပြန်လုပ်ဦး၊ ဘာလုပ်ချင်သလဲ'

မှန်ပါသည်။ ကျွန်တော် ဒီတိုင်းနေ၍ မဖြစ်။ တစ်ခုခု လုပ်ရမည်။ ရန်ကုန်မှာ အခြေတကျ နေရာတစ်နေရာရပြီးမှ ပြန်လာရသည်ကို တွေးမိလျှင် ကျွန်တော် နှမြော၏။ သို့သော် မတတ်နိုင်တော့ပြီ။ ခုချိန်မှာ အဖေ့ကို ပစ်ထားခဲ့၍လည်း မဖြစ်။

'ကျွန်တော် ကားပဲမောင်းချင်တယ် အဖေ'

အဖေသည် အတန်ကြာ စဉ်းစား၏။ ကျွန်တော့် ဝါသနာကို အဖေသိပြီးသား။

'ကောင်းပြီလေ၊ အဖေ ဒီလိုစဉ်းစားတယ်၊ အဖေ မင်းကို ရှိသမျှ ခြစ်ခြုတ်ပြီး ဒေါ့ဂျစ်တစ်စီးဝယ်ပေးမယ်၊ ပဲခူး သနပ်ပင်ဖြစ်စေ၊ ဘုရားကြီး ဖြစ်စေ ဆွဲပါလား'

'ဆွဲမယ် အဖေ၊ ကျွန်တော်လဲ အဲဒါလုပ်ချင်နေတာ'

သည်သို့ဖြင့် အဖေသည် တကယ်ပင် သူ့တွင်ရှိသမျှ ငွေလေးဖြင့် ဒေါ့ဂျစ်ကားတစ်စင်း ဝယ်ပေးလေသည်။ သည်တစ်ခါ အဖေ့မှာ ငွေကုန်သည်ကိုတော့ ကျွန်တော် ယုံပါသည်။ ကျွန်တော် သောက်တာ ကစားတာ ကပင် နည်းတာမဟုတ်။ အဖေလစ်လျှင် လစ်သလို ကျွန်တော်ယူပြီး ဖဲရိုးပစ်တာတွေလည်း ရှိသေးသည်။ အဖေသည် သူ့သောကနှင့်သူမို့ အကုန်အစင်မသိ။ သိတော့လည်း ဘာမျှ မတတ်နိုင်တော့။

ကျွန်တော်သည် ခရီးသည်တင် ဘတ်စ်ကားသမားဘဝမှာ ပြန်၍ ကျင်လည်ရပြန်သည်။ ကျွန်တော် သုံးဖို့စွဲဖို့ အဖေ့ဆီမှ ခြူးတစ်ပြားမှ ရစရာမရှိတော့မှန်း ကျွန်တော်သိသည့်အတွက် ငွေကို လောဘဇောတိုက်၍ ရှာရလေတော့သည်။

'တိုးကြဗျာ၊ ဒီခုံတန်းဟာ အားလုံး ဆယ်ယောက်တိတိ ဆံ့တယ်၊ ဟိုအဒေါ်ကြီး ကလေးကို ပေါင်ပေါ်တင်၊ ဒီအိတ်တွေက ဘယ်သူ့အိတ်တွေလဲ၊ တစ်အိတ်တစ်ကျပ်ပဲနော်၊ ဟေ့ မောင်ရွှေ၊ ဒါတွေ အမိုးပေါ်တင်လိုက်၊ ကိုယ့်ဆရာ ကိုယ်ကို တစ်စောင်းမထိုင်နဲ့ တည့်တည့်ထိုင်ဗျာ'

ပရိုက်ဗိတ်တက္ကစီ မောင်းသမားဘဝနှင့် ယခု ပါစင်ဂျာကားသမားဘဝက နည်းနည်းမျှ မတူတော့။ ယခင်က ဖော့ရှပ်အင်္ကျီ၊ နာရီ၊ မျက်မှန်၊ စီးကရက် လက်ကြားညှပ်၍နေခဲ့သော ကျွန်တော်သည် ယခု ပုဆိုးတိုတိုဝတ်ကာ စက်ဆီလူးနေရပေပြီ။ ကျွန်တော့်ဘေးတွင် ရေမွှေးနံ့၊ ပေါင်ဒါနံ့သင်းသော မိန်းမတွေလည်း မရှိတော့။ မျက်နှာသုတ်တဘက် ခေါင်းပေါင်း၍ သနပ်ခါး ဘဲကျားရိုက်သော ဈေးသည်မတွေ၏ ချွေးနံ့ကိုသာ ရှူရလေတော့သည်။

မြို့ပေါ်မှာ လူတွေကို ယဉ်ကျေးသမှုနှင့် ရိုကျိုးဆက်ဆံရ၏။ တောမှာတော့ စိတ်ထဲရှိသည့်အတိုင်း ပွင့်ပွင့်လင်းလင်း ဟောဟောဒိုင်းဒိုင်း ပြောမှရသည်။ လူတွေကလည်း တော်ရုံပြောရုံနှင့်တော့ မဖြုံတော့။ သူတို့မှာ ယဉ်ကျေးမှုထက် သူတို့ဘဝ၊ သူတို့အလုပ်၊ သူတို့ခရီး ပြီးမြောက်ဖို့သာ အရေးကြီးသည်။

ကျွန်တော်ကလည်း ကျွန်တော့်ကားပေါ်မှာ တင်လို့ရသမျှလူတွေ၊ ပစ္စည်းတွေကိုတင်ပြီး ထိုအတွက်ရသင့်သော အခကြေးငွေကို ရအောင်ယူဖို့သာ စိတ်ထဲတွင်ရှိလေတော့သည်။

ဘာပဲပြောပြော ယခုဘဝသည် ကျွန်တော်၏ အကျင့်စရိုက်နှင့် ညီသောဘဝ။ ကျွန်တော်က ကြွကြွရွရွနေပြီး ချိုချိုသာသာပြောရသည်ထက် ညစ်ညစ်ပတ်ပတ်နေပြီး ပြစ်ပြစ်နှစ်နှစ် ပြောလိုက်ရသည်ကို ပိုအားရသည်။

'ဒီမယ် မအတ္တာ၊ ထိုင်ရင်လဲ ကျုံ့ကျုံ့ယုံ့ယုံ့ထိုင်ဗျာ၊ ရှိသမျှ ချဲကားထားတော့ ကျန်တဲ့လူတွေ ဘယ်လိုဆံ့တော့မလဲ၊ ခင်ဗျားတောင်းကို အပေါ်ပို့ချင်ပို့၊ မပို့ချင် ပေါင်ပေါ်တင်'

'တကတည်းတော်၊ သူ့ကားစီးရတာ အလကားစီးတာ ကျနေတာပဲ၊ လူကိုများပြောလိုက်တာ၊ ဒီမှာ ကွဲစရာ ရှစရာတွေ ပါတယ်တော့၊ အမိုးပေါ် တင်လို့ ဘယ်ဖြစ်မလဲ၊ ပေါင်ပေါ်တင်ထားရအောင်ကလဲ အလေးကြီး'

ဤသို့ပင် ခွန်းကြီးခွန်းငယ် ဆူညံစွာဖြင့် ကျွန်တော်၏ နေ့စဉ်အလုပ်စခန်းသည် ပြီးမြောက်ရပေသည်။

အနေအထိုင်ကြမ်းလာ၍လား၊ သဘာဝရေမြေ ပြောင်း၍လေလားတော့ မသိ။ ကျွန်တော့်စိတ်ကလည်း ပိုကြမ်းလာသည်။ နဂိုကပင်ကားကို မြန်မြန်မောင်းတတ်သော ကျွန်တော်သည် ယခုအခါ ခေါက်ရေပိုဆွဲနိုင်မှ ကိုက်မည်ဖြစ်ရာ လမ်းပေါ်တွင်မည်သည့်ကားကိုမှ ကျွန်တော့်ရှေ့တွင် မမြင်ချင်တော့ပေ။ မြို့မှာတုန်းကတော့ ကျွန်တော့်ဘေးမှ အစ်မကြီးတွေက လက်မောင်းကိုအသာတို့ကာ 'ဖြည်းဖြည်းမောင်းပါ၊ ငါ့မောင်ရေ၊ အသည်းယားလွန်းလို့'ဟု မခိုးတရို့ပြောပါသည်။ ယခုတော့ မိန်းမကြီးတွေက 'တကတည်းတော်၊ ဂျိုးဆိုတဲ့ သတ္တဝါမောင်းတဲ့ကားစီးရတာများ သင်္ချိုင်းကို မျက်စောင်းထိုးနေသလိုပဲ၊ ဂျိုးမို့လို့သာတော်တော့၊ ဂျက်သာဆိုရင် ခက် ခက်ရချည့်ရဲ့'

ကြာတော့လည်း ကျွန်တော့်ဘဝ ကျွန်တော် ပျော်ပိုက်သည်သာဖြစ်ပါသည်။ ကျွန်တော်သည် တစ်နေကုန် ပင်ပန်းစွာ ကားမောင်းပြီး အိမ်ပြန်ရောက်လျှင် ထုံးစံအတိုင်း ကျွန်တော်အပန်းဖြေသည်။ ယခုတော့ ကျွန်တော်တို့ သားအဖသည် အဖေတစ်ခွက်၊ သားတစ်ခွက်။

'မင်းရတာ မင်းကားအတွက် ပြန်ချန်ထား၊ ကားဆိုတာ အမြဲထည့်နေနိုင်မှ တန်ကာကျတာ'

အဖေ ယခုလည်း ကျွန်တော့်လုပ်စာ မစားရပါ။ ကားဝယ်ထားသည့်ငွေကပင် မနည်း။ ယခုလည်း ရသမျှကို ကားထဲထည့်နေရသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော် အလုပ်လုပ်နေ၍ အဖေ ကျေနပ်ပုံရလေသည်။

# ၁၀

'ဒီမယ်တော့် ကိုဂျို၊ ကျုပ် ဈေးဝယ်စရာလေး နည်းနည်းရှိလို့ နောက်ကျရင် ခဏစောင့်စမ်းပါတော် သိလား'

ဘုရားကြီးမှ ဈေးသည် မမွှေး။

မမွှေးသည် တစ်ရက်ခြား နှစ်ရက်ခြားဆိုသလို ကျွန်တော့်ကားနှင့် လိုက်တတ်သည်။ ပဲခူးမှာ ဈေးဝယ်သည်။ ပြီးတော့ အချိန်မီလျှင် ထိုနေ့ပင် ဘုရားကြီးကို ပြန်လိုက်သည်။ တစ်ခါတစ်ရံ သူဈေးဝယ်နောက်ကျလျှင် ထိုသို့ပင် ကျွန်တော့်ကို မှာတတ်သည်။

မမွှေးသည် အသားဖြူပြီး အရပ်က ပုပြတ်ပြတ်နှင့် ဖျတ်လတ်သွက်လက်၏။ ဈေးသည်ပီပီ စွာကလည်း စွာ၏။ အသက်က ကျွန်တော်နှင့် မတိမ်းမယိမ်းလောက် ရှိရော့မည်။

'မစောင့်နိုင်ဘူး မစောင့်နိုင်ဘူး၊ နောက်ကျရင် ငါ့အပြန် မိုးချုပ်မှာပေါ့'

'တကတည်းတော် သိပ်မကြာပါဘူး၊ ကျုပ် မပြန်ရရင် ဘယ်မှာ သွားအိပ်မလဲတော်'

'ငါ့အိမ် လာအိပ်'

'တယ်လေ သေနာကြီး'

ထိုသို့ မမွေးနှင့် နင်ပဲငဆပြောရသည်ကို ကျွန်တော် ပျော်၏။ ပြောရုံသာမကသေး၊ တစ်ခါတစ်ရံ သူက ကျွန်တော့် ကျောပြင်ကို လှမ်း၍လည်း ထုတတ်သေးသည်။

'ဒီမှာကြည့်စမ်း နင့်တောင်းကြီးက ဘယ်လောက်နေရာယူသလဲ၊ နှစ်ကျပ်ပေးရင်ပေး၊ မပေးရင်ချထားခဲ့'

ကျွန်တော်ကလည်း သူ့ကိုဆိုလျှင် တမင်စချင်သည်။

'ဟင်း သူများ ချွေးနဲ့စာကို တော်တော် အပင်းလျှိုချင်တယ်၊ နှစ်ကျပ်တော့ မပေးနိုင်ဘူး၊ နှစ်ပြားပဲရမယ်'

'နင် ငါ့ကို နှစ်ပြားတောင်ပေးမလို့လား'

'ဘာလဲ သေနာကြီးနော်'

ကျွန်တော်သည် မိန်းမနှင့်ပတ်သက်၍ အတွေ့အကြုံနုနယ်သူ မဟုတ်တော့ပါ။ မထွေးရီလို ကျောင်းသူအရွယ် နုနုနယ်နယ်လေးမှစကာ ကျွမ်းဝင်ခဲ့သော ကျွန်တော်သည် ရန်ကုန်မြို့ပေါ်မှ ဖျံကျလှသော ကောင်မလေးတွေကိုကျော်လျက် မမအေးလို အပြုအစု အယုအယကောင်းသော မိန်းမသားဆီမှာ သာယာခဲ့ဖူးပြီ။ မမွေးတို့လို မိန်းကလေးတွေကတော့ တစ်ဘာသာ။ ကြမ်းကြမ်းတမ်းတမ်းနှင့် ကြွပ်ဆတ်ဆတ် နိုင်သော သဘာဝက တစ်မျိုး စိတ်ဝင်စားစရာ ကောင်း၏။

ကြာတော့လည်း မမွေးနှင့် ကျွန်တော်သည် မနိုင်ရင်ကာ ပြောရင်းဆိုရင်းကပင် ရင်းနှီး၍လာသည်။ သူ၏ ကြမ်းတမ်းသောအပြောအဆိုနှင့် ဖင်ပုတ် ခေါင်းပုတ်နေပုံကို ကျွန်တော် သဘောကျ၍လာသည်။

'ဒီမယ်တော့ ကိုဂျိုး'

'နင် ငါ့ကို ကိုဂျိုး၊ ကိုဂျိုးနဲ့ မခေါ်စမ်းပါနဲ့ဟာ၊ ငါ့နားထဲမှာ တစ်မျိုးကြီးပဲ'

'ရှင့်နာမည်က ကပ်သီးကပ်သပ်ကြီးကိုတော့'

'အမယ် နင့် နာမည်ကတော့ကော၊ မမွေးတဲ့ ဘာမွေးမှန်းလဲ မသိဘူး'

'ကြည့်၊ တော်တော်ယုတ်မာ'

'နင် ငါ့ဘာပြောမလို့လဲ'

'ဒီနေ့ ကျုပ် ပစ္စည်းတွေ များတယ်တော်၊ အိမ်ရှေ့လိုက်ချပေးစမ်းပါ'

'ချပေးဆိုလဲ ချပေးရတာပေါ့ဟာ၊ နင် ငါ့ ဘာကျွေးမှာလဲ'

'ရေတိုက်ပါ့မယ်တော်'

မမွေးတို့အိမ်က ကားဂိတ်နှင့် အတော်လှမ်းသည်။ နောက်တော့ ကျွန်တော်သည် သူ့ပစ္စည်းများကို လိုက်ချပေးရင်းသူ့အိမ်သို့ အဝင်အထွက် များသွားလေသည်။ သူ့မိဘများကလည်း ကျွန်တော့်ကို ခင်မင်စွာဆက်ဆံကြသည်။ ကျွန်တော့်ကို ကားပိုင်ရှင် ကိုယ်တိုင်ဝင်မောင်းနေသူတစ်ယောက် အဖြစ် သိထားကြရကား ကျွန်တော့်မှာ အခြားကားသမားများထက် မျက်နှာပွင့်လန်းလေသည်။

'တစ်ခါတည်း ထမင်းဝင်စားသွားပါလားတော့'

တစ်ခါတစ်ရံ မမွေးက စေတနာပိုတတ်လေသည်။

'တစ်ခါတည်းပဲ စားရမှာလား'

'စားပါတော်၊ ဘယ်နှစ်ခါစားစား ရပါတယ်'

'ငါက တစ်သက်လုံးစားချင်တာ'

'သေနာကြီး'

ကြာတော့ မမွေးနှင့် ကျွန်တော့်ကို အခြားကားသမားများ၊ ဈေးသည်များကပါ ပေးစားကာ နောက်ပြောင်ကျီစယ်ကြလေသည်။ မမွေးကလည်း ကျွန်တော့်ကားပေါ်ပါလာတိုင်း သူများထက်ပို၍ အခွင့်အရေးယူတတ်သည်။ ဘုန်းကြီးနှင့် သက်ကြီးရွယ်အိုများ မပါလျှင် ကားရှေ့ခန်းမှာ လာထိုင်တတ်လေသည်။

'ဖြည်းဖြည်းမောင်းစမ်းပါတော်၊ ရှင့်ကားစီးရတာ ဂျက်လေယာဉ် စီးရတာ ကျနေတာပဲ'

မမွှေးက ကျွန်တော့်ပခုံးကို လှမ်းပုတ်ကာ ပြောတတ်လေသည်။ ကျွန်တော်သည် မမွှေးမလိုက်သည့်အခေါက်များတွင်လည်း သူတို့အိမ်တွင် သွားကာ စားတတ် သောက်တတ်လာသည်။ သူ့အမေကြီးက ကျွန်တော့် အတွက် ဟင်းတစ်ခွက်ကို တခုတ်တရ ချန်ထားတတ်လေသည်။

ကျွန်တော်သည် အသက်နှစ်ဆယ် ကျော်လာပြီဖြစ်သော်လည်း အိမ်ထောင်ပြုရန် စိတ်ကူးမရှိသေးပါ။ ယခုအခါ မထွေးရီကလည်း ကျွန်တော့်ကို စိတ်ပျက်စွာ စွန့်ခွာသွားပြီ ဖြစ်ပါသည်။ ကျွန်တော်သည် အိမ်ထောင်ပြုလျှင် မည်သို့သော မိန်းမကို ရွေးချယ်ချင်သည်ဆိုသော ရည်ရွယ်ချက် ကြီးကြီးမားမား မရှိ။ ကျွန်တော်ဆိုးသမျှ တေသမျှကို သည်းခံနိုင်မည့် မိန်းမဆိုလျှင် ကျွန်တော့်အတွက် ပိုအဆင်ပြေမည်ဟုတော့ တွေးမိပေသည်။

သည်နေရာတွင် အဖေက ကျွန်တော့်ထက်ပို၍ စဉ်းစားပေသည်။ အဖေသည် ကျွန်တော် ရသမျှပိုက်ဆံကို သုံးလိုက်၊ စားလိုက်၊ သောက် လိုက် လုပ်နေရာ ကျွန်တော့်ကို အခြေတကျ တည်တည်တံ့တံ့ဖြစ်စေချင် သော သဘောရှိပါသည်။ ကျွန်တော်သာ အိမ်ထောင်ရက်သားကျလျှင် သည့်ထက် တည်ငြိမ်လာလိမ့်မည်ဟု အဖေ ယူဆဟန်ရှိသည်။ ကျွန်တော့်ကို မြို့ပေါ်မှ ကုန်သည်သမီးတစ်ယောက်နှင့် နေရာချထားရန် အကြံရှိ၏။ ဤသည်ကို ကျွန်တော် ရိပ်မိသော်လည်း စိတ်မဝင်စားလှပေ။

သည်ကြားထဲမှာ မမွှေးနှင့် ကျွန်တော် ပို၍ နီးစပ်ရန်အကြောင်းက ဖန်လာသည်။ ကျွန်တော့်ကားသည် ခိုင်းဖန်များလာသောအခါ ကားတို့၏ သဘာဝအတိုင်း ချုချာလာ၏။ တစ်နေ့ ကျွန်တော် ပဲခူးမှ ဘုရားကြီး နောက်ဆုံးအခေါက်ဆွဲပြီး ပြန်အလာတွင် ကားက ဆန္ဒပြလေသည်။ ခရီးသည်အပြည့်နှင့်ကားကို လမ်းဘေးထိုးရပ်ကာ ပြင်ဆင်သော်လည်း

ကားက နှိုးမရ။ ခရီးသည်တွေက ညည်းညည်းညူညူနှင့် အခြားကားကို ပြောင်းစီးကြသည်။

'မောင်ရွှေ၊ မင်း ဒီကစောင့်နေ၊ ငါ ဘုရားကြီးကိုပြန်ပြီး လိုတာ ပြန်ရှာမယ်၊ ငါတစ်ယောက်တည်းပြင်လို့လဲ ပြီးမှာမဟုတ်ဘူး'

ကျွန်တော်က စပယ်ယာကောင်ကလေးကို ထားပစ်ခဲ့ကာ ကားကြုံနှင့် ဘုရားကြီးကို ပြန်သွားရသည်။ ဘုရားကြီးမှ ဝပ်ရှော့ဆရာတစ်ဦးကို ခေါ်သည်။ ကားဆီသို့လွှတ်လိုက်သည်။ ကျွန်တော်သည် စားစရာများ ရလိုရငြား မမွှေးတို့အိမ်သို့ သွားရသည်။ မမွှေးကို အဆင်သင့်တွေ့ရ၏။ သူ့အဖေ အမေတွေတော့ မရှိ။ မမွှေးသည် တောသဘာဝအတိုင်း ထဘီ ရင်လျားဖြင့် ထမင်းအိုးတည်နေလေသည်။

'ဟော့ မမွှေး'

'အမလေးတော် လန့်လိုက်တာ၊ ဘာလဲ ကိုဂျိုး တော့်ကား ထွက်သွားပြီ မှတ်နေတာ'

'အေး ထွက်တော့ ထွက်သွားတာပဲ၊ လမ်းရောက်မှ ပျက်နေလို့၊ ငါ ဝပ်ရှော့က ကိုသာအေးကို လွှတ်လိုက်တယ်၊ စားစရာရှိရင် ပေးစမ်းပါဟာ၊ ဟိုမှာ ညအိပ်ချင် အိပ်နေရမှာ'

'ခုလဲ မှောင်လှပေါ့၊ တော်သွားဦးမလို့လား'

'မသွားလို့ ဖြစ်မလားဟ၊ နင့်အမေကော'

'ဒီနေ့ ဥပုသ်နေ့မို့ ဆိုင်ပိတ်ပြီး ရွာထဲသွားကြတယ်၊ နေဦး ချိုင့်နဲ့ ထမင်းဟင်း ထည့်ပေးလိုက်မယ်'

'မြန်မြန်လုပ်ဟာ ကားကြုံမရှိရင် ခက်မယ်'

မမွှေးသည် ချိုင့်တစ်လုံးဆွဲကာ ရေကပြင်သို့ထွက်၍ ဆေးကြောလေသည်။ ကျွန်တော်သည် အငွေ့ထနေသော ထမင်းအိုးကို ဆတ်ဆော့ကာ လက်ခုမပါဘဲ သွားလှပ်မိသည်။

'အားပါး ပူလိုက်တာ'

မမွေး ကျွန်တော့်ဆီ ပြေးလာ၏။

'မှန်း ရှင်ကလဲ ဘာလို့ သွားကိုင်ရတာလဲ ဖယ် ဖယ် ကျုပ်ခူးပေးပါ့မယ်'

ကျွန်တော့်ရှေ့တွင် ကျောတပြောင်ပြောင်နှင့် လှုပ်ရှားနေသော မမွေးကိုကြည့်ရသည်မှာ ကျွန်တော် အသည်းယားလာပါသည်။

'မမွေး'

ကျွန်တော် တိုးတိုးခေါ်၏။

'ဘာလဲ'

မမွေးသည် ကျွန်တော့် မျက်လုံးများကိုကြည့်ကာ လန့်သွားပုံရ၏။

'ငါတော့ ဒီမှာပဲ အိမ်ထောင်ကျနေချင်ပြီဟာ'

'သေနာ'

မမွေး ဘာမျှ ဆက်မပြောနိုင်ပါ။ ကျွန်တော်သည် တကယ်ပင် မထင်မှတ်ဘဲနှင့် မမွေးနှင့် အိမ်ထောင်ကျသွားပါလေသည်။

*

မမွေးနှင့် ကျွန်တော့်ကို အဖေက သဘောမတူပါ။ ဘာပဲဖြစ်ဖြစ် အဖေသည် ကျွန်တော့်ကို သားတစ်ယောက်လိုပင် တင့်တောင့်တင့်တယ် ဖြစ်စေချင်သည်သာဖြစ်၍ အိမ်ထောင်ရေးတွင်လည်း ဟန်ကျပန်ကျ ဖြစ်စေချင်ပါသည်။ ကျွန်တော်ယူသော မိန်းမသည် သာမန်မိန်းမ။ တောသူ။ ပြောကြစို့ဆိုလျှင် ကျွန်တော်ကကော ဘာကောင်နည်း။ တကယ်တော့ ကျွန်တော်သည် ပညာလည်းမတတ်။ စာရိတ္တလည်း မကောင်း။

မမွေးတို့ဘက်က မိဘမောင်ဘွားတွေက သူတို့သမီးကို အမြန်ဆုံး လက်ထပ်ရန် နားပူကြပါသည်။ ကျွန်တော်တို့နှစ်ယောက်သည် တရားဝင်

လက်ထပ်ထိမ်းမြားခြင်း မပြုရသေးသော်လည်း မမွေး၏အိမ်တွင် ကျွန်တော်သည် ကိုယ့်အိမ် ကိုယ့်ယာလို ဝင်ထွက်နေပြီ။ တစ်နည်းအားဖြင့် ရိုင်းရိုင်းဆိုရသော် မမွေးနှင့် ကျွန်တော် ညားနေပြီ။ သည်လိုသာ ကြာကြာနေလျှင် မမွေး၏အစ်ကို မောင်တစ်ဝမ်းကွဲများက ကျွန်တော့်ကို ချောင်းရိုက်ကြတော့မှာ သေချာသည်။

ကျွန်တော်သည် အဖေ့ကို နားပူရပါတော့သည်။

'မင်းရဲ့ကောင်မလေးဘက်က သဘောကျသလိုသာ လုပ်ပါစေကွာ၊ ငါတော့ ဘာမှ တာဝန်မယူဘူး'

အဖေသည် ကျွန်တော့်အတွက် ငွေသုံးထောင် ထုတ်ပေးရပြန်၏။ ထိုငွေကို ကျွန်တော်သည် မမွေး၏ မိဘများလက်သို့ အပ်လိုက်လေသည်။ ဤသို့ဖြင့် ကျွန်တော်သည် လူ့လောကတွင် အိမ်ထောင်ရှင်အဖြစ် တစ်ဆင့်တိုးသွားလေတော့သည်။

ကျွန်တော်သည် အိမ်ထောင်သည် ယောကျ်ားတစ်ယောက်ဖြစ်လာသောအခါ ငွေကို ပို၍ ရှာရ၏။ သို့သော် ကျွန်တော့် အသောက်အစားကိုကား မလျှော့နိုင်။ ဤသည်ကို ကျွန်တော့်မိန်းမနှင့် ယောက္ခမများလည်း အသိပင်။ သူတို့ကလည်း အစပထမတော့ ကျွန်တော့်ကို ခွင့်လွှတ်ကြသည်သာ။

ကျွန်တော်သည် ပြင်ပလောက ဘဝအမျိုးမျိုးတွင် ကျင်လည်ခဲ့ရသော်လည်း အိမ်ထောင်သည် ဘဝကိုတော့ နားမလည်သေးပါ။ ကျွန်တော့်စိတ်တွင် အိမ်ထောင်သည်ဖြစ်လာခြင်းဖြင့် အတားအဆီး အချုပ်အနှောင်တွေ တိုးပွားလာလိမ့်မည်၊ စိတ်နေစိတ်ထားတွေ ပြောင်းလဲလာလိမ့်မည်ဟု မထင်မှတ်ခဲ့။ သို့သော် ကျွန်တော်ထင်သလို မဟုတ်ချေတကား။

ကျွန်တော်နှင့် အိမ်ထောင်ကျပြီးနောက် မမွေးအား ဘုရားကြီးနှင့် ပဲခူးကို ကုန်မကူးစေတော့ပေ။ ဤသည်ကား ကျွန်တော်၏ ဆုံးဖြတ်ချက်။ ကျွန်တော်သည် ကားဆွဲ၍ရသောပိုက်ဆံကို အဖေ့ကို တစ်ပြားမှ မအပ်ဘူး

သော်လည်း မမွေးကို အပ်ရလေသည်။ တစ်နည်းအားဖြင့် ယောက္ခမကို အပ်ရလေသည်။ ထို့အတွက် ကျွန်တော် လျှော့သောက်ရ၏။

သို့သော် ကျွန်တော့်တာဝန်ကား ထိုမျှနှင့် မပြီးသေး။

'အစ်ကို အမေက ပြောတယ်၊ ဒီအိမ်မှာ မမွေးတို့ အိမ်ထောင်တိုးလာတော့ နေမလောက်တော့ဘူး၊ အိမ်ပြင်ဆောက်ရင် ကောင်းမယ်တဲ့'

ကျွန်တော် စဉ်းစားရသည်။ ကျွန်တော်သည် အဖေ့ဆီက မကြာမကြာ လက်ဖြန့်တောင်းနေရသောဘဝ။ နောက်ထပ်တောင်း၍လည်း မကောင်းတော့။

'မနေလောက်ရင် ပဲခူးမှာ နေကြမယ်လေ၊ ဟိုမှာ အဖေလဲ တစ်ယောက်တည်း၊ အဖော်သဟဲမရှိဘူး၊ မမွေး လိုက်နေရင် ကောင်းမယ်'

မမွေးက သူ့အမေကို ပြန်ပြောသည်။

'ငါ့မလဲ ဒီသမီးတစ်ယောက်တည်းရှိတာ၊ သူ့ မခွဲနိုင်ဘူး'

'ဒါတော့ ဘယ်ဖြစ်မလဲ အဒေါ်၊ ကျွန်တော့်အဖေကလဲ ကျွန်တော် တစ်ယောက်တည်း ရှိတော့တာ'

'ဒါနဲ့ မင်းအဖေက အဖေရင်း မဟုတ်ဘူးဆိုကွယ့်'

ကျွန်တော် အနာဟောင်းပြန်ပေါ်လာသဖြင့် ဒေါသဖြစ်ရပြန်ပါသည်။

'အဖေရင်းမဟုတ်တော့ကော ဘာဖြစ်သလဲ'

'ဘာမှတော့ မဖြစ်ပါဘူး၊ အဖေရင်းမဟုတ်လို့သာ မင်း မင်္ဂလာဆောင်ကို မလာတာပေါ့လို့ အရပ်ထဲက ပြောကြတယ်၊ ကားကတော့ မင်းကို အပိုင်ပေးထားတာလား'

'ဒါတွေ ကျွန်တော် နားမလည်ဘူး၊ ကျွန်တော် အလုပ်လုပ်ဖို့ ဝယ်ပေးထားတာပဲ၊ ကျွန်တော် ဘာပဲဖြစ်ဖြစ် အဒေါ်တို့သမီးကို ကောင်းကောင်း မွန်မွန် ယူထားရင် ပြီးတာပဲ မဟုတ်လား'

ကျွန်တော်ကလည်း မိုက်စိတ်ပြန်ဝင်လာကာ ရမ်းကားချင်လာပါသည်။ ကျွန်တော် ရိပ်မိပါသည်။ အစကတော့ မမွေး၏ မိဘများက ကျွန်တော့်ကို သူဌေးသား ကားပိုင်ရှင်အဖြစ် ကြည်ဖြူကြခြင်း ဖြစ်သည်။ ယခုတော့ ကျွန်တော့် အခြေအနေမှန်ကို ရိပ်မိကာ စိုးရိမ်လာကြဟန်တူသည်။

နောက်ဆုံးတော့ မမွေးသည် ကျွန်တော့်နောက်သို့ ပါလာပါသည်။ အဖေသည် ဘဝကပေးသော ချွေးမတစ်ယောက်ကို လက်ခံရပြန်၏။

အဖေသည် အဆောင်အယောင်နှင့် မနေတတ်သော်လည်း ကောင်းကောင်း မွန်မွန် စားတတ်သောက်တတ်သည်။ မမွေးကား တောသူပီပီ ကြမ်းကြမ်းတမ်းတမ်း ပရမ်းပတာနေ၏။ အဖေနှင့် အံမကိုက်။ မမွေးသည် တကယ်တမ်းကျတော့ အိမ်အလုပ်လုပ်ရမှာ အလွန်ပျင်းလေသည်။ ဈေးသည်ပီပီ ပါးစပ်က ပလစ်ပလစ်ပြောပြီး အနေအထိုင်က ပက်စက်သည်။ အဖေ သဘောမတွေ့။

ကျွန်တော်သည် တစ်နေကုန် ကားဆွဲရသဖြင့် မိုးစုပ်စုပ်ချုပ်မှ အိမ်ပြန်ရောက်လေသည်။ အိမ်ပြန်ချိန်တွင် ထုံးစံအတိုင်း ကျွန်တော် သောက်ပြီးမှ ပြန်သည်။ အိမ်ရောက်လျှင် ပင်ပန်းတာနှင့် မူးတာပေါင်းပြီး ကျွန်တော် အိပ်သည်။ မနက်အစောကြီး ထရသည်။ အိမ်တွင်ဘာတွေဖြစ်နေသည် ကျွန်တော်မသိ။ ယောက္ခမအိမ်မှာ ငွေမှန်မှန်အပ်ရသော်လည်း အဖေ့အိမ်မှာ ကျွန်တော် မအပ်လည်း ရသည်။ မိန်းမကို အနည်းအကျဉ်း ပေး၏။ ကျန်တာကို ကားအတွက်လည်း ဖြည့်နေရသည်။ ကားကလည်း ခိုင်းမကောင်းတော့။

တစ်နေ့တွင် အဖေက ကျွန်တော့်ကို စောင့်နေ၏။

'ဂျိူး၊ မင်းကို အဖေအများကြီး အလိုလိုက်ခဲ့တယ်၊ မင်းဆီကလဲ တစ်ပြားတစ်ချပ်မှ မမျှော်ကိုးခဲ့ဘူး။ အခု အဖေ အသက်လဲကြီးပြီ၊ အေးအေးချမ်းချမ်းနေချင်တယ်'

'ခု ဘာဖြစ်နေလို့လဲ အဖေ'

'မင်းရဲ့ မိန်းမက အဖေ့အိမ်ပေါ်မှာနေပြီး၊ အဖေ့ကို ထမင်းတစ်နပ်တောင် ချက်မကျွေးနိုင်ဘူး၊ ထမင်းကို မရန် ချက်ရင်ချက်၊ မချက်ရင် အဖေချက်မှ စားတယ်၊ ဒီလို မိန်းမမျိုးနဲ့နေလို့ မင်းလဲ တစ်သက်လုံးကြီးပွားမှာ မဟုတ်ဘူး'

ယခင်က ကျွန်တော်တစ်ယောက်တည်း ရှိစဉ်က အဖေ့အပေါ် ကျွန်တော်အမျိုးမျိုး ဆိုးသွမ်းခဲ့သည်။ အဖေမညည်း။ အဖေ ကျွန်တော့်ကို မပစ်ရက်။ ပြန်ခေါ်သည်။ ယခု အဖေ ချွေးမကို ညည်းပြီ။ ကျွန်တော်သည် အိမ်ထောင်သည် တစ်ယောက်၏ဘဝကို သိမှတ်ခံစားရသည်။

'ကျွန်တော်တို့မရှိရင် အဖေ ဒီမှာ တစ်ယောက်တည်းနေလို့ ဖြစ်ပါ့မလား'

'လောကမှာ မဖြစ်ဘူးဆိုတာ မရှိပါဘူးသားရယ်'

အဖေ အသက်ကြီးပြီ၊ ကျွန်တော် အဖေ့ကို စိတ်မဆင်းရဲစေချင်ပေ။ ထို့ကြောင့် ကျွန်တော့်မိန်းမကို ကျွန်တော် ခေါ်သွားရမည်။ မမွေးသည် အိမ်ထောင်ရှင်မ မပီသသည်ကတော့ ကျွန်တော်လည်း အသိပင် ဖြစ်လေသည်။ သူ့ကိုပြောလျှင်လည်း ရန်ဖြစ်ရုံသာ အဖတ်တင်သည်။

'ရှင့်အဖေက ကျွန်မကို သဘောကျတာမှ မဟုတ်တာ၊ ကျွန်မ လုပ်ရင် အကောင်းမထင်ဘူး၊ မရန်မှ မရန်၊ သူက မရန် လုပ်သမျှ သဘောကျနေတာ၊ ကျွန်မတို့ကို ဘယ်နေချင်မလဲ'

'မင်း ဘာစကားပြောတာလဲ'

'အို ရှင်ဘာသိလို့လဲ၊ ကျွန်မက မိန်းမချင်းအကဲခတ်လို့ သိတာပေါ့'

ကျွန်တော် စိတ်တိုသွားသည်။ အဖေ့ကို ကလေးထိန်းမိန်းမ မရန်နှင့် စွပ်စွဲပြောဆိုသည့်အတွက် ကျွန်တော့်မိန်းမကို ကျွန်တော် ဒေါသဖြစ်သည်။ ထို့ကြောင့် နားရင်းတစ်ချက်ပစ်တီးလိုက်သည်။ သူ့ကို ကျွန်တော် စိတ်မတွေ့တိုင်း ရိုက်မိပေါင်းလည်း မနည်းတော့။ အဖေ စိတ်ညစ်တာသည်တစ်ကြောင်းလည်း အပါအဝင်ဖြစ်သည်။

'ကြည့် ရှင် ကျုပ်ကို ရိုက်ပြန်ပြီ၊ မနေပါဘူး၊ ရှင်တို့အိမ်မှာ မနေပါဘူး၊ ခု သွားပါ့မယ်၊ သွားမယ်၊ သွားမယ်'

'သွားကွာ၊ သွားကွာ'

မမွေးသည် ထိုနေ့မှာပင် အိမ်ပေါ်က ဆင်းသွားလေသည်။ ကျွန်တော်လည်း ဒေါသကို အတော်ပင်ချုပ်တည်းထားရသည်။ ကျွန်တော် ဒေါသဖြစ်သည်မှာ မမွေးအိမ်ပေါ်က ဆင်းသွားသည့်အတွက်ချည်း မဟုတ်။ မရန်နှင့် အဖေ့ကို မသိုးမသန့်ဖြစ်သွားရသည့်အတွက်လည်း ဖြစ်သည်။ အဖေသည် မိန်းမတွေနှင့် ကင်းကွာပြီး မနေနိုင်တော့ပြီလော။

မမွေးမရှိတော့ ကျွန်တော်သည် ကားသိမ်းပြီးလျှင် အိမ်ကို မပြန်ဖြစ်။ ခင်အောင်တို့ခြံ သို့မဟုတ် ခင်စိုးမောင်တို့ အိမ်ကိုသွားကာ သောက်စားမူးယစ်ပြီးမှ ပြန်သည်။ အဖေ ကျွန်တော့်ကို ဘာမျှမပြော။ ကျွန်တော်သည် အဖေ့ကို မယုံသင်္ကာမျက်စိများဖြင့် ကြည့်တတ်နေပြီ ဖြစ်သည်။

မမွေးသည် သူ့မိဘများအိမ်သို့ ဆင်းသွားသည်မှန်သော်လည်း ကျွန်တော် ကြာကြာပစ်ထား၍ မဖြစ်ပါ။ အဘယ့်ကြောင့်ဆိုသော် မမွေးတွင် ကိုယ်ဝန်ရှိနေပြီ ဖြစ်သောကြောင့်ပင်။ ထို့ကြောင့် ကျွန်တော်သည် ကျွန်တော့်ကို မကြည်ဖြူသော ယောက္ခမအိမ်ကို ပြန်တက်ရပြန်၏။ ကျွန်တော်သည် မည်သူ့အပေါ်မှာမှ သံယောဇဉ် အထူးတွယ်တာ စွဲလမ်းတတ်သည့်ကောင် မဟုတ်သော်လည်း ကျွန်တော့်ရင်သွေးကိုတော့ ကျွန်တော် စွဲလမ်းမိပေသည်။

ကျွန်တော့်ဘဝတွင် ပထမဆုံးသော မေတ္တာနှင့် သံယောဇဉ်ကို သိသိမှတ်မှတ် ခံစားရသည်မှာလည်း ထိုရင်သွေးဟူသော အသိကြောင့်ပင် ဖြစ်ပါလေတော့၏။

ကျွန်တော့်ဘဝ ဝဋ်လည်ချိန်တန်ပြီ ထင်ပါသည်။

*

'အရေးထဲဆို ဒီကားက ဖြစ်ပြီကွာ'

သည်တစ်ခါ ပဲခူးမှ အထွက်တွင် ကားက ပျက်သွားပြန်ပါသည်။ ခရီးသည်များကလည်း ကျွန်တော့်ကားစီးရသည်ကို စိတ်ပျက်စ ပြုလာသည်။ တော်ကြာ ဟိုနားထိုးရပ်လိုက်၊ ဒီနားထိုးရပ်လိုက်။ ကျွန်တော်သည် အသင့်ပါလာသော ပစ္စည်းကိရိယာများဖြင့် ပြင်ရ ဆင်ရ၏။ သည် တစ်ခေါက်မှာ နောက်ဆုံးအခေါက်ဖြစ်သည်။ ကျွန်တော် ဘုရားကြီးမှာ အိပ်ရမည်။

ကားပြင်ရသည်မှာ နာရီဝက်ခန့်ကြာသွားသည်။ ခရီးသည်အချို့ လည်း အခြား ဘတ်စ်ကားများကို တား၍ ပြောင်းစီးသူက စီးသွားကြသည်။

'မောင်ရွှေရေ မင်း မြို့ထဲပြန်လိုက်သွား၊ ကိုအုံးမောင်ကား မနေ့က ရပ်ထားတာ တွေ့တယ်၊ ဆွဲလာခဲ့စမ်း၊ သူ အားရင် သူ့ပါခေါ်ခဲ့'

ကိုအုံးမောင်မှာလည်း ဒေါ့ဂျစ်ကားတစ်စီး ထောင်ထားသူဖြစ်၏။ သူက တစ်ခါတစ်ရံမှ ဒေးစွန်ပါ၊ ရန်ကုန် စသည်ဖြင့် ဘုရားဖူးယာဉ်အဖြစ် ဆွဲသည်။

မောင်ရွှေကို မြို့ထဲပြန်လွှတ်လိုက်ပြီး ခေတ္တအကြာတွင် ကိုအုံးမောင် ကားဖြင့် ကားရော လူပါ ပြန်ပါလာ၏။

'ကဲဗျာ ကိုအုံးမောင် ကူပါဦး၊ ကျွန်တော်တော့ ဒီကောင်ကြီးကို စိတ်ပျက်ပြီဗျာ၊ ပြန်တောင်ထုချင်လာပြီ'

ကိုအုံးမောင်က ကားသမားချင်း ကူညီတတ်သူဖြစ်သည်။

'မင်းကားက နားမှ မနားရဘဲကိုးကွ၊ တစ်ခါလောက် အိုဗာဟောင်း လုပ်ပစ်လိုက်ဦး'

ကိုအုံးမောင်က အေးအေးဆေးဆေး စောင့်နေကြသော ခရီးသည် များကို သူ့ကားပေါ် ပြောင်းတင်လေသည်။

'ကျွန်တော် ဒီကောင်ကြီး ပဲခူးပြန်ဆွဲသွားမယ်၊ ဘုရားကြီးတော့ ခင်ဗျားပဲ ဆက်ဆွဲသွားတော့ဗျို့၊ မနက်ကျလဲ ပြန်တင်ခဲ့ပေါ့၊ မောင်ရွှေ မင်းလိုက်သွား'

'အေး၊ ဒါပေမယ့် ငါ မနက်တစ်ခေါက်ပဲ ပြန်ဆွဲလာမှာနော်၊ နောက်နေ့ ငါ့မှာအော်ဒါရှိတယ်'

ကိုအုံးမောင်က သူ့ကားကို ညှာညှာတာတာ သုံးသောသူဖြစ်၏။

'ရပါတယ်ဗျာ၊ ဒီလောက်ကူညီရင်ပဲ ကျေးဇူးတင်လှပါပြီ၊ မောင်ရွှေရေ အိမ်ကိုလဲ သွားပြောလိုက်ဦးဟေ့'

ကျွန်တော်သည် ကျွန်တော့် ကစုတ် (ကားစုတ်)ကို ပဲခူးဘက်သို့ တဖြည်းဖြည်း ပြန်မောင်းယူခဲ့ရသည်။ ပဲခူးမြို့ထဲပြန်ရောက်တော့ အတော်ပင် မှောင်နေလေပြီ။ ကျွန်တော်အရက်ဆိုင်ဝင်ပြီး အေးအေးဆေးဆေး သောက်လိုက်သေးသည်။ ကားကို ဝပ်ရှော့တွင်ဝင်ထားကာ ကျွန်တော် အိမ်ပြန်သည်။ ပင်ပန်းလှပြီ။ ကျွန်တော်သည် မိန်းမရပြီးနောက် မနားမနေ အလုပ်လုပ်ခဲ့ရ၏။ ယခင်က အဖေ့အိမ်မှာ ကျွန်တော် လုပ်ချင်မှ လုပ်၍ ရသည်။ ကျွန်တော် အိမ်ထောင်ကျပြီးသောအခါ မလုပ်ချင်၍ မရတော့။ ကျွန်တော်သည် ရှေ့လျှောက်လည်း အနားရတော့မည်မဟုတ်ဟု တွေးကာ အဖေ့အိမ်မှာ စိတ်လွတ်ကိုယ်လွတ် အိပ်စက်နားနေရန် ပြန်လာခဲ့ပါသည်။

လရောင်သည် မှုန်ပျပျ လင်းလျက်ရှိ၏။ သဘာဝအလှကို ကျွန်တော် မခံစားတတ်ခဲ့ပါ။ ယခုအခါတွင်တော့ ကျွန်တော်သည် ဘဝ အတွေ့အကြုံများနှင့် လောကခံ၏ အလှည့်အပြောင်းကို သိရှိနားလည်ခဲ့ရပြီ ဖြစ်သည့်အလျောက် စိတ်၏ သာယာချမ်းမြေ့မှုကို လိုချင်တတ်ပြီ ဖြစ်ပါသည်။

ကျွန်တော်သည် သာမန် လူငယ်လူရွယ်တစ်ယောက်သာ ဖြစ်ပါသေးသည်။ သို့သော် ကျွန်တော် ရန်းကန်လှုပ်ရှားခဲ့ရသော အစိတ်အပိုင်းကား မနည်းတော့။ များမကြာမီပင် ကျွန်တော်သည် လူသားတစ်ဦး၏ ဖခင် အဖြစ်သို့ ရောက်ပေတော့မည်။ ကျွန်တော်သည် ကျွန်တော့်ကို မွေးထုတ်သော မိခင် ဖခင်အရင်းအချာကို သိလိုဇောဖြင့် မခံမရပ်နိုင်အောင် အာသာပြင်းပြခဲ့ဖူး၏။ သို့သော် ကျွန်တော် မတတ်နိုင်ခဲ့။ ထို့နောက်

ကျွန်တော်၏ မွေးစားမိခင်ဆုံးပါးခဲ့ရသည်။ နဂိုကပင်အမိမဲ့သော ကျွန်တော်သည် ထပ်မံ၍ တွယ်တာမဲ့သွားပြန်သည်။ ယခုအခါ ကျွန်တော်တွယ်တာစရာ အဖေ တစ်ယောက်သာ ရှိတော့သည်။ အဖေ့ကို ကျွန်တော်မည်သို့မျှ ကျေးဇူးမပြုနိုင်သေးပါ။ ဒုက္ခပေးသည်ဟုပင် ဆိုနိုင်ပါသည်။ သို့သော် ကျွန်တော့်အဖေကိုတော့ ကျွန်တော် ချစ်ပါသည်။ ထို့ကြောင့်လည်း အဖေ့ထံ ကျွန်တော် ပြန်ခဲ့ခြင်းဖြစ်၏။

ယခု ကျွန်တော်သည် တာဝန်ရှိသော လူသားတစ်ယောက်ဖြစ်နေပြီ။ သို့သော် ထိုတာဝန်များမှ ခေတ္တ အနားရခိုက်တွင် ကျွန်တော်သည် အေးချမ်းသာယာမည့် အရိပ်တစ်ခုကို လိုချင်မိပြန်သည်။ ကျွန်တော်ဆိုးသမျှ ပေသမျှကို အမြဲခွင့်လွှတ်သော ကျွန်တော့်အဖေနှင့် ကျွန်တော် အေးအေးဆေးဆေး စကားပြောချင်သည်။ ထိုသို့ထူးထူးခြားခြား ဆန္ဒဖြစ်ပေါ်ခြင်းသည်ပင်လျှင် ကျွန်တော့်အတွက် ကြမ္မာငင်ခြင်းပေလော မဆိုနိုင်။

ကျွန်တော်သည်အဖေ့အိမ်သို့ သွက်လက်သော ခြေလှမ်းများဖြင့် လှမ်းလာခဲ့၏။ အဖေသည် စောစောအိပ်လေ့မရှိ။ အိမ်ရှေ့တံခါးက စေ့ရုံသာ စေ့ထားသည်။ ကျွန်တော် အသံမကြားအောင် တွန်းဝင်ခဲ့သည်။ အောက်ထပ်တွင် မည်သူမျှမရှိ။ အိပ်ခန်းထဲတွင်တော့ အဖေ့ကလေးနှင့် ကလေးထိန်းမိန်းမ မရန်တို့ အိပ်နေဟန်တူသည်။ ကျွန်တော် အပေါ်ထပ်သို့ တက်သွားသည်။ အဖေ့ကိုမတွေ့ အောက်သို့ပြန်ဆင်းခဲ့၏။ အဖေ့ကို တွေ့ရသည်။ ကျွန်တော်သည် ခပ်ရိပ်ရိပ်မှုနေသဖြင့် အဖေ့ကို သဲကွဲစွာ မြင်ရစေရန် ကြိုးစား၍ကြည့်ရသည်။ အဖေသည် မရန်၏ အိပ်ခန်းထဲမှ ထွက်လာသည်ဟု ကျွန်တော်ထင်သည်။ မသေချာ။ ထပ်စဉ်းစားသည်။ သေချာသည်။

'ဂျိုး မင်း ဘာလာလုပ်တာလဲ'

ကျွန်တော့် ရင်ထဲမှာ ထောင်းခနဲဖြစ်သွားသည်။ အဖေသည် အပြစ်ရှိသူပီပီ အထိတ်တလန့် ဖြစ်သွားလေပြီဟု ကျွန်တော် မှတ်ယူသည်။

အဖေ့အိမ်မှာ အိပ်စက်အနားယူမည်ဟု တွေးကာ စိတ်ကူးမယဉ်စဘူးယဉ်ပြီး ပြန်လာခဲ့သော ကျွန်တော်။ ပင်ပန်းခြင်း အားငယ်ခြင်းတို့သည် ကျွန်တော် သောက်သုံးခဲ့သော အရက်နှင့် ပေါင်းစပ်ကာ သံသယဖြစ်ခြင်း၊ ဒေါသ ဖြစ်ခြင်း အသွင်သို့ လျင်မြန်စွာ ကူးပြောင်းသွားသည်။

'ဝုန်း'

ကျွန်တော်က လှေကားအဆင်းမှ တံခါးတစ်ချပ်ကို အကြောင်းမဲ့ ကန်လိုက်ခြင်းဖြစ်သည်။

'ကြည့်စမ်း ဒါ ဘာသဘောလဲ၊ မင်း ငါ့ကို ဘာထပ်ပြီး ဒုက္ခ ပေးဦးမလို့လဲ၊ မင်း ငါ့ကို ဒုက္ခပေးလို့ မဝသေးဘူးလားဟင် ဂျိုး'

ကျွန်တော်အဖေ့ကို စေ့စေ့ကြည့်လိုက်၏။ ကျွန်တော်၏ မိုက်ရူးရဲ ဗီဇများ ပြန်လည်ထကြွ နိုးကြားလာလေပြီ။

'ခင်ဗျား ကျုပ်ကို ဘာမှမပြောနဲ့ နားမလည်ဘူး၊ ခင်ဗျား အရက် မရှိဘူးလားဟင်၊ ခင်ဗျား မရက်ဘူးလား၊ လူကြားလို့မှမတော်၊ ဒီအသက် အရွယ်နဲ့ ခင်ဗျား ခင်ဗျား'

အဖေ့မျက်နှာလည်း ရဲရဲနီသွားပါသည်။

'မင်း ငါ့ကို ဘာမှ စွပ်စွဲစရာမလိုဘူး၊ မင်းကို ငါ ဝတ္တရားမပျက် ပေးကမ်းခဲ့တယ်၊ ကြည့်ရှုစောင်မခဲ့တယ်၊ မင်းအတွက် ငါ ငွေကုန်လူပန်း ဖြစ်ရတယ်၊ မင်း ငါ့ကို ဘယ်တုန်းကများ ကျေးဇူးသိတတ်ဖူးလို့လဲ၊ မင်း အခု ငါ့ကို အကြောင်းမဲ့ ရန်ရှာပြန်ပြီ၊ မင်း ဘာလိုချင်သလဲ၊ မင်း ငါ့မှာရှိသမျှ ခြစ်ခြုတ်ယူလို့ ကုန်ပြီ၊ အခု မင်း အရက်တွေသောက်ပြီး ငါ့ကို စိတ်ဆင်းရဲအောင် လုပ်ပြန်ပြီ'

'မဆိုင်တာတွေ မပြောနဲ့ဗျာ၊ ခင်ဗျား အိမ်မှာဘာတွေဖြစ်နေသလဲ၊ ကျုပ် ရက်တယ်ဗျ၊ ရက်တယ်၊ ဘယ်မလဲ ဟိုမိန်းမ ကျုပ် သတ်ပစ်မယ်'

ကျွန်တော်၏ ဆူပူကြိမ်းမောင်းသံများကြောင့် မရန်သည် ကြောက် အား လန့်အားဖြင့် အိမ်ခန်းထဲမှ ထွက်ပြေးလေသည်။ ထိုအခါ ကျွန်တော့်

ဒေါသသည် ဟုန်းခနဲ ထတောက်လာသလို ဖြစ်လာကာ မရန်နောက်သို့ လိုက်လေသည်။ အဖေက ကျွန်တော့်ကို ဆွဲထား၏။ ကျွန်တော် အဖေ့လက်မှ အတင်းရုန်းသည်။

မရန်သည် အိမ်ဘေးမှ ဦးဝင်းထိန်၏အိမ်တွင် ပုန်းအောင်းနေလေသည်။ ကျွန်တော်သည် ဦးဝင်းထိန်အိမ်သို့ သွားကာ တံခါးကို တဝုန်းဝုန်းထု၏။

'ဂျိုး၊ မင်း ဘာဖြစ်နေသလဲကွာ၊ မင်းအဖေကို ဒီလောက် ဒုက္ခမပေးပါနဲ့'

ဦးဝင်းထိန်က တံခါးဝမှ ကာဆီးရင်း ပြောပါသည်။

'ဘာဗျ၊ ကျွန်တော်က ဒုက္ခပေးတယ်ဟုတ်လား၊ သူတို့ ဖြစ်ချင်တိုင်းဖြစ်နေတာကိုတော့ မပြောဘူးလားဗျ၊ အိုဗျာ အားလုံးသေကုန်တာအေးတယ်'

ကျွန်တော့်သွေးများ ဆူဝေလျက်ရှိပြီ။ ကျွန်တော့်ဘဝတွင် အဆင်မပြေမှုတွေကို ဆက်တိုက်ကြုံနေရသဖြင့် ခေါင်းထဲမှာလည်း ရှုပ်ထွေးနောက်ကျိ၍နေပြီ။ ကျွန်တော်သည် အိမ်သို့ပြန်လာကာ မီးဖိုထဲမှ ဓားတစ်ချောင်းကို ဆွဲ၏။

အဖေသည်လည်း ကျွန်တော့်လက်ထဲမှ ဓားကိုမြင်သည်နှင့် တစ်ဖက်အိမ်သို့ ထွက်ပြေးလေသည်။

'ဂျိုးတစ်ယောက် ဓားတစ်လက်နဲ့ ရမ်းနေပြီ'

ပတ်ဝန်းကျင်က အထိတ်တလန့်ဖြစ်ကြကုန်၏။ ကျွန်တော့်ကို ပုန်းရှောင်စွန့်ခွာကာ စက်ဆုပ်ရွံ့ရှာစွာ ကြည့်ကြလေ၏။ ကျွန်တော်လူဆိုး။ ကျွန်တော်သည်အမှန်တကယ် လူဆိုးပေလော။ ကျွန်တော့် အသွေးအသားထဲတွင် ဆိုးသွမ်းသောသွေးတွေ ရှိနေပြီ။ ထိုသွေးတွေကို ကျွန်တော်ဖောက်ထုတ်ပစ်မည်။

ကျွန်တော့်လက်မောင်းမှ သွေးတွေ ဖြာခနဲ ကျဆင်းလာ၏။ ကျွန်တော်သည် ကျွန်တော်၏ ဒေါသကို ထိုနည်းဖြင့် ဖြေဖျောက်ပစ်လိုက်ရလေသည်။

*

လက်မောင်းမှ ဓားဒဏ်ရာကြောင့်လည်းကောင်း၊ ကားက ပြန်မကောင်းသေး၍လည်းကောင်း ကျွန်တော် နားနေရပါသည်။ ဟိုညက ဘာတွေဖြစ်မှန်း ကျွန်တော်ကောင်းစွာ မမှတ်မိတော့ပါ။ ကျွန်တော် မူးပြီး ဒေါသဖြစ်နေတာကိုသာ သတိရပါသည်။ ဘာကြောင့် ထိုမျှ မူးသွားခဲ့သည်ကိုလည်း ကျွန်တော် မသိ။ ကျွန်တော် သောက်နေကျအတိုင်း သောက်ခဲ့ခြင်းသာ ဖြစ်၏။ ကားကိုပင် ဝပ်ရှော့သို့ ရှောရှောရှူရှူ မောင်းပို့ခဲ့သေးသည်။ သို့သော် အရက်သည် ဒေါသကိုသော်လည်းကောင်း၊ စိတ်အလိုဆန္ဒကိုသော်လည်းကောင်း ပိုမိုပြင်းပြစေရန် လှုံ့ဆော်ပေးတတ်သည်ထင်၏။

ကျွန်တော့်လက်မောင်းကို ကျွန်တော့်ဘာသာ ဓားဖြင့်ထိုးမိပြီးနောက် ဘာတွေဖြစ်ကုန်သည် မသိပါ။ အရပ်ထဲမှလူများ လာရောက်ဖျောင်းဖျပြီး ကျွန်တော့်ကို ဘေးအိမ်တွင် သိပ်ထားခဲ့ကြဟန် တူပါသည်။ မနက်လင်းတော့ ပတ်တီးစည်းထားသော ကျွန်တော့် လက်တစ်ဖက်မှ နာကျင်ကိုက်ခဲနေသည်ကို သိရသည်။ ကျွန်တော်သည်ထိုဒဏ်ရာဖြင့်ပင် ဘုရားကြီးသို့ ပြန်ခဲ့ပါသည်။

လောလောဆယ်အားဖြင့် ကျွန်တော်သည် အလုပ်လက်မဲ့ဘဝသို့ ကျရောက် သွားပြန်ပါပြီ။ ကျွန်တော်သည် အလုပ်တစ်ခု အဆင်မပြေ၍ ရပ်နားထားရတိုင်း အမြဲလို လက်မဲ့ ဖြစ်နေတတ်ခဲ့သည်။ ယခုလည်း ကျွန်တော့် လက်ထဲတွင် ငွေတစ်ပြားမျှ မရှိ။ ယခုအခါ ကျွန်တော့် ယောက္ခမများ၊ ယောက်ဖများ၏ ကျွန်တော့်အပေါ် မလိုလားသည့်

အမူအရာတို့သည်လည်း ဘူးပေါ်သလို ပေါ်ခဲ့ပြီ။ ကျွန်တော့်တွင် မိန်းမက ထမင်းကျွေး၍ ထမင်းစားနေရသော်လည်း ကျန်တာကတော့ အရက်ဝေး၍ ဆေးလိပ်ပင် မသောက်နိုင်။ ကားပြင်ခိုင်းထားသည့်ဆီလည်း ကျွန်တော် မသွားနိုင်။ ရွေးစရာငွေ ကျွန်တော့်တွင်မရှိ။ သည်ကြားထဲတွင် ဗိုက်ကြီးသည့် မိန်းမက တဆူဆူ။

'ဒီလိုပဲထိုင်နေလို့ဖြစ်မလားတော့၊ ရှင်ဘာမှ မလုပ်ရင်လဲ ကျုပ် ဈေးရောင်းမယ်၊ တော်ကြာ မွေးရ ဖွားရဦးမှာနဲ့'

ကျွန်တော့်တွင် ယောကျ်ားမာနတော့ရှိပါသည်။ ကျွန်တော်က အိမ်မှာထိုင်ပြီး မပေါ့မပါးနှင့် မိန်းမက ဈေးထွက်ရောင်းသည့်အဖြစ်မျိုးတော့ အဖြစ်မခံနိုင်။

'အဆင်မပြေတုန်း အခိုက်အတန့်မို့ ထိုင်နေတာကို မင်း ဘယ်လို ဖြစ်နေတာလဲ၊ ခု ကားရွေးဖို့ ငွေမရှိဘူးကွ၊ ဒါကြောင့် နေနေတာ'

'အိုတော် ရှင့်အဘိုးကြီးဆီကပဲ တောင်းပေါ့၊ ဘယ်လိုလုပ်မလဲ၊ နောက် ကားပြန်ထွက်တော့ ပြန်ဆပ်ပေါ့'

'ဟေ ဒီကားလဲ သူဝယ်ပေးထားတာ၊ ဘယ်မှာ ငါးပြားပြန်ပေးနိုင်လို့လဲ၊ ရသမျှ မင်းတို့ဆီပဲ ဖို့ခဲ့ရတာ'

'ကျုပ်ဆီဖို့တာက တော်တော်၊ ရှင်သောက်တာနဲ့ကုန်တာတော့ ထည့်မပြောဘူး'

'မင်း စကားမရှည်နဲ့ကွာ'

'ရှည်တယ် ရှည်တယ်၊ ပြောစရာရှိရင် ပြောရမှာပဲ၊ ရှင့်လုပ်စာ ကလေး တစ်ပဲခြောက်ပြားစားရတာနဲ့တော့ ရှင်နှိပ်စက်သမျှ မခံနိုင်တော့ဘူး'

'မင်းက မင်းအိမ်ပေါ်မှာမို့ လူပါးဝစကားပြောတယ်ပေါ့လေ'

ကျွန်တော့်ကို စေ့စေ့ပင် မော်မကြည့်ခဲ့သော မိန်းမ။ ယခုတော့ မိဘဆွေမျိုးများအားကိုးဖြင့် ကျွန်တော့်ကို ကန်ပြီ။ ကျွန်တော်ဆိုသည့်

ကောင်ကလည်း စိတ်က လက်တစ်ဆစ်။ ကျွန်တော်၏ ဒေါသသည် စဉ်းစားချင့်ချိန်သည့် ဦးနှောက်ကို အနိုင်ယူစမြဲ။ ကျွန်တော်က ခါတိုင်းလိုပင် လက်မြန်မြန်နှင့် သူ့နားရင်းကို အုပ်ထည့်လိုက်သည်။ အမိုက်မ။

'အမလေး၊ ကျုပ်ကိုရိုက်ပြန်ပြီ၊ အဟီးဟီး'

မိန်းမသည် သူ့မိဘဆွေမျိုးများ အားကိုးနှင့် ဟစ်၍အော်၏။ သူ့အမေ ကျွန်တော့် ယောက္ခမကြီးသည် နဂိုကပင် ကျွန်တော့်ကို ကြည့်မရအောင် ဖြစ်နေလေရာ ထဘီစွန်တောင်ဆွဲ၍ ရန်တွေ့လေတော့သည်။

'ဒီမယ်ကွယ့် မောင်တိုးအောင်ရဲ့၊ မင်းက ငါ့အိမ်ပေါ်မှာလဲ နေသေးရဲ့၊ ငါ့သမီးကိုလဲ ကိုယ်ထိလက်ရောက် ရိုက်လားပုတ်လား လုပ်သေးရဲ့ ဆိုတော့ မလွန်လွန်းဘူးလား၊ သူ့မလဲ မပေါ့မပါးနဲ့၊ မင်းမို့ မညှာမတာ လုပ်ရက်တယ်၊ မင်းရှာမကျွေးချင်နေဟော့၊ ငါ့သမီး ငါကျွေးမယ်၊ မင်းသာ အိမ်ပေါ်ကဆင်းသွား'

'ဘာဗျ'

'မင်းကို ဒီအိမ်ပေါ်က ခုဆင်းလို့ပြောတာ'

'ဩော် ခင်ဗျားတို့က ဒီလိုလား၊ အစကတော့ ကျုပ်ကို ကားပိုင်ရှင် သူဌေးသားဆိုပြီး အမိဖမ်းခဲ့ပြီးတော့'

'အမယ်တော် ကြံကြီးစည်ရာ၊ မင်း စကားပြောတာကြည့်ပြောပါကွယ့်၊ မင်းလိုကောင်ကို နွားချေးပုံထဲ တုတ်ထိုးရှာရင်တောင် အချိန်မရွေး ရတယ်ဟဲ့၊ ငါ့သမီး ငါ အပျိုပြန်မဖြစ်တောင် ရေဆေးပြီး သိမ်းထားမယ်၊ မင်း ခုဆင်းသွား'

ကျွန်တော့်ဒေါသကို အတော်ပင် ချုပ်တည်းထားရလေသည်။ ကျွန်တော်သည် မိဘ ညီအစ်ကိုမောင်နှမအပေါ်တွင် ထိုမျှ သည်းမခံစဖူးပေ။ ယခုတော့ သူတို့ ဆွေမျိုးအသိုင်းအဝိုင်းတွင်လည်းဖြစ်၊ ထောက်ထားစရာ ကျွန်တော့်ရင်သွေးလည်း ရှိပြီဖြစ်၍ ကျွန်တော် သည်းခံသည်။ သို့သော်

ကျွန်တော့်ကို မလိုလားသောအရပ်တွင် ကျွန်တော် မနေလို။ ထို့ကြောင့် ချက်ချင်းပင် အိမ်ပေါ်မှ ဆင်းလာခဲ့၏။ အဝတ်တစ်ထည် ကိုယ်တစ်ခု။ ပဲခူးဘက်သို့ ကြုံရာကားကိုစီးကာ လိုက်ခဲ့သည်။ ကျွန်တော့်အိတ်ထဲတွင် ပိုက်ဆံအကြွေ တစ်ပြားမှပင် မပါ။ ကားသမားချင်း အသိတွေဖြစ်၍ ကျွန်တော် အခမဲ့စီးလာနိုင်၏။ ခင်အောင်၏ ခြံအထိ လိုက်သွားပြီးမှ ကျွန်တော် ဆင်းသည်။ ကျွန်တော်သည် ဒုက္ခရောက်လျှင် အပေါင်းအသင်းကို သတိရတတ်စမြဲ မဟုတ်ပါလား။

'ဂျိုး၊ မင်း ဘယ်လိုဖြစ်လာပြန်တာလဲကွာ၊ တစ်နေ့က ငါ မြို့ထဲရောက်လို့ မင်းအဘိုးကြီးနဲ့ တွေ့တယ်၊ မင်း ကိုယ့်လက်ကိုယ် ဓားနဲ့ထိုးတယ်ဆို၊ သူလဲ စိတ်ကောင်းပုံမရဘူးကွ၊ မျက်ရည်လေး တလည်လည်နဲ့ သနားပါတယ်ကွာ'

'ဒါတွေပြောမနေနဲ့ ခင်အောင်ရာ၊ ငါ စိတ်ညစ်တယ်၊ ငါ့ကို အရက်တိုက်စမ်းကွာ'

ခင်အောင်လည်း ခေသူမှ မဟုတ်ဘဲ။ သူ့အတွက်ဝယ်ထားသော ရမ်ပုလင်းကို ထုတ်ပေး၏။

'ငါကတော့ အချမ်းပြေလောက်ပဲကွ'

'ငါလဲ အချမ်းပြေပါပဲ'

ကျွန်တော့် အချမ်းပြေက ပုလင်းကို သုံးပုံတစ်ပုံ ကျိုးစေသည်။ ခင်အောင် မျက်လုံးပြူးနေသည်။

'ဂျိုးရာ၊ မင်း အရက်ကို ဒီလောက်တောင်သောက်နိုင်နေပြီနော်'

'ဆယ့်ငါးနှစ်သားကတည်းက သောက်တာပဲကွာ'

'မင်းတော့ အသက်တိုမှာပဲ'

'အေး အဲဒါတော့ မှန်တယ်'

'မင်း ငါ့ထက် အသက်ငယ်တယ်နော်၊ ဒါပေမယ့် မင်း မျက်နှာကြီးက အတော်ရင့်နေပြီ'

'ငါ ကလေးအဖေ ဖြစ်တော့မယ်ကွ'

ပြောရင်းဆိုရင်း ကျွန်တော် မမွေးကို သတိရသည်။ သူ့အမေ ကျွန်တော့်ကို နှင်ချသည်ကို သတိရသည်။ စောစောက ငုတ်လျှိုးနေသော ဒေါသတွေ ထကြွလာသည်။ ထိုဒေါသကို ကြိတ်မနိုင် ခဲမရဖြစ်တိုင်း ရင်ခေါင်းထဲ ပြန်ရောက်သွားအောင် မျိုချပစ်ရသည်။ ထိုအခါ အံသွားတို့သည် တကျိကျိ မြည်လာသည်။ ထို့နောက် ကျွန်တော် မျက်ရည်ကျသည်။

'ဂျိုးရာ၊ မင်း ဘာဖြစ်နေသလဲ'

'ငါ ပဲခူးပြန်လာတာ သိပ်မှားတယ် ခင်အောင်၊ ဟိုမှာ ငါ့ဘဝ အတော်လေး ဟန်ကျနေပြီ၊ ငါ အဖေခေါ်လို့ပြန်လာခဲ့တာ၊ ခုတော့ ငါ့မှာလဲ အခြေပျက် အနေပျက်၊ အဖေလဲ ငါ့အတွက် ဒုက္ခရောက်၊ ဒီကြားထဲ မိန်းမလဲရ၊ မိန်းမကလဲ သောက်သုံးမကျ'

'အခု မင်းကားကို ဝပ်ရှော့အပ်ထားတယ်ဆို'

'အင်း'

'အဲဒါ မင်းအဘိုးကြီးက ပြန်ရွေးပေးမယ် ပြောတာပဲကွ'

'ဟုတ်လား'

ထိုညက ကျွန်တော် ခင်အောင်တို့ခြံတွင်ပင် အိပ်ပါသည်။ နောက်နေ့မနက်မှ ပဲခူးသို့လာသည်။ ဝပ်ရှော့တွင် ကားအခြေအနေ ဝင်ကြည့်သည်။ အဖေလည်း လာကြည့်သွားကြောင်း ဝပ်ရှော့က ပြောသည်။

ကျွန်တော် အဖေ့ဆီ မသွားချင်သေး။ ခင်စိုးမောင်ရှိရာ ထွက်ခဲ့သည်။ ယခုအခါ ခင်စိုးမောင်က ပုဏ္ဏားစုတွင် အိမ်တစ်လုံးဆောက်၍ နေသည်။ သူ့တွင် ကလေးနှစ်ယောက် ရနေလေပြီ။ ခင်စိုးမောင်နှင့် တွေ့သောအခါ နည်းနည်းသောက်ဖြစ်သည်။

ပြီးတော့ ကျွန်တော်သည် ညောင်ဝိုင်းသို့ ပြန်လာသည်။ အဖေ့ကို ကလေးငယ်လေးချီလျက် တွေ့ရတော့ ကျွန်တော် စိတ်မကောင်း။ အဖေ သည် အိုကြီးအိုမကျကာမှ ကလေးတစ်ယောက်နှင့် ဗျာများနေလေသည်။

ကလေးသည် ကျွန်တော့်ကို မှတ်မိနေလေသည်။ သူ့အမေပေးခဲ့ သည့် ကလေးနာမည် မျိုးအောင်။ ကျွန်တော်သည် ဘာမျှမပြောဘဲ အဖေ့လက်မှ မျိုးအောင်လေးကို ချီယူ၏။ သည်ကောင်နှစ်နှစ်ကျော်ပြီ။ ယခုမှ ကျွန်တော်သည် ကလေးချစ်တတ်နေလေပြီကော။

အိမ်တွင် ကလေးထိန်းမိန်းမလည်း မရှိပြီ။ ကျွန်တော့်ရန်ကို ကြောက်၍ပြေးပြီထင်၏။ အဖေသည် ကလေးတစ်ယောက်နှင့်အတော်ပင် ကသီလင်တ ဖြစ်ရဟန် တူပါသည်။ ချုံးကျ၍ နေလေပြီ။

အဖေသည် ကျွန်တော့်ကို ဆိုးသည်ကောင်းသည် ဘာမျှမပြော ပေ။ အဖေသည် ဈေးကို ကိုယ်တိုင်သွား၏။ ထမင်းဟင်းချက်၏။ သူ့ အဝတ်ကို သူ လျှော်၏။ အဖေ့လောက် ကျွန်တော် အလုပ်မလုပ်နိုင်။

'ဂျိုး၊ မင်းရဲ့ကားကို ဝပ်ရှော့က သွားပြန်ယူချည်'

အဖေက ရှိစုမဲ့စုငွေလေးတွေ ထုတ်ပေးသည်။ ကျွန်တော် မယူ၍လည်း မဖြစ်။ ယူရပြန်သည်။

ကျွန်တော်သည် ကားပြန်ဆွဲလေသည်။ ဘုရားကြီးဘက်ကို စိတ်နာ သဖြင့် မသွားတော့ဘဲ သနပ္ပင်ဘက်ကို ထွက်၏။ ကျွန်တော်ရသမျှ အဖေ့လက်ကို အပ်သည်။ သို့သော် အဖေသည် ကျွန်တော့်ကားအတွက်သာ ဖယ်ထားလေ့ရှိသည်ကို ကျွန်တော်သိသည်။ ကျွန်တော်သည် မိုးလင်း သည်နှင့် အိမ်မှထွက်ပြီး မိုးချုပ်မှပင်ပြန်ရောက်၏။ ထမင်းကို ကြုံရာမှာ စားသည်။

တစ်နေ့ အိမ်ပြန်လာတော့ အဖေ့ကို မတွေ့ရ။ မျိုးအောင်လေးကို တစ်ဖက်အိမ်မှာ ဦးဝင်းထိန်က ထိန်းပေးထားရသည်။ အိမ်ကို သော့ခတ် ထားခဲ့၏။

‘မင်းအဖေ ဆားအိတ်တွေရောက်တယ်ဆိုလို့ သွားစီမံနေတယ်၊ သူ့ခမျာလဲ မနားရရှာဘူးကွာ၊ ကလေးကတစ်ဖက်၊ ထမင်းတောင်မှန်မှန် မစားရရှာဘူး’

ဦးဝင်းထိန်က ပြော၏။ ကျွန်တော် ခေါင်းငုံ့ထားရပါသည်။ အဖေ ဒုက္ခရောက်နေသည်ကို ကျွန်တော်လည်း သိ၏။

‘ကလေးကလဲ ညတိုင်ကျရင် မရန်ကို တ တ နေလို့ မင်းအဖေ မအိပ်ရဘူးဆိုကွ’

ညကျလျှင် ကျွန်တော် မူးမူးနှင့် အိပ်ပျော်သွားတတ်သဖြင့် မသိ။

‘ဦးလေးရာ သူ ဟိုမိန်းမကြီးကို ပြန်ခေါ်ချင်ခေါ်ပါစေတော့၊ ကျွန်တော်လဲ မပြောချင်တော့ဘူး’

ကျွန်တော် ထိုမျှသာပြောပြီး ကလေးကိုခေါ်၍ ပြန်လာခဲ့သည်။ တစ်အိမ်လုံး ဖရိုဖရဲဖြင့် ရှုပ်ပွ ညစ်ပတ်နေလေသည်။ မီးဖိုချောင်ဝင်ကြည့်တော့လည်း စားစရာ ဘာမျှမရှိ။ အဖေသည် ကုန်သည်စိတ်ရှိသူပီပီ စီးပွားရေးကို လက်မလွှတ်သော်လည်း အိမ်တွင်တော့ ဘာတစ်ခုမျှ ပြည့်စုံခြင်း မရှိတော့ပေ။

‘ဦးဦး၊ ဘဘ မလာသေးဘူးလား’

ကလေးက ကျွန်တော့်ကို ဦးဦးဟု ခေါ်သည်။ ကျွန်တော် ကလေးကို တင်းတင်းပွေ့ထား၏။ အခန်းနံရံမှာချိတ်ထားသော အမေ့ဓာတ်ပုံကြီးကို မော်ကြည့်မိသည်။ အဖေသည် နောက်အိမ်ထောင်ပြုခဲ့သော်လည်း အမေ့ဓာတ်ပုံကြီးကို ဖြုတ်မပစ်ခဲ့ပေ။ ကျွန်တော်တို့ သားအဖတွေ၏ အဖြစ်ကို အမေ မြင်နိုင်စွမ်းမရှိတော့။ ခုဆိုလျှင် အမေ့သမီးကြီး မမမြ လည်း ဘယ်ပုံဘယ်နည်း ရှိလေသည် မသိ။

ထိုစဉ် အဖေ ပြန်ရောက်လာသည်။ သူ့လက်ထဲတွင် စားစရာ ထမင်းကြော်ထုပ်နှင့် အရက်တစ်ပုလင်းပါလာသည်။ အဖေသည် ထမင်း

စားခါနီးတိုင်း အနည်းအကျဉ်းသောက်တတ်သည်။ ထို့ကြောင့်လည်း အဖေ ကျန်းမာနေသည်လော မပြောနိုင်။

'ရော့ စားကြ၊ ငါ စားခဲ့ပြီးပြီ'

အဖေသည် သားနှစ်ယောက်ကို ထမင်းကြော်ထုပ် ဖြည်ကျွေးလေသည်။ မျိုးအောင်လေးက အားရပါးရ စားသော်လည်း ကျွန်တော် မစားနိုင်။ ကျွန်တော့်ရင်ထဲမှာ ပြည့်၍နေသည်။ ကျွန်တော်သည် အလိုက်သိစွာဖြင့် ဖန်ခွက်တစ်လုံးယူကာ အဖေ့အတွက် အရက်အနည်းငယ် ထည့်ပေးလိုက်သည်။ အဖေ နည်းနည်းမော့သည်။

'မင်းကော သောက်လေ'

ကျွန်တော် ခေါင်းခါပြလိုက်၏။

ကျွန်တော့် မျက်ရည်စများကို အဖေမမြင်စေရန် ခေါင်းကို ငုံ့ထားလိုက်ပါသည်။

*

'မင်းမိန်းမ မွေးပြီတဲ့ကွ'

ကားသမားအပေါင်းအသင်းများက ကျွန်တော့်ကို သတင်းပို့သည်။

ကျွန်တော့်ရင်ထဲမှ ခံစားမှုကို ကျွန်တော် ဖော်ပြနိုင်စွမ်း မရှိတော့ပါ။ လာပြောသူ၏ အင်္ကျီကုတ်စကို ကျွန်တော် လှမ်းဆွဲလိုက်သည်။

'ဘာလေးလဲ'

'ဟ လူလေးပေါ့ကွ'

'ကောင်းကောင်းပြောစမ်းဗျာ'

'ယောကျ်ားလေး၊ ယောကျ်ားလေး၊ အမလေးကွာ မင်းလုပ်လိုက်ရင် သောက်ရမ်းချည်းပဲ'

ကျွန်တော်က ထိုသူ၏ ကုတ်စကို လွှတ်လိုက်သည်။ ကျွန်တော့် ကားကို အိမ်ရှေ့တွင် ထိုးရပ်ခဲ့ပြီး ကျွန်တော် အဖေ့ကို ဝင်ပြော၏။

'အဖေ ကျွန်တော့်မိန်းမ မွေးပြီတဲ့၊ ယောကျ်ားလေးတဲ့ဗျ'

'ဟေ ကောင်းတာပေါ့ကွာ၊ မင်းသွားလိုက်ဦးလေ၊ ရော့ ကလေးဖို့ ဝယ်ခြမ်းသွားဦး'

အဖေ ကျွန်တော့်ကို ငွေထုတ်ပေးပြန်ပါသည်။

ကျွန်တော်သည် ကားမောင်း၍ရသည့်ငွေကို အဖေ့လက် အပ်သည်ဆိုသော်လည်း မကြာမီကပင် ကားပစ္စည်းတစ်ခုဝယ်ရန် ပြန်ထုတ် ပေးခဲ့သည်ကို ကျွန်တော်အမှတ်ရသည်။ ကျွန်တော်သည် လက်တွန့်နေ၏။

အဖေက ကျွန်တော့်အိတ်ထဲ ထည့်ပေးသည်။

'သားသား၊ ဦးဦးလေ ကလေးလေးတစ်ယောက်ရပြီ၊ သိလား၊ သားသားနဲ့ဆော့ဖို့ ခေါ်ခဲ့မယ်နော်'

ကျွန်တော်က ကလေးထိန်း မရန်အနီးမှ မျိုးအောင်လေးကို ငုံ့နမ်းကာ ပြောလိုက်ပါသည်။

'ခေါ်ခဲ့နော် ဦးဦး'

ကျွန်တော် ပျော်ရွှင်စွာပင် ဘုရားကြီးသို့လာခဲ့၏။ မမွေး မီးဖွားပြီး သုံးရက်မြောက်နေ့၊ သွေးသစ်လောင်းသည့်နေ့။ မမွေးသည် နန္ဒင်းမှုန့် တဝင်းဝင်းဖြင့် တစ်သားမွေး တစ်သွေးလှနေပေပြီ။ သူ့အမေကလည်း ကျွန်တော့်လက်ထဲမှ ကလေးအတွက် ပစ္စည်း အသုံးအဆောင် တစ်ထုပ် တစ်ပိုးကြီးကိုကြည့်ကာ ပီတိဖြစ်၍ နေလေပြီ။

'ဟဲ့ ကလေးက မောင်ဂျိုးအတိုင်းပဲ၊ မျက်လုံးပြူးပြူး နှာတံ ပေါ်ပေါ်လေး'

ကျွန်တော်သည် ကျွန်တော့်ဘဝတွင် ပထမဆုံးသော ကျွန်တော်နှင့် သွေးသားချင်းစပ်သည့် လူသားတစ်ဦးကို ကောက်ချီလိုက်ပါသည်။

‘ဖြည်းဖြည်းလုပ်ပါတော့၊ ကလေး ဇက်ကျိုးသွားဦးမယ်’

မမွှေးက အပြုံးတစ်ဝက်၊ မျက်စောင်းတစ်ဝက်ဖြင့် ကျွန်တော့်ကို ပြောသည်။

ကျွန်တော်သည် ကလေးကို တယုတယချီပိုးပြီး ရွှန်းရွှန်းစားစား ကြည့်မိပါသည်။ ကလေးသည် ကျွန်တော့်လက်ထဲတွင် ကြာရှည်မနေ။ ငိုပါလေ၏။ ကျွန်တော်က ကလေးကို သူ့မိခင်၏ ပြည့်ကားတင်းရင်းသော ရင်ခွင်ထဲသို့ ထည့်ပေးလိုက်ပါသည်။ မမွှေး၏ ပါးပြင်နှင့် ကျွန်တော့် နှာခေါင်းသည် မတော်တဆ ထိမိကြလေသည်။

နနွင်းနံ့လေး သင်းပျံ့နေ၏။

## ၁၁

ရုန်းပါလေဦး။

ယခင်က မယားအတွက်။ ယခု မယားနှင့် သားအတွက်။ ကျွန်တော့်ကားသည် ကတ္တရာလမ်းပေါ်မှာ တရကြမ်း ခေါက်တုံ့ခေါက်ပြန် ပြေးလွှားနေသည်။ ကျွန်တော်သည် ငွေကို ပင်ပန်းတကြီး အပတ်တကုတ် ကြိုးပမ်းရှာဖွေရ၏။ ငွေသည် ကျွန်တော်တို့ကို မျက်လှည့်ပြသလိုလည်း ကစားပြသွားတတ်သေးသည်။ တစ်ခါတစ်ရံ လက်ထဲရောက်လာသောငွေကို နွေးအောင်ပင် မကိုင်လိုက်ရ။ ကျွန်တော့်မိန်းမသည်လည်း အသိမ်းအဆည်း အစီအမံကောင်းသူ မဟုတ်၍ သူ့လက်ထဲမှာ ငွေမမြဲ။ ကျွန်တော်သည်လည်း အသောက်အစားကို မလျှော့နိုင်သူဖြစ်၍ ကျွန်တော့်လက်ထဲမှာ ငွေမမြဲ။ ကျွန်တော်တို့ ထမင်းစားရရုံသာ ရှိသည်။ တစ်လ တစ်လ မည်းရွှေ့မည်မျှ စိုက်၍ ကျွေးထားရကြောင်း ကျွန်တော့်ယောက္ခမကြီး ညည်းညူသည်ကို ကျွန်တော် မကြားယောင် ပြုနေလိုက်သည်။

အဖေ့ဆီကိုတော့ ရံဖန်ရံခါသာ ဝင်နိုင်တော့၏။ ဝင်ပြန်လျှင်လည်း အဖေ့အတွက် ကျွန်တော် ရတက်မအေး။ အဖေတစ်ယောက်တည်းနေ၍

မဖြစ်သည်မှာ မှန်သော်လည်း မရန်နှင့် နှစ်ယောက် တစ်အိမ်တည်းနေသည့် အတွက် ကျွန်တော်မရှုစိမ့်။ သို့သော် မတတ်နိုင်ပြီ။

ကျွန်တော့်အတွက်ကား ကံကြမ္မာ အလှည့်အပြောင်းများသည် ရပ်တန့်ခြင်း မရှိသေး။ တစ်ကျော့ပြီး တစ်ကျော့သာ လည်လာလျက် ရှိနေသေးသည်။

ကျွန်တော် ကားမောင်းရမ်းတာ အများအသိ။ သို့သော် ကျွန်တော်၏ ကျွမ်းကျင်မှုကို ယုံ၍စီးကြသည်။ ကျွန်တော် စိတ်မြန်သည်။ ဒေါသကြီး သည်။ ထိုအရည်အချင်းများသည် တစ်ခုမျှမကောင်း။ အန္တရာယ်။

ထိုအန္တရာယ်၏ အကျိုးဆက်ကို ကျွန်တော် ရင်ဆိုင်ရ၏။

ကျွန်တော့်ရှေ့မှ ကားတစ်စီးက လမ်းအလယ်မှ မတိမ်းဘဲ တည့် တည့် မောင်းလာသည်။ အနားရောက်မှ ကပ်ဆွဲသည်။ ကျွန်တော်က ဒေါသဖြစ်သည်။ သည်လောက်တောင်ဖြစ်လှတာ လာလေရော့။ ကျွန်တော့် ကားသည် တစ်ဖက်ကားကို အနားကပ်၍ ပွတ်ဆွဲပစ်ခဲ့သည်။ အားခနဲ အသံကြားရ၏။ တစ်ခုခုတော့ဖြစ်ပြီ။

ထိုတစ်ခုခုသည် နည်းသည့် တစ်ခုခုမဟုတ်။

ကျွန်တော်တို့ကားပေါ်မှ ပြေးဆင်းသွားကြတော့ မောင်ရွှေကို လမ်းပေါ်မှာ ခွေလျက် တွေ့ရသည်။ သွေးတွေ အိုင်ထွန်းလျက်။

'မောင်ရွှေ မောင်ရွှေ'

ကျွန်တော် သွေးရူးသွေးတန်း အော်သည်။

'သေပြီ ထင်ပါရဲ့တော်'

'ကားသမားတွေကလဲ ရမ်းတယ်ဗျာ၊ လမ်းပေါ်ရောက်ရင် ဘယ် ကားမှ လူမထင်တော့ဘူး၊ တစ်လမ်းလုံး အပြည့်မောင်းချင်တာ၊ အဖြစ် တောင်နည်းသေး'

'မလွဲသာလို့သာ ခရီးသွားရတာ သူတို့ကားတွေစီးရတာ အသက်ကို ဖက်နဲ့ထုပ်ထားရမလောက်'

တစ်ယောက်တစ်ပေါက် အပြစ်တင်သံများကြားတွင် ကျွန်တော်သည် အရှုးတစ်ယောက်ပမာ အော်ဟစ်ဆဲဆိုနေမိပါသည်။ ကျွန်တော့်တစ်သက်တာတွင် သည်တစ်ခါလောက် တုန်လှုပ်ချောက်ချားခြင်းမျိုး မဖြစ်ခဲ့ဘူးပေ။ မောင်ရွှေ့ကို ကားပေါ်တင်ကာ ပဲခူးဆေးရုံကို ပြန်မောင်းရသည်။

နောက်တစ်နေ့တွင် မောင်ရွှေ ဆုံးသွား၏။

ကျွန်တော်၏ မိုက်ပြစ်ကို တစ်သက်တာလုံး ဆေးကြော၍ပင် ရတော့မည်မထင်။

အဖေသည်လည်း ကျွန်တော့်ကို အကြီးအကျယ်ဆူပူပါသည်။ အဖေသည် မောင်ရွှေ့အတွက် လျော်ကြေးငွေတစ်ထောင် ထုတ်ပေးရပြန်သည်။

'ဂျိုး၊ ငါ မင်းအတွက် ငွေလဲမလိုက်နိုင်တော့ဘူး၊ လူလဲ စိတ်ဆင်းရဲလှပြီ၊ မင်း ဒီကားကို ရောင်းပစ်တော့၊ ငါ့မှာလဲ အကြွေးတွေ ဆပ်စရာရှိတယ်'

'အဖေ့သဘောပဲ၊ အဖေ့ဘာသာရောင်း'

ကျွန်တော်လည်း ကားစတီယာရင်ကိုပင် မကိုင်ချင်အောင် စိတ်ကုန်ခမ်းလျက်ရှိပြီ။ ကျွန်တော်သည် ဘုရားကြီးကိုပင် မပြန်ဖြစ်တော့ပေ။ ကျွန်တော့်လက်ထဲမှာ ငွေမပါလျှင် ယောက္ခမအိမ်ပေါ်ကို ကျွန်တော် မတက်ချင်။ သူတို့ကလည်း ကျွန်တော့်သတင်းကြားကတည်းက ရှောင်နေကြပြီ။ သူတို့မှာ လျော်စရာမရှိ။ ခံစရာရှိ ကျွန်တော်သာခံ ဟူသည့်သဘော။

အဖေသည် ကားကို အရှုံးခံ၍ ရောင်းပစ်လိုက်လေသည်။ ကျွန်တော် ဘာမျှ မပြောတော့။ အဖေ့အိမ်မှာနေကာ အဖေကျွေးတာကိုစားပြီး အဖေခိုင်းတာကို လုပ်နေလိုက်တော့၏။ ထိုဘဝသည်သာ ကျွန်တော့်အတွက် လောကနိဗ္ဗာန်။

ကျွန်တော်သည် အလုပ်မရှိဘဲ နေလို့ဖြစ်သည့်ကောင် မဟုတ်။ အလုပ်မရှိလျှင် ကျွန်တော်၏ ပေတေလေလွင့်သည့်ဇွေက ဖောက်လာတတ်သည်။ ကျွန်တော့်ဘဝတွင် ဘေးမှနေ၍ အကွက်ကောင်းကို အမြဲစောင့်နေသည်က အရက်နှင့် ဖဲ။

ကျွန်တော် အရက်သောက်၏။ ဖဲရိုက်၏။

အဖေသည် ကျွန်တော် အရက်မသောက် ဖဲမရိုက်လည်း သူ့ဆီမှ ငွေတစ်နည်းနည်းနှင့် ကုန်ရတတ်သည်ဖြစ်လေရာ ကျွန်တော့်ကို လက်လျှော့ထားရလေတော့၏။ ဖဲနှင့်အရက်တွင် တချို့က ဖဲရိုက်ခြင်းသည် အရှုံးအနိုင်ရှိသေးသည်။ အရက်သည် အနိုင်မရှိ အရှုံးသာရှိသဖြင့် အရက်သောက်ခြင်းက ပိုဆိုးသည်ဟု ဆိုကြ၏။ အချို့က အရက်ကမှ မူးလျှင် ရပ်သွားသေးသည်။ ဖဲက လိုက်မဆုံးနိုင်တော့သဖြင့် ဖဲရိုက်ခြင်းက ပိုဆိုးသည်ဟု ဆိုကြသည်။ တကယ်တော့ တစ်ခုမျှ မကောင်းပေ။

ကျွန်တော်ကား ထိုမကောင်းသည့်အရာ နှစ်ခုလုံးကို ခုံမင်သူဖြစ်လေသည်။ ကျွန်တော့်အတွက်တော့ နှစ်ခုစလုံးသည် ကောင်းကျိုးမပေးပေ။ ကျွန်တော် ဖဲနိုင်သည့်အခါ နိုင်သည့်ငွေကို အပေါင်းအသင်းများနှင့် သောက်စားပစ်သည်။ ရှုံးသည့်အခါ အိမ်မှ ပစ္စည်းကို ခိုးရသည်။ အိမ်တွင်လည်း အဖေကချရောင်းလိုက်၊ ကျွန်တော်က ခိုးရောင်းလိုက်နှင့် မည်သည့်ပစ္စည်းမျှ ကောင်းကောင်းကန်းကန်း မရှိတော့။ အဖေသည် သူ ရှာဖွေထားသမျှ ငွေလေးကို ကျစ်ကျစ်လျစ်လျစ် စုထားသော်လည်း ကျွန်တော့်အတွက် တစ်စ တစ်စ လျော့ပါးနေပြီ။ကျွန်တော့်မှာ အဖေ့အပေါ် နိုင်ကွက်ကလည်းရှိ၏။ ပထမအချက် ကျွန်တော့်ကို အဖေက ‘ငါ့သား ပြန်လာခဲ့ပါ’ဟု ရန်ကုန်မှပြန်ခေါ်မိခြင်း။ နောက်တစ်ချက်မှာ ကျွန်တော်လုံးဝ သဘောမတူသည့် ကိစ္စ။

မရန်သည် ကျွန်တော့်ကို အမြဲထိတ်လန့်ကြောက်ရွံ့နေလေသည်။ မရန်နှင့် အဖေကို ကျွန်တော် တိတိကျကျ မစွပ်စွဲနိုင်သော်လည်း သူတို့၏

အမူအရာများကိုကြည့်ခြင်းဖြင့် ကျွန်တော် သဘောမတွေ့။ ကျွန်တော် မူးလာလျှင် အဖေသည်လည်းကောင်း၊ မရန်သည်လည်းကောင်း ကျွန်တော့်ကို ရှောင်လေသည်။ တစ်ခါ ကျွန်တော်သည် မျိုးအောင်လေးကို စိတ်လိုလက်ရ ကောက်ချီကာ စကားပြောမိ၏။

'သားသားအဖေနာမည် ဘယ်သူလဲ'

'ဘဘလား၊ ဦးစိန်မောင်'

'မေမေကကော'

'မရန်လေ'

'ဘာကွ'

ကျွန်တော်က ဆောင့်တွန်းလိုက်သဖြင့် ကလေးက စူးစူးဝါးဝါး အော်ငိုလေသည်။ ကျွန်တော်သည် အံကိုကြိတ်ကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်၏။ မရန်သည် နေစရာမရှိတော့။ ကလေးကို ကောက်ချီ၍ ပြေးလေသည်။

'မင်းကလဲကွာ၊ ကလေးပဲဟာ'

အဖေက လေပြည်ထိုးပါသေးသည်။

ကျွန်တော်သည် စားပွဲ၊ ကုလားထိုင်များကို လက်သီးဖြင့် ပစ်၍ ပစ်၍ ထိုးမိ၏။ အဖေလည်း ကျွန်တော့်ကိုလန့်သဖြင့် ရှောင်သည်။ ကျွန်တော် သောင်းကျန်းပြန်သည်။ တစ်အိမ်လုံး ဖြောင်းဆန်သွားသည်။

ကျွန်တော် မူးသည့်အခါတိုင်း အဖေနှင့် မရန်ကို ရန်လုပ်သည်။ သည်အတွက် ကျွန်တော် အိမ်မှာရှိနေခြင်းကို အဖေကရော မရန်ကပါ မလိုလားကြချေ။ ကျွန်တော့်တွင် အလုပ်မရှိသဖြင့် ကျွန်တော့် မိန်းမနှင့် ယောက္ခမများကလည်း မလိုလားကြချေ။ ကျွန်တော် ဖဲနိုင်သည့်အခါ ကျွန်တော့်သားလေးအတွက် အဝတ်အထည်စလေးများဝယ်ပြီး ဘုရားကြီးကို သွားသည်။ ပြီးလျှင် ကျွန်တော် ပြန်လာသည်။ ကျွန်တော်အိမ်မှာမနေသည့်အတွက် ကျွန်တော့် မိန်းမကလည်း မည်သို့မျှမပြော။ လာချင်လာ မလာချင်နေဟူသည့် သဘော။

ကျွန်တော်သည် မည်သူမျှ လိုလိုလားလားမရှိသော ဘဝတွင် မရေမရာ နေနေရလေသည်။ ထိုအတွက် ကျွန်တော် စိတ်ဓာတ်အလွန်ကျသည်။ ကျွန်တော်သည် တစ်ခုတည်းသော ထွက်ပေါက်အဖြစ် ဖဲကိုသာ ဖိရိုက်၏။ ဖဲနိုင်လျှင် ကျွန်တော် သုံးသည်။ ဖဲရှုံးလျှင် ကျွန်တော် ဘုံးသည်။

အဖေသည် ကျွန်တော့်ကို မည်သို့ကိုင်တွယ်စီမံရမည်မသိ ဖြစ်နေဆဲမှာကျွန်တော်တို့ဖဲဝိုင်းကို ရဲက ဖမ်းမိသွားပါသည်။ ကျွန်တော် အချုပ်ခံရလေတော့၏။ အဖေပင် ကျွန်တော့်ကို လာရောက်ရွေးထုတ်ရသည်။ သည်တွင်မှ အဖေက ကျွန်တော့်ကို ပြတ်ပြတ်သားသား စကားဆိုတော့သည်။

'ဂျိုး၊ မင်းဒီလိုနေလို့တော့ မဖြစ်တော့ဘူး၊ အရင်က မင်းတစ်ယောက်တည်း၊ ခု မင်းမှာ သားနဲ့မယားနဲ့ဖြစ်နေပြီ၊ မင်းမှာ တာဝန်တွေအများကြီးဒါကို မင်း နားလည်ရဲ့လား'

'နားလည်ပါတယ်'

'အေး၊ မင်း တစ်ယောက်တည်းတာဝန်ကို ငါ ယူနိုင်ပေမယ့် မင်းအိမ်ထောင်တာဝန်ကိုတော့ ငါလဲမယူနိုင်ဘူး၊ ဒီတော့ မင်း တစ်ခုခုပြန်လုပ်ဖို့ စဉ်းစားဦး၊ ငါလဲ မင်းပြန်လာပြီးမှ မင်းအတွက် ငွေတော်တော်ကုန်သွားတာ မင်းအသိ၊ ဒီတော့ နောက်ဆုံး မင်း ဘာလုပ်ချင် သလဲပြော'

အဖေသည် 'နောက်ဆုံး'ဟူသော စကားကို ဆိုပြန်ပါပြီ။ သို့သော် အဖေသည် တကယ့်တကယ် ကျွန်တော့်အပေါ် 'နောက်ဆုံး'ဟု သဘောထား၍ မရသည်ကို အဖေသဘောပေါက်သည့်တိုင် ကျွန်တော် သဘောပေါက်နေပြီ။

'ကျွန်တော် ရန်ကုန်ပြန်သွားမယ်'

'ကောင်းပြီ၊ ဟိုမှာ မင်းဘာလုပ်မလဲ'

'ကားပဲ မောင်းရမှာပေါ့'

'မင်းမိန်းမကို တစ်ခါတည်းခေါ်သွားလို့ ဖြစ်မလား'

'ကျွန်တော်တစ်ယောက်တည်း အရင်သွားနှင့်မယ်'

အဖေသည် ကျွန်တော် ရန်ကုန်သို့သွားရန် စရိတ်သုံးရာ ထုတ်ပေးပြန်လေသည်။ ကျွန်တော်သည် ဘုရားကြီးသို့သွားကာ မမွေးကို အကျိုးအကြောင်း ပြောပြသည်။

'ကျုပ်လဲ တော့်ကို မပြောသာလို့ နေရတာ၊ ဒီမှာ မနေချင်တော့ဘူးတော့်၊ အမေက နေ့ရှိသရွေ့ ဆူနေတာ၊ ကျုပ်တို့ကို မြန်မြန်ပြန်ခေါ်နော်'

'အေးပါဟယ်'

ကျွန်တော် ရန်ကုန်သို့ ထွက်ခဲ့ရပြန်ပါသည်။ ကျွန်တော် ယခု တစ်ခေါက်ရောက်သော ရန်ကုန်သည် ပထမတစ်ခေါက် ရောက်ခဲ့ရသော ရန်ကုန်နှင့် မတူပါလေပြီ။

# အပိုင်း သုံး

# ၁

ရန်ကုန်ရောက်တော့ ကျွန်တော် ကိုလှိုင်ဘွားကိုရှာသည်။ သူတို့ ဘုန်းကြီးလမ်းမှာ ဂိတ်မထိုးတော့ပေ။ ဗိုလ်ချုပ်ဈေးမှာ တချို့ရှိသည်။ ဘားလမ်းမှာ တချို့ ရှိသည်။ လွှစ္စလမ်းမှာ တချို့။

ကိုလှိုင်ဘွားကို လွှစ္စလမ်းမှာ သွားတွေ့သည်။

'ဟော့ကောင် ဂျိုး၊ အမလေးကွာ မင်းကို ငါ တစ်စက်မှ မမှတ်မိဘူးကွ၊ မျက်နှာကြီးကလဲရင့်လို့၊ အရပ်ကြီးကလဲ မြင့်လိုက်တာ လွန်ပါရော၊ အသားတွေလည်း မည်းလို့ပါလားကွ'

'ခင်ဗျားပြောတာ တစ်ခုမှ အကောင်းမရှိပါလား၊ ခင်ဗျားကော ဘယ်လိုလဲ'

'ဟဲ ဟဲ ငါ မိန်းမရနေပြီကွ'

'ကျွန်တော်က ကလေးတစ်ယောက်တောင်ရပြီ'

'ဟေ တယ်ဟုတ်ပါလားကွ၊ ဒါထက်ကွာ မင်းရဲ့ မမအေးကြီးတောင် ငါတွေ့သေး၊ သူ့ဘဲကြီး ပြန်ရောက်နေပြီကွ၊ ကားတောင်ပါလာသေး'

'ဒါတွေ မပြောပါနဲ့တော့ဗျာ'

မပြောပါနဲ့ဆိုသော်လည်း ကျွန်တော့်ရင်ထဲမှာတော့ နည်းနည်း အောင့်သွားသည်။

ကျွန်တော် ကိုလှိုင်ဘွားအိမ်သို့ လိုက်သွားသည်။

ကိုလှိုင်ဘွား၏ အခြေအနေက မဆိုး။ သူ့မိန်းမ အခြေအနေက မဆိုးသောကြောင့် ဖြစ်ပါသည်။ ကိုလှိုင်ဘွား၏ မိန်းမသည် စိန်ဂျွန်းဈေးမှာ အထည်ရောင်းသည်။ ယောက္ခမတွေက တောင့်တင်းသဖြင့် ယခုဆွဲသော ကားကို အပိုင်ဝယ်လိုက်နိုင်ပြီဟု ဆိုသည်။

'ခင်ဗျားက ကားပဲမောင်းတုန်းပဲလားဗျ'

'ဟ ကောင်ရ၊ တံငါသည်ဟာ ငါးပဲ ဖမ်းတတ်တာပဲ'

မှန်ပါသည်။ ကျွန်တော်လည်း ငယ်စဉ်ကတည်းက ကားမောင်း ဝါသနာပါခဲ့သဖြင့် ကားမောင်းဖို့သာ စိတ်ကူးထဲမှာ အစဉ်ရှိနေသည်။ ကျွန်တော်က ကျွန်တော့် အခြေအနေကို ပြောပြရပါသည်။

'မင်း ကားမောင်းချင်တာတော့ ဟုတ်တယ်၊ ခုကားပိုင်ရှင်တွေ ကလဲ ကိုယ်တိုင်ဆင်းမောင်းနေကြတော့ စဘော်မတင်နိုင်ဘဲနဲ့ ကားရဖို့က မလွယ်ဘူးကွ'

'ကျွန်တော့်အခြေအနေက ဟိုမှာလဲ ဘာမှ လုပ်စရာ မရှိဘူးဗျာ၊ ကျွန်တော်ဒီမှာ တစ်ခုခုလုပ်မှ ဖြစ်မယ်'

'အေးကွာ၊ မင်းပြန်သွားတာ မှားတယ်၊ ဒါထက် မင်းယောက်ဖ တောင် တွေ့သေးတယ်ကွ၊ ခု သူတို့ ရန်ကင်းမှာလေ၊ မင်းအစ်မလဲ အလုပ်ရနေပြီဆိုလား၊ မင်းအကြောင်း မေးပါတယ်ကွာ'

ကျွန်တော် မမမြကို သတိရပါသည်။ ရန်ကုန်နှင့် ပဲခူး အနီး ကလေး ဖြစ်ပါလျက် အဖေ့ဆီသို့ တစ်ခေါက်မှမလာသော မမမြကိုလည်း ကျွန်တော် မကျေနပ်။ မမမြက ကျွန်တော့်ထက် စိတ်ပြတ်မှန်းတော့ သိသည်။ အင်းလေ သူ့အခြေအနေက ပြတ်နိုင်သူကိုး။

ကျွန်တော်သည် ကိုလှိုင်ဘွား၏အိမ်မှာနေလျက် အလုပ်ရှာရပြန်ပါသည်။ မလွယ်လှ။ ယခုအချိန်မှာ ရုံးကားကအစ တက္ကစီဝင်ဆွဲနေကြရာ ကျွန်တော့်လို အလုပ်လက်မဲ့တစ်ယောက်အတွက် ဝင်ဖို့မလွယ်။ ကိုလှိုင်ဘွား၏အိမ်မှာ နေရသည်မှာလည်း အားနာလာသည်။ ကျွန်တော့်တွင် ပါလာသော ငွေမှာလည်း ကုန်လုနီးပြီ။ ထိုအတွင်း မမမြဆီ မသွားလျှင်မဖြစ်သည့် အကြောင်းက ဖန်လာသည်။

ကျွန်တော်၏ ကားလိုင်စင်သည် ကားတိုက်မှုဖြစ်ပြီး ကျွန်တော် ဒေါသဖြစ်ဖြစ်နှင့် ဆွဲဆုတ်လိုက်သဖြင့် ပျက်စီးသွားပြီ။ မမမြနှင့် အတူနေစဉ်က ကြည့်မြင်တိုင်လိပ်စာနှင့် လုပ်ခဲ့သဖြင့် လိုင်စင်အသစ်လဲရန် ရပ်ကွက်ထောက်ခံစာလိုသည်။ ကျွန်တော် ကြည့်မြင်တိုင်ဘက်ကို ခြေဦးမလှည့်လို။ ကိုမြင့်ဆွေ၏ အကူအညီရယူခြင်းသာ အဆင်ပြေဆုံးဖြစ်မည်။ ကျွန်တော့်နာမည်က သူတို့ အိမ်ထောင်စုစာရင်းထဲမှာ ရှိနေခဲ့သည်။

မမမြဆီ မသွားမီ တစ်ရက်မှာပင် ကျွန်တော့်အတွက် ဝမ်းသာစရာအကြောင်းတစ်ခု ဖန်လာသည်။

'ပရိုက်ဗိတ်တော့ မရဘူးကွာ၊ နံပါတ်နီ လေးဘီးပဲ၊ အုံနာကို တစ်နေ့ ခြောက်ဆယ်ပေးရမယ်၊ စဘော်ငါးရာတဲ့၊ အဲဒါမင်းအတွက် အဆင်ပြေဆုံးပဲ၊ ငါမို့လို့ ဒီလောက်နဲ့ရတာနော်'

'ကျွန်တော့်မှာ တီလိုင်စင်မှ မရှိတာ'

'ဘယ်တတ်နိုင်မလဲကွ၊ လောလောဆယ်တော့ ဒီလိုပဲ ကြည့်လုပ်ရမှာပေါ့၊ နောက်မှတစ်ဆင့်ရှာပေါ့ကွာ'

'အေးဗျာ ရောက်ရားပေါ့'

သို့ဖြင့် ကျွန်တော် အစ်မနှင့် ယောက်ဖဆီ အမြန်ပြေးရလေသည်။ မမမြတို့သည် ယခုအခါ နှစ်ယောက်လုံး လခစားများ ဖြစ်၍ အနောက်ရန်ကင်းတွင် တိုက်ခန်းလေး တစ်ခန်းနှင့် နေနေသည်။ ကလေးက နှစ်ယောက်။ ကျွန်တော့်ကိုမြင်တော့ သူတို့နှစ်ယောက်လုံး အံ့အားသင့်နေ

ကြသည်။ မမမြ၏မျက်နှာသည် ဝမ်းသာခြင်း ဝမ်းနည်းခြင်းဖြင့် လှိုက်လှဲ၍ နေပါသည်။

'ဂျူး၊ အဖေ အဖေနေကောင်းလားဟင်'

'နင် မေးသေးတယ်နော်'

မမမြက အံကိုကြိတ်ထားသည်။

'အေး ထားပါတော့လေ၊ နင်တို့အကြောင်းကို ငါ အားလုံးသိနေခဲ့တယ် ဂျူး၊ ငါ့အကြောင်းကိုတော့ နင်တို့မသိဘူးမဟုတ်လား၊ ဒါတွေထားပါတော့လေ၊ နင်အခု ဘာလုပ်နေလဲ'

'ငါ အခု ရန်ကုန်မှာ ကားပြန်မောင်းမလို့'

'ကားရပြီလား'

ကိုမြင့်ဆွေက မေးသည်။

'ရပါပြီ၊ ဒီမှာ အိမ်ငှားပြီးရင် မိန်းမနဲ့ကလေးကို ပြန်ခေါ်ရမယ်'

ကျွန်တော် မိန်းမရသည့် သတင်းနှင့် အခြားအကြောင်းကိုပါ မမမြ သိပြီးဖြစ်ဟန် တူပါသည်။

'အဖေ့ အခြေအနေကော ဘယ်လိုလဲ'

'အဖေလား၊ ခုတော့ သူ့မှာလဲ ရှိတဲ့ပစ္စည်း ပြောင်သလောက်ဖြစ်နေပြီ၊ ကလေးတစ်ယောက်နဲ့လေ၊ သူ့မိန်းမနဲ့ကွဲသွားတာ နင်သိတယ်မဟုတ်လား'

မမမြက ခေါင်းညိတ်သည်။

'ခုတော့ ကလေးထိန်းတဲ့မိန်းမနဲ့ ညားနေပြီ ထင်တာပဲ'

မမမြ ဘာမျှမပြော။ မမမြသည် အခြေအနေအားလုံးကိုပင် သိနေသည်။

'ငါ မေးတာ အဖေ့ကျန်းမာရေးနဲ့ စီးပွားရေးပါ၊ ငါလဲ ငါ့ဘဝကို ရုန်းကန်နေခဲ့ရတယ်၊ ဒါတွေ နင်မသိပါဘူး၊ အေးလေ ခုတော့လဲ ငါ အဖေ့ပေါ်မှာ ဝတ္တရားကျေနိုင်ဖို့ ကြိုးစားရတော့မှာပေါ့၊ ငါ အမေ့စကားကို

မမေ့ဘူး၊ အမေကတော့ အဖေ့အပေါ် ကျေးဇူးသိတတ်ဖို့ တဖွဖွမှာသွားရှာတယ်’

ကျွန်တော် အမေ့ကို သတိရပါသည်။ အမေရှိစဉ်က ကျွန်တော် အမေ့အပေါ်မှာ ဆိုးခဲ့ တေခဲ့သည်။ မမမြသည် အမေနှင့် တော်တော်တူ၏။ ကျွန်တော့်အပေါ် သည်းခံခွင့်လွှတ်မြဲ ဖြစ်သော်လည်း သူတို့ ရင်ထဲမှ ခံစားချက်ကို လှိုက်လှိုက်လှဲလှဲ ထုတ်ဖော်ပြောဆိုတတ်ခြင်း မရှိကြ။

ကျွန်တော်သည် ကားလိုင်စင်ကိစ္စ ကိုမြင့်ဆွေကို ပြောပြပြီး ပြန်ရန်ပြင်သည်။ မမမြသည် ကျွန်တော့်နောက်မှ အောက်ထပ်အထိ ဆင်းလိုက်လာသည်။ ကျွန်တော်သည် မမမြထက် အရပ်မြင့်လျက်ရှိ၏။

‘ဂျိုး’

မမမြက ခေါ်၏။ ကျွန်တော် ရပ်စောင့်နေသည်။

‘နှင့်မိန်းမနဲ့ကလေးကို ခေါ်ခဲ့ဦး၊ ငါ မမြင်ဘူးသေးဘူး’

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။ မမမြ လှေကားရင်းမှာ ငေးလျက် ကျန်ရစ်လေသည်။

# ၂

'ဒါ နောက်ဆုံးပဲ'

အဖေ၏ မရိုးနိုင်သောစကား။

အဖေသည် ကျွန်တော့်ကို နောက်ဆုံးတကာ့နောက်ဆုံးအဖြစ် ငွေတစ်ထောင် ရှာပေးရပြန်ပါသည်။ မှန်ပါသည်။ အဖေ့မှာ စီးပွားရေးလည်း ကျဆင်းလျက်ရှိပြီ ဖြစ်သဖြင့် ငွေကို ထုတ်မပေးနိုင်တော့။ ရှာကြံပေးရခြင်းသာ ဖြစ်ပါ၏။

မိန်းမနှင့် ကလေးကို ရန်ကုန်သို့ ခေါ်နိုင်ရေးအတွက် ကျွန်တော် အိမ်ရှာသည်။ ဈေးအသက်သာဆုံးအိမ်ကို ကျွန်တော်ရှာပါသည်။ တွေ့ပါသည်။ တောင်ဥက္ကလာပ၏ အစွန်ဆုံးရပ်ကွက်မှ အိမ်လေးတစ်လုံး၏ ဘေးမှ အဖီကလေး။ စဘော်ကတစ်ထောင်။

မတတ်နိုင်။ ကျွန်တော်သည် မမွေးနှင့် ကလေးကို ပြန်ခေါ်၏။ မမွေး၏အိမ်မှလည်း ပါးစပ်တစ်ပေါက်၊ ကလေးနှင့်ဆိုလျှင် ပါးစပ်နှစ်ပေါက် လျော့သွားမည့်အရေးအတွက် ဝမ်းမြောက်ဝမ်းသာ ထည့်လိုက်၏။ ကျန်သည့်

အစိတ်အပိုင်းကတော့ ထုံးစံအတိုင်း အဖေပင် တာဝန်ယူရတော့သည်။ ကျွန်တော်က ငွေနှစ်ထောင်လောက် လိုချင်သည်။ အဖေ့တွင်မရှိ။

သို့ဖြင့် ကျွန်တော်သည် ရသမျှငွေနှင့်ပင် ရန်ကုန်သို့လာရသည်။ ဥက္ကလာမှ အိမ်မှာ ကျွန်တော်တို့ စဘော်တင်မှ အိမ်ကို အနည်းငယ်ပြင်ဆင်ရဦးမည် ဆိုသဖြင့် ရန်ကုန်ရောက်ရောက်ချင်း ကျွန်တော်သည်ဆိုင်းမဆင့် ဗုံမပါ မမမြ၏ အခန်းသို့ မယားနှင့်သားကို ခေါ်သွားရလေသည်။ မမမြက ကြည်ဖြူစွာပင် လက်ခံရပါသည်။ လက်မခံလို့ကော ဖြစ်ပါမည်တဲ့လား။

ဥက္ကလာအိမ်ကို စဘော်ငါးရာပေးပြီး အိမ်ကို ပြင်ဆင်နေဆဲမှာ ကျွန်တော်ကားပြန်ဆွဲရ၏။ လေးဘီးအငှားကားကို ဆွဲရသည်မှာ ကျွန်တော်ကျင်လည်သော ပရိုက်ဗိတ်တက္ကစီ ဆွဲရသည်လောက် အားမရပေ။ ယခင်လို ကားကိုထိုးကာ ဖိမ်ကျကျနားရင်း ခရီးသည်ကို စောင့်၍မဖြစ်။ ကားကို ခါတ်ဆီအကုန်ခံကာ ဟိုမောင်းသည်မောင်း မောင်းပြီး ရှာရသည်။ တွေ့ပြန်တော့လည်း အဆင်ပြေချင်မှ ပြေသည်။

'ဘယ်သွားရမလဲ ခင်ဗျာ'

'ကမာရွတ်'

သည်တိုင်း တင်ခေါ်သွား၍ မဖြစ်သေး။ ထပ်မေးရပြန်သည်။

'ကမာရွတ် ဘယ်လမ်းလဲ'

'ဟိုမှာ တံတားဖြူ ကန်လမ်း'

'လမ်းထဲ ဝင်ပေးရမှာလား'

'ပစ္စည်းတွေ ပါတယ်ဗျာ၊ ဝင်ပေးမှ ဖြစ်မယ်'

ခက်သည်။ ထိုလမ်းမျိုးထဲကိုဝင်ရလျှင် မလွယ်။ ကားပျက်လျှင် ကျွန်တော် ရင်နာရဦးမည်။ ကားမထွက်နိုင်လျှင်လည်း ကျွန်တော် ပြဿနာတက်ရမည်။

'မလိုက်ဘူးဗျာ'

ခပ်ပြတ်ပြတ် ပြောတတ်သည်ကတော့ ကျွန်တော့် အကျင့်ပင်ဖြစ်၏။ ကားငှားသူ၏ မကျေမနပ်ရေရွတ်သံကို မျက်ကွယ်ပြုရင်း ဆက်ထွက် လာရပြန်သည်။ ရှေ့နားရောက်တော့ အမျိုးသမီးတစ်ယောက်က တား၏။

'ဘယ်သွားမှာလဲ'

'သိမ်ကြီးဈေးမှာ အထုပ်တစ်ထုပ် ဝင်ထားမယ်ရှင်၊ ပြီးတော့ စိန်ဂျွန်းဈေးမှာ အထုပ်ချ၊ ပစ္စည်းတချို့တင်၊ ပြီးတော့ ကြည့်မြင်တိုင်ခဏသွား၊ လူတစ်ယောက်ဝင်ခေါ်ပြီးတော့မှ ဘုတာကြီးကို ပြန်လာမယ်'

'ခင်ဗျားဟာတွေက အများကြီးပဲ'

'ပိုပေးမှာပေါ့ရှင့်၊ အားလုံး တစ်ဆယ်ယူ'

'ဟာ မဖြစ်ဘူး၊ တစ်ဆယ်နဲ့တော့ မလိုက်နိုင်ဘူးဗျာ'

'မလိုက်နိုင်ရင်လဲ သွားရှင်'

'ကျွန်တော် ကားကို ဆောင့်ထွက်ခဲ့၏။ များမကြာမီ ရှေ့နားတွင် မိန်းမကြီးတစ်ယောက်က တားပြန်သည်။ ကလေးတစ်ယောက်ပါ၏။

'စမ်းချောင်းရှမ်းလမ်း လိုက်နိုင်မလား'

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။

'ဘယ်လောက် ပေးရမလဲ'

'ငါးကျပ်'

'ကွယ် များလိုက်တာ၊ သုံးကျပ်ယူပါ'

'မရပါဘူးဗျာ'

'လေးကျပ်တော့ထားကွယ်'

'မရဘူး'

ကျွန်တော် ကားကို ဘီးလိမ့်၍ ထွက်စပြုသည်။

'အို နေပါဦးကွယ့်၊ ကဲ ကဲ လိုက်မယ်'

နံနက်ခြောက်နာရီမှစ၍ ကားထွက်လာသည်မှာ ယခု ခုနစ်နာရီ ကျော်ပြီ။ ကျွန်တော်သည် ဈေးဦးပေါက်အဖြစ် ငါးကျပ်နှင့် လျော့လျော့ ပေါ့ပေါ့ သဘောထားကာ ပို့ပေးလိုက်ခြင်း ဖြစ်သည်။ ရှမ်းလမ်းရောက်တော့ ရပ်မည့်နေရာ မသိသေးသဖြင့် ဖြည်းဖြည်းလိုမ့်ဝင်ခဲ့သည်။

'အဲ အဲ ရှေ့နားကျရင် ဘယ်ဘက်ကွေ့ပါကွယ်'

မိန်းမကြီးက သံဇကာနောက်မှ လှမ်းပြောသည်။ သူပြောတုန်းက ရှမ်းလမ်း။ ယခု လမ်းကြားထဲဝင်ရဦးမည်။ ကျွန်တော် ဆီဆုံလမ်းထဲ ကွေ့ဝင်ပေးရ၏။

'အဲ အဲ ရှေ့နားကျရင် ညာဘက်ထပ်ချိုးပါဦး'

ကျွန်တော် စိတ်တိုလာသည်။

'အဒေါ်ပြောတော့ ရှမ်းလမ်းဆိုဗျ၊ ကျွန်တော်က လမ်းမကြီးပေါ်တင် အောက်မေ့လို့ ငါးကျပ်နဲ့လိုက်ပို့တာ'

'မဝေးတော့ပါဘူးကွယ်၊ ရှေ့နားတင်ပါ၊ အဲ အဲ ဟိုရှေ့က ဗန်ဒါပင်အောက်မှာရပ်'

ကားပေါ်ကဆင်းပြီး ရှေ့ခန်းကို လျှောက်လာသည်။ ပိုက်ဆံအိတ်ကို ဖွင့်သည်။ ဟိုနှိုက် သည်နှိုက် နှိုက်သည်။ ပိုက်ဆံက တော်တော်နှင့် ထွက်မလာ။

'တစ်ကျပ်၊ နှစ်ကျပ်၊ သုံးကျပ်၊ အဲ နေဦး၊ ရော့ လေးကျပ်၊ အင်း အကြွေတွေပဲရှိတော့တယ်၊ ရော့ငါးမူး၊ ငါးမူးတော့ လျှော့လိုက်ပါတော့ ကွယ်၊ အကြွေမရှိတော့လို့'

'အကြွေမရှိလဲ ဆယ်တန်ပေးဗျာ'

'ဆယ်တန်လဲ မရှိဘူးကွယ့်၊ အစိတ်တန်ပဲရှိတယ်'

ကျွန်တော့်တွင် အစိတ်ဖိုးအမ်းစရာမရှိ။

ကျွန်တော်သည် စိတ်တိုတောင်းစွာဖြင့် ကားကို ဂူးခနဲ မောင်းထွက်ခဲ့ သည်။

ကျွန်တော် လက်ဖက်ရည်ပင် မသောက်ရသေး။ အုံနာခပြည့်ဖို့ ငါးဆယ့်ငါးကျပ်တောင် လိုသေးသည်။

*

မမမြ၏ အိမ်မှာ တစ်ပတ်ခန့်ကြာသွားသည်။ အိမ်ခန်းတစ်ခန်းသာရှိသော မမမြ၏ အခန်းကျဉ်းလေးတွင် ကျွန်တော်တို့ ကျပ်တည်းစွာနေရပါသည်။ ညကျလျှင်အိမ်ရှေ့မှ ကုလားထိုင်များကို ဖယ်ရှား၍ အိပ်ရသည်။ မမမြသည် ယခုအခါ တက္ကသိုလ်တွင် နည်းပြဆရာမလုပ်နေသော်လည်း နှစ်ယောက်လုံး လခစားသမားများပီပီ ချောင်လည်လှသည်တော့ မဟုတ်ပေ။ ကျွန်တော့်မှာလည်း အိမ်စဘော်တင်ရန် ငါးရာ ကျန်သေးသည့်အတွက် ပြည့်အောင် ရှာနေရသည်။ အဖေက တစ်ထောင်ပေးလိုက်သော်လည်း ပြောင်းရွှေ့ရသည့်အတွက် စရိတ်စကနှင့် ကားအတွက်စဘော်ကိုလည်း တောင်းတောင်းပန်ပန်နှင့် နှစ်ရာပေးထားနှင့်ရသေးသည်။ မမမြတို့အိမ်တွင် ထမင်းစားနေရသည်ကို ကျွန်တော် အဝင်မဖြောင့်ပါ။ သည်ကြားထဲ ကလေးကလည်း နေမကောင်းသဖြင့် အလွန်ပင် စိတ်ပျက်ဖွယ် ကောင်းလှပေသည်။ သို့သော် ကျွန်တော်တို့ဘယ်မှ သွားနေစရာမရှိ။

ရက်ကြာလာတော့ အခြေအနေမှန်ကို မမမြ သိသွားသည်။ မမွေးက ပြောပြ၍ ဖြစ်ပါသည်။

'နင်တို့ ဥက္ကလာအိမ်က ပြင်လို့ပြီးပြီလား'

မမမြက မေး၏။

'အေး'

'စဘော်ပေးဖို့ ဘယ်လောက်ကျန်သေးလဲ'

'ငါးရာ'

'ငါ လကုန်တော့ရုံးက ချေးပေးမယ်'

ကျွန်တော်တို့ ဉက္ကလာအိမ်ကို ရွှေ့ကြရ၏။ အိမ်ရှင်ကို လကုန်လျှင် ငွေငါးရာ ထပ်ပေးမည့်အကြောင်း ပြောပြသည်။

ကျွန်တော်သည် တစ်နေ့ကုန် တစ်နေ့ခမ်း ကားမောင်း၍ အုံနာခ ခြောက်ဆယ်၊ ဓာတ်ဆီဖိုး၊ အင်ဂျင်ဝိုင်ဖိုးနုတ်ပြီး သုံးဆယ် လေးဆယ် တစ်ခါတစ်ရံ ငါးဆယ်ခန့် ကျန်တတ်ပါသည်။ ကျွန်တော် မနက်ပိုင်း လက်ဖက်ရည်သောက်တာ၊ ဆေးလိပ်ဝယ်တာနှင့် မနက်စာစားတာ နုတ်လိုက်သော် သုံးလေးဆယ်ခန့်ကျန်သည်။ ညနေ ကျွန်တော်သောက်တာ နုတ်သော် နှစ်ဆယ် အစိတ်ခန့်ကျန်သည်။ ထိုငွေကို မိန်းမကို ပေးရသည်။ တစ်ခါတစ်ရံ ပိုသည့်ရက်ရှိလျှင် သပ်သပ်ဖယ်ထားပြီး ကားစဘော်ငွေ လိုတာကို ဖြည့်ပေးရန် စုရသည်။ သည်လိုနှင့်ပင် ကျွန်တော်တို့ဘဝသည် တလည်လည် ဖြစ်နေပြန်လေသည်။

ယခင်က ကျွန်တော့်မိဘ၊ မမွေးမိဘ အိမ်တွင် နေစဉ်ကတော့ ငွေနှစ်ဆယ် အစိတ်သည် သုံး၍လောက်၏။ ယခု ဆီကအစ ဆန်ကအစ လက်လီဝယ်စားနေရသည့် ဘဝတွင် မည်သို့လျှင် လောက်ငနိုင်ပါမည်နည်း။ ပြီးတော့အရေးထဲမှာ မိန်းမက နောက်ထပ်ကိုယ်ဝန်ရှိပြန်သည်။ 'တော်တော် အသုံးမကျတဲ့ မိန်းမ' ကျွန်တော်သည် မဆီမဆိုင် မိန်းမကိုပင် ကျိန်ဆဲမိ လေ၏။

လခထုတ်ရက်တွင် မမွေးက မမြဆီမှ ငွေငါးရာ သွားယူသည်။ မမွေးက ကျွန်တော်သင်ပေးလိုက်သည့်အတိုင်း မမြကို ပြောသည်။

'ကျွန်မတို့ တတ်နိုင်သလောက် တစ်လ ငါးဆယ်ဖြစ်ဖြစ် ဆပ်ပါ့ မယ် အစ်မ၊ အိမ်စဘော်စာချုပ်ကို အစ်မ ယူထားပါ'

'နေပါစေအေ၊ ငါ့ဆီမှာ ပျောက်သွားလိမ့်မယ်၊ နင်တို့ဘာသာ သိမ်းထား'

မမြက မမွေးနှင့် ကလေးအတွက် အင်္ကျီဟောင်း၊ လုံချည်ဟောင်း၊ ပန်းကန်လုံးလေးတွေ စသည်ဖြင့် တတ်နိုင်သမျှ စုဆောင်းပေးလိုက်သေး

သည်။ ကျွန်တော့်ဘဝတွင် အကြွေးဆပ်စရာတစ်ယောက် တိုးရပြန်ပြီ။ တစ်ယောက်က အဖေ၊ တစ်ယောက်က မမမြ။ ကျွန်တော့်ဘဝတွင် တင်ရှိသည့် မွေးကျေးဇူးတွေ။

ယခုအခါ ကျွန်တော်သည် အိမ်ထောင်သည်တစ်ယောက်အနေဖြင့် ဘဝကို လက်တွေ့အကျဆုံး ရန်းကန်ရင်ဆိုင်နေရပြီဖြစ်ရာ အတော်အတန်ပင် ရင့်ကျက်၍ လာခဲ့ပါပြီ။ ယခုအခြေအနေမှာ ကျွန်တော်သည် နောက်ဆုတ်၍ မရသေးသော အပြစ်တစ်ခုမှာ အရက်သောက်ခြင်းပင် ဖြစ်၏။ ကျန်သည့်အစိတ်အပိုင်းမှာ ကျွန်တော်သည် တတ်စွမ်းသမျှ ရန်းကန်လျက်ရှိပါ၏။ သို့သော် အခြေခံမရှိသော လူတစ်ယောက်အဖို့ ဘဝကို တိုးဝင်ခြင်းအမှုသည် လွယ်မယောင်နှင့် နက်လှပေသည်။

ကျွန်တော့်အတွက် ငွေသည် အမြဲလိုလျက်ရှိရာ ငွေကို ကြိုးစားပမ်းစား အားထုတ်ရှာဖွေနေရလေ၏။ ကားကို လမ်းပေါ်တွင် တစ်နေကုန်လျှောက်မောင်းနေရုံနှင့် တွက်ချေမကိုက်သဖြင့် ကျွန်တော်သည် တစ်ယောက်တစ်ကျပ်ဖြင့်တင်ရသော တာမွေလိုင်း၊ ရထားဆိုက်ချိန် ဘူတာကြီး၊ သင်္ဘောဆိုက်ချိန် သင်္ဘောဆိပ် စသည်ဖြင့် အကွက်စေ့အောင် ပြေးလွှားနေရလေသည်။ တစ်ခါတစ်ရံ ဆေးရုံကြီး၊ ကလေးဆေးရုံ စသည်ဖြင့် လှည့်သွားရသည်။ ထိုသို့ နေရာမလပ် အကွက်စေ့အောင် သွားနိုင်ပါမှ တွက်ချေကိုက်တော့သည်။ တစ်ခါတစ်ရံ နေ့လယ် တစ်နာရီ နှစ်နာရီအထိ ကျွန်တော် နံနက်စာ မစားရသေး။

မမမြ၏ ကြွေးကို ဆပ်နိုင်ဖို့ဝေးစွ။ ကားစဘော်ငွေပင် မပြည့်နိုင်သဖြင့် မျက်နှာပူနေရသည်။ သည်ကြားထဲ ကျွန်တော့် ကားလိုင်စင်က အငှားလိုင်စင်မဟုတ်၍ မော်တော်ပီကယ်မှ စစ်ဆေးနေသည်ကို မြင်တိုင်း ကျွန်တော် ခွေးပြေးဝက်ပြေး ပြေးရပြန်သည်။ မလွယ်ကူသည့်ဘဝ။

တစ်ခါတစ်ရံ ကိုယ့်ထမင်း ကိုယ်ရှာစားရသည့်အပေါ် မိုက်ကြေးခွဲတာမျိုးကိုလည်း ခံရသေး၏။

ကျွန်တော်တို့သည် ဘူတာကြီးတို့၊ သင်္ဘောဆိပ်တို့မှာ စောင့်၍ တင်သည့်အခါ ခရီးသည်ကို 'လာပါခင်ဗျာ၊ ကားငှားမယ်၊ ဘယ်သွားမလဲ၊ ကားရှိပါတယ်၊ လာပါ လာပါ'ဟူ၍ လက်မဆွဲရုံတမယ် ခေါ်လာပေးတတ်သော ဧည့်ကြိုကောင်လေးတွေကို မလွှဲမရှောင်သာ ရင်ဆိုင်ရသည်။ သူတို့ ခေါ်လာပေးသဖြင့် ခရီးသည်ကို မြန်မြန်ရသည်လည်း ရှိပါ၏။ တစ်ခါတစ်ရံ သူတို့ ခေါ်လာမပေးလည်း သွားမည့်သူက ကားရှိရာ လာရောက်ငှားရမ်းမြဲဖြစ်သော်လည်း သူတို့တစ်တွေ၏ ကာဆီး ကာဆီးလုပ်မှုကြောင့် ခရီးသည်က ဖြောင့်အောင်မလာရတော့ဘဲ သူတို့ဆွဲခေါ်ရာသို့သာ လိုက်ပါရသည်လည်း ရှိ၏။ မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့က ထိုဧည့်ကြိုလေးတွေကို တစ်ကျပ်နှစ်ကျပ်တော့ မ စ လိုက်ရသည်သာ ဖြစ်သည်။

ကျွန်တော် သင်္ဘောဆိပ်မှာထိုးတိုင်း ပြဿနာပေါ်သည်။ ကျွန်တော်က ကားကို ခရီးသည်တွေဆင်းလာမည့် နေရာမှာ အသင့်ရပ်ထားသည်။ သို့သော် ထုံးစံအတိုင်း ခရီးသည်က ဖြောင့်အောင်မလာနိုင်။ သူ့ဘာသာ လာနေပါလျက် ကောင်လေးတွေက လက်ဖြင့် ကာဆီးထားသည်။

'ဘယ်သွားမှာလဲ ဆရာ၊ သုံးဘီးယူမလား၊ လေးဘီးရှိတယ်၊ ဘယ်သွားမှာလဲ၊ ကားငှားမှာမဟုတ်လား၊ ရမယ်လေ၊ လာ လာ ဒီကိုလာ'

သူ့ဘာသာလာနေသူကိုပင် သူတို့က အနားကို အတင်းကပ်ပြီး ကားထဲရောက်အောင် တွန်းပို့၏။ ပြီးတော့ ကျွန်တော့်ဆီက ပိုက်ဆံတောင်းသည်။ ကားစီးမည့်သူက ကျွန်တော့်ဆီ တိုက်ရိုက်လျှောက်လာပြီး ငှားရမ်းနေသည်မှာ အထင်အရှား။ ခံရပါများတော့ ကျွန်တော် စိတ်တိုသည်။

'မပေးနိုင်ဘူးကွာ၊ မင်းတို့ကလဲ ရလေလိုလေပဲ၊ ဟိုက သူ့ဟာသူ လာတာကို'

'ကျွန်တော် ခေါ်လာတာပါဗျ'

'သူ့ဟာသူလာတာ ငါ မြင်ပါတယ်ကွာ၊ မင်းက အတင်းလိုက်ကပ်နေတာ'

ခရီးသည်ကတော့ စာရင်းမရှုပ်လိုဟန်ဖြင့် ဘာမျှဝင်မပြော။ သည်တွင် ကောင်လေးတွေ အားလုံးအပေါ် ခေါင်းပုံဖြတ်စားနေသော ဂင်တိုတို လူတစ်ယောက် အနားသို့ကပ်လာသည်။ ကျွန်တော်သိပါသည်။ ထိုသူက ကားအားလုံးကို သူတို့ခေါ်ပေးသည့်လူကိုတင်မှ ကြိုက်သည်။ ပြီးတော့ ကောင်လေးတွေရမည့် ပိုက်ဆံထဲမှ သူက ကြားဖြတ်ယူသည်။

'ဟေ့လူ ဒီမှာ၊ ခင်ဗျား စည်းကမ်းနားမလည်ဘူးလား၊ ပေးလိုက်ပါ'

ထိုသူက လူမိုက်ဂိုက်ဖမ်း၍ ပြော၏။ ကျွန်တော်သည် မိုက်ကန်းကန်းလုပ်ရမှာ ကြောက်သူမဟုတ်ချေ။ သို့သော် ယခုအချိန်တွင် ကျွန်တော် ပြဿနာမဖြစ်ချင်ပါ။ ပြဿနာဖြစ်လျှင်နောက်ထပ် ပြဿနာတွေ တစ်ပြုံကြီးလိုက်လာမည်ကို ကျွန်တော်သိနေသည်။ သို့သော် ကျွန်တော့် စိတ်ထဲမှာတော့ အတော်ပင်ခံပြင်းမိ၏။ အလျှော့မပေးချင်။

'ဘာဖြစ်လို့ပေးရမှာလဲဗျ၊ မဆိုင်တာ'

ထိုလူက ကျွန်တော့် ကားရှေ့ခန်းကို ကပ်ကာ ကားပေါ်မှာ လက်ထောက်လျက် ကျွန်တော့်ကို စေ့စေ့ကြည့်သည်။ သူ မူးနေပုံရ၏။ ကျွန်တော် မမူးသဖြင့် တစ်ပန်းရှုံးနေသည်။

'မပေးရင် ခင်ဗျားကား မထွက်ရဘူး၊ ခင်ဗျား ဒီနေရာမှာ လာမရင့်နဲ့'

'မပေးဘူးဗျာ၊ မပေးတော့ ဘာလုပ်ချင်လဲ'

'ခင်ဗျား ကားထဲက ထွက်ခဲ့ပါ'

'မထွက်ဘူးကွာ'

ခါတိုင်းလိုသာဆိုရင်ဖြင့် ကျွန်တော်သည် တွေ့ရာပစ္စည်းတစ်ခုခုကို ကိုင်၍ ထွက်သွားမည်သာ ဖြစ်၏။ ယခု ကျွန်တော့်ဒေါသကို အများကြီး ချုပ်တည်းထားပါသည်။

'မင်း ဒီလိုအချိုးမျိုးနဲ့ဆို နောက် ဒီနေရာမှာလာလုပ်စားလို့မရဘဲ ဖြစ်သွားမယ်'

'ဘာဆိုင်လဲဗျ၊ ကျုပ်အလုပ် ကျုပ်လုပ်တာပဲ၊ ခင်ဗျားက သက်သက် မိုက်ကြေးခွဲတာ'

'မင်း ဘာလို့ ဟိုကောင်လေးကို ပိုက်ဆံမပေးတာလဲ၊ မင်းကားကို သူခေါ်ပေးတာ၊ ဒါစည်းကမ်းကွ၊ မင်း နားမလည်ဘူးလား'

'သူခေါ်ပေးတာမှ မဟုတ်ဘဲ'

ကောင်လေးက အနားမှာသာ ရပ်ကြည့်နေသည်။

'ဟေ့ကောင်၊ မင်းခေါ်ပေးတာ ဟုတ်သလား မဟုတ်ဘူးလား'

သူက ကောင်လေးဘက် လှည့်မေးသည်။

'ဟုတ် ဟုတ် ဟုတ်ပါတယ်'

'တောက်'

ကောင်လေးက ထစ်ထစ်ငေါ့ငေါ့ဖြေသည်။

ကျွန်တော်သည် စိတ်ကို ချုပ်တည်းရင်း ကောင်လေးဆီသို့ ကျပ်ပြားစေ့နှစ်စေ့ ပစ်ပေးပြီး ထွက်ခဲ့ရပါသည်။

ထိုလူကြီးသည် ကောင်လေးဆီမှ ကျပ်ပြားစေ့နှစ်စေ့ကို လှမ်းယူကာ သူ့အိတ်ထဲထည့်ရင်း မျက်ထောင့်နီကြီးဖြင့် ကျန်ရစ်လေသည်။

လောကကြီးကား ဒေါသဖြစ်စရာတွေ ပြည့်လျှမ်းနေချေ၏။

*

အိမ်ကမိန်းမ မရွှေဗိုက်က လရင့်လာတော့ အိမ်မှာ ကလေးတစ်ယောက်နှင့် မနိုင်မနင်း ဖြစ်လာသည်။ တစ်ခါတစ်ရံ ကလေးနေမကောင်းလျှင်သော်လည်းကောင်း၊ မိန်းမ နေမကောင်းလျှင်သော်လည်းကောင်း ကျွန်တော် ကားထွက်ရက် ပျက်ပါသည်။ ထိုအခါ တစ်ရက်ပိုက်ဆံမရလျှင် မရမှန်း သိသိပင် ထိခိုက်တတ်ပါသည်။ ငွေကလည်း အသုံးကိုမခံ။ သည်လိုနှင့်ပင် တပိန်ပိန် တလိမ်လိမ် နေလာရ၏။ မိန်းမက မွေးဖွားရက်နီးလာသည်။

လက်ထဲတွင် ငွေပိုငွေလျှံလည်း မရှိ။ ကားတွေကလည်း လိုင်စင်အစစ်အဆေး များလာလေရာ ကျွန်တော့်မှာ ပြေးနေရသည်ကသာ များသည်။ တစ်ခါတစ်ရံ ကျွန်တော် စိတ်ဓာတ်ကျလွန်းသဖြင့် ကားထွက်မမောင်းဖြစ်ချေ။ ကားက တော့ ကျွန်တော် မထွက်လျှင် အခြား ကြားပေါက်ယူမောင်းမည့်သူက အသင့်ရှိသည်။

'ကျုပ်ကို ဒီတစ်ပတ်ထဲမှာ မွေးမယ်လို့ ဆရာမကပြောတယ်တော့၊ ကလေးမျက်နှာမြင်တော့ ဆရာမကို လက်ဆောင်လေး ဘာလေး ပေးဖို့ ရှိသေးတယ်၊ ကလေးအနီးကအစ ဘာမှလဲ အသင့်မဖြစ်သေးဘူး ကြံစမ်း ပါဦးတော့'

မိန်းမက နားပူသည်။ ရန်ကုန်မြို့ပေါ်မှာ ဝတ်ပြီဆိုတော့ တောမှာ ထက် ပိုဆိုး၏။ ကျွန်တော်သည် မမမြဆီကို သူ့အကြွေး မဆပ်နိုင်မချင်း မသွားတော့ဟု ဆုံးဖြတ်ထားသော်လည်း မမွေးကို လွတ်လိုက်ရပြန်ပါသည်။ မမမြဆီက ငွေတစ်ရာခန့် ထပ်မံချေးရန် ဖြစ်၏။

'ငါ့မှာလဲ လက်ထဲမှာ ငွေပိုငွေလျှံရှိတာ မဟုတ်ဘူးတဲ့၊ အရင်ပေး ထားတဲ့ ငွေငါးရာကိုတောင် ကိုမြင့်ဆွေရုံးက ချေးပေးတာ၊ ခု တစ်လ သုံးဆယ်ဆပ်နေရတယ်တဲ့၊ ကလေးအနီးအဟောင်းတွေနဲ့ အင်္ကျီတွေတော့ ပေးလိုက်တယ်၊ ဆပ်ပြာက နှစ်တောင့်'

မမွေးပြန်လာသောအခါ ကြားရသောစကား ဖြစ်ပါသည်။

ကျွန်တော်သည် နေ့စေ့လစေ့ဖြစ်သော မမွေးကို အိမ်နီးနားချင်း ထံတွင် အပ်နှံကာ ကားထွက်မောင်းရပြန်လေသည်။ ရသမျှကို အရက်ပင် လျှော့သောက်ပြီး ခြိုးခြံကာ မီးဖွားစရိတ်အတွက် ပြင်ရဆင်ရသည်။ ကား ထွက်မောင်းရသော်လည်း အစစ်အဆေးတွေကို ရှောင်တိမ်းနေရသဖြင့် ငွေသိပ်မရ။ မိုးကျလာပြီဖြစ်၍ မိုးရွာသောနေ့ဆိုလျှင်လည်း ငွေမရပြန်။

သည်လိုနှင့်ပင် မမွေးတစ်ယောက် ဒုတိယမြောက် ရင်သွေး တစ်ယောက်ကို မွေးပြန်လေသည်။ ရန်ကုန်သူလေး။ ကျွန်တော်သည်

ပိုမိုဖိစီးလာသော တာဝန်တွေအတွက် ရုန်းရပြန်ပါသည်။ ယခုမှပင် ကျွန်တော်သည် အဖေ အမေတို့၏ ဘဝဝဋ်ကြွေးကို ကောင်းကောင်းလည် လေပြီ။ အခါလည်ကျော်သာရှိသေးသော ကျွန်တော့်သားသည် သူ့အမေ ထက် ကျွန်တော့်ကိုသာ ပို၍ ခင်တွယ်၏။ ကျွန်တော့်သားကို ကျွန်တော် ချီပိုးရတိုင်း ကျွန်တော် ငယ်ငယ်က အဖေအမေနှင့် မမမြတို့အပေါ် အနိုင်ကျင့်ခဲ့သည်ကို သတိရပါသည်။ ယခုတော့ ကျွန်တော်သည် သား သမီးကို မဆိုထားနှင့် ဘာမျှ အသုံးမကျဟု ကျွန်တော်ယူဆသော ကျွန်တော့် မိန်းမကိုပင် ခင်တွယ်စွာ ပေါင်းသင်းနေရပြီ မဟုတ်ပါလား။

မီးနေသည်မိန်းမကို ပြုစုမည့်သူ မရှိ၍ ကျွန်တော် အလုပ်ပျက်ရ ပြန်ပါသည်။ နောက်တော့လည်း မတတ်နိုင်။ မိုးလင်းလျှင် ထမင်းတစ်လုံး ဟင်းခါးတစ်အိုး တည်ပေးခဲ့ပြီး ကျွန်တော် ကားမောင်းထွက်ရသည်။ ကျွန်တော်သည် တစ်ဖက်က ပိုက်ဆံရှာ၊ တစ်ဖက်က ထမင်းဟင်းချက်သော အလုပ်ကို လုပ်နေရသည်ကိုများ အဖေတို့ မမမြတို့ မြင်လျှင် မည်မျှအံ့သြ လိမ့်မည် မသိပေ။ တစ်ခါတစ်ရံ ကျွန်တော့်ကိုယ် ကျွန်တော်ပင် အံ့သြ မိ၏။ အလွန် ဆိုးသွမ်းသောသူတို့သည် အလွန်လိမ်မာသောသူ ဖြစ်လာ တတ်သည်ဆိုသည့် စကားသည် မှန်နိုင်ပါသည်။ သို့သော် ကျွန်တော် လိမ်မာပြီဟူ၍တော့ မဆိုနိုင်သေးချေ။

ကျွန်တော်သည် ဆင်းရဲခြိုးခြံစွာ နေထိုင်ရသည့်ဘဝကို ကြာရှည် သည်းမခံနိုင်ပေ။ ကျွန်တော်သည် အလုပ်အကိုင် ပိုမိုအဆင်ပြေစေရန် ကြံရဖန်ရပြန်ပါသည်။

'ဒီကားနဲ့ ကျွန်တော်နဲ့မဖြစ်ဘူး ကိုလှိုင်ဘွား၊ မော်တော်ပီကယ် ကြောက်လို့ ပြေးရတာနဲ့ပဲ ကျွန်တော် ပိုက်ဆံကို မရဘူး၊ ရပြန်တော့လဲ အံ့နာခနဲ့ ဓာတ်ဆီဖိုးနဲ့ ကုန်တာပဲဗျာ၊ ကျွန်တော်ပရိုက်ဗိတ် တက္ကစီပဲ ဆွဲချင်တယ်'

'ငါလဲရှာနေတာပဲကွ၊ ရရင်ပြောမှာပေါ့၊ ဒါထက် မင်းဆရာချစ်ထွန်းနဲ့ မတွေ့ဘူးလား၊ ငါကတောင် မင်း ပြန်ရောက်နေကြောင်း ပြောပြလို့ သူက တွေ့ချင်တယ် ပြောတယ်'

ကျွန်တော် ဆရာချစ်ထွန်းကို သတိရပါသည်။ သို့သော် ယခုအချိန်မှာ ကျွန်တော့်ကိုတွေ့လျှင် သူ့ဝသီအတိုင်း ပိုက်ဆံချေးမည်ကို ကျွန်တော် ကြောက်နေသည်။ ကျွန်တော့်ဘဝ တစ်သက်တာတွင် ယခုအချိန်သည် ငွေကြေးအတွက် အရေးကြီးဆုံးအချိန် ဖြစ်လေသည်။

သို့သော် ကျွန်တော်သည် ဆရာချစ်ထွန်းကို သွားတွေ့ရန် ဆုံးဖြတ်ရပါသည်။ သူ့ဆီသွားလျှင် ကျွန်တော့်အတွက် အလုပ်အကိုင်အခွင့်အလမ်းလေးများရနိုင်သည်။ တစ်နေ့ ကျွန်တော်သည် တာမွေလိုင်းကိုဆွဲပြီး အဝိုင်းတွင် ခရီးသည်များကို ချကာ သူ့ဆီဝင်သည်။ ကျွန်တော် ဝပ်ရှော့ရှေ့ကို ရောက်သည်နှင့် သူ မှတ်မိနေပါသည်။ ကားတစ်စင်းအောက်တွင် ဝင်နေရာမှ ချက်ချင်းထွက်လာပါသည်။

'ဟေ့ကောင် ဂျိုး၊ မင်း ရန်ကုန်ရောက်နေတာ ကြာပြီဆို၊ ငါမျှော်နေတာ ဘာလို့ မလာတာလဲ'

သူသည် စက်ဆီများကို အဝတ်နှင့်သုတ်ပြီး လက်ဖက်ရည်ဆိုင်သို့ လိုက်လာလေသည်။ ကျွန်တော်က ကျွန်တော့်အကြောင်းကို အကျဉ်းရုံး ပြောပြလိုက်သည်။

'ဩော်၊ မင်းက သားနဲ့ မယားနဲ့တောင် ဖြစ်နေပြီကိုး၊ ဒီမှာ မင်း လုပ်ချင်ရင် တစ်ခုတော့ရှိတယ်၊ ကားကို တစ်ဆင့်ပြန်ယူမောင်းရမယ်၊ ဒီလိုလေ ကားကိုတစ်ယောက်က စဘော်တင်ပြီး ဆွဲထားမယ်၊ အုံနာခကို သူပေးမယ်၊ အဲ မင်းကမောင်း၊ တစ်ခေါက်ထွက်ပြီးရင် မင်းက သုံးပုံတစ်ပုံယူ'

'ဟာဗျာ'

'ဘာပဲဖြစ်ဖြစ်လေ ကိုက်ပါတယ်ကွာ၊ မထွက်ရတော့လဲ မင်း ပူစရာမရှိဘူး၊ သူက တခြားလူကို လှည့်ပေးချင်ပေးမယ်၊ သူကိုယ်တိုင် ဆွဲချင်ဆွဲမယ်၊ မင်း ဆွဲလို့ရသလောက်က မင်းအတွက် သေချာတာပဲ၊ တချို့တွေ သုံးလေးဆယ်တော့ ရနေတာပဲကွ၊ ကိုယ့်မိတ်ရှိရင် ရှိသလို အပိုရတော့လဲ ကိုယ့်အိတ်ထဲဝင်တာ၊ သူက ဂိတ်ကထွက်တဲ့အချိန်ကိုသာ မှတ်ပြီးယူတာ'

'အေးဗျာ လုပ်ကြည့်ဦးမယ်'

ကျွန်တော်သည် ပရိုက်ဗိတ်တက္ကစီဆွဲစဉ်က မိတ်ဆွေဟောင်းများ ရှိနေ၍ ထိုဘက်ကိုသာ စိတ်သန်နေပါသည်။ အငှားလေးဘီးမောင်းရသည့် ဘဝကိုလည်း ကျွန်တော် စိတ်ကုန်နေပြီ။

ကျွန်တော် ဆရာချစ်ထွန်းနှင့် ထပ်မံတွေ့ဆုံရန် ချိန်းဆိုလိုက်သည်။ ဆရာချစ်ထွန်းသည် ကျွန်တော့်ကို ကားနားအထိ လိုက်ပို့သည်။ သူ ကျွန်တော့်ကားတံခါးကို သေသေချာချာပိတ်ပြီး ကျွန်တော့်ကို ငုံ့ကြည့် နေသည်။

ကျွန်တော် အိတ်ထဲမှ ငါးကျပ်တန်တစ်ရွက်ကို ထုတ်ပေးလိုက်ရ လေသည်။

# ၃

ကျွန်တော့်ဘဝသည် နိမ့်လိုက် မြင့်လိုက်ဖြစ်၏။ ယခု ကျွန်တော့်လက်ထဲတွင် ငွေရွှင်နေသည်။ ရွှင်ရသည့်အကြောင်းက ရှိ၏။ ကားပြန်ကောင်းပြီး များမကြာမီပင် ကျွန်တော်သည် မိတ်ဆွေသစ်တစ်ဦးကို ရရှိ၏။ ထိုလူက ရန်ကုန်မြို့ပေါ်မှ တကယ့်ပျံကျသမား ဖျံ။ လောလောဆယ် သူ့အလုပ်မှာ နာမည်ကြီး ကစားဝိုင်းများကို အမှီပြုကာ စီးပွားရှာနေသူဖြစ်သည်။ ဘယ်နေ့ ဘယ်နေရာမှာ ဝိုင်းရှိသည်ဆိုသည်ကို သူက အကွက်စေ့အောင် သိသည်။ ထိုနေရာတွေကိုရောက်အောင် သူက ဦးဆောင်၍ ထိုးသားတွေကို ပို့ပေးသည်။ သူလည်း ဝင်ကစားသည့်အခါ ကစားသည်။ သူ့အတွက် ကစားဝိုင်းဒိုင်များကပေးသောငွေနှင့် သူ ဒလန်ဝင်လုပ်၍ရသော နိုင်ငွေသည် သပိတ်ဝင် အိတ်ဝင်။ များသောအားဖြင့် လေးကောင်ဂျင်ဝိုင်းများ ဖြစ်လေသည်။ သူသွားလိုရာကို ကျွန်တော်က ပို့ပေးရသည်။ ကျွန်တော့်အတွက် တစ်နာရီ ဆယ့်ငါးကျပ် နှစ်ဆယ်ရသော အော်ဒါမျိုးထက် သူနှင့် တစ်နေကုန်လိုက်ရလျှင် ကားခရော အပိုဆုငွေပါ လောက်လောက် လားလား ရတတ်လေသည်။

ကျွန်တော်သည် ကလေးတွေနှင့် မိန်းမအတွက်ချန်ပြီး ကောင်းကောင်းသုံးသည်။ ကောင်းကောင်းစားသည်။ ကောင်းကောင်းသောက်သည်။ ကျွန်တော်လိုချင်သည့် အနေအထားသည် ထိုအနေအထားမျိုးပင် ဖြစ်၏။ ကျွန်တော်နေချင်သည့် ဘဝသည် ထိုဘဝမျိုးပင်ဖြစ်သည် မဟုတ်ပါလား။

သို့သော် ကျွန်တော်ကား ငြိမ်ငြိမ်နေတတ်သူမဟုတ်ပေ။ ကျွန်တော်သည် သူတို့ကို ပို့ပေးပြီး အတော်ကြာအောင် ကားကိုရပ်၍ စောင့်နေရသည် ဖြစ်ရာ ကြာတော့ ငြီးငွေ့လာသည်။ ပြီးတော့ ထိန်းချုပ်ထားရသော ကျွန်တော့်ဗီဇက ကြွလာသည်။ တစ်ခါတလေပဲဟူသော သဘောဖြင့် ကျွန်တော် ဝင်ကစားသည်။ နိုင်သည့်အခါ နိုင်သည်။ ရှုံးသည့်အခါ ရှုံးသည်။ ကျွန်တော်ပျော်၏။ ကျွန်တော် အတောင့်တဆုံးသော ဘဝမျိုးကို ကျွန်တော်ရပြီ။ ကျွန်တော့်တွင် နောင်တဟူသည့် ဝေါဟာရမရှိ။

ထိုအတောအတွင်း ကျွန်တော်သည် အဖေ့ဆီသို့ပင် တစ်ခေါက်ပြန်ကာ အရက်ပုလင်းနှင့် စားစရာများ ပို့လိုက်ပါသေးသည်။ မမမြဆီကလည်း ငွေပို့ကြောင်း အဖေက ဝမ်းသာအားရ ပြောပါသည်။ ကျွန်တော် အဖေ့ဆီမှာ ခေတ္တသာနေပြီး ပြန်လာသည်။ အဖေနှင့် ဟိုမိန်းမကြီးကို ကြည့်မရသောကြောင့် ဖြစ်လေသည်။

မမမြ အကြွေးကိုတော့ ကျွန်တော် မဆပ်နိုင်သေးပါ။ ကျွန်တော် ငွေငါးရာ လုံးခနဲပိုက်မိသည့်အခါဟူ၍ မရှိသောကြောင့်ပင် ဖြစ်ပါသည်။ မမမြကလည်း ကျွန်တော့်ဆီမှ ပြန်မရလျှင်ရှိစေ၊ နောက်ထပ်မပေးရလျှင် ကျေးဇူးတင်သည့် သဘောကို ဆောင်နေပေ၏။

အခိုက်အတန့်အားဖြင့်တော့ ကျွန်တော့်ဘဝ ဖြောင့်ဖြူးနေပြန်လေသည်။

*

'ဂျိုး အခြေအနေမကောင်းဘူးကွာ၊ အခု ဂဠုန်စနေပြီ ခဏတော့ ငြိမ်နေမှ ဖြစ်မယ်'

အခိုက်အတန့်အားဖြင့် ကျွန်တော်တို့သည် ကစားဝိုင်းများကို ရှောင်နေကြရသည်။ ထို့ကြောင့် ကျွန်တော်သည် ကားကို ဗိုလ်ချုပ်ဈေးရှေ့မှာ ထိုး၏။ ကားတွေက ပေါလှသဖြင့် သိပ်တော့အဆင်မပြေပေ။ ကျွန်တော်တို့ ပရိုက်ဗိတ် တက္ကစီတွေကိုလည်း ဘယ်နေ့ဆွဲမလဲမသိ။ ကျွန်တော်၏ ဗိုက်သည် နဲ့သမားပါးစပ်လို ဖောင်းရာမှ ပိန်ရပြန်သည်။ ကျွန်တော် သိပ်တော့ မကြောက်တော့။ ရန်ကုန်မှာ ပြန်လည်၍ ကျင်လည်ရခြင်းကို ကျွန်တော် ကျေနပ်နေသည်။ ဗိုလ်ချုပ်ဈေးရှေ့မှာ ရှင်းတော့ လင်းတော့မလို ရုတ်ရုတ်သဲသဲ ဖြစ်သောအခါ ကျွန်တော်တို့ စဥ့်အိုးတန်းဘက်ကို ပြေးကြ ပြန်လေသည်။ ထိုနေရာမှာ ကျွန်တော် ကျင်မောင်နှင့် ရင်ဆိုင်တိုးရသည်။

ကျင်မောင်သည် ကျွန်တော့်လိုပင် တဇွတ်ထိုး မိုက်ကန်းကန်း သမား ဖြစ်၏။ ပြီးတော့ အရက်သမား။ ကျွန်တော် အရက်သောက် သော်လည်း အရက်သမားကို ကျွန်တော် မုန်းသည်။ ရယ်ဖွယ်ပင်။ ပြီးတော့ ကျင်မောင်သည် ကျွန်တော် သူတို့နေရာ ရောက်သွားခြင်းကို မလိုလားသောအကြည့်ဖြင့် အမြဲကြည့်သည်။

ယခင် ကျွန်တော်တို့ ဘုန်းကြီးလမ်းဘက်မှာ ဂိတ်ထိုးခဲ့စဥ်က တော့ ကားသမားများသည် အစုအဝေးဖွဲ့ကာ အပေးအယူနှင့် လုပ်ခဲ့ကြ သည်များ ရှိခဲ့ကြ၏။ လူစိမ်းတစ်ယောက်ဝင်ဖို့မလွယ်။ ယခု အခြေအနေ မှာတော့ နေရာလည်း သိပ်ပြီး အတည်တကျ သတ်မှတ်၍ မရ။ လည် သလို သင့်သလို လုပ်ကိုင်နေကြသည်မို့ ကိုယ့်သဘောနှင့်ကိုယ် အဆင်ပြေ သလို လုပ်ကြရသည်ချည်း။ သည်တော့ ကျွန်တော် သူ့ကိုလည်း အောက်ကျို့မခံနိုင်။ ကျွန်တော့်မိတ်နှင့် ကျွန်တော်မို့ ခင်တင်းတင်းပင် ဝင်သည်။ သူက ကျွန်တော့်ကို ကြွတ်ဆတ်ဆတ်နိုင်သည်ဆိုပြီး မကျေနပ်။ ကျွန်တော်လည်း သူလိုကောင်မျိုးကို မမှု။

'တောသားက လူပါးဝလို့'

ကျွန်တော့်ကို မကြားတကြား ရန်စသည်။ ပထမတော့ ကျွန်တော် သည်းခံသည်။ သို့သော် ပြဿနာက ထိပ်တိုက်တိုးလာရသည်။ ကျွန်တော်တို့ ကားတွေသည် ကိုယ့်မိတ်နှင့်ကိုယ်သာ လိုက်စမြဲ။ ကျွန်တော်တို့ ခရီးရှည်သမားကို မျှော်သည်။ 'ကလေးကျောင်းပို့ချင်လို့' 'ဘူတာဆင်း ချင်လို့' 'ဆေးရုံဘက်ခဏ' ဆိုတာမျိုးတွေ ကျွန်တော်တို့ မလိုက်ချင်။ ပိုက်ဆံ လေးငါးကျပ် တစ်ဆယ်ရဖို့ တော်တော်ပြောယူရသည်။ တချို့က သုံးဘီးကားလို သုံးကျပ် လေးကျပ် ပေးချင်သည်။ ကျွန်တော်တို့အတွက် နာရီနှင့် မဟုတ်သော်မှ ဟိုနား သည်နားကို ဘီးလိမ့်ရုံမျှပင် ငါးကျပ်မရလျှင် မထွက်နိုင်။ သူတို့နောက် လိုက်နေရသည်နှင့် အော်ဒါ ခရီးရှည်တွေ လွတ်သွားနိုင်သည် မဟုတ်ပါလား။

တစ်နေ့ ဂိတ်တွင် ကျွန်တော်တို့ ကားနှစ်စီးသာ ကျန်သည်။ ကျွန်တော်နှင့် ကျင်မောင်။ သူ့ကားကိုစီးနေကျ မိန်းမကြီးတစ်ယောက် ရောက်လာသည်။ ထိုမိန်းမကြီးကား အလွန်စီးစီးပိုးပိုးနိုင်သော မိန်းမကြီးမှန်း ကျွန်တော် သိသည်။ သူက ဆယ်ရပ်ကွက်ဈေးမှာ ဈေးထွက်သည်။ ကားကို 'အသွားတင်ပဲ' ဟုဆိုကာ အမြဲငှားစီးသည်။ ဥက္ကလာကို အသွားတင် ဆိုသော်လည်း အသွားအပြန်ခရီးအတွက် အချိန်ကုန်သည်သာဖြစ်၍ ဆယ့်ငါးကျပ်မရဘဲ ကျွန်တော်တို့ မလိုက်နိုင်။ သူက တစ်ဆယ်ပင်မပေးချင်။ ရှစ်ကျပ်လောက် ကပ်ဆစ်တတ်သည်။ ထိုမိန်းမကြီးကလည်း ကျင်မောင့် ဆီသို့သာ တန်းတန်းမတ်မတ်သွားသည်။ ကျင်မောင် ရှောင်ဖယ်ဖယ် လုပ်သည်။ ကျွန်တော့်ကို လက်ညှိုးထိုးပြသည်။ ပြီးတော့ခပ်တည်တည်နှင့် လှမ်းပြောသည်။

'ငါ မအားလို့ မင်း လိုက်ပို့လိုက်ပါ'

ကျွန်တော်ကလည်း ဤသို့တင်စီးလာသည်ကို သည်းမခံနိုင်တော့။ အစတော့ မကြားချင်ယောင်ဆောင်နေသေးသည်။

'ဘယ့်နှယ်လဲ လိုက်ပို့မှာလားကွယ့်၊ မင်းတို့ကလဲ စီးနေကျ ဖောက်သည်ကိုများ'

သည်မိန်းမကြီးကို သိပ်ဘုတောရ၍လည်း မဖြစ်။ သူက ရပ်ကွက်ထဲမှာနေပြီး အပေါင်းအသင်းဆန့်သည်။ တော်ကြာ ကျွန်တော်တို့ကို လက်ညှိုးထိုးပြီး ချောက်ချမှာ စိုးရသေးသည်။

'ကျွန်တော်မအားဘူး၊ သူ့ခေါ်သွားပါ'

ကျင်မောင်က ကျွန်တော့်ကို စိစ်းစိမ်းကြည့်သည်။

'ဟော့၊ မင်းက နောက်မှလဲလာသေးတယ်၊ ဒီလောက်တော့ ကူညီဦးမှပေါ့ကွ၊ ငါမအားလို့ မင်းကို လိုက်ပို့လိုက်ပါ ပြောတာ'

'ငါလဲ အားမှ မအားဘဲ'

'အေး မင်းမှတ်ထား'

သည်ကောင် ကျွန်တော့်ကို သက်သက်ရန်ရှာခြင်းသာ ဖြစ်သည်။ ကျွန်တော်က မသိကျိုးကျွန်ပြုကာပင် နေလိုက်ပါသည်။ ထိုနေ့မှစ၍ ကျင်မောင်သည် ကျွန်တော့်ကို အမြဲ ဘုကြည့်ကြည့်ကာ ရန်ရှာနေတတ်လေသည်။ တစ်ခါ ကျွန်တော် ကားဂိတ်မှာ မရှိခိုက် ကျွန်တော့်ဖောက်သည်တစ်ဦးက ကျွန်တော့်ကို လာရှာသည်။ ထိုလူက ကျွန်တော်နှင့် အပေးအယူရှိသည်။ ဆိုပါစို့၊ သူ လုပ်လေ့လုပ်ထရှိသော လျှို့ဝှက်အလုပ်ကိစ္စမှန်သမျှ ကျွန်တော်က သိနေသည်။ ထို့ကြောင့် ကျွန်တော်နှင့်သာ သွားချင်လာချင်သည်။ ကျွန်တော်မရှိလျှင် စောင့်နေတတ်သည်။

ထိုလူနှင့် ကျွန်တော် မတွေ့လိုက်ရ၊ နောက်နှစ်ရက်သုံးရက်ကြာမှ တွေ့တော့ သူက ပြောပြသည်။

'မင်း ငါလာရှာတာကွာ၊ ခရီးဝေးလိုက်သွားတယ်ဆိုလို့၊ တခြားကားဆွဲသွားရတယ်၊ အဲဒီနေ့က အလုပ်ဖြစ်တယ်ကွ၊ ဟိုကောင် တော်တော်ရသွားတယ်'

'အလုပ်ဖြစ်တယ်' ဆိုခြင်းမှာ ကားအရောင်းအဝယ်၊ အိမ်အရောင်းအဝယ်ဖြစ်ခြင်းကို ဆိုပါသည်။ ထိုလူက ပွဲစား၊ များသောအားဖြင့်တော့ အချဉ်ရှာပြီး ဖောက်တတ်သည့် ပွဲစားမျိုးဖြစ်၏။

'ဘယ်နေ့က လာတာလဲ'

'ပြီးခဲ့တဲ့ အင်္ဂါနေ့ကကွာ'

ကျွန်တော်စဉ်းစားသည်။ ထိုနေ့က ကျွန်တော် ဝေးဝေးမသွား။ ဘူတာတစ်ခေါက် ပို့ရသည်။ ဘုရားတစ်ခေါက် သွားရသည်။ ကမာရွတ်တစ်ခေါက်။ အင်းယားလိတ်ကို မင်္ဂလာဆောင်တစ်ခေါက်။ အားလုံးခေါက်တိုများသာ ဖြစ်သည်။ ထိုလူသည် ကျွန်တော့်ကို တစ်နာရီလောက်တော့ အေးအေးဆေးဆေး စောင့်တတ်သူဖြစ်သည်။

'ခင်ဗျားနဲ့တွေ့တာ ဘယ်သူလဲ'

'အသားဖြူဖြူ၊ အရပ်ပုပုလေ၊ ဖယ်မလီယာစိမ်းပြာ'

ကျွန်တော်သိပြီ။ ထိုနေ့က ကျင်မောင်သည် မနက်ပိုင်း ကျွန်တော်ထွက်သွားပြီး ပြန်လာကတည်းက ညနေအထိ ပျောက်သွားသည်။ ကျွန်တော့်နေရာ ဝင်ယူသွားခြင်း။ ကျွန်တော်တို့မှာ လည်သလို လုပ်စားနေရသည်မို့ သူ့ဖောက်သည် ကိုယ့်ဖောက်သည်မရှိဟု ဆိုနိုင်သည်။ သို့သော် တမင်သက်သက် ကျွန်တော် ရနေကျအကွက်ကို လှည့်ပတ်ယူသွားသည့်အတွက် ကျွန်တော် ခံပြင်းသည်။

ကျွန်တော်သည် ဘားလမ်းသို့ နေရာပြောင်းရန် ကြံမိသေး၏။ သို့သော် သူ့ကိုကြောက်ပြီး အလျှော့ပေးရာရောက်မည် စိုးသဖြင့် မပြောင်းဘဲ နေလိုက်သည်။ ကျွန်တော့်ရင်ထဲမှ မကျေနပ်ချက်ကမူ ကြီးထွားလာ၏။

ကျွန်တော်သည် ကားကို တစ်ဆင့်ခံ မောင်းယူနေရသဖြင့် ငွေကလည်း ထင်သလောက် မပြေလည်ပေ။ ဂျင်သမားတွေမှာလည်း ရှောင်ပုန်းနေရသောကြောင့် ငွေရပေါက်သိပ်မရှိ။ ထိုအတွင်း ကိုလှိုင်ဘွားက ဒတ်ဆန်း ငါးချိတ်တစ်စီးရှာပေးသည်။ စဘော်ပေးစရာမလို။ ကျွန်တော်

အလွန်ပျော်သွားသည်။ သူက တစ်ဆင့်ခံမဟုတ်သော်လည်း အုံနာက ရံဖန်ရံခါ လိုက်လာတတ်သည်။ လိုက်မလာလျှင်လည်း ဂိတ်မှာထိုင်ပြီး နာရီမှတ်သည်။ သူ့ကို နှစ်ဆယ်ရာနှုန်း အချိုးကျ ပေးရသည်။

ဒတ်ဆန်းက မောင်း၍ကောင်းသည်။ ကျွန်တော့်အကြိုက်။ မြန်ချင်သလောက် မြန်၍ရသည်။ ခရီးရှည်လိုက်နိုင်သည်။ တစ်နာရီနှစ်ဆယ်ရသည်။ ရုပ်ရှင်သမားတွေနှင့် ကျွန်တော် ဆက်မိ၏။ ရိုက်ကွင်းတွေ သွားရသည်။ ထိုအခါမျိုးတွင် အုံနာကိုယ်တိုင် မလိုက်နိုင်။ နာရီမှတ်လွှတ်သည်။

တစ်နေ့ ကျွန်တော် ဂိတ်ကို စောစောပြန်ရောက်သည်။ ကားပိုင်ရှင်မရှိ။ ကျွန်တော် ထမင်းမစားရသေး။ ထမင်းတစ်ခေါက်ထွက်စားသည်။ အပြန်တွင် ကားပိုင်ရှင်ရောက်နေသည်။

'ဘယ်လိုလဲဟေ့ ဂျိုး၊ အလုပ်ဖြစ်ရဲ့လား'

'မဆိုးပါဘူး၊ ကျွန်တော် လေးနာရီပြန်ရောက်တယ်၊ ထမင်းသွားစားတာ နည်းနည်းကြာသွားတယ်ဗျာ'

ကျွန်တော် ထမင်းမစားခင် သောက်နေခြင်းဖြစ်သည်။ ကျွန်တော်က တစ်နေ့တာအတွက် သူ့ကို အချိုးကျရအောင် ငွေအပ်လိုက်သည်။ ကားပိုင်ရှင်က ကျွန်တော့်ကို မယုံသလို ကြည့်သည်။

'မင်း ခုနလေးတင် ထွက်သွားတာပါကွ၊ မင်း ငါ့ကို လူလည်လုပ်တာတွေ များပြီနော်'

ကျွန်တော် ထောင်းခနဲ ဒေါသဖြစ်သွား၏။ ကျွန်တော် မူးလျှင် ဒေါသပိုကြီးတတ်သည် မဟုတ်ပါလော။

'ကျုပ် ဘိန်းစားအလုပ် မလုပ်ဘူးဗျ၊ ခင်ဗျား မယုံချင်နေ၊ ကျုပ် လေးနာရီမထိုးခင်ထဲက ပြန်ရောက်နေတာ၊ ထမင်းသွားစားနေတယ်လို့ ပြောပါရော'

'မင်းက ကားကိုယူပြီး အကြာကြီး ထမင်းသွားစားနေလို့ ဖြစ်မလား ကွ၊ ငါက မင်းကို အားနာလို့ ဒီကားပေးထားတာ၊ လိုချင်တဲ့လူတွေ တစ်ပုံကြီးမောင်၊ လူလည်တော့မကျနဲ့'

ကျွန်တော် ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ ကျင်မောင်သည် မထီတရီကြည့်နေ၏။ သည်ကောင် ကျွန်တော့်ကို စော်ကားတိုက်ခိုက်ပေါင်း များပြီ။

'ဒီမှာ ခင်ဗျားကား မမောင်းရလဲ ထမင်းမငတ်ဘူးဗျ၊ ရန်ကုန်မှာ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကတည်းက တက္ကစီမောင်းစားလာတဲ့ကောင်၊ ဘယ်သူ့မှမကြောက်လို့ တောကတက်လာတာ၊ ကျုပ်နာမည် ဂျိုးတဲ့ မှတ်ထား'

ကျွန်တော်သည် ကားထဲမှ အနွေးထည်ဂျာကင်ကိုဆွဲကာ ခပ်ရမ်း ရမ်းပင် ထွက်ခဲ့သည်။ ကျင်မောင့်နားကို ကျွန်တော်ဖြတ်လျှောက်သည်။ သူက ခပ်တည်တည် လက်ပိုက်ပြီး ကျွန်တော့်ကို ဘုကြည့်ကြည့်နေသည်။ ကျွန်တော်က သူ့ရှေ့မှာရပ်ပြီး သူ့ကို ပြန်ကြည့်သည်။ ကျင်မောင်က ကိုယ်ကို ကားတွင်မှီပြီး ကျွန်တော့်ကို မထီလေးစားကြည့်သည်။ ကျွန်တော် က သူရှေ့ထုတ်ထားသော ခြေထောက်ကို ဖနောင့်ဖြင့် မသိမသာ နင်းလိုက်သည်။

သူ့လက်သီးချက်က ကျွန်တော့်မေးဆီသို့ ကျလာ၏။ ကျွန်တော်က သူ့ ပါးချိတ်ကို လက်သီးတစ်လုံး ပြန်ပစ်သွင်းလိုက်သည်။

ဂိတ်တွင် လူသိပ်မရှိတော့။ ကျွန်တော့် ကားပိုင်ရှင်နှင့် အခြား လူတစ်ယောက် ပြေးလာသည်။

'ဟေ့ကောင်တွေ မင်းတို့ မကျေနပ်ရင် နောက်မှ တစ်နေရာမှာရှင်း၊ ဒီမှာ မလုပ်နဲ့၊ နဂိုကမှ ဒီကားတွေကို မျက်စောင်းထိုးကြည့်နေတာ၊ မင်းတို့ ရုတ်ရုတ် ရုတ်ရုတ်လုပ်ရင် အားလုံးရောပြီး ဆွဲတဲ့အထဲ ပါသွား မယ်'

ကျွန်တော်က ကျင်မောင်ကိုကြည့်၍ စိန်ခေါ်သည်။

'ဟောကောင်၊ မင်း ဘယ်နေရာကြိုက်လဲ'

ကျင်မောင်သည် ဘာမျှ ပြန်မပြောဘဲ ယခုပင် ထထိုးမည့်ပုံဖြင့် ကျွန်တော့်ရှေ့သို့ တိုးထွက်လာသည်။ ကျွန်တော်ကလည်းနောက်မဆုတ်။

'ဟောကောင်တွေ တော်ကြလို့ဆိုနေတယ်ကွာ၊ တော်ကြာ မင်းတို့ အတွက် အားလုံး သိမ်းကျုံးအဖမ်းခံရမယ်'

ကျွန်တော်တို့နှစ်ယောက် လူစုကွဲသွားသည်။ ကျွန်တော် အိမ်ပြန်လာ၏။ အိမ်ကို ဘတ်စ်ကားစီးပြီး ပြန်လာခဲ့သည်။ အိမ်ရောက်တော့ မှောင်နေပြီ။ ကျွန်တော်တို့အိမ်တွင် လျှပ်စစ်မီးမရှိ။ သားအကြီးသည် ကျွန်တော့်ကို စောင့်နေသည်။

ကျွန်တော်သည် မူးမူးနှင့်သားကို ရင်ခွင်တွင်ပိုက်ကာ အိပ်၏။ ကျွန်တော် ငယ်ငယ်ကလို မိုက်၍မဖြစ်တော့။ ကျွန်တော့်စိတ်ကို ကျွန်တော် ဆုံးမသည်။ သို့သော် မခံချင်စိတ်သည် ကျွန်တော့်ကို မင်းမူနေ၏။

နောက်နေ့တွင် ကျွန်တော်အိမ်မှ စောစွာထွက်ခဲ့သည်။ မိုးက ရွာနေ၏။ ကျွန်တော့်တွင် အဆောင်းမပါ။ အနွေးထည် ဂျာကင်ကိုသာဝတ်ပြီး မိုးဖွဲဖွဲအောက်မှာ လျှောက်လာခဲ့သည်။

ကျွန်တော် မြို့ထဲကိုရောက်တော့ အချိန်များစွာ စောသေးသည်။ ကိုလှိုင်ဘွားတစ်ယောက်ကို တွေ့လိုတွေ့ငြား လွှတ်လမ်းမှာ ဝင်၍ရှာသည်။ မတွေ့။ သို့ဖြင့် တရုတ်တန်းဘက်ကို ဆက်လျှောက်လာသည်။ သည်နေ့တော့ စောစောစီးစီးပင် ကျွန်တော့်ဝမ်းကို လက်ဖက်ရည်ဖြင့် မဖြည့်ဘဲ အရက်ဖြင့် ဖြည့်လိုက်သည်။ အချမ်းပြေသွားပြီ။ မိုးလည်းစဲပြီ။

ကျွန်တော် မျှော်လင့်သည့်အတိုင်းပင် ဂိတ်တွင် ကျွန်တော်၏ ဒတ်ဆန်းကို မတွေ့ရ။ ကားပိုင်ရှင်လည်း အစအနပင် မမြင်။ သူတောင်းစား ခွက်ပျောက်ပြီ။ ကျွန်တော် ကျင်မောင့်ကို ရှာသည်။ ခွေးမသား။ မတွေ့။

ကျွန်တော် ကမ်းနားဘက် ဆင်းလာ၏။ ကျင်မောင်၏ ကားသည် ကမ်းနားဘက်မှ လိမ့်ဝင်လာသည်။

ကျွန်တော့်ကို မြင်တော့သူသည် ကားစက်ရှိန်ကိုမြှင့်ပြီး၊ အနားမှ ပွတ်ရှောင်မည် ပြု၏။ ကျွန်တော်က ကားရှေ့နားမှ မားမားကြီးရပ်နေလိုက်သည်။

'မင်း ဘာလုပ်တာလဲ၊ မင်း သေချင်တာက အရေးမကြီးဘူး၊ ငါ အမှုဖြစ် မခံနိုင်ဘူး'

'အေး အမှုဖြစ်မခံချင် ဆင်းခဲ့ပေါ့ကွ'

'ဟေ့ကောင် လာကြောင်မနေနဲ့၊ ငါ့မှာ သွားစရာရှိတယ်'

'မင်း ယောက်ျားပီသရင်ဆင်းခဲ့'

'ဘာဆိုင်လဲ မင်းနဲ့ငါ တွေ့စရာအကြောင်းမရှိဘူး'

'မင်းက ဒီလိုလား'

ကျွန်တော်သည် သူ့ကားတံခါးကို ဆတ်ခနဲ ဆွဲဖွင့်လိုက်သည်။ သူသည် တစ်ဖက်မှ ချက်ချင်းထွက်လာသည်။ ကားရှေ့ပိုင်းမှ နေ၍ ကျွန်တော့်ဆီ လျှောက်လာ၏။

'မင်းက ဘာဖြစ်လို့ ငါ့ကို'

သူ့စကား မဆုံးပါ။

ကျွန်တော်သည် သူ့အင်္ကျီရင်ဘတ်ကိုဆွဲကာ ထိုးကြိတ်မိတော့၏။ သူကလည်း ကျွန်တော့်ကို ပြန်လည်ထိုးကြိတ်သဖြင့် ရန်းရင်းဆန်ခတ် ဖြစ်သွားကြပါသည်။ ပတ်ဝန်းကျင်မှလူများ လာရောက်ဖြန်ဖြေသဖြင့် ကျွန်တော်တို့ လူချင်းကွဲသွားသည်။ ကျွန်တော် အခဲမကျေ။ သူကလည်း ကျွန်တော့်ကို အငြိုးမပြေနိုင်ဟန်ဖြင့် တရှူးရှူး တရှဲရှဲ ဖြစ်နေလေသည်။ သူ့နဖူးမှာလည်း သွေးစ သွေးနတို့ တွေ့မြင်ရသည်။ ကွဲသွားဟန် တူ၏။

'မင်း ငါ့အကြောင်း သိစေမယ်ကွ'

သူက ဆွဲထားသူများလက်မှနေ၍ ကြုံးဝါးပြန်သည်။ ကျွန်တော်သည် ဒေါသကိုချုပ်တည်းကာ နေရာမှထွက်ခွာလာခဲ့၏။ ကျွန်တော်သည်လိုလူတွေနှင့်လည်း လုပ်မစားချင်တော့။ စိတ်ကုန်ပြီ။ ကျွန်တော်သည် ကမ်းနားလမ်းမှ လမ်းမတော်၊ ပြီးတော့အနော်ရထာလမ်းအတိုင်း လျှောက်လာခဲ့သည်။ ပြီးတော့ ဆေးရုံကြီးဝင်းထဲကို ဝင်သည်။ ကျွန်တော် စဉ်းစားလာသည်။ ဘာလုပ်ရမည်နည်း။ ယခုအတိုင်းဆိုလျှင် ကျွန်တော့်မှာ ရန်စလည်းရှိနေပြီ။ ဂိတ်ကို ပြန်မသွားချင်။

ကျွန်တော်သည် ရုတ်တရက် စိတ်ဆုံးဖြတ်ကာ တောင်ဥက္ကလာသို့ ပြန်ခဲ့သည်။

အိမ်ရောက်တော့ မိန်းမကို ပြောသည်။

'ငါတို့ဘုရားကြီးကို ပြန်မယ်၊ နင့် ပစ္စည်းတွေသိမ်း'

'အို၊ ရှင်ဘာဖြစ်လာတာလဲ'

'သိမ်းစမ်းပါကွာ'

'ဘာဖြစ်လာတာလဲရှင့်၊ ပြောစမ်းပါဦး'

'ဒီလိုဆို မင်းနေခဲ့ကွာ၊ ငါ ပဲခူးခဏပြန်မယ်၊ ဒီမှာ ငါ့ကိုလာမေးရင် မရှိဘူး၊ ပဲခူးပြန်သွားတယ်သာ ပြောလိုက်'

'စိတ်ညစ်လိုက်တာ၊ ဘာတွေ လုပ်လာပြန်ပလဲ'

'စကားမရှည်နဲ့၊ ငါပြောတာနားထောင်၊ အိမ်စပေါ်ငွေ ဘယ်လောက်ကျန်သေးလဲ'

'ဘယ်လောက်ကျန်မှာလဲ၊ ကျန်လဲ နည်းနည်းပေါ့'

ကျွန်တော်တို့ အိမ်လခကို စပေါ်ငွေထဲမှ ခုနှိမ်၍ပေးခဲ့ကြရာ ယခုအခါ ကုန်လုနီးပြီ။

'နင့်မှာ ပိုက်ဆံဘယ်လောက်ရှိလဲ'

'မရှိပါဘူး၊ မနေ့က ရှင့်အိတ်ထဲက နှိုက်ထားတာ သုံးဆယ်'

'အေး ငါ တစ်ရက်နှစ်ရက်နေရင် ပြန်လာမယ်၊ ဒီကြားထဲ ငါ့လာမေးရင် မရှိဘူးပြော၊ အိမ်ရှင်ကိုလဲ လကုန်ရင် ပြောင်းတော့မယ်ပြောပြီး စပေါ်ပြန်တောင်းထား၊ ငါ ပြန်လာတာနဲ့ ဘုရားကြီးကိုပြန်မယ် ကြားလား'

'ကျုပ်တော့ သေတောင်သေချင်တာပဲတော်'

ကျွန်တော် အိမ်မှထွက်ခဲ့၏။

ကျွန်တော့်သားသည် ကျွန်တော့်နောက်မလိုက်ရ၍ ငိုကျန်ရစ်လေသည်။

*

ခင်အောင့်ခြံမှာ နှစ်ညလောက် ခိုနေလိုက်သည်။

အခြေအနေကို စုံစမ်းပြီးမှ ကျွန်တော် အဖေ့အိမ်သို့ သွားသည်။ ကျွန်တော် အဖေ့ဆီရောက်သွားတော့ ည ဆယ့်တစ်နာရီကျော်ပြီ။ တံခါးများ ပိတ်ထား၏။ ကျွန်တော် တံခါးခေါက်တော့ မရန်သည် ဆံပင် ဖားလျားဖြင့် ထွက်လာသည်။ ကျွန်တော့်ကိုမြင်တော့ တစ္ဆေသူရဲကို မြင်သူလို လန့်ဖျပ်သွားသည်။ သံတံခါးကို တော်တော်နှင့် မဖွင့်။ အချိန်မတော်ကြီး ကျွန်တော့်ကို မြင်ရ၍ အတော်ပင် ထိတ်လန့်နေပုံရသည်။

'တံခါးဖွင့်'

ကျွန်တော်က အော်သည်။

အဖေ အိမ်ပေါ်မှ ဆင်းလာသည်။

'ဂျိုး မင်းဘာလာလုပ်ပြန်ပလဲ'

ကျွန်တော် မူးနေသည်ကို အဖေ သိသည်။ အဖေ ကျွန်တော် ရမ်းကားဦးမည်ကို စိုးရွံ့နေဟန်ရှိသည်။

'အဖေ တံခါးဖွင့်ပေးပါ'

'မင်း ငါ့ကို ဘာဒုက္ခပေးဦးမလို့လဲ၊ မင်းအတွက်နဲ့ ငါ စိတ်ဆင်းရဲလှပြီ၊ မင်း ပြန်ပါတော့၊ ငါ့ကို ဒုက္ခမပေးပါနဲ့'

'အဖေ ကျွန်တော့်ကို တံခါးဖွင့်ပေးပါ'

'မင်း ဘာလိုချင်သလဲ ဂျိုး'

ကျွန်တော် တံခါးကို ဆောင့်တွန်းသည်။

'ဂျိုး မင်း ငွေလိုပြန်ပြီလား'

ကျွန်တော် ဘာမျှမပြော။ သံတံခါးကိုသာ တဝုန်းဝုန်းထုသည်။ ကျွန်တော်က ကြမ်းလေလေ သူတို့က ကျွန်တော့်ကို ကြောက်လေလေ။

'အဖေ တံခါးဖွင့်ပါဗျ၊ ကျွန်တော် စကားပြောချင်တယ်'

'ဘာပြောမလဲ၊ အပြင်ကပဲပြော'

'ကျွန်တော့်ကို ငွေငါးရာပေးပါ'

'ငါ့မှာ တစ်ပြားမှ မရှိတော့ဘူး'

'အို မရှိ ရှိတာပဲပေးဗျာ၊ ကျွန်တော် သိပ်ဒုက္ခရောက်နေတယ်'

'မင်း ငါ့ကို ခဏ ခဏ ညှဉ်းဆဲနေတာပဲ'

'ဒီလိုဆိုလဲ တံခါးဖွင့်ဗျာ'

အဖေသည် အလွန် စိတ်ညစ်ညူးဟန်ဖြင့် အိမ်ထဲသို့ ပြန်ဝင်သွားသည်။

'မင်း အချိန်မတော်မှာလာပြီးညှဉ်းတာ ငါ ဘယ်က ပိုက်ဆံရှာပေးနိုင်မလဲ၊ ရော့ သုံးရာယူသွား၊ မင်း ငါ့ကို ခဏ ခဏ ဒုက္ခမပေးပါနဲ့'

ကျွန်တော် လှည့်၍ ပြန်လာသည်။ ပတ်ဝန်းကျင်သည် မှောင်နေ၏။ ကျွန်တော်သည် အမှောင်ထဲမှာ လမ်းလျှောက်နေသည်။

*

ကျွန်တော် ရန်ကုန်ကို ပြန်ခဲ့သည်။

'ငါ့ကို ဘယ်သူလာမေးသေးလဲ'

မိန်းမကို မေးရ၏။

'ဘယ်သူမှ လာမမေးပေါင်တော်'

ကျွန်တော့်ဂိတ်က ကားသမားတွေသည် ကျွန်တော့်အိမ်ကို မသိ။ ကိုလှိုင်ဘွားပင် မသိချေ။ သိလျှင်လည်း ကိုလှိုင်ဘွားက ပြောမည်မဟုတ်။ ကျွန်တော်သည် အိမ်မှာ နှစ်ရက်ခန့်ဆက်၍ နားနေလေသည်။ မမွှေးကို ကျွန်တော့်အခြေအနေ ပြောပြသည်။

'ရှင့်မလဲ အရာနဲ့အကြောင်းကြောင်းချည်းပဲ၊ ကျုပ်ကို အမေတို့ဆီပဲ ပြန်ပို့ပါတော့တော်၊ တောမှာ ကျုပ်ဟာကျုပ် လုပ်စားပါ့မယ်၊ ဒီမှာ ဘာမှလဲ မလုပ်တတ် မကိုင်တတ်၊ ကြီးပွားဖို့လမ်းလဲ မမြင်ပါဘူး'

ကျွန်တော်လည်း သဘောပေါက်စ ပြုလာသည်။

'အိမ်ရှင်ကိုပြောပြီး ပစ္စည်းတွေ သိမ်းထားတယ်၊ ဒီအပတ်ထဲမှာ ပြန်မယ်'

ကျွန်တော်သည် မြို့ထဲကို မသွားသေးဘဲ တာမွေက ဆရာချစ်ထွန်းဆီ အရင်သွား၏။ အကျိုးအကြောင်း ပြောပြသည်။

'မင်းအကြောင်း ငါ သိပြီးပါပြီ ဂျိုးရာ၊ မင်းကလဲ တယ်လူမိုက်လုပ်ချင်တာကိုးကွ၊ ဂိတ်ကလူအချင်းချင်း ရန်တွေဘာတွေဖြစ်တယ်ဆိုရင် ပြဿနာကြီးပြီး အားလုံး ပြေးကြရမှာ ကြောက်လို့ ဟိုကောင်ကလဲ မင်းကို ရန်ရှာမှာ မဟုတ်တော့ပါဘူး'

'ကျွန်တော် သိပ်ခံပြင်းလွန်းလို့ လုပ်မိတာ၊ ဒီဂိတ်ကိုတော့ ပြန်မသွားချင်တော့ပါဘူးဗျာ'

'မင်း ဒီလိုစိတ်မျိုးနဲ့တော့ အလုပ်လုပ်စားလို့ မဖြစ်သေးဘူး'

'ဟုတ်တယ်ကျွန်တော်လဲ လုပ်မစားချင်တော့ဘူး၊ မိန်းမနဲ့ကလေးတွေကို သူ့အမေဆီ ပြန်ပို့ပြီး တစ်ခုခုပြောင်းလုပ်မယ် စိတ်ကူးတယ်ဗျာ'

'ဟူး မလွယ်ပါဘူးကွာ'

ကျွန်တော်သည် ဆရာချစ်ထွန်းကို သူ မတောင်းမီကပင် ငွေ တစ်ဆယ် ပေးပြီး ပြန်လာခဲ့သည်။

ကျွန်တော်တို့အိမ်သည် ပစ္စည်းများများစားစား ရှိသည်မဟုတ်၍ သိပ်တော့ သိမ်းစရာမလိုပါ။ အနည်းအကျဉ်းထုပ်ပိုး သိမ်းဆည်းပြီး မမြအိမ်သို့ ခေတ္တရွှေ့ကြသည်။ မမြသည် ကျွန်တော့်ကိုမြင်တိုင်း မျက်လုံး အဝိုင်းသားဖြင့် ရင်တမမ ဖြစ်ရဟန်တူလေသည်။ ကျွန်တော် ကလည်း ရောက်သွားပြီဆိုလျှင် ဇရုတ်သုတ်ခ။

'ငါ့ကို ဘယ်သူလာမေးသေးလဲ'

'ဘယ်သူကမှ လာမမေးဘူး၊ ဘာဖြစ်လို့လဲ'

'ဘာမှ မဖြစ်ပါဘူး'

'ခု ဘယ်လိုဖြစ်လာတာလဲ'

'ဘာမှ မဖြစ်ပါဘူး၊ ဒီမှာ လုပ်ရကိုင်ရတာ အဆင်မပြေလို့ ဘုရားကြီးပြန်သွားမလို့'

မမြသည် ကျွန်တော်က ဘာမျှ မဖြစ်ဘူးဆိုသော်လည်း ယုံကြည် ပုံတော့ မရပေ။ ကျွန်တော်တို့ကိုကြည့်ပြီး ပင့်သက်ကိုသာ ရှိုက်နေလေသည်။ ကျွန်တော်သည် အဖေ့ဆီသွားပြီး ပိုက်ဆံတောင်းခဲ့သေးသည်ကို ပြောမပြ တော့ပေ။

'နင့်မလဲ အရင်လို တစ်ယောက်တည်း မဟုတ်တော့ဘူး ဂျိုး၊ သားနဲ့ မယားနဲ့ဖြစ်နေပြီ၊ အရင်ကလိုနေလို့ မဖြစ်တော့ဘူး'

မမြသည် ကျွန်တော့်ကို ဆုံးမစကား ပြောခဲ့လေပါသည်။ ကျွန်တော် လည်း ဘာမျှ ပြန်မပြောချင်တော့။ ကျွန်တော် ပြောစရာလည်း မရှိပြီ။ ကျွန်တော့်အနေအထားက ပြောလို့လည်း ထူးသည့် အနေအထား မဟုတ်။

'ငါလဲ တတ်နိုင်သလောက်တော့ ကြိုးစားတာပဲ၊ ဒါပေမယ့် ငါက နင့်လို ပညာမှ မတတ်တာ'

'အဲဒါ ဘာကြောင့်လဲ၊ အဖေက ငါ့ကိုရော နင့်ကိုရော တန်းတူ ပညာသင်ပေးခဲ့တာပဲ၊ ငါ့ကိုမှ ရွေးပြီး သင်ပေးခဲ့တာလား'

'အေးလေ ဟုတ်ပါတယ်၊ ဒါပေမယ့် ငါဟာ အဖေဘယ်သူ အမေဘယ်သူမှန်းတောင် မသိခဲ့ရတဲ့ ငါ့ဘဝမှန်ကို ငါသိရတဲ့နေ့ကစပြီး ငါ သိပ်ဝမ်းနည်းခဲ့တယ်၊ ငါဟာ ငါ့အမေက ငါ့ကို လမ်းပေါ်မှာလည်ပြီး လျှောက်ပေးခဲ့တာ ခံခဲ့ရတဲ့ဘဝ'

'ဒါတွေသိရုံနဲ့ နင့်ဘဝကိုနင် မကျေမနပ်ဖြစ်ပြီး ဆိုးခဲ့ပေခဲ့တာ ကျတော့ ဘာမှ အဓိပ္ပာယ်မရှိဘူး၊ နင့်လိုပြောရရင် ငါလဲ ပထွေးနဲ့ နေခဲ့ရတာပဲ၊ ငါ့ကို နင့်လောက်တောင် ဦးစားပေးတာ မဟုတ်ဘူး၊ အဖေကလဲ နင့်ကိုပဲချစ်တာ၊ အမေကဆိုရင်ကော သေသာသွားတယ် နင့်အတွက် စိတ်ဖြောင့်တာ မဟုတ်ဘူး'

'ထားပါတော့လေ'

ကျွန်တော်သည် ဘာကိုမျှ ဆင်ခြေမတက်ချင်တော့ပါ။ ယခုအချိန်မှာ ကျွန်တော့်ဘဝကို ရှေ့ဆက်ပြီး ဘယ်လို စခန်းသွားရမည်ကိုသာ တွေးနေမိသည်။ မမြကိုတော့ ဖွင့်ဟ ဆွေးနွေးချင်စိတ် မရှိပေ။ သူက သူ့ဘဝအတွက် သူလိုချင်သည့်ပန်းတိုင်ကို ရအောင်ယူနိုင်သည့် မိန်းကလေး ဖြစ်သည်။ ကျွန်တော်က အခြေခံမဲ့သော ဘဝထဲမှာ လှုပ်ရှားရုန်းကန် နေရသူ။

'ဂျူး၊ နင် အရက်ကို လျှော့သောက်သင့်ပြီ'

ကျွန်တော်သည် မမြရှေ့မှာပင် ပြောင်ပြောင်တင်းတင်း သောက်နေလေပြီ။ မမြသည် ကျွန်တော့်ကို သူ့စကားနားမထောင်မှန်းသိလျက် ပြောနေခြင်းသာ ဖြစ်၏။

'မမြ'

ကျွန်တော်သည် ကျွန်တော်ငယ်စဉ်ကပင် ခါးတစ်ဖက်စောင်းအောင် ချီပိုးယုယခဲ့သူ မမြကို ချစ်တော့ ချစ်သည်ပင်။ မမြကလည်း နှုတ်မှ

ဖွင့်မပြောသည့်တိုင် ကျွန်တော်၏ အပြစ်များကို ခွင့်လွှတ်ကာ ကျွန်တော့်ကို သံယောဇဉ်ရှိသူပင်။

'ဘာလဲ'

မမမြကမေးသည်။

'ငါ့ လက်သည်းတွေရှည်နေလို့ ညှပ်ပေးစမ်းပါဟာ'

မမမြသည် ဘာမျှမပြော။

လက်သည်းညှပ်ကို ထယူကာ ငယ်ငယ်ကလိုပင် ကျွန်တော့် လက်သည်းတွေကိုသာမက ခြေသည်းတွေကိုပါ ညှပ်ပေးလိုက်လေသည်။

# ၄

‘မမွေးတို့များ တယ် လင်ရှာကောင်း၊ ခု ကလေးနှစ်ယောက်နဲ့ အိမ်ပေါ် ပြန်ရောက်လာပြီလေ’

ကျွန်တော့် ယောက္ခမကြီး၏ လူတွေ့တိုင်းပြောသော လက်သုံးစကား။ ကျွန်တော်သည် ကျွန်တော့်ဘာသာ အသုံးမကျရင်သာ ရှိရမည်။ သူတစ်ပါးအပြောအဆိုကို တစ်စက်ကလေးမျှ ခံချင်သူမဟုတ်ပေ။ ကျွန်တော် အလုပ်အကိုင်အတွက် အမြဲလို ကြံစည်အားထုတ်နေသည်။ ကျွန်တော်သည် အလုပ်မရှိလျှင်သော် လည်းကောင်း၊ ငွေမရှိလျှင်သော် လည်းကောင်း နေတတ်သူ မဟုတ်ပေ။ ပြီးတော့ ကျွန်တော်သည် ယခုအခါတွင် အရက်သမားဖြစ်နေပြီဟု ပြောနိုင်သော်လည်း အရက်ကို သူများပိုက်ဆံနှင့် သောက်ချင်သူမဟုတ်ပေ။ ကိုယ့်ပိုက်ဆံနှင့် ကိုယ်သာ ခပ်တင်းတင်း သောက်လိုသည်။ ကျွန်တော်သည် အရက်သမားသာ ဖြစ်၏။ ဘိန်းစား မဟုတ်။

ကျွန်တော် ပဲခူးသို့သွားသည်။ အဖေ့ဆီတော့ မဝင်တော့။ ယခင် တစ်ပတ်က ကျွန်တော်မူးမူးနှင့် ပိုက်ဆံသွားတောင်းသည်ကို သတိရကာ

ကျွန်တော် ရုက်နေသည်။ ကျွန်တော်သည် မမူးလျှင် အရှက်တရား အကြောက်တရားရှိသည်။

ကျွန်တော် ခင်စိုးမောင်ဆီသို့သွားသည်။ ခင်စိုးမောင်၏ မိဘက လူရိုသေ ရှင်ရိုသေပေးထားသော အလုပ်ရှိသေးသည်။ ပွဲချိတ်များကို ဦးစီးရသောအလုပ်။ သူ့အိမ်မှာတော့ သိပ်ပြီး တောင့်တင်းလှသည်မဟုတ်။ ကလေးက လေးယောက်။ တိုးလို့တွဲလောင်း။ ကျွန်တော့်ထက်စာလျှင်တော့ သူ့အခြေအနေက တည်တံ့သေးသည်။ ကျွန်တော်က လောလောဆယ် ဘာအလုပ်ရရ လုပ်ချင်ကြောင်း ပြောသည်။

'မင်း လှေနဲ့လိုက်မလား'

'ဘာလုပ်ရမှာလဲ၊ ငါ မကျွမ်းဘူးကွ'

'အရင်းမစိုက် လှေထိုးလိုက်ဆိုတာ မင်း မကြားဖူးဘူးလား၊ မင်းဟာက အရင်းအနှီးမစိုက်ရတဲ့ အလုပ်မှ ဖြစ်မှာ'

'အေး အလုပ်လက်မဲ့ဆိုတာ ငါမှ အစစ်ပဲ'

'ဒီလောက်လဲ စိတ်ဓာတ်မကျပါနဲ့ကွာ၊ မင်း အောင်ဝင်းကို မှတ်မိလား မော်လမြိုင်ကလေ၊ မင်းနဲ့အတူတူအလုပ်လုပ်ဖူးသေးတယ်ဆို၊ သူတောင်မှ ခုဆိုရင် ဟိုဘက်ကူးနေတာ အတော်ဟန်နေတယ်တဲ့'

'ငါ အဲဒီဘက်ကိုတော့ စိတ်ကူးတယ်၊ ဒါပေမယ့် ငါ့မှာ အရင်း အနှီးမှ မရှိတာ'

'ဟိုကျတော့လဲ ဖြစ်သွားမှာပေါ့ကွ၊ လူခံရှိတာပဲ'

'အေး၊ ငါသွားတော့ သွားကြည့်ချင်တယ်ကွာ'

ကျွန်တော်သည် ဘုရားကြီးကို ပြန်လာပြီး အဝတ်အစား အနည်း ငယ် ယူသည်။ ကျွန်တော် အလုပ်ထွက်ရှာမည့်အကြောင်း မိန်းမနှင့် ယောက္ခမကို ကြေညာသည်။

'ငါ ငွေရမှပြန်လာမယ်၊ ငွေမရရင် ပြန်မလာဘူး၊ အေး ငါပြန်မလာ လို့ကတော့ နင့်ဟာနဲ့နင် နောက်လင်ပဲယူယူ ငါ့ကို မမျှော်နဲ့'

ကျွန်တော်သည် မိန်းမကို စိတ်နာနာနှင့် ပြောပစ်ခဲ့သည်။ တကယ်ပင် မိန်းမကိုလည်း ကျွန်တော် စိတ်ကုန်ခန်းလျက်ရှိပြီ။ ကျွန်တော် သံယောဇဉ်ရှိသည်မှာ သားနှင့် သမီး။ သားနှင့် သမီးအတွက် ကျွန်တော် ငွေရှာရမည်။ ကျွန်တော်သည် ပဲခူးသို့ပြန်လာကာ အဖေ့ဆီသွား၏။ အဖေလည်းများစွာ အိုမင်းကျဆင်းလျက်ရှိပြီ။ ကျွန်တော်၏ ရင့်ရော်ကြမ်းတမ်းနေသော အသွင်အပြင်ကိုကြည့်ကာ အဖေကလည်း သက်ပြင်းချသည်။ သို့သော် ယခုအခါမှာတော့ အဖေသည် ကျွန်တော့်ကို သူ့ဆီပြန်လာဖို့ မခေါ်တော့ပေ။ ကျွန်တော့်ကို အဖေ ယုံကြည်မှုလည်း မရှိတော့။ ကျွန်တော်သည် ဂြိုဟ်ကောင်ဟုသာ အဖေ ယူဆထားတော့သည်။

ကျွန်တော်က ကျွန်တော့်အစီအစဉ်ကို ပြောပြသည်။ ကျွန်တော် မမူးသဖြင့် ကျွန်တော် ကောင်းကောင်းရှင်းပြသည်။ အဖေကလည်း ကျွန်တော့်အပေါ်ထားရှိသော သံယောဇဉ်ကို ဖြတ်နိုင်သည်မဟုတ်။ အဖေ ကျွန်တော့်ကို လမ်းစရိတ် ငွေတစ်ရာ ထုတ်ပေးလေသည်။

နောက်ဆုံး။ သည်တစ်ခါ အဖေက ပြောခြင်းမဟုတ်၊ ကျွန်တော့် ရင်ထဲမှ ကြွေးကြော်ခြင်းသာ ဖြစ်ပါသည်။ နောက်တစ်ခါ အဖေ့ကို ဒုက္ခမပေးတော့ဟု ကျွန်တော်ခိုင်မာသော သန္နိဋ္ဌာန်ကို ချလိုက်ပါသည်။ အဖေ့ကို ကျွန်တော် ကန်တော့သည်။ ကျွန်တော်သည် အဖေ၏ ဘဝတွင် အမျိုးမျိုးအဖုံဖုံ နှောင့်ယှက်ဖျက်ဆီးခဲ့သော ဂြိုဟ်ကောင်တစ်ကောင်သာ ဖြစ်ပါသည်။ ခွင့်မလွှတ်ထိုက်သော သတ္တဝါတစ်ကောင် ဖြစ်ပါသည်။ ယခုနေ အဖေသေသွားလျှင် ကျွန်တော်သည် ဘဝဝင်ကြွေးများစွာဖြင့် ကျန်ရစ်ရမည် ဖြစ်ပါသည်။ အဖေ ကျန်းမာပါစေ၊ အသက်ရှည်ပါစေ။ ကျွန်တော့် ဝင်ကြွေးများကို ကျွန်တော် မဆပ်နိုင်မချင်း အဖေ အသက်ရှည်ပါစေ။

ကျွန်တော် မော်လမြိုင်ကိုထွက်ခဲ့၏။ ခင်စိုးမောင်က ကော့ကရိတ်တွင်ရှိသော သူ့မိတ်ဆွေတစ်ယောက်ဆီသို့ပါ စာတစ်စောင်ရေးပေးလိုက်သည်။ ကျွန်တော်ထွက်လာသော လမ်းသည် လူမိုက်တို့ သွားရာလမ်းပေလော။

# ၇

ကျွန်တော် မော်လမြိုင်တွင် အောင်ဝင်းနှင့် တွေ့ပြီး တစ်ညနှစ်ညသာ နေသည်။ နောက်နေ့ လမ်းကင်းရှိသဖြင့် ကော့ကရိတ်သို့လိုက်သွားသည်။ ကော့ကရိတ်တွင် ခင်စိုးမောင် ဆက်သွယ်ပေးလိုက်သော ကိုစိန်ဦးဆိုသူကို တွေ့ရ၏။ ကိုအောင်ဝင်း မိတ်ဆက်စာရေးပေးလိုက်သော ကိုအုံးမြိုင်ဆိုသူမှာ ခရီးထွက်နေ၍ မတွေ့ရ။ ကိုစိန်ဦးက ကော့ကရိတ်တွင် ကုန်စုံဆိုင်တစ်ဆိုင် ဖွင့်ထားပြီး သူ့မိန်းမ မလှလှသွယ်သည် ကရင်အမျိုးသမီးတစ်ဦးဖြစ်၍ သဘောကောင်းလှပေသည်။ လောလောဆယ်အားဖြင့် ကျွန်တော်သည် ကိုစိန်ဦးအိမ်တွင်တည်းကာ ကျွန်တော်၏ အလုပ်အကိုင် လုပ်လိုသည့် အနေအထားကို ပြောပြတိုင်ပင်ရသည်။

'ခင်ဗျားမှာ ငွေအရင်းအနှီးလဲ မရှိဘူးဆိုတော့ လူပဲ ရင်းရမယ့် သဘောပေါ့'

ကိုစိန်ဦးသည် မွန်အမျိုးသားတစ်ဦးဖြစ်၍ အပြောအဆိုပွင့်လင်းသည်။ ဖျတ်လတ်သွက်လက်သော်လည်း ကျွန်တော်တို့လို မိုက်ရူးရဲပုံစံ

မျိုးတော့ မဟုတ်ပေ။ ကျွန်တော်နှင့်အသက်ချင်းကွာလှ နှစ်နှစ် သုံးနှစ်သာ ရှိမည်ဖြစ်သော်လည်း စဉ်းစားတွေးခေါ်တတ်သော ရုပ်လက္ခဏာရှိသည်။

'အေးဗျာ ကျွန်တော်ကတော့ ကားသမားလောကမှာ ကျင်လည်ခဲ့တာ ကြာပါပြီ၊ တစ်ချိန်ကတော့ ကုန်သည်လုပ်ဖူးပါရဲ့၊ ခုဟာကတော့ ခင်ဗျားပြောသလို လူနဲ့ရင်းပြီးမှ ငွေရှာရတော့မယ့် အခြေအနေပဲ'

'ကောင်းပြီလေ၊ ကျွန်တော်အတတ်နိုင်ဆုံး ကူညီပါ့မယ်၊ ခင်ဗျား အကြမ်းပတမ်းတော့ ရတယ်နော်'

'ရ ရမှာပေါ့ဗျာ၊ တောလမ်းကိုဖြတ်ဖို့ ကျွန်တော် စိတ်ကူးပြီးသားပါ'

ကျွန်တော်သည် ကိုစိန်ဦး၏ အိမ်မှာ တစ်ပတ်လောက်ကြာသွားပါသည်။ သူတို့ဆီမှာ အစားအသောက် ဈေးကကြီးမြင့်သဖြင့် ကျွန်တော်သည် လွန်စွာ အားနာလှပေသည်။ ပြီးတော့ အရက်။ သည်မှာ အရက်သောက်ခြင်းကို အားမပေးပေ။ ကျွန်တော်သည် အရက်မသောက်ရသဖြင့် အစပထမတွင် နေမထိ ထိုင်မသာ ဖြစ်သော်လည်း တဖြည်းဖြည်းတော့ ကျင့်သားရလာပါသည်။ ကျွန်တော့်စိတ်ကလည်း အလုပ်လုပ်ဖို့အတွက် စိတ်စောနေ၍လား မပြောတတ်ပါ။

မကြာမီ ကိုအုံးမြိုင်ဆိုသူပြန်ရောက်ကြောင်းသိရ၍ ကျွန်တော်သွားတွေ့သည်။ ကိုအုံးမြိုင်သည် ဖော်ရွေ ပျော်ရွှင်တတ်သူဖြစ်ပြီး ကိုစိန်ဦးထက်တော့ ရဲတင်းလည်ပတ်ပုံရသည်။

'စိတ်ချ၊ ခင်ဗျားအတွက် အဆင်ပြေအောင် လုပ်ပေးမယ်၊ တစ်ခုတော့ ရှိတယ်၊ နည်းနည်းတော့ ပင်ပန်းမယ်ဗျာ'

ကိုအုံးမြိုင်က သူ့အိမ်မှာလာနေဖို့ ခေါ်သော်လည်း ကိုစိန်ဦးအိမ်မှာပင် ဆက်နေဖြစ်သည်။ ကိုအုံးမြိုင်တွင် ကလေးသုံးယောက်နှင့် ယောက္ခမပါ အတူနေသည်။ တစ်ရက်နှစ်ရက်အကြာတွင် ကိုအုံးမြိုင် ရောက်လာသည်။

'ကိုတိုးအောင်၊ ခင်ဗျား ဒီတစ်ပတ်စမ်းပြီး လိုက်သွားပေတော့၊ ခင်ဗျားအတွက် သူစိမ်းသက်သက်မဖြစ်ရအောင် အားလုံးနဲ့အဆက်အသွယ် လုပ်ပေးလိုက်ပါတယ်၊ အရေးကြီးတာက ခင်ဗျားကို ဟိုဘက်က သင်္ကာမကင်း မဖြစ်ဖို့လိုတယ်၊ ခင်ဗျားက လူသစ်မဟုတ်လား၊ ကုန်သည် စစ်စစ်ဆိုတာ သေချာအောင်ပြပေါ့ဗျာ'

ကျွန်တော်သည် ကိုအုံးမြိုင် အပ်ထည့်လိုက်သော အဖော်များနှင့် အတူ ကော့ကရိတ်မှ ထွက်ခဲ့ရလေသည်။ ကျွန်တော်တို့သည် ကိုအုံးမြိုင် စီစဉ်ပေးလိုက်သော ပစ္စည်းများကို သယ်ဆောင်သွားရခြင်း ဖြစ်၏။ အဓိကမှာ ကော်ဖီစေ့နှင့် ဘုမ္မရာဇာမြစ်များ ဖြစ်သည်။

ယခုအခါ ကျွန်တော်အလုပ်လုပ်ရခြင်းသည် ခန္ဓာကိုယ်၏ အင်အား ကို အရင်းတည်၍ လုပ်ရသော အလုပ်ပင်ဖြစ်တော့သည်။ ကျွန်တော့်ဘဝ တစ်သက်တာတွင် တစ်ခါမျှ သည်လောက်ပင်ပန်းဆင်းရဲကြီးစွာ လုပ်ကိုင် မစားခဲ့ဘူးပေ။ ကျွန်တော်သည် ပညာတတ်တစ်ယောက် မဟုတ်ခဲ့၍ ပညာနှင့် လုပ်မစားခဲ့ဘူးသော်လည်း ကျွန်တော်တတ်သည့် ကားမောင်း ပညာနှင့်ကား အတော်အသင့် သက်သာသော အလုပ်ကို လုပ်နိုင်ခဲ့သည် ဖြစ်၏။ ယခုအလုပ်မှာမူ နဖူးမှချွေး ခြေမကျသည်ဆိုသော အလုပ်မျိုး ပင်တည်း။

အကယ်၍ ကျွန်တော့်မှာ ငွေအရင်းအနှီးသာရှိခဲ့လျှင်တော့ ဤသို့ ဖြစ်မည် မဟုတ်ပေ။ ယခုတော့ ငွေမရှိ၍ လူ၏ လုပ်အားနှင့် ချွေးကိုသာ ရင်းရပေတော့မည်။ ကျွန်တော်လို လူငယ်ပေါင်းများစွာသည် သူတို့၏ ချွေးနှင့်လုပ်အားကို ဒေါနတောင်ရိပ်မှာ အလားတူ ကျရောက်သက်ဆင်းစေပြီ ဖြစ်၏။ ဤနေရာသည် သုညသမားတို့ စုဝေးရာဖြစ်သည်။ ကျွန်တော်လို ဘဝအစ မရေရာသော အကောင်တစ်ယောက်ကို မဆိုထားဘိ၊ ဘဝကို ကျရာမှာ ရင်ဆိုင်သူ လူငယ်များစွာပင် ဒေါနရိပ်အောက်သို့ ခိုဝင်ကြ လေသည်။

ကျွန်တော်သည် အမှားအမှန် အဆိုးအကောင်းကို စဉ်းစားတွေးခေါ် နေရန် အချိန်မရှိပေ။ ကျွန်တော့်အတွက် ငွေသည်အရေးကြီး၏ ကျွန်တော့် အတွက် ငွေသည် အမြဲလိုပင် အရေးကြီးနေခဲ့သည်သာဖြစ်၏။ သို့သော် ငွေကို ကျွန်တော့်လက်ထဲမှာ ကြာရှည်စွာ ထိန်းသိမ်းထား၍ မရသည်မှာ ကျွန်တော်၏ မွေးရာပါအကျင့်ပင် ဖြစ်လေတော့သည်။

ကျွန်တော်တို့ ဖြတ်သန်းရသော ခရီးကားသက်သာလွယ်ကူလှသည် မဟုတ်။ အချိန်နှစ်ဆယ်မျှရှိသော အလေးချိန်ကို သယ်ပိုးပြီး ကုန်းတစ်တန် ရေတစ်တန် ဖြတ်သန်းသွားလာရခြင်း ဖြစ်၏။ တောကြီးမျက်မည်းထဲတွင် မနားမနေ လျှောက်နိုင်ပါမှ ကျွန်တော်တို့အတွက် လိုရာခရီးကို ရောက်နိုင် တော့သည်။

ကျွန်တော်သည် ပထမဆုံး အတွေ့အကြုံဖြစ်၍ အလွန်ပင်မောပန်း ဆာလောင်၍ နေလေပြီ။ သဘာဝတောတောင်ရေမြေတို့၏ အလှအပ ကိုလည်း ကျွန်တော် မခံစားနိုင်။

'ဘယ့်နှယ်လဲ ကိုတိုးအောင် သိပ်ပင်ပန်းနေပြီလား၊ ကျွန်တော်တို့ အလုပ်ကတော့ ဒီလိုပဲဗျာ၊ ကြာတော့လဲ ဖြစ်ရာဘဝမှာ ပျော်ပိုက်ရတော့ တာပဲ'

ကျွန်တော်တို့ အဖွဲ့တွင် ကျွန်တော်နှင့် အသက်ချင်းမတိမ်းမယိမ်း လူငယ်လေးများပါကြသည်။ သူတို့ကတော့ ဤခရီးကို ကျွမ်းပြီးသားဖြစ်၏။ ကိုလှဝေဆိုသည့် လူငယ်လေးဆိုလျှင် ကျွန်တော့်ထက် အသက်သုံးနှစ်ခန့် ငယ်သော်လည်း အချိန်သုံးဆယ်ခန့်ကို သယ်ပိုးကာ မနားတမ်း လျှောက် နိုင်သူ ဖြစ်သည်။

ကျွန်တော်တို့ ထင်းရှူးတောင်ခြေတွင် ညအိပ်ကြသည်။ ကျွန်တော် ကောင်းကောင်း အိပ်ပျော်ပါသည်။ ထိုနေရာရောက်မှ ကျွန်တော်၏ အတောင့်တဆုံးသော အရက်ကိုလည်း သောက်ရ၍ ကျွန်တော်သည်

ဘဝတစ်သက်တာတွင် အနှစ်ခြိုက်ဆုံးသော အိပ်ပျော်ခြင်းဖြင့် အိပ်မောကျ၍ သွားပါလေသည်။

*

ပထမအခေါက်အနေဖြင့် ကျွန်တော်တို့ ရှောရှောရှူရှူ ရောက်ခဲ့ကြပါသည်။

လူတွေသည် ကမ္ဘာမြေအနှံ့ သွားလာကျက်စားနေကြသည်မှာ အပြောကျယ်လွန်းပေစွဟု ကျွန်တော် နက်နဲစွာ တွေးတောတတ်လာသည်။

မဲဆောက်တွင် ကျွန်တော်တို့အတွက် ဆက်သွယ်ပေးလိုက်သော ကုန်သည် ဦးခင်မောင်မြင့်ကို တွေ့ရ၏။ ၎င်းကား သည်မှာ အပြီးအပိုင် လာနေကာ စီးပွားရှာနေသူဖြစ်တော့သည်တကား။

ကျွန်တော်တို့မှာတော့ ကိုယ်ပိုင်ငွေဖြင့် လာရောက်သည် မဟုတ်၍ သက်ဆိုင်ရာ ပစ္စည်းများ၏ သယ်ပိုးခကိုသာ ရပေသည်။ ကျွန်တော်သည် အချိန်နှစ်ဆယ်ကိုပင် အနိုင်နိုင်သယ်လာရသူဖြစ်၍ ကျွန်တော့်အတွက် ဝေစုမှာ တစ်ပိဿာ တစ်ဆယ်နှုန်းဖြင့် ငွေနှစ်ရာသာ ဖြစ်၏။ ပထမဆုံး ချွေးနှင့်ရင်း၍ ရသောငွေကို ကျွန်တော့်လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်မိသောအခါ ကျွန်တော် မျက်ရည်ပင် လည်မိပေ၏။ ကျွန်တော်သည် မိဘဆီမှ ငွေပေါင်းများစွာကို အကြိမ်ကြိမ်သုံးဖြုန်းခဲ့ဖူးပြီ။ ယခုကဲ့သို့ ပင်ပန်းကြီးစွာ ကိုယ်ခန္ဓာနှင့် ရင်း၍ရသော ငွေသည် ကျွန်တော်သုံးခဲ့သမျှ ငွေများထက် တန်ဖိုးကြီးလှပေသည်။

ကျွန်တော်၏ ခန္ဓာကိုယ်က တောင်းဆိုသော အစာအာဟာရကိုတော့ ကျွန်တော် မဖြည့်စွမ်းဘဲ မနေနိုင်ပါ။ ကျွန်တော့်အတွက် စားခြင်းထက် သောက်ခြင်းက အရေးကြီး၏။ ကျွန်တော်သည် ပင်ပန်းနွမ်းနယ်သမျှ ဦးနှောက်နှင့် ကိုယ်ခန္ဓာကို သေရည်အရက်ဖြင့်နှစ်၍ ဆေးကြောသန့်စင်

လိုက်ပေသည်။ ဤသည်ကား ကျွန်တော့်အတွက် မရှိမဖြစ်သော လိုအပ်ချက် ဖြစ်၍နေပြီ။

ကျွန်တော်သည် ကျန်သောငွေကို ခါးကြားတွင် လိမ်ကာ ကျွန်တော်၏ အသုံးမကျလှသော ဘဝခရီးကို ဆက်ရန် အားယူရပြန်လေတော့သည်။

အပြန်ခရီးတွင် ကျွန်တော့် ကျောပေါ်မှာ မိန်းမဝတ် ပါတိတ်လုံချည်များ ပါလာခဲ့၏။ ကျွန်တော်တို့အဖွဲ့တွင် အချို့က အချိုမှုန့်ပုံးများထမ်းလျက် တောလမ်းတစ်လျှောက်ပင် ပြန်လာခဲ့ကြသည်။ ငွေပင်ငွေရင်းဖြင့် တစ်ဖက်နိုင်ငံနှင့် ပစ္စည်းချင်း လဲလှယ်ကြသော ကုန်သည်ကြီးများ၏ စေခိုင်းရာ သားကောင်များအဖြစ် ကျွန်တော်တို့သည် ကုန်းကာရုန်းကာ ဝမ်းစာရှာကြသူများသာ ဖြစ်တော့သည်။ ကျွန်တော့်မျက်စိတွင် သားနှင့် သမီးကို မြင်ယောင်လာသည်။ မယားနှင့် အစ်မကို မြင်ယောင်သည်။ အဖေ့ကို မြင်ယောင်သည်။ ကျွန်တော် ပင်ပန်းကြီးစွာ ရှာဖွေ လုပ်ကိုင်နေသည်ကို အဖေမြင်လျှင် မည်သို့ခံစားရမည်လဲ။ မိုက်မဲလှသည့်သတ္တဝါတစ်ကောင် အဖြစ် ဆူပူမာန်မဲမည်လား မသိ။

မည်သို့ဆိုစေ ကျွန်တော်သည် ဒေါနဧ၏ အရိပ်မှာ ခိုဝင်မိပြီ။ ကျွန်တော့်ဘဝ၏ နိဂုံး၊ ကျွန်တော့်ဘဝ၏ အဆင်မပြေမှု အားလုံးသည် ဒေါနဧ၏ အမှောင်ရိပ်မှာ ဝပ်စင်းခိုလှုံကြလေပြီတည်း။

# ၆

ကျွန်တော်တို့သည် နားရက် သိပ်မရကြပါ။ သည်ကပစ္စည်း ဟိုသယ်၊ ဟိုကပစ္စည်း သည်သယ်ဖြင့် ခေါက်တုံ့ခေါက်ပြန်ကူးရင်း အချိန်တွေ ကုန်မှန်းမသိ ကုန်ခဲ့သည်။ ကျွန်တော်လည်း ကြမ်းတမ်းခက်ထန်သော ဘဝမှာပင်နေသား ကျစ ပြုလာလေသည်။ ကျွန်တော့်တွင် ငွေအတန်အသင့် စုမိသော်လည်း ပြောပလောက်အောင်ကား မဟုတ်။ အစားအသောက် စရိတ်ကလည်း ကြီးမြင့်လှသည်။ ပြီးတော့ ကျွန်တော့ ဘဉ်ဆိုးက ကြာရှည်ဖုံးကွယ် ဖိနှိပ်ထား၍ မရ။ ဟိုဘက်ရောက်လျှင် ကျွန်တော် နည်းနည်း ကစားချင်သည်။ တစ်ဖက်နိုင်ငံဆိုသည်မှာလည်း ကျွန်တော်တို့ ဆီမှ ရနိုင်သမျှ ရွှေငွေဥစ္စာကို သဲ့ယူနေသည် မဟုတ်ပါလား။ ပျော်ရွှင်မှု သာယာမှုတို့ဖြင့် လူ့စိတ်ကို အစာကျွေးပြီး လူ၏ လုပ်အားမှရသော စည်းစိမ်ဥစ္စာကို ပြန်လည်ဖဲ့ယူသွားတတ်သော်လည်း ကျွန်တော်တို့မှာ တဒင်္ဂ၏ ပျော်ရွှင်မှုကို မတွန်းလှန်နိုင်ကြပါချေ။

ကျွန်တော်သည် ငွေကိုရှာလိုက် သုံးလိုက်ဖြင့် သံသရာလည်နေသည်မှာ တစ်နှစ်ဟူသောကာလသည် ကုန်မှန်းမသိ ကုန်သွားလေသည်။

ထိုအတောအတွင်း ကျွန်တော်တို့မှာ တောင်ပေါ်လမ်းတွင် အဖမ်းအဆီးများနှင့်တွေ့၍ နှစ်ကြိမ် သုံးကြိမ်မျှပြေးခဲ့ရပြီး တစ်ဖက်မှ ကေအင်ဒီအိုများ၏ ရန်မှ ပြေးရပေါင်းလည်း မနည်းတော့။ တောထဲတွင် အစာငတ်ရေငတ်ဖြင့် ညအိပ်ရသည်လည်း ရှိခဲ့ပြီ။ ကျွန်တော်တို့သည် ဖြစ်ရာဘဝမှာ ဖြစ်သလို ရင်ဆိုင်ရင်း ခရီးဆက်ခဲ့ကြ၏။

နောက်ဆုံးတော့ ကျွန်တော်သည် သားနှင့် သမီးကို မြင်လိုဇောနှင့် ရှိသမျှ ငွေစလေးများကို စုစည်းကာ ရွာသို့တစ်ခေါက် ပြန်လာခဲ့လေသည်။

# ၇

လူတစ်ယောက်၏ ဒေါသသည် မည်မျှအထိ အရှိန်မြင့်တက်နိုင်ပါသနည်း။

အမြင့်ဆုံးကိုရောက်သွားသော အရာတစ်ခုသည် ပြန်ကျဖို့သာ ရှိတော့သည်။ ကျွန်တော်၏ ဒေါသသည် အမြင့်ဆုံးကို ရောက်သွားခဲ့၏။

မမွေးတို့ မိသားစုကို ဘုရားကြီးတွင် မတွေ့ရ၍ သူတို့ ပြောင်းရွှေ့သွားသည်ဆိုသောကဒုတ်ကို လိုက်ရပြန်ပါသည်။ ကဒုတ်ကိုရောက်တော့ ကျွန်တော့် ယောက္ခမများနှင့် ကျွန်တော့် သားနှင့် သမီးကို တွေ့ရလေသည်။ မမွေးမရှိ။ ကျွန်တော့် ယောက္ခမများသည် မျက်စိမျက်နှာပျက်ကာ ကျွန်တော့်ကို ထိတ်လန့်သော အမူအရာဖြင့် ရင်ဆိုင်ကြလေ၏။

'မိမွေးတစ်ယောက်တော့ တားမရဘူး၊ သုံးခွဘက် ကုန်ကူးသွားလေရဲ့၊ မင်းကလဲ မပေါ်လာပဲကိုး'

ကျွန်တော် ဘာမျှမပြောချင်။ ကျွန်တော့်သားသည် ကျွန်တော့်ကို မှတ်မိ၏။ ကျွန်တော့် သမီးသည်ကား ကျွန်တော့်ကို မည်သူမည်ဝါ မှန်းပင် သိဟန်မတူချေ။ သားသမီးများကိုပစ်၍ စီးပွားရှာသော မိန်းမကို

ကျွန်တော်လည်း အပြစ်တော့ သိပ်မတင်ချင်တော့ပေ။ ကျွန်တော်ကလည်း တစ်ပြားတစ်ချပ်မှ မပို့နိုင်ခဲ့။ ကျွန်တော်သည် ထိုအချိန်အထိ ဒေါသမဖြစ်သေးပါ။ ယောက္ခမမျက်နှာ မကြည်ဖြူသည့်ကြားမှပင် ကျွန်တော့်မိန်းမပြန်အလာကို စောင့်၍နေရ၏။ ကျွန်တော် ကြာကြာနေ၍လည်း မဖြစ်။ ကော့ကရိတ်မှာ ကျွန်တော်၏ လုပ်လက်စအလုပ်များ ရှိသေးသည်။ ကျွန်တော် ပြန်သွားရမည်။

မမွေးကား လေးငါးရက်ကြာသည့်တိုင်အောင် ပေါ်မလာ။ ကျွန်တော့်ယောက္ခမများလည်း တီးတိုး တီးတိုး ဖြစ်နေကြပြီ။ ကျွန်တော့်သွေးတွေ တဖြည်းဖြည်း ဆူဝေလာသည်။ ကျွန်တော်၏ သည်းခံနိုင်သည့်အင်အားသည်လည်း တဖြည်းဖြည်း ကျဆင်းလာ၏။

'သူသွားတာ ဘယ်လောက်ကြာပလဲ'

တစ်ယောက်က ဆယ့်ငါးရက်၊ တစ်ယောက်က တစ်လ စသည်ဖြင့် တစ်ယောက်တစ်ပေါက် ဖြေကြပြန်၏။ ကျွန်တော် ဒေါသဖြစ်လာရတော့သည်။ သုံးခွတွင် မမွေးတို့ ဆွေမျိုးများရှိသည်ကို ကျွန်တော်သိသည်။ ကျွန်တော် လိုက်သွားရကောင်းမလား စဉ်းစား၏။ သို့သော် သည်မိန်းမကို တကယ်တမ်း စိတ်ကုန်ခမ်းစရာကောင်းသည်ဟု တွေးကာ ကျွန်တော် မလိုက်ဘဲ နေပြန်သည်။ ကျွန်တော့်အတွေးများသည်ကား ယောက်ယက်ခတ်နေ၏။

ကျွန်တော် အနေကြာလာသောအခါ ကလေးတွေသည်ကျွန်တော့်ကို ပြန်လည်တွယ်တာလာကြလေသည်။ ကျွန်တော့်သားသည် ကျွန်တော့်ကို အပျောက်မခံတော့။ ကျွန်တော်သည် သားကို ချစ်ရသောစိတ်ဖြင့် ရင်မှာ ခံစားတတ်လာရလေသည်။ ကျွန်တော်သည် မိဘနှင့် ပတ်သက်လာလျှင် ကျွန်တော့်ရင်ထဲမှာ ဝေဒနာရှိ၏။ အမိရင်း အဖရင်းကို သိလိုစိတ်၊ မြင်လိုစိတ်ဖြင့် ကျွန်တော် ရူးမတတ် ဖြစ်ခဲ့ဖူးသည်။ ကျွန်တော့်သားသမီးများကို ကျွန်တော့်လို မခံစားစေလို။ မိဘ၏ မျက်နှာစုံကို အသက်ထက်ဆုံး

မြင်စေချင်သည်။ ပျော်ရွှင်ချမ်းမြေ့စေချင်သည်။ ကျွန်တော်သည် ငွေကြေး အတွက် အခိုက်အတန့်အားဖြင့် သားသမီးများကို ခွဲခွာသွားရသော်လည်း ပစ်ပယ်လိုစိတ်ကား အလျဉ်းမရှိ။ သူတို့အတွက် ကျွန်တော် ငွေရှာမည်။

သို့သော် ကလေးတွေ၏ အမေကား ဘယ်ဆီရောက်နေပြီနည်း။

'သူပြန်မလာရင် နေပစေ၊ ကလေးတွေသာ ကောင်းကောင်း စောင့်ရှောက်ပါဗျာ၊ ကျွန်တော်ပြန်တော့မယ်'

'အေး အေး စိတ်ချပါကွယ်၊ မိမွေးလဲ ဒီတစ်ခေါက် ကြာရန်ကော'

ကျွန်တော့် ယောက္ခမများသည် ကျွန်တော့်ကို လေသံပျော့ဖြင့် ချော့လွှတ်နေမှန်း ကျွန်တော် ရိပ်မိ၏။ မိမွေးဆိုသည့် ဗိုင်းတာမ မည်သို့ သောဇာတ် ခင်းနေပြီ မသိ။ ကျွန်တော်သည် ကလေးတွေအတွက် ရှိသမျှ ငွေစလေးများကို အပ်နှံပြီး ပြန်လာရလေသည်။

ကျွန်တော် ကော့ကရိတ်မသွားခင် ပဲခူးကိုဝင်သည်။ အဖေ့ဆီ သွားသည်။

ကျွန်တော့်ကို အဖေမြင်သောအခါ များစွာ စိတ်မကောင်းဖြစ်သွားပုံ ရ၏။ ကျွန်တော့်ရုပ်ကား လူရုပ်မပီတော့ပြီကော။ ပင်ပန်းဆင်းရဲခြင်းဒဏ်ကို လှလှကြီးခံလိုက်ရပြီဖြစ်၍ ကျွန်တော့် အသားများသည် ညိုမည်းကာ ကျွန်တော့် မျက်နှာသည်လည်း အရွယ်နှင့် မလိုက်အောင် ရင့်ရော်ကြမ်းတမ်း ခဲ့လေပြီ။

အဖေ့ကို မြင်ရသည်မှာလည်း ကျွန်တော် စိတ်မချမ်းမြေ့ပါ။ အဖေသည် များစွာအိုမင်းကျဆင်းခဲ့လေပြီ။ အိမ်တွင်လည်း ရောင်းချ၍ ရသမျှသော ပစ္စည်းများကို ရောင်းချခဲ့ပြီးဖြစ်သဖြင့် ပြောင်တလင်းခါ၍ နေလေပြီ။

တကယ်တော့ အဖေ၏ စည်းစိမ်ဥစ္စာကို ပြုတ်ပြုတ်ပြုန်းအောင် လုပ်ခဲ့သူမှာ ကျွန်တော်သာလျှင် ဖြစ်ချေတော့၏။ အဖေသည် အိုကြီး အိုမကျကာမှ လူမမယ်သားတစ်ယောက်နှင့် ဒုက္ခရောက်၍နေပြီ။

'ဂျိုး၊ မင်း လိမ်မာဖို့ကောင်းပြီ သား'

အဖေ ထိုမျှသာပြော၏။ ထိုမျှဖြင့်လည်း ကျွန်တော့်အသည်းနှလုံးသည် လှုပ်ခါခဲ့ရပြီ။ ကျွန်တော်သည် ဘဝတစ်လျှောက်လုံး ဆင်ခြင်တုံတရားမဲ့ခြင်းဖြင့် အရာရာကို ချေမွ ဖျက်ဆီးခဲ့မိသည်။

'အဖေ့ကို မတူးတို့ အောင်အောင်တို့ကလည်း အနည်းအကျဉ်း ထောက်ပံ့တယ်၊ သူတို့လဲ အိမ်ထောင်အသီးသီးနဲ့ ဖြစ်နေကြပြီလေ၊ အဲ အမြဲကလဲ အဖေ့ကို တတ်နိုင်သလောက် ပို့ပေးပါတယ်၊ မင်း မင်း မင်း တစ်ယောက်အတွက်ပဲ အဖေ စိတ်မချမ်းမသာ ဖြစ်ရတယ်၊ မင်းဆီက တစ်ပြားမှ မစားရရင် နေပါစေ၊ မင်းလိမ်မာရင် အဖေ ကျေနပ်တယ်၊ အဖေ ဘယ်သားသမီး၊ တူ တူမဆီကမှ တစ်ပြားတစ်ချပ် မယူလို မစားလိုဘူး၊ ခုတော့ မင်းလုပ်သွားတဲ့အတွက် အဖေ့မှာ လက်မဲ့ဖြစ်ပြီး သူများပေးတာ ယူရတဲ့ဘဝမျိုး ရောက်တယ်'

ကျွန်တော် မျက်ရည်ပေါက်ပေါက်ကျ၏။ အဖေသည် ကျွန်တော့်ကို စကားပြောရင်း သူ၏ ဘဝ ကြေရာကြေကြောင်းအဖြစ် အရက်ခွက်ဆီ လက်လှမ်းသည်။

ကျွန်တော် များစွာ တုန်လှုပ်ရပါသည်။ အဖေမှီဝဲသောအရက်သည် အရောင်မရှိ။

အဖေသည် အရောင်မရှိသော ဖြူသော အရက်ကို မှီဝဲနေရလေပြီကော။

*

'မင်းမိန်းမအကြောင်း မင်း တကယ်မသိဘူးလား'

ခင်စိုးမောင်၏ အကြည့်နှင့် မေးခွန်းကြောင့် ကျွန်တော့်ခေါင်းတွင် သွေးတွေတက်လာကာ ဆူပွက်လာသလို ခံစားရသည်။ ယောကျာ်းချင်းကြည့်သော ခင်စိုးမောင်၏ အကြည့်ကိုလည်း ကျွန်တော် သည်းမခံနိုင်တော့ပေ။

'ဟော့ကောင် ပြောစရာရှိ ပြောစမ်းကွာ၊ ငါ ဘာမှ မသိဘူး'

ခင်စိုးမောင်က ပခုံးတွန့်ပြနေသေးသည်။ ကျွန်တော် ဒေါသဖြစ်လာ၏။ ခင်စိုးမောင်၏ အင်္ကျီကုပ်စကို လှမ်း၍ ဆွဲကိုင်လိုက်သည်။

'မင်း စိတ်ကို လျှော့ထား'

'မလိုပါဘူးကွ၊ ဘာဖြစ်သလဲပြောစမ်းပါ၊ မြန်မြန်ပြောကွာ၊ ပြော'

ခင်စိုးမောင်သည် ကျွန်တော့်ကို တွေကြည့်နေသေးသည်။ ကျွန်တော်က သည်းမခံနိုင်စွာဖြင့် သူ့ကို ဆွဲထိုးမည်လုပ်တော့မှ ပြောသည်။

'မင်းမိန်းမ နောက်ယောကျ်ား ယူသွားပြီလေကွာ'

'ဟော့ကောင် မင်း တကယ်ပြောတာလား၊ ဒါ နောက်ပြောင်ရမယ့် ကိစ္စ မဟုတ်ဘူးနော်'

'ငါက နောက်ပါ့မလားကွ၊ မင်းထွက်သွားပြီး တစ်လ နှစ်လကြာတော့ သူတို့ ကဒုတ်ကို ပြောင်းသွားကြတယ်လေ၊ မင်းမိန်းမက ဈေးပြန်ရောင်းတယ်၊ မဒေါက် ရွှေကျင်ကနေ ဗျက်ကြီး သုံးခွအထိ လှေနဲ့လိုက်နေတာပဲကွာ၊ ငါနဲ့လဲ မကြာ မကြာ တွေ့ပါ့၊ အဲဒီကတည်းက မဟန်ဘူးလို့တော့ ထင်သား၊ နောက်ဘာကြာလဲ သုံးခွက ငနဲတစ်ယောက်နဲ့ ညားနေပါရော'

'တောက်'

ကျွန်တော်သည် ခင်စိုးမောင်၏ အင်္ကျီကုတ်စကို ဆတ်ခနဲ လွှတ်လိုက်ရာ ခင်စိုးမောင်နောက်သို့ ယိုင်သွားလေသည်။

'ဒင်းကို ငါ သတ်မယ်၊

ကျွန်တော့်ဒေါသသည် အမြင့်ဆုံးသို့ ရောက်လေပြီ။

ကျွန်တော်သည် ချက်ချင်းပင် နေရာမှထကာ သုံးခွသို့ လိုက်သွားမည့်ဟန် ပြင်၏။

'ဟော့ကောင်ဂျိုး၊ မင်း ဘယ်သွားမလို့လဲ'

ကျွန်တော့်တွင် အဝတ်အစား များများစားစား မပါပေ။ သားရေအိတ်တစ်လုံးသာ ပါသည်။ အရေးကြီးသည်မှာ ကျွန်တော်အမြဲဆောင်သော ဓားတစ်ချောင်း ပါသည်။ ကောင်မကို ဓားဖြင့် ထိုးသတ်မည်။

ကျွန်တော့်အသားများသည် ဒေါသအရှိန်ကြောင့် တဆတ်ဆတ် တုန်နေလေသည်။

'ထိုင်စမ်းပါဦး ဂျိုးရာ၊ အေးအေးဆေးဆေး ထိုင်စမ်းပါ၊ မင်းမိန်းမကို မင်းက ပြန်ပေါင်းချင်သေးလို့လား၊ သွားစမ်းပါစေ၊ သွားစမ်းပါစေ၊ ဒင်းထိုက်နဲ့ ဒင်းကံ သွားစမ်းပါစေ'

'အိုကွာ၊ ငါ ဒီကောင်မကို သတ်ရမှ ကျေနပ်မယ်၊ လိုက်ကို သတ်မယ်ကွာ'

ကျွန်တော်သည် တရှူးရှူး တရှဲရှဲဖြစ်ကာ ခင်စိုးမောင်လက်မှ ရုန်းကန်နေမိလေသည်။ ကျွန်တော် ရက်ရမ်းရမ်းနေခြင်းလည်း ဖြစ်နိုင်ပါသည်။ လတ်တလောအားဖြင့် ကျွန်တော့်ကိုယ် ကျွန်တော်ပင် ဘာတွေပြောနေ လုပ်နေမိမှန်း မသိတော့ပေ။

'အေး မင်း သတ်ချင်လဲ သတ်၊ မသတ်နဲ့လို့တော့ မပြောဘူး၊ သတ်သာ သတ်၊ ကဲ ကျေနပ်ပလား၊ ဒါပေမယ့် ခုတော့ထိုင်ဦး လာ'

ခင်စိုးမောင်သည် ဆောက်တည်ရာမရဖြစ်နေသော ကျွန်တော့်ကို ဆွဲခေါ်ပါသည်။ ငြိမ်သက်စေပါသည်။ ကျွန်တော်သည် ဆူဝေနေသော ကျွန်တော့်ခေါင်းထဲမှ သွေးတွေကို အေးဆေးငြိမ်သက်ရန် အတော်ပင် ကြိုးစားနေရပါသည်။ သို့မဟုတ်ပါကလည်း ယခင်တစ်ခါလို ကျွန်တော့်လက်မောင်းကိုဖြစ်စေ၊ အခြား ခန္ဓာကိုယ် အစိတ်အပိုင်း တစ်ခုခုကိုဖြစ်စေ မိမိဘာသာ ဓားနှင့် ထိုးလိုက်မိပါလိမ့်မည်။

'ရော့ နည်းနည်းချလိုက်ဦး'

ခင်စိုးမောင်က ဖန်ခွက်တစ်လုံးယူကာ ကျွန်တော့်အတွက် အရက်နည်းနည်း ထည့်ပေးသည်။ ကျွန်တော် တစ်ရှိန်တည်း မော့ချလိုက်၏။

ကျွန်တော် သည်တစ်ခါ အရက်သောက်သောက်ချင်း အဖေ့မျက်နှာကို ပြေး၍ မြင်ယောင်လိုက်သည်။

တစ်သက်လုံး အစားကောင်း အသောက်ကောင်းဖြင့် နေလာခဲ့သော အဖေ။ ယခု အရက်ဖြူကို မှီဝဲနေရပြီ။ ကျွန်တော်၏ မိုက်ပြစ်များ၊ အသုံးမကျမှုများ ကျွန်တော့်ကြောင့်သာ အဖေသည် သူ အားမကိုးချင်သော တူ တူမနှင့် သမီးများဆီမှ ထောက်ပံ့ငွေများကို လက်ခံယူနေရသည်။

ပြီးတော့ ကျွန်တော့်ကို တမ်းတရင်း ဆေးရုံပေါ်မှာ သေသွားသော အမေ။ ကျွန်တော့် အနွံ့အတာကိုခံသော မမြေ။ ကျွန်တော် မမြင်ရသော ကျွန်တော့် မွေးသမိခင်၊ ဖခင်။ ကျွန်တော့်သားနှင့် သမီး စသည် စသည်။

ကျွန်တော်သည် အရက်ကို တစ်ခွက်ပြီးတစ်ခွက်သောက်၏။ ကျွန်တော် မမူးပါ။ သို့သော် ကျွန်တော့်စိတ်၏ ခံစားမှုများသည် တစ်ဆင့်ပြီး တစ်ဆင့် တရိပ်ရိပ် တက်လာသလို ခံစားရကာ နောက်ဆုံးတော့ ကြမ်းပေါ်မှာ ဝမ်းလျားမှောက်ပြီး ကလေးတစ်ယောက်လို အားပါးတရ ငိုကြွေးလိုက်ပေတော့သည်။

*

'ငါ အားလုံးသိပြီးပြီ ဂျိုး'

ခင်အောင်သည် ပေါက်ပြားကိုချကာ ကျွန်တော့်ကို စေ့စေ့ကြည့်ရင်း ပြော၏။ ကျွန်တော်သည် တဲပေါ်မှာထိုင်ရင်း ခင်အောင်၏ စိုက်ခင်းထဲမှ ဂေါ်ဖီထုပ် စိမ်းစိမ်းကြီးများကို ငေးကြည့်နေမိသည်။

ကျွန်တော် ခင်အောင့်ကို ဝင်၍ နှုတ်ဆက်ခြင်းဖြစ်၏။ ကျွန်တော်သည် အဖြစ်အပျက်အားလုံးကို မေ့ပျောက်ကာ ကျွန်တော့်ဘဝအတွက် ခရီးဆက်ရန် ထွက်ခွာခဲ့ပြန်ပြီ။

ခင်အောင်က ကျွန်တော့်ဘေးမှာ ဝင်ထိုင်သည်။ အင်္ဂျိပလာကျင်း လျက်ရှိသော ခင်အောင်၏ ခန္ဓာကိုယ်မှာ ညိုမည်းသော်လည်း တောင့်တင်း သန်စွမ်းလှသည်။ ခင်အောင်က ကျွန်တော်တို့လို အရက်ကို စွဲမြဲခုံမင်စွာ မသောက်တတ်သဖြင့် ခန္ဓာကိုယ် တုတ်ခိုင်သော်လည်း မျက်နှာက နုသည်။ ချိုသည်။

'သိပြီးရင်လဲ ဘာမှမပြောနဲ့ မမေးနဲ့ခင်အောင်ရာ၊ ခု ငါ မင်းကို လာနှုတ်ဆက်တာပဲ'

'မင်း ဘယ်သွားဦးမလို့လဲ'

'ငါ့မှာ နေစရာမှ မရှိတာ၊ ရှိတဲ့နေရာ ငါ သွားမှာပေါ့'

'ကော့ကရိတ်လား'

ကျွန်တော်က ခေါင်းညိတ်ပြလိုက်သည်။

'ဘယ်လောက်ကြာမှာလဲ'

'မပြောနိုင်ဘူး၊ ငါ့ဘဝက ဘာထူးမှာလဲ ခင်အောင်၊ မိဘလဲမရှိ၊ သံယောဇဉ်လဲမရှိ၊ ငါ့အဖေကလဲ ငါ့ကို သံယောဇဉ်ပြတ်သလောက် ရှိနေပြီ၊ တွယ်တာစရာ မိန်းမလဲ မရှိတော့ဘူး၊ ဒီသောက်မိန်းမက အကြောင်း မဟုတ်ပါဘူး၊ တစ်ခုပဲရှိတယ်၊ ငါ့သားနဲ့ သမီးအတွက် ငါ တတ်နိုင်သလောက် ငွေရှာပြီး ပို့ပေးမယ် ဒါပဲ'

ခင်အောင်က ငြိမ်သက်စွာ နားထောင်နေသည်။

'မင်း ဟိုမှာ အထမ်းသမားလုပ်ရတာ မပင်ပန်းဘူးလားကွာ'

'ပင်ပန်းတယ်၊ ဒါပေမယ့် ငါ ငွေလိုချင်တယ်၊ ငါ လိုချင်သလောက် ငွေရရင် ပြန်လာမယ်'

ခင်အောင်က ကျွန်တော့်ပခုံးကို ကိုင်သည်။

'အေး ဒီတစ်ပတ်တော့ မင်း စိတ်ညစ်နေတဲ့အခိုက်မို့ ငါ မတားလိုဘူး၊ ဒါပေမယ့် ငါ ပြောမယ် မင်းပြန်လာခဲ့ပါ၊ မင်းကိုယ်မင်း သုံးသပ်ပြီး မင်း စိတ်ငြိမ်သွားရင် ပြန်လာခဲ့ပါ၊ ငါ မင်းကို အစစအရာရာ

အကူအညီပေးမယ်၊ အခုဆို ငါလဲ ငါ့ဟာငါ လုပ်နိုင်တဲ့အခြေအနေ ရှိပြီ၊ ခြံ ဒီဘက်တစ်ခြမ်းကို ငါ ဝယ်လိုက်နိုင်ပြီ'

လောလောဆယ်အားဖြင့်လည်း ကျွန်တော် သည်ဒေသမှာ နေချင်စိတ် မရှိသေး။ ဟိုဘက်မှာ ကျွန်တော် လုပ်လက်စ အလုပ်တွေလည်း ရှိသေးသည်။ ခင်အောင်ပြောသလို ကျွန်တော့်စိတ်တွေ ငြိမ်သက်သွားမှ ပြန်လာမည်။

'အေးကွာ ငါသွားမယ်'

'နေဦးလေကွာ၊ မင်း နည်းနည်းချသွားဦး'

ခင်အောင်သည် ကျွန်တော့်ကို နားလည်သူဖြစ်၏။ ကျွန်တော့်အတွက် သူ ညှော်ခံလိုဟန် ရှိသည်။ ကျွန်တော်က ခေါင်းကို ခါယမ်းပြလိုက်သည်။

'ခင်အောင်၊ ငါ အရက်မသောက်တော့ဘူး'

# ၈

‘နင့်ကို မြင်လိုက်ရရင်လေ ဘာများဖြစ်လာပြန်ပြီလဲလို့ ငါ့ရင်ထဲမှာ ထိတ်ခနဲ ထိတ်ခနဲ ဖြစ် ဖြစ်သွားတယ် ဂျိုးရယ်၊ ခုကော ဘာဖြစ်လာပြန်ပြီလဲ ပြောစမ်းပါဦး’

မမမြက ညှိုးချုံးနေသော ကျွန်တော့်ကိုကြည့်ကာ ပြောလိုက်ခြင်း ဖြစ်ပါသည်။ ကျွန်တော် ဘာမျှ မပြောပါ။ ဘာမျှ မဖြစ်ပါဟုလည်း မပြောချင်ပါ။ မမမြဆီကိုလည်း ကျွန်တော် ဝင်ရောက်နှုတ်ဆက်ခြင်း ဖြစ်ပါသည်။ ရန်ကုန်တွင် ကျွန်တော် ဝယ်စရာပစ္စည်းအချို့ရှိသဖြင့် ဝင်ဝယ်ရခြင်းလည်း ဖြစ်သည်။ ဝယ်ရသည်ဆိုသည်မှာလည်း ကော့ကရိတ်မှ ပေးလိုက်သော အဆက်အသွယ်များက ဝယ်ပေးသည့် ပစ္စည်းများကို အသင့်ယူရခြင်းသာ ဖြစ်ပါသည်။

‘နင် အဖေ့ဆီ ရောက်ခဲ့သေးလား’

ကျွန်တော်က ခေါင်းညိတ်ပြသည်။ မမမြက စကားတွေ ပြောနေပြန်သည်။ ကျွန်တော့် အကြောင်းကိုလည်း ကြားသိထားဟန်တူသည်။ မမမြဆီမှာ ပဲခူးမှဧည့်သည်များ ဝင်ထွက်နေသည်ပဲ။ မမမြက ဆက်ပြော၏။

'အဖေ့ကို နင် ဒုက္ခမပေးပါနဲ့တော့ ဂျူးရယ်၊ ပိုက်ဆံလဲ ခဏ ခဏ မတောင်းပါနဲ့၊ သားသမီးနဲ့မိဘဆိုတာ မိဘ အသက်ကြီးရင် သားသမီးကသာ ပြန်ပြုစုရတော့မှာ မဟုတ်လား၊ နင်အခု အရွယ်ရောက်တဲ့ ယောကျ်ားတစ်ယောက်ဖြစ်နေပြီပဲ၊ မာနထားစမ်းပါ၊ ငါတောင် မိန်းကလေး တစ်ယောက် ဖြစ်ရက်နဲ့ ရုန်းကန်ခဲ့ရသေးတာ'

မမမြက ပညာတတ်ကြီးပေကိုး။ ကျွန်တော် နှုတ်မှ ဖွင့်မပြော သော်လည်း အမူအရာဖြင့်ပင် မမမြက ရိပ်မိဟန်တူသည်။

'အေး ငါကတော့ ကျောင်းနေခဲ့ ပညာသင်ခဲ့လို့ သင့်တင့်တဲ့ အလုပ်ကလေးတစ်ခု လုပ်နိုင်တယ်ပေါ့၊ ဒါပေမယ့် နင် စဉ်းစားကြည့်၊ အဖေတို့ အမေတို့က ငါ့တစ်ယောက်တည်းကို ပညာသင်ပေးတာ မဟုတ်ဘူး၊ နှစ်ယောက်လုံးကို အတူတူသင်ပေးခဲ့တာ၊ နင် မယူတတ်လို့ မရခဲ့တာပဲ'

ကျွန်တော်သည် သည်တစ်ခေါက် မမမြ ပြောသမျှကို အေးအေး ဆေးဆေး နားထောင်နေလိုက်ပါသည်။ ကျွန်တော့်ဘဝတွင် ဆုံးမစကားကို စိတ်ရှည်စွာ နားထောင်သည်မှာ သည်တစ်ခါပဲ ရှိသေးသည်။

'ကျောင်းတုန်းကလဲ နင် ပညာကို ကောင်းကောင်းမသင်၊ အိမ်မှာ အဖေ့စီးပွားရေးကို ကူလုပ်ဖို့ကျတော့လဲ နင် ကောင်းကောင်းမလုပ်လို့ အဖေက တူတွေ တူမတွေကို သားသမီးထက် အားကိုးရတဲ့အဖြစ် ရောက်တာပေါ့၊ ပြီးတော့ အမေ။ အမေဟာ နင့်အတွက် ဘယ်လောက် စိတ်ဆင်းရဲရလဲ၊ နင် အိမ်ပေါ်ကထွက်သွားတော့ သူ့သားလေး လိမ်လိမ် မာမာနဲ့ ပြန်လာပါစေဆိုပြီး ရွှေမော်ဓောဘုရားမှာ နေပူကြဲကြဲသွားပြီး ယတြာချေသတဲ့လေ၊ လုပ်မိလုပ်ရာပေါ့၊ ဒါတွေ နင် မသိခဲ့ဘူး'

မမမြ မျက်ရည်ကျသည်။

'အမေ ဆေးရုံမှာ သေလုမျောပါး ဖြစ်နေတာတောင် လေးရက်တိတိ သတိလစ်နေတဲ့ကြားကနေ အသက်မထွက်နိုင်တာ နင့်ကြောင့် သိလား၊ နင့်ကြောင့်၊ နင်လာပြီး ဘာကြာလဲ အသက်ထွက်သွားတာ နင်အမြင်ပဲ'

ကျွန်တော် မျက်ရည်ဝဲရပြီ။

'အမေမရှိတော့ အမေ့ အမွေကို ငါ ရခဲ့တာလေ၊ နင့်ကို ရန်ကုန် ခေါ်လာပြီး လုပ်ကိုင်စားပါစေတော့ရယ်လို့ ငါ့အိမ်မှာ ပြုစုခဲ့တာ၊ ငါ့ ယောကျ်ားကိုတောင် နင့်လောက်မပြုစု ဂရုမစိုက်ခဲ့ဘူး ဂျိုးရဲ့ သိလား၊ ငါ့ယောကျ်ားအတွက် ဟင်းတစ်ခွက်သပ်သပ် ဘယ်တော့မှ ခပ်မထားခဲ့ဘူး၊ နင့်အတွက်ဆို ဘယ်အချိန်ပြန်ရောက်ရောက် စားနိုင်အောင် ဟင်းတစ်ခွက် အမြဲ ဖယ်ထားတယ်၊ ဒီစေတနာတွေ နင်နားမလည်ဘူး၊ အသိအမှတ် မပြုဘူး'

မမမြသည် စိတ်ရှိတိုင်း ရင်ဖွင့်နေလေပြီကော။

'နင့်ကိုငါ ကြည့်မြင်တိုင်မှာ တစ်ယောက်တည်းထားပစ်ခဲ့လို့ နင့်ကို ပစ်ထားခဲ့တယ်ဆိုပြီး နင် စိတ်ဆိုးတာ၊ ငါ့ကို သတ်မယ် ပုတ်မယ် ဖြစ်တာ ငါ မသိမဟုတ်ပါဘူး၊ သိပါတယ်၊ ကြားပါတယ်၊ ဒါ ဘာကြောင့်ဖြစ်ရတယ်ဆိုတာ ခုချိန်မှာ ငါ မပြောလိုတော့ဘူး၊ ဒါပေမယ့် အဲဒီအချိန်မှာ နင်တစ်ယောက်တည်း ဒုက္ခရောက်ရတယ် မထင်နဲ့၊ အိမ်ကလဲ ရတ်တရက်ရှာမရ၊ ငွေကလဲ မတတ်နိုင်တော့ တို့နှစ်ယောက်မှာ ကလေးတစ်ကောင်နဲ့ နေစရာမရှိလို့ ဟိုသူငယ်ချင်းအိမ် ငါးရက်လောက်နေ၊ ဒီဆွေမျိုးဆီ အလည်သွားသလိုလိုနဲ့ တစ်ပတ်လောက်နေ၊ တောင်ပြေး မြောက်ပြေး ဒုက္ခရောက်ရတာတွေ နင်မသိဘူးမဟုတ်လား'

မမမြ ငိုရှာ၏။

ကျွန်တော်လည်း ဘာမျှပြန်မပြောနိုင်။ ပြောချင်စိတ်လည်း မရှိ တော့။ 'ငါ လိမ္မာပါတော့မယ်' ဆိုသော စကားမျိုးကိုလည်း ကျွန်တော်

မပြောတတ်။ ကျွန်တော် သည်လိုစကားမျိုးပြောတတ်သည့် လူစားမဟုတ်။ နှုတ်မရဲ။ ကျွန်တော် ကောင်းချင် ကောင်းလာမည်။ ဆိုးချင် ဆိုးမည်။ ကတိစကားဆန်သော စကားမျိုးကို မပြောချင်ပါ။

'အခု နင့်မိန်းမ ဘယ်မှာလဲ၊ ကလေးတွေကော'

မမမြသည် မျက်ရည်သုတ်ပြီး ကျွန်တော့်ကိုကြည့်ကာ မေး၏။

'ကဒုတ်မှာ'

ကျွန်တော် တိုတိုတုတ်တုတ်သာ ဖြေသည်။

ပထမဆုံးအကြိမ် စေတနာထားခြင်းဖြင့် မမမြ စိတ်ချမ်းသာစေရန် ကျွန်တော် လိမ်လိုက်ပါသည်။

'နင် ဟိုမှာသွားပြီး လုပ်ကိုင်နေတာ ဘာအဓိပ္ပာယ်ရှိလဲ၊ နင်သာ ကောင်းကောင်းမွန်မွန် လုပ်တတ် ကိုင်တတ်ရင် ဒီဘက်မှာလုပ်စရာတွေရှိပါတယ်၊ အရေးကြီးတာက အရက်မသောက်ဖို့ ဖဲမရိုက်ဖို့ပဲ၊ နင့်ကို ဖျက်ဆီးနေတာ အရက်နဲ့ ဖဲပဲ'

'ငါ မကြာခင် ပြန်လာမှာပါ'

'နင့်အသက်အရွယ် မငယ်တော့ဘူး လိမ္မာဖို့ကောင်းပြီ'

'ငါမိုက်တာ မဆန်းပါဘူး'

'ဘာ၊ နင့်ကို ဘယ်သူကပြောလဲ၊ အလကား မလိုတမာပြောတာ၊ နင်ဟာ ဘယ်သူ့သားပဲဖြစ်ဖြစ်၊ သောင်းကျန်းသူသားပဲဖြစ်ဖြစ် ဘာမှ မဆိုင်ဘူး၊ ဒါကို ရိုးမယ်ဖွဲ့ပြီး နင့်ကိုယ်နင် နစ်မွန်းအောင်လုပ်နေတာဆိုရင် ဘာမှ အဓိပ္ပာယ်မရှိဘူး၊ အရေးကြီးတာက နင့်ကိုယ်နင် ကောင်းအောင် လုပ်ဖို့ပဲ၊ နင့်ဘဝကို နင် သတ္တိရှိရှိ အဓိပ္ပာယ်ရှိရှိ ရင်ဆိုင်ဖို့ပဲ'

ကျွန်တော့်အစ်မသည် ထိုသို့ အဓိပ္ပာယ်သက်ရောက်သော စကားများကိုပင် ထပ်တလဲလဲ ပြောပါသည်။ ကျွန်တော့်ကို မွေးမြူခဲ့သည့် အဖေ အမေတို့၏ စေတနာကို ဖွင့်ဆိုပါသည်။ အမေသည် သားအရင်း

မဟုတ်သော ကျွန်တော့်ကို နို့တိုက်မွေးသည်ဆိုသည့် အံ့သြဖွယ် အမေ့မေတ္တာ အကြောင်း။

ကျွန်တော် ငိုသည်။

မမမြကမူ သည်တစ်ခေါက် သူ အားရလောက်အောင် ပြောဆိုလိုက်ရ၍ ကျေနပ်သွားသည့်အလား အငိုရပ်သည်။

ကျွန်တော် တစ်ခွန်းသာ ပြန်မေးပါသည်။

'ငါ့အမေ ဘယ်သူလဲ'

# ၉

ဟုတ်ကဲ့။ ကျွန်တော့်ဘဝအကြောင်းကို ကျွန်တော့်အစ်မ အပြောအရ ကျွန်တော် တစ်စွန်းတစ်စ သိခဲ့ရပါသည်။ ယခု ကျွန်တော်၏ ရှည်လျားသော အတွေးစများလည်း ဆုံးခန်းတိုင်သို့ ရောက်လုပါပြီ။

ကျွန်တော် ဒေါနု၏ အရိပ်အောက်မှာ ရောက်နေပါသည်။ ကျွန်တော်၏ ချွေးနှင့် လုပ်အားများကို ဒေါနုရိပ်မှာ မြှုပ်နှံခဲ့ပြီးပါပြီ။ ဆက်လက်၍ ကျွန်တော့်အသက်ကိုပါ စတေးရတော့မည်လော။ ကျွန်တော် တတ်စွမ်းသမျှ တွန်းလှန်ခုခံလျက်ရှိပါသည်။

ကျွန်တော် ကော့ကရိတ်ကိုရောက်ပြီး တောင်ပေါ်သို့ ပြန်တက်သည်။ သည်တစ်ခေါက်သည် ကျွန်တော်တို့အတွက် ဘာမျှ အဆင်မပြေပါ။ ကျွန်တော်တို့ယူသွားသော ပစ္စည်းများသည် ဟိုဘက်တွင် ဈေးရသင့်သလောက် မရ။ ကျွန်တော်တို့ ပြန်သယ်လာသောပစ္စည်းများသည်လည်း အန်ကလုံဈေးကွက်သို့ မရောက်မီပင် ကစဉ့်ကလျား ပျောက်ပျက်လွင့်ပါးကုန်လေပြီ။ သရက်ပင် ဆင်တဲတွင် အဖမ်းအဆီးနှင့် ပက်ပင်းတိုးသဖြင့်

ကျွန်တော်တို့ လှည့်ပြေးကြရသည်။ ကျွန်တော်သည် အဖော်များနှင့် ကွဲကာ တောထဲတွင် တစ်နေ့နှင့်တစ်ည ကြာခဲ့သည်။ ငှက်ဖျားကလည်း ကျွန်တော့်ကို ဝိုင်းကူနှိပ်စက်လေ၏။

ကျွန်တော်သည် ထင်းရှူးတောင်ခြေတွင် ကျွန်တော့်ကိုခင်မင်သော ကရင်အဘိုးကြီး၏ ပြုစုယုယမှုကြောင့်သာ အသက်မသေဘဲ ပြန်လည် သတိရလာခြင်း ဖြစ်ပါသည်။

ယခုတစ်ကြိမ်တွင်လည်း ကျွန်တော့်ဘဝသည် မွေးစကလိုပင် သုညသို့ ပြန်လည်ရောက်ရှိခဲ့လေပြီ။

ကျွန်တော့်ဘဝကို ကျွန်တော် သေချာဂနစွာ ပြန်လည်ဆန်းစစ် ကြည့်မိ၏။ ကျွန်တော်သည် မည်သူမပြုမိမိမှု ဆိုသကဲ့သို့ပင် ဖြစ်ခဲ့ရသမျှ ကျွန်တော့်ဘဝ အကောင်းအဆိုးများသည် ကျွန်တော်၏ မသိသားဆိုးဝါး မှုများ၊ မိုက်မဲမှုများကြောင့် ရရှိသော ရလဒ်များပင်ဖြစ်ကြောင်း သိမြင် သဘောပေါက်လာ၏။ ပညာသင်ရာတွင် စိတ်ဝင်စားမှု ကင်းမဲ့ခဲ့ခြင်း၊ မိမိဘဝ၏ အားနည်းချက်ကို မိမိဘာသာ ရိုးမယ်ဖွဲ့ကာ လေလွင့်ခဲ့မိခြင်း တို့သည် ကျွန်တော်၏ဘဝ ပျက်စီးစေခြင်းအစ ဖြစ်၏။ ငယ်ငယ်ရွယ်ရွယ်နှင့် ဖဲနှင့်အရက်ကို စမ်းသပ်စွဲလမ်းမိခြင်းက ကျွန်တော့်ဘဝကို နာလန်မထူ နိုင်အောင် ထိုးနှက်ခဲ့သော ကြီးမားသည့် ပြစ်ချက်ကြီးများ ဖြစ်ခဲ့၏။ ယခုအခါ ထိုဒဏ်ရာဒဏ်ချက်များဖြင့် ကျွန်တော်သည် လူလုံးမလှအောင် ဆုံးရှုံးမှုအထွေထွေဖြင့် ရင်ဆိုင် နစ်မွန်းခဲ့ရပေပြီ။

သို့သော် လူဆိုသည်ကား ဘဝကို တွယ်တာသူချည်းပင် ဖြစ်အံ့ ထင်၏။ ကျွန်တော်သည် သေခြင်း တရားကို တကယ်တမ်း ရင်ဆိုင်ရမည် ဆိုလျှင် ကျွန်တော် ရှောင်လွှဲနေလိုပါသေးသည်။ လူ့ဘဝကို ရသမျှ အချိန်ကလေးအထိ အသက်ရှင်နေလိုပါသေးသည်။ သို့သော် ကျွန်တော်လို လူအတွက် အသက်ရှင်နေရန်ကော ကောင်းပါသေး၏လော။

မကောင်းမှုဟူသည်ကို မကောင်းမှန်းသိခြင်းသည် ကောင်းသော လမ်းကြောင်းသို့ ပြောင်းလဲပေးမည့် ပထမဆုံးအဆင့်ဟု ကျွန်တော် သဘောပေါက်လာသည်။ ကျွန်တော်သည် လူကောင်းတစ်ယောက် မဖြစ်နိုင်တော့ပြီလော။

လူ့ဘဝသက်တမ်းအတိုင်းဆိုပါလျှင် ကျွန်တော့်ဘဝသည် တစ်ဝက် မကျိုးသေးပါ။ ကျွန်တော့်အတွက် အချိန်များစွာရှိပါသေးသည်။ ကျွန်တော့် မွေးသမိခင်ကို ကျွန်တော် ရှာချင်သေးသည်။ ကျွန်တော်၏ ကျေးဇူးရှင် အဖေကို ကျွန်တော် မိုက်မဲခဲ့သမျှ ပြန်လည်ပေးဆပ်ချင်သေးသည်။ ကျွန်တော့်အစ်မကို ကျွန်တော့်အတွက် စိတ်ချမ်းသာမှု ပေးချင်သည်။ ကျွန်တော့် သားနှင့် သမီးကို တတ်နိုင်သမျှ ပြုစုပျိုးထောင်ပေးချင်သည်။

ထိုဆန္ဒများ၏ လှုံ့ဆော်မှုဖြင့် ကျွန်တော် ပြန်လည်ရှင်သန်လိုပါသေးသည်။ ဘဝကို အသစ်တစ်ဖန် ပြန်စလိုသည်။ ထိုအတွက် ကျွန်တော်၏ ဝေဒနာအပေါင်းမှ ကင်းလွတ်ကာ ခွန်အားများ ပြန်လည်ရရှိလာပါစေဟု ကျွန်တော်သည် ဘုရားတစ်ခါမျှ မရှိခိုးဘူးပဲ ဘုရားမှာ ဆုတောင်းလိုက်ပါသည်။

ကျွန်တော်သည် အိပ်ရာထက်မှ အားယူ၍ ထလိုက်၏။ အင်အားချည့်နဲ့သဖြင့် ကျွန်တော့်တစ်ကိုယ်လုံး တုန်နေလေသည်။ ကျွန်တော် တစ်ဖန် အားယူ၍ မတ်တတ်ရပ်လိုက်ပါသည်။ ချမ်းအေးမှုဒဏ်ကြောင့် ကျွန်တော် တခိုက်ခိုက်တုန်နေပြန်သည်။ ကျွန်တော် တဲရှေ့သို့ အားယူ၍ လျှောက်သည်။ မြူခိုးတွေဆိုင်းနေသော တောင်တန်းတစ်ခွင်ကို မျှော်ကြည့်သည်။ ရောင်နီပျို့ပျို့ကို မြင်ရစပြုပြီ။

နေထွက်လာပြီ။

၂၇၊ ၁၊ ၁၉၈၀။ မိုးမိုး (အင်းလျား)

## စာရေးသူ၏
## စာပေနှင့် ဘဝဖြစ်စဉ်မှတ်တမ်း

| | |
|---|---|
| ၁၉၄၄ အောက်တိုဘာလ ၂၄ | အမည်ရင်း ဒေါ်စန်းစန်းကို ဒိုက်ဦးမြို့၌ အဖ ဦးထွန်း အမိ ဒေါ်မြရင်တို့မှ မွေးဖွားသည် |
| ၁၉၅၂ | ဒိုက်ဦးမြို့ အစိုးရ အထက်တန်းကျောင်းတွင် စတင် ပညာသင်ကြားသည် |
| ၁၉၅၆ | စတုတ္ထတန်း စကောလားရှစ် ဆု ရသည် |
| ၁၉၅၉ | သတ္တမတန်း ကျောင်းသူဘဝတွင် ကဗျာများ စတင် ရေးသားသည် ကျောင်းစာကြည့်တိုက်နှင့် နံရံကပ်စာစောင် ကော်မတီများတွင် အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့သည် |
| ၁၉၆၀–၁၉၆၄ | အထက်တန်းကျောင်းသူ ဘဝတွင် ခရိုင်အလိုက် စာစီစာကုံးပြိုင်ပွဲများ၌ ဆုရရှိခဲ့သည် |
| ၁၉၆၄ | တက္ကသိုလ်ဝင်တန်း အောင်မြင်သည် |
| ၁၉၆၅ | ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင် သင်္ချာအဓိကဖြင့် တက်ရောက်သင်ကြားခဲ့သည် |
| ၁၉၆၅ မတ် | တိုင်းရင်းမေဂျာနယ်တွင် ရွက်လှေပန်းလေး ကိုယ့်ဘဝ ကဗျာကို စတင် ရေးသားခဲ့သည် |

| | |
|---|---|
| ၁၉၆၈ ဇန်နဝါရီမှ နိုဝင်ဘာ | မြောက်ဥက္ကလာပမြို့နယ် အ မ က (၂၃) တွင် မူလတန်းပြဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည် |
| ၁၉၆၉ နိုဝင်ဘာ ၆ | မျိုးညွန့် (စာပေလောက) နှင့် လက်ထပ်သည် |
| ၁၉၇၀ မေ | တိုင်းရင်းမေဂျာနယ်တွင် ပြင်ဆင်ချယ်သ မျက်လုံးအလှ ဆောင်းပါးကို စတင်ရေးသားခဲ့သည် |
| ၁၉၇၂ စက်တင်ဘာ | ငွေတာရီမဂ္ဂဇင်းတွင် အိမ်နီးချင်း အမည်ရှိ ပထမဦးဆုံး ဝတ္ထုတိုကို ရေးသားခဲ့သည် |
| ၁၉၇၂–၇၈ | မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ပါတီသုတေသနဌာနခွဲတွင် သုတေသန လက်ထောက် အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည် |
| ၁၉၇၄ အောက်တိုဘာ | ပျောက်သောလမ်းမှာ စမ်းတဝါး အမည်ရှိ ပထမဆုံး လုံးချင်းဝတ္ထုရှည်ကို ရေးသားခဲ့သည် |
| | ယင်းဝတ္ထုဖြင့် ၁၉၇၄ ခုနှစ် အမျိုးသားစာပေဆု ရခဲ့သည် |
| ၁၉၇၅ ဖေဖော်ဝါရီ | ပွင့်တချို့ ကြွေတချို့ ကို ရေးသားခဲ့သည် |
| ၁၉၇၅ ဩဂုတ် | ရွက်လှပန်းကို ရေးသားခဲ့သည် |
| ၁၉၇၆ မေ | ငပလီဇာတ်လမ်းကို ရေးသားခဲ့သည် |
| ၁၉၇၆ အောက်တိုဘာ | အချစ်ဆိုသောအရာ ကို ရေးသားခဲ့သည် |

| | | |
|---|---|---|
| ၁၉၇၇ | မေ | ဘယ်သူလာကူပါ့မယ် ကို ရေးသားခဲ့သည် |
| ၁၉၇၈ | ဧပြီ | မှတစ်ပါးအခြားမရှိပြီကို ရေးသားခဲ့သည် |
| ၁၉၇၈ | ဇူလိုင် | သဗ္ဗေသတ္တာ အဝေရာဟောန္တု ကို ရေးသားခဲ့သည် |
| ၁၉၇၈ | နိုဝင်ဘာ | မှ တစ်ဆင့် ကို ရေးသားခဲ့သည် |
| ၁၉၇၈ | | ပျောက်သောလမ်းမှာ စမ်းတဝါး ကို ရုရှားဘာသာဖြင့် ထုတ်ဝေခဲ့သည် |
| ၁၉၇၉ | ဩဂုတ် | ရွှေတိဂုံမြင်လျှင် ကို ရေးသားခဲ့သည် |
| ၁၉၇၉ | ဒီဇင်ဘာ | ငြိမ်းကိုရှက်ပါကို ရေးသားခဲ့သည် |
| ၁၉၈၀ | ဧပြီ | ဂျိုး ကို ရေးသားခဲ့သည် |
| ၁၉၈၀ | ဇွန် | မဂ္ဂဇင်းဝတ္ထုရှည်များ ကို ထုတ်ဝေခဲ့သည် |
| | | ယင်းစာအုပ်ဖြင့် ၁၉၈၀ ပြည့်နှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ်ဆုကို ရရှိခဲ့သည် |
| ၁၉၈၀ | အောက်တိုဘာ | သမုဒ္ဒရာ ခုနှစ်စင်း မြစ်မင်း တစ်ဆယ့် သုံးသွယ် ကို ရေးသားခဲ့သည် |
| ၁၉၈၀ | | ဘယ်သူလာ ကူပါ့မယ် ကို ရုရှားဘာသာဖြင့် ပြန်ဆိုထုတ်ဝေခဲ့သည် |
| ၁၉၈၁ | ဖေဖော်ဝါရီ | ကြွေမလိုနဲ့ဝေ ဝေမလိုနဲ့ကြွေကို ရေးသားခဲ့သည် |
| ၁၉၈၁ | ဒီဇင်ဘာ | ပန်းရိုင်းတစ်ရာ ကို ရေးသားခဲ့သည် |

| | | |
|---|---|---|
| ၁၉၈၂ | မေ | ဝတ္ထုတိုများ ၁ ကို ထုတ်ဝေခဲ့သည် ယင်းစာအုပ်ဖြင့် ၁၉၈၂ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ်ဆု ရရှိခဲ့သည် |
| ၁၉၈၂ | စက်တင်ဘာ | ဝေဒနာကြာနီပွင့် ကို ရေးသားခဲ့သည် |
| ၁၉၈၂ | ဒီဇင်ဘာ | သုံးလွန်းတင်မှ ကြိုး ကို ရေးသားခဲ့သည် |
| ၁၉၈၂ | | မှတစ်ပါး အခြားမရှိပြီ နှင့် ပျောက်သောလမ်းမှာ စမ်းတဝါး တို့ကို ဂျပန်ဘာသာဖြင့် ထုတ်ဝေခဲ့သည် |
| ၁၉၈၃ | ဇွန် | နာမကျန်းသည် အိုနှင်းဆီ ကို ရေးသားခဲ့သည် |
| ၁၉၈၃ | ဩဂုတ် | မြန်မာပြည်မှာ နေကြသည် ဝတ္ထုတိုများ စာအုပ်ကို ထုတ်ဝေခဲ့သည် ကြွေရင် အတူတူကြွေမယ် ကို ရေးသားခဲ့သည် |
| ၁၉၈၅ | ဇွန် | မီးရောင်အောက်ကို ဝင်လျှင် ကို ရေးသားခဲ့သည် |
| ၁၉၈၅ | အောက်တိုဘာ | မေတ္တာကမ်းနား အချစ်သစ်ပင် ကို ရေးသားခဲ့သည် |
| ၁၉၈၅ | ဒီဇင်ဘာ | ထိုနေ့က မီးမလာပါ နှင့် မိုးမိုး (အင်းလျား)၏ မဂ္ဂဇင်း ဝတ္ထုရှည်များကို ထုတ်ဝေခဲ့သည် |
| ၁၉၈၆ | ဇူလိုင် | ဝတ္ထုတိုများ ၂ ကို ထုတ်ဝေခဲ့သည် ယင်းစာအုပ်ဖြင့် ၁၉၈၆ ခုနှစ် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ်ဆု ရရှိ |

| | |
|---|---|
| | ခဲ့သည် |
| ၁၉၈၇ ဧပြီ | ခံတက်နကလေးတွေ ညှိုးချိန်တန်တော့ ကို ရေးသားခဲ့သည် |
| ၁၉၈၈ | **Afro-Asian Writers** မှ ထုတ်ဝေသော **Lotus** မဂ္ဂဇင်းတွင် စကားမဆိုဝံ့အောင် ဝတ္ထုတိုကို အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြခဲ့သည် |
| ၁၉၈၉ သြဂုတ် | အိမ်နီးချင်း ဝတ္ထုတိုကို ဂျပန်ဘာသာဖြင့် **Fujinno Tomo** အမျိုးသမီးမဂ္ဂဇင်းတွင် ဖော်ပြခဲ့သည် |
| ၁၉၈၉ သြဂုတ် မှ | စံပယ်ဖြူမဂ္ဂဇင်းတွင် တာဝန်ခံအယ်ဒီတာ |
| ၁၉၉၀ မတ် | အဖြစ် ဆောင်ရွက်ခဲ့သည် |
| ၁၉၉၀ မတ် ၁၃ | ကွယ်လွန်သည် |

မိုးမိုး( အင်းလျား )

(၁၉၄၄ - ၁၉၉၀)

အဖဦးသွန်း၊ အမိ ဒေါ်မြရှင်တို့မှ ဒိုက်ဦး မြို့တွင် မွေးဖွားသည်။ ၁၉၆၆ခု၊ ရန်ကုန် တက္ကသိုလ် အင်းလျားဆောင်သို့ ရောက် သည်တွင် မိုးမိုး(အင်းလျား) ကလောင် အမည်ဖြင့် ကဗျာများ စတင် ရေးသား သည်။ ၁၉၇၄ခုနှစ်တွင် ပထမဆုံးလုံးချင်း ဝတ္ထုရှည် မှောင်သောလမ်းမှာ စမ်းတဝါးဝါး ကို ရေးသားသည်။ ယင်းစာအုပ်ဖြင့် ၁၉၇၄ ခုနှစ် အမျိုးသားစာပေ ဝတ္ထုရှည် ဆု ကိုလည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ် စာအုပ်များဖြင့် ၁၉၈၀၊ ၁၉၈၂၊ ၁၉၈၆ ခုနှစ်တို့ အတွက် ဝတ္ထုတိုဆုများကို လည်းကောင်း ရရှိခဲ့သည်။ သူမ၏ ဝတ္ထု ရှည်များကို နိုင်ငံရပ်ခြား တိုင်းပြည်များ၌ အင်္ဂလိပ်၊ ရုရှား၊ ဂျပန်၊ တရုတ် ဘာသာ များဖြင့် ပြန်ဆို ဖော်ပြခဲ့ကြသည်။ ၁၉၈၉ မှ ၁၉၉၀ မတ်လ အထိ စံပယ်ဖြူမဂ္ဂဇင်း တာဝန်ခံအယ်ဒီတာ အဖြစ် ဆောင်ရွက်ခဲ့သည်။

ကျိုး ဝတ္ထုကို ၁၉၈၀ ခုနှစ်တွင် ပထမ အကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည်။

ပြန်လည်ထုတ်ဝေပါသည်။

ocument was created with Win2PDF available at http://www.daneprairie.com.
registered version of Win2PDF is for evaluation or non-commercial use only.